လေးမြို့ဂိုဏ်းချုပ် မြစ်ကျွေခရိုင် သုဓမ္မာဝင်

**အဂ္ဂမဟာပဏ္ဍိတ**

## ကျွန်းရွာတောရ ဆရာတော်ဘုရားကြီး

ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အာဂုံယုတ္တိအမျိုးမျိုး

ရှေးရှေး နောက်နောက် အာစရိယဝါဒအမျိုးမျိုး

မြန်မာမင်း, အင်္ဂလိပ်မင်းတို့ပြန်တမ်း, သိမ်အမိန့်အမျိုးမျိုး

စသည်တို့ဖြင့်

ဆန်းကြယ် သန့်ရှင်းစွာ တန်ဆာဆင်၍

စီရင်တော်မူအပ်သော

# သိမ်မျိုးစုံမဟာဋီကာကျမ်း

နှင့်

# ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၇ ကောဇာ ၁၃၄၅ ၁၉၈၃

ဤကျမ်းစာမူကို

ရွှေဘိုမြို့ မဟာဘုံစံတိုက် သက်တော် ၇၈-နှစ်၊ သိက္ခာတော် ၅၉-ဝါရ (မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ) မဟာဘုံစံ ဆရာတော်ကြီးက သာသနာရေးဦးစီးဌာနအား လှူဒါန်းပါသည်။

ပထမအကြိမ် ပြန်လည်ပုံနှိပ်ခြင်း အုပ်ရေ [၁၀၀၀]

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။



လေးမြို့ဂိုဏ်းချုပ် မြစ်ကျွေခရိုင် သုဓမ္မာဝင်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသ



## နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ
## အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏

# နိဒါနကထာ

၁။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးကို ၁၃၄၂-ခုနှစ် နယုန်လဆန်း (၁၁)ရက်မှ (၁၄)ရက် အထိ ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ် သံဃာတော် တစ်ထောင်ကျော်တို့ဖြင့် ကျင်းပခဲ့လေသည်။

၂။ ထိုစဉ် သံဃာသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော် အဖြစ် ကြွရောက်လာသော ရွှေဘိုမြို့ မဟာဘုံစံဆရာတော်က မိမိနှင့် တွေ့ဆုံ၍ မိမိတို့၏ ကျေးဇူးရှင် ဖြစ်ခဲ့ဖူးသော တောင်သာမြို့ အဂ္ဂမဟာပဏ္ဍိတ ကျွန်းရွာတောရ ဆရာတော် ဘုရားကြီး ရေးသားစီရင်တော် မူအပ်သော သိမ်မျိုးစုံ မဟာဋီကာကျမ်းစာကို ကိုယ်ကျိုးစီးပွား ပဓာနမထားပဲ ကုန်ကျစရိတ် တာဝန်ယူ၍ ပြန်လည် ရိုက်နှိပ်လိုကြောင်း ထိုသို့ရိုက်နှိပ်ရာ၌လည်း သပ်ရပ်တင့်တယ်သော အသွင်အပြင် ကောင်းမွန်သန့်ရှင်းသော အထားအသို မှန်ကန်တိကျသော အဖြတ်အရပ် မူရင်းကျမ်းညွှန်းများကိုပါ ညွှန်ပြ၍ စိတ်ချရသော ပါဠိပညာရှင်တို့ဖြင့် ကောင်းစွာရိုက်နှိပ်လေ့ရှိသော သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ အသစ်တဖန် ပြန်လည် ရိုက်နှိပ်လိုကြောင်းတို့ကို တင်ပြဆွေးနွေး သွားပေသည်။

၃။ ဤကျမ်းစာသည် မြန်မာ့သာသနာ၀င်၌ ကျမ်းဂန်တတ်သိ ကဝိပါမောက် ပိဋကတ်ပါရဂူမြောက်၍ တံခွန်ဆောက်မျှ ထင်ပေါ် ကျော်စောတော်မူကြသော စာချ ဆရာတော် ကျမ်းပြုအကျော် ဆရာတော်တို့တွင် တပါးအပါအဝင် ဖြစ်သော တောင်သာမြို့ အဂ္ဂမဟာပဏ္ဍိတ ကျွန်းရွာတောရ ဆရာ တော်ဘုရားကြီးစီစဉ်ရေးသားခဲ့သော ကျမ်းစာ ဖြစ်ပေသည်။

၄။ ကျမ်းပြုဆရာတော်ဘုရားကြီးသည် ဤသိမ်မျိုးစုံ မဟာဋီကာ ကျမ်းစာကို ထိုထိုပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အမျိုးမျိုး တို့မှ အကိုးသာဓက ပြည့်ဝစုံလင်စွာဖြင့် လည်းကောင်း၊ မိုင်းခိုင်းဆရာတော်၊ မင်းရွာဆရာတော်၊ ကျီဝန်ဆရာတော် စသော ထင်ရှားကျော်ကြားသော ရှေးရှေးဆရာတော်တို့၏ အထံမှ ကောင်းစွာရအပ်သော အာစရိယဝါဒ နည်းနယတို့ ဖြင့်လည်းကောင်း၊ တောင်ဖီလာ အဆုံးအဖြတ် မိုးနံကုန်း အဆုံးအဖြတ် စသော ကျမ်းတတ်အကျော် ထိုထိုဆရာတော် တို့၏အဆုံးအဖြတ် အရပ်ရပ်တို့ဖြင့်လည်းကောင်း၊ နှီးနှော သုံးသပ် ပေါင်းစပ်လျက် အာဂမယုတ္တိ သဘာဝယုတ္တိ ပြည့်ဝ စုံလင်စွာ စီစဉ်ရေးသားခဲ့သော ကျမ်းစာ ဖြစ်ခြင်းကြောင့် သိမ်နှင့် ပတ်သက်သော အရာဟူသမျှ၌ ပညာရှင်တိုင်း လေးလေးစားစား ပမာဏထား၍ ကိုးကားသမှု သာကေပြုရ သော ကျမ်းစာတခု ဖြစ်ပေသည်။

၅။ ဤကျမ်းစာသည် လွန်ခဲ့သော နှစ်ပေါင်း ( ၄၀ ) ကျော် ၁၂၉၇-ခုနှစ်က ( ဝိဇယပုံနှိပ်တိုက်၊ မအူကုန်း၊ ရန်ကုန် )၌ ပုံနှိပ်ထုတ်ဝေခဲ့သော ကျမ်းစာဖြစ်၍ တရိုတသေ ကိုင်တွယ်


ကြည့်ရှု သိမ်းဆည်းထားကြသော အချို့အချို့သော ပုဂ္ဂိုလ်တို့၏ အထံ၌သာ ကျန်ရှိနိုင်တော့ပြီး ယနေ့ ပစ္စက္ခသာသနာတော်၌ ရှေ့တန်းက အင်ပြည့်အားပြည့် သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နေကြသော သံဃာတော်အရှင်မြတ်တို့ နည်းမှီးစံပြု ကြည့်ရှုလေ့လာနိုင်ရန် မရှိတော့သလောက် စာမူကွယ်ပျောက်လုနီးနီး ဖြစ်နေပေပြီ။

၆။ ထို့ကြောင့် ကျမ်းစာ၏ အနှစ်သာရကို ကောင်းစွာ သိရှိထားကြသော ကျမ်းပြုဆရာတော်ဘုရားကြီး၏ အစဉ်အဆက်သိဿာနုသိဿ တပည့်များနှင့်တကွ ဆရာတော်အများကလည်း ဤသိမ်မျိုးစုံ မဟာဋီကာကျမ်းစာကို ပြန်လည်ရိုက်နှိပ် ထုတ်ဝေရန် လွန်စွာလိုလား နေကြပေသည်။

၇။ ဤကျမ်းစာကို တဦးတယောက်က ရိုက်နှိပ်ထုတ်ဝေခြင်းထက် သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ် ထုတ်ဝေခြင်းက ပိုမိုကောင်းမြတ် လျှောက်ပတ်မည်ဟု သဘောရသောကြောင့် ရွှေဘိုမြို့ မဟာဘုံစံဆရာတော်ထံသို့ ကျမ်းစာမူကို သာသနာရေးဦးစီးဌာနအား လှူဒါန်းသင့်ကြောင်း အကြံပေးလိုက်သည့် အားလျော်စွာ မဟာဘုံစံ ဆရာတော်ကလည်း ဝမ်းမြောက်သဘောတူ လှူဒါန်းလိုက်ပေသည်။

၈။ ဝိနည်းသည် သာသနာတော်၏ အသက်ဖြစ်သကဲ့သို့ သိမ်သည် သံဃာတော် အဆက်ဆက်၏ အသက်သဖွယ် ဖြစ်ရကား သိမ်၏အကြောင်းအရာကို အကျယ်တဝင့် ဖွင့်ဆိုရေးသားထားခြင်း၊ ကျမ်းပြုဆရာတော်မှာ ထင်ရှားသော ဆရာတော်

တပါး ဖြစ်သည့်ပြင် ကျမ်းစာ၌ အာစရိယဝါဒ အစုံအလင် ပြလျက် နောင်လာနောက်သား သာသနာဝင် အရှင်များတို့ အားကိုးတခု လက်စွဲပြု၍ နည်းယူနိုင်လောက်သော ကျမ်းစာ ဖြစ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခဲ့သည်မှာ နှစ်ငရိစ္ဆေဒ ကြာညောင်း ခဲ့ပြီဖြစ်၍ ပျောက်ကွယ်လုနီးနီး ဖြစ်နေခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အထောက်အကူ ပြုလိမ့် မည်ဟု ယုံကြည်မိခြင်းစသော အကြောင်းရင်းတို့ကြောင့် သာသနာရေး ဦးစီးဌာနက ပြန်လည်ပုံနှိပ် ထုတ်ဝေသင့်သော ကျမ်းစာကောင်းတခုဖြစ်ကြောင်း ညွှန်ကြားလိုက်ရပေသည်။



(ဘဒ္ဒန္တဇနိန္ဒာစာရ)

အဘိဓဇမဟာရဋ္ဌဂုရု

ပဲခူး၊ မြို့မဆရာတော်။

# တည်းဖြတ်သူ၏ အမှာစာ

ဤသိမ်မျိုးစုံ မဟာဋီကာကျမ်းကြီးကို ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနက ပြန်လည်ရိုက်နှိပ်ရာ၌ ရွှေဘိုမြို့ မဟာဘုံစံကျောင်းတိုက် ဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ဘုရားကြီးတို့၏ ကြည့်ရှု ပြင်ဆင်လိုက်ပါဟူသော အမိန့်တော်၊ အရှင်ဘုရား ကြည့်ရှုပြင်ဆင်ပေးလျှင် ပိုကောင်းပါသည် ဟု လျှောက်ထားသော စာပြင်မှူးချုပ် ဦးလှမြင့်၏ လျှောက်ထားချက်အရ စာပြင်ဆရာများ ဖြစ်ကြသော ဦးသိန်းနိုင်၊ ဦးမြတ်ထွေး တို့နှင့်အတူ စီမူကစ၍ ရိုက်မိန့်စာဖောင်များ အထိ အကြိမ်ကြိမ် အထပ်ထပ် ပရုဖတ်၍ ပြင်ဆင်တည်းဖြတ်ခွင့် ရရှိခဲ့ပါသည်။

ထိုသို့ ပြင်ဆင်တည်းဖြတ်ရာ၌ စီမူမှာ လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်ခန့်က ရိုက်နှိပ်ကြသော ကျမ်းစာများ ပုံစံအတိုင်း စာပိုဒ်မခွဲ စာမျက်နှာတခုလုံး စာလုံးအပြည့်သွင်းလျက် ရိုက်နှိပ်ထားသည်ကို တွေ့ရပါသည်။

ထိုသို့ ရိုက်နှိပ်ထားခြင်းကြောင့် ယနေ့ခေတ် မိမိတို့ မျက်စိ အမြင်၌ များစွာ ရှုပ်ထွေးလျက် ရှိနေပါသည်။ မျက်စိအမြင် မရှင်းမှုကြောင့် အသိဉာဏ် ပွင့်လင်းရန် လွန်စွာခက်ခဲလျက် ရှိနေသည်ကိုလည်း တွေ့ရပါသည်။

ထိုသို့သော ပုံစံအနေအထားမှ သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေလျက်ရှိသော ကျမ်းစာများ ပုံစံအတိုင်း ရှင်းရှင်းသန့်သန့်

ကြည့်ရှုကြသူတို့ အမြင်ခန့်ပြီး မျက်စိအမြင်ရှင်း၍ စိတ်ကြည်လင်လျက် အသိဉာဏ် ပွင့်လင်းရန် အထောက်အကူ ဖြစ်စေနိုင်သော အထားအသို အပိုဒ် အဖြတ် အသွင်အပြင် ပုံစံမျိုးဖြစ်အောင် ပြုပြင်ဖန်တီးခဲ့ပါသည်။

၁၁·

ဆဋ္ဌသင်္ဂါယနာမတိုင်မီ ကျမ်းပြုဆရာတော်ဘုရားကြီးတို့ခေတ်က အသုံးပြုခဲ့သော ကျမ်းစာ၊ ပေစာ၊ စာမူများဖြင့် ကိုးကားထားသော ကျမ်းကိုးသာဓက စာမူ၊ စာသား၊ စာမျက်နှာများကိုလည်း ဆဋ္ဌပိဋကတ် စာမူ၊စာသား၊စာမျက်နှာများဖြင့် ပြောင်းလဲအစားထိုးခဲ့ပါသည်။

ပါဠိတော်မှ ထွက်သော အနက်အဓိပ္ပာယ်အမျိုးမျိုး၊ အဋ္ဌကထာမျိုးစုံမှ ထွက်သော အနက်အဓိပ္ပာယ်အမျိုးမျိုး၊ ဋီကာမျိုးစုံမှ ထွက်သော အနက်အဓိပ္ပာယ်အမျိုးမျိုး၊ ဂဏ္ဌိမျိုးစုံမှ ထွက်သော အနက်အဓိပ္ပာယ်အမျိုးမျိုး၊ ရှေးရှေးသော ကျမ်းဂန်တတ်အကျော် ဆရာတော်ဘုရားကြီးတို့၏ ယူဆအပ်သော အနက်အဓိပ္ပာယ်အမျိုးမျိုး၊ အထူးထူးသော ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိရ အာစရိယဝါဒတို့မှ ဉာဏ်စွမ်းရှိသမျှ အသားကုန်ထွက်အောင် ထုတ်ဖော် ဝေဖန် စီစစ်ပုံ၊ နာနာဂဏ္ဌိ၊ နာနာဝါဒ ဝိစာရဏာအမျိုးမျိုး တို့ဖြင့် ရေးသားစီမံအပ်သော သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီးသည် လိုရာပြီးစေနိုင်သော ပဒေသာပင်ကြီးပမာ သိမ်အရာ ခက်ခဲ နက်နဲခြင်းရှိလေသမျှ လိုရာမတ ရနိုင်ယူဆနိုင်ကြသဖြင့် ပညာရှိသူတော်စင်တို့မှာ နမူနာပုံစံကြီးတခု ဖြစ်ရစ်ပေလိမ့်သတည်းဟူ၍ –

ဤကျမ်း စာမျက်နှာ(၃၂၇)၌ ကျမ်းပြုဆရာတော်ဘုရားကြီး သိမ်မျိုးစုံ မဟာဋီကာ ကျမ်းကြီးကို ရေးသားတော်မူခဲ့ပုံ အခြင်းအရာနှင့် မျှော်လင့်ချက်အာသီသ ထားခဲ့ပုံကို ဖော်ပြထားတော်မူသည့်အတိုင်း ကျမ်းပြုဆရာတော်ဘုရားကြီးသည် ဤသိမ်မျိုးစုံ မဟာဋီကာကျမ်းကြီးကို ပြုစီရင်တော်မူရာ၌ ပါဠိ အဋ္ဌကထာ ဋီကာ ယောဇနာ ဂဏ္ဌိကျမ်းများနှင့်တကွ ဂန္ထန္တရကျမ်းစာပေါင်း (၁၂၀)ကျော်မှ အကိုးသာဓက မြောက်မြားစွာကို ထုတ်နုတ်ကိုးကား ရေးသားစီရင်တော်မူထားခဲ့သည်ကို တွေ့ရပါသည်။

ဤမျှလောက် များစွာသော ကျမ်းစာတို့တွင် မိမိတို့ လက်လှမ်းမီသော ကျမ်းစာများရှိသကဲ့သို့ လက်လှမ်းမမီသော ကျမ်းစာပေါင်း မြောက်မြားစွာ ပါဝင်နေသည်ကိုလည်း ကြုံရပါသည်။ လက်လှမ်းမီရန်ထားဘိဦး ကျမ်းစာနာမည်မျှကိုပင် မကြားစဖူးသော ကျမ်းစာများလည်း ပါရှိပါသည်။ အမြွက်မျှ ထုတ်ပြရသော်–

၁။ ပါတိမောက္ခလေခနယ၊

၂။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၊

၃။ ပါတိမောက္ခဂဏ္ဌိပါဠိ၊

၄။ ပါတိမောက္ခဝိသောဓနေ—

စသော ကျမ်းစာများ ဖြစ်ကြပါသည်။

ထိုကျမ်းစာများသည် ရှင်ရဟန်းငယ်ဘဝမှစ၍ မိမိတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ပါတိမောက်နှင့် ဆွေမျိုးရင်းချာ ဆက်စပ်နေကြသော ကျမ်းစာများပင် ဖြစ်ကြပါသော်လည်း မိမိတို့နှင့်

များစွာ စိမ်းလျက် မတွေ့ရ မမြင်ရဖူးလောက်အောင် သူစိမ်းသဖွယ် ဖြစ်နေကြသော ကျမ်းစာများ ဖြစ်ပါသည်။

ထိုသို့ အကျွမ်းမဝင် မရင်းနှီးသော(ကျမ်းစိမ်းများ) လက်လှမ်းမမီသော ကျမ်းစာများမှ ထုတ်နုတ်ကိုးကား သာဓကပြုထားချက် အချို့ကိုလည်း စိမ်းလျက် ဉာဏ်အမြင် မသက်ဝင်နိုင်ပဲ ဖြစ်ရပါသည်။ ဉာဏ်အမြင် မသက်ဝင် မကြည်လင် မပြတ်သားဖြစ်ရသည်မှာလည်း မူရင်းကျမ်းစာကိုပင် မိမိတို့ဉာဏ်မမီသောကြောင့်လည်း ဖြစ်နိုင်ပါသည်၊ မူရင်းကျမ်းစာနှင့် ကွဲလွဲသော အပိုအလို ချွတ်ချော် တိမ်းစောင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။

ကျမ်းစာ၌ အပိုအလို စာပေတိမ်းစောင်း ချွတ်ချော်မှုသည် ရေးကူးရာ၌သော်လည်းကောင်း၊ စာစီရာ၌သော်လည်းကောင်း၊ စာစီမှားယွင်းမှုကို စာပြင်မျက်စိ ကျော်လွှားသွားရာ၌သော်လည်းကောင်း၊ ပြင်ချက်မစင်ရာ၌သော်လည်းကောင်း၊ ပုံနှိပ်စက်ချွတ်ယွင်းရာ၌သော်လည်းကောင်း၊ ဤအကြောင်း ငါးမျိုးတို့ကြောင့် စာမူရင်းနှင့် ကွဲလွဲလျက် အပိုအလို ချွတ်ချော် တိမ်းစောင်းမှုမျိုး ဖြစ်တတ်ပါသည်။ ယခုပြန်လည်ရိုက်နှိပ်သော ဤကျမ်းစာ၌ပင် မိုနိုစက်ဖြင့် ရိုက်နှိပ်သော ဈေပိုင်းစာဖေါင်(၉)အထိ စာမျက်နှာ(၁၄၄) အတွင်း၌ စက်ချွတ်ယွင်းချက်ကြောင့် စာလုံးပြုတ်ကျ ကျန်နေခြင်း၊ အသတ်, တချောင်းငင်, လုံးကြီးတင်စာလုံးများ ပြုတ်ထွက် ကျန်နေခြင်း စသော ချွတ်ယွင်းချက်များကို တွေ့ရမည်ဖြစ်ပါသည်။

မည်သည့် အကြောင်းကြောင့်ဖြစ်စေ မိမိတို့ ဉာဏ်မသက်ရောက် သဘောမပေါက်နိုင်သော အရာများ၌ ဤကျမ်းစာကို ကြည့်ရှုကြသော ပုဂ္ဂိုလ်တို့ အမှုမဲ့အမှတ်မဲ့ဖတ်၍ ကျော်လွှား မသွားမိစေရန် မှုမှန်

မူရင်းကျအောင် စဉ်းစားစေနိုင်ရန်အတွက် အောက်ခြေ၌ မှတ်ချက် သွင်းလျက် ဝေ ံ နူ ခေါ — ဤသို့ များဖြစ်လေမည်လော ဟူသော အနေအားဖြင့် ပညာရှင်တို့အား တင်ပြထားပါသည်။

ယင်းတို့ကို ထုတ်ဆောင်ပြရသော်—

စာမျက်နှာ (၈၁)သီမာလင်္ကာရ အဋ္ဌကထာ(ယ)ချုပ်။ အကိုး သာဓက ယခင်ရိုက်နှိပ်ချက်တွင်—

ဥဒကုက္ခေပသီမာ သာ၊ လဗ္ဘတော န ပနညထာ။
နဇ္ဇာဒယော အသီမာဝ၊ ဥဒကုက္ခေပနိဿာယာ—

ဟူ၍ တွေ့ရပါသည်။

၁။ လဗ္ဘတော၊ ၂။ ဥဒကုက္ခေပနိဿာယာ တို့မှာ ယခင်ရိုက် စာစီတို့ ချွတ်ယွင်းချက် ဖြစ်ဟန်ရှိပြီး စာနေ့စာထား သဘာဝ မကျသောကြောင့်—

၁။ လဗ္ဘတေ၊ ၂။ ဥဒကုက္ခေပနိဿယာ—

ဟု ပြင်ချက်ပြုလျက် ယခင်စာကိုလည်း ဖျောက်ပယ်ခြင်း မပြုပဲ အောက်ခြေသို့ပို့၍ ဖော်ပြထားလိုက်ပါသည်။

စာမျက်နှာ (၁၈၂) ဓာတုရူပဒါသ သဒ္ဒါကျမ်း အကိုးသာဓက၌ ၁။ အတ္တာပဒိကတ္တရိ၊ ခမတော။ ၂။ ကတ္တရိခမျတော။ ဘာဝေ၊ ခမျတော။ ဟူ၍ တွေ့ရှိရာ မူရင်းစာ ဟုတ်မှဟုတ်ပါလေစဟု သံသယတင်း

လင်းနှင့်ပင် ယခင်မူအတိုင်း ထည့်သွင်း ရိုက်နှိပ်လိုက်ရပါသည်။ အောက်ခြေ၌—

၁။ အတ္တပဒီကတ္တရိ?။ အတ္တနောပဒေ ကတ္တရိ?။

၂။ ကမ္မနိ?။

ဟု သံသယ ကွက်ရှင်းမှတ်ဖြင့် ဖော်ပြ လိုရင်းဖြစ်သော်လည်း သံသယ ကွက်ရှင်းမှတ် လစ်လပ်သွားသောကြောင့် စာရှုသူတို့အနေအားဖြင့် မူကွဲပြထားလေသလားဟု ထင်မှားဖွယ်ရာ ဖြစ်နေပါသည်။ အမှန်မှာ "ဝေ ံ နု ခေါ်"သာ ဖြစ်ပါ၏။

အကယ်၍ ချွတ်ချော်တိမ်းစောင်းနေသော စာများဖြစ်ပါက အမှန်သို့ရောက်အောင် ပညာရှင်တို့ ပြင်ဆင်စေလို,ညွှန်ပြစေလိုသော ရည်ရွယ်ရိုးရင်း နှလုံးသွင်းဆန္ဒ မနသိကာရဖြင့် ဖော်ပြပေးထားခြင်း ဖြစ်ပါသည်။

ထို့အပြင် ဤကျမ်းစာမျက်နှာ (၃၂၄)ကခ်ါဋီကာဝါဒ မသင့်ကြောင်း ပြဆိုရာ၌ ကခ်ါဋီကာ(၁၃၇)လာ—

တ္တေ စ ယာ တီဟိ နိမိတ္တေဟိ ဗဇ္ဈမာနာ။ပ။တသ္မာ ဥပပရိက္ခိတ္ဗာ ဂဟေတဗ္ဗံ။

ဟူသော ကခ်ါဋီကာသစ်ဝါဒ စကားရပ်ကို ထုတ်ဆောင်ပြရာတွင် စကားမပြည့်စုံပဲ ကျန်နေသည်ကို တွေ့ရပါသည်။

ယင်းသို့ စကားကျန်နေခြင်း၊ လိုနေခြင်းမှာလည်း ပြဆိုခဲ့ပြီးသော အကြောင်းတခုခုကြောင့် ဖြစ်ဟန်ရှိပါသည်။ ကျန်နေ လိုနေသော စကားရပ်တို့ကို အောက်၌ (............)အတွင်းထည့်သွင်း၍ ဖြည့်စွက် ဖော်ပြလိုက်ပါသည်။

ကင်္ခါဋီကာသစ်မှာ မူကား နိမိတ်သုံးလုံးထား၍ ကြားလျှင် အကြား၌ နိမိတ်မလောက်သော သစ်ပင်စသည်ကို ထား၍ (ကြား က ခဏ္ဍနိမိတ္တာသိမ်ဖြစ်၏၊ သိမ်မအောင်။ ထိုမှတပါး နိမိတ် လေးလုံး ငါးလုံး စသည်ထား၍ ကြားလျှင် အကြား၌ နိမိတ် မလောက်သော သစ်ပင်စသည်ကိုထား၍) ကြားသော်လည်း ခဏ္ဍ-နိမိတ္တာသိမ်မဖြစ်၊ သိမ်အောင်၏။ အကြောင်းကား နိမိတ်လောက် သော နိမိတ်သုံးခုရှိသောကြောင့်တည်း။ အဋ္ဌကထာတို့၌ကား သာမန် သာ ဆို၏၊ ငါကဲ့သို့ ဝိသေသမဆို၊ ထို့ကြောင့် ဉာဏ်ဖြင့် စူးစမ်း ဆင်ခြင်၍ ယူအပ်၏–ဟု မိန့်ဆို၏။

စာပိုကို ပယ်ဖျက်ခြင်း၊ စာလိုကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း ပြုရန်မှာ တည်းဖြတ်သူ၏ တာဝန်ဖြစ်ပါလျက် စာသား၌ ဖြည့်စွက် ရမည့်တာဝန်လစ်ဟင်းကာ ဤအမှာအထားကျမှ ဖော်ပြဖြည့်စွက် လိုက်ရသည်ကို သည်းခံကြပါရန် စာရှုသူတို့အား ပန်ကြားအပ်ပါ သည်။

ရှေးရှေးသော ကျမ်းဂန်တတ်အကျော် ဆရာတော်ဘုရားကြီးတို့၏ ယူဆအပ်သော အနက်အဓိပ္ပာယ်အမျိုးမျိုးဟူ၍ ကျမ်းပြုဆရာတော် ဘုရားကြီး မိန့်ဆိုခဲ့သည့်အတိုင်း ဤသိမ်မျိုးစုံ မဟာဋီကာကျမ်းကြီး၌ မြန်မာ့သာသနာဝင် ပရိယတ္တိနယ်ပယ်၌ ယနေ့တိုင်အောင် နာမည်

သတင်း ဂုဏ်ရောင်လင်းလျက် ရှိတော်မူကြသော ကျမ်းတတ်ကျမ်းပြု အကျော် ရှေးရှေးဆရာတော် ဘုရားကြီး (၄၀) ခန့်တို့၏ အယူအဆ အဆိုအမိန့် အဆုံးအဖြတ် ဩဝါဒများကိုလည်း များစွာသော နေရာတို့တွင် သာဓကမူ သက်သေထူလျက် ဖော်ဆောင်တင်ပြ ဆုံးဖြတ်ချက် ချသွားသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ယခုနေ့ သာသနာဝင် အရှင်မြတ်များနှင့်တကွ အနာဂတ်သာသနာ ဝင် အရှင်တို့အတွက် ထိုထိုဆရာတော်ဘုရားကြီးတို့၏ အဆိုအမိန့် အဆုံးအဖြတ် ဩဝါဒများကို ကိုယ်တိုင်ကိုယ်ကျ နာယူမှတ်သားရ သကဲ့သို့ ဖြစ်ရသောကြောင့် လွန်စွာ့လွန်စွာ အဖိုးတန်လှသော သိမ်နှင့်စပ်သော မှတ်သားဖွယ်ရာ အထွေထွေဗဟုသုတတိုးပွား၍ အကျိုးကျေးဇူး များလှသည်ကိုလည်း တွေ့ရပါသည်။

ကျမ်းပြု ဆရာတော်ဘုရားကြီးကလည်း ဤစာကို ရှေးဘုန်း ရှေးကံ ပါရမီသန့်၍ ကြည့်ရှုရသူများမှာ ကျကျနန မှန်မှန်ကန်ကန် ထိထိမိမိ ရှေးဆရာတော်များ ယူပုံ၊ ဆပုံ၊ လုပ်ပုံ ကိုင်ပုံစသည်ကို ကိုယ်တွေ့ကဲ့သို့ နည်းနာနယပေါင်းအနန္တ တွေ့ရအောင် ရေးသား အပ်သော ဋီကာစာတမ်းဖြစ်သတည်းဟူ၍ ရေးတော်မူခဲ့ပါသည်။

ဤသိမ်မျိုးစုံ မဟာဋီကာကျမ်းကြီးသည် ကျောင်းထိုင် ဆရာ တော်များ၊ စာချ ဆရာတော်များ၊ ဝိနည်းဓိုရ် ဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း နည်းပြ ဆရာတော်များ၊ ကျောင်းထိုင်ဘုန်းကြီးလောင်းလျာများနှင့် မကြာမြင့်မီ ကာလ အတွင်း ထွန်းတင့်ဖြစ်ပေါ်လာတော့မည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး၌ သင်ကြားပြသပို့ချတော်မူကြမည့် နာယက

(ပါမောက္ခ) ဆရာတော်များ၊ ဂဏဝါစက(ကထိက)ဆရာတော်များ၊ နည်းပြဆရာတော်များ၊ ဓမ္မာစရိယ(ဝိဇ္ဇာ) စာသင်သားများ၊ မဟာဓမ္မာစရိယ (မဟာဝိဇ္ဇာ) စာသင်သားများအတွက် ဝိနယဘာသာသိမ်နှင့်စပ်လာသမျှသော အရာတို့တွင် များစွာ အထောက်အကူပေးနိုင်သော ကျမ်းစာတရပ် ဖြစ်ပါလိမ့်မည်။ ကျမ်းပြုဆရာတော်ဘုရားကြီး၏ ရေးသားချက် မိန့်ခွန်းတော်စကားဖြင့် နိဂုံးထားလိုက်ရပါလျှင် လိုရာပြီးစေနိုင်သော ပဒေသာပင်ကြီးပမာ သိမ်အရာခက်ခဲနက်နဲခြင်း ရှိလေသမျှ လိုရာမတ ရနိုင် ယူဆနိုင်ကြသဖြင့် ပညာရှိသူတော်စွာတို့မှာ နမူနာပုံစံကြီးတခု ဖြစ်ရစ်ပေလိမ့်သတည်း ဟူ၍သာ—။

အရှင်ကုဏ္ဍိယ (သင်း) [ဇမ္ဗုဒီပအဘိဓာန်]
ပုဗ္ဗဝိဒေဟကျောင်းဆောင်
ကမ္ဘာအေး-ရန်ကုန်။
၁၃၄၅-ခု ဝါဆိုလဆန်း (၆) ရက် သောကြာနေ့။

## သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီး

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏ နိဒဿနကထာ | .... | က |
| တည်းဖြတ်သူ၏ အမှာစာ | .... | င |
| ပါဠိနိဒါန်း | .... | ၁ |
| မြန်မာနိဒါန်း | .... | ၉ |
| ရတနတ္တယပဏာမ စသည် | .... | ၁၇ |
| အဘိယာစက ပြဆိုခန်း | .... | ၂၀ |
| ပဋိညာဉ် ပြဆိုခန်း | .... | ၃၂ |
| သိမ်အပြားကို ပြဆိုခန်း | .... | ၃၃ |
| ပကတိဂါမသိမ်ကို ပြဆိုခန်း | .... | ၃၄ |
| ပကတိဂါမသိမ် အဓိပ္ပာယ်ကို ပြဆိုခန်း | .... | ၃၇ |
| ပယ်အရ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစုံယူပုံ | .... | ၃၉ |

အကြောင်းအရာ　　　　စာမျက်နှာ

ကရိသ ဂုဋ္ဌတ္ထ ဋီကာပိုင်း .... ၄၀

ဂါမခေတ် ဂါမသိမ်ဖြစ်ကြောင်းပြဆိုခန်း .... ၄၂

အဋ္ဌကထာဆရာတို့ ရေးလိုရင်းအာဘော် .... ၄၄

အခွန်သီးပမာဏမဖြစ် နယ်သီးပမာဏဖြစ်ကြောင်း .... ၄၅

အခွန်သီးပမာဏယူရာ၌ လဒ္ဓဒေါသထုတ်ပြခန်း .... ၄၆

ရာဇဝိနိစ္ဆယမဟာဋီကာ .... ၄၇

ပရိစ္ဆိန္နိတွာ ရာဇာ ကဿစိ ဒေတိ-၌ ပုဗ္ဗကာလကြိယာ ပြဋ္ဌာန်းပုံ .... ၅၃

ရာဇာအရ ပါဝင်သင့် မပါဝင်သင့်သော မင်းတို့ကို သိနိုင်ရန် အစိုးရပြန်တမ်း ပြခန်း .... ၅၉

ပကတိဂါမသိမ် အကျဉ်းချုပ်ပြဆိုခန်း .... ၆၄

ဝိသုံဂါမကို သာဓကနှင့်ပြဆိုခန်း .... ၆၅

ဝိသုံဂါမသိမ်အင်္ဂါလေးပါးကို ထုတ်ပြခန်း .... ၆၆

ဝတ္ထုကံမြေများ ဝိသုံဂါမ မဖြစ်ကြောင်းပြခန်း .... ၆၉

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အင်္ဂလိပ်မင်းတို့ အနာဂတ်သိမ်အမိန့် အပ်မအပ် | .... | ၇၁ |
| တေရသကဏ္ဍ ဋီကာ၌ ပါဌ်သေသကြွင်းပုံ | .... | ၇၂ |
| နန်းတော်ပေါ်၌ ဝိသုံဂါမပေးပုံ ပြဆိုခန်း | .... | ၇၄ |
| သတ္တဗ္ဘန္တရသိမ် သာခကစုံယူပုံ ပြခန်း | .... | ၇၆ |
| သတ္တဗ္ဘန္တရသိမ်၌ ဝိမတိ၊ ဝိနယာလင်္ကာရတို့ မသင့်ကြောင်းပြခန်း | .... | ၇၇ |
| ဋီကာတို့၌ သီမာပေက္ခ ဆိုသောစကား မသင့်ကြောင်းပြခန်း | .... | ၇၉ |
| သတ္တဗ္ဘန္တရ,ဥဒကုက္ခေပတို့၌ ဥပစာရထားပုံ နာနာဝါဒ စိစစ်ခန်း | .... | ၈၀ |
| ဥဒကုက္ခေပသိမ်ကို သာခကနှင့်တကွ ပြခန်း | .... | ၈၂ |
| မြစ်,သမုဒ္ဒရာ,ဇာတဿရ(၃)ပါး အထူးပြခန်း | .... | ၈၄ |
| ဇာတဿရ၌ (၂၁)ယောက် စည်းဝေးလောက်မှ အပ်သည်ဆိုရာ မသင့်ကြောင်းပြခန်း | .... | ၈၄ |
| ဥဒကုက္ခေပ၌ နာနာဝါဒဝိစာရဏာကို ပြခန်း | .... | ၈၅ |
| ဥဒကုက္ခေပ၌ ဝိမတိ၊ ဝိနယာလင်္ကာရတို့ မသင့်ကြောင်းပြခန်း | .... | ၈၇ |
| ဗဒ္ဓသိမ်(၂)မျိုး အထူး ပြခန်း | .... | ၈၉ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိပတ္တိသိမ်(၁၁)ပါး အဓိပ္ပာယ် ပြခန်း | .... | ၉၀ |
| ပရိသာသမ္ပတ္တိသရုပ် ပြခန်း .... | .... | ၉၂ |
| ဆန္ဒ, ပါရိသုဒ္ဓိ ပဝါရဏာ ပေးပုံ | .... | ၉၄ |
| တားမြစ်မှုပြခန်း | .... | ၉၇ |
| ကျောက်နိမိတ်ပြခန်း | .... | ၉၈ |
| ပိုလ်အရ နာနာဝါဒ ဝိစာရဏာ ပြခန်း | .... | ၁၀၀ |
| တောနိမိတ်ပြခန်း | .... | ၁၀၄ |
| ခရီးနိမိတ် တောင်ပို့နိမိတ် မြစ်နိမိတ်ပြခန်း | .... | ၁၀၆ |
| ရေနိမိတ်ပြခန်း | .... | ၁၀၇ |
| ဝိသုံဂါမသိမ်အမိန့်ခံပုံ ပြခန်း (ပုံစံ) | .... | ၁၁၀ |
| အင်္ဂလိပ်မင်းတို့ ဝိသုံဂါမပေးပုံ ပြခန်း | .... | ၁၁၁ |
| ရတနာပုရ စတုတ္ထ မြို့တည် ဘကြီးတော် မင်းတရား သိမ်အမိန့်ပေးပုံ ပြခန်း | .... | ၁၁၃ |
| ပဉ္စမသင်္ဂါယနာတင် မင်းတရား သိမ်အမိန့်ပေးပုံ ၂-မျိုး | | ၁၁၄ |
| သီပေါမင်း သိမ်အမိန့်ပေးပုံ ၂-မျိုး | .... | ၁၁၅ |
| သိမ် သမုတ်ရာ ညောင်စောင်းကွက်သားပုံစသည် ပြခန်း | | ၁၁၆ |
| သစေ ပန - စသော အဋ္ဌကထာဝါကျ၌ စံကျောင်း ဆရာတော်ကြီး အနက်မှန်ပေးပုံ | .... | ၁၂၁ |

အကြောင်းအရာ — စာမျက်နှာ


သိမ်နုတ် သိမ်သမုတ် ကမ္မဝါစာ ပြခန်း .... ၁၂၃
သိမ်နုတ် သိမ်သမုတ်ရာ ၄-ပါး ၄-ပါးထက် အလွန်
ကမ္မဝါစာ ဖတ်သင့် မဖတ်သင့် .... ၁၂၆
သိမ်နုတ် သိမ်သမုတ် ဥတ်ကမ္မဝါစာသုတ်သင်ခန်း .... ၁၂၈
ဝိသဇ္ဇနီသံနှင့် မဖတ်အပ် သက္ကတတွင်ဝင်ကြောင်း ပြခန်း ၁၃၁
ဗုဒ္ဓဝစနံ-ဟူသော ကံနှင့် သကနိရုတ္တိဟူသော ကရိုဏ်း
အထူးပြခန်း .... ၁၃၃
သက္ကတဘာသာနှင့်စပ်သဖြင့် တိရစ္ဆာနဝိဇ္ဇာသရုပ်ပြခန်း ၁၃၄
လောကာယတ သရုပ်ကို ပြခန်း .... ၁၄၀
သံဃ၊ သဃံ စိစစ်ခန်း .... ၁၄၉
အဝိပ္ပဝါသ ပဒ စိစစ်ခန်း .... ၁၅၁
သမ္မတော-ပုဒ် စိစစ်ခန်း .... ၁၅၁
အက္ခရာတလုံး ပြင်တိုင်း အစကစ၍ ဖတ်သင့်သည်၊
ပြင်လိုသော ဝါကျတွင်သာ ဖတ်သင့်သည် စိစစ်ခန်း ၁၅၃
သမူဟာနေယျပဒ ဝိစာရဏာ စိစစ်ခန်း .... ၁၅၈
သော ဥတ္တိ ဝိစာရဏာခန်း .... ၁၆၅
သမူဟာနတိ ဝိစာရဏာခန်း .... ၁၆၆
ခမတိပုဒ် ကတ္တုရုပ် ကမ္မရုပ် သင့် မသင့်သာဓက .... ၁၆၆

# သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီး

အကြောင်းအရာ — စာမျက်နှာ


ပါဠိအဋ္ဌကထာဋီကာတို့အလို ခမတိပုဒ် ကတ္တုရုပ်ဖြစ်ကြောင်း ၁၇၂

ခမတိကတ္တုရုပ်၊ မိုင်းခိုင်းဆရာတော်ဝိနိစ္ဆယ .... ၁၇၅

မဟာဝိသုဒ္ဓါရာမ ဆရာတော် ။ .... ၁၇၆

ဝဇီရာရာမ ဆရာတော် ။ .... ၁၇၇

မန်လည်ဆရာတော် ။ .... ၁၇၈

လယ်တီဆရာတော် ။ .... ၁၇၉

နောက်ဖြစ်ကျမ်းတို့အဆို ခမတိကမ္မရုပ် .... ၁၈၁

ခမတိကတ္တုရုပ် ပါဠိတော်ကြီး .... ၁၈၃

မူလပဏ္ဏာသပါဠိတော်စသည် ခမတိကတ္တုရုပ် .... ၁၈၅

သမုဂ္ဃါတ ဝိစာရဏာပြခန်း .... ၁၈၇

ကမ္မဝါစာအဆုံး နာနာဝါဒဝိစာရဏာပြခန်း .... ၁၈၈

တိရစ္ဆာနဂတ အရပြခန်း .... ၁၉၀

တုဏှီပဒဝိစာရဏာ ပြခန်း .... ၁၉၁

ကမ္မဝါစာ ပြည့်စုံ မပြည့်စုံ စိစစ်ခန်း .... ၁၉၆

သီမာပဒဝိစာရဏာ ပြခန်း .... ၁၉၇

ကေူပေါသထဝိစာရဏာ ပြခန်း .... ၁၉၈

ပဒဟာရိဟီနဋီကာ ပြခန်း .... ၁၉၉

ဉတ္တိဒေါသဝိစာရဏာ ပြခန်း .... ၂၀၀

အကြောင်းအရာ စာမျက်နှာ

ကမ္မဝါစာဒေါသဝိစာရဏာ ပြခန်း .... ၂၀၂
ကမ္မဝါစာ ဝသာန စိစစ်ခန်း .... ၂၀၃
သိမ်နုတ်ခန်း၌ ဝဂ္ဂကမ္မဖြစ် မဖြစ် .... ၂၀၅
အုတ်တိုက်ကျောင်းစသည် ဆောက်ပြီး သိမ်သမုတ်သင့် မသင့် ၂၀၇
ဝိနယဓရ အင်္ဂါလက္ခဏာကိုပြဆိုခန်း .... ၂၀၈
အထောက်သာဓကများ .... ၂၁၀
အဓိကရုဏ်း(၄)ပါး ပြခန်း .... ၂၃၁
သမထ(၇)ပါး ပြခန်း .... ၂၃၂
သမ္မုခတာ(၄)ပါး ပြခန်း .... ၂၃၃
သမထ(၇)ပါးအဓိပ္ပာယ် .... ၂၃၆
သမထနှင့် အဓိကရုဏ်း တိုက်ဆိုင်ပြခန်း .... ၂၃၇
ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် ဝိနည်းမိုရ်မြောက်၍ ဆုံးဖြတ်စေပုံ ၂၃၈
ဗာလ ပုဂ္ဂိုလ်တို့ နှောင့်ယှက်လျှင် ယေဘုယျသိကာ
သမထဖြင့် ဆုံးဖြတ်စေပုံ .... ၂၄၀
အနုဝါဒါဓိကရုဏ်းနှင့် သမထ (၄)ပါးသာ ဆိုင်ကြောင်း ၂၄၁
အာပတ္တာဓိကရုဏ်းနှင့် သမထ(၃)ပါး ဆိုင်ကြောင်း.... ၂၄၂
ကိစ္စာဓိကရုဏ်းနှင့် သမထတပါးသာ ဆိုင်ကြောင်း .... ၂၄၄
သမထ(၇)ပါး ဝစနတ္ထအရကောက်ပုံ .... ၂၄၄

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အဓိကရုဏ်း(၄)ပါး ဝစနတ္ထအရကောက်ပုံ | | ၂၄၇ |
| သမ္မုခတာ(၄)ပါး ဝစနတ္ထအရကောက်ပုံ | .... | ၂၄၈ |
| ကံလေးပါး ဝစနတ္ထအရကောက်ပုံ | .... | ၂၄၉ |
| ကံ(၇)ပါး ဝစနတ္ထအရကောက်ပုံ | .... | ၂၅၀ |
| သိမ်သမုတ်ခန်းနည်းမျိုးစုံ | .... | ၂၅၃ |
| သိမ်နိမိတ်ကြားပုံ | .... | ၂၅၄ |
| တိယောဇနပရမသိမ်တော်ကြီးအကြောင်း | .... | ၂၆၁ |
| ရေနိမိတ်မှာ သမာနသံဝါသက သိမ် သမုတ်ပြီးရှိတည်က အပ် မအပ် ပြခန်း | .... | ၂၆၂ |
| ဝတ္ထုကံမြေ ဝိသုံဂါမ ဖြစ် မဖြစ် | .... | ၂၆၄ |
| သိမ်သမုတ်ရာ(၄)ပါးထက် အလွန် ကမ္မဝါစာ ဖတ်သင့် မဖတ်သင့် | .... | ၂၆၅ |
| ဒွန်တွဲကမ္မဝါစာ ဖတ်ပုံ အပ်မအပ် | .... | ၂၆၇ |
| ကျွန်းရွာတောရဆရာတော် သိမ်သမုတ်ကမ္မဝါစာဖတ်နည်း | | ၂၆၈ |
| စံကျောင်းဆရာတော် သိမ်ကမ္မဝါစာ ဖတ်ပုံနည်း | .... | ၂၇၁ |
| ဗျတ္တ ပဋိဗလ ရွေးချယ်ခန်း | .... | ၂၇၄ |
| ဝိနယဓရတို့ ဗဟုသုတဂန္ထန္တရလေ့လာရပုံ | | ၂၇၅ |
| သမာနသံဝါသကသိမ် သမုတ်ပုံပြခန်း | .... | ၂၇၈ |

အကြောင်းအရာ

အဝိပ္ပဝါသသိမ် သမုတ်ပုံကို ပြခန်း

**သိမ်**သမုတ်ကမ္မဝါစာ၌(သာ)ပါမှသင့်ကြောင်း

သိမ်ဋှအောင် ကျောက်စာပါဌ်

သိမ်အောင် ကျောက်စာနိဿယ

ပုရတ္ထိမဋီကာ

ယာဝတာတျာဒိဋီကာ

ထပေတွာဒိ ဋီကာ

ဂါမ့,ဂါမူပစာရ ယူပုံဋီကာ

ဗျဉ္ဇနဗုဒ္ဓိဋီကာ

ခနိတနှုတ်မပြင်းပဲ မရှုတ်သင့်ကြောင်းသာဓက

ထပေတဝါ မဖတ်သင့်ကြောင်း

သတ္တဗ္ဘန္တရ, ဥဒကုက္ခေပတို့၌ ဥပစာရထားပုံ

ဥဒကုက္ခေပ အဇ္ဈောတ္ထရဏာဒိဋီကာ

သတ္တဗ္ဘန္တရ အဇ္ဈောတ္ထရဏာဒိဋီကာ

ဗဒ္ဓအဇ္ဈောတ္ထရဏာဒိဋီကာ

အတိဂမ္ဘီရသက်ရ ဒေါသဋီကာ

ကေစိဝါဒါဘောဂဋီကာ

ကေစိဝါဒသင့်ကြောင်း အတိဂမ္ဘီရတ္ထဋီကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိမတိ, ဝိနယာလင်္ကာရတို့ မသင့်ကြောင်း ဋီကာ | .... | ၃၁၆ |
| သက်ရဒေါသ အတိဂမ္ဘီရဋီကာ | .... | ၃၁၆ |
| သက်ရဒေါသနာနာဝါဒ ဝိစာရဏာဋီကာ | .... | ၃၁၉ |
| ရေနိမိတ်၌ နာနာဝါဒ ဝိစာရဏာဋီကာ | .... | ၃၂၀ |
| သစ်ပင်နိမိတ်၌ နာနာဝါဒ ဝိစာရဏာဋီကာ | .... | ၃၂၁ |
| ခဏ္ဍနိမိတ်၌ ကင်္ခါဋီကာဝါဒ မသင့်ကြောင်း | .... | ၃၂၄ |
| သိမ်ကျောင်းနှင့် လှေကားစပ်၍ ထားသင့်မထားသင့် | .... | ၃၂၅ |
| သိမ်နှုတ်ရာ၌ သတ်ပြုဖွယ် | .... | ၃၂၅ |
| သိမ်မျိုးစုံမဟာဋီကာ မြန်မာနိဂုံး | .... | ၃၂၇ |
| သိမ်မျိုးစုံမဟာဋီကာ ပါဠိနိဂုံး (၅၁)ဂါထာ | .... | ၃၂၈ |


သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီး မာတိကာပြီး၏။

# ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်းကြီး

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဏ္ဏာမဂါထာနှင့် ဥပုသ် (၉) ပါးစသည် သာဓက ပြခန်း | | ၃၃၅ |
| အာပတ်ရှိလျက် ပါတိမောက်ပြ, နာလျှင် အာပတ်သင့်ရာ ကာလပြခန်း | .... | ၃၃၇ |
| အဇ္ဈေသက သမ္မုတိဉတ်စသည် ထားပုံ | .... | ၃၃၈ |
| ဝိနယပုစ္ဆကဉတ်စသည် ထားပုံ | .... | ၃၃၉ |
| ပုဗ္ဗကရဏစသည် မေးဖြေခန်း | .... | ၃၃၉ |
| ပုဗ္ဗကိစ္စငါးပါး မေးပုံ ဖြေပုံ | .... | ၃၄၀ |
| ပတ္တကလ္လအင်္ဂါ (၄)ပါး မေးပုံ ဖြေပုံ | .... | ၃၄၂ |
| ပါတိမောက် ပြခန်း | .... | ၃၄၃ |
| နာနာဝါဒ ဝိစာရဏာခန်း | .... | ၃၄၅ |
| နှစ်ဥဒ္ဒေသရလျှင် သံဃာ့ထေရ်ပိုင်ကြောင်း | .... | ၃၄၆ |
| အန္တရာယ် (၁၀) ပါးသရုပ် | .... | ၃၄၇ |
| မင်းကြောင့် ဥပုသ်မပြုရလျှင် အာပတ်မသင့် | .... | ၃၄၉ |
| သီလပေးစသော လေးဌာန မထေရ်ကြီးပိုင်ပုံ | .... | ၃၄၉ |
| စတုပဥ္စပါရိသုဒ္ဓုပေါသထဋီကာ | .... | ၃၅၁ |
| ဥပစာရသိမ်၌ သံဃာလုံလောက်လျှင် ပါရိသုဒ္ဓိ ဥပုသ်စသည် ပြုအပ် မပြုအပ် | .... | ၃၅၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စာတုဒ္ဒသီ ဥပုသ်ပြုပုံ | .... | ၃၆၂ |
| သာမဂ္ဂီ ဥပုသ်ပြုခြင်း | .... | ၃၆၃ |
| နှစ်ပါးသုံးပါး ပါရိသုဒ္ဓိဥပုသ်ပြုခြင်း | .... | ၃၆၆ |
| ဒေသနာကြားနည်းမျိုးစုံ | .... | ၃၆၇ |
| ဒေသနာကြားနည်း၌ ဂမ္ဘီရအဓိပ္ပာယ် | .... | ၃၇၁ |
| အဓိဋ္ဌာန် ဥပုသ်ပြုခြင်း | .... | ၃၇၃ |
| ပဝါရဏာပြုပုံ အမျိုးမျိုးပြခြင်း | .... | ၃၇၄ |
| ပဝါရဏာဉတ်ထား မေးဖြေခြင်း | .... | ၃၇၇ |
| ဝဒတု မံ သံဃော ဆိုသင့် မဆိုသင့်ပြခြင်း | .... | ၃၈၂ |
| ဝဒတု မံ သံဃော ဆိုရာ၌ သာဓက | .... | ၃၈၄ |
| ဝဒန္တု မံ အာယသ္မန္တော ဆိုရာ၌ သာဓက | .... | ၃၈၄ |
| လေးပါး,သုံးပါး, ဂဏပဝါရဏာပြုခြင်း | .... | ၃၈၆ |
| နှစ်ပါးပြု ဂဏပဝါရဏာ | .... | ၃၈၈ |
| အဓိဋ္ဌာန် ပဝါရဏာ | .... | ၃၈၉ |
| ပဝါရဏာအပြားနှင့် ပဝါရဏာငင်ပုံ | .... | ၃၉၀ |
| ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်းကြီးနိဂုံး | .... | ၃၉၁ |


ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်းကြီး မာတိကာ ပြီး၏။

---


ကျွန်းရွာတောရ ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိ အကျဉ်း .... .... .... ၃၉၃

# သိမ်မျိုးစုံမဟာဋီကာကျမ်းကြီး၌ ပြင်ဖတ်ရန်

သိမ်မျိုးစုံမဟာဋီကာကျမ်းကြီး၌ ပြင်ဖတ်ရန်

| စာမျက်နှာ | အကြောင်းရေ | ချွတ်ယွင်းချက် | ပြင်ဖတ်ရန် |
|---|---|---|---|
| ၄ | ၂၃ | ပုရတ္ထိမာပ | ပုရတ္ထိ မာယ |
| ၆ | ၂၄ | ပုရတ္ထိဒိသာဘာဂေ | ပုရတ္ထိမဒိသာဘာဂေ |
| ၁၀ | ၁၃ | လပြည်နေ့ | လပြည့်နေ့ |
| ၁၃ | ၁၁ | လမ္မာအောင် | လိမ္မာအောင် |
| ၄၀ | ၆ | ကြောင့် အာဗလိံ လဘန္တိ | ကြောင့်သာ ဗသိံ လဘန္တိ |
| ၇၂ | ၂၀ | သာကေ မမြောက် | သာကေ မမြောက် |
| ၇၅ | ၆ | ဂါမခေတ်သည | ဂါမခေတ်သည် |
| ၈၀ | ၆ | ကံမပြီး ဆိုလျှင် | ကံမပြီးဆုံးလျှင် |
| ၈၇ | ၈ | ကျီဝန် တိက | ကျီဝန်တို့က |
| ၉၇ | ၁၅ | သင့်သကဲ့သိ | သင့်သကဲ့သို့ |
| ၉၈ | ၃ | ပြောဆိ | ပြောဆို |
| ၉၈ | ၆ | ထိပြုဆဲကံ | ထိုပြုဆဲကံ |
| ၁၀၁ | ၁၅ | အဘိဓာန်တိ၌လည်း | အဘိဓာန်တို့၌လည်း |
| ၁၀၉ | ၁၉ | ဗဒ္ဓသိမ်တိ | ဗဒ္ဓသိမ်တို့ |
| ၁၂၄ | ၂၁ | သောဥ ိ | သော ဥတ္တိ |
| ၁၂၉ | ၁၉ | (ငါ၊တို့အလို။) | (ငါတို့ အလို။) |
| ၁၃၆ | ၂၂ | ပါရိသေသညာယေန | ပါရိသေသညာယေန၊ |

## သိမ်မျိုးစုံမဟာဋီကာကျမ်းကြီး၌ ပြင်ဖတ်ရန်

| စာမျက်နှာ | အကြောင်းရေ | ချွတ်ယွင်းချက် | ပြင်ဖတ်ရန် |
|---|---|---|---|
| ၁၃၈ | ၃ | အနေကာဝိပဟိတ | အနေကာဝိပဟိတံ |
| ၁၅၇ | ၁၀ | ဂတံျ၊ | ဂတံျဥ၊ |
| ။ | ။ | သံယတော | သံဟတော |
| ၁၆၁ | ၂ | ညြွတ်၏ရသတို့သာ | ညြွတ်ရသတို့သာ |
| ၁၇၂ | ၂၃ | ၁။ အတ္တပဒီကတ္တရိ၊ | ၁။ အတ္တပဒိ ကတ္တရိ? |
| ။ | ။ | အတ္တနောပဒေ ကတ္တရိ | အတ္တနောပဒေ ကတ္တရိ? |
| ။ | ၂၅ | ၂။ ကမ္မနိ | ၂။ ကမ္မနိ? |
| ၂၂၇ | ၃ | အဏျမတ္တေသု | အဏုမတ္တေသု |
| ၂၄၉ | ၁၁ | ဝိဒဝန္တိ | ဝိဝဒန္တိ |
| ၂၈၁ | ၃ | နိဂံးမှာ | နိဂုံးမှာ |
| ၂၇၅ | ၁၁ | သဒ္ဒေယျ | သဒ္ဒေယျေ |
| ၂၆၁ | ၁ | ထပေန | ထပနေ |
| ၃၁၁ | ၂၁ | ဗဒ္ဓသိမ်ဟောင်း၍ | ဗဒ္ဓသိမ်ဟောင်း၌ |
| ၃၂၄ | ၁၉ | နိမိတ်မှုလောက်သော | နိမိတ် မလောက်သော |
| ၃၂၄ | ၂၂ | အန္တာပိစသော ဝါကျ၌ | အန္တရာ စသော ဝါကျ၌ |
| ၃၂၄ | ၂၂ | အန္တာပုဒ်၏ | အန္တရာပုဒ်၏ |
| ၃၆၉ | ၃ | ထိုအာပါတ်တို့ကို | ထိုအာပတ်တို့ကို |
| ၃၉၄ | ၈ | စတုဒ္ဒသိကေပံ | စာတုဒ္ဒသိကေပိ |
| ၃၉၉ | ၂ | ပဝါရဏာပြုရသည် | ပဝါရဏာပြုရသည်၊ |

# သဗ္ဗသီမမဟာဒ္ဒိကာဝယ ပါဋ္ဌိနိဒါနံ

သဗ္ဗသီမမဟာဒ္ဒိကာဝယ အတ္ထုပ္ပတ္တိနိဒါနံ မယာ ဝုစ္စတေ။

အမှာကံ ဘဂဝါ သတ္တသဋ္ဌိဝသော အာသာဠှီ ပုဏ္ဏမိယံ ဂုရုဝါရေ ပဋိသန္ဓိံ ဂဟေတွာ အဋ္ဌသဋ္ဌိဝသော ဝိသာခါပုဏ္ဏမိယံ သောကြာဝါရေ ဝိဇာယိတွာ တိဝဿာဓိကေ ဝဿသတမှိ ဝိသာခါပုဏ္ဏမိယံ ဗုဓဝါရေ သဗ္ဗညုသမ္မာသမ္ဗောဓိံ ပါပုဏိတွာ ပဉ္စစတ္တာလီသဝဿာနိ ဗောဓနေယျာနံ ပုဂ္ဂလာနံ ဟိတာယ သုခါယ ပိဋကတော တီဏိ ပိဋကာနိ နိကာယတော ပဉ္စနိကာယေ အင်္ဂတော နဝင်္ဂေ ဓမ္မက္ခန္ဓတော စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ သာဋ္ဌကထာယ ဒေသယိတွာ အဋ္ဌစတ္တာလီသာဓိကေ ဝဿသတေ ဝိသာခါပုဏ္ဏမိယံ အင်္ဂဝါရေ ပရိနိဗ္ဗုတော။ တံ ပန မဟာကဿပါဒီဟိ ပဉ္စဟိ အရဟန္တသတေဟိ တသ္မိံ ဝဿေ သာဝဏမာသဿ ပါဋိပဒဒိဝသတော ပဋ္ဌာယ ယာဝ ဖဂ္ဂုနမာသပုဏ္ဏမာ သတ္တမာသံ ပထမသင်္ဂီတိယံ သင်္ဂီတံ။

ပရိနိဗ္ဗာနတော ဝဿသတေ မဟာယသတ္ထေရာဒီဟိ သတ္တဟိ အရဟန္တသတေဟိ သတ္တမာသံ ဒုတိယသင်္ဂီတိယံ သင်္ဂီတံ။

ဒွိန္နံ ဝဿသတာနံ ဥပရိ သတ္တတိံသတိမေ ဝဿေ မောဂ္ဂလိပုတ္တတိဿတ္ထေရာဒီဟိ အရဟန္တသဟဿေဟိ မာဃမာသဿ ပါဋိပဒဒိဝသတော ပဋ္ဌာယ ယာဝ အဿယုဇမာသပုဏ္ဏမာ နဝမာသေ တတိယသင်္ဂီတိယံ သင်္ဂီတံ။

စတုန္နံ ဝဿသတာနံ ဥပရိ ပညာသဝဿမှိ ဝဋ္ဋဂါမဏိရာဇကာလေ တိပိဋကစူဠနာဂါဒီဟိ အရဟန္တေဟိ ပေါတ္ထကာရုဠှဝသေန စတုတ္ထသင်္ဂီတိယံ သင်္ဂီတံ။

စတုသတာဓိကာနံ ဒွိန္နံ ဝဿသဟဿာနံ မတ္ထကေ ဧကာဒသမေ ဝဿေ သက္ကရာဇေ ပန ဧကသဟဿဒွိသတတေတ္တိံသတိမေ စိတြမာသကာဠပက္ခဿ ဧကာဒသမသောရိဒိဝသတော ပဋ္ဌာယ ပေါဋ္ဌပါဒကာဠပက္ခစတုဒ္ဒသမေ သေလက္ခရာရုဠှဝသေန ပဉ္စမသင်္ဂီတိယံ သင်္ဂီတံ ပိတုမဟာရာဇိနာ သော ပန မန္တလေးရာဇဓာနိယမှိ မာပေသိ၊ သာသနေ အတိဝိယ ပသီဒတိ။ တဿ ပန ပုတ္တော သိရီပဝရာဒိတျလောကာဓိပတိပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ မာရဇေယျရတနာစေတိယဿ ဒါယကော ဒွိသတာဓိကဿ ဧကသဟဿဿ ဥပရိ စတ္တာလီသဝဿမှိ ရတနာပုဏ္ဏနာမိကာယံ ရာဇဓာနိယံ ရဇ္ဇံ ကာရေသိ။

တဒါ ဒွိသတာဓိကဿ ဧကသဟဿဿ မတ္ထကေ ဒွေစတ္တာလီသဝဿမှိ စိတြမာသဿ ဇုဏှပက္ခေ စုဒ္ဒသမေ ရဝိဝါရေ အစ္စုဂ္ဂတမန္ဒသမယေ ဒေလမယမဟာနဂရဿ ဤသံ နိဿိတေ ပစ္ဆိမသ္မိံ ဒိသာဘာဂေ ဧကဂါဝုတမတ္တေ သမန္တတော ကုန္နဒီဟိ ပရိက္ခိတ္တေ ကျွန်းရွာတိ ဝိဿုတေ မဟာဂါမေ ကုလပရမ္ပရာယ အာဂတေ ဂါမဏိ ဇေဋ္ဌမဟာမစ္စဝံသေ ဥဒိတကုလေ အယျသုဝဏ္ဏဖလိကနာမိကဿ ဂါမဘောဇကဿ သဓိဘူတာယ အမစ္စဝံသကုလေယေဝ ဇာတာယ အယျာဒါရိကာတိ အတိဝိယ ဝိဿုတာယ ရတနတ္တယေ ပသန္နာယ ဂါမဘောဇကာယ ကုစ္ဆိတော ဂါမဏိဝံသဂါမဘောဇကံ အမစ္စကုလံ ဥဘတော သုဇာတံ သံသုဒ္ဓဂဟဏိကံ အနုပကုဋ္ဌံ ပုဂ္ဂလဝိသေသ ရူပကာယသမ္ပတ္တိံ ဥပမိသောဘံ ဝဏ္ဏပေါက္ခရံ ဒဿနီယံ မနောရမံ

သာဝတ္ထိယံ တိပိဋကံ ဓရမာနံ သကလဇမ္ဗုဒီပေ ကိတ္တိသဒ္ဒယန္တံ ဓညပုညလက္ခဏသမ္ပန္နံ သုဝဏ္ဏဝဏ္ဏံ ကုမာရံ ဝိဇာယိ၊ တဒါ အနေကာနိ အစ္ဆရိယာနိ အဗ္ဘုတာနိ နိမိတ္တာနိ ပါတုဘဝန္တိ၊ ယဿာနုဘာဝေန ခဒိရရုက္ခတော ဆိန္ဒိတွာ မဏ္ဍပေ ရောပိတာ ခဒိရထမ္ဘတော အင်္ကုရာနိ နိက္ခမန္တိ။ ခုဒ္ဒကဝေဠုဂုမ္ဘာနိ အတိဝိယ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ ပါပုဏန္တိ၊ ပိတုရာဇေန နေမျိုးဘိသက္ကရာဇဂုရုဋ္ဌာနေ ဌပိတော မဟာမစ္စောပိ အာဂန္တွာ တံ ကုမာရံ ပုနပ္ပုနံ ပုစ္ဆိတွာ ဩလောကေတွာ ဇေယျ-ပုပ္ဖနာမကံ နာမံ ကရောတိ။ ပုညဝါ ဗောဓိသတ္တဒါရကောတိ နိမိတ္တံ ပါဌေတိ။ တသ္မိံ ဂါမေ ဉာတကာဒယော မနုဿာ အရောဂါ ဓနဝါ ဓညဝါ သိရိသမ္ပန္နာ ဘောဂသမ္ပန္နာ ပီတိသုခသောမနဿေဟိ သမန္နာ-ဂတာ၊ ဣတိ ဧဝမာဒီနိ။

သော ကုမာရော ဉာတကာနံ အင်္ဂင်္ဂတော အင်္ဂံ ပရိဝတ္တေတွာ သတ္တမာသာဓိကဆဗ္ဗဿိကကာလေ ဇာတော။ တဒါ ဂါမဏိ-ဇေဋ္ဌိကာ အယျဿနိကာ ဘဒ္ဒန္တရာဇဂါမာစရိယာသဘာဿ သီလ-သမာဓိပညဝန္တဿ ဂဏာစရိယဘူတဿ မဟာထေရဝရဿ သန္တိကံ တေပိဋကံ ဥဂ္ဂဏှတ္ထာယ နာနာရသေဟိ ဘောဇနာဒီဟိ သဒ္ဓိံ နိယျာတေသိ။ ဤဒိသဿ ဝစနံ ကထေသိ၊ မမ နေတ္တံ ကုမာရံ မာ ပဟာရံ ဒဒါဟိ၊ တယာ ယထိစ္ဆိတံ တံ သဗ္ဗံ ယာစာဟိ။ ယံ မမတ္ထိ၊ တံ ဒဒါမိယေဝါတိ။ သောပိ မဟာထေရော သတ္တတာဓိကေ မဟာသိဿေ အာမန္တေတွာ တာယ အာရောစိတံ ဝစနံ ကထေတွာ အယံ ကုမာရော မာတိတော စ ပိတိတော စ ဥဘတော ဂါမဏိ-သေဋ္ဌိကုလေ သဉ္ဇာတော၊ ဇာတိထဒ္ဓေါ ဘဝိဿတိ။ သဗ္ဗဉာ-တီဟိပိ မာနိတော ဂရုကတော အဟောသိ။ ဂါမဏိ ဇေဋ္ဌိကာယ သယမေဝ ဝိသေသတော နိယျာတိတော၊ တုမှေပိ မာဒိသာဝ

ပဋိပဇ္ဇထာတိ ကထေသိ။ သော ကုမာရော တိဝဿန္တရေယေဝ မဟာ-ပရိတ္တာဒီနိ ဥဂ္ဂဏှန္တေ အတိက္ကမိတွာ က,ခါဒိတော ပဋ္ဌာယ ဥဂ္ဂဏှန္တော ယာဝ ဝေဿန္တရဇာတကာ မတ္ထကံ ပါပုဏိတွာ သဒ္ဒဂန္ထသင်္ဂဟဂန္ထေပိ ဥဂ္ဂဏှာတိ၊ ဇာတိဿရဉာဏိကောတိ ဝါ အတိသုန္ဒရလေခဒါရ-ကောတိ ဝါ ဗဟူ မနုဿာ ဝေါဟာရန္တိ။

မာတာပိတရောယေဝ တဿ ဒသဝဿိကကာလေ သာမဏေရ-ဘူမိယံ ပတိဋ္ဌပေသုံ၊ သာမဏေရဘူမိတော ပဋ္ဌာယ စတုဝဿန္တရေ သဒ္ဒဂန္ထသင်္ဂဟဂန္ထေပိ မာတိကာဓာတုကထာပကရဏေပိ ပဋ္ဌာနုဒ္ဒက-သဒ္ဒဂန္ထေပိ ပဒဝိစယဂန္ထမ္ပိ ပဋ္ဌာနိယာမဂန္ထေပိ ဝါစုဂ္ဂတံ ကရောတိ။ ကိတ္တိဋီကမ္ပိ ဥဂ္ဂဏှိ။ တဒါ မင်းရွာစရိယာသဘော သာမဏေရဿ ဂုတ္တိန္ဒြိယဘာဝံ အတိဝိယ ပဏ္ဍိတဘာဝံ အနာဂတေ သာသနံ အဓိ-ပတိ ပါမောက္ခဘာဝေန ဝဟာဏသမတ္ထဘာဝဉ္စ ဉတွာ စံကျောင်း အာစရိယာသဘာဿ သန္တိကံ သဟ ပဏ္ဏာကာရေဟိ တေပိဋကဿ ဥဂ္ဂဟာဏတ္ထာယ ပေသေသိ။ သောပိ ရူပသိဒ္ဓိဉ္စ မူလဋီကာယ သဒ္ဓိံ အဋ္ဌသာလိနိံ, သမ္မောဟဝိနောဒနိံ, ပဉ္စပကရဏအဋ္ဌကထာဂန္ထေ စ သဋီကာယ ကင်္ခါဝိတရဏိဉ္စ သာရတ္ထဒီပနိံ, တေရသကဏ္ဍဋီကာဟိ သဒ္ဓိံ သမန္တပါသာဒိကာနာမိကာ ဝိနယအဋ္ဌကထာယော စ ဒသ-ယမကပကရဏေ စ စတုဝီသတိသမန္တပဋ္ဌာနေ စ ယထာက္ကမံ ဂေ-ဒိဝသံ တိက္ခတ္တုံ ဝါစေတွာ ပရိနိဋ္ဌာပေသိ။

သော သာမဏေရော ဒွိဝဿသတာဓိကဿ ကေဝဿသဟဿဿ ဥပရိ ဒွါသဋ္ဌိဝဿေ အာသာဠှိမာသဿ ဇုဏှပက္ခစတုဒ္ဒသမေ မင်းရွာ ဂဏာစရိယာသဘံ မဟာထေရံ ဥပဇ္ဈံ ကတွာ ကောဒသဟိ တိပိဋက-ဝိဒူဟိ ဂဏပါမောက္ခေဟိ ပဂ္ဂဟိတော ဒီပဂါမဿ ပုရတ္ထိမာယ ဥဒကုက္ခေပသီမာယံ ဥပသမ္ပဒဘာဝံ ပါပုဏိ။

တတော တသ္မိံ ဝသေ ရတနာပုဏ္ဏနာမိကာယ မဟာရာဇဓာနိယံ မိုင်းခိုင်းအာစေရာသဘာယ စ ကျီဝန်အာစရိယာသဘာယ စ ဒိုင်းဝန်အာစရိယာသဘာယ စ ရွှေရေးဆောင်အာစရိယာသဘာယ စ ဦးရန်ကုန်အာစရိယာသဘာယ စာတိ ပဉ္စန္နံ အာစရိယာသဘာနံ သန္တိကေ ယထာရဟံ သာဋ္ဌကထေ တေပိဋကေ ဥဂ္ဂဏှိ။ ဝိသေသတော ပန ဦးရန်ကုန်အာစရိယာသဘာယ သန္တိကေ သဒ္ဒဂန္ထံ ယာဝ ပရိယောသာနာ နေတ္တိ, ကင်္ခါဝိတရဏီဟိ ဥဂ္ဂဏှိ။ မာတိကတော ပဋ္ဌာယ ယာဝ ကုသလတ္တိကပဋ္ဌာနပရိယောသာနာ ဒိုင်းဝန်အာစရိယာသဘာယ သန္တိကေ ဧကရတ္တိယံ ဒွိက္ခတ္တုံ ဥဂ္ဂဏှိ။ သာဋ္ဌကထဒီဃနိကာယဉ္စ ဥဂ္ဂဏှိ။ ဥပသမ္ပဒသီမမဏ္ဍလတော စတုဝဿိကကာလေ သဗ္ဗော ဝါစနာမဂ္ဂေါ ပရိယောသာနဂတော ဟောတိ။ တဒါ ပရိယတ္တိသာသနဟိတမဟာပူဂိကေဟိ စ ရဋ္ဌိဿရရာဇူဟိ စ ကတေသု မဟာဓမ္မုဿဝေသု ဇယဝရံ လဘိတွာ မာသေ မာသေ **ဝေတနံ လဘိ။**

အထ မန်လည်နဂရေ အဂ္ဂမဟာပဏ္ဍိတောတိ လဒ္ဓလဉ္ဆန**ဿ** သကလဇမ္ဗုဒီပေ အတိဝိယ ပါကဋဿ မန်လည်အာစရိယာသဘာယ သန္တိကံ ဂန္တွာ သာဋ္ဌကထံ တေပိဋကံ အဋ္ဌမာသေ ဥဂ္ဂဏှိ။ တတ္ထ တိဟိ ရောဂေဟိ ပီဠိတော အာဂန္တွာ အရောဂဘာဝံ ကတွာ ရတနာပုဏ္ဏရာဇဓာနိယံ ပါပုဏိတွာ ဆဗ္ဗဿိကကာလေ ပရိယတ္တိသာသနဟိတမဟာဓမ္မုဿဝေ ပါရာဇိကကဏ္ဍအဋ္ဌကထာဂန္ထဉ္စ သီလက္ခန္ဓအဋ္ဌကထာဂန္ထဉ္စ ရဋ္ဌိဿရဓမ္မုဿဝေ မဇ္ဈိမဝိဇယုဿဝဉ္စ လဘိ၊ သတ္တဝဿိကကာလေ ပန ပရိယတ္တိသာသနဟိတပူဂိကေဟိ ကတေ မဟာဓမ္မုဿဝေ အဋ္ဌသာလိနိယာ သဒ္ဓိံ တိဿော အဋ္ဌကထာယော ဝိဇယုဿဝံ လဘိ။ သတ္တရသကဟာပဏဂ္ဃိကာဓိကာနိ သတ္တသတကဟာပဏဂ္ဃိကာနိ

ဂတ္ထုန္နံ လဘိ။ ရဋ္ဌဿရမ္မုဿဝေ စ မဟာပထမဝိဇယုဿဝံ လဘိ။ ဧဝမ္ပိ ပရိယတ္တိယံ သန္တောသံ အကတွာ အတ္တနော မဟာဝိဟာရဋ္ဌ ပစ္စယေ စ စတုပစ္စယဒါယကေ စ မဟာသံဃေ စ ခေဋ္ဌပိဏ္ဍံဝ စဇ္ဇိတွာ စသင်္ဂနာပိဋကေ မဟာနဂရေ စံကျောင်းအာစရိယာသဘာဿ မဟာသိဿဘူတဿ သာဋ္ဌကထေ တေပိဋကေ အတိဝိယ ကောဝိဒဿ သတ္တဂဏပါမောက္ခာစရိယဘူတဿ စလင်းအာစရိယာသဘာဿ သန္တိကံ ဂန္တွာ ဝိနယာဘိဓမ္မပါဠိအဋ္ဌကထာဋီကာယော စ ယမကပဋ္ဌာနပကရဏော စ ရူပသိဒ္ဓိ, သဒ္ဒနီတိဂန္ထေစ သတ္တမာသာဓိကာနိ တီဏိ ဝဿာနိ ဥဂ္ဂဏှိ။ သတ္တစတ္တာလီသဝိနယဓရေဘိက္ခူဟိ ဥပတ္ထမ္ဘိတော ဉတ္တိစတုတ္ထကမ္မဝါစာယ နဝက္ခတ္တုံ သီမမဏ္ဍလေ ဝါစေသိ။ တတော အာဂန္တွာ ရတနာပုဏ္ဏရာဇဓာနိယံ ''အတ္တနော ဝိဟာရေ ဓမ္မဝါစကဘဂဝန္တဘာဝေန တေဟိ တေဟိ ဒိသာဘာဂေဟိ အာဂတာနံ ဗဟူနံ သောတူနံ သဒ္ဒသင်္ဂဟာဒိကာ ပါဠိအဋ္ဌကထာဋီကာယော ဝါစေသိ။ ပါဠိဘာသာ မြန်မာဘာသာဝိနိစ္ဆယဂန္ထေပိ အန္တရန္တရာ အဘိလေခိ။ မဟာဝိသုဒ္ဓါရာမိကာစေရာသဘာဿ သန္တိကေ စ နိစ္စံ ကေဒိဝသေ ကေက္ခတ္တုံ ဝိနယာဘိဓမ္မဋ္ဌကထာယော ဥဂ္ဂဏှိ၊ တသ္မိံ စ နဂရေ ဥပ္ပန္နေ ပိဋ္ဌိတရောဂေ သရေခေတ္တမဟာနဂရကေဟိ နိမန္တိတော တသ္မိံ မဟာဇောတိကာရာမဝိဟာရေ သသံဃော ကေဝဿံ ဝသိ။

တတောပိ ရောဂကာရဏာ သေလက္ကရမဟာနဂရေ မဟာဓမ္မိကာရာမနာမိကံ မဟာဝိဟာရံ အဇ္ဈာဝသိတွာ သသံဃော အဋ္ဌဝဿာနိ ဝဿံ ဝသိ။ တတော ဝေရိက္ခယနာဂရိကေဟိ ပုနပ္ပုနံ နိမန္တိတော ဘင်္ဂလား-မဟာဝိဟာရေ တီဏိ ဝဿာနိ မဟာသံဃပရိဝုတော ဝဿံ ဝသိ။ တတော ကာယဝိဝေက စိတ္တဝိဝေကတ္ထာယ ပဗ္ဗတမဇ္ဈေနဂရဿ ပုရတ္ထိဒိသာဘာဂေ တေလကူပကန္ဒရမှိ သုမာပိတေ ကျွန်းရွာရညမဟာ-

ဝိဟာရမှိ မဟာသံဃဂဏပရိဝုတော အာရညိကတေစီဝရိကင်္ဂပိဏ္ဍပါတိကင်္ဂါဒီနိ ယထာရဟံ သမ္မာဒဟန္တော ဒသဝဿာနိ ဝဿံ ဝသိ။

ဧဝံ အက္ခရမုခဘာဝေါ သာမဏေရဘာဝေါ ပဉ္စင်္ဂဘာဝေါ ဘဂဝန္တဘာဝေါ စာတိ စတူသု ခဏေသု ပရိယတ္တိပဋိပတ္တိဂုဏေဟိ ကေဝလံ ကိတ္တိသဒ္ဒေန ကျွန်းရွာရညာစရိယာသဘေန သာမဏေရဘာဝေန ဒသဝဿာနိ ဥပသမ္ပဒဘာဝေန ဆတ္တိံသဝဿာနိ ဧတ္ထန္တရေ ပဉ္စဝဿတော ပဋ္ဌာယ လိခိတာ ဂန္ထာတိဂန္ထာဓိကာ အသီတိဂန္ထာ ဟောန္တိ။ ပေါတ္ထကာရုဠှဝသေန အင်္ဂတော သတ္တတာဓိကာနိ တီဏိ သတာနိ ဟောန္တိ။ တဿ မဟာထေရဿ သီလသမာဓိပညာပမုခဂုဏေဟိ ကိတ္တိသဒ္ဒေါ သကလမရမ္မရဋ္ဌံ အတိက္ကမိတွာ ယာဝ အင်္ဂလန္ဒရဋ္ဌာ အဗ္ဘုဂ္ဂတော။ သကလမ္ပိ ဇမ္ဗုဒီပံ ဗျာပေတွာ သူရိယောဘာသော ဝိယ စ စန္ဒောဘာသော ဝိယ စ အဟောသိ။ အယံ မဟာထေရော ဝေယျာကရဏိကော ပိဋကတ္တယပါရဂူ သီလဝါ ပညဝါ ဂုဏဝါ သမာဓိဝါ သပ္ပုရိသဝါ ဥဇုကမာနသော သန္တိန္ဒြိယော မဟာယသော မဟာပရိဝါရော ဓမ္မဂရုကော နော အာမိသဂရုကော အတိဝိယ ဘဂဝါတိ။ ဧဝဉ္စ ကတွာ ဂျော့ရာဇူဟိ သဒ္ဓိံ ရဋ္ဌိဿရမဟာရာဇူဟိ အဂ္ဂမဟာပဏ္ဍိတောတိ ရာဇလဉ္ဆေန ပူဇိတော၊ ဝေတနဉ္စ မာသေ မာသေ ဒါပိတော။ မဟာသံဃရာဇိနာပိ စတုဂဏိကပါမောက္ခကျွန်းရွာရညာစရိယာသဘောတိ စတုဂဏပါမောက္ခဋ္ဌာနန္တရေန စေဝ နဒီနိဝတ္တနရဋ္ဌသုဓမ္မာ ကျွန်းရွာရညာစရိယာသဘောတိ သုဓမ္မာဋ္ဌာနန္တရေန စ ဒွိက္ခတ္တုံ ဌပိတော။

ဣတိ ဧဝမာဒီဟိ အနေကေဟိ ဂုဏေဟိ သမန္နာဂတေန သန္တိန္ဒြိယေန လဇ္ဇီပေသလေန အတိဝိယ သိက္ခာကာမေန ပညဝန္တာနံ အတိဝိယ ပညဝန္တေန သမာဓိဝန္တာနံ အတိဝိယ သမာဓိဝန္တေန အဋ္ဌကထာ-

ဋီကာဒိဗဟုဂန္ထကာရကေန ရစိတေသု အသီတာဓိကေသု ဂန္ထေသု အယံ သဗ္ဗသီမမဟာဋီကာဂန္ထော အနုပစိတကုသလသမ္ဘာရေဟိ ဒုပ္ပညေဟိ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ ဒုက္ခောဂါဠှော အလဗ္ဘနေယျပတိဋ္ဌော စ၊ တသ္မာ အတိဝိယ ဂမ္ဘီရော အတိဝ သုခုမော ဒုဒ္ဒသော စ ပရမာဏုရိဝ။ သာသနဿ အာယုဘူတော စ၊ အာဟာရော ဝိယ မနုဿာနံ။ ပရမသုခုမော စ၊ ကတဉာဏသမ္ဘာရေဟိ ပရမသုခုမဉာဏေဟိ အာစရိယပါစရိယဟတ္ထမုဋ္ဌိနယလဒ္ဓေဟိ ပဏ္ဍိတေဟေဝ ဒေဝနီယတ္တာ။ အနဂ္ဃော စ ဟောတိ၊ အဂ္ဃေသုပိ သတ္တရတနဒသရတနေသု တဿ သိက္ခာကာမာနံ ပညဝန္တာနံ အနဂ္ဃတ္တာ။ ဒုလ္လဘော စ ဟောတိ၊ ဗုဒ္ဓုပ္ပါဒခဏဿ ဒုလ္လဘဘာဝတော တဒဓိနာနံ ဝိနယပါဠိအဋ္ဌကထာဋီကာဒီနဉ္စ အာစရိယပါစရိယဟတ္ထမုဋ္ဌိနယာနဉ္စ ဒုလ္လဘတ္တာ။ တသ္မာ အယံ ပဌမံ မုဒ္ဒါလယေ သဒ္ဓါသမ္ပန္နေဟိ ကုလပုတ္တေဟိ မုဒ္ဒါပိတော။ တဒါယတ္တတ္တာဥပေါသထပဝါရဏာဋီကာ ဂန္ထောပီတိ။

ပဗ္ဗတမဉ္ဇူနဂရေ

ကျွန်းရွာရညမဟာဝိဟာရာဓိပတိကေန

ဓမ္မဝါစကဘူတေန

ဘဒ္ဒန္တကျွန်းရွာ ဓမ္မဝံသာစရိယာသဘေန ရစိတမိဒံ။

# သိမ်ချိုးခုံ မဟာဝိဟာရကျောင်းကြီး
# ဖြစ်ပေါ်လာပုံ

ငါတို့ မြတ်စွာဘုရားသည် ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကမ္ဘာတသိန်း အလွန်ရှိသော လေးအသင်္ချေ ထက် ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ရတော်မူ၍ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ,အရိမေတ္တေယျ ဟူသော ဘုရားငါးဆူ ပွင့်ရာ ဤဘဒ္ဒကမ္ဘာထက် စတုတ္ထကပ် တရာတန်း ကပိလဝတ်ပြည်ကြီးရှင် ဘုရင်သုဒ္ဓေါဓနမင်းကြီး၏ သိရီမဟာမာယာဝမ်းတိုက်၌ သက္ကရာဇ် ၆၇-ခုနှစ် ကဆုန်လပြည့် သောကြာနေ့နံနက် ဖွားမြင်တော်မူပြီးလျှင် ၁၀၃-ခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညု ဘုရားအဖြစ်သို့ ရောက်တော်မူ၍ ဝါတော် ၄၅-ဝါ ကာလပတ်လုံး ဝိနည်း, သုတ်, အဘိဓမ္မာ ဟူ၍ ပိဋကတ်အားဖြင့် ၃-ပါး၊ နိကာယ်အားဖြင့် ၅-ပါး၊ အင်္ဂါအားဖြင့် ၉-ပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်သော ဓမ္မက္ခန္ဓာတို့ကို ဟောတော်မူ၍ သက္ကရာဇ် ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ နံနက်မိုးသောက်ယံ အရုဏ်တက်ခါနီးတွင် ပရိနိဗ္ဗာန် စံတော်မူ၍ ထားတော်မူခဲ့သော အဋ္ဌကထာနှင့် တကွသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဟူသော ပိဋကတ်တော်ကို အရှင်မဟာကဿပ အမှူးရှိသော ရဟန္တာငါးရာတို့သည် ရာဇဂြိုဟ်ပြည် ဝေဘာရတောင်ယံ စရည်းပင် ရောက်သော လိုဏ်ဝ၌ အဇာတသတ်မင်းသည် ဆောက်လုပ်အပ်သော မဏ္ဍပ်ကြီးဝယ် ၁၄၈-ခု ဝါခေါင်လပြည့်ကျော် တရက်နေ့ကစ၍ ပဌမသံဂါယနာ တင်ရာ

တပေါင်းလပြည့်နေ့ ခုနစ်လအပြည့်တွင် ပြီးဆုံးသတည်း။ ထို့နောင် ယင်းသက္ကရာဇ် ၂၄၈-ခုနှစ် ဘုရားပရိနိဗ္ဗာန် စံလွန်တော်မူသည်မှ အနှစ် (၁၀၀)မြောက် ဝေသာလီပြည် ကာလာသောကမင်းသည် ဆောက်လုပ်အပ်သော ဝါလိကာရုံကျောင်းတိုက်၌ အရှင်မဟာယသ အမှူးရှိသော ရဟန္တာတထောင်တို့သည် ဒုတိယသံဂါယနာတင်၍ ခုနစ်လမြောက်တွင် ပြီးသတည်း။ ထို့နောက် တဖန် အရှင်မဟာမောဂ္ဂလိပုတ္တ အမှူးရှိသော ရဟန္တာတထောင်တို့သည် ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် (၂၃၅)နှစ်မြောက် ပါဋလိပုတ်ပြည်ကြီးရှင် ဘုရင်သိရိဓမ္မာသောကမင်းကြီးလက်ထက် အသောကာရုံ ကျောင်းတိုက်၌ ၄င်းနှစ် တပွဲတွဲလပြည့်ကျော် တရက်နေ့ကစ၍ တတိယ သံဂါယနာတင်သည်၊ ၂၃၆-ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ကိုးလမြောက်တွင် ပြီးဆုံးသတည်း။ ထို့နောင် အနှစ် ၄၅၀-ပြည့်နှစ် တိပိဋကစူဠနာဂ စသော ငါးရာသော ရဟန္တာအရှင်မြတ်တို့သည် သဒ္ဓါတိဿမင်းကြီး၏ သား ဝဋ္ဋဂါမဏိမင်း လက်ထက်၌ သီဟိုဠ်ကျွန်း မလယ အရပ် အာလောကလိုဏ်တွင် ပေထက်အက္ခရာတင် စတုတ္ထသံဂါယနာ တင်ကြသတည်း။ ထို့နောက် ယင်းသို့ အဆက်ဆက်သံဂါယနာ တင်အပ်ပြီးသော ပါဠိအဋ္ဌကထာများကို သာသနာ သက္ကရာဇ် ၂၄၁၅-ခုနှစ် ကောဇာသက္ကရာဇ် ၁၂၃၃ - ခုနှစ်တွင် ဥဇ္ဇယျဓမ္မာဘိဝံသသိရိ-ပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု အမည်တော်ရှိသော မောင်းထောင်သာသနာပိုင် ဆရာတော်ဘုရားကြီး သုဒဿ-နဓဇအတုလဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ စံကျောင်း ဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်ဘုရားကြီးများကို အကြီးအမှူးထား၍ မန္တလေးရတနာပုံ မြို့တည်နန်းတည် မင်းတုန်းဘုရင်မင်းမြတ်သည် ကျောက်စာ ပဉ္စမသံဂါယနာတင်တော်မူခဲ့သတည်း။

ထိုနောင် ထို ပဉ္စမသံဂါယနာတင် မင်းတရားသားတော် မန္တလေး ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းတရား လက်ထက် သာသနာသက္ကရာဇ် ၂၄၂၄ -ခု၊ ကောဇာသက္ကရာဇ် ၁၂၄၂ -ခု အင်္ဂလိပ် သက္ကရာဇ် ၁၈၈၁ -ခု၊ ကလိယုဂ် သက္ကရာဇ် ၄၉၈၁ -ခု၊ တန်ခူးလဆန်း (၁၂)ရက်၊ တနင်္ဂနွေနေ့ နံနက်အရုဏ်တက်ဆဲတွင် ဂါမဏိဝံသ, ဂါမဘောဇက, အမစ္စကုလဥဘတောသုဇာတ, သံသုဒ္ဓ- ဂဟဏိက,အနုပကုဋ္ဌ, ပုဂ္ဂလဝိသေသ ရူပကာယသမ္ပတ္တိ, ဥပဓိသောဘာ, ဝဏ္ဏပေါက္ခရ, ဒဿနိယဂုဏ်, စေညပုညလက္ခဏဂုဏ်တို့နှင့် ပြည့်စုံသော သတို့သားကို ကျောက်ဆောက်မြို့နယ်အပါ ရွှေပြည်ရန်အောင် အနောက်လက် ကျွန်းရွာကလေးမည်သော ရွာတွင် မြင်းစီးတိုက်သူ ကြီး ဦးဖူး၊ တိုက်သူကြီး မြင်းစီးကတော် ဒေါ်ခဲတို့ သားရင်းစစ် ဦးရွှေဖန်၊ (၅၂)ရွာ အုပ်စိုးရသော အမိကွမ်းတော်ရာ တိုက်သူကြီး မျိုး ဦးမှော်-ညီ ဦးရွှေဘော်- ဒေါ်ခိုင်တို့ သမီးတော်ရင်းစစ် ဒေါ်မိန်းကလေး- တို့ ဝမ်းတိုက်မှ ဖွားမြင်တော်မူပြီးလျှင် ၁၂၄၉-ခု နှစ် တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့တွင် တိုက်သူကြီးကတော် ဒေါ်ခဲသည် စံကျောင်း ဆရာတော်ဘုရားကြီး တပည့်ရင်း ဖြစ်သော ဂဏာစရိယ မင်းရွာ ဆရာတော်ဘုရားကြီးထံ အပ်နှံ၍ သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အောင်ခြင်း (၈)ပါး၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ ပရိတ်ကြီး၊ အရှင်သီလဝံသဆုံးမစာ၊ တော- ဇ- သု- နေ-မ- ဝေဿန္တ ရာ ဇာတ်တော်ကြီး (၆)စောင်ကို သင်ပြီးနောက် ၁၂၅၂ -ခုနှစ် နယုန်လတွင် ရှင်သာမဏေ အဖြစ်သို့ ရောက်သတည်း။ ၎င်းနောက် သာမဏေ (၄) ဝါရ၊အသက် (၁၄)နှစ် အတွင်း သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဋီကာကျော်၊ ပုဒ်စစ်၊ မာတိကာ၊ ဓာတုကထာ စသော များစွာသော ကျမ်းကို ရသင့်သမျှ သဒ္ဒါပုဒ်စစ်-သင်္ဂြိုဟ် နိယံ ငါးစောင်၊ သဒ္ဒါငယ် လေးစောင်တို့ကို နှုတ်တက်အာဂုံရ ရွတ်ဆောင်ခဲ့ပေသတည်း။

သက္ကရာဇ် ၁၂၅၆ -ခု ဝါဆိုလတွင် စံကျောင်းဆရာတော်ဘုရားကြီး တပည့်ရင်း စံကျောင်းဆရာတော်ကလေးထံ စာသင် ရောက်ပြန်သတည်း။ ထိုအခါ ရူပသိဒ္ဓိ၊ အဋ္ဌသာလိနီ၊ ပဉ္စပကြိုဏ်း အဋ္ဌကထာတို့ကို မူလဋီကာနှင့်တကွ ကခ်ါ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ပါစိတျာဒိအဋ္ဌကထာ၊ ၎င်းဋီကာတို့နှင့်တကွ ယမိုက် ပဋ္ဌာန်းဟူသမျှကို (၁၉)နှစ်အတွင်းပင် အလုံးစုံ သင်ကြားပေါက်ရောက်ပြီးနောက် ၁၂၆၂ -ခုနှစ် ဝါဆိုလဆန်း (၁၄)ရက်နေ့တွင် ကျေးဇူးရှင် မင်းရွာဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းအဖြစ်သို့ ရောက်၍ မိုင်းခိုင်း၊ ကျီဝန်ဆရာတော်၊ ဦးရန်ကုန်၊ ဒိုင်းဝန်၊ ရွှေရေးဆောင် ဆရာတော်ကြီးတို့ထံ နေ့ဝါ ညဥ့်ဝါ များကို သင်ကြားစဉ် ရဟန်းသိက္ခာတော် (၄)ဝါရတွင် ပရိယတ္တိသာသနဟိတအသင်း စာမေးပွဲ၌ စာသင်တန်း၊ အစိုးရစာပြန်ပွဲ၌ ပထမငယ်တန်း အောင်မြင်သတည်း။ ထိုနောက် ရဟန်းသိက္ခာ (၅)ဝါရတွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မန်လည်ဆရာတော် ဘုရားကြီးထံ ရှစ်လပတ်လုံး ဝိနည်း, အဘိဓမ္မာ ညဥ့်ဝါတို့ကို သင်ကြားခဲ့ပြီးနောက် ရဟန်း (၆)ဝါရတွင် ပရိယတ္တိသာသနဟိတအသင်း၌ ပါရာဇိကဏ် အဋ္ဌကထာ သီလက္ခန် အဋ္ဌကထာ (၂)ကျမ်း၊ အစိုးရစာပြန်ပွဲ၌ ပထမလတ်တန်းကို အောင်မြင်ခဲ့သတည်း။ ရဟန်း(၇)ဝါရတွင် ပရိယတ္တိသာသနဟိတအသင်း၌ အဋ္ဌသာလိနီနှင့်တကွ အဋ္ဌကထာကြီး (၃)ကျမ်းလုံး၊ အစိုးရစာပြန်ပွဲ၌ ပထမကြီးကို အောင်မြင်သတည်း။

ယင်းသို့အောင်မြင်ပြီးသည်နောက် တင်းတိမ်အားရခြင်း မရှိသေးသဖြင့် မိမိ ကျောင်းကန် တပည့် သားမြေးများကို စွန့်လွှတ်၊ တပည့်ကြီးများအပ်နှံပြီးလျှင် ကျမ်းဂန်တတ် အကျော် (၇)ဂိုဏ်းချုပ် စလင်းဆရာတော် ဘုရားကြီးထံ ရောက်ပြန်၍ ဝိနည်း အဘိ-

ဓမ္မာ အဋ္ဌကထာ ဋီကာ ညဥ့်ဝါ ရူပသိဒ္ဓိ သဒ္ဒနီတိကျမ်းများကို သုံးနှစ် ခုနစ်လပတ်လုံး သင်ကြားခဲ့သတည်း။ ဒုတိယတဖန် ကမ္မဝါစာလည်း ထပ်ပြန်သတည်း။ ထိုနောင် မန္တလေးမိမိကျောင်းသို့ ပြန်၍ စာချဘုန်းကြီးလုပ်နေစဉ် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ စာဝါ တဝါ အမြဲထား၍ တနှစ်နှင့် ခုနစ်လပတ်လုံး သင်ကြားခဲ့သတည်း။ ထိုနောင် မန္တလေးမှာ ရောဂါအတွက် ပြည်မြို့ မဟာဇောတိကာရာမတိုက်၌ တဝါ၊ ကျောက်ဆောက်မြို့ မဟာဓမ္မိကာရာမတိုက်၌ ရှစ်ဝါ၊ ရန်ကုန်မြို့ ဗင်္ဂလားတိုက်၌ သုံးဝါ၊ တောင်သာမြို့ ကျွန်းရွာတောရတိုက်၌ ၁၀ ဝါ၊ စာသင်သား သံဃာအများ ထိန်းသိမ်း၍ သဒ္ဒါ, အဘိဓမ္မာ, ဝိနည်း,ညဥ့်ဝါတို့ကို တကယ်တန်း တတ်မြောက်လိမ္မာအောင် ကျမ်းပြုဆရာအဖြစ်သို့ ရောက်အောင် သဒ္ဒါ အဘိဓမ္မာ စသည် နည်းနာကျနစွာ ဉာဏ်ထုတ်၍ ပို့ချခဲ့သတည်း။ ထိုသို့ စာချတိုက်တာ ဦးစီးနာယကချုပ် ပြုပြီးလျှင် စာချဆရာလုပ်၍ ပရိယတ် ပဋိပတ် တရားကိုသာ အမြဲ ထာဝရ အားကိုး၍ အားထုတ်ကာ အားလပ်ခွင့်မထား ပစ္စယာမိသ သမားမလုပ် ခပ်ကုပ်ကုပ်နေစဉ် မြန်မာနိုင်ငံတဝန်း မြို့ရွာအများ ပညာရှိသူတော်ကောင်းကြီးများက ယုံကြည်လေးမြတ် ထားကြသဖြင့် မေးလျှောက်အပ်သမျှ ပြဿနာတို့ကို ဖြေဆိုခြင်းနှင့် တကွ မိမိအမြဲ ထာဝရထား၍ သာသနာတွင် အသုံးကျမည်ထင်သော ကျမ်းတို့ကို ရဟန်းသိက္ခာ ငါးဝါရကစ၍ အစဉ်အဆက် ရေးသားခဲ့ရာ ယခု ၁၂၉၇-ခုနှစ်တွင် ပါဠိဘာသာ မြန်မာနိဿယ ဝိနိစ္ဆယ ကျမ်းပေါင်း (၉၀)၊ ဆယ်ကြောင်းရေးပေ အင်္ဂါအားဖြင့် (၃၇၀)ကျော် အင်္ဂါခန့် ပြီးဆုံးခြင်းသို့ ရောက်ခဲ့သတည်း။

ဧင်းကျွန်းရွာတောရ ဆရာတော်ဘုရားကြီးမှာ စာသင်တိုက်စီးနာယက (၂၀) ကျော်နှင့် တကွ တိုက်စီးနာယက ဆရာတော်ဘုန်းကြီးပေါင်း (၂၀၀) ကျော် စာသင်သား တပည့် သံဃာပေါင်း အနန္တ၊ တပည့်ဒါယကာ - ဒါယိကာမပေါင်း အနန္တ များပြားလှ၏၊ အောက်အထက်နိုင်ငံ ရခိုင် သီဟိုဠ် ဣန္ဒိယတိုင်း တပည့် များစွာထွက်၏။ ဤသို့ ကျောင်းသား အဖြစ်ကစ၍ ကျောင်းသားကျော် သာမဏေကျော်, ပဉ္စင်းကျော်, ဘုန်းကြီးကျော် အဖြစ်သို့ ရောက်သည်ဖြစ်၍ ကျော် (၄)ပါး ရပြီးနောက် သီလဝန္တအင်္ဂါ၊ ပညာဝန္တအင်္ဂါ၊ သပ္ပုရိသအင်္ဂါ၊ သိရီအင်္ဂါ၊ ကလျာဏမိတ္တအင်္ဂါ၊ မဟာပရိဝါရအင်္ဂါ၊မဟာယသအင်္ဂါ၊မဟာကိတ္တိသဒ္ဒအင်္ဂါ၊ မဟာဝေယျာကရဏိကအင်္ဂါ၊ ပိဋကတ္တယပါရဂူအင်္ဂါ၊ နာယကဝန္တအင်္ဂါ၊ အာစရိယပါစရိယလဒ္ဓေါပဒေသအင်္ဂါ၊ ပညာဝန္တဝီရိယဝန္တအင်္ဂါ စသော အင်္ဂါများစွာတို့နှင့် ပြည့်စုံခြင်းကြောင့် ၁၂၉၂-ခုနှစ် ကဆုန်လတွင် မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံဘုရင်ခံမင်း ဆာချားလ်အင်းနစ် နှင့် တိုင်ပင်၍ ၄ - မြို့ဂိုဏ်းချုပ်ကျွန်းရွာတောရ ဆရာတော်ဟု ဂိုဏ်းချုပ် ဌာနန္တရဖြင့် ချီးမြှောက်ခြင်းကိုလည်း ခံတော်မူရ၏။ စကော့တလန်, အိုင်ယာလန် စသောကျွန်းကြီးတို့ကို အစိုးရတော်မူသော ပဥ္စမမြောက် ဂျော့ဘုရင်မင်းမြတ်က ငါ၏ နိုင်ငံတော်အတွင်း ပညာဂုဏ်ဖြင့် အထူးဝိသေသထင်ရှားသော ရဟန်းပညာရှိ လူပညာရှိ ကြီးများကို ဘွဲ့တံဆိပ်ပေးအပ်၍ လစာရိက္ခာတော် ထောက်စေဟူသော အမိန့်တော်အရ ဣန္ဒိယဘုရင်ခံချုပ်မင်း လော့ဒ်အားဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဖြင့် ၁၂၉၂-ခု နယုန်လဆန်း (၈)ရက် အင်္ဂါနေ့တွင် လှူဒါန်းခြင်းကို ခံတော်မူရ၏။ မြန်မာနိုင်ငံတော်ကို အစိုးရသော ဘုရင်ခံ ဆာချားလ်အင်းနစ်နှင့် မဟာသံဃရာဇာ သာသနာပိုင်

ဆရာတော်တို့က မြစ်ကျွေးခရိုင် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဟု သုဓမ္မာဝင် ဌာနန္တရဖြင့် ဂုဏ်းနှစ် နတ်တော်လတွင် တတိယချီးမြှင့် လှူဒါန်းတော်မူ၏။

ဤသို့ ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီဟု ဆိုအပ်သော မြစ်ကြီး ငါးစင်းနှင့် တူသော နိကာယ် (၅) ရပ် ပါဠိအဋ္ဌကထာ၊ ဥတ္တရဂံမြစ်, တရဂံမြစ်, အင်္ဂ၊ဘိမမြစ်, သလ္လာဝတီမြစ်, နေရဥ္စရာမြစ် စသော မြစ်ငယ်ငါးရာနှင့် တူသော ဋီကာ အနု မဓု လက်သန်း ဂဏ္ဌိယောဇနာ စသော ဂန္ထန္တရကျမ်း ၊အံ့ဖွယ်ရှစ်ပါးနှင့် ပြည့်စုံသော မဟာသမုဒ္ဒရာနှင့်တူသော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် တို့၌ သူမတူတန် နက်နဲလျင်မြန် အမြင်သန်သော ဉာဏ်စွမ်းသတ္တိထူး ပါရမီ သမ္ဘာရထူးဖြင့် သက်ဝင်ကူးခပ်နိုင်သော ဉာဏ်စွမ်း ကံစွမ်း ဝီရိယစွမ်းရှိသော သဒ္ဒသင်္ဂဟကျမ်း၊ ထေရီအပါဒါန် အဋ္ဌကထာ ကျမ်း၊ ဝိနည်းငါးကျမ်း အဋ္ဌကထာ မဟာနိဿယကျမ်းစသော ကျမ်းပေါင်း (၉၀) ကျော်ပြု သီလ, သမာဓိ, ပညာ စသော လောကဓမ္မဂုဏ်တို့ကြောင့် မြန်မာနိုင်ငံမက ဇမ္ဗူဒီပါ တကျွန်းလုံး ကျော်စော ထင်ရှားလှသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ၄ -မြို့ဂိုဏ်းချုပ် သုဓမ္မာဝင် ရေမြေရှင် ဘွဲ့တံဆိပ်တော် (၃)ထပ်ရ ကျွန်းရွာတောရ ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဘာသာဝင် လူရှင် ရဟန်းတို့အကျိုးငှာ ရေးသားစီရင်အပ်သော (၉၀)ကျော်သော ကျမ်းဂန်များအနက်(**သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီး**)သည် သာသနာတော်၏ မူလဘူတ အမြစ်အရင်းလည်း ဖြစ်ပေ၏။ ပါဠိ အဋ္ဌကထာဋီကာ ဂန္ထန္တရမျိုးစုံ ယူဆနည်းအမျိုးမျိုးတို့ဖြင့်လည်း ပြည့်နှက်လျက် ရှိပေ၏။ ရှေးရှေးအဆက်ဆက်သော ကျမ်းဂန်တတ်အကျော် ဆရာတော်ကြီးတို့ ယူဆနည်း အမျိုးမျိုးတို့ဖြင့်လည်း ပြည့်နှက်လျက်

ရှိပေ၏။ အရင်းမှစ၍ အဖျားတိုင် သဒ္ဒနယ, အတ္ထနယ, သမ္ဗန္ဓနယ စသော နည်းမျိုးစုံ သိမ်းရုံး ဘဏ္ဍာတိုက်ကြီးနှင့်လည်း တူပေ၏။ ရှေးရှေး ဆရာတော်ဘုရားကြီးတို့၏ နည်းနာနယကို စုံစုံလင်လင် ခြေခြေမြစ်မြစ် ရဖို့ရန်ကို မဆိုထားဘိ ကြားရဖို့ပင် ခဲယဉ်းလျက် ရှိပေ၏။ ကျမ်းပြုဆရာကြီး၏ ဉာဏ်စွမ်းကုန် ညှစ်ထုတ်ရာ မဟာ-အနဂ္ဃသာရ ဂဏ္ဌိဋ္ဌာနကြီးများလည်း အများပါလျက် ရှိပေ၏။ ဤတကျမ်းတွေ့ရလျှင် နည်းမှန်လမ်းမှန် အဖိုးတန် ရတနာကြီးကို ကြွက်သေတခု အရင်းခံပြု၍ သဌေးကြီး ဌာနန္တရကို သိမ်းပိုက်ရသော ဘုန်းရှိ ကံရှိသူနှင့် တူပေ၏။ ဤသိမ်မျိုးစုံ မဟာဋီကာကို ကြည့်ရှုရသော ပါရမီထူး ပါရှိသော ပုဂ္ဂိုလ်တို့မှာ တခုတခုသော ဝိနိစ္ဆယပင် အဖိုးအနဂ္ဃ ထိုက်တန်ကြောင်း သိမြင်ကြလိမ့်မည်ပင် ကေန်ဖြစ်၏။ သိမ်အရာပဟုသုတ အာဒိကလျာဏဂုဏ်, မဇ္ဈေကလျာဏဂုဏ်, ပရိ-ယောသာနကလျာဏဂုဏ်နှင့် သုံးပါးလုံး ပြည့်စုံလုံလောက်လျက် ရှိပေ၏။ မှားသော အယူဝါဒများကို ပယ်ရှား မှန်သော အယူဝါဒ များကိုသာ ရေးသားသဖြင့် အရှင်ဗုဒ္ဓဃောသ ရေးသားသော ကခါ်အဋ္ဌကထာနှင့် များစွာ တူလျက်ရှိပေ၏။ ထိုသို့စသော အကြောင်းများကြောင့် သိမ်မျိုးစုံမဟာဋီကာကျမ်းကို ပုံနှိပ် လုပ်ဆောင်အံ့သတည်း။

ထိုသိမ်နှင့် စပ်လျဉ်းသဖြင့် ဥပေါသထပဝါရဏာဒိဝိနိစ္ဆယကျမ်း ကိုလည်း စာတအုပ်တည်းပြု၍ ပြည်သူတို့ ကျေးဇူးများဖို့ ပုံနှိပ် လုပ်ဆောင်ပေအံ့သတည်း။ ထိုဋီကာကျမ်း နှစ်ကျမ်းသည် ဇမ္ဗူဒီပါ ကျွန်းချက်ချာ၌ ပညာရှိ သူတော်ကောင်းကြီးတို့မှာ မဟာသဒိသ-အာဒါသကြီးပမာ နမူနာ စံတင်ရာကြီးတခု ဖြစ်ပေလိမ့်သတည်း။

**ဘဒ္ဒန္တကျွန်းရွာ ဓမ္မဝံသေနံ လိခိတမိဒံ။**

# သိမ်မျိုးစုံ မဟာဋီကာ ကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(က) အဂ္ဂံ မဟာကာရုဏိကံ မဟေသိံ၊
ဝံသံ မဟာဉာဏိက ဓမ္မရာဇံ။
သဒ္ဓမ္မပဇ္ဇောတဝိဒ္ဓဿမောဟံ၊
ဓဇံ တိလောကေ တိလကံ မုနိန္ဒံ။

(ခ) သဗ္ဗညုနာ တေနပိ ပူဇိတော ယော၊
လောကေ အတုလျေန ပိနာယကေန။
ဓမ္မဥ္စ ဂမ္ဘီရ သုဒုဒ္ဒသံ တံ၊
အာဒျန္တမဇ္ဈမှိ သုသောဘာဏန္တံ။

(ဂ) မုနိန္ဒစန္ဒံသုဟိ နိမ္မလေဟိ၊
ဗောဓာပိတော မာရဇိနေန သမ္မာ။
ဝန္ဒေ သဒါပံ ကုမုဒါကရံ တံ၊
နိရင်္ဂဏံ သေဋ္ဌမရိယသံဃံ။

(ဃ) ယေ ထေရာ ဒုတ္တရောဂါ-သဗ္ဗသတ္တမဟာဏ္ဏဝေ၊
သအဋ္ဌကထာဋီကာဟိ၊သဗ္ဗထာ ပါရဒဿိနော။

(င) အာစရိယပုင်္ဂဝေပိ၊ ပါယသော လဒ္ဓလဉ္ဆနေ၊
မေ ဂရဝေါ သိက္ခာကာမေ၊ဝန္ဒေဟံ သိရသာ သဒါ။

(စ) ဝိနယော ဗုဒ္ဓစက္ကဿ၊တဿာယု သိထိလာဒိကံ၊
သီမာ တဿ မူလကာတိ၊ဝုတ္တံ အာဒိစ္စဗန္ဓုနာ။

(ဆ) မူလမူလာ သာသနဿ၊သီမာ တု အတိဂမ္ဘီရာ၊
ဝိပန္နာ သာ သာသနမ္ပိ၊ နဋ္ဌရူကွောဝ မူလတော။

(ဇ) ပါဠိမုဋ္ဌကထာဋီကာသု၊အာထ ဂန္ထန္တရေသု ဝါ။
သမုဒ္ဒေါဝ ဒုပ္ပညေယျ၊ဒုက္ခောဂါဠှော သသာဒိဟိ။

(ဈ) ရာမညရဋ္ဌဝါသီဟိ၊ မဟာထေရေဟိ ယာစိတော၊
သိက္ခာကာမပေသလေဟိ၊ကောဝိဒေဟိ တိပိဋကေ။

(ည) သာဋ္ဌကထာဋီကာယော စ၊ ဂန္ထန္တရေ သမာနိယ၊
သဗ္ဗာစရိယဝါဒေ စ၊ဟတ္ထမုဋ္ဌိနယေ သုဘော။

(ဋ) ပုဗ္ဗာစရိယာသဘောဟိ၊ရစိတာ သီမဗန္ဓနီ၊
တေဟောဝ ရစိတေ သဗ္ဗေ၊ပေါရာဏိကဝိနိစ္ဆယေ။

(ဌ) ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာဓုကံ၊
ကရိဿာမိ သမာသေန၊ သဗ္ဗသီမမဟာဋီကံ။

(ဍ) ဝိနယေ နယဂမ္ဘီရေ၊ ကာမာ သီမာယ ကောဝိဒံ၊
သာဓဝေါ တံ နိသာမေန္တု၊ သက္ကစ္စံ မမ ဘာသတောတိ။

(က) အဟံ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ (၄) မြို့ဂိုဏ်းချုပ် မြစ်ကျွေးရိုင် သုဓမ္မာဝင် ဘွဲ့တံဆိပ်တော် (၃)ထပ်ရ ကျွန်းရွာတောရ ဆရာတော် ဟူသော ဘွဲ့တံဆိပ် နာမံရှိသော ငါသည်။ (ဝန္ဒေဟူသော အာချာတ ဝါစကပုဒ်၏ ဟောအပ်သော ဝါစ္စကတ္တားပြု အလိုငှာ ထည့်သည်။) အဂ္ဂ၊ အသမ္ဘိန္န-ခတ္တိယရိုး ဇာတ်အမျိုးအားဖြင့် မြတ်တော်မူပေထသော။ မဟာကာရုဏိကံ၊

ကြီးကျယ်များပြားမြတ် ပူဇော်အပ်သော မဟာကရုဏာသဉ္ဇ ယှဉ်တော်မူထသော။ မဟေသိံ၊ ကြီးကျယ်များပြားမြတ် ပူဇော်အပ်သော သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ရှာတော်မူပြီးထသော၊ ဝံသံ၊ မဟာသမ္မတ အစခင်းကျင်း ဝေသာန်မင်းဖျား သုံးဆယ့်ငါးဆက် စဉ်မပျက်သဖြင့် စဉ်ဆက်မပြတ် ဆည်းကပ်အပ်သော အနွယ်အဆက်လည်း ရှိတော်မူသော။ မဟာဉာဏိကံ၊ ကြီးကျယ်များပြားမြတ် ပူဇော်အပ်သော ယမကာသယ သဗ္ဗညုတ္တိယာ အနာဝရဏ ဉာဏ်ငါးဝဉ္ဇ တစမကြွင်း တျင်းတျင်းကုန်စင် ယှဉ်တော်မူထသော။ ဓမ္မရာဇံ၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်အကျော် တရားတော်ကြောင့် သုံးဘော်လောက ဘုံဘဝဉ္ဇ တုပဖက်ကင်း မင်းထက်မင်းဖြစ်တော်မူထသော။ (နေတ္တိအဋ္ဌကထာကို မှီသည်။) သဒ္ဓမ္မပဇ္ဇောတဝိဓဲ့ဿမောဟံ၊ ဘုရားစစ္စာ သူတော်စွာတို့ ကျင့်ရာတောက်လောင် တရားရောင်ဖြင့် ဖြတ်နှောင်သတ်လှီး ဖျက်ဆီးအပ်ပြီးသော မောဟသည်း ရှိတော်မူထသော။ ဓဇံ၊ နတ်နှင့်တကွလူလောကဉ္ဇ တက်ကြွငါးငါး ကားကားစွင့်စွင့် အမြင့်အောင်လံမိုတန်ခေါင်ချင်း တံခွန်မှန်ကင်းသဖွယ်လည်း ဖြစ်ထသော။ တိလောကေ၊ ကာမ -ရူပ- အရူပဟု လောကသုံးပြင် ဘုံသုံးခွင်ဉ္ဇ။ တိလကံ၊ နဖူး နှာတံ ကိုယ်အင်္ဂ အလျှောက် နံ့သာပြောက်ချ လိမ်းကြဘူးသူ မှန်ကူသဖွယ်လည်း ဖြစ်ထသော။ မုနိန္ဒံ၊ အဂါနဂါ သေက္ခာသေက္ခ ပစ္စေကနှင့် ငါးဝမုနိ အစိုးရတော်မူဘိသော မြတ်စွာဘုရားကို။

သော ပနေသ အဂါရိယမုနိ အနဂါရိယမုနိ သေက္ခမုနိ အသေက္ခမုနိ ပစ္စေကဗုဒ္ဓမုနိ မုနိမုနီတိ အနေကဝိဓော။ တတ္ထ အဂါရိယမုနီတိ ဂိဟီ အာဂတဖလော ဝိညာတ-

သာသနေ။ အနုဂါရိယမုနီတိ တထာရူပေပါဝ ပဗ္ဗဇိ-
တော။ ယေက္ခမုနီတိ သတ္တာ သေက္ခာ။ အသေက္ခမုနီတိ
ခီဏာသဝေါ။ ပစ္စေကဗုဒ္ဓမုနိယိ ပစ္စေကသမ္ဗုဒ္ဓေါ။ မုနိမုနီတိ
သမ္မာသမ္ဗုဒ္ဓေါ။ (ကေနိုပါတ်ဇာတ်အဋ္ဌကထာ၊ ၁၂၅။)

ဝန္ဒေ -ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။ (နောက်လှမ်းစပ်၊မိ-ဝိဘတ်ကို
ငဲ့ရေးသည်။) ဝန္ဒိတွာ၊ ရှိခိုးပြီး၍။(သမ္ဗန္ဓအလိုငှာ ပြင်စပ်သည်။)

(ခ) ယော ဓမ္မော၊ အကြင်ကိုယ်တိုင်ဟောသို မဂ်ဖိုလ်နိဗ္ဗာန်
ဓမ္မက္ခန်ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို။ လောကေ၊
လောကသုံးဆိုင် ဘုံခရိုင်၌။ အတုလျေန၊ သီလသမာ ပညာထက်
မြက် ဂုဏ်ဆက်ဆက်ကြောင့် တုဖက်ကင်းပျောက် တယောက်
တည်းသော ပုဂ္ဂိုလ်လည်း ဖြစ်ထသော။ ဝိနာယကေန၊ လူနတ်ဗြဟ္မာ
တိရစ္ဆာန်သား သတ္တဝါများကို လိုအားပြင့်လတ် ဆုံးမတော်
မူတတ်ထသော။ ဇေန သဗ္ဗညုနာအပိ၊ ထိုသဗ္ဗညုမြတ်စွာဘုရား
သည်လည်း။ ပူဇိတော၊ ရိုသေသမှု အလေးပြုကာ မှီရာထွဋ်မြတ်
ပူဇော်အပ်၏။ ယော ဓမ္မော၊ အကြင် တရားတော်မြတ်သည်။
ဂမ္ဘီရော၊ သမုဒ္ဒရာ ပမာမစက် အသွန်လည်း နက်နဲ၏။ သုဒုဒ္ဒသော၊
မြင်းမိုရ်မြေမျှ သာသပသို့ ဉာဏ်လိုက်လှ မြင်နိုင်ခဲ၏။ အာဒျန္တ-
မဇ္ဈမှိ၊ ဗုဒ္ဓဘာဝ အစ, အလယ်, ဆုံးဝယ်ကာလ သုံးဌာန၌။သုသော-
ဘဏန္တော၊ သဒ္ဒါအနက် နှစ်ချက်နှစ်သွယ် တင့်တယ် ကောင်း
မြတ်လှ၏။ (နောက်နိယတ်ဝါကျက ဂုဏဝါစက ဝိသေသနပုဒ်တို့
ကို ဝိဘတ်ပြင်၍ လှမ်းယူလျက် အနက်ပေးသည်။ ပိဋကတ်သုံးပုံ
ဤနည်းချည်း။) လောကေ၊ လောက၌။ အတုလျေန၊ ထသော။ဝိ
နာယကေန၊ ထသော။ ဇေန သဗ္ဗညုနာအပိ၊ လည်း။ပူဇိတာ၊ထသော။
(ရှေးအနိယတ်ဝါကျက ဝိသေသနပုဒ်တို့ကို လိုက်၍ စပ်စေသည်။)

ဂမ္ဘီရံ၊ ထသော။ သုဒုဒ္ဒသံ၊ ထသော။ အာဒျန္တမဇ္ဈမှိ၊ ၌။သုသော-ဘဏန္တံ၊ ထသော။ တဥ္စမေ့၊ ထိုလောကီ လောကုတ္တရာ သဒ္ဓမ္မာ အပြား နှစ်ပါးကောင်းမြတ် ဆယ်ပါးသော တရားတော်မြတ် အပေါင်းကိုလည်း။ ဝန္ဒေ -ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။ဝန္ဒိတွာ၊ ၍။

(ဂ )မာရဇိနေန၊ဒေဝပုတ္တာ ကိလေသာနှင့် အဘိသင်္ခါ ခန္ဓာမဇ္ဈု ငါးခုပြားလတ် မာရ်သူသတ်ကို ကင်းပြတ်ခုတ်လှီး အောင်တော် မူပြီးသော မြတ်စွာဘုရားသည်။ နိမ္မလေဟိ၊ ဆီးနှင်းမြူတိမ် သူရိန် မိုးခိုး ညစ်မျိုးငါးအင် ကင်းစင်ကုန်သော။

အန္ဓကာရေတိ ကာဠပက္ခစာတုဒ္ဒသီအစုရတ္တဃနဝနသဏ္ဍ မေဃ-ပဋလေဟိ စတုရင်္ဂေ တမသိ။ (ပါရာဇိကဏ်အဋ္ဌကထာ၊ပ၊၁၄၀။)

စန္ဒမဏ္ဍလံ အဗ္ဘာမဟိကာဓူမရဇောရာဟုဝိမုတ္တံ ဝိဝဋ္ဋယေဝ ဝိရောစတိ။ (ပရိဝါအဋ္ဌကထာ၊၁၆၄။)

အဗ္ဘမဟိကာဓူမရဇရာဟုဝိမုတ္တန္တိ အဗ္ဘေန စ မဟိကာယ စ ဓူမေန စ ရဇေန စ ရာဟုနာ စ ဝိမုတ္တံ။ (ပါစိတျာဒိယောဇနာ ၅၇၁-စသည်။)

စတုရင်္ဂတမေ ဧဝံ၊ ကာဠပက္ခေ စတုဒ္ဒသီ၊

ဝနသဏ္ဍော ဃနော မေဃ-ပဋလံ စာစုရတ္တိ စ။
(အဘိဓာန်၊ သဂ္ဂကဏ္ဍ ဂါထာ-၇၁-ကို မှီသည်။)

မုနိန္ဒစန္ဒသုဟိ၊ မြတ်စွာဘုရားတည်း ဟူသော လမင်း၏ အရောင်တို့ဖြင့်။ သမ္မာ၊ ကောင်းကောင်းမှန်မှန်။ ကုမုဒါကရော၊ ကြာနှင့်တူသော သီလ သမာဓိ ပညာ၏ တည်ရာလည်းဖြစ်ထသော။ နိရင်္ဂဏော၊ တထောင့်ငါးရာ ကိလေသာမြေး အညစ်အကြေးတို့၏ ကင်းရာလည်း ဖြစ်ထသော။ သေဋ္ဌော၊ ဂုဏ်ဖြင့်ကြီးမြတ် ချီးမွမ်း အပ်သည် အမြတ်ထူးခြား ပုဂ္ဂိုလ်များတို့ထက် ဆထက်လွန်ကြူး

အထူးသဖြင့် ချီးမွမ်းအပ်ထသော။ ယော အရိယသံဃော၊ အကြင် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်မွန်က မဂ္ဂဖလဌာန် ရှစ်တန်သတ်မှတ် အရိယာသံဃာတော်မြတ်ကို။

ကေ သိက္ခန္တိတိ သေက္ခာ စ ပုထုဇ္ဇနကလျာဏကာ စ သိက္ခန္တိ။ (ပရိဝါပါဠိတော်၊၂။) ပုထုဇ္ဇနကလျာဏကေန သဒ္ဓိံ သတ္တ အရိယာ တိသော သိက္ခာ သိက္ခန္တိတိ သေက္ခာ။ (ပါရာဇိကဏ်အဋ္ဌကထာ၊ ပ-၂၀၇၊ သီလက္ခန်အဋ္ဌကထာ ၂၀၁။အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ဒု၊၂၉၈·စသည် ထောက်၍ ကလျာဏပုထုဇဉ်ပါဆိုသည်။....)

ဗောဓပိတော၊ သစ္စာကိုယ်တွေ့ ဉာဏ်တွေ့သပ်ရပ် သိတော်မူ အပ်ပြီ၊ (ပြင်၍လှမ်းယူစပ်သည်။) မာရဇိနေန၊ သည်။ နိမ္မလေဟိ၊ ကုန်သော။ မုနိန္ဒစန္ဒသုဟိ၊ တို့ဖြင့်။ ကုမုဒါကရံ၊ ထသော။ နိရင်္ဂဏံ၊ ထသော။ သဌံ၊ ထသော။ တဉ္စ အရိယသံဃံ၊ ကိုလည်း။ သဒါ၊ အတိတ်ပစ္စုပ္ပန်၊ နာဂတံသာ၊ သုံးဖြာသုံးဝ ခပ်သိမ်းသောကာလဌ။ ဝန္ဒေ -ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။ ဝန္ဒိတွာ၊၍။

(ဃ-င) ထေရာ၊ အဝါနှစ်ဆယ်ကျော်ပြီး မထေရ်ကြီးချည်း ဖြစ်ကုန်ထသော။ ပါယသော ယေဘုယျေန၊ တပါးမက များသော အားဖြင့်။ လဒ္ဓလဉ္ဆနာ၊ ရေမြေ သခင် မြန်မာရှင်ဘုရင်တို့ထံမှ ရအပ်သော ရာဇဂုရု ဘွဲ့တံဆိပ်တော်၊ အင်္ဂလိပ် ဂျော့ဘုရင်မင်းထံမှ ရအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရချည်း ဖြစ်ကုန် ထသော။ မေ-မမ၊ ငါ၏။ ဂရဝေါ၊ ကျောက်ထိးတန္တု အလေးပြုအပ် သည်ချည်း ဖြစ်ကုန်ထသော။ သိက္ခာကာမာ၊ သိက္ခာသုံးပါးကို အလိုရှိကုန်ထသော။ ယေ အာစရိယပုင်္ဂဝါ၊ အကြင် မိုင်းခိုင်းဆရာ တော်၊ မင်းရွာဆရာတော်၊ ကျီဝန်ဆရာတော်၊ စလင်းဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ မန်လည်ဆရာတော်၊ မဟာဝိသုဒ္ဓါရာမ

ဆရာတော်၊ ဆရာတော်ဦးရန်ကုန်၊ ဒိုင်းဝန်ဆရာတော် အစရှိကုန်သော ဆရာတော်တို့သည်။ (ပြင်စပ်သည်။) သအဋ္ဌကထာ-ဋီကာဟိ၊ အဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့နှင့် တကွ။ ဒုတ္တရာဂါဓ-သဗ္ဗသတ္ထမဟဏ္ဏဝေ၊ ကူးခပ်နိုင်ခဲသော အလုံးစုံသော ပိဋကတ်ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာ၌။ သဗ္ဗထာ၊ အချင်းခပ်သိမ်း။ ပါရဒဿိနော၊ ကမ်းတဘက်ရောက် လိမ္မာကျွမ်းကျင်သိမြင်တတ်မြောက်တော်မူကြကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ (ထည့်)။ထေရေ၊ကုန်ထသော။ ပါယသော၊ အားဖြင့်။ လဒ္ဓလဍ္ဍနေ၊ကုန်ထသော။ မေ-မမ၊ ငါ၏။ဂရဝေါ၊ ကျောက်ထီးတန္တု အလေးပြုအပ်သည်ချည်း ဖြစ်ကုန်ထသော။ သိက္ခာကာမေ၊ သိက္ခာသုံးပါးကိုအလိုရှိကုန်ထသော။ သအဋ္ဌကထာဋီကာဟိ၊ အဋ္ဌကထာဋီကာ ဂန္ထ-န္တရတို့နှင့် တကွ။ ဒုတ္တရာဂါဓသဗ္ဗသတ္ထမဟဏ္ဏဝေ၊ ကူးခပ်နိုင်ခဲသော အလုံးစုံသောပိဋကတ်သုံးပုံ ကျမ်းဂန်တည်းဟူသော မဟာသမုဒ္ဒရာ၌။ သဗ္ဗထာ၊ ခပ်သိမ်းသောအပြားအားဖြင့်။ ပါရဒဿိနော၊ ကမ်းတဘက်ရောက် လိမ္မာကျွမ်းကျင် သိမြင်တတ်မြောက် ကုန်ပြီးထသော။ တေ အာစရိယပုင်္ဂဝေပိ၊ ထိုဆရာတော်တို့ကိုလည်း။ သဒါ၊ အခါခပ်သိမ်း။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏ဘုရား။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ (ထည့်)

(၈) ဝိနယော၊ကိုယ်နှုတ်နှစ်ဖြာ ဆုံးမတော်မူရာ ဝိနည်းပိဋကသည်။ ဗုဒ္ဓစက္ကဿ၊ မြတ်စွာဘုရား သာသနာတော် သုံးပါး၏။ အာယု၊ အသက်သည်။ ဟောတိ၊ ဖြစ်၏။ တဿာပိ၊ ထိုဝိနည်းပိဋက၏လည်း။ အာယု၊ အသက်သည်။ သိထိလာဒိကံ၊ သိထိလ, ဓနိတ, စသော ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါး၊ ဌာန်, ကရိုဏ်း,ပယတ်,စသော သဒ္ဒါအစီအရင်သည်။ အာယု၊ အသက်သည်။ ဟောတိ၊ဖြစ်၏။တဿာပိ၊

ထိုသိထိလ, ဓနိတ, စသော ဗျဥ္ဇနဗုဒ္ဓိဆယ်ပါး ဌာန်, ကရိုဏ်း, ပယတ် စသည်၏လည်း။ အာယု၊ သည်။ သီမာမူလကာ၊ ဉာတ်ကမ္ဗ- ဝါစာ, သိမ်, ပရိသတ်သာလျှင် အရင်းခံရှိ၏။ ဣတိ ဧဝံ၊ ဤသို့။ အာဒိစ္စဗန္ဓုနာ၊နေမင်း၏အဆွေ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

(ဆ) ယသ္မာ၊ အကြင်ကြောင့်။ သာသနဿ၊ သာသနာတော် သုံးပါးလုံး၏။ မူလမူလာ၊ အရင်းတကာတို့ထက် အရင်းဖြစ်သော။ သီမာ၊ သိမ်သည်။ အတိဂမ္ဘီရာ၊ သမုဒ္ဒရာ ပမာမက နက်နဲလှ၏။ မူလော၊ အမြစ်အရင်းသည်။ နဋ္ဌေ၊ ပျက်စီးသည်ရှိသော်။ ရုက္ခော၊ သစ်ပင်သည်။ နဋ္ဌော ဣဝ၊ ပျက်စီးသကဲ့သို့။ တထာ၊ ထို့အတူ။ သာ သီမာ၊ ထိုသိမ်သည်။ ဝိပန္နာ၊ ပျက်စီးသည်။ သမာနာ၊ ဖြစ်ခဲ့ သည်ရှိသော်။ သာသနမ္ပိ၊ သာသနာတော် သုံးပါးသည်လည်း။ မူလတော၊ အမြစ်အရင်းမှ။ ပဋ္ဌာယ၊ စ၍။ (ထည့်) နဋ္ဌံ၊ ပျက်စီးသည် မည်သည်။ ဟောတိ၊ ဖြစ်၏။

(ဇ ) တသ္မာ စ၊ ထို့ကြောင့်လည်းကောင်း။ သသာဒိဟိ၊ ယုန် စသော သတ္တဝါတို့သည်။ သမုဒ္ဒေ၊ မဟာသမုဒ္ဒရာသည်၊ ဒုရဂ္ဂါ- ဂါဠှော၊ ဆင်းရဲသဖြင့် သက်ဝင်အပ်သည်။ ဟောတိ ဣဝ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပါဠိဠကထာဋီကာသု ဝါ၊ ပါဠိ အဋ္ဌကထာ ဋီကာ တို့၌လည်းကောင်း။ အထ ဝါ၊ တနည်းကား။ ဂန္ထန္တရေသု ဝါ၊ ကြွင်းသောကျမ်းဂန်အထူးတို့၌လည်းကောင်း။ ဒုပ္ပညေဟိ၊ ပညာ နည်းပါး ပုဂ္ဂိုလ်အများတို့သည်။ ဒုရဂ္ဂါဂါဠှော၊ ဆင်းရဲသဖြင့် သက်ဝင်အပ်သည်။ (သဒ္ဒတ္ထ) ဝါ၊ သက်ဝင်နိုင်ခဲသည်။ (အဇ္ဇပ္ပါ- ယတ္ထ) ဟောတိ၊ ဖြစ်၏။ တသ္မာ စ၊ ထို့ကြောင့်လည်းကောင်း။ (ကရိယာမိ၊ လှမ်းစပ်)

(ဈ) ရာမညရဋ္ဌဝါသီဟိ၊ ရာမညတိုင်း သမိုင်းထူကြောင်း သတိုင်းချောင်းနယ်၌ သီတင်းသုံး နေထိုင်တော် မူကုန်ထသော။ သိက္ခာကာမပေသလေဟိ၊ သိက္ခာသုံးပါးကို အလိုရှိကုန်, သီလကို ချစ်မြတ်နိုးကုန်ထသော။ တိပိဋကေ၊ ပိဋကသုံးပုံ၌။ ကောဝိဒေဟိ၊ လိမ္မာကျွမ်းကျင် သိမြင်တတ်မြောက်တော် မူကုန်ပြီးထသော။ မဟာထေရေဟိ၊ အဝါခြောက်ဆယ်ကျော်ပြီး မဟာထေရ်ကြီး ဖြစ်ကုန်ထသော ငါးသိုင်းချောင်း ဆရာတော်ကြီး အမှူးရှိကုန် သော ဆရာတော်ကြီးတို့သည်။ ယာစိတော၊ စာလွှာဆက်ကပ် တပည့်သားကို စေလွှတ်၍ လျှောက်ထား တောင်းပန်အပ်သည် ဖြစ်၍။ ဝါ၊ တောင်းပန်အပ်ရကား။ ဝါ၊ တောင်းပန်အပ်သော ကြောင့်။ ဝါ၊ တောင်းပန်အပ်သော။

(ည) အဟံ၊ ငါသည်။ (ကရိယာမိစပ်) သာဋ္ဌကထာဋီကာ-ယော စ၊အဋ္ဌကထာဋီကာတို့နှင့်တကွ ပိဋကတ်သုံးပုံတို့ကို။ သမာနိယ စ၊ ဆိုင်ရာဆိုင်ရာ သေချာဂန ကျနကျဉ်းနှောင် ကောင်းစွာ ဆောင် ယူ၍လည်းကောင်း။ သုဘော၊ယုတ္တိအာဂုမ် ပြည့်စုံခြယ်လှယ် လွန်တင့် တယ်ကုန်သော ။ဟတ္ထမုဋ္ဌိနယေ၊ တပါးမဆိုင် ကိုယ်ပိုင်သန္တက သင် ကြားရစဉ် ပေတွင်ခဲတံ မှတ်ကြောင်းပြန်၍ အခုန်ဖွင့်ထုတ် လက် ဆုပ်လက်ကိုင် ကိုယ်တိုင်ရအပ်သော နည်းနာနယ ဖြစ်ကုန်သော (လဒ္ဓါ၊ ကျေ........)

(ဋ-ဌ-ဍ) သဗ္ဗာစရိယဝါဒေ စ၊ ဆရာစဉ်ဆက် သိုဝှက်သိမ်း ဆည်း ကြံယူနည်းကျ အလုံးစုံသော အာစရိယဝါဒတို့ကို လည်း ကောင်း။ ပုဗ္ဗာစရိယာသဘေဟိ၊ ကျမ်းဂန်လိမ္မာ ဆရာတို့နည်း နိဿ ရည်းရ ဉာဏ်ဝဝနှင့် ပြည့်စုံကုန်သော ရှေးကအကျော် ဆရာ တော်တို့သည်။ ရစိတာ၊ နောက်နောင်သောတု ဉာဏ်ခြေနုတို့

အတုယူလတ် စီရင်အပ်ကုန်သော။ သီမဗန္ဓနီ စ၊ စ,လယ်, အဆုံး သုံးပါးလုံးခြုံ သိမ်သမုတ်ပုံတို့ကိုလည်းကောင်း။ ပုဗ္ဗာစရိယသီဟာနံ၊ တောင်ဘီလာ, တောင်တွင်း,ခေါင်ချင်းကျော်အောင်, မောင်းထောင် ဗားကရာ, ဝိသုဒ္ဓါ, ခင်မကန်, မိုးနံ, စံကျောင်း ဂုဏ်ပေါင်းတုမျှော် ရှေးဆရာတော်တို့၏။ နယေ စ၊ တောင်ဖီလာ ဖြတ်ထုံး, တောင်တွင်းဖြတ်ထုံး စသော သိမ်နှင့်စပ်သမျှ နည်းနယတို့ကိုလည်း ကောင်း။ သာဓုကံ၊ ရွှေနောက်နိုင်းညှိ စပ်မိစပ်ရာ ပိဏ္ဍတ္ထာချုပ် ကုန်သိမ်းအုပ်ကာ ကောင်းမွန်စွာသာလျှင်။ နိဿာယ စ၊ အာဂုမ် ယုတ္တိ ရှိမရှိကို သတိရှေ့တွင် သမ္ဗုဇ္ဈဉ်စု မှီရာကြီးတခုကို ပြု၍လည်း ကောင်း။ သမာသေန၊ အကျယ်မလိုက် အကျဉ်းကြိုက်သူ နည်းယူ ပါစေ သဒ္ဒါပွေ့၍ အခြေလှလှ အကျဉ်းမျှဖြင့် သာလျှင်။(ဧဝ၊ ကျေ) သဗ္ဗသီမမဟာဋီကံ၊ ဗဒ္ဓါဗဒ္ဓ သုံးဝစီပြား အလုံးစုံသော သိမ် ခြောက်ပါးတို့၏ သိရာသိကြောင်း ဖြစ်သော **သိမ်မျိုးစုံမဟာ-ဋီကာကျမ်း**ကို။ ကရိဿာမိ၊ နောင်လာ နောက်ပွား အမျိုးသားတို့ ကိုးကားမတွေ့ နည်းငွေ့မကုန် ဆရာတော်စုံမမီ ကြံစည်၍မရ လုံ့လ နည်းပါး မှတ်သားရန်ဉာဏ်မဝင် ဆရာစဉ်နည်းမရ သာဓကမစုံလင် ပါရမီရှင်တို့အကျိုးငှာ သမာဆန္ဒ လုံ့လဉာဏ်အား အကျိုးများဖို့ ရေးသားထားခဲ့ပေအံ့။ တံ သဗ္ဗသီမမဟာဋီကံ၊ ထို**သိမ်မျိုးစုံ မဟာ-ဋီကာကျမ်း**ကို။ နယဂမ္ဘီရေ၊ သဒ္ဒအတ္ထ နည်းနယအားဖြင့် အလွန် တရာနက်နဲသော။ ဝိနယေ၊ သာသနာဇီဝ ဝိနည်းပိဋကတွင်။ သီမာယ၊ သိမ်နှင့်စပ်သမျှ အရာဌာနဟူသမျှ၌။ ကောဝိဒံ၊ လိမ္မာ ကျွမ်းကျင် သိမြင်တတ်မြောက်ခြင်းကို။ ကာမာ၊ သမာဆန္ဒ ဉာဏ် နှစ်ဝဖြင့် အလိုရှိကြကုန်သော။ သာဓဝေါ၊ ကတညုသိ ပဏ္ဍိတ မှီဝဲ သိက္ခာမြဲဟူ ကောင်းဆိုးတူမျှ သူတော်ကောင်း လက္ခဏာ လေးဝနှင့် ပြည့်စုံကုန်သော သူတော်ကောင်း တို့သည်။ ဘာသတော၊

သိမ်နှင့်စပ်ရာ ကျမ်းအဖြာဖြာနှင့် နည်းနာစုံလင် ဆရာစဉ်ဖွဲ့ထုံး ရှေးသုံးနှံ့စပ် ဖွင့်ဆိုအပ်လတ္တံ့သော။ မမ၊ ဂန္ထကာရာ သိက္ခာကြီးလှ လေ ာကဓမ္မ ရာဇဂုဏ်သိရ် အရှိန်တောက်ထွန်း ဇမ္ဗူကျွန်းတခွင် နေ့ လ အသွင် ထင်ရှားပြီးဖြစ်သော ငါ ကျွန်းရွာတောရ ဆရာတော်၏။ သန္တိကာ၊ အချိန်မဖြုန်း ကာလသုံး၍ ရှေးထုံးမျှော်ကာ သေမင်းရွာသို့ လိုက်ပါသူတွင် ကိုယ်အင်တကွ လက်စမကျန် သွ ားပြန်တချို့ ကိုယ်ဖို့တဖန် လက်စကျန်၍ သွ ားပြန်တမျိုး ဤနှစ်မျိုးတွင် ကိုယ်ကျိုးသာသနာ နှစ်ဖြာကျန်စေ စိတ်စွဲနေသူထံမှ။ သက္ကစ္စံ၊ ကံ့ညာဏ်၊ လှုံ့လ သုံးဝတ္တု မတူ ထောက်ကူပါရမီ ညာဏ်မီသရွေ့ စေ့စေ့တွေးလျှင်း ရှိသေခြင်းကို ပြုကြ၍။ နိသာမေထ၊ အာရုံတပါး စိတ်ဖြတ်ထား၍ တရားထောက်ချင့် နာလင့်လိုက်ကြပါကုန်။

ဣတိ ပရိသမာပနံ၊ ဤတွင်တဝ ပဏာမက အစချီတွင် ဥယျောဇဉ်တိုင် ကျမ်းခိုင်ကျမ်းမ ထုံးစံကျကို ဆိုရ ခပင်း ပြီးဆုံးခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤဂါထာတို့တွင် ပထမဂါထာဖြင့် ဗုဒ္ဓပဏာမကို ပြသည်။ ဣန္ဒဝဇီရာ ဥပေန္ဒဝဇီရာ ရောသော (၁၁)လုံးဖွဲ့ ဥပဇာတိဂါထာတည်း။ မဟေသီကား ပြုအပ်ပြီးသော မင်္ဂကိစ္စ ရှိသောဘုရားကို ဟောရကား ဣကာရန္တသာ ။ ပုထုဇဉ်သေက္ခဟော ဤကာရန္တ - မဟေသီသဒ္ဒါများ မဟုတ်။ သံကိစ္စဇာတ် - ဗုဒ္ဓဝင် စသည်ထောက်။ ဓမ္မရာဇံမှာ ဓမ္မေန သဒေဝကဿ လောကဿ ရာဇာ ဓမ္မရာဇာ - ဟု တတိယာတပ္ပုရိသ် သမာသ်ကျင်း။

ဓမ္မာဿ မီတိ စ ဓမ္မေန သဒေဝကဿ လောကဿ သာမီတိ အတ္ထော။ န ဓမ္မဿ သာမီတိ။ (နေတ္တိအဋ္ဌကထာ-ဂ။) ကို မှီသည်။ ငိစ္ဆ

မောပယံ-၌ သနင့်တ ဆင့်၍ ရေးရမည်။ အောက်ချိုက်မှာ သသတ် သံနှင့်ရှတ်။ ဝိဒ္ဓံ သိတာ ဝိဒ္ဓဿာ ဘဿော ဘဿာ -စသော သဒ္ဒနီတိ ပါဠိနယသင်္ဂဟ ထောက်သည်။ ဗမ္မပဏ္ဏာမ ဒုတိယဂါထာမှာ (၁၁) လုံးဖွဲ့ ရုဒ္ဓဝဇီရာဂါထာတည်း။ သံဃပဏ္ဏာမပြ တတိယ ဂါထာမှာ ပထမဂါထာအတူ ဥပဇာတိဂါထာတည်း။ စတုတ္ထ ပဉ္စမ ဂါထာတို့ကား အာစရိယပဏ္ဏာမဂါထာတို့တည်း။

## အဘိယာဝက ပြဆိုခန်း

ပုသိမ်ဒါစကြိုက် ငါးသိုင်းချောင်းမြို့နယ် ငါးပိဆိပ် ဆရာတော် ဦးကုသလ မန်ကျည်းလှ ဆရာတော် ဦးကုသလ လေးမျက်နှာ ဆရာတော် ဦးပဏ္ဍိတ ငါးသိုင်းချောင်း ဆရာတော် ဦးဗုဒ္ဓပိယ အစရှိသော မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော် (၄၀၀) ကျော်တို့ ရှိသေစွာ လျှောက်ထားပါသည်။

တောင်သာမြို့ ကျွန်းရွာတောရ ကျောင်းတိုက်ကြီး၌ ပရိယတ် ပဋိပတ်တရားတော်ကို ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကြိုးစား အားထုတ်ကာ သဒ္ဒတ္ထသင်္ဂဟကျမ်း၊ ထေရီအပဒါန် မဟာအဋ္ဌ ကထာကျမ်း အစရှိသော ပါဠိဘာသာ ကျမ်းကြီး - ကျမ်းငယ် ပေါင်း (၂၀)ကျော် ဝိနည်းငါးကျမ်း အဋ္ဌကထာမဟာနိဿယကျမ်း သဒ္ဒါကြီးနိဿယသစ်ကျမ်း, ရူပသိဒ္ဓိနိဿယကျမ်း, သဒ္ဒနီတိနိဿယ ကျမ်း အစရှိသော မြန်မာဘာသာ ကျမ်းပေါင်း(၂၀)ကျော်၊ သာသနာ့ မျက်မှန်ကျမ်း, သာသနာ့တံခွန်ကျမ်း အစရှိသော ဝိနိစ္ဆယကျမ်း ပေါင်း (၄၀) ကျော်၊ တောင်သာ ဝိနိစ္ဆယဖြတ်ထုံး, ရေစကြို ဝိနိစ္ဆယဖြတ်ထုံး, မလှိုင်ဝိနိစ္ဆယဖြတ်ထုံး, စရပ်ကြီးဝိနိစ္ဆယ ဖြတ်ထုံး, တံတားဝိနိစ္ဆယ ဖြတ်ထုံး, ဝဲလောင်ဝိနိစ္ဆယဖြတ်ထုံး

အစရှိသော တရားသူကြီးတို့ ဖြတ်ထုံး ကျမ်းပေါင်း (၁၄)ကျမ်း အားဖြင့် ကျမ်းပေါင်း (၉၀)ကျော်၊ ဆယ်ကြောင်းရေး ပေ-အင်္ဂါ (၃၇၀) ကျော် စီရင်ရေးသားတော်မူသဖြင့် မြန်မာနိုင်ငံတော်ကို အစပြု၍ ဇမ္ဗူဒီပါ တကျွန်းလုံး ပရိယတ် ပဋိပတ် ဂုဏ်ထူးဝိသေသ ကြီးမားတော်မူသဖြင့် ကမ္ဘာအလုံး အလေးအမြတ် ပြုခြင်းကို ခံတော်မူရသော အင်္ဂလန်ပြည်ကြီးအရှင် ဂျော့ဘုရင်ဧကရာဇ် မင်းမြတ်သည် ကပ်လှူတော်မူအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မြန်မာနိုင်ငံတော် ဘုရင်ခံမင်းမြတ်နှင့် မဟာ- သံဃာရာဇာ သာသနာပိုင် ဆရာတော်တို့က လှူဒါန်းချီးမြှင့်တော် မူအပ်သော လေးမြို့ဂိုဏ်းချုပ် ကျွန်းရွာတောရ ဆရာတော် ဟူသော ပထမဘွဲ့တံဆိပ်တော်၊ မြစ်ကွေ့ခရိုင် သုဓမ္မာဝင် ကျွန်းရွာ တောရ ဆရာတော်ဟူသော တတိယ ဘွဲ့တံဆိပ်တော် အားဖြင့် ရေမြေကို အစိုးရသော ဘုရင်မင်းတို့ ဘွဲ့တံဆိပ်တော် သုံးထပ်ရ မဟာဝေယျာကရဏ်ိက, တိပိဋကရေ, နာနာဂန္ထကာရက, သိက္ခာ- ကာမ, ခန္တိသောရစ္စ, ယုတ္တမုတ္တဝါဒီ - မဟာထေရ်ကြီး ဖြစ်တော် မူသော ကျမ်းဂန်တတ် ကျမ်းဂန်ပြု ကမ္ဘာကျော် ကျွန်းရွာတောရ ဆရာတော်ဘုရားကြီးဘုရား။

ပုသိမ်ဒိစတြိတ် ငါးသိုင်းချောင်းမြို့နယ် ရင်းရှေရွာ၏ အနီး ပေါ်တော်မူ ကျောင်းတိုက်တွင် ဝိသုံဂါမ မြေစားခံ၍ ခဏ္ဍသိမ် သမုတ်မည်ရှိရာ ကွင်းစာရေး မောင်တင်ရှိန်သည် မဟာမတ္တ မည်သော ရာဇာတွင် ပါဝင်သဖြင့် ၎င်းမောင်တင်ရှိန်ထံ အမိန့်ခံ၍ သမုတ်မည်ရှိရာ အချို့ ဆရာတော်တို့က ရှေးအထက်ကာပင် ကျောင်းဂရမ်မြေကို အစိုးရမင်းတို့က ခွဲဝေပြီးဖြစ်၍ ဝိသုံဂါမ အသီးဖြစ်လေပြီ။ ဒုတိယတဖန် ၁၂၇၄ -ခု၊ မင်းကိစ္စကို အထက်မှ

အမိန့်ရသည့်အတိုင်း စီရင်ပိုင်းခြား ခွဲဝေပေးနိုင်သော မဟာမတ္တ အဝင်ဖြစ်သော ကွင်းစာရေး မောင်တင်ရှိန်ထံ အမိန့်ခံပြန်ပြီး ဖြစ်သဖြင့် ဝိသုံဂါမ သိမ်သမုတ်သင့်ကြောင်း၊ (သုံး) ဂိုဏ်းချုပ် ခင်မွန် ဆရာတော်ကြီးလည်း သိမ်မြေရှင် ဒါယကာ မောင်မွေး၏ မြေ၌ တိုက်သူကြီး မောင်ချစ်ဖိုးထံ ဝိသုံဂါမခံ၍ သိမ်သမုတ် ဖူးကြောင်း၊ ညောင်ကန်ဆရာတော် ဦးဗုဓ်လည်း ဝတ္ထုကံမြေ၌ ဝိသုံဂါမခံ၍ သိမ်သမုတ်ဖူးကြောင်း သာဓကဆောင်၍ ထိုသိမ် အပ်ကြောင်း ငြင်းခုံကြလေသည်။ အချို့သော ဆရာတော်တို့က လည်း ဝိသုံဂါမ မြေစားမခံပဲ ၎င်းနယ်အတွင်း သံဃာဟူသမျှ မ သိမ်းပဲ သမုတ်အပ်သော သိမ်သည် မအပ်။ ၎င်းအရပ်လေးမျက် နှာ စည်းကမ်းသတ်၍ ဤအရပ်အတွင်းရှိ မြေသည် ဝိသုံဂါမမြေ ဖြစ်စေ ဟူ၍လည်းကောင်း၊ သို့မဟုတ် အသီးသော ရွာသီး နယ်သီး ဖြစ်စေ ဟူ၍လည်းကောင်း၊ ရေမြေကို အစိုးရသော မင်းက ပေး အပ်သော မြေအရပ်သည်သာ ဝိသုံဂါမမြောက်ကြောင်း၊ ရွာနယ် အတွင်းရှိ သံဃာ ရှိသမျှ မသိမ်းပဲ သမုတ်နိုင်ကြောင်း၊ ရှေးဆရာ တော် ဘုရားကြီးတို့လည်း ဤသို့ အာကာရနှင့်တကွ မြေပိုင်အစိုးရ တို့က ပေးအပ်သော မြေ၌သာ သမုတ်ကြကြောင်း ငြင်းခုံကြလေ သည်။

ဤသို့ သူတဖုံ ငါတခြား ငြင်းခုံခြင်းများနေသော သိမ်ဝိဝါဒ အရာ၌ ဘာနန္ဒ ဆရာတော်သည် ပိဋကတ်ကျမ်းဂန်လည်း ကောန် ဒိဋ္ဌတတ်မြောက်တော်မူသည်၊ ရှေးကျမ်းတတ် ဆရာတော်ဘုရား ကြီးတို့ နည်းနာနယကိုလည်း လက်ဆုပ်လက်ကိုင် အထပ်ထပ် သူတပါးတို့ မတုပနိုင်လောက်အောင် ရတော်မူသည်၊ ရှေးဆရာ တော် ဘုရားကြီးတို့ သိမ်သမုတ်သည်ကိုလည်း ကိုယ်တိုင်

ကိုယ်ကြပ် တွေ့ဖူးလှသည်၊ မိုင်းခိုင်း, ကျီဝန်, မဟာဝိသုဒ္ဓါရာမ, မန်လည်, စလင်း, တကဲ့ပညာရှိ ပုဂ္ဂိုလ်ကျော်တို့၏ တပည့်ရင်းလည်းဖြစ်သည်၊ ပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရလည်း အောက် အထက်နိုင်ငံတွင် အစုံအလင်ဆုံး ပုဂ္ဂိုလ်ကျော်လည်း ဖြစ်သည်၊ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ၊ ယုတ္တမုတ္တဝါဒီ၊ သိက္ခာကာမ၊ ဝိနယဓရ၊ မဟာဝေယျာကရဏိက၊ ပိဋကတ္တယဂုဏ် ပြည့်စုံလှသည်ဟု တနိုင်ငံလုံး ချီးကျူးခြင်းကို ခံရသော ပုဂ္ဂိုလ်ကျော်ကြီး ဖြစ်ကြောင်း၊ တာဝတိံသာ အာသာဝတီနတ်ပန်း, ကက္ကာရုနတ်ပန်းပမာ မွေးကြိုင်လှသော ဂုဏ်သတင်းကို ကြားရသည်နှင့် သက်တော် (၇၀)ကျော် သိက္ခာ(၆၀)ကျော် ဆရာတော်ကြီးတို့နှင့် တကွ အားပါးတရ မြတ်နိုး အားကိုးလှသဖြင့် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ စုံလင်စွာ အာစရိယဝါဒ စုံလင်စွာ သိမ်သမုတ်ပုံ နည်းမျိုးစုံလင်စွာ ရေးသား၍တပည့်တော်တို့ ပုသိမ်သာသနာတော်ကို ပြုစုချီးမြှင့်တော်မူရန် အလွန်လေးမြတ် ရိုသေစွာ သက္ကစ္စဂါရဝတရားဖြင့် တောင်းပန်ပါကြောင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ လေးမြို့ဂိုဏ်းချုပ် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဟူသော ဘွဲ့တံဆိပ် သုံးထပ်ရတော်မူသော အတိပါကဋ ကျွန်းရွာတောရ ဆရာတော်ဘုရားကြီးဘုရား။

ဆရာတော် ဦးကုသလအမှူးရှိသော
ဆရာတော်ပေါင်းများစွာတို့လက်မှတ်
၁၂၉၂-ခု၊ တန်ဆောင်မုန်းလ။

# ပဋိညာဉ်ပြုဆိုခန်း

ပုသိမ်နယ် ငါးသိုင်းချောင်း ဆရာတော်ဘုရားကြီး အမျှားတို့ လျှောက်ထွှာအရ သက်သက်ကို ဖြေဆိုခဲ့သော် ဒုတိယ ပါရာဇိက ပါဠိတော်လာ ရာဇာ ဟူသော သရုပ်ပြမင်း (၇)ဦးကို ထုတ်၍ ယင်းမင်း (၇)ဦးတို့တွင်—

> ယမှိ ကေသိံ ယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံ ဝိသုံဂါမော ဟောတူ"တိ ပရိစ္စဇန္တိတ္ထာ ရာဇာ ကဿစိ ဒေတိ—

ဟူသော မဟာဝါ အဋ္ဌကထာဝါကျ၌ ရာဇာအရ ပါဠိအဋ္ဌကထာ ဋီကာ ဂန္ထန္တရစုံ အာစရိယဝါဒစုံပြ၍ မည်သည့်မင်းသာ ယူသင့်သော မင်းဖြစ်သည်၊ မည်သည့်မင်း မယူထိုက်ဟု ခိုင်ခိုင်မြဲမြဲ ဖြေဆိုလျှင်ပင် ပြီးစီးသကဲ့သို့ ထင်၏။ သို့သော်လည်း ၎င်းသိမ်အရာမည်သည် ဤနေရာ တခုသာ ခဲယဉ်းသည်မဟုတ်၊ အရာရာမှာပင် ခဲယဉ်းကြလေသည်။ သာသနာတော်၏ မူလ ဘူတ အခြေအမြစ်လည်း ဖြစ်သည်။ရှေးရှေးကပင် သူတဖုံ, ငါတခြား ဝါဒလည်း များပြားခဲ့သည်။ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရစုံ အာစရိယဝါဒစုံ သာကေခိုင်ခိုင် မြဲမြဲပြ၍ သူတပါးတို့ မလှုပ်ချောက်ချားနိုင်အောင် အကျယ်တဝင့် ရေးသားအပ်သော ဝိနိစ္ဆယလည်း မရှိသေးသလောက်ရှိသည်၊ သိမ် အရာမသေချာ၍ အမှန်အကန်မသိပဲ ရမ်းကာသမ်းကာ သမုတ်ကြ ဝတ်ကြေတမ်းကြေ လုပ်ကြလျှင် သာသနာတော် အမှန်ပျက်စီးရာ သည်။ မြန်မာဘုရင် ဘွဲ့တံဆိပ်တော်ရ အင်္ဂလိပ်ဘုရင် ဘွဲ့တံဆိပ် တော်ရ တကာယ်တန်း ကျမ်းဂန်တတ် ဆရာတော်ကြီးတို့၏ အာစရိယ-လဒ္ဓါပဒေသကို မမီလိုက်ကြသဖြင့် မရလိုက်ကြ မတွေ့လိုက်ရ

မဖူးလိုက်ရ စာမသင်ကြားလိုက်ရသော ပုဂ္ဂိုလ်ပေါင်းလည်း အများရှိခဲ့သည်။ ထိုသို့သော အကြောင်းများကြောင့် ပေသလ-ဘိက္ခု ဖာသုဝိဟာရတ္ထ၊ သင္ဂမ္မဋ္ဌိတတ္ထ၊ ဝိနယာနုဂ္ဂဟတ္ထ စသော အကျိုးငှာ အမြစ်အခြေများစွာနှင့် တကွ သိမ်နှင့် ပြုပုံ သမုတ်ပုံ စသည်တို့ ပါသော **သိမ်ပျိုးစုံ မဟာဋီကာကျမ်း** ကို **ရေးသား** ဖော်ပြလိုက်ပေအံ့သတည်း။

## သိမ်အပြားကို ပြဆိုခန်း

ဗဒ္ဓါဗဒ္ဓဝသေနေဝ၊ သီမာ နာမ ဒွိဓာ မတာ -- ဟူသော (**ဝိနယ** ဝိနိစ္ဆယ အဋ္ဌကထာ၊ ၂၄၆။) သီမာ နာမေသာ ဗဒ္ဓ-သီမာ အဗဒ္ဓသီမာတိ ဒုဝိဓာ ဟောတိ - ဟူသော (ဝိနယ-သင်္ဂဟအဋ္ဌကထာ၊ ၁၇၈။ ကင်္ခါအဋ္ဌကထာ၊ ၇၇။) ကမ္မဝါစာယ ဗန္ဓတိ ဧတ္တာတိ သီမာ၊ (တောင်ဖီလာဆရာတော်ရေး သိမဝိနိစ္ဆယ ကျမ်း(ရှ)ချပ်) –

တို့နှင့်အညီ ဂင်္ဂါသဲလုံးမက ပွင့်တော်မူကြကုန်ပြီးသော အတိတ် ဘုရားသခင်တို့ သာသနာတော်ကြီး၌လည်းကောင်း၊ ပစ္စုပ္ပန် ပွင့်တော်မူသော ငါတို့ ဘုရားသခင် သာသနာတော်ကြီး၌လည်း ကောင်း၊ နောင် အနာဂတ်ပွင့်တော်မူလတ္တံ့ဖြစ်ကုန်သော ဘုရား သခင်တို့ သာသနာတော်ကြီး၌ လည်းကောင်း ဤသို့သော အတိတ် အနာဂတ် ပစ္စုပ္ပန် သာသနာတော်ကြီး သုံးရပ်လုံး၌ သိမ်မည်သည် ဗဒ္ဓသိမ်, အဗဒ္ဓသိမ် ၂-မျိုးသာရှိကြောင်း ဇာတိကုလပုတ္တ, အာစာရကုလပုတ္တတို့ သိကြရာသည်။

ထိုနှစ်မျိုးတို့တွင်–

အဗဒ္ဓါပိ တိဓာ မတာ၊ ဂါမတော ဥဒကုက္ခေပါ၊ သတ္တဗ္ဘန္တရ-တောပိ စ- စသော (**ဝိနယဝိနိစ္ဆယအဋ္ဌကထာ၊ ၂၄၆။**) အဗဒ္ဓ-သီမာ ပန ဂါမသီမာ သတ္တဗ္ဘန္တရသီမာ ဥဒကုက္ခေပသီမာတိ တိဝိဓာ - ဟူသော (ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၁၉၄။ ကင်္ခါ အဋ္ဌကထာ ၉၀။)–

တို့နှင့်အညီ ဥတ္တိဒုတိယ ကမ္မဝါစာဖြင့် မသမုတ်အပ်၊ အပိုင်းအခြား မထားအပ်သေးသော အဗဒ္ဓသိမ်သည် ဂါမသိမ်, သတ္တဗ္ဘန္တရသိမ်, ဥဒကုက္ခေပသိမ်အားဖြင့် သုံးမျိုးသာရှိကြောင်း သိကြရာသည်။ ထိုသုံးပါးတို့တွင် ဂါမသိမ်သည် ပကတိဂါမသိမ်, ဝိသုံဂါမသိမ်ဟု နှစ်မျိုးရှိ၏။

## ပကတိဂါမသိမ်ကို ပြဆိုခန်း

ဂါမသိမ်အရကို -

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ။ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ၊ အယံ တတ္ထ သမာန-သံဝါသာ ဧကုပေါသထာ။ (ဝိနည်းမဟာဝါ ပါဠိတော်၊ ၁၅၀။)

အဋ္ဌပိတာယာတိ အပရိစ္ဆိန္နာယ။ (ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ၃၃၃။)

တတ္ထ ဂါမပရိစ္ဆေဒေါ၊ ဂါမသီမာတိ ဝုစ္စတိ-ဟူသော (ဝိနယ-ဝိနိစ္ဆယအဋ္ဌကထာ၊ ၂၄၆။)

ယာဝတာ ဧကံ ဂါမခေတ္တံ၊ အယံ ဂါမသီမာ နာမ၊
ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ နိဂမမ္ပိ ဂဟိတမေဝ ဟောတိ။
(ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၁၉၄။ ကင်္ခါအဋ္ဌကထာ၊၉၀။)

ဂါမဂ္ဂဟဏေန စေတ္ထ နဂရမ္ပိ ဂဟိတမေဝ ဟောတိ။
(ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ၃၃၃။)

ငှင်းသာဓကပါဠိတို့တွင် ရဟန်းတို့ ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သံဃာသည် မသမုတ်သေးမီ၊ ဗဒ္ဓသိမ်ကဲ့သို့ မပိုင်းခြားအပ်သေးမီ အကြင်ဂါမခေတ်တခုဟု ဆိုအပ်သော ရွာကိုလည်းကောင်း၊ အကြင် တခုသော နိဂမခေတ်ဟု ဆိုအပ်သော နိဂုံးကိုလည်းကောင်း ရဟန်းသည် လျှောင်း, ထိုင်, ရပ်, သွား လေးပါးသော ဣရိယာ ပုထ်ဖြင့် အမှီတကဲ သဟဲပြု၍နေ၏။ တခုသော ဂါမခေတ်**ဟု** ဆိုအပ် သော ထိုရွာ၏ လည်းကောင်း၊ တခုသော နိဂမခေတ်ဟု ဆိုအပ်သော ထိုနိဂုံး၏လည်းကောင်း၊ ရွာနိဂုံးတပါးတို့နှင့် မရောမယှက် တခုသော ဂါမခေတ်ဟု ဆိုအပ်သော အကြင် ရွာနယ်နိမိတ်အပိုင်း အခြားသည်လည်းကောင်း၊ တခုသော နိဂမခေတ်ဟု ဆိုအပ်သော အကြင်နိဂုံး နယ်နိမိတ် အပိုင်းအခြားသည်လည်းကောင်း ရှိ၏။ ထို ရွာအပိုင်းအခြား နိဂုံးအပိုင်းအခြားသည် ထိုဂါမခေတ်တခု လုံးဟု ဆိုအပ်သော ဂါမ၊ နိဂမခေတ် တခုလုံးဟု ဆိုအပ်သော နိဂမတို့၌ တူသော ကံကြီးကံငယ်ဟူသော ပေါင်းဖော်ရာ ရှိသော တူသော ဥပုသ်ပြုရာရှိသော သိမ်မည်သည် ဖြစ်၏။ (ဤကား ပါဠိတော်အနက်)

ထိုပါဠိရပ်၌ အသမ္မတာယဖြင့် သံဃာသည် ဉတ္တိဒုတိယ- ကမ္မဝါစာဖြင့် မဖွဲ့အပ်သော အဗဒ္ဓသိမ်၏ အဖြစ်ကို ပြသည်။ အဋ္ဌပိတာယဖြင့် ဗဒ္ဓသိမ်သည် ယုတ်သော အပိုင်းအခြားအားဖြင့်

နှစ်ကျိပ်တယောက် စည်းဝေးလောက်မှ သိမ်မြောက်သည်။ လွန်သော အပိုင်းအခြားအားဖြင့် သုံးယူဇနာတိတိ သုံးယူဇနာ အောက်သာ မြောက်သည်၊ လွန်လျှင် မမြောက်။ ဂါမသိမ် စသည်တို့ကား ရေမြေကို အစိုးရသော မင်း၏ အလိုအားဖြင့် ဖြစ်ရကား နှစ်ကျိပ်တယောက် မစည်းဝေးလောက်သည်ဖြစ်စေ၊ သုံးယူဇနာထက် လွန်သည်ဖြစ်စေ၊ ဂါမသိမ်စသည် ဖြစ်ကြောင်း ပြတော်မူသည်။

ဂါမ-သဒ္ဒါဖြင့် တံတိုင်း, စျေးနှစ်ပါးစုံရှိသော မြို့ကိုလည်းယူ။ (ပါရာဇိက၊ ဋ္ဌ၊ဒု၊၂၀၉။)

အပါကာရပရိက္ခပေါ သအာပဏော နိဂမောတိ ဝေဒိတဗ္ဗော။ (ပါရာဇိက၊ဋ္ဌ၊ဒု၊၂၀၉။)

ဂါမ-သဒ္ဒါဖြင့် စျေးသာရှိ၍ တံတိုင်းမရှိ၊ တံတိုင်းသာရှိ၍ စျေး မရှိသော နိဂုံးကိုလည်းကောင်း၊ တံတိုင်း စျေးနှစ်ပါးစုံရှိသော မြို့ကို လည်းကောင်း ယူ။ (ကင်္ခါအဋ္ဌကထာ ၁၄၃။ ဝိနယ သင်္ဂဟ- အဋ္ဌကထာ၊ ၁၇၅။)

ပိဏ္ဍတ္ထကား - ရွာသီးနယ်သီး ပြုလုပ်နိုင်သော အာဏာ ဌာနန္တရကို ရသော မှူးမတ်တို့နှင့် တကွ ရေမြေကို အစိုးရ သော ဘုရင်မင်းတို့ ပိုင်းခြားအပ်သော ထိုထိုတိုင်းပြည်အတွင်း၌ သူကြီးတယောက်၊ သူကြီးတယောက် အုပ်စိုးရာဖြစ်သော အသီးအသီးသော ဂါမခေတ်, နိဂမခေတ်, နဂရခေတ် တခုစီ တခုစီသည် တခုတခုသော ဂါမခေတ် ရွာနယ်၊ နိဂမခေတ် နိဂုံး နယ်၊ နဂရခေတ် မြို့နယ်၌ သံဃကံ ပြုလိုသော် ထိုဂါမခေတ်, နိဂမခေတ်, နဂရခေတ်အတွင်း၌ ရှိသော သံဃာကိုသာ သိမ်း၍

မည်သည့်နေရာမဆို ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ ဟုဆိုအပ်သော ကံကြီး၊ အပလောကနကံ, ဥတ္တိကံဟု ဆိုအပ်သော ကံငယ်တို့ကို ပြုအပ်၏။ (ဤကား ပါဠိ အဋ္ဌကထာ ဋီကာစုံလာ ပိဋကတ္ထအဓိပ္ပာယ်။)

## ပကတိဂါမသိမ် အဓိပ္ပာယ်ပြဆိုခန်း

တတ္ထ ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ သော ပဒေသော အပ္ပော ဝါ ဟောတု မဟန္တော-ဝါ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမသီမာသုပိ ဧသေဝ-နယော။ (မဟာဝါအဋ္ဌကထာ၊ ၃၃၃။) (ဝိနယသင်္ဂဟ-အဋ္ဌကထာ၊ ၁၉၄။)

တတ္ထ တေသု ဂါမနိဂမနဂရေသု ယတ္တကေ ပဒေသေ မယာ ဝုတ္တမာနနယေန ရာဇူဟိ အယံ ပဒေသော ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ ပညတ္တော ဌပိတော ဂါမောတိ လဒ္ဓဝေါ-ဟာရော ကေသ္မိံ ဂါမခေတ္တေ တဿ ဂါမဿ ဂါမဘော-ဇကာ တံ့ ဣမံ ဂါမံ ဘုဉ္ဇာဟီတိ ဒိန္နဿ ဂါမဿ ဗလိံ သုင်္ကံ လဘန္တိ၊ သော ပဒေသော ယထာ ဗဒ္ဓသီမာ ဟေဋ္ဌိမပရိစ္ဆေဒေန ကေဝီသတိယာ ဘိက္ခူနံ နိသီဒနပ္ပဟောနကေ ပဒေသေ သမ္မတာ-ယေဝ သီမာသင်္ချံ ဂစ္ဆတိ၊ န ပန တတော ဦနကေ ပဒေသေ။ ဥက္ကဋ္ဌပရိစ္ဆေဒေန တိယောဇနပရမေယေဝ ပဒေသေ၊ န တတော ဥတ္တရိ ပဒေသေ။ န ဧဝံ ဂါမသီမာ အပ္ပော ဝါ ဟောတု၊ မဟန္တော ဝါ၊ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတီတိ အတ္ထယောဇ-နာ ကာတဗ္ဗာ။

ဤအဋ္ဌကထာ စကားရပ်ဖြင့် နယ်သီး ရွာသီးခြင်းသာ ပမာဏ မဟုတ်၊ အခွန်အတုတ် သီးခြင်းလည်း ပမာဏ အင်္ဂါ လက္ခဏာတွင် ပါဝင်သကဲ့သို့ ပြသည်ဟု ယူရန်ရှိ၏။ သို့သော်လည်း ရွာသီး နယ်သီးအခြားဖြစ်က ရွာစားတို့ရအပ်သော အခွန် အတုတ်လည်း သီးခြားတော့သည်သာဟု နှလုံးသွင်းတော်မူ၍ အခွန်သီးခြင်းဖြင့် ရွာသီးကိုမှတ်၍ ပြတော်မူသောကြောင့် တတ္ထ ယတ္တကေ အစရှိသော ဝါကျကို အဋ္ဌကထာဆရာ မိန့်တော်မူသတည်း။ အခွန်အတုတ် သီးခြားမှ နယ်သီးခြားသည်ဟူသော အနက်ကိုကား မပြဟု ငါတို့ကျေးဇူးရှင် ပဏ္ဍိတဓဇသိရီ ပဝရ- မဟာဓမ္မရာဇာဓိရာဇဂုရု - မြန်မာဘုရင် ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော် အမိန့်ရှိသတည်း။ ထိုစကား မှန်၏။

ဗလိံ လဘန္တီတိ ဣဒံ ယေဘုယျဝသေန ဝုတ္တံ၊ "အယံ ဂါမော ဧတ္တကော ကရီသဘာဂေါ"တိ အာဒိနာ ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု ယသ္မိံ ယသ္မိံ တဋ္ဌာကမာတိ- ကာသုသာနပဗ္ဗတာဒိကေ ပဒေသေ ဗလိံ န ဂဏှန္တိ၊ သောပိ ဂါမသီမာဝ။ ရာဇာဒီဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သဗ္ဗောဝ ဌပေတွာ နဒီလောဏိဇာတဿရေ ဂါမသီမာတိ ဝေဒိတဗ္ဗော။ တေနာဟ "ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ"တိ—

အစရှိသော စကားကို (ဝိမတိဝိနောဒနီ၊ ဒု၊၁၅၇။ ဝိနယာလင်္ကာရ- ဋီကာ၊ပ၊၃၂၆။) တို့၌ ဖွင့်ဆိုတော်မူသတည်း။

(ဝိနယ ဝိနိစ္ဆယဋီကာ ၊ဒု၊၁၇၉။)—၌-လည်း—

ဂါမပရိစ္ဆေဒေါတိ သဗ္ဗဒိသာသု သီမံ ပရိစ္ဆိန္ဒိတွာ "ဣမဿ ပဒေသဿ ဧတ္တကော ကရော"တိ ဧဝံ ကရေန နိယမိတော

ဂါမပ္ပဒေသော။ ယထာဟ "ယတ္တကေ ပဒေသေ တဿ ဂါမဿ ဘောဇကာ ဗလိံ ဟရန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ။ 'ဂါမသီမာ'တွေဝ သင်္ချံ ဂစ္ဆတိ"–

ဟု ဖွင့်ဆိုတော်မူသည်။

ဤ ဋီကာ စကားရပ်တို့တွင် အဋ္ဌကထာ ဝိနိစ္ဆယဋီကာတို့၌ အခွန်အတုတ် ရရာအရပ်ဆိုသည်မှာ ယေဘုယျနည်းကို ရည်၍ ဆိုသည်။ ဤမျှလောက်သော ပယ်အဖို့သည် ဤရွာဖြစ်စေ -စသည်ဖြင့် မင်း၏ ကမ္ပည်းစာတင်ခဲ့သော မြေအဖို့ ဟူသမျှသည် တဘက်ဆည်ကန်,ရေမြောင်း, သင်းချိုင်း,တောင် စသည်ဖြစ်၍ အခွန်အတုတ် မရစေကာမူ ဂါမသိမ်သာ မည်သတည်း။

## ပယ်အရ ပါဠိ အဋ္ဌကထာ ဋီကာစုံ ယှူပုံပြခန်း

တွေကော ကရောတိ- စသော စကားကို ကရီသသဒ္ဒါ ပယ်ဟော ဖြစ်သည်ကို သိရာ၏။ ဝိနိစ္ဆယဋီကာ၌ ကရီသ သဒ္ဒါကား ယခုကာလ ရှေးကပယ်ဖြင့် ပိုင်းခြားပေးပုံ၌ ပယ်အရ ပိုင်းခြားသိသူ နည်း ပါးလှ၍ ပယ်အရကို ရေးဦးအံ့။

ဓနုပဉ္စသတံ ကောသော၊ ကရီသံ စတုရမ္ဗဏံ၊
အဗ္ဘန္တရံ တု ဟတ္ထာန-မဋ္ဌဝီသ ပမာဏတော။

(အဘိဓာန် ဘူမိဝဂ်အဆုံး ဂါထာ၊၁၉၇။)

ကုလ လေးတာ အပြန် (၅၀၀) ငါးရာကို တကောသ ခေါ်သည်၊ လေး အမ္ဗဏ မျိုးကြဲလောက်သော အရပ်ကို (၁)ပယ် ခေါ်သည်၊ (၂၈) တောင်ပမာဏကို (၁)အဗ္ဘန္တရခေါ်သည်။(ဤကားအနက်)

## ကရီသဂုဋ္ဌတ္ထ ဋီကာပိုင်း

ကောဒသဒေါဏာ တု အမ္ဗဏံ။ ( အဘိဓာန်စတုဗ္ဗဏ္ဏဝဂ်၊ ဂါထာနံပါတ် -၄၈၄။) တဆယ့်တစိတ်ကား တစ်အမ္ဗဏမည်၏ ဆိုသည်။ ကုဍုဝေါ ပဿတော ကောဟ ပတ္ထော တေ စတုရော သိယုံ -စသော (အဘိဓာန် စတုဗ္ဗဏ္ဏဝဂ် ဂါထာနံပါတ်၊ ၄၈၂။) စသည်နှင့်အညီ -

တလက်ဖက် တလက်ဆွမ်းသည် ၁-ကုဍုံ။

၄–ကုဍုံ = ၁-စလယ်။

၄–စလယ် = ၁-ပြည်။

၄–ပြည် = ၁-စိတ်။

၄–စိတ် = ၁-တင်း။

၄–တင်း = ၁-တို့=ခါရီ။

၂၀–ခါရီ = ၁၂-ဝါဟ။

၁၀–အမ္ဗဏ = ၁-ကုမ္ဘ။

၁၁–စိတ် = ၁-ဒႉမ္ဗဏဆိုသည်။

ဒိဝသပရိဗ္ဗယော ပဥ္စ ကဟာပဏမ္ဗဏာနိ နိဂစ္ဆန္တိ -(သုတ်မဟာဝါ-အဋ္ဌကထာစသည်၊ ၁၇၈။) ကဟာပဏာနဥ္စ ပဥ္စ အမ္ဗဏာနိ ဒိဝသ-ဝဋ္ဋဥ္စော နိက္ခမတိ။ပ ။ဒသ အမ္ဗဏာနိ ဒိဝသဝဋ္ဋဥ္စော နိက္ခမတိ။ပ။ ဝီသတိ အမ္ဗဏာနိ ဒိဝသဝဋ္ဋဥ္စော နိက္ခမတိ။

(ဓမ္မပဒယဝိဘင်း အဋ္ဌကထာ၊၅၀၂။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ဒု၊ ၁၇၀။)

ဒွိကုမ္ဘံ သကဋ္ဌံ။ ကုမ္ဘော ပန ဒသမ္ဗဏောတိ ဝဒန္တိ။
(သုတ်မဟာဝဂ္ဂဋီကာ၊ ၁၇၁။) ကုမ္ဘံ ဒသမ္ဗဏာနိ။ သဟဿ-
နာဠိယောတိ ကေစိ။ (သုတ်မဟာဝဂ္ဂဋီကာ ၊၂၁၇။) စတုဒ္ဒေါဏံ
အမ္ဗဏံ၊ ဆဒ္ဒေါဏန္တိ ဧကေ (ဓမ္မဟဒယဝိဘင်းမူလဋီကာ၊ ၂၃၂။)

ဤအဋ္ဌကထာတို့၌ ဧကသကဋ္ဌနှင့် ဝီသတိ အမ္ဗဏ။ ဧကကုမ္ဘ နှင့် ဒသမ္ဗဏတူကြောင်းသိရ၏။ ဒသင်္ဂုတ္တရအဋ္ဌကထာ၊ ဗြဟ္မသံယုတ် အဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာတို့၌ တိလဝါဟောတိ တိလသ-ကဋ္ဌံ ဖွင့်သောကြောင့် သကဋ္ဌနှင့် ဝါဟ တူကြောင်းသိရ၏။ သေယျ-ထာပိ ဘိက္ခု ဝီသတိခါရိကော ကောသလကော တိလဝါဟော-ဟု ဒသင်္ဂုတ္တရ,သဂါထာဝဂ္ဂသံယုတ်, သုတ္တနိပါတ်စသည်၌ ဟောတော်မူ သဖြင့် ဧကဝါဟ ဧကသကဋ္ဌမှာ ခါရီ(၂၀)အမ္ဗဏ(၂၀)ရှိကြောင်း သိ ရ၏။ သုတ်မဟာဝဂ္ဂဋီကာ၌ ဒွိကုမ္ဘနှင့် ဧကဝါဟ တူကြောင်းသိရ၏။ ဧကကုမ္ဘ၊ ဒသခါရီ တူကြောင်းလည်း သိရ၏။ တစ်ကုမ္ဘ၌ ဆယ် အမ္ဗဏရှိသောကြောင့် အမ္ဗဏတခုနှင့် ခါရီတခု။ ဒေါဏ ၁၆-တူမျှ ကြောင်း သိရ၏။ ထို့ကြောင့် ၎င်းအရှင်ဓမ္မပါလဆရာတော် စကားသည် ပါဠိအဋ္ဌကထာတို့နှင့် ညီညွတ်သည်သာတည်း။

ဤစကားများကို ထောက်၍ တိကင်္ဂုတ္တရဋီကာ(၃၊၁၁၇။)၌-
ဒသာဠကံ နာဠိသဟဿံ ကုမ္ဘန္တိ ကေစိ ပဉ္စ အမ္ဗဏန္တိ အပရေ-
ဟု ဆိုသောစကားအရ ယင်း ကေစိဆရာ အပရေဆရာတို့စကားသည် ပါဠိအဋ္ဌကထာတို့နှင့် မညီသောကြောင့် မသင့်ကြောင် းသိရ၏။

၎င်းအဘိဓာန် စသည်တို့၌ ပတ္ထ သဒ္ဒါ -စလယ်ဟော၊ အာဠှက-ပြည်ဟော၊ ဒေါဏ -စိတ်ဟော ၊မာနိကာ -တင်းဟော၊ခါရီ-တို့ဟော၊ ဝါဟ -လှည်းဟော၊ နာဠိ -စလယ်ဟော ဖြစ်ကြောင်း သိရ၏။ဒုတိ-ယမဟာသာလအရာမှာ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ စသည်၌

နေ့စဉ်သုံးစွဲအပ်သော ကျပ်ဒင်္ဂါးမှာ ကော် ကဟာပဏသကဋ္ဌံ - ဟု လာ၏။ ဓမ္မဟာဒယဝိဘင်းအဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌ ဝီသတိ အမ္ဗဏာနိဟု လာ၏။ အမ္ဗဏ(၂၀)နှင့် တလှည်းတူရမည်။ ဒွိကုမ္ဘံ သကဋ္ဌံ၊ ကုမ္ဘော ပန ဒသမ္ဗဏောတိ ဝဒန္တိ- ဟူသော သုတ် မဟာဝဂ္ဂဋီကာ စကားနှင့်လည်းကောင်း၊

ဝါဟော ပန ဝီသတိခါရိ၊ ခါရိသောဠသ ဒေါဏမတ္တာ။ ဒေါဏံ သောဠသ နာဠိယော၊ကုမ္ဘံဒသမ္ဗဏာနိ-(သုတ်မဟာဝဂ္ဂဋီကာ ၂၁၈။)- နှင့် လည်းကောင်း တသားတည်းကျ၏၊ ထို့ကြောင့် ခါရိနှင့် အမ္ဗဏ တူကြောင်း အမှန်ဆုံး သိရ၏။ ဗြာဟ္မဏမဟာသာလတို့မှာ (သုတ်မဟာဝ၊အဋ္ဌကထာ၊၁၇၈။)- စသည်၌ ကော ကဟာပဏ- ကုမ္ဘော နိဂစ္ဆတိ- ဟု လာ၏။ ဓမ္မဟာဒယဝိဘင်းအဋ္ဌကထာ စသည် တို့မှာ ဒသမ္ဗဏာနိ-ဟု လာ၏။ ထိုဒသမ္ဗဏ, ကေကုမ္ဘတူမျှကြောင်း သိရ၏၊ ဂဟပတိ မဟာသာလ၌ ရှေ့အဋ္ဌကထာမှာ ပဉ္စ ကဟာပဏမ္ဗ- ဏာနိ -ဟု လာ၏။ နောက်အဋ္ဌကထာတို့၌ ပဉ္စ အမ္ဗဏာနိ -ပင် လာ၏။ ထိုပါဠိအဋ္ဌကထာ ဋီကာအလုံးစုံပိဋကတ္တယူသော် (၁၆)စိတ် သောဠသ ဒေါဏသည် တခါရိမည်၏။ တစ်အမ္ဗဏ မည်၏။ လေးတင်းကို အမ္ဗဏခေါ်ကြောင်း အမှန်ဆုံးသိရာ၏။ (၁၆) တင်း မျိုးကြဲလောက်သော အရပ်ကို(၁) ပယ်။ (၁)ကရီသခေါ်ကြောင်း အမှန်ဆုံး သိနိုင်ကြရာသတည်း။ အဘိဓာန်မှာ အဋ္ဌကထာ ဋီကာ တို့နှင့် မညီ။

ကရီသဂုဠ္ဌတ္ထဋီကာ သမတ္တာ။

## ဂါမခေတ် ဂါမသိမ်ဖြစ်ကြောင်း ပြဆိုခန်း

ၐင်းဝိနိစ္ဆယဋီကာ စကားရပ်ဖြင့် ပါဠိအဋ္ဌကထာလာ နယ် သီးခြားပုံနှင့် အဋ္ဌကထာလာ အခွန် သီးခြားပုံကို စပ်၍ ပြသတည်း။

ယင်းသို့ပြသော်လည်း နယ်သီးခြား ပြုလုပ်မှသာ ဂါမသိမ်ဖြစ်သော ကြောင့် ပကတိဂါမသိမ်အတွင်း ဝိသုံဂါမရှိပုံကို ပြရာ အဋ္ဌကထာ ကြီး၌ အခွန်သီးကို နိတတ္ထပဓာနအားဖြင့် မပြမူ၍ နယ်သီး နယ် ခြားကိုသာ ပဓာနပြု၍ အဋ္ဌကထာဆရာတော် ပြတော်မူသတည်း။ ထိုကြောင့် အခွန်မသီးသော်လည်း နယ်သီးက တခုသော ဂါမသိမ် ဖြစ်ကြောင်းကို သိအပ်၏။ အခွန်သီးမှ နယ်သီးဖြစ်သည်။ တခုသော ဂါမသိမ်ဖြစ်သည်ဟု ပါဠိတော် အဋ္ဌကထာဋီကာတို့မှ အပြင်သို့ ထွက် သွားသော မဟာအမှားတော်ကြီးကို မယူမှားမိကြစေလင့်။ထိုစကား မှန်၏။ ယတ္တကေ ပဒေသေ ဟူသော သံဝဏ္ဏေတဗ္ဗ အဋ္ဌကထာ စကားရပ်ကို—

အယံ ဂါမော ဧတ္တကော ကရီသဘာဂေါ ဟောတုတိအာဒိနာ

ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု—

ဟု ဖွင့်တော်မူသတည်း။ ဗလိံ လဘန္တိ- ဟူသော ကံ,ကြိယာနှစ်ပါး ထားပုံကို ထောက်လျှင် အခွန်တောင်းခံသဖြင့် အခွန်ရရာ မြေအရပ် သာ ယတ္တကေ ပဒေသေ -အရ ယူသင့်ငြားသော်လည်း အခွန်တောင်း ခံသဖြင့် အခွန်ရရာမြေ၊ အခွန် မတောင်းခံသဖြင့် အခွန်မရရာ တဘက်ဆည်ကန်မြေ, သုသာန်မြေ စသော မြေနှစ်ပါးလုံးပင် ယတ္တကေ ပဒေသေ-အရ တခုသော ဂါမခေတ်၊ ဂါမသိမ် ဖြစ် ကြောင်းကို ပြတော်မူသတည်း။

ယင်းမြေနှစ်ရပ်တို့တွင် ယေဘုယျနည်းအားဖြင့် မျက်မှောက် ဒိဋ္ဌပစ္စက္ခအားဖြင့် အားလုံးသိဖြစ်သော အခွန်မကောက်ခံသဖြင့် အခွန်မရရာ မြေအရပ်ကို ယသ္မိံ ယသ္မိံ တဋ္ဌာကမာတိကာ စသော နောက်ဝါကျစကားရပ်ဖြင့် ပြတော်မူသည်။ ယင်းသို့ ဖြစ်လျှင် အဋ္ဌကထာ၌—

ဗလိံ လဘန္တိ အယံ ပဒေသော ဂါမသီမာတွေ၀ သင်္ချံ ဂစ္ဆတိ-ဟု အခွန်ရခြင်းကို အထူးပြု၍ ဆိုသောကြောင့် အခွန်မရသဖြင့် မတောင်းခံရသော တဘက်ဆည်ကန် သုသာန် စသော မြေအရပ်သည် ဂါမသိမ် မမည်ရာပါတကား။ အဘယ့်ကြောင့် ဂါမအမည်ရှိသနည်းဟု ဂါမခေတ်မည်ခြင်း၏ အရင်းမူလ ပဓာန အကြောင်းရင်းကို မမြင်နိုင်သော စောဒကပုဂ္ဂိုလ်တို့၏ စောဒနာကြောင့် ရာဇာဒီဟိ -အစရှိသော ဝါကျကို မိန့်ဆိုပြန်သည်။

## အဋ္ဌကထာ ဆရာတော်တို့ ရေးလိုရင်းအာဘောဂကို ပြခန်း

ဋီကာတို့အလို ပိဏ္ဍတ္ထကား အခွန်မရသော်လည်း ဤအရပ်သည် ဂါမဖြစ်စေဟု မင်း မှူးမတ် စသည်တို့ နယ်ပိုင်းခြားစဉ်ကပင် အခွန်မရရာ မြေအရပ်၏လည်း ဂါမ အမည်ရပြီး ဖြစ်သောကြောင့် ယင်းအခွန်မရရာ မြေအရပ်၏လည်း ဂါမသီမ ဝေါဟာရ ဖြစ်သည်ဟု ဆိုလိုသတည်း။

ယင်းဋီကာဆရာတော်တို့ အာဘော်ကျ အဋ္ဌကထာရေးရသော်—

ယတ္တကံ ပဒေသံ တွေကော ဘူမိဘာဂေါ ဂါမော ဟောတုတိ ရာဇာ ပရိစ္ဆိန္ဒတိ။ အယံ ပဒေသော အပ္ပေါ ဝါ ဟောတု၊ မဟန္တော ဝါ ဂါမသီမာတွေ၀ သင်္ချံ ဂစ္ဆတိ—

ဟု လိုရင်းမူလ ပါဒကဖြစ်သော အဋ္ဌကထာ ဆရာတော် အလိုတော်ကို မချွတ်ဆတ် နီတတ္ထ သိနိုင်ရာသတည်း။

ထို့ကြောင့် ယင်းမင်း ပိုင်းခြားက ပကတိဂါမ ဖြစ်၏ဟု မိမိဆိုအပ်ပြီးသော သာဓကစကားကို ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကဿစိ ဒေတိ-ဟူသော အဋ္ဌကထာ သာဓကစကားဖြင့် ပြီးစေသတည်း။

ဝိနယဝိနိစ္ဆယဋီကာမှာလည်း အခွန်ကိုမစည်းကြပ်မီကာလ ရှေးအဖို့ ကပင် အယံ ပဒေသော ဂါမော ဟောတု မင်းစသည်တိ ပိုင်းခြား ကြောင်းကို သိအပ်၏။ ထိုစကားမှန်၏၊ အခွန်သီး နယ်သီးနှစ်ရပ် တို့တွင် အခွန်မသီးမီ နယ်သီးကြောင်း၊ နယ်သီးဖြစ်စဉ်ကပင် တခု သော ဂါမခေတ် ဂါမသိမ်ဖြစ်ကြောင်းကို ပြတော်မူလိုသောကြောင့် ပင် ယတ္တကေ - စသော ရှေးအဋ္ဌကထာဝါကျကိုသာ သာကေ မမူ၊ ယမ္ပိ ကေသိံ - စသော နောက် အဋ္ဌကထာ ဝါကျကိုလည်း သာကေမမူသတည်း။

ယင်းသို့ ပထမနယ်သီးပြီးနောက် ဒုတိယ အခွန်သီးသောအခါ ဤမင်းပိုင်းခြားအပ်သော အရပ်ကား ဤဂါမ၏ ခေတ်ဟု အပိုင်း အခြားအမျှား ထင်ရှားသည်ကို နှလုံးထား၍ အဋ္ဌကထာ ဆရာ တော်သည် ရွာစားတို့ အခွန်ရခြင်းဖြင့် ယေဘုယျနည်း မှတ်၍ ပြ တော်မူသတည်းဟု မှတ်အပ်၏။

## အခွန်သီးပမာဏမဖြစ်၊နယ်သီးပမာဏဖြစ်ကြောင်း ပြဆိုခန်း

ဤအရာ၌ တခုခုသော နယ်သီး နယ်ခြားရှိသော ရွာအမျှားကို တဦးသော သူကြီးသာ ခိုင်စားရာ၌ ထိုသူကြီး တဦးပိုင်ရွာအမျှား ကို သံဃာကုန် သိမ်းရမည်။ သို့မဟုတ် တခုခုသော ရွာ၏ မိမိတို့ နယ်သီး ဂါမသီးဖြစ်၍ မိမိတို့ သိမ်သမုတ်လိုရာ တခုသော ဂါမ ခေတ်အတွင်းရှိ သံဃာကို သိမ်းရမည်လော-ဟု ငါတို့ထံ ရှေး အခါက တောင်သာမြို့နယ် စရပ်ကြီးရွာ ဘုန်းကြီး အမျှားတို့ လျှောက်ထားဖူးရာ သိမ်သမုတ်လိုသော ရွာခေတ် အတွင်းရှိ သံဃာကိုသာ သိမ်းရမည်။ တဦး သူကြီးပိုင်သည်ကို ပမာဏပြု၍ ၎င်းသူကြီးပိုင် ရွာအမျှားရှိ သံဃာဟူသမျှ မသိမ်းရ။ သဗ္ဗညု

မြတ်စွာဘုရားသခင်သည် နယ်သီးကိုသာ ပဓာနပြု၍ ဟောတော်မူသည်၊ အခွန်သီးကို အရိပ်အမြွက်မျှ ဟောတော်မမူ။ ဝိသုံဂါမပြ - အဋ္ဌကထာကြီးတို့၌ နယ်သီးကိုသာ ဖွင့်တော်မူသည်၊ အခွန်သီးကို ဖွင့်တော်မမူ။ ဒုတိယဂါမပရိစ္ဆေဒကို အဋ္ဌကထာဆရာ ဗလိံ လဘန္တိ -ဟု အခွန်သီးမှုကို ဆိုပေသမှု အခွန်သီးက နယ်သီး ကြောင်း ပြတော်မူလို၍သာ ဆိုသည်၊ အခွန်သီးမှ ဂါမခေတ်ဖြစ် ကြောင်း အရိပ်အမြွက်မျှ မပြ။ မိုင်းခိုင်းဆရာတော်နှင့် ကျီဝန်ဆရာ တော်တို့ မိန့်တော်မူကြသတည်း။

## အခွန်သီးပမာဏယူရာ၌ လဒ္ဓဒေါသ ထုတ်ပြခန်း

အကယ်၍ အခွန်သီးမှ ဂါမခေတ်တခု ဖြစ်သည်ဟူ၍လည်း ကောင်း၊ အခွန်သီးခြင်း နယ်သီးခြင်း အင်္ဂါနှစ်ပါးစုံမှ ဂါမခေတ်တခု ဖြစ်သည် ဟူ၍လည်းကောင်း အယူတော်ရှိခဲ့မူ—

အသမ္မတာယ ဘိက္ခဝေ သီမာယ အဋ္ဌပိတာယ ယံ ဂါမံ ဝါ နိဂမံ ဝါ ဥပနိဿာယ ဝိဟရတိ။ ယာ တဿ ဝါ ဂါမဿ ဂါမသီမာ၊ နိဂမဿ ဝါ နိဂမသီမာ။ အယံ တတ္ထ သမာန သံဝါသာ ဧကုပေါသထာ -

ဟူသော ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓကပါဠိတော်(၁၅၀။)နှင့် မညီ။ ထိုစကားမှန်၏၊ ထိုပါဠိတော်၌ နယ်သီးမှုကိုသာ ဟောတော်မူသည်။ အခွန်သီးမှု၊ အခွန်သီးမှ တခုသော ဂါမခေတ် ဂါမသိမ်ဖြစ်မှုကို အရိပ်အမြွက်မျှဟောတော်မမူ။ ပါဠိတော် နှင့် မညီရုံသာမကသေး—

ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံ ဝိသုံ ဂါမော ဟောတု"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ (ဝိနည်းမဟာဝါ၊ ဋ္ဌ၊ ၃၃၃။)-

ဟူသော မိမိဆိုအပ်လတ္တံ့ စကားရပ်နှင့်လည်း ဆန့်ကျင်ရာသတည်း။ ထိုစကား မှန်၏၊ ပကတိဂါမနှင့် ဝိသုံဂါမကား အကျဉ်းအကျယ် မျှသာ ထူးခြားသတည်း၊ ကြွင်းသော အရာတခုမျှ မထူးခြားချေ။ ထိုဝိသုံဂါမပြ ဝါကျ၌ -

(က) ကေသိမ္ပိ ဂါမခေတ္တေ -ဖြင့် ဝိသုံဂါမ ဟူသော အကျဉ်း ဂါမ၏ တည်ရာ အကျယ် ပကတိဂါမဖြစ်စေ၊

(ခ) ယမ္ပိ ဧကံ ပဒေသံ -ဖြင့် ထိုအကျယ်ဂါမ ခေတ်အတွင်းရှိ တစိတ်သော မြေအရပ်ဖြစ်စေ၊

(ဂ) အယံ ဝိသုံဂါမော ဟောတူတိ–ဟူသော အာကာရဖြင့် ယင်း အာကာရအတိုင်း ပါဠိဘာသာ မြန်မာဘာသာ တခုခုဖြင့် ပိုင်းခြားသည် ဖြစ်စေ၊

(ဃ) သတ်မှတ်အပ်သော သူသည် ရေမြေကို အစိုးရသော ခတ္တိယမင်း၊ ထိုမင်းထံမှ နယ်သီး ရွာသီး ပြုနိုင်သော အခွင့်အာဏာ ရထူးဌာနန္တရ‚ရ မင်းလည်းဖြစ်စေ၊

ဤအင်္ဂါ (၄)ပါး ပြည့်စုံမှ ဝိသုံဂါမ ဖြစ်ကြောင်း ပြတော်မူသည်။ ယင်းသို့ပြသဖြင့် ယင်း ဝိသုံဂါမပြ အဋ္ဌကထာ စကားရပ်မှာ နယ်သီးလျှင် ဝိသုံဂါမဖြစ်ကြောင်း ပြတော်မူသည်၊ အခွန်သီးမှ ဝိသုံဂါမဖြစ်ကြောင်း ပြတော်မမူ။ အခွန်မသီးနိုင်၊ မသီးသော်လည်း နယ်သီးက မုချ ဝိသုံဂါမဖြစ်၏။ အကျဉ်းမြေအရပ် နယ်သီးက ဝိသုံဂါမ ဖြစ်ခဲ့ပါလျှင် အဘယ်မှာ အကျယ်မြေအရပ်မှာ နယ်သီး ခြားပါက ပကတိဂါမ မဖြစ်ပဲ ရှိပါမည်နည်း။

ရွာနယ်အသီးအခြားဖြစ်က အခွန်သီးခြား ဖြစ်တော့သည်သာ နှလုံးပိုက်တော်မူ၍ အခွန်သီးခြင်းဖြင့် ရွာနယ်အသီးကို မှတ်၍ပြလို

သောကြောင့် တတ္ထ ယတ္တကေ-အစရှိသော စကားကို အဋ္ဌကထာဆရာ ဆိုတော်မူသတည်း။ အခွန်သီးခြားသော အရပ်ဟူသမျှသည် ရွာသီး ရွာခြား နယ်သီးနယ်ခြားဖြစ်၏ဟု အဋ္ဌကထာဆရာ ပြ၏ဟု မမှတ် မယူသာ။ ဤအဋ္ဌကထာနှင့် လျော်စွာသော ဝိနိစ္ဆယဋီကာဆရာ မိန့်၏ဟု မှတ်ယူသင့်ကြောင်း ငါတို့ကျေးဇူးတော်ရှင် မိုင်းခိုင်း ဆရာတော် မိန့်တော်မူ၏။ ငါတို့ကျေးဇူးတော်ရှင် သုဇာတာဘိ-သိရိဓဇာဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ကျီဝန် ဆရာတော် ဘုရားသည်လည်း အခွန်သီးက ရွာသီး နယ်သီးမှာ ပါကဋ္ဌဖြစ်၏ဟု ပြလိုသောကြောင့် အာဗလိံ လဘန္တိ-ဟူသော စကားကို အဋ္ဌကထာ ဆရာ ဆိုတော်မူကြောင်း မိန့်တော်မူသတည်း။ ဤအတိုင်း ငါတို့ လည်း စရပ်ကြီး ဝိနိစ္ဆယကို ရေးသတည်း။

## ရာဇာဝိနိစ္ဆယ မဟာဋီကာ

ဤပကတိဂါမ, နိဂမ, နဂရကို နယ်သီးနယ်ခြား ဖြစ်အောင် ပိုင်းခြားနိုင်သော ရာဇာအရ နောက်ပြလတ္တံ့။ ဝိသုံဂါမကို ပိုင်း ခြားနိုင်သော ရာဇာအရကို ဤဆိုအပ်လတ္တံ့သော ပါဠိ အဋ္ဌ-ကထာ ဋီကာစကားရပ်တို့ဖြင့် ယုံမှားကင်းကွာ သိကြရာ၏။

ရာဇာနော နာမ ပထဗျာ ရာဇာ ပဒေသရာဇာ မဏ္ဍလိကာ အန္တရဘောဂိကာ အက္ခဒဿာ မဟာမတ္တာ၊ ယေ ဝါ ပန ဆေဇ္ဇ-ဘေဇ္ဇံ ကရောန္တာ အနုသာသန္တိ၊ ဧတေ ရာဇာနော နာမ။ (ပါရာဇိကပါဠိတော်၊ ၅၇။)

ပထဗျာရာဇာတိ သကလပထဝိယာ ရာဇာ၊ ဒီပစက္ကဝတ္တီ အသောကသဒိသော၊ ယော ဝါ ပနညောပိ ဧကဒီပေ ရာဇာ သီဟဠရာဇသဒိသော။ပဒေသရာဇာတိ ဧကဒီပဿ ပဒေသိဿရော

ဗိမ္ဗိသာရပသေနဒီအာဒယော ဝိယ ။ မဏ္ဍလိကာ နာမ ယေ ဒီပပဒေသေပိ ကေမေကံ မဏ္ဍလံ ဘုဥ္ဇန္တိ။ အန္တရဘောဂိကာ နာမ ဒွိန္နံ ရာဇူနံ အန္တရာ ကတိပယဂါမသာမိကာ။ အက္ခ-ဒဿာတိ ဓမ္မဝိနိစ္ဆနကာ၊ တေ ဓမ္မသဘာယံ နိသီဒိတွာ အပရာ-ဓာနုရူပံ စောရာနံ ဟတ္ထပါဒစ္ဆေဇ္ဇာဒိံ အနုသာသန္တိ။ ယေ ပန ဌာနန္တရပ္ပတ္တာ အမစ္စာ ဝါ ရာဇကုမာရာ ဝါ ကတာပရာဓာ ဟောန္တိ၊ တေ ရညော အာရောစေန္တိ ဂရုကံ ဌာနံ သယံ န ဝိနိစ္ဆိနန္တိ။ မဟာမတ္တာတိ ဌာနန္တရပတ္တာ မဟာအမစ္စာ၊ တေပိ တတ္ထ တတ္ထ ဂါမေ ဝါ နိဂမေ ဝါ နိသီဒိတွာ ရာဇကိစ္စံ ကရောန္တိ။ ယေ ဝါ ပနာတိ အညေပိ ယေ ရာဇကုလနိဿိတာ ဝါ သကဝိရိယနိဿိတာ ဝါ ဟုတွာ ဆေဇ္ဇဘေဇ္ဇံ အနုသာသန္တိ၊ သဗ္ဗေပိ တေ ဣမသ္မိံ အတ္ထေ "ရာဇာနော"တိ ဒဿေတိ။

(ပါရာဇိကအဋ္ဌကထာ၊ ပ၊ ၂၆ဂ။)

အက္ခဒဿာတိ ဧတ္ထ အက္ခ-သဒ္ဒေန ကိရ ဝိနိစ္ဆယသာလာ ဝုစ္စတိ၊ တတ္ထ နိသီဒိတွာ ဝဇ္ဇာဝဇ္ဇံ ပဿန္တီတိ အက္ခဒဿာ ဝုစ္စန္တိ ဓမ္မဝိနိစ္ဆနကာ။ (သာရတ္ထဒီပနီ၊ ဒု၊ ၁၃၁။)

ဤပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ပိဋကတ္တကား—

(၁) စကြဝတေးမင်း သီရိဓမ္မာသောကမင်း သီဟိုဠ်မင်းတို့ကဲ့သို့ လေးကျွန်းလုံး တကျွန်းလုံးကို အစိုးရသော မင်းကို ပထဗျာရာဇာဆိုသည်။

(၂) ဗိမ္ဗိသာရမင်း ပသေနဒီကောသလမင်းစသော မင်းတို့ကဲ့သို့ ကျွန်း၏တစိတ်တဒေသကို အစိုးရသော မင်းကို ပဒေသရာဇ်ဆိုသည်။

(၃) ကျွန်း၏တစိတ်မျှ၌ပင် တစ - တစွန်း -တဝန်း -တလျှားကို အစိုးရသော မင်းကို မဏ္ဍလိကာ မဏ္ဍလိဿရာမင်း ဆိုသည်။

(၄) မင်းနှစ်ပါးတို့၏ အကြားတွင် တရွာ, နှစ်ရွာ, သုံးရွာ အစိုးရသော တိုင်းကြပ်ရွာစားမင်းကို အန္တရဘောဂိကာ ဆိုသည်။

(၅) တရားသဘင်၌ စီရင်ဆုံးဖြတ်ရသော ရာဇဝတ်ဘက် တရားသူကြီးကို အက္ခဒဿာ ဆိုသည်။

(၆) ရွာနိဂုံးတို့၌ နေ၍ မင်းကိစ္စပြုရသော အမတ်ချုပ်ကြီး များကို မဟာမတ္တဆိုသည်။

(၇) ဖြတ်ခြင်း ခွဲခြင်းစသည်ကို ပြု၍ ဆုံးမစီရင်ရသော မင်းကို သာမညမင်းဆိုသည်။

ဤဒုတိယပါရာဇိကအရာမှာ ခိုးသူသတ်ဖြတ် နှောင်ဖွဲ့သော အရာဖြစ်၍ မင်း (၇)ပါးလုံး ရာဇာအရ ယူရ၏။

ထိုမင်းသည်လည်း မုဒ္ဓါဘိသိတ္တမင်း၊ သာမညမင်းဟူ၍ နှစ်မျိုးရှိ၏၊ ရတနာအစု၌ဖြစ်စေ ရေသဖန်းအင်းပျဉ်၌ ဖြစ်စေ မဟာဇနကမင်းကဲ့သို့ မင်္ဂလာကျောက်ဖြာ အပြင်၌ ဖြစ်စေ နေ၍ ရှေးထုံးရှေးနည်းဖြင့် စီရင်ခြင်း၊ ရှေးထုံးရှေးလာ စကားကုန် ဆိုခြင်း၊ ဦးထိပ်၌ လက်ယာရစ်လည်သော ခရုသင်းကို လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကိုင်၍ သွန်းလောင်းအပ်သော အဘိသိက်ရှိသော မင်းကို မုဒ္ဓါဘိသိတ္တမင်း ဆိုသည်။ အဘိသိက် မခံသော မင်းကို မင်းသာမည, ရာဇ, ခတ္တိယ ဆိုသည်။

ရာဇာနောတိ အဘိသိတ္တာ။ (သုတ်ပါထေယျ လက္ခဏသုတ် အဋ္ဌကထာ၊ ၁၀၇။)

ရာဇညောတိ အနဘိသိတ္တကရာဇာ။ (သုတ်မဟာဝါ အဋ္ဌကထာ ၃၉၇။)

ရာဇာ ကဿစိ ဒေတိ-၌ မုဒ္ဓါဘိသိက်ခံသော မင်းပေးမှ ဝိသုံဂါမ မြောက်သည်ဟု ဝိနယဂုဠ္ဌတ္ထဒီပနီ မည်သော ဝိနည်းဂဏ္ဌိပုဒ်၌ ဆိုသည်။ မုဒ္ဓါဘိသိက်မခံသော်လည်း သတ်ခြင်း ဖြတ်ခြင်းငှာ ပိုင်ထိုက်လျှင် ဝိသုံဂါမပေးထိုက်၏ဟု သီမဝိသောဓနီကျမ်း၌ ဆိုသည်၊ ဆိုပြီး အဋ္ဌကထာများနှင့် -

မုဒ္ဓါဘိသိတ္တော ရာဇာတိ၊ ကထိတော ဉာတရော ပန။
ရာဇညော ခတ္တိယော စာတိ၊ ဝုတ္တော ခတ္တိယဇာတိကော။
(သဒ္ဒနီတိ ဓာတုမာလာ၊ ၄၆။) များကို ထောက်၍ ဝိနယ-ဂုဠ္ဌတ္ထဒီပနီဆရာ ဆိုပုံရ၏။ ရေမြေကို အဘိသိက်မခံစေကာမူ အစိုးရ၍ မိမိပိုင်ဥစ္စာကို ပေးရာ၌ ဒါနမြောက်ရာသည်ကို နှလုံးပိုက်၍ သီမဝိသောဓနီဆရာ ဆိုပုံရ၏။ ဆိုအပ်ပြီးသော ပါရာဇိကဏ်ပါဠိ အဋ္ဌကထာတို့၌ အဘိသိက်ခံ မခံ မင်းဟူသမျှကို မချအားဖြင့် ရာဇာ သဒ္ဒါဟောသည်။ ထိုမင်းတို့၏ အမတ်ကြီးဖြစ်သော အက္ခဒဿ၊ မဟာမတ္တတို့ကိုလည်းကောင်း၊ မင်း၏ မှူးမတ်မဟုတ်ပဲလျက် မင်းမျိုး ကို မှီ၍ဖြစ်စေ၊ မိမိအစွမ်းကို မှီ၍ဖြစ်စေ သတ်ဖြတ်ဆုံးမနိုင်သော သူတို့ကို မင်းကဲ့သို့ သတ်ဖြတ် ဆုံးဖြတ်ပိုင်ဆိုင်ခြင်းကား မင်းမဟုတ် သော်လည်း မင်းကိစ္စကို ပြုရခြင်း၊ ပြီးစေရခြင်း ရှိခြင်းကြောင့် **ပရိယာယ်အားဖြင့်** ရာဇာသဒ္ဒါဟောသည်ဟု **သိနိုင်သည်။**

ဤပကတိဂါမ ဝိသုံဂါမအရာ၌ကား မိမိကောင်းမှု၏ အာနုဘော်ကြောင့် မင်းအဖြစ်ကို ပြုစွမ်းနိုင်သော ရေမြေကို အစိုးရသော မင်း၊ ထိုမင်းထံမှ နယ်နိမိတ်ကို ပိုင်းခြားနိုင် ဂါမသီး, ရွာသီး, နယ်သီး, မြို့သီး ပြုနိုင်သော ဩဇာအာဏာထူး၊ ဋ္ဌာနန္တရထူး ရရှိသော မှူးမတ်တို့သာ ရာဇာအရ ယူရသည်။ ထိုမင်း၊မင်း၏ မှူးမတ်တို့ နယ်နိမိတ် သတ်မှတ်၍ ပိုင်းခြား၍ ပေးအပ်သော မြေအရပ်သည်သာ ပကတိဂါမသီး ဝိသုံဂါမသီး ဖြစ်နိုင်သည်။ နယ်သီး, နယ်ခြား, မြို့သီး, မြို့ခြားဖြစ်အောင် လုပ်နိုင်သော ဩဇာအာဏာ ရာထူး ဋ္ဌာနန္တရထူး မရ, မရှိသော နယ်ပိုင်, မြို့အုပ်စသော မင်းတို့ကား ဤအရာ၌ ရာဇာအရ မယူရ၊ ထိုရာထူး ဋ္ဌာနန္တရ ရ, မရကို (၁၇၇၆)ခုနှစ်ထုတ် ဆာကြူလာ အမိန့်တော်ပြန်တမ်းဖြင့် သိရာ၏။

အရေးပိုင်မင်းမှာ အခွန်တော် (၁၀၀) ထက် မပိုလျှင် မိမိအမိန့်ဖြင့် မြေကို ပေးနိုင်ကြောင်း၊ မြေခွန်တော် (၁၀၀) အထက် (၂၀၀)တွင်းမှာ အခွန်ဋ္ဌာနချုပ် ဝန်ကြီးက ပေးနိုင်ကြောင်း၊ မြေခွန်တော် (၂၀၀)ထက် ပိုမိုလျှင် အိန္ဒိယအစိုးရက ပေးနိုင်ကြောင်း ၎င်းဆာကြူလာ အမိန့်တော်ပြန်တမ်းဖြင့် သိရာ၏။

ရာဇာ နာမ ယော ကောစိ ရဇ္ဇံ ကာရေသိ။
ရာဇဘောဂ္ဂေါ နာမ ယော ကောစိ ရညော ဘတ္တဝေတနာဟာရော။ ဗြာဟ္မဏော နာမ ဇာတိယာ ဗြာဟ္မဏော။
ဂဟပတိကော နာမ ဌပေတွာ ရာဇံ ရာဇဘောဂ္ဂံ ဗြာဟ္မဏံ အဝသေသော ဂဟပတိကော နာမ။(ပါရာဇိကဏ်ပါဠိတော်၊၃၂၆။)
ရာဇာ နာမ ယတ္ထ ရာဇာ အနုသာသတိ၊ ရာဇာ အပလော-

ကေတဗ္ဗော ။ပ။ ဂဏော နာမ ယတ္ထ ဂဏော အနုသာသတိ ဂဏော အပလောကေတဗ္ဗော။ (ပါစိတ်ပါဠိတော်၊ ၂၉၂။)

ဤပါဠိတော်တို့၌ ရာဇာသဒ္ဒါသည် ဘိသိက်ခံသည်ဖြစ်စေ၊ မခံသည်ဖြစ်စေ တိုင်းပြည် မြို့ရွာကို ဆုံးမစီရင်အုပ်ချုပ်သော မင်းဟူသမျှကို ဟောသည်။ ထိုနှစ်ရပ်တို့တွင် အကြင်သိက္ခာပုဒ်၌ အဘိသိက်ခံသော မင်းကိုသာ ရာဇာသဒ္ဒါဟော၏။ ယင်းမင်းကိုသာ ယူရ၏။ ထိုရာဇသိက္ခာပုဒ်၌ မုဒ္ဓါဘိသိတ္တသဒ္ဒါ အထူးပြု၍ "ယော ပန ဘိက္ခု ရညော ခတ္တိယဿ မုဒ္ဓါဘိသိတ္တဿ"ဟု ဟောတော်မူသည်။ ယင်းပါဠိတော်၌ ခတ္တိယဿ-ဟူသော ဝိသေသနဖြင့် မင်းမျိုးဖြစ်သောမင်း၊ မင်းမျိုးမဖြစ်သောမင်း နှစ်မျိုးရှိရာတွင် မင်းမျိုးဖြစ်သောမင်း၏ အိပ်ရာတိုက်ခန်းသို့ မပန်ကြားပဲ ဝင်သောရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။ မင်းမျိုး မဖြစ်သော မင်း၏ အိပ်ရာတိုက်ခန်းသို့ မပန်ကြားပဲ ဝင်သောရဟန်းမှာ ပါစိတ်အာပတ် မသင့်ဟု ဟောတော်မူသည်။ မုဒ္ဓါဘိသိတ္တဿ-ဟူသော ဝိသေသနဖြင့် မုဒ္ဓါဘိသိက် ခံသောမင်း၊ မခံသောမင်း နှစ်မျိုးရှိရာတွင် မုဒ္ဓါဘိသိက်ခံသော မင်း၏ အိပ်ရာတိုက်ခန်းသို့ မပန်ကြားပဲ ဝင်သောရဟန်းမှာ ပါစိတ်အာပတ်သင့်သည်။ မုဒ္ဓါဘိသိက် မခံသောမင်း၏ အိပ်ရာတိုက်ခန်းသို့ မပန်ကြားပဲ ဝင်သောရဟန်းမှာ ပါစိတ်အာပတ်မသင့်ဟု ဟောတော်မူသည်။ ထို့ကြောင့် ၎င်းသိက္ခာပုဒ် အနာပတ္တိဝါရ (ပါစိတ်ပါဠိတော်၊ ၂၁၀။)၌ -

**အနာပတ္တိ ပဋိသံဝိဒိတော၊ န ခတ္တိယော ဟောတိ၊ န ခတ္တိယာဘိသေကေန အဘိသိတ္တော ဟောတိ**-ဟု ဟောတော်မူသည်။

ဤပါဠိအဋ္ဌကထာတို့၌ ရာဇသဒ္ဒါ ဘိသိက်ခံ, မခံသော မင်းကို ဟောသည်မဟုတ်။ အဘိဓာန်မှာလည်း ရာဇာ, ဘူပတိ စသော သဒ္ဒါတို့သည် ဘိသိက်ခံ,မခံသော မင်းသာမညကို ဟောကြောင်း ရာဇည,ခတ္တိယ-သဒ္ဒါ (၅)ပါးဖြင့် ဘိသိက်ခံသောမင်း ဝိသေသကို ဟောကြောင်း အဘိဓာန်ဋီကာ (၃၃၄-၅)၌-

ဘူဘုဇန္တိ ရာဇသာမညေ။ ပဇ္ဇဒွံ မုဒ္ဓါဘိသိတ္တေ ဇာတိခတ္တိယေ- စသည်ဖြင့် ဖွင့်သတည်း။

ယသ္မာ ပန အဘိသိတ္တရညာ နာမ အဝဿံ အဋ္ဌကရဏော နိသိဒိတဗ္ဗံ။ (သုတ္တနိပါတ်အဋ္ဌကထာ၊ ပ၊ ၅၃။)

၎င်း၌ အဋ္ဌကရဏ -ဟူသည် တရားဆုံးဖြတ်ရာ လွှတ်တော်သဘင်ကို ဆိုသည်။

အသာဟာသန္တိ ဓမ္မိကဝိနိစ္ဆယေ ဌိတတ္တာယေဝ သာဟာသိက-ကိရိယာယ ဝိရဟိတံ။ (သတ္တကနိပါတ် ကုက္ကုဇာတ် အဋ္ဌကထာ၊ တ၊ ၃၀၁။)

ဤအဋ္ဌကထာတို့ဖြင့် အဘိသိက်ခံသော မင်းတို့စသည် မစုံစမ်း မဆင်ခြင်ကြပဲ လျင်မြန်စွာ ပြုတတ်သော အလေ့မျိုးကို ကြဉ်ရှောင်ကြရာသည်။

ဤပကတိဂါမသိမ် ဝိသုံဂါမသိမ်တို့၌ ရာဇာအရကား ရေမြေကို အစိုးရသောမင်း၊ ထိုမင်းထံမှ နယ်သီး, ရွာသီး, မြို့သီး ပြုနိုင်လောက်အောင် ဩဇာအာဏာထူး ဌာနန္တရထူး ရရှိသော ဘုရင်ခံမင်း ဌာနချုပ် ဝန်ရှင်တော် မင်းကြီး အရေးပိုင်မင်းတို့သာ ရာဇာအရ ယူသင့်သတည်း။ နယ်သီးနယ်ခြား ပြုနိုင်သော အာဏာထူး, ဌာနန္တရထူး မရသော ဝန်ထောက်, မြို့အုပ်, ပညာအုပ်, ပညာဝန်ထောက်, အင်စပိတ်, ကွင်းစာရေး စသော

သူတို့သည်ကား ဤအရာတွင် ရာဇာအရ မပါဝင်ကြောင်း ပါဠိ အဋ္ဌကထာ ဋီကာ အာဂုမ် ယုတ္တိ အမိန့်တော် ပြန်တမ်း တို့ကို ထောက်၍ သိနိုင်ရာသတည်း။ ထို့ကြောင့် ထိုနယ်သီး နယ် ခြား ပြုလုပ်နိုင်သော အာဏာမရသော ပညာရေးဆိုင်ရာမင်း ဘဏ္ဍာရေးဆိုင်ရာမင်းစသော အစိုးရမင်းတို့သည် ၎င်းရာထူး ဌာနန္တရကို မရခဲ့သောကြောင့် ထိုမင်းတို့ ပိုင်းခြားကြသော်လည်း ပိုင်းခြားသည် မမည်။ ဂါမသီး၊ ရွာသီး၊ နယ်သီးမဖြစ်သဖြင့် ဝိသုံ-ဂါမ ပကတိဂါမ မဖြစ်ဟု မုချဆတ်ဆတ် သိရာသတည်း။

ထို့ကြောင့် ဘိက္ခုနီ သံဃာဒိသေသသိက္ခာပုဒ်အဖွင့် (ပါစိတျာ-ဒိ၊ **အဋ္ဌကထာ၊ ၁၇၃။**) ၌—

ဂါမံ ဝါတိ မလ္လဂါမာဘဋိပုတ္တဂါမာဒိကံ။ ပုဂ္ဂိ မမ္မဂါမံ။ သေဏိန္တိ ဂန္ဓိကသေဏိဒုဿိကသေဏိအာဒိကံ။ ယတ္ထ ယတ္ထ ဟိ ရာဇာနော ဂါမာဒီနံ ဂါမနိဂမေ နိယျာတေန္တိ "တုမ္ဟေဝ တွေ့ အနုသာသထာ"တိ၊ တတ္ထ တတ္ထ တေ ဧဝ ကြယာရော ဟောန္တိ။ တသ္မာ တေ သန္ဓာယ ဣဒံ ဝုတ္တံ—

ဟု ဖွင့်တော်မူသတည်း။ ဤအဋ္ဌကထာ စကားရပ်ဖြင့် ရွာနိဂုံးကို လွှဲအပ်သော အရာမှာ နယ်သီး၊ နယ်ခြား၊ အခွန်သီး၊ အခွန်ခြား ပြုလုပ်နိုင်အောင် လွှဲအပ်သော အခြင်းအရာ ပါရှိရကား ယင်းသို့ သော မင်းကိုလည်း ရာဇာအရ ယူထိုက်ကြောင်း သာကေမူထိုက် သတည်း။

ထိုသို့ ခင်းပြအပ်ပြီးသော ပါဠိ အဋ္ဌကထာစသည်တို့ကို ထောက် **ထားသဖြင့် —**

ရာဇာတိ လဒ္ဓါဘိသေကပထဝိဿရခတ္တိယရာဇာ အဓိပ္ပေတော၊ ဆေဋ္ဌဘေဋ္ဌရာဇာနော ပန အပ္ပမာဏာ။ဣဓ နာဓိပ္ပေတာ –

ဟူသော ဝိနယဂုဠ္ဌတ္ထဒီပနီစကားသည် ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် အနုတ္တရောပုရိသဒမ္မသာရထိ-ကဲ့သို့ ဆိုအပ်သော စကားဟု မှတ်အပ်၏။

ပထဝိဿရော ရာဇာ"ဣမသ္မိံ ဂါမခေတ္တေ ဧတ္တကကရီသမတ္တော ပဒေသော ပုရိမဂါမတော ဝိသုံ ဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ဒေတိ -

ဟူသော ဝိနယာလင်္ကာရဋီကာ(ပ၊ ၃၅၁။)စကားမှာလည်း မင်းထံမှ နယ်သီး၊ ရွာသီး၊ မြို့သီးဖြစ်အောင် ပိုင်းခြားနိုင်သော မှူးမတ်တို့ ပိုင်းခြားအပ်သော အရပ်လည်း မင်း၏ အာဏာဖြင့် ပိုင်းခြားအပ်ခြင်းကြောင့် မင်းပိုင်းခြားသည်မည်သည်ကိုရည်၍ ဆိုတော်မူသတည်း-ဟု မှတ်အပ်၏၊ ထို့ကြောင့် ဝိသုံဂါမပြ အဋ္ဌကထာကြီး၌လည်းကောင်း ဝိနယသင်္ဂဟအဋ္ဌကထာ၌ လည်းကောင်း ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ -ဟု ပရိစ္ဆိန္ဒနကြိယာနှင့်တကွ မိန့်တော်မူသတည်း။

ဣဓ ပန အတ္တနော ပုညာနုဘာဝေန ရဇ္ဇံ ကာရေတုံ သမတ္ထော ဝေ ဘူမိသာမိကော ရာဇာ နာမာတိ အဓိပ္ပေတော။ သောယေဝ ဟိ ယထာဝုတ္တာဂုဏသမ္ပန္နတ္တာ ဂါမေ ဝါ နဂရေ ဝါ ပရိစ္ဆိန္ဒိတွာ ပဇ္ဇေကံ ကရောတိ။ န တဒညေ ရာဇာနော။လဒ္ဓါ-ဘိသေကာတိ ဣဒံ ဥက္ကဋ္ဌဒဿနံ၊ တေန အလဒ္ဓါဘိသေကရာဇာ-ပိ အဓိပ္ပေတောတိ နိဒ္ဒိသတိ။ပ။ နနု စ သတိ ဒါတုံ အနုရူပေ ကာရဏေ ဘူမတ္တိကဿ ယာစကဿ ဇနဿ တုမှေဝ ကေသ္မိံ-ယေဝ ဂါမခေတ္တေ ယံ ကိဉ္စိ ပဒေသံ ဝိသုံဂါမံ ပရိစ္ဆိန္ဒိတွာ ဒေထာတိ ရညာ ပေသိတေဟိပိ အမစ္စေဟိ ပရိစ္ဆိန္ဒိတပဒေသော

ဝိသုံဂါမော သိယာ။ ဥဒါဟု အဋ္ဌကထာယံ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတီတိ တွေကမေဝ ဝုတ္တတ္တာ နာတိ၊ န။ ရညာ ဟိ ဝုတ္တနယေန ပေသိတေဟိ အမစ္စေဟိ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတဘူမိဘာဂေါပိ ရာဇာယေဝ ပရိစ္ဆိန္ဒတီတိ ဝုစ္စတိ။ ရညော အာဏာယ ပရိစ္ဆိန္နတ္တာ။

(ဂါမသီမဝိနိစ္ဆယပါဠ်၊ ၂၁၇။)

လောကဝေါဟာရသင်္ကေတဝသေန စာယံ ပဒေသော ဣမဿ ဂါမဿ ပရိစ္ဆေဒေါတိ ဣဿရေဟိ ကတပရိစ္ဆိန္နမေဝ ပမာဏံ ဟောတိ။

(သာသနာသင်္ကာရာဇ်(၂၁၁၈) နှစ်ထောင့်တရာ့တဆယ့်ရှစ်ခုနှစ် ပြည်မြို့အစိုးရသော သတိုးမင်းလက်ထက် သာဂရဗုဒ္ဓိမထေရ်သည် စီရင်အပ်သော သီမဝိသောဓနီပါဠ်။)

## ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၌ ပုဗ္ဗကြိယာ ပြဋ္ဌာန်းပုံ ပြဆိုခန်း

ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ -၌ ပရိစ္ဆိန္ဒိတွာ - ဟူသော ပုဗ္ဗကာလကြိယာ၊ ဒေတိ -ဟူသော အပရကာလကြိယာ နှစ်ပါးတို့တွင် အဘယ်ကြိယာ ပြဋ္ဌာန်းသနည်း။ ဂဏ္ဍဘောဇနံ နာမ ယတ္ထ စတ္တာရော ဘိက္ခူ ပဉ္စန္နံ ဘောဇနာနံ အညတရေန ဘောဇနေန နိမန္တိတာ ဘုဉ္ဇန္တိ၊ ဧတံ ဂဏ္ဍဘောဇနံ နာမ - ဟူသော ပါစိတ် ဂဏ္ဍဘောဇန သိက္ခာပုဒ်၌ ခံယူခြင်းဟူသော ရှေ့ကြိယာ၊ ဘုဉ်းပေးခြင်းဟူသော နောက်ကြိယာ တို့တွင် ခံယူခြင်း ရှေ့ကြိယာသာ ပမာဏဖြစ်သည်၊ ဘုဉ်းပေးခြင်း ဟူသော နောက်

ကြိယာ ပမာဏမဟုတ်။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ ပဋိဂ္ဂဟဏ-မေဝ ပမာဏံ -ဟု ဖွင့်တော်မူသည်။ ထိုအတူ ပိုင်းခြားခြင်းဟူသော ရှေ့ကြိယာ၊ ပေးခြင်းဟူသော နောက်ကြိယာ နှစ်ပါးတို့တွင် ပိုင်းခြားခြင်း ဟူသော ရှေ့ကြိယာသာ ပမာဏဖြစ်သည်။ ပေးခြင်းဟူသော နောက်ကြိယာ ပမာဏမဟုတ်။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ၌ သဗ္ဗဒိသာသု သီမံ ပရိစ္ဆိန္ဒိတွာ -အစရှိသော စကားကို ဆိုသတည်း။ ဝိမတိဝိနောဒနီဋီကာ၌လည်း ပရိစ္ဆိန္န-ဘူမိဘာဂေါ -ဟု ဆိုသတည်း။ နောက်ကြိယာ ပမာဏဖြစ်က ပရိစ္ဆိန္နဒိန္နဘူမိဘာဂေါ -ဟု ဆိုရာသည်။

ဝိနယဂုဠ္ဌတ္ထပကာသနီကျမ်းမှာလည်း ပရိစ္ဆိန္ဒိတွာတိ ကာရဏံ။ သောပီတိ ပရိစ္ဆိန္ဒိတပဒေသော၊ ပိသဒ္ဒေါ ဟေဋ္ဌာပေက္ခကော၊ ပုဗ္ဗေ ဂါမခေတ္တပဒေသောပိ အဘိနဝပရိစ္ဆိန္ဒိတပဒေသောပီတိ အတ္ထော။ တသ္မာတိ အဘိနဝပရိစ္ဆိန္နနကာရဏာ - ဟု ဆိုသတည်း။ ယင်းတွင် ပရိစ္ဆိန္ဒိတွာတိ ကာရဏံ - ဖြင့် ပရိစ္ဆိန္ဒိတွာ- ပုဒ်သည် မင်း၏ အပိုင်းအခြားကို ပြုခြင်းသည်သာ ဆိုအပ်ပြီးသော မြေအဖို့၏ ဝိသုံဂါမ ဖြစ်ခြင်း အကြောင်းဟု ပြသည်။ ဤအရပ်သည် ဝိသုံဂါမ ဖြစ်စေဟူ၍ မင်းပိုင်းခြားခြင်းကြောင့်သာ ဝိသုံ-ဂါမ ဖြစ်သည်သာတည်း။(ဤကား ပိဏ္ဍတ္ထ။)ထို့ကြောင့် ပရိစ္ဆိန္ဒိတွာ-ဟူသောပုဒ်ကို အယံ ဝိသုံဂါမော ဟောတု -ဟူသော ပုဒ်နှင့်သာ စပ်သတည်း။ သောပိ-၌ တ ဖြင့် မင်းပိုင်းခြားအပ်သော အရပ်ကို စွဲအပ်၏၊ မင်းပိုင်းခြား၍ ပေးအပ်သော အရပ်ကို မစွဲအပ်။

## ရာဇဝတ်အရ ပါဝင်-မပါဝင် မင်းတို့ကို သိနိုင်ရန် အစိုးရပြန်တမ်း ပြခန်း

သိမ်မျိုးစုံဌာနက ရေးသားရာ၌ အမြစ်အခြေနှင့်တကွ ဘုရင်ခံမင်းကြီး၊ ဝန်ရှင်တော်မင်းကြီး၊ အရေးပိုင်မင်းတို့မှ တပါး ဝန်ထောက်မင်း၊ မြို့အုပ်မင်း စသော အစိုးရမင်းတို့ပင် နယ်သီး နယ်ခြား, မြို့သီး, မြို့ခြား၊ လုပ်နိုင် စီမံနိုင်သော ဩဇာအာဏာ, ဌာနန္တရ မရသည်အဖြစ်ကို ဤဆိုလတ္တံ့သော (ဆာကြူလာ) အမိန့်တော်များဖြင့် သိသာထင်ရှားလှ၏။ သိသာထင်ရှားအောင် (ဆာကြူလာ) အမိန့်တော်ပြန်တမ်းကို ထည့်သွင်း ဖော်ပြလိုက်ဦးအံ့။

မြန်မာနိုင်ငံတွင် ဘုရင်ခံမင်း၊ အခွန်ဌာနချုပ်ဝန်ကြီး၊ အရေးပိုင်မင်းတို့ ဝိသုံဂါမမြေစား ပေးအပ်နိုင်သည့် အရာများကို ဆိုလတ္တံ့သော ဥပဒေများကို ထောက်ထား၍ သိလေ။

၁၈၇၆ -ခုနှစ်ထုတ် မြန်မာနိုင်ငံတော် အောက်ပိုင်းဆိုင်ရာ မြေယာနှင့် အခွန်တော် အက်ဥပဒေအရ ပြဋ္ဌာန်းပိုင်းခြားသည့် နည်းဥပဒေ၊ အခန်း (၆)၊ ပုဒ်မ (၃၂) တွင် သာသနာရေး သာသနာမှုနှင့် ဆိုင်သည့် အဆောက်အအုံအတွက် မြေယာများကို (မြေခွန်တော် တစုံတရာရှိလျှင်) မြေခွန်တော်လွှတ် အရေးပိုင်က အပ်ချထားခွင့်ရသည်။

(က) ၎င်းမြေ တန်ဖိုးမှာ ငွေ (၁၀၀) ထက် မပိုလျှင် မိမိအမိန့်နှင့် ပေးအပ်ချထားခွင့်ရသည်။

(ခ) ငှင်းမြေ တန်ဖိုးမှာ ငွေ (၁၀၀ိ)ထက် ပိုမို၍ (၂၀၀ိ) ထက်မပိုလျှင် အခွန်ဌာနချုပ် ဝန်ကြီး အမိန့်တင်ရင် ခံယူ၍ ပေးအပ်ချထားခွင့်ရသည်။

ယခု နည်းဥပဒေအလိုငှာ မြေယာတန်ဖိုးကို တွက်စစ်ရာတွင် ငှင်းမြေတွင် စိုက်ပျိုး လုပ်ကိုင်လျက်ရှိလျှင် စည်းကြပ်သည့်(သို့မဟုတ်) စည်းကြပ်မည့် မြေခွန်တော်ကို တနှစ်တွက် စည်းကြပ်ရ အခွန်တော် (၂၅)ဆ နှုန်းရင်း ပြုလုပ်တွက်စစ်ရမည်။ သို့မဟုတ် ငှင်းမြေမှာ အခွန်တော်စည်းကြပ်ရာ မထိုက်သက်လျှင် မြေတန်ဖိုး ပေါက်ရာဈေးနှုန်းအတိုင်း ဖြစ်စေရမည်။

**အဓိပ္ပာယ် ဖော်ပြချက်။** ။ယခု နည်းဥပဒေတွင် ရည်ညွှန်းသည့် နှုန်းရင်း ပြုလုပ်တွက်စစ်ရ မြေခွန်တော်မှာ အပိုင်ပတ္တာရသူ ထမ်းဆောင်စေရန် ရည်ရွယ်သည်မဟုတ်။ မြေခွန်တော်ကို နှုန်းရင်းပြုလုပ်တွက်စစ်ခြင်းသည် ငှင်းမြေယာ တန်ဖိုး စုစုပေါင်းကို ထောက်၍ ယခုဥပဒေအရ ချထားပိုင်ခွင့် ရသည့် အရာရှိတို့ ငှင်းအပိုင်ပတ္တာ ပေးအပ် ပိုင်ခွင့် ရှိ, မရှိကိုသာ ရှင်းလင်းသိသာရန် တွက်စစ်ခြင်းမျှသာ ဖြစ်သည်။

(၃၃) မြေယာတန်ဖိုးမှာ ငွေ (၂၀၀ိ) ထက် ပိုသည့်အချက်များတွင် အိန္ဒိယ အစိုးရမင်းတို့ အမိန့်ကို နာခံရန် တင်ပို့ရမည်။

(၃၄) အပိုင်ပတ္တာ ပေးအပ်ချထားရင်း အကြောင်းအရာများနှင့် သက်ဆိုင်သည့် သာသနာမှု အယူဝါဒမှာ မည်

သို့ပင် ဖြစ်သော်လည်း နည်းဥပဒေ (၃၂) (၃၄) များနှင့် သက်ဆိုင်သည်။

ဤပုဒ်မ စကားချက်အရ အဝိပ္ပာယ်မှာ လျှောက်ထားသူက ဘုရား ကျွန်တော်မျိုး ကျောင်းဆောက်ရန် စာသင်ကျောင်း ဆောက်ရန် စသည်ဖြင့် လျှောက်စာတွင် ထည့်သွင်း လျှောက် ထားလျှင် ပေးအပ်သော မြေသည် လျှောက်စာပါ စကား အတိုင်း ဘုရားမြေ၊ ကျောင်းမြေ စသည်သာ ဖြစ်သည်။ ထိုမြေ၌ သိမ်သမုတ်လျှင် အစိုးရမင်းက တားမြစ်ခြင်း မရှိသော်လည်း ဝိသုံဂါမသဘော သက်ဝင်အောင် ပေးအပ်မည်ဟူ၍ အစိုးရမင်း တို့ သဘောအလို ရည်ရွယ်ရင်း မရှိသောကြောင့် ဝိသုံဂါမမြေ မဖြစ်။ လျှောက်စာတွင် ဝိသုံဂါမ မြေစား ရလိုကြောင်း ထည့်သွင်း လျှောက်ထားသော်သာလျှင် မြန်မာမင်းတို့ လက်ထက် ဝိနည်း ဒေသနာနှင့် အညီ ဖြစ်စေရမည်ဟူ၍ အစိုးရမင်းတို့ ရည်ရွယ် ရင်း ရှိသောကြောင့် ဝိသုံဂါမမြေ မြောက်သည်ဟူ၍မှတ်။

ဤဆိုအပ်သော ဥပဒေများကို ထောက်ထား၍ အခွန်ဌာန ချုပ်ဝန်ကြီး၊ အရေးပိုင်မင်းတို့သည် ပုဒ်မ (၃၄)အရ ဗုဒ္ဓဘာသာ သာသနာတော် ကျမ်းဂန်တို့၌ ဆိုသော ဝိသုံဂါမလက္ခဏာနှင့် အညီ ဝိသုံဂါမမြေစား ပေးပိုင်ခွင့်ရသည်ကို သိအပ်သည်။

၁၈၉၀-ပြည့်နှစ် အောက်တိုဘာလ သုံးရက်နေ့ လွှတ်တော် က အရပ်ရပ် ခရိုင် ဝန်ရှင်တော် မင်းကြီးတို့ထံ ပေးမှာသည့် အခွန်တော်ဘက် (ဆာကြူလာ)မှာ စာနံပါတ်(၁၂၂-၇၂)တွင် ဝိသုံဂါမမြေစား ရလိုသူတို့က အရေးပိုင် ဝန်ရှင်တော်မင်းကြီး အမိန့်တော်ကို ရလိုကြောင်းနှင့် လျှောက်ထားလျှင် လွှတ်တော်

သို့ တင်ပို့ရမည့်အကြောင်းနှင့် ပေးမှာတော်မူသည်။ ၎င်း (ဆာကြူလာ)ခေါ် ပေးမှာစာသည် မြန်မာဘာသာပြန်ဆိုပြီးမရှိ။

၁၈၇၆-ခုနှစ်-မြန်မာနိုင်ငံတော် အောက်ပိုင်းဆိုင်ရာ မြေယာနှင့် အခွန်တော် အက်ဥပဒေအရ ၁၈၉၇-ခု ဇူလိုင်လ (၂၂)ရက် နေ့စွဲနှင့် မြန်မာနိုင်ငံတော် အခွန်ဌာနချုပ် ဝန်ကြီး ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ နံပါတ်(၃၆)ပါ အခွန်တော် အရာရှိတို့ လိုက်နာရန် အမိန့်ဆင့်ဆိုချက် အခန်း(၁) ပုဒ်မ(၄)တွင် –

၁၈၇၆-ခုနှစ်ထုတ် မြေယာနှင့် အခွန်တော်အက်ဥပဒေနှင့် အညီ ပြဋ္ဌာန်းပိုင်းခြားသည့် နည်းဥပဒေအခန်း (၆)အရ သာသနာရေး သာသနာမှု အတွက်ဖြစ်စေ၊ အများပြည်သူတို့ ကိစ္စအတွက် ဖြစ်စေ၊ မြေကို အခွန်တော်လွတ် အပိုင်ပတ္တာ ပေးအပ်ချထား ခြင်းများမှာ ပူးတွဲပါ ပုံစံနံပါတ် (၂) အတိုင်း ဖြစ်စေရမည်။မကြာ မကြာ ဖြစ်ပွားတတ်သည့် သာသနာမှု ပညာမှု နှစ်မျိုးလုံးနှင့် စပ်လျဉ်း၍ မြေကို အလိုရှိသည့်အခါ ၎င်းအပိုင်ပတ္တာ စာချုပ် တွင် ထည့်သွင်းရမည်။ သိမ်သမုတ်ရန် ဝိသုံဂါမမြေစား အသ နားတော် ခံလိုကြောင်းနှင့် လျှောက်ထားသည့်အရာတွင် လျှောက် ထားသူက ဘုရင်ခံမင်း အမိန့်တော်ကို ရလိုလျှင်သာ ဘုရင်ခံ မင်းက အထူးပုံထိုး၍ ထုတ်ပေးတော်မူမည်။ သည်ကဲ့သို့ ဝိသုံ-ဂါမမြေ ရလိုကြောင်းကိုလည်း ရဟန်းသံဃာ မဟုတ်သူများ တို့သာ ၎င်းလျှောက်လွှာ အသီးအသီးတွင် (၈)တန် ရုံးခွန် တော်တံဆိပ်ခေါင်း ကပ်၍ တင်သွင်း လျှောက်ထား စေရမည် ။ ၎င်းလျှောက်လွှာမျိုးကို တင်သွင်းသည့်အခါ ---

(က) လျှောက်ထားသူအမည်နှင့် နေရပ်။

(ခ) လျှောက်တောင်းသည့် မြေချိန် ဧရိယာနှင့် အက်ဥပဒေအရ ပြဋ္ဌာန်းပိုင်းခြားသည့် နည်းဥပဒေ (၂၅)နှင့်အညီ တွက်စစ်၍ ရသည့် ၎င်းမြေတန်ဖိုး။

(ဂ) မြေတည်ရာ ရွာနှင့် ကွင်း။

(ဃ) ဝိသုံဂါမမြေ ပေးမည့်အရာကို သဘောမတူကြောင်းနှင့် လျှောက်ထားလိုသူတို့ လျှောက်ထားနိုင်ရန် ကြော်ငြာပြီးကြောင်း မပြီးကြောင်း။

(င) လျှောက်ထားတောင်းသည့် မြေမှာ ကျောင်းပရိဝုဏ်အတွင်းဖြစ်လျှင် ၎င်းကျောင်းအာရာမ်ပိုင် ဘုန်းတော်ကြီး ဘဲ့အမည်နှင့် တကွ ၎င်းဘုန်းတော်ကြီးက သိမ်သမုတ်ရန် သဘောတူကြောင်း မတူကြောင်းများကို ဖော်ပြရမည် -

ဟူ၍ ပါရှိသည်များကြောင့် မြန်မာနိုင်ငံတော် ဘုရင်ခံမင်းက ဝိသုံဂါမမြေစား အမိန့်တော်ကို ပေးအပ်နိုင်ကြောင်းကို သိလေ။ အခွန်ဌာနချုပ်ဝန်ကြီး၊ အရေးပိုင်မင်းတို့ ဥပဒေအရ ပေးအပ်ပိုင်ခွင့်ရသည်ကို နှုတ်သိမ်းတားမြစ်ခြင်းမရှိ။ ဘုရင်ခံမင်း အမိန့်တော်ကို အလိုရှိသူတို့က တင်လျှောက်သည့် အခါတွင်သာ ဘုရင်ခံမင်းက အမိန့်တော်ထုတ်ပေးမည်ဟူ၍ ဆင့်ဆိုခြင်းမျှသာ ဟူ၍လည်း သိလေ။

ဤသို့ ခင်းပြအပ်ပြီးသော ပါဠိအဋ္ဌကထာ ဋီကာ ဂန္ထန္တရတည်းဟူသော အာဂုမ်တို့ဖြင့်လည်းကောင်း၊ ရှေးနောက် အကျိုးအကြောင်း သဒ္ဒယုတ္တိ အတ္ထယုတ္တိ အမျိုးမျိုး ထောက်စာသဖြင့်လည်းကောင်း၊ ဆိုအပ်ပြီးသော (ဆာကြူလာ) အမိန့်တော်

ပြန်တမ်းကြီးများကို ထောက်စာသဖြင့်လည်းကောင်း၊သုတ်သိလက္ခန် အမှဋ္ဌသုတ် ပါဠိ အဋ္ဌကထာ စသည်တို့၌ ပေါက္ခရသာတိပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏား၊ ရာဇညမင်းတို့အား ဗိမ္ဗိသာရမင်း၊ ပသေနဒီ မင်း စသည်တို့က ဥက္ကဋ္ဌမြို့ စသည်ကို လှူအပ်ပုံ၊ သုတ်ပါထေယျ စက္ကဝတ္တိသုတ်ပါဠိ အဋ္ဌကထာ စသည်တို့၌ လေးကျွန်းရှိ တိုင်းပြည် အသီးသီး မင်းအသီးသီးတို့က စကြာမင်းအား လှူအပ်ပုံ၊ ပကိဏ္ဏ-ကနိပါတ်၌ တာဝတိံသာနတ်ပြည်မှ အနှစ်ခုနစ်ရာကျော်မှ လူ့ပြည် မိမိတိုင်းနိုင်ငံ ပြန်လာသော သာဓိနမင်းကြီးအား မိမိမြေးတော် ရှင်ဘုရင်က လှူအပ်ပုံများကို ထောက်စာသဖြင့် လည်းကောင်း၊ ပကတိဂါမသိမ် ဝိသုံဂါမသိမ် နှစ်ရပ်လုံးတို့၌ ရေမြေကို အစိုးရသော မင်းက ပိုင်းခြားသည်ဖြစ်စေ၊ ထိုမင်းထံမှ ရွာသီး, နယ်သီး, မြို့သီး, ပြသီး ပြုနိုင်လောက်သော ဩဇာအာဏာ ရာထူးဌာနန္တရရသော မှူးမတ်စသည်တို့ကဖြစ်စေ ပိုင်းခြားမှသာ ပကတိဂါမ ဝိသုံဂါမဖြစ် သည်ကို သိအပ်၏။ ထိုနယ်သီးစသည် ပြုလုပ်နိုင်အောင် အာဏာ မရသော နယ်ပိုင်ဝန်ထောက် မြို့အုပ်အစရှိသော တရားမဘက်, ရာဇဝတ်ဘက် တရားသူကြီး၊ ၎ မြေတိုင်းအင်စပိတ်၊ ကွင်းစာရေး စသောသူတို့က ပိုင်းခြားသော်လည်း ပကတိဂါမ ဝိသုံဂါမ မဖြစ်။ ဆိုအပ်ပြီးသော မင်းနှင့် ဆိုအပ်ပြီးသော မှူးမတ်တို့သာ ရာဇာဒိရ ယူရသတည်း။

ရာဇမဟာဋီကာ သမတ္တာ။

---

## ပကတိဂါမသိမ် အကျဉ်းချုပ်ပြခန်း

ဤသို့ ခင်းပြအပ်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ စကားရပ် ဖြင့် ရေမြေကို အစိုးရသောမင်း၊ ထိုမင်းထံမှ နယ်သီး, ရွာသီး,

မြို့သီး ဖြစ်အောင် ပိုင်းခြားနိုင်သော ရာထူးဌာနန္တရကို ရရှိသော မှူးမတ်တို့သည် ပိုင်းခြားအပ်သော သံသာနေသော ရွာ၏ ရွာတပါးနှင့် မရောယှက်သော နယ်နိမိတ် အပိုင်းအခြား အတွင်း အရပ်သည် ဂါမသိမ်မည်၏။ ဈေးသာရှိ၍ တံတိုင်းမရှိ၊ တံတိုင်းသာရှိ၍ ဈေးမရှိသော နိဂုံးတခု၏ နိဂုံးတခုနှင့် မရောမယှက်သော နယ်နိမိတ် အပိုင်းအခြား အရပ်အတွင်းသည် နိဂမသိမ်မည်၏၊ ဈေး, တံတိုင်း နှစ်ပါးစုံရှိသော မြို့တခု၏ တခုသော မြို့နှင့် မရောမယှက်သော နယ်နိမိတ် အရပ်အတွင်းသည် နဂရသိမ်မည်၏။ ဤကား အဓိပ္ပာယ်သိုရင်း အကျဉ်းချုပ်ပေတည်း။ သာစကေ ပါဠိ အဋ္ဌကထာ ဋီကာ ရှေး၌ ထုတ်ခဲ့ပြီ။ ၁၁၄၇ -ခုနှစ် အမရပူရမြို့တည် ဘိုးတော်ကြီးလက်ထက် မောင်းထောင် သာသနာပိုင် ဆရာတော်ကြီးသည် အမေး (၇)ချက်၊ အဖြေ (၇)ချက် ထုတ်၍ (၂၀၊၅) ရှိ ၆ ရေး မောင်းထောင်ဖြတ်ထုံးကြီး ၈၊၈၁၊ ၈၊ ၌ ပြတော်မူ၏၊ ကျယ်အံ့စိုး၍ မရေးပြီ။

ပကတိဂါမသိမ်ဋီကာ ပြီး၏။

---

## ဝိသုံဂါမကို သာစကေနှင့်ပြခန်း

ဝိသုံဂါမသိမ်ဟူသည် တခုသော ရွာ, နိဂုံး, မြို့, နယ်ကြီး အတွင်း၌ တခုသော မြေအရပ်ကွက်ကို နယ်လေးရပ်တို့၌ သတ်မှတ်ပိုင်းခြား၍ ဤမြေအရပ်သည် ရွာသီး, နိဂုံးသီး, မြို့သီး, နယ်သီး ဖြစ်စေဟု ရေမြေကို အစိုးရသော မင်းက ဖြစ်စေ၊ ထိုမင်းထံမှ ယင်းသို့ ပိုင်းခြား၍ ပေးနိုင်သော အာဏာ ဌာနန္တရကို ရရှိသော မှူးမတ်တို့က ဖြစ်စေ မြို့, နိဂုံး, ရွာ, နယ်သီး ပြုလုပ်ခဲ့သော် ထိုအရပ်ကွက်သည် အသီးသော ဂါမသိမ်တခု ဖြစ်၏။

ပါဠိ၊ ဘာသာအားဖြင့် ဝိသုံဂါမမြေခေါ်၏။ ဆိုအပ်ပြီးသော မင်းစိုး ရာဇာတို့က မိမိတို့ပိုင် နယ်အတွင်း မည်သည့် နေရာမဆို၊ ဆိုအပ်ပြီးသော နည်းလမ်းအတိုင်း ပိုင်းခြားခဲ့လျှင် ဝိသုံဂါမ ဖြစ်သည်ချည်း။

ဘိုးတော်ဘုရား လက်ထက်၌ ဆရာတော် ဦးဗုဓ်၏ တိုက်က ဦးပဥ္စင်းတပါးကို မိဖုရား မယ်နုက ရဟန်းခံပုံကို သိမြင်လို၍ နန်းတော်တွင် ဝိသုံဂါမ ခံစေပြီးလျှင် ရဟန်းခံဖူးကြောင်း ဆရာစဉ်ဆက် ကြားရဖူး၏။ သီပေါမင်းတရား လက်ထက်မှာလည်း ထိုအတူ နန်းတော်ပေါ်တွင် ဝိသုံဂါမ ခံစေပြီးလျှင် ရဟန်းခံဖူးကြောင်း၊ ထိုရဟန်းကို တို့ကိုယ်တိုင် တွေ့ဖူး၏။ စံကျောင်း ဆရာတော်ဘုရားကြီး ရေးသားအပ်သော ထိုစာတမ်းသည် ငါတို့ လက်တွင်ရှိ၏။ ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ (၃၃၃)၌ –

> ယမ္ပိ ဧကသ္မိံယေဝ ဂါမခေတ္တေ ဧကံ ပဒေသံ "အယံ ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ—

ဟု မိန့်တော်မူသတည်း။

## ဝိသုံဂါမသိမ် အင်္ဂါ (၄)ပါးကို ထုတ်ပြခန်း

ဋီကာ အဋ္ဌကထာ စကားရပ်၌ ပိဏ္ဍတ္ထလိုရင်းထုတ်သော် –

(၁) ပကတိ ဂါမခေတ်လည်းဖြစ်စေ၊

(၂) ထိုပကတိ ဂါမခေတ်အတွင်း တစိတ်သော မြေအရပ်လည်း ဖြစ်စေ၊

(၃) အဋ္ဌကထာပြ အာကာရဖြင့် သတ်မှတ်ပိုင်းခြားသည်လည်း ဖြစ်စေ၊

(၄) သတ်မှတ်ပိုင်းခြားသော သူသည် ရေမြေကို အစိုးရသော မင်းလည်း ဖြစ်စေ၊

ဤအကြောင်း လေးပါးစုံလင်မှ ဝိသုံဂါမမြောက်၍ ဥပုသ် ပဝါရဏာစသော ကံကြီး ကံငယ် ပြုထိုက် ပြုကောင်းသည်။ ဤအဓိပ္ပာယ်ကို ပြသည်။

ထိုအင်္ဂါလေးပါးတို့တွင် ပထမအင်္ဂါဖြင့် ဂါမခေတ်မှ ကင်းသော မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင် စသည်တို့၌ မင်းတို့ပိုင်းခြား၍ ရွာသီး, နယ်သီး ပြုသော်လည်း ဝိသုံဂါမ မဖြစ်ဟု ပြသည်။

ဒုတိယ အင်္ဂါဖြင့် ပကတိဂါမခေတ် တခုလုံးကို ရှေးနည်းအတိုင်း ပြုသော်လည်း ဝိသုံဂါမ မဖြစ်ဟု ပြသည်၊ တတိယ အင်္ဂါဖြင့် ဤအရပ်ကွက်သည် ဘုရားမြေ ဖြစ်စေ၊ ကျောင်းမြေဖြစ်စေ ဤသို့စသည်ဖြင့် အပိုင်းအခြားထား၍ လှူဒါန်းသော်လည်း ဝိသုံဂါမ မဖြစ်ဟု ပြသည်၊ စတုတ္ထအင်္ဂါဖြင့် မင်းနှင့် မင်းထံမှ ပိုင်းခြားခွင့် အာဏာရ မှူးမတ်တို့မှတပါး ပိုင်းခြားခွင့် အာဏာမရသော မှူးမတ်တို့ မိမိတို့အလျောက် ပိုင်းခြားသော်လည်း ဝိသုံဂါမ မဖြစ်ဟု ပြသည်၊

ဤအင်္ဂါလေးပါးတို့တွင် –

ပထမအင်္ဂါမှာ ကေသိံစိယေဝ ဂါမခေတ္တေ -ကို သာကေမူသည်။

ဒုတိယအင်္ဂါမှာ ကေံ ပဒေသံ- ဟူသော ပရိစ္ဆိန္ဒိတဗ္ဗမြေပြ အဋ္ဌကထာကို သာကေမူသည်။

တတိယအင်္ဂါမှာ အယံ ဝိသုံဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတွာ - ဟူသော အာကာရ, အာကာရဝန္တပြ အဋ္ဌကထာကို သာကေမူသည်၊

စတုတ္ထအင်္ဂါမှာ ရာဇာ-ဟူသော ရေမြေကို အစိုးရသောမင်းပြ အဋ္ဌကထာကို သာကေမူသည်။

ကဿစိ ဒေတိ-ကား ဗလိံ လဘန္တိ -ဟူသော အဋ္ဌကထာကဲ့သို့ ယေဘုယျနည်း ပြသတည်း၊အင်္ဂါပြ မဟုတ်။ အဘယ့်ကြောင့်နည်းဟူမူကား ဂဏဘောဇန သိက္ခာပုဒ်၌ ရှေးဖြစ်သော ပဋိဂ္ဂဟဏကြိယာ နောက်ဖြစ်သော ဘုဉ္ဇနကြိယာနှစ်ပါးတို့တွင် ရှေးဖြစ်သော ပဋိဂ္ဂဟဏ ကြိယာသာ ပြဋ္ဌာန်းကြောင်း၊ ပဋိဂ္ဂဟဏမေဝ ပမာဏံ - ဟု ဆိုသဖြင့် သိရသကဲ့သို့ ဤဝိသုံဂါမ အရာမှာလည်း ပရိစ္စဇနကြိယာသာ ပမာဏဖြစ်သည်၊ နောက် ဒါနကြိယာ ပမာဏမဖြစ်။ ပါဠိတော်သွားကို နာနာမျှော်လေ။ ဂါမ, နိဂမ, နဂရ, အပိုင်းအခြားအတိုင်း သိမ်ဖြစ်ပုံကို ပြတော်မူလို၍ ဝိမတိဝိနောဒနီ၌ ပရိစ္စဇနဘူမိဘာဝေါ။ ဝိနယဝိနိစ္ဆယဋီကာ၌ သဗ္ဗဒိသာသု သိမံ ပရိစ္ဆိန္ဒိတွာ- စသောစကား၊ ဝိနယဂုဠှတ္ထပကာသနီ၌ ပရိစ္ဆိန္ဒိတွာတိ ကာရဏံ-စသော စကားကို မိန့်ဆိုကြသတည်း။ ထိုစကားရပ်တို့တွင် ပရိစ္ဆိန္ဒိတွာတိ ကာရဏံ-ဖြင့် ပရိစ္ဆိန္ဒိတွာ- ပုဒ်သည် မင်း၏အပိုင်းအခြားကို ပြုခြင်းသည်သာ ဆိုအပ်ပြီးသော မြေအဖို့၏ ဝိသုံဂါမ ဖြစ်ခြင်းအကြောင်းတည်း၊ ဤအနက်ကို ပြသည်။ ဤအရပ်သည် ဝိသုံဂါမဖြစ်စေဟူ၍ မင်းပိုင်းခြားခြင်းကြောင့် ဝိသုံဂါမ ဖြစ်သည်သာတည်း။ ဤကား အဓိပ္ပာယ်။

ထို့ကြောင့် ပရိစ္ဆိန္ဒိတွာ-ပါဠ်ကား ထိုနောက် ဝိသုံဂါမော ဟောတိ-ယေဝ- နှင့်လည်း အနက်အားဖြင့် စပ်သည်သာတည်း၊ ပိုင်းခြား၍ မင်းပေးအပ်သော အရပ်သည် ဝိသုံဂါမဖြစ်၏။ ဤအဓိပ္ပာယ်ကို မယူအပ်၊ ယူခဲ့သော် ဆိုအပ်ပြီးသော သာဓကအရပ်ရပ်တို့နှင့် ဆန့်ကျင်သတည်း၊ လာရင်း ပါဠိတော်နှင့်လည်း သဘောအားဖြင့် ဆန့်ကျင်ရာသတည်း။ ဤသို့သော အကြောင်းကြောင့် ဆိုအပ်ပြီး

သော စကားသာ အင်္ဂါပြစကားဟု ပုံသေ မှတ်အပ်၏။ သောပိ-ဟူသော နိယတ ဝါစကပဒ -ဖြင့်လည်း ပရိစ္ဆိန္ဒိတဗ္ဗပဒေသ -ကိုသာ စွဲအပ် သုံးသပ်အပ်သတည်း။ ဒါတဗ္ဗပဒေသ -ကို မစွဲအပ် မသုံးသပ်အပ်။ ဤဝိသုံဂါမပြ ဝါကျကို သာဓကေပြု၍လည်းကောင်း၊ ခင်းပြအပ်ပြီးသော ဝိမတိဝိနောဒနီ၊ ဝိနိစ္ဆယဋီကာ၊ ဝိနယာ-လင်္ကာရဋီကာ၊ ဂဏ္ဌိတ္ထပကာသနီတို့ကို သာဓကေပြု၍လည်းကောင်း ယတ္တကေ ပဒေသေ စသော အဋ္ဌကထာစကားရပ်၌—

ယတ္တကံ ပဒေသံ "ဧတ္တကော ဘူမိဘာဂေါ ဂါမော ဟောတု"တိ ရာဇာ ပရိစ္ဆိန္ဒတိ။ အယံ ပဒေသော အပ္ပေါ ဝါ ဟောတု၊ မဟန္တော ဝါ၊ ဂါမသီမာတွေဝ သင်္ချံ ဂစ္ဆတိ—

ဟု ဆိုလိုရင်း မူလပါဒက ဖြစ်သော အဋ္ဌကထာဆရာ အာဘော်ကို သိနိုင်ရာသတည်း။ ထို့ကြောင့် မင်းသည်လည်းကောင်း၊ မင်းမှ နယ်သီးခြားပြုနိုင်သော အာဏာ ဌာနန္တရ, ရ မှူးမတ်သည် လည်းကောင်း ပိုင်းခြားသျှင် ပကတိဂါမ ဖြစ်၏ဟူသော မိမိ၏ စကားကို သာဓကေပြုကြရာ၌ - ပရိစ္ဆိန္ဒိတဗ္ဗာ ရာဇာ ကဿစိ ဒေတိ - ပါဌ်ကို သာဓကေ ပြုကြသတည်း။

## ဘုရားမြေ၊ ကျောင်းမြေ၊ ဝတ္ထုကံမြေများ ဝိသုံဂါမ မဖြစ်ကြောင်း ပြဆိုခန်း

ယင်း ဝိသုံဂါမ ပေးရာ၌ ၎င်းအာကာရမပါလျှင် ဝိသုံဂါမ မမြောက်၊ ထို့ကြောင့် ဘုရားမြေ ကျောင်းမြေများ ဝိသုံဂါမ မဖြစ်။ ဖြစ်ကြောင်း ကျမ်းဂန်မရှိ။ ဝိသုံဂါမ မြေစား အသနားတော် မြတ်ခံစေဟု ပေးရာ၌ "အယံ ပဒေသော ဝိသုံဂါမော ဟောတု" ဟူသော အာကာရပါဝင်သည်ဟု မိုင်းခိုင်းဆရာတော် မိန့်သည်

ကို သတိမူအပ်၏။ ဤကို သတိမမူမိ၍ ဆရာတော် ဦးဗုဓ်သည် ဝတ္ထု ကံမြေ၌ သိမ်အမိန့်မခံပဲ သိမ်သမုတ်ဖူးကြောင်း။ ခင်မွန်ဆရာတော်ကြီးသည် တိုက်သူကြီးထံ သိမ်မိန့်ခံ၍ သိမ်သမုတ်ဖူးကြောင်း ဤသို့ စသည် ပညာရှိ သတိဖြစ်ခဲ ဆိုသည်အလိုက် ပမာဒအားဖြင့် မှားယွင်းကြ၏။ဗားကရာ သာသနာပိုင် ဆရာတော်၊ ဗန်းမော်ဆရာတော်၊ ကျီဝန် ဆရာတော်တို့နှင့် တကွ ရှေးသုဓမ္မာ ဆရာတော်ကြီးများလည်း ၎င်းဝါဒကို မနှစ်သက်သဖြင့် အာကာရပါမှ ဝိသုံဂါမ ဖြစ်ကြောင်း မိန့်တော်မူကြ၏။

အဋ္ဌကထာ ရှေ့ပကတိဂါမပြ ဗလိ လဘန္တိ -ဟူရာမှာလည်း ဤသို့ မင်းပိုင်းခြားသော် အခွန်မတောင်းမီကပင် ဂါမ မည်ပြီးရကား ဤဂါမသည် ဤမျှ အတိုင်းအရှည်ရှိသော အခွန်အတုတ်သည် ဖြစ်စေဟု မင်း၏ ကမ္ပည်း အက္ခရာ စာတို့၌ ရေးတင်၍ ရွာစောင့် ရွာစားတို့အား လစာ, ရိက္ခာ, ဌာနန္တရ စသော အသို့ငှာ ပေး၍ မင်းပိုင်းခြားအပ်သော မြေ၌ အခွန်အတုတ် တောင်းယူက မင်းတို့ ပိုင်းခြားအပ်သော တခုသော ဂါမခေတ်၏အတွင်း ဖြစ်သော ဤအရပ်သည် ဤရွာ၏ ခေတ်ဟု တခုသော ဂါမခေတ်ဟု ဆိုအပ်သော ရွာအပိုင်းအခြား ထင်ရှားသည်ကို နှလုံးထားတော်မူ၍ အဋ္ဌကထာ၌ ရွာစားတို့၏ အခွန်ယူရခြင်းဖြင့် မှတ်၍ဆိုတော်မူသည်ဟု တနည်းမှတ်အပ်သေး၏။ ယခုကာလ၌ ဘုရင်ခံမင်းထံမှာလည်းကောင်း၊ အရေးပိုင်ထံမှာလည်းကောင်း၊ ခရိုင်ဝန့်ရှင်တော်ထံမှာလည်းကောင်း သိမ်အမိန့်စာခံ၍ သမုတ်ခြင်း၊ အမိန့်စာမခံမူ၍ နယ်သိမ်းသမုတ်ခြင်း နှစ်ရပ်တို့တွင် ဉတ်ကမ္မဝါစာ ရွတ်ဖတ်ခြင်း၊ သိမ်အမိန့်စာခံခြင်း နှစ်ရပ်လုံးပြုသဖြင့် ဒဠှီကမ္မဖြစ်ရကား ပထမနည်းသည် ကောင်းမြတ်၏။ ဒုတိယနည်းမှာ ငါတို့တပည့် သားမြေး စဉ်ဆက် မပြုလုပ်ကြရာ၊ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

များမှာမူကား ငါတို့ကဲ့သို့ပင် မိမိမပိုင် သိမ်သမုတ်ရုံမျှဖြင့်ပင် အလေး ပြု၍ ပင့်ဖိတ်ကြရာ၌ တပါးပုဂ္ဂိုလ်တို့နှင့် မဆန့်ကျင်စေပဲ အလိုက်သင့် သမုတ်ခဲ့တော်မူကြသတည်း။ မိမိပိုင် သိမ်သမုတ်ဖြစ်မူကား ပထမ နည်းကိုသာ အသုံးပြုတော်မူကြသည်ကို ကိုယ်တိုင် သိရသတည်း။ ဤအချက်၌ ပြောစရာ ရေးစရာ အလွန်တရာများ၏။ သို့သော် ဤမျှဖြင့်ပင် ပညာရှိသူတော်ကောင်းတို့မှာ "ပညာရှိစကား မိုးကြိုး သွား"၊ "မင်းကြောင်စကား တခွန်းထား"၊ "ဘုရင်မှန်လျှင် မှန်မည်"။ သို့နည်းရရာပြီဖြစ်၍ အကျယ်တဝင့်မရေးပြီ။

## အင်္ဂလိပ်မင်းတို့ အနာဂတ် သိမ်အမိန့်စာပေးခြင်း အပ်၊ မအပ် ပြဆိုခန်း

တရပ်မှာလည်း ဘုရင်ခံမင်း သိမ်အမိန့်စာ စသည်၌ သိမ်သမုတ် ခြင်းမှတပါး တခြား တစုံတရာ အသုံးပြုလျှင် သနားတော်မူရင်း အမိန့်တော်ကို နုတ်သိမ်းစေ ဟူသော အဖျားသတ်စကားကို ထောက်၍ သိမ်သမုတ်ပြီးမှ ၎င်းမြေကို ဝိသုံဂါမမြေစားခံသူ ပိုင်ကြောင်း၊ သိမ်မသမုတ်မီ မပိုင်သေးကြောင်း။ ယင်း မင်းပိုင်းခြား အပ်သောမြေသည် သိမ်သမုတ်မပြီးမီ ဝိသုံဂါမ မဖြစ်၊ သိမ်သမုတ်ပြီးမှ ဖြစ်သတည်း။

ဤသို့ အစ္ဆိန္နနသိက္ခာပုဒ် အဋ္ဌကထာ၊ ၎င်းအဖွင့် တေရသကဏ္ဍ ဋီကာတို့ကို ထောက်၍ ယူတော်မူကြသတည်း။

"မမ သန္တိကေ ဥပဇ္ဈံ ဂဏှန္တဿေဝ ဒေမိ၊ အညတ္တ ဂဏှန္တဿ န ဒေမိ။ ဝတ္တံ ကရောန္တဿေဝ ဒေမိ၊ အကရောန္တဿ န ဒေမိ။ ဓမ္မံ ပရိယာပုဏန္တဿေဝ ဒေမိ၊ အပရိယာပုဏန္တဿ န ဒေမိ။ အဝိဗ္ဘမန္တဿေဝ ဒေမိ၊ ဝိဗ္ဘမန္တဿ န ဒေမိ"တို့ ဧဝံ ပန ဒါတုံ

န ဝဋ္ဋတိ၊ ဒဒတော ဒုက္ကဋံ။ အာဟာရာပေတုံ ပန ဝဋ္ဋတိ။ စဇိတွာ ဒိန္နံ အစ္ဆိန္ဒိတွာ ဂဏှန္တော ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗော။ (ပါရာဇိက အဋ္ဌကထာ၊ဒု၊၃၀၂။)

အာဟာရာပေတုံ ပန ဝဋ္ဋတီတိ ဝေဝံ ဒိန္နံ ဘတိသဒိသတ္တာ အာဟာရာပေတုံ ဝဋ္ဋတိ။ စဇိတွာ ဒိန္နန္တိ ဝုတ္တနယေန အဒတွာ အနပေက္ခေန ဟုတွာ တထေဝ ဒိန္နံ။ ဘဏ္ဍဂ္ဃေန ကာရေတဗ္ဗောတိ သကသညာယ ဝိနာ ဂဏှန္တော ဘဏ္ဍံ အဂ္ဃါပေတွာ အာပတ္တိယာ ကာရေတဗ္ဗော။ (**သာရတ္ထ** ဒု-၄၄၁။)

## တေရသကဏ္ဍဋီကာ၌ ပါဌ်သေသကြွင်းပုံကို ပြဆိုခန်း

၎င်းတေရသကဏ္ဍဋီကာ စကားရပ်၌ ဘတိသဒိသတ္တာ မူလ ဟိတ်ပြစကားနောင် ယာဝ ဥပဇ္ဈာဂ္ဂဟဏာဒိကေ သဒ္ဒိဝိဟာရိကာ န ကရောန္တိ။ တာဝ ဒိန္နပတ္တစီဝရဿ ဥပဇ္ဈာယဿေဝ သန္တကတ္တာ.... ဟူသော ဥပထမ္ဘကဟိတ်ကူ စကားကို ထည့်စွက်၍ သမ္ဗန်ရမည်။ ၎င်းအဋ္ဌကထာ ဋီကာ စကားသာမညတို့ကို ထောက်မူ ၎င်းဆရာ တော်များ အလိုဆန္ဒအတိုင်း ဟုတ်မှန်ရာ၏၊ သို့သော် ပညာရှိ သတိပြုစ်ခဲဆိုသည့်အတိုင်း ပညာကားရှိကြပါပေ၏၊ သတိချွတ်သဖြင့် ပမာဒလေဟု ထင်မိသတည်း။ သိမ်သမုတ်ရန် အမိန့်စာခံရာ သိမ် သမုတ်ဖို့သာ ပေးသတည်း။အခြားဖို့ ပေးသည်မဟုတ်။ သိမ်သမုတ် လျှင် ပေးစဉ်ကပင် မြောက်၏၊ အခြားကိစ္စဆောင်လျှင် မမြောက်၊ ထို့ကြောင့် သာကေမမြောက်ထင်သတည်း၊ ပေးပုံကို ကြပ်ကြပ် စဉ်းစားလေ။

တနည်းအားဖြင့် ထိုစကားကို ခွဲဦးအံ့၊ ရဟန်းတို့အရာနှင့် လူတို့ အရာသည် ခြားနားလှ၏၊ ရဟန်းတို့မှာ ကာယဒွါရ ဝစီဒွါရမှာ

ပညတ်ပေ၏၊ လူတို့မှာ မနေ့ဘ္ဓါရပါ ပညတ်ပေ၏။ ရဟန်းတို့မှာ ဝိနည်းနှင့် ဆိုင်သည်၊ လူတို့မှာ သုတ္တန်နှင့် ဆိုင်သည်။ ရဟန်းတို့မှာ အနာဂတ်ပေးခြင်း၊ စိတ်ဖြင့် ပေးခြင်း မမြောက်၊ လူတို့မှာ နှစ်ပါးလုံးမြောက်၏။ ဤသို့စသည် သတိထားသင့်လေသည်။ ယခု ပေးသူ အစိုးရတို့က လူတို့ ဖြစ်လေသည်၊ ထို့ကြောင့် အနာဂတ် ပေးခြင်း စိတ်ဖြင့်ပေးခြင်းပင် မြောက်၍ သိမ်မသမုတ်မီကပင် ဝိသုံဂါမ မြောက်၏ဟု ကေနွနိဿံသယအားဖြင့် မှတ်အပ်၏။ ထို့ကြောင့် စူဠဝဂ်အဋ္ဌကထာဘိက္ခုနီခန္ဓက (၁၃၀)၌–

သစေ ဟိ ပဋ္ဌသု သဟမ္မိကေသု ယော ကောစိ ကာလံ ကရောန္တော "မမစ္စယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ သဒ္ဓိဝိဟာရိကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿ ဝါ ယဿ ကဿစိ ဟောတူ"တိ ဝဒတိ၊ တေသံ န ဟောတိ၊ သံဃဿေဝ ဟောတိ။ န ဟိ ပဋ္ဌန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရူဟတိ၊ ဂိဟီနံ ပန ရူဟတိ–

ဟု မိန့်တော်မူသည်။ ဤအဋ္ဌကထာ စကားရပ်ဖြင့် သိတင်းသုံးဖော် ငါးယောက်တို့တွင် တယောက်ယောက်သည် ငါသေသောအခါ၌ ငါပိုင် ပစ္စည်းများကို ဥပဇ္ဈာယ် စသည်တို့တွင် တဦးဦးအား ဖြစ်စေ၊ ရစေဟု ပေးခြင်းသည် အစ္စယဒါနမည်သည်။ အနာဂတ်ပေးခြင်း အနေကန္တိကပေးခြင်းလည်း မည်သည်။ ယင်းသို့ ပေးခြင်းသည် မသေမီလည်းကောင်း၊ သေရာကာလ၌လည်းကောင်း ပေးအပ်သော သူတို့အား မရောက်။ လူတို့သည် ယင်းကဲ့သို့ ပေးမှုကား မသေမီ လည်းကောင်း၊ သေရာဌာန၌လည်းကောင်း ရောက်၏ဟု ပြတော်မူ သတည်း။ ယင်းသို့ သိတင်းသုံးဖော် ငါးဦးတို့၏ အနာဂတ်ပေးခြင်း

သာ ပေးအပ်သောသူအား မရောက်ကြောင်း၊ လူတို့၏ပေးခြင်းကား ပေးအပ်သော သူတို့အား ရောက်ကြောင်း အဌကထာ၌ပင် လာပြီးဖြစ်သောကြောင့် အစိုးရမင်းဖြစ်သော လူတို့၏ သိမ်သမုတ်လျှင် ပေး၏။ တပါးကိစ္စပြုလျှင် မပေး-ဟုဆို၍ ပေးခြင်းသည် သိမ်သမုတ်သူမှာ ပေးရာကာလကပင် ပေးခြင်းမြောက်၏၊ ဝိသုံဂါမ မြေစားခံသူ ပိုင်၏၊ တပါးသော ကိစ္စပြုသူမှာ ပေးခြင်းမမြောက်။ အစိုးရမင်းနှင့် မြေရှင်တို့ပင် ပိုင်၏။ ဤသို့ သံသယ ကင်းရှင်းစွာ သိမှတ်ကြရာသတည်း။ နန်းတော်တွင် ဝိသုံဂါမ ပေးနည်းကို ဤစံကျောင်း ဆရာတော်ဘုရားကြီး ဝိနိစ္ဆယဖြင့် သိအပ်၏။

## နန်းတော်ပေါ် ဝိသုံဂါမပေးပုံ ပြဆိုခန်း

သက္ကရာဇ်(၁၂၄၆)ခုနှစ် ဝါတွင်း ရွှေနန်းတော်အတွင်း ရဟန်းတော်ပြုရာ ဝိသုံဂါမ ပေးပုံ။

ယခုနှစ် ဝါတွင်း ရဟန်းတော်ပြုရာ ဝိသုံဂါမပေးရန် ဝိသုံဂါမ ပေးပုံကား—

> ယမ္ပိ ကေသိဉ္စိယေဝ ဂါမခေတ္တေ ကဉ္စိ ပဒေသံ "အယံ ပဒေသော ဝိသုံဂါမော ဟောတူ"တိ ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ။ သောပိ ဝိသုံဂါမသီမာ ဟောတိယေဝ။
>
> (ဝိနည်းမဟာဝါ၊ ၄၊ ၃၃၃)

ကေသိဉ္စိယေဝ ဂါမခေတ္တေ၊ တခုတည်းသော ဂါမခေတ် ဂါမနယ် ဂါမသိမ်၌သာလျှင်။ ယမ္ပိ ကဉ္စိ ပဒေသံ၊အကြင် တခုသော အရပ်ကိုလည်း။ အယံ၊ ဤရေမြေသေဌ်နှင်း ပြည့်ရှင်မင်း အလိုရှိအပ်သော အရပ်ဌာန ပဒေသသည်။ဝိသုံဂါမော၊ ဝိသုံဂါမသည်။ ဝါ၊

ရွှာသီးရွာခြားသည်။ ဟောတုဖြစ်လော။ ဝါ၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ပရိစ္ဆိန္ဒိတွာ၊ အမိန့်တော်စကားတော်ဖြင့် ပိုင်းခြား၍။ ရာဇာ၊ ရေမြေ သေဌ်နင်း ပြည့်ရှင်မင်းသည်။ ကဿစိ၊ တစုံတယောက်သောသူအား။ ဒေတိ၊ ပေးတော်မူလေအံ့။ သောပိ ပဒေသော၊ ထိုရေမြေသေဌ်နင်း ပြည့်ရှင်မင်းအလိုရှိအပ်သော အရပ်ဌာန ပဒေသသည်လည်း။ ဝိသုံ၊ အသီးအခြား။ ဂါမသီမာ၊ ဂါမသိမ်သည်။ ဝါ၊ ဂါမခေတ်သည။ ဝါ၊ ဂါမနယ်သည်။ ဟောတိယေဝ၊ သုံးလူထွတ်ထား မြတ်စွာဘုရား အမိန့်တော် ကမ္မဝါစာနှင့် မရောယှက်ပဲ ရေမြေ သေဌ်နင်း ပြည့်ရှင်မင်းတို့ အမိန့်တော်စကားဖြင့်သာလျှင် ဖြစ်သည်သာလျှင်တည်း။

ဤသို့ ကင်္ခါဋ္ဌကာသစ်, ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓက အဋ္ဌကထာ လာသည့်အတိုင်း ရေမြေသေဌ်နင်း ပြည့်ရှင်မင်းသည် ငါအလိုတော်ရှိအပ်သော ဤမျှအတိုင်းအရှည်ရှိသော အရပ်ကို မျှူးတော် မတ်တော် မည်သည့်သူအား အသီးအခြားဂါမအဖြစ်ဖြင့် ပေးသနားတော်မူသည်။ ဝိသုံဂါမ မြေစား သနားတော်မြတ်ခံစေ။ ဤသို့ အလိုတော်ရှိရာ တစုံတယောက်သော မိန်းမယောကျ်ားအား ပေးသနားတော်မူလျှင်ပင် ဝိသုံဂါမပေးခြင်းကိစ္စ ပြည့်စုံ၏။ ရဟန်းခံခြင်းကိစ္စ ပြည့်စုံပြီးသည့်အခါ ဝိသုံဂါမမြေစား သနားတော်မြတ် ခံရသောသူက ထိုဝိသုံဂါမမြေအရပ်ကို ရေမြေသေဌ်နင်း ပြည့်ရှင်မင်းအား တဖန်ပြန်၍ ဆက်ပြန်လျှင် ဝိသုံဂါမကိစ္စ ငြိမ်းပြန်၏။ ဝိသုံဂါမ မြေစားသနားတော်မြတ် ခံရသောသူက တဖန်မဆက်သော်လည်း ရေမြေသေဌ်နင်း ပြည့်ရှင်မင်းက သိမ်းယူလျှင်ပင် ဝိသုံဂါမကိစ္စ ငြိမ်းပြန်၏၊ ရဟန်း သံဃာတော်တို့ ကံကြီးကံငယ် ဆောင်ရွက်ခြင်းငှာ မထိုက်ပြီ၊ ပကတိအတိုင်း ဖြစ်လေပြန်၏။

ရာဇူနံ ဠဠ္ဌာဝသေန ပဝတ္တာ ဝိသုံဂါမသီမာ စ ဗဒ္ဓသီမာ ဝိယ သဗ္ဗကမ္မာရဟာ။ (ဝိနယာလင်္ကာရဋီကာ၊ ပ၊ ၃၄၉)

သုဒဿနဇေ အတုလာဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရုတိ လဒ္ဓလဉ္ဆန စံကျောင်း အာစရိယာသဘေန သယမေဝ တဒါ ရစိတော။ ဝိသုံဂါပဝိနိစ္ဆယော သမတ္တော။

အနာဂတဒါနဋ္ဌီကာ သမတ္တာ။
ဝိသုံဂါမဋ္ဌီကာ သမတ္တာ။

## သတ္တဗ္ဘန္တရသိမ် သာဓကစုံယူပုံပြခန်း

လူတို့နေထိုင်ရာ မြို့ရွာနယ်မှ အလွတ်ဖြစ်၍ ဤအရပ်ကား မည်သည့် မြို့ရွာ နိဂုံး နယ်ဖြစ်သည်ဟု ပြောဆိုရာ မဟုတ်သော တောအရပ် တောင်အရပ်များ၌ ရဟန်းသံဃာများ နေရာမှ ပြင်ပ အရပ်လေးမျက်နှာတွင် အရှေ့မျက်နှာ (၁၉၆) တရာကိုးဆယ့် ခြောက်တောင်၊ တောင်မျက်နှာ (၁၉၆) တရာကိုးဆယ့်ခြောက် တောင်၊ မြောက်မျက်နှာ (၁၉၆) တရာကိုးဆယ့်ခြောက်တောင်၊ အနောက်မျက်နှာ (၁၉၆) တရာကိုးဆယ့်ခြောက်တောင် အတွင်း အရပ်သည် သတ္တဗ္ဘန္တရသိမ်မည်၏။

ထို့ကြောင့် ဝိနည်းမဟာဝါ ပါဠိတော်(၁၅၀)၌-

အဂါမကေ စေ ဘိက္ခဝေ အရညေ သမန္တာ သတ္တဗ္ဘန္တရာ။
အယံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာ —

ဟု ဟောတော်မူသည်။ ဝိနည်းမဟာဝါအဋ္ဌကထာ (၃၃၃)၌လည်း-

အဂါမကေ စေတိ ဂါမနိဂမနဂရသီမာဟိ အပရိစ္ဆိန္နေ အဋ္ဌဝိပ္ပဒေသေ။ အထ ဝါ အဂါမကေ စေတိ ဝိဇ္ဈာဋဝိသဒိသေ

အရညေ ဘိက္ခု ဝသတိ၊ အထသ္မာ ဌိတောကာသတော သမန္တာ သတ္တဗ္ဘန္တရာ သမာနသံဝါသကသိမာတိ အတ္ထော-ဟု ဖွင့်တော်မူသည်။

ဤအဋ္ဌကထာ၌ ဒုတိယနည်းအလိုကား - ဟိမဝန္တာတောကြီးဝယ် အနောတတ်အိုင် တောင်မျက်နှာ ဆင်ခံတွင်းမှ ထွက်သော အာဝဋ္ဋဂင်္ဂါ၊ ကဏှဂင်္ဂါ၊ အာကာသဂင်္ဂါ၊ ဗဟာလဂင်္ဂါ၊ ဉမင်္ဂဂင်္ဂါ (မ၊ဋ္ဌ၊၃။၂၆။ အံ၊ဋ္ဌ၊၃၊၂၇၄။)တို့တွင် ဉမင်္ဂဂင်္ဂါကို ကန့်လန့်ဆီး၍ ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ ဟူသော မြစ်ကြီးငါးသွယ် ခွဲမြာရာအစ ဝိဉ္ဈတောင်ကြီး၌ တည်သော ဝိဉ္ဈတောကြီးပမာ လူတို့ နေရာဟု မဆိုထိုက်သော အရပ်၌ သတ္တဗ္ဘန္တရသိမ်ကို ရအပ်သည်ဟု ဆိုလိုသတည်း။

ယင်းပါဠိ အဋ္ဌကထာတို့၌ သတ္တဗ္ဘန္တရဟူသော စကား၌ လူတို့ (၂၈) တောင်ကို အဗ္ဘန္တရတခု ဆိုသည်။ အဗ္ဘန္တရ (၇) ခုသော် (၂၈) တောင် (၇) လီဖြစ်၍ (၁၉၆) တောင် ဖြစ်သတည်း။ အရှေ့၊ အနောက်၊ တောင်၊ မြောက် သို့အတိုင်း တာလျှင် (၁၉၆) ၂-လီစီဖြစ်၍ (၃၉၂)တောင် ဖြစ်၏။ သံဃာ စွန်းက တာရသည်၊ သံဃာ့အလယ်ကို ထောက်၍ မတာရ။ သံဃာတိုးပွားတိုင်းလည်း သိမ်တိုးပွား၏၊ ထို့ကြောင့် ၎င်းမဟာဝါအဋ္ဌကထာ (၃၂၃)၌ - ဧကံ အဗ္ဘန္တရံ အဋ္ဌဝီသတိ ဟတ္ထပမာဏံ ဟောတိ-ဟု မိန့်၏။ နိဿဂ္ဂိယပါစိတ် ဥဒေါသိတသိက္ခာပုဒ် ပါရာဇိက ဋ္ဌ၊ ဒု၊ (၂၃၅)၌ကား- အဋ္ဌဝီသတိ ဟတ္ထံ ဟောတိ-ဟု ရှိ၏။ ၎င်း ဥဒေါသိတ-သိက္ခာပုဒ်အဋ္ဌကထာ (ပါရာဇိက ဋ္ဌ-ဒု-၂၃၆)၌ ယတ္တကံ ဘိက္ခုသံဃော ဝဍ္ဎတိ၊ သီမာပိ တတ္တကံ ဝဍ္ဎတိ - ဟု မိန့်တော်မူသတည်း။

ဝိနယဝိနိစ္ဆယ အဋ္ဌကထာ (၂၄၆) ၌ လည်း—

အဂါမကေ အရညေ တု၊ သတ္တဗ္ဘန္တရာ ပန။
သမန္တတော အယံ သီမာ၊ သတ္တဗ္ဘန္တရနာမိကာ။

ဧကံ အဗ္ဘန္တရံ ဝုတ္တံ၊ အဋ္ဌဝီသတိဟတ္ထကံ။
ဂုဠုကြေ္ခပနယေနေဝ၊ ဥဒကုကြေ္ခပကာ မတာ။

လ္မာ ဒွေ ပန သီမာယော၊ ဝဍ္ဍန္တိ ပရိသာဝသာ။
အဗ္ဘန္တရူဒကုက္ခေပါ၊ ဌိတောကာသာ ပရံ သိယုံ။
ဟု ဖွင့်တော်မူ၏ ။

**သတ္တဗ္ဘန္တရသိမ်၌ ဝိမတိ၊ ဝိနယာလင်္ကာရတို့ မသင့်ကြောင်းပြခန်း**

ယင်းတော၌ သတ္တဗ္ဘန္တရသိမ်နှစ်ခု သံဃာနှစ်ခု ကံပြုလိုသော် တခုသော သတ္တဗ္ဘန္တရသိမ်နှင့် တခုသော သတ္တဗ္ဘန္တရသိမ်အကြား သီမန္တရာစ်အလိုငှာ သတ္တဗ္ဘန္တရသိမ်တခုပင် ထားအပ်၏၊ ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ(၃၃၃)၌-

ဒွိန္နံ သတ္တဗ္ဘန္တရာနံ အန္တရေ အညံ ဧကံ သတ္တဗ္ဘန္တရံ ဥပစာရတ္ထာယ ဌပေတဗ္ဗံ–

ဟု မိန့်အပ်၏။ ဝိမတိ၊ ဝိနယာလင်္ကာရတို့၌ သတ္တဗ္ဘန္တရသိမ်မှတပါး အရညသိမ်ရှိကြောင်းဆို၏၊ ထိုစကားမသင့်။ အကြောင်းကား——

အယံ သီမာ တိစီဝရဝိပ္ပဝါသပရိဟာရမ္ပိ လဘတိ–

ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာစကားဖြင့် သတ္တဗ္ဘန္တရသိမ်သာ တိစီဝရိက် အစောင့်အရှောက်ရနိုင်သည်၊ အရညသိမ်မှာ မရနိုင်။

ထို့ကြောင့် သတ္တဗ္ဘန္တရသိမ်မှတပါး အရညသိမ် မရှိကြောင်း မုချဆတ်ဆတ် သိအပ်၏။

## ဋီကာတို့၌သီမာပေက္ခဆိုသောစကား မသင့်ကြောင်းပြခန်း

ၡင်းဋီကာတို့၌ သီမာပေက္ခရှိမှ သိမ်ဖြစ်ကြောင်းကို ဆိုကြ၏၊ ထိုစကားလည်း မသင့်၊ အကြောင်းကား တိစီဝရိက်ဆောင်သော ရဟန်းသည် သီမာပေက္ခစိတ်မရှိပဲ သတ္တဗ္ဘန္တရ အတွင်းထားလျှင် နိဿဂ္ဂိမထိုက်၊ ပြင်ပထားလျှင် နိဿဂ္ဂိထိုက်သောကြောင့်တည်း။ ဤစီဝရဝိပ္ပဝါသရက္ခဏဝိဓိကား - အဂါမက အရည၌ သတ္တဗ္ဘန္တရ အပိုင်းအခြားကို ဟောတော်မူသောကြောင့် ကံပြုဆဲအခါ မဟုတ်စေကာမူ စီဝရဝိပ္ပဝါသရက္ခဏမှာ ၎င်းသတ္တဗ္ဘန္တရ အပိုင်းအခြားသည် အရှုဏ်တက်ဆဲအခါ ရနိုင်၏။ ယင်းမှတပါး သတ္တဗ္ဘန္တရသိမ်အရာ ဥဒကုက္ခေပသိမ် အရာတို့၌ ပါဠိတော်မှာ ကံကြီး ကံငယ် ပြုဆဲအခါ ဖြစ်၍ ဂဏ္ဍကမ္မကို စောင့်ရှောက်ခြင်းငှာ သင့်လျော်သောအခါ ဝဂ္ဂကမ္မကို စောင့်ရှောက်ခြင်းငှာ ယင်းအပိုင်းအခြားကို ထားတော်မူသောကြောင့် ကံပြုဆဲအခါ၌သာ သတ္တဗ္ဘန္တရ၊ ဥဒကုက္ခေပ သိမ်တို့ဖြစ်ကြ၏။ ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ (၃၃၄)၌–

> ဂစ္ဆန္တိယာ ပန နာဝါယ ကာတုံ န ဝဋ္ဋတိ။ ကသ္မာ ? ဥဒကုက္ခေပမတ္တမေဝ ဟိ သီမာ၊ တံ နာဝါ သီဃမေဝ အတိက္ကာမေတိ။ ဧဝံ သတိ အညိဿာ သီမာယ ဉတ္တိ၊ အညိဿာ အနုသာဝနာ ဟောတိ–

ဟု မိန့်တော်မူသတည်း။ ထိုစကားဖြင့် ရဟန်းရောက်ကာမျှဖြင့်လည်း ယင်း သိမ်အပိုင်းအခြားမဆိုင်၊ သီမာပေက္ခစိတ် ရှိ, မရှိလည်း ယင်း အပိုင်းအခြားမဆိုင်၊ ကံမပြုမီကာလ ကံ ပြုပြီးသည် မှ နောက်ကာလတို့၌လည်း ၎င်းသိမ် အပိုင်းအခြားမဆိုင်ကြောင်းကို ပြတော်မူ၏။ ထိုစကား မှန်၏၊ သွားဆဲဖြစ်သော လှေ

သဘော်ာ၌ ကံပြုခဲ့သော် ကံပြုဆဲ ဥဒကုက္ခေပ တခုစာမျှသာ သိမ်ဖြစ်သောကြောင့် တခုသော ဥဒကုက္ခေပ၌ ဥတ်၊ တခုသော ဥဒကုက္ခေပ၌ ကမ္မဝါစာဖြစ်နေ၍ တခုသောကံမှာ သိမ်လည်း ခြားနားလေသည်။ တခုသော ကံကို အသီးအသီး သိမ်၌ တည်သော ရဟန်းလည်း မပြုကောင်း၊ တခုသောသိမ်၌ တခုသော ကံမပြီးဆိုလျှင် ကမ္မဝါစာဝိပတ္တိလည်း ဖြစ်ရာသောကြောင့်တည်း။ အကယ်၍ ရဟန်းရောက်ရာ သီမာပေက္ခစိတ်ရှိရာ ၎င်းသိမ် အပိုင်းအခြားဖြစ်မည်ဆိုလျှင် ၎င်းစကားကို အဋ္ဌကထာ ဆရာ မဆိုသင့်သောကြောင့်တည်း။

## သတ္တဗ္ဘန္တရ၊ ဥဒကုက္ခေပတို့၌ ဥပစာရထားပုံ နာနာဝါဒစိစစ်ခန်း

ဝေဇိရဗုဒ္ဓိဋီကာ(၄၅၈)၌လည်း—

ယံ မဇ္ဈိမယာ ပုရိသဿ သမန္တာ ဥဒကုက္ခေပါတိ ပန ဧကိဿာ နဒိယာ စတုဝဂ္ဂါဒိနံ သံဃာနံ ဝိသုံ စတုဝဂ္ဂကရဏီယာဒိကမ္မကရဏကာလေ သီမာပရိစ္ဆေဒဒဿနတ္ထံ ဝုတ္တံ—

ဟု ကံပြုဆဲအခါသာ ဥဒကုက္ခေပသိမ် အပိုင်းအခြား ဆိုင်ကြောင်း တိုက်ရိုက်ဆိုတော်မူ၏။

သစေ ဒွေ သံဃာ ဝိသုံ ဝိနယကမ္မာနိ ကရောန္တိ။ ဒွိန္နံ သတ္တဗ္ဘန္တရာနံ အန္တရေ အညံ ဧကံ သတ္တဗ္ဘန္တရံ ဥပစာရတ္ထာယ ဌပေတဗ္ဗံ။ (ဝိနည်းမဟာဝါ၊၁၊၃၃၃)

သစေ ပနေတ္ထ ဗဟူ ဘိက္ခူ ဝိသုံ ဝိသုံ ကမ္မံ ကရောန္တိ၊ သဗ္ဗေဟိ အတ္တနော စ အညေသဥ္စ ဥဒကုက္ခေပပရိစ္ဆေဒဿ အန္တရာ အညော ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယ ဌပေ-တဗ္ဗော။

(ဝိနည်းမဟာဝါ အဋ္ဌကထာ၊၃၃၄။)

ဩတိဏ္ဏော ကာရကေ သံဃေ၊ အန္တော နဇ္ဇာဒိနံ ပန၊
ဥဒကုက္ခေပသီမာ သာ၊ လဗ္ဘတေ[၁] န ပနညထာ။
နဇ္ဇာဒယော အသီမာဝ၊ ဥဒကုက္ခေပနိဿယာ[၂]။

(သီမာလင်္ကာရအဋ္ဌကထာ(ယ) ချုပ်။)

စကားတို့ဖြင့် ကံပြုဆဲအခါမှသာ ဥဒကုက္ခေပ တခုစာ အလယ်၌ သီမန္တရာစ်အလိုငှာ ထားရကြောင်း ဆိုသဖြင့်–

တတ္ထကံယေဝ ပရိစ္ဆေဒံ အနတိက္ကမိတွာ ဌိတောပိ ကမ္မံ ကော-ပေတိ–

ဟူသော ကင်္ခါအဋ္ဌကထာ(၉၁)မှာ ဌိတောအရ ရပ်တန်းသည် ကံပြုဆဲရပ်တန်းဟု မှုချသိနိုင်သတည်း။ ထို့ကြောင့် ကံပြုဆဲမဟုတ်သော သံဃာသည် ကံပြုဆဲသံဃာ၏ ဥဒကုက္ခေပ ပမာဏ၏ အပ၌ တတောင် တထွာခွါ၍ ရာထောင်မကဝန်းဝိုင်းနေသော်လည်း ကံမပျက်ဟု မှုချသိရာ၏။ ကင်္ခါဋီကာဟောင်း၊ တေရသကဏ္ဍဋီကာ၊ ပါတိမောက္ခ-ဂဏ္ဌိပုဒ် (၃၁) ချုပ်တို့၌ ဌိတောအရ ကံပြုဆဲ သံဃာကိုသာ ယူ၏၊ အလွန်သင့်မြတ်လှ၏၊ ဤသတ္တဗ္ဘန္တရ သိမ်သည် စီဝရဝိပ္ပဝါသရက္ခဏာ-

---

၁။ ပဌမအကြိမ်ရိုက်၌ လဗ္ဘတော ၂။ နိဿာယာ-ဟုရှိ

ဝိဓိမှတပါး အလုံးစုံတူသည်သာ။ ထို့ကြောင့် သာကေ မှုထိုက် လေသတည်း။ ကြွင်းသော ဝါဒတို့ကို အသီးအသီးထုတ်၍ ဆိုခဲ့သော် အလွန်ကျယ်ဝန်းမည်၊ အကျိုးလည်း မထွန်းကားလှ၍ မဆိုလိုက်ပြီ။

သတ္တဗ္ဗန္တရသီမဋီကာ သမတ္တာ

## ဥဒကုက္ခေပသိမ်ကို သာဓကေနှင့်တကွ ပြနန်း

တရားစောင့်သော မင်းတို့လက်ထက် လခွဲတကြိမ်၊ ဆယ်ရက် တကြိမ်၊ ငါးရက်တကြိမ် မိုးရွာသည်ဖြစ်၍ မိုးကောင်းသော အခါ မိုးလေးလပတ်လုံး ရေအယဉ်မပြတ်၊ ဒူးဝန်းနှစ်ဖက်၊ ချက် အဝန်းသုံးပါး ဖုံးလွှမ်း၍ ဝတ်အပ်သော သင်းပိုင်ကို ဝတ်၍ မခါ မကြွကူးသော ဘိက္ခုနီမ၏ သင်းပိုင်ကို ရေလက်နှစ်သစ်ခန့် စိုစွတ်နိုင်သော ရေရှိသော မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင်တို့၌ ရဟန်းသံဃာများ နေရာမှ ပြင်ပလေးမျက်နှာ၊ အားအလတ်စား ရှိသော ယောကျ်ား အားအစွမ်းကုန်လွှဲသဖြင့် ရေကိုလည်းကောင်း သဲကိုလည်းကောင်း ပစ်၍ ထို ရေသဲတို့ ကျရာအရပ်အတွင်းဟူသမျှ သည် ဥဒကုက္ခေပသိမ် မည်၏။ ထို့ကြောင့် ဝိနည်းမဟာဝါ ပါဠိ တော်(၁၅၀)၌—

သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာ၊ သဗ္ဗော သမုဒ္ဒေါ အသီမော၊ သဗ္ဗော ဇာတဿရော အသီမော။ နဒိယာ ဝါ ဘိက္ခဝေ သမုဒ္ဒေ ဝါ ဇာတဿရေ ဝါ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေပါ၊ အယံ တတ္ထ သမာနသံဝါသာ ဧကုပေါသထာတိ-

ဟု ဟောတော်မူသည်။ ၎င်းအဋ္ဌကထာ(၃၃၃၊၄။)၌လည်း—

သဗ္ဗာ ဘိက္ခဝေ နဒီ အသီမာတိ ယာ ကာစိ နဒီလက္ခဏပ္ပတ္တာ နဒီနိမိတ္တာနိ ကိတ္တေတွာ “ဧတံ ဗဒ္ဓသီမံ ကရောမာ”တိ ကတာပိ အသီမာဝ ဟောတိ၊ သာ ပန အတ္တနော သဘာ

ဝေနေဝ ဗဒ္ဓသီမာသဒိသာ၊ သဗ္ဗမေတ္ထ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ–

ဟူ၍လည်းကောင်း၊

ဧဝံ နဒီသမုဒ္ဒဇာတဿရာနံ ဗဒ္ဓသီမာဘာဝံ ပဋိက္ခိပိတွာ ပုန တတ္ထ အဗဒ္ဓသီမာပရိစ္ဆေဒံ ဒဿေန္တော နဒိယာ ဝါ ဘိက္ခဝေတိ-အာဒိမာဟ။ တတ္ထ ယံ မဇ္ဈိမဿ ပုရိသဿ သမန္တာ ဥဒကုက္ခေ-ပါတိ ယံ ဌာနံ မဇ္ဈိမဿ ပုရိသဿ သမန္တတော ဥဒကုက္ခေပေန ပရိစ္ဆိန္နံ။ကထံ ပန ဥဒကံ ဥက္ခိပိတဗ္ဗံ? ယထာ အက္ခဓုတ္တာ ဒါရုဂုဠံ ခိပန္တိ၊ ဧဝံ ဥဒကံ ဝါ ဝါလိကံ ဝါ ဟတ္ထေန ဂဟေတွာ ထာမ-မဇ္ဈိမေန ပုရိသေန သဗ္ဗထာမေန ခိပိတဗ္ဗံ။ ယတ္ထ ဧဝံ ခိတ္တံ ဥဒကံ ဝါ ဝါလိကာ ဝါ ပတတိ၊ အယမေကော ဥဒကုက္ခေပေါ၊ တဿ အန္တော ဟတ္ထပါသံ ဝိဇဟိတွာ ဌိတော ကမ္မံ ကောပေတိ။ ယာဝ ပရိသာ ဝဍ္ဎတိ၊ တာဝ သီမာပိ ဝဍ္ဎတိ၊ ပရိသပရိယန္တ-တော ဥဒကုက္ခေပေါယေဝ ပမာဏံ–

ဟူ၍လည်းကောင်း၊

ဝိနယဝိနိစ္ဆယအဋ္ဌကထာ (၂၄၆)၌လည်း–

ဇာတဿရေ သမုဒ္ဒေ ဝါ၊ နဒိယာ ဝါ သမန္တတော။

မဇ္ဈိမဿု'ဒကုက္ခေပေါ၊ ဥဒကုက္ခေပသညိတော။

ဇာတံ အဗ္ဘန္တရံ ဓုတ္တံ၊ အဋ္ဌဝီသတိဟတ္ထကံ။

ဂုဠုက္ခေပနယေနေဝ၊ ဥဒကုက္ခေပကာ မတာ။

ဟူ၍လည်းကောင်း မိန့်တော်မူသတည်း။

## မြစ်,သမုဒ္ဒရာ,ဇာတဿရ (၃)ပါး အထူးပြခန်း

မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင် သုံးပါးတို့၏ လက္ခဏာကား ဤသို့တည်း။ ဇာတဿရလက္ခဏာမှာ တစုံတယောက်သော သတ္တဝါသည် မတူးမပြုပဲ အလိုအလျောက်လည်း ဖြစ်ရမည်၊ မြစ်၌လာသော လက္ခဏာအတိုင်း စတုမာသ မိုးလေးလမှာ ရေလည်း မပြတ် တည်ရမည်၊ ဤလက္ခဏာ နှစ်ပါးနှင့် ပြည့်စုံသော ထုံးအိုင်သည် ဥဒကုက္ခေပသိမ်၏ တည်ရာဖြစ်သော ထုံးအိုင်မည်၏။ မြစ်, သမုဒ္ဒရာကို ဖျက်ခွဲ၍ ယင်းမြစ်, သမုဒ္ဒရာမှ ထွက်စီးလာသော ရေဖြစ်စေကာမူ ဆိုအပ်ပြီးအတိုင်း မိုးလေးလအတွင်း ရေမပြတ်သော လက္ခဏာနှင့် ညီညွတ်ပါမူကား ယင်းသို့သော ထုံးအိုင်သည်လည်း ဥဒကုက္ခေပသိမ်၏ တည်ရာဖြစ်၏။ ထိုဇာတဿရအိုင်မှာ အလိုလိုလည်း ဖြစ်မည်၊ မိုးလေးလလည်း ရေတည်ဖူးသည် ဖြစ်အံ့၊ မိုးမကောင်း၍ သဲသောင်ဖြစ်သော်လည်း ဘယ်နှစ်နှစ်ကြာကြာ ကံပြုကောင်း၏၊ထိုသဲသောင် စသည်၌ ဗူး ဖရုံ စသည်စိုက်ပျိုး ရေတွင်းတူးလျှင် စိုက်ပျိုးသောနေရာ ဇာတဿရပျက်၏။ (ကင်္ခါအဋ္ဌကထာ၊ ၉၀။ မဟာဝါအဋ္ဌကထာ၊ ၃၃၃၊ ၃၃၇။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ၁၉၈။)

## ဇာတဿရ၌ နှစ်ကျိပ်တယောက် စည်းဝေးလောက်မှ အပ်သည်ဆိုရာ မသင့်ကြောင်း ပြခန်း

ယင်း ဇာတဿရသည် အချို့သော ဆရာတော်ကြီးတို့က နှစ်ကျိပ်တယောက် စည်းဝေးလောက်အောင် ကျယ်ဝန်းမှ ဥဒကုက္ခေပသိမ်၏ တည်ရာဖြစ်သည်ဟု ယူတော်မူကြ၏ ။

"အတိခုဒ္ဒကာ နာမ ယတ္ထ ဧကဝီသတိ ဘိက္ခူ နိသီဒိတုံ န သက္ကောန္တိ" ဟူသော (ကင်္ခါအဋ္ဌကထာ၊၇၇။ ဝိနယသင်္ဂဟ၊၁၇၈။)

အတိခုဒ္ဒကာသီမာ နာမ ယာ ကေဝိသတိ ဘိက္ခူ န ဂဏှာတိ ဟူသော (ပရိဝါ အဋ္ဌကထာ၊၂၄၇။)တို့ကို သာဓက မူကြ၏။

ထိုစကားသည် ဗဒ္ဓသိမ်၌သာလာသည်၊ အဗဒ္ဓသိမ်၌ မလာသောကြောင့် သာဓက, သာချေ-မတန်။ ထို့ကြောင့် ဇာတဿရသိမ်၌ ဤစကားကို မမှတ်အပ်။ ဇာတဿရသိမ်မှာ တပါးတည်းနေထိုင်လောက်သော်လည်းကောင်း၊မနေထိုင်လောက်၍ ခြေတချောင်းသာ ထားလောက်သော်လည်းကောင်း အမိဋ္ဌာန်ဥပုသ်အားလျှော်သည်နှင့် အပ်ရာသတည်း၊ ထိုစကားမှန်၏။ ဇာတဿရသိမ်မှာ အကျဉ်းအကျယ် ပမာဏ ကျမ်းဂန်မလာ၊ဗဒ္ဓသိမ်၌သာလာ၍ ဇာတဿရသိမ်၌ မလာသော်လည်း ၎င်းပမာဏသည် ယင်းဇာတဿရမှာလည်း သိသင့်ပါ၏ဆိုငြားအံ့၊ အဓလေးပြု၍ ဆိုသင့်သော အရာဖြစ်၍ ယင်းသို့သော အိုင်မအပ်ဟု အဋ္ဌကထာဆရာ မိန့်ဆိုရာသတည်း၊ မိန့်ဆိုလည်း မမိန့်ဆိုခဲ့။

ထို့ကြောင့် (၂၁)ယောက် မစည်းဝေးလောက် သော်လည်း ဇာတဿရအိုင်မှာ အပ်သတည်းဟု ပုံသေမှတ်အပ်၏။ဤသို့ပင် ငါတို့ကျေးဇူးတော်ရှင် စလင်းဆရာတော် ဘုရားကြီးနှင့် မိုင်းခိုင်းဆရာတော်ဘုရားကြီးတို့သည် စံကျောင်းဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူဖူးကြောင်း၊ သင့်မြတ်ကြောင်း မိန့်တော်မူကြသတည်း။

ဇာတဿရ သီမဋ္ဌိကာ သမတ္တာ။

---

## ဥဒကုက္ခေပဋ္ဌ နာနာဝါဒ ဝိစာရဏာကို ပြခန်း

ထိုဇာတဿရအိုင်၌ ဥဒကုက္ခေပအဖြစ်ဖြင့် ကံရွက်ဆောင်လိုသော ရဟန်းတော်တို့သည် တပါးသော ဥဒကုက္ခေပသိမ်၌ ကံပြုဆဲ ရဟန်းတို့ဖြစ်လျှင် အကြား သီမန္တရာဇ်အကျိုးငှာ ဥဒ-

ကုက္ကေပစာ တခုထားရခြင်း၊ ကံပြုဆဲ သံဃာမရှိပဲ ပြင်ပရဟန်းရှိခဲ့လျှင် မိမိဥဒကုက္ခေပသိမ်မှ အပဋ္ဌနေစေခြင်း၊ ဂါမနှင့် မူကား မိမိနိဿယ မဟုတ်သောကြောင့် ထိုဥဒကုက္ခေပနှင့် ထိုဂါမမှာ တထွာတတောင် ကွာစေခြင်း၊ ဂါမအတွင်းရှိသော ခဏ္ဍမဟာ, ဗဒ္ဓသိမ်တို့နှင့်မူကား ကြိုး, ဝါး, နွယ် စသည်တို့ဖြင့် အယှက် အတင် မရှိစေခြင်း စသည်ဖြင့် ကံပြုကြကုန်ရာ၏။ အချို့ဆရာတော်တို့ကား ဥဒကုက္ခေပနှင့် ဂါမမှာ ဥဒကုက္ခေပတခု အကွာခြားရမည်ဟု ဆုံးဖြတ်ကြ၏၊ ပါဠိ အဋ္ဌကထာ မရှိ၍ မသင့်။

ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ(၃၃၅)၌—

အန္တောနဒိယံ ဗဒ္ဓအဋ္ဋကေပိ အန္တောနဒိယာ ဇာတရုက္ခေပိ ဌိတေဟိ ကာတုံ ဝဋ္ဋတိ။

သစေ ပန ရုက္ခဿ သာခါ ဝါ တတော နိက္ခန္တပါရောဟော ဝါ ဗဟိနဒီတီရေ ဝိဟာရသီမာယ ဝါ ဂါမသီမာယ ဝါ ပတိဋ္ဌိတော၊ သီမံ ဝါ သောဓေတွာ သာခံ ဝါ ဆိန္ဒိတွာ ကမ္မံ ကာတဗ္ဗံ။

သစေ ပန သေတု ဝါ သေတုပါဒါ ဝါ ဗဟိတီရေ ပတိဋ္ဌိတာ၊ ကမ္မံ ကာတုံ န ဝဋ္ဋတိ၊ သီမံ သောဓေတွာ ကာတဗ္ဗံ—

အစရှိသော စကားကို မိန့်တော် မူသတည်း။ ထိုစကားမှန်၏၊ ရေနှင့်ကမ်းအရပ်သည် ဘာမျှမဆိုင်လေ။ နဒီ, သမုဒ္ဒ, ဇာတဿရတို့၌ တည်သော လှေ့ သင်္ဘော စသည်တို့၌ ကြိုးလွန်စသည် ဂါမကိုလည်းကောင်း ဗဒ္ဓကိုလည်းကောင်း သွား၍ချည်က ဂါမ, ဗဒ္ဓတို့သာ ဖြစ်ကုန်သတည်း။ ရေနှင့်တကွ ရေ၌တည်သော ပစ္စည်းသည် ဂါမ

ဗဒ္ဓတို့နှင့် မစပ်က မြစ်, သမုဒ္ဒရာ,ဇာတဿရ တခုခုသာ ကံပြုဆဲအခါ ဥဒကုက္ခေပသိမ်ဖြစ်၏၊ ဤသို့သော အဓိပ္ပာယ်အကျဉ်းကို သိအပ်၏၊ ဋီကာတို့၌ တမျိုးဖွင့်၏၊ အဋ္ဌကထာသွားနှင့် မညီ၊ ကြပ်ကြပ် ဉာဏ်ကူ၍ ကြည့်ရှုကြလေ။

ဝင်းဥဒကုက္ခေပအရာမှာ ခင်မကန် ဆရာတော်ကြီးကား ဥဒ-ကုက္ခေပနှင့် ဂါမမှာ လက်တသစ်,နှစ်သစ် ခြားစေကာမူအပ်ကြောင်း၊ သီမဝိနိစ္ဆယ တခု -ပါဠိဘာသာ မြန်မာနိဿယတစုံဒရေး၏၊ ထိုဝိနိစ္ဆယ လည်း ငါတို့လက်တွင် ရှိ၏။ စလင်း ဦးကေတု၊ ကျီဝန်တိက လက်တသစ်, နှစ်သစ်ခြားလျှင် အပ်ကြောင်း နှစ်သက်၏၊ အဋ္ဌကထာ နှင့်ညီ၍ သင့်လှ၏၊ ယင်းဥဒကုက္ခေပအရာ၌ ရေတကျ သဲတကျ ဟူရာမှာလည်း ရေတကျ သဲတကျ ပစ်နေဖွယ်မရှိ၊ သိမ်ပမာဏ ပြရုံသာတည်း၊ အချို့က ရေ သဲတခုခု ပစ်မှအပ်ကြောင်း ဆိုကြ သေး၏၊ ပါဠိ အဋ္ဌကထာ မလာရကား မသင့်လေ။ ဂါမပဝေ-သန သိက္ခာပုဒ်၌ ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ ရွာဝင် လျှင် ခဲတကျ ထိုက်ရာအရပ်ကို လွန်က အာပတ်သင့်၏၊ ခဲတကျ ချ, မချကို မစောင့်လေ။ (ကျီဝန်မိန့်။) ပရိစ္ဆိန္နံ - ပိုင်းခြားထိုက် ၏၊ (သမ္ဘန်)။ ရေသဲ မပစ်ပဲ အပ်၏၊ (ကျီဝန်ဆရာတော်)။ သိမ ဝိသောဓနီ၌ ပစ်မှအပ်သည်ဆို၏၊ မသင့်၊ (ကျီဝန်)။ သို့သော် သိမ်ပမာဏသိအောင် ပစ်မှုကို မတားမြစ်ပေ၊ ပစ်မှအပ်သည်ဟူ၍ အထင်မလွဲကြရာ။ ဝင်းဥဒကုက္ခေပသိမ်ခန်း၌ ပုရိသဿကို ဥဒကုက္ခေပ ၌သာ စပ်ရမည်၊ သမန္တတောမှာ မစပ်ရ၊ သမန္တတော၏ သမ္ဘန်ကား သံဃာကံ ပြုလျှင် သံဃဿ၊ ဂိုဏ်းကံပြုလျှင် ဂဏဿ၊ ပုဂ္ဂိုလ်ကံပြုလျှင် ပုဂ္ဂလဿထည့်၊ (ကျီဝန်)။

## ဥဒကုက္ခေပဌ် ဝိမတိ,ဝိနယာလင်္ကာရတို့ မသင့်ကြောင်း ပြခန်း

ဝိမတိ ,ဝိနယာလင်္ကာရ တို့၌ ဥဒကုက္ခေပသိမ်မှတပါး နဒီသိမ်၊ သမုဒ္ဒသိမ်၊ ဇာတဿရသိမ် အသီးအခြား ရှိကြောင်းကို ဆိုကြသေး၏။ သဗ္ဗာ ဘိက္ခဝေ နဒီ အသိမာ -စသည်ဖြင့် ယင်း၏ ဗဒ္ဓသိမ်၊ အဗဒ္ဓသိမ်[၁] အဖြစ်ကို နိတတ္ထ, နေယျတ္ထအားဖြင့် ပယ်ပြီးဖြစ်ရကား အထူးရေးသားဖွယ် မရှိ။ သိမာပေက္ခစိတ်ရှိမှ ဥဒကုက္ခေပ, သတ္တဗ္ဘန္တရသိမ် ဖြစ်ကြောင်းကိုလည်း ဆိုသေး၏။ ပါဠိ အဋ္ဌကထာ ဋီကာကြီးတို့၌ အရိပ်အမြွက်မျှ မရှိ၊ ငဲ့ကွက်မှု မရှိပဲ ကံပြုကလည်း ကံမြောက်ရကား မသင့်။

ဤဥဒကုက္ခေပ,သတ္တဗ္ဘန္တရ သိမ်တို့၌ ရောမပညာရှိ ကျမ်းဂန်တတ် အကျော်ဆရာတော်ဘုရားများပင် ပမာဒလေခ များကြသတည်း။ ငါတို့ကား ဆရာတော်တို့ မျက်နှာကို မငဲ့။ မြတ်စွာဘုရားသခင် မျက်နှာတော်ကိုသာ ငဲ့မျှော်၍လည်းကောင်း၊ မိမိပါရမီသမ္ဘာရအလိုက် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရများကို ကြည့်နိုင်သောပညာဂုဏ်ရှိလက္ခဏာနှင့် အတော်အသင့် ပြည့်စုံ၍လည်းကောင်း၊ မှန်ကန်သော နည်းလမ်းကို လက်ဆုပ်လက်ကိုင်ရသဖြင့် လည်းကောင်း အမှန်ဆုံး နည်းလမ်းများကိုသာ ရေးသားလိုက်ရသတည်း။

ဏ္ဍိမိနာ ပုညကမ္မေန၊ ပညာဝါဝ ဘဝါဘဝေ။
ဟုတွာပိ ဒုက္ခက္ခန္ဓဿ၊ ခယံ ကရောမျနာဂတေ။
ဥဒကုက္ခေပသီမဋီကာ သမတ္တာ။

---

ဤမျှလောက်သော စကားစဉ်ဖြင့် ပါဠိ အဋ္ဌကထာ ဋီကာစုံ ရောစပ်၍ အဓိပ္ပာယ်အကျဉ်း လိုရင်းအချုပ်ဖြစ်သော အဗဒ္ဓသိမ်၌

၁။ ဗဒ္ဓသိမ်အဖြစ်ကိုသာ ပယ်သောကြောင့် ဤ၌ "**အဗဒ္ဓသိမ်**"စကားပိုသည်ဟု ယူဆ၏၊ ဆရာတော်ကြီး ရေးခဲ့စဉ်က ပါဟန်မတူ၊စာမျက်နှာ (၈၃) အဆုံးအဖြတ်နှင့် တိုက်ဆိုင်ကြည့်ပါ။

(၃)လုံး အဓိပ္ပာယ်မှာ လိုသေးသည်ဟူ၍ မရှိ၊ လိုရင်း သိသင့်သမျှ အကုန်ညှစ်ထုတ်၍ ရေးသားအပ်သတည်း။

အဗဒ္ဓသီမဋီကာ သမတ္တာ။

## ဗဒ္ဓသိမ်(၂)မျိုး အထူးပြခန်း

ဗဒ္ဓသိမ်သည် မဟာသိမ်၊ ခဏ္ဍသိမ်ဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် သုံးယူဇနာထက်မလွန်စေပဲ ဩမကအားဖြင့် နှစ်ဆယ့်တပါးသော သံဃာ မစည်းဝေးလောက်အောင်လည်း မငယ်စေပဲ ကျောင်းတိုက်အများကိုလည်းကောင်း၊ ဂါမခေတ် နှစ်ခု သုံးခုကိုလည်းကောင်း သိမ်းချုပ်၍ တဆယ့်လေးပါးသော ဝိပတ္တိသိမ်တို့မှ ကင်းလွတ်စေလျက် နိမိတ္တသမ္ပတ္တိ၊ ပရိသာသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိဟူသော သမ္ပတ္တိသုံးပါးနှင့် ပြည့်စုံစွာ သမုတ်အပ်သော သိမ်ကြီးသည် မဟာသိမ်မည်၏။ ၎င်းမဟာသိမ်မှာ ခုဒ္ဒပမာဏ ကျမ်းဂန်မရှိ။ မြတ်စွာဘုရား လက်ထက်တော်၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်၏ အနီးရှိ တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့ကို ခြုံ၍ မဟာသိမ်သမုတ်ကြောင်း၊ သီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒမထေရ်သည် အနုရာဓမြို့ကို ခြုံ၍ မဟာသိမ်သမုတ်ကြောင်း ကျမ်းဂန်လာ၏။

ရွာတခုလုံး ကျောင်းတိုက်တခုလုံးကို မခြုံမူ၍ ကျောင်းတိုက်တပိုင်း, တစိတ်၊ ရွာတပိုင်း, တစိတ်, တထောင့်, တကွက်၌ သမုတ်အပ်သော ဗဒ္ဓသိမ်ဖြစ်စေ၊ မဟာသိမ်အတွင်း၌ အကျဉ်းအားဖြင့် ကမ္မာရဟ ပုဂ္ဂိုလ်နှင့် တကွ နှစ်ကျိပ်တပါး စည်းဝေးလောက်အောင် အကျယ်မှာ တရာ, တထောင် စည်းဝေးလောက်

အောင် နိမိတ်စိုက်၍ ကွက်လပ်ချန်ထားပြီးလျှင် မဟာသိမ်မှ ရှေးဦးစွာလည်းကောင်း၊ နောက်မှလည်းကောင်း ဆိုအပ်ပြီးသော သမ္မုတိသုံးပါးနှင့် ပြည့်စုံစွာ သမုတ်အပ်သော ဗဒ္ဓသိမ်ဖြစ်စေ ခဏ္ဍသိမ်မည်၏။ ထိုခဏ္ဍသိမ်မှာ အကြီးပမာဏ ကျမ်းဂန်မရှိ၊ ထိုခဏ္ဍသိမ်ကား မဟာသိမ်ကို ပိုင်းဖြတ်၍ သမုတ်သောကြောင့်လည်းကောင်း၊ ဂါမကို ပိုင်းဖြတ်၍ သမုတ်သောကြောင့် လည်းကောင်း ခဏ္ဍသိမ်မည်သည်။ ခဏ္ဍသိမ်ထက် ကျယ်ဝန်းသောကြောင့် မဟာသိမ်ခေါ်သည်။ ထိုခဏ္ဍ, မဟာဟူသော သိမ်နှစ်လုံး၌ ပြိုးပြွမ်းသော ပကိဏ္ဏကအဓိပ္ပာယ်ကို ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏။

## ဝိပတ္တိသိမ် (၁၁)ပါး အဓိပ္ပာယ်ပြခန်း

ပရိဝါ ပါဠိ(၃၈၁)၊ ၎င်းအဋ္ဌကထာ (၂၄၈)၊ ကခ်ါအဋ္ဌကထာ (၈၇)-စသည်တို့ လာတိုင်း အကျဉ်းရေးအံ့။

(၁) နှစ်ကျိပ်တပါး မစည်းဝေးလောက်၊ မထိုင်လောက်သည် ဖြစ်၍ အလွန်ငယ်သော သိမ်သည် အတိခုဒ္ဒကသိမ်မည်၏။

(၂) တဆံချည်ဖျားမျှဖြင့် သုံးယူဇနာထက် ကျယ်သည်ဖြစ်၍ အလွန်ကြီးသော သိမ်သည် အတိမဟာတီသိမ်မည်၏။

(၃) နောက်ဆုံးနိမိတ်နှင့် မစပ်သည်ဖြစ်၍ ကျိုးသော ပြတ်သော နိမိတ်ရှိသော သိမ်သည် လည်းကောင်း၊ သုံးခု-လေးခု အစရှိကုန်သော နိမိတ်လောက်သော နိမိတ်တို့၏အကြား နိမိတ်မလောက် အခွံလျှင် အနှစ်ရှိသော ထန်း အုန်းစသော သစ်ပင် သစ်ငုတ် မြေပုံ သဲပုံစသည်ကို ကြားနိမိတ်ပြု၍ သမုတ်အပ်သော သိမ်သည်လည်းကောင်း ခဏ္ဍနိမိတ္တသိမ်မည်၏။ (ဤခဏ္ဍနိမိတ္တ အရာ၌ ကခ်ါဋီကာစကားကို မယူအပ်။)

(၄)တောင်ရိပ် တောရိပ် သစ်ပင်စသော အရိပ်ကို နိမိတ်ကြား၍ သမုတ်အပ်သော သိမ်သည် ဆာယာနိမိတ္တာသိမ် မည်၏။

(၅) နိမိတ်လုံးလုံး မရှိပဲ မကြားပဲ သမုတ်အပ်သော သိမ်သည် အနိမိတ္တာသိမ် မည်၏။

(၆)သိမ်နိမိတ်တို့၏ ပြင်ပ၌ နေလျက် သမုတ်အပ်သော သိမ်သည် ဗဟိသီမေ ဌိတာသမ္မတာသိမ် မည်၏။

(၇) မြစ်အပြင်၌ သမုတ်အပ်သော သိမ်သည် နဒိယာ သမ္မတာ သိမ် မည်၏။

(၈) ဇာတဿရအိုင်အပြင်၌ သမုတ်အပ်သော သိမ်သည် ဇာတဿရေ သမ္မတာသိမ် မည်၏။

(၉) သမုဒ္ဒရာ အပြင်၌ သမုတ်အပ်သော သိမ်သည် သမုဒ္ဒေ သမ္မတာသိမ် မည်၏။

(၁၀) သိမ်ဟောင်းနှင့် နှစ်ကျိပ်တယောက် စည်းဝေးလောက်သည်မှ ယုတ်လျော့၍ အနည်းငယ် ထပ်မိသည်တိုင်အောင် ရောစပ်၍ သမုတ်အပ်သော သိမ်သည် သီမာယ သီမံ သမ္ဘိန္ဒန္တေန သမ္မတာ သိမ် မည်၏။

(၁၁) သိမ်ဟောင်းနှင့် နှစ်ကျိပ်တယောက် စည်းဝေးလောက်သည်မှ ထိုထက်အလွန် ရောစပ် လွှမ်းမိုး၍ သမုတ်အပ်သော သိမ်သည် သီမာယ သီမံ အဇ္ဈောတ္ထရန္တေန သမ္မတာသိမ် မည်၏။

ဤကား ဝိပတ္တိသိမ် တဆယ့်တပါးတည်း။

ယင်း ႇမ္မးသိမ် နှစ်ပါး၌ နိမိတ္တသမ္မတ္တိ၊ နိမိတ္တဝိပတ္တိ၊ ကမ္မဝါစာ-

သမ္ပတ္တိ၊ကမ္မဝါစာဝိပတ္တိ၊ ပရိသာသမ္ပတ္တိ၊ ပရိသာဝိပတ္တိအားဖြင့် သမ္ပတ္တိသုံးပါး၊ ဝိပတ္တိသုံးပါးစီရှိရကား ခြောက်ပါး အပြားရှိ၏။ ထိုခြောက်ပါးတို့တွင် အတိခုဒ္ဒကာ၊ အတိမဟာတီ၊ နဒိယာ သမ္မတာ၊ သမုဒ္ဒေ သမ္မတာ၊ ဇာတဿရေ သမ္မတာ၊ ၎င်း (၅)လုံးမှာ ဝတ္ထုဝိပတ္တိသိမ်တွင် သွင်းအပ်၏။ ဆာယာနိမိတ္တာ၊ ခဏ္ဍနိမိတ္တာ၊ အနိမိတ္တာ၊ ၎င်း(၃)လုံးတို့မှာ နိမိတ္တဝိပတ္တိသိမ်တွင် သွင်းအပ်၏။ ဗဟိ သီမေ ဌိတာသမ္မတာကား ကမ္မဝါစာဝိပတ္တိတွင် သွင်းအပ်၏။

## ပရိသာသမ္ပတ္တိသရုပ် ပြခန်း

ပရိသာဝိပတ္တိမှာ—

(က) ကမ္မပတ္တသံဃာတို့၏ သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ မလာရောက်ခြင်း၊

(ခ) ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း၊

(ဂ) သိမ်သို့ ရောက်၍ မျက်မှောက် ရှိကုန်သော ရဟန်းတို့၏ တားမြစ်ခြင်း –

ဤကား ပရိသတ်အတွက် ဖြစ်သော ဝိပတ္တိသုံးပါးပင်တည်း၊ ကင်္ခါ၊ မဟာဝါ၊ ပရိဝါပါဠိ၌ အဋ္ဌကထာစသည် လာသည်ချည်း။

အာပတ်ကို မရှုခြင်းကြောင့် ဥက္ခိတ္တကကံပြုခံရသော အာပတ္တိအဒဿနဥက္ခိတ္တက ပုဂ္ဂိုလ်တဦး၊ အာပတ်ကို မကုစားခြင်းကြောင့် ဥက္ခိတ္တကကံ ပြုခံရသော အာပတ္တိအပတိကမ္မဥက္ခိတ္တက ပုဂ္ဂိုလ်တဦး၊ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် ဥက္ခိတ္တကကံ ပြုခံရ

သော ပါပဒိဋ္ဌိအပ္ပဋိနိဿဂ္ဂဥက္ခိတ္တက ပုဂ္ဂိုလ်တဦး။ ဤပုဂ္ဂိုလ်သုံးဦးသည် ကမ္မနာနာသံဝါသက ပုဂ္ဂိုလ်မည်၏၊ ထိုပုဂ္ဂိုလ် သုံးဦးတို့၏ အလိုအယူကို ကြိုက်နှစ်သက်၍ အသင်းအပင်း ပြုလုပ်ကြသော ပုဂ္ဂိုလ်တို့သည် ဥက္ခိတ္တာနုဝတ္တက၊ လဒ္ဓိနာနာသံဝါသက ပုဂ္ဂိုလ်မည်ကုန်၏။

ဥက္ခေပနီယကမ္မကတော ဥက္ခိတ္တကော နာမ။ သော ကမ္မနာနာသံဝါသကော လဒ္ဓိနာနာသံဝါသကောတိ ဒုဝိဓော ဟောတိ။

(ပရိဝါ အဋ္ဌကထာ၊ ၁၅၇။)

ထိုသံဝါသက ရဟန်းခြောက်မျိုးကို တမျိုးတည်းယူ၍ အန္တိမဝတ္ထုသို့ ရောက်သော ရဟန်းနှင့်တကွ ဤရဟန်း (၂) မျိုးသည် အပကတတ်ရဟန်းမည်ကုန်၏၊ ကြွင်းကုန်သော ရဟန်းတို့သည် ပကတတ်ရဟန်းမည်ကုန်၏။ ထို့ကြောင့်—

ပကတတ္တော နာမ ပါရာဇိကံ အနာပန္နော အနုက္ခိတ္တော စ။ (ပဌမပါရာဇိက သာရတ္ထဒီပနီ၊ ဒု၊ ဂ၆။)

ပကတတ္တဿာတိ အဝိပန္နသီလဿ ပါရာဇိကံ အနဇ္ဈာပန္နဿ။ (ဝိနည်းမဟာဝါ အဋ္ဌကထာ စမ္မေယျခန္ဓက၊ ၄၂ဂ။)

စတုဝဂ္ဂကရဏေ ကမ္မေ စတ္တာရော ပကတတ္တာ အနုက္ခိတ္တာ အနိဿာရိတာ ပရိသုဒ္ဓသီလာ။

(ပရိဝါကမ္မဝဂ္ဂအဋ္ဌကထာ၊ ၂၄၉။) တို့၌ ဖွင့်တော်မူသတည်း။

ထိုပကတိသီလ ရှိကုန်သော ရဟန်းတို့သည် တခုသော နေရာတွင် နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း၌ စတုဝဂ်ဂိုဏ်း ပြည့်မလာလျှင် သိမ်၌ ပရိသာဝိပတ္တိဖြစ်၏၊ စတုဝဂ်ဂိုဏ်း ပြည့်လာလျှင် ပရိသာ သမ္ပတ္တိဖြစ်၏။ ထို့ကြောင့်(ကင်္ခါဝိတရဏီ၊ ၈၅။)၌–

စတုဝဂ္ဂေန ဌပေတွာ ဥပသမ္ပဒပဝါရဏာအဗ္ဘာနာနိ သဗ္ဗံ သံဃကမ္မံ ကာတုံ ဝဋ္ဋတိ- ဟု မိန့်တော်မူသတည်း။

## ပကတတ္တဋီကာ သမတ္တာ။

## ဆန္ဒ ပါရိသုဒ္ဓိပဝါရဏာပေးပုံ ပြခန်း

ပကတတ်ရဟန်း လေးပါးမှတပါး ထိုနေရာ၌ ကြွင်းကျန်သော ရဟန်းတို့သည် ထိုကံ၌ ဆန္ဒပေးထိုက်သော ရဟန်းတို့မည်ကုန်၏။ ထိုရဟန်းတို့၏ ဆန္ဒသည် ကံပြုသံဃာတို့၏ အထံသို့ မလာမရောက် ငြားအံ့၊ ဝဂ္ဂကံဖြစ်၍ ဝိပတ္တိဖြစ်၏။လာရောက်ငြားအံ့၊ သမ္ပတ္တိဖြစ်၏။ ဟတ္ထပါသ်အတွင်းသို့ လာရောက် သည်ကို ကာယသာမဂ္ဂီ၊ ဟတ္ထပါသ် တွင်းသို့ မလာရောက်သော်လည်း ဆန္ဒပေးခြင်း၊ ပါရိသုဒ္ဓိပေးခြင်း၊ ပဝါရဏာ ပေးခြင်း တို့ဖြင့် နေသောရဟန်းတို့၏ ဆန္ဒပေးခြင်းစသည် ကို စိတ္တသာမဂ္ဂီ ဆိုသည်။ ဆန္ဒပေးလိုမူ–

ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ ဟရ၊ ဆန္ဒံ မေ အာရောစေဟိ–

ဟု သုံးကြိမ်ဆို၍ ပေးရမည်၊ ယင်းဆန္ဒပေးမှုသည် ကိုယ်တွက် မဟုတ်၊ သံဃာတွက်သာ ဖြစ်သည်။ ဆန္ဒမပေးပဲ ထိုသိမ်မှ ဟတ္ထ ပါသ်ကင်း၍ နေလျှင် ထိုသံဃာတို့ ပြုအပ်သမျှ ကံသည် ဝဂ္ဂကံဖြစ်၍ ပျက်စီး၏။ ပါရိသုဒ္ဓိပေးခြင်းနှင့် ပဝါရဏာပေးခြင်းတို့မှာ မိမိဥပုသ် ပြုခြင်း ပဝါရဏာ ပြုခြင်းနှင့်တကွ သံဃာ့ကံ အတွက်ပါ နှစ်မျိုးစုံ ကိစ္စပြီးစီး၏။

ပါရိသုဒ္ဓိံ ဒမ္မိ၊ ပါရိသုဒ္ဓိံ မေ ဟရ၊ ပါရိသုဒ္ဓိံ မေ အာရော-

စေဟိ-

ဟု သုံးကြိမ်ဆို၍ ပါရိသုဒ္ဓိပေးလေ၊ ယူသောရဟန်းက အာမ ဘန္တေ-ဆိုရမည်။

ပဝါရဏံ ဒမ္မိ၊ ပဝါရဏံ မေ ဟရ၊ ပဝါရဏံ မေ အာရော-

စေဟိ၊ မမတ္ထာယ ပဝါရေဟိ—

ဟု သုံးကြိမ်ဆို၍ ပေးရမည်။ အာမ ဘန္တေ - ဆိုပုံ ရှေးအတူ။ ဆန္ဒစသည်ကို ယူသော ရဟန်းသည် ထိုဆန္ဒစသည် ပေးလိုက်သော ရဟန်းထံမှ သွားသည်ရှိသော် သိမ်အပြင် သံဃာ့ဘောင် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ ရောက်ရာ ထိုဆန္ဒစသည်ကို သံဃာတော်တို့ထံ လျှောက်ထားရပည်။

လျှောက်ထားပုံကား—

သီလဝံသနာမေန ဘိက္ခုနာ ဆန္ဒော ဒိန္နော- ဟူ၍လည်း

ကောင်း၊

သီလဝံသနာမေန ဘန္တေ ဘိက္ခုနာ ပါရိသုဒ္ဓိ ဒိန္နာ-ဟူ၍

လည်းကောင်း—

သုံးကြိမ်စီ ဆို၍ ဆန္ဒ, ပါရိသုဒ္ဓိတို့ကို လျှောက်ထားရမည်၊ သံဃာတော်တို့ကလည်း သာဓု - ခေါ်ကြရသည်။ ဆန္ဒ ပါရိသုဒ္ဓိတို့ကို လျှောက်ထားပုံ ပြီး၏။

ဆန္ဒ-ပဝါရဏာ လျှောက်ထားပုံကား—

သီလဝံသနာမေန ဘန္တေ ဘိက္ခုနာ ပဝါရဏာ ဒိန္နာ—

ဟု သုံးကြိမ်ဆို၍ လျှောက်ထားရမည်။ ဆန္ဒကား ရှေးအတိုင်း။ ဤသို့ လျှောက်ထားပြီးနောက် ပဝါရဏာယူလာသော ရဟန်းက ပဝါရဏာ ပေးလိုက်သော ရဟန်း၏ကိုယ်စား—

သီလဝံသော ဘန္တေ ဘိက္ခု သံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ ဝဒတု တံ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ—

ဟု သုံးကြိမ်ဆို၍ ပြုရမည်။ သံဃာဥပုသ်ကံဖြစ်လျှင် ဆန္ဒ, ပါရိ-သုဒ္ဓိစုံ ပေးခြင်း၊ သံဃပဝါရဏာကံမှာ ဆန္ဒ, ပဝါရဏာအစုံပေးခြင်း သည် သင့်မြတ်သည်။ ဤဆန္ဒဆောင်ခန်း၌ အချို့ဆရာတော်တို့က သံဃာစည်းဝေးပြီးနောက် တခုသော သိမ်အပြင် စသည်၌ သံဃာ လေးပါး ငါးပါးစသည်ရှိပြီးမှ သံဃာ့ထံကသာ သွား၍ ဆန္ဒယူရမည်၊ သံဃာ့ထံက သွား၍ မယူ၊ သံဃာမစည်းဝေးမီ တခြားတပါးက ယူလာခဲ့လျှင် ဆန္ဒယူခြင်း လျှောက်ထားခြင်း မမြောက်၊ ကံပျက်၏ ဟု ယူကြ၏။ အချို့သော ဆရာတော်တို့ကလည်း ဆန္ဒယူခြင်းမှာ သံဃာမစည်းဝေးမီက ယူလာသော်လည်း သုံးယူဇနာရှိသော သိမ် သမုတ်ခန်း စသည်တို့၌ သံဃာ့ထံက သွား၍ယူဖို့ ခဲယဉ်းသည်ကို ထောက်၍ ဆန္ဒယူခြင်း လျှောက်ထားခြင်း မြောက်၏၊ ကမ္မသမ္ပတ္တိ ဖြစ်၏ဟု ယူကြ၏။

ကင်္ခါဝိတရဏီ အဋ္ဌကထာ(၉၅) ၌—

ဥပေါသထကရဏတ္ထံ သန္နိပတိတေ သံဃေ ဗဟိ ဥပေါသထံ ကတွာ အာဂတေန သန္နိပတိတဋ္ဌာနံ ဂန္တွာ ကာယသာမဂ္ဂီ

အဒင္နေန ဆန္ဒော ဒါတဗ္ဗော၊ ယောပိ ဂိလာနော ဝါ ဟောတိ ကိစ္စပ္ပသုတော ဝါ၊ တေနာပိ ပါရိသုဒ္ဓိံ ဒေန္တေန ဆန္ဒောပိ ဒါတဗ္ဗော—

ဟု မိန့်ဆိုသောကြောင့် လည်းကောင်း၊ ဆန္ဒပေးခြင်း လျှောက်ထားခြင်းများသည် သံဃာ့ကံနှင့် စပ်သောအရာမှသာ လာသောကြောင့်လည်းကောင်း၊ ဂရုက, လဟုက နှစ်ဌာနတို့တွင် ဂရုကဖြစ်သောကြောင့်လည်းကောင်း၊ ဥပေါသထကရဏတ္တံ - ပုဒ်ကို သန္နိ-ပတိတေ-၌ စပ်ရသောကြောင့်လည်းကောင်း၊ သန္နိပတိတေ-ဟူသောပုဒ်၌ တ,ပစ္စည်းသည် ဥပုသ်အိမ် သိမ်အပြင်၌ သံဃာဟော အတီ-တဝါစကပုဒ်သာ ဖြစ်သင့်သောကြောင့်လည်းကောင်း၊ ဥပေါသထံကတ္ဘာ-ဟု သာမန်ဆိုသော်လည်း တပါးအခြားသော သိမ်ဟူသောအပဟော ဗဟိသဒ္ဒါပါ၍သေသ ဖြစ်သင့်သောကြောင့်လည်းကောင်း၊ အာဂတေန-နောင် ဘိက္ခုနာ ပါဠိကြွင်းထည့်၍ ရဟန်းသည် တစုံတခုသော အကြောင်းကြောင့် ကာယသာမဂ္ဂီကို မပေးနိုင်သော် ဆန္ဒပေးရမည်ဖြစ်သောကြောင့်လည်းကောင်း ပထမဝါဒသည် သင့်သကဲ့သို့ထင်သတည်း။

ဆန္ဒဒါနဋ္ဌိကာ သမတ္တာ။

---

## တားမြစ်မှု ပြခန်း

သုဏာတု မေ အစရှိသည်ဖြင့် ဉတ်ကမ္မဝါစာ ရွတ်ဖတ်မှု၊ ကံပြုဆဲ အခါ ထိုပရိသတ်တွင် ပါဝင်သော ရဟန်း တပါးပါးက ထိုထိုကံကို တားမြစ်ခဲ့သော် ဝိပတ္တိဖြစ်၏၊ တားမြစ်သူမရှိ ပြီးစီးသွားလျှင် သမ္ပတ္တိဖြစ်၏။ တားမြစ်ဆိုသည်မှာလည်း ဤကံကို မပြုကြ

ပါလင့်၊ပြု၍မတော် မသင့်၊ ပြုသည်ကို ငါတို့မကြိုက်၊ငါတို့ သဘောမတူ၊ ငါတို့ သဘောမကျ၊ ဥတ်ကမ္မဝါစာ ရွတ်ဖတ်ပုံ ငါတို့ သဘောမကျ၊ ဤသို့စသော စကားဖြင့် တားမြစ်ခဲ့သော် ပြစ်တင်ကဲ့ရဲ့စကား ပြောဆိုခဲ့သော် အများကြားအောင် မပြော၊ မိမိအနီး၌ ရှိသောသူချင်းချင်း စကားပြောဆိုစေကာမူ ကောင်းသောစိတ်ဖြင့် ပြောသည်ဖြစ်စေ, မကောင်းသော စိတ်ဖြင့် ပြောသည်ဖြစ်စေ ထိုပြုဆဲကံ ပျက်သည်သာ။ တားမြစ်ခြင်းနှင့် တိုက်ဆိုင်သော ဥတ်ကမ္မဝါ အကြိမ် အကုန်ပျက်၏၊ ဆုံးအောင်ဖတ်၍ သွားသော်လည်း အကျိုးမရှိပြီ။ တားမြစ်သူနှင့် အကျိုးအကြောင်း ပြောဆိုပြီးမှ သုဏာတုက ပြန်၍ဖတ်ရမည်။ နှစ်ပါး သုံးပါး ပြိုင်တူ ယခုဏာလကဲ့သို့ ဖတ်ရာ၌ တပါးပါးက နောက်ကျနေ၍ ဖြစ်စေ၊ စာပျောက်နေ၍ ဖြစ်စေ ရပ်ပါဦး ဆိုင်းပါဦး စသည်ဖြင့် ပြောဆိုသည်များပင် တားမြစ်ခြင်း ပဋိ-က္ကောသန ဖြစ်ကြောင်း စံကျောင်းဆရာတော် ဘုရားကြီး စသော ဆရာတော်ကြီးများ ယူတော်မူကြ၏၊ (မဟာဝါ စမ္ပေယျက္ခန္ဓက၊ စူဠဝါသမထက္ခန္ဓက၊ ပရိဝါ ကမ္မက္ခန္ဓက၊ ကခ်ါ၊ ဝိနယသင်္ဂဟ-ပါဠိ၊ အဋ္ဌကထာ ဋီကာ လာသည်ချည်း)။

### ပဋိက္ကောသနဋီကာ သမတ္တာ။

---

### ကျောက်နိမိတ် ပြခန်း

ဥပသမ္ပဒါခန်း၌ ဝတ္ထုသမ္ပတ္တိ၊ ဥတ္တိသမ္ပတ္တိ၊ ကမ္မဝါစာ-သမ္ပတ္တိ၊ သီမာသမ္ပတ္တိ၊ ပရိသာသမ္ပတ္တိ ဟူ၍ ပဥ္စင်း အဖြစ်မြောက်ဖို့ရန် အင်္ဂါအကြောင်း ငါးပါးရှိ၏၊ ဗျတိရေကနည်းအားဖြင့် ဝတ္ထုဝိပတ္တိစသည် ငါးပါးပင်ရှိ၏၊ သိမ်ခန်း၌ကား နိမိတ္တသမ္ပတ္တိ၊

ကမ္ဗဝါစာသမ္ပတ္တိ၊ ပရိသာသမ္ပတ္တိ ဟူ၍ သုံးပါးသာလာ၏။သို့သော် ဉတ္တိသမ္ပတ္တိကို ကမ္မဝါစာသမ္ပတ္တိတွင် သွင်းရ၏၊ ဝတ္ထုသမ္ပတ္တိကို နိမိတ္တ, ကမ္မဝါစာသမ္ပတ္တိတွင် သွင်းရ၏၊ ဤသို့ သိသင့်၏၊ နိမိတ္တ-သမ္ပတ္တိ၌ မဟာဝါ ပါဠိတော် အဋ္ဌကထာ ကင်္ခါအဋ္ဌကထာ ဝိနယ-သင်္ဂဟအဋ္ဌကထာ ဋီကာတို့နှင့်တကွ—

ပဗ္ဗတံ ဝနံ ပါသာဏံ၊ ရုက္ခံ မဂ္ဂဉ္စ ဝမ္မိကံ။
ဥဒကဉ္စ နဒိဉ္စာတိ၊ နိမိတ္တာနဋ္ဌ ဒီပယေ။

ဝိနယ ဝိနိစ္ဆယအဋ္ဌကထာ (၂၄၇)- နှင့်အညီ • သိမ်နိမိတ် (၈)ပါးရှိ၏။ (၈)ပါးအရကား—

တောင်နိမိတ်၊ ကျောက်နိမိတ်၊ တောနိမိတ်၊ သစ်ပင်နိမိတ်၊ ခရီး နိမိတ်၊ တောင်ပို့နိမိတ်၊ မြစ်နိမိတ်၊ ရေနိမိတ်ဟူ၍ (၈)ပါးတည်း။ ထို(၈)ပါးတို့တွင် ခုနစ်တောင်ထွာ ဆင်ကောင်ပမာဏရှိသော မြေတောင်သက်သက် ဖြစ်စေ၊ ကျောက်တောင်သက်သက် ဖြစ်စေ နှစ်ပါး အရော တောင်ဖြစ်စေ တောင်နိမိတ် ကြားကောင်း၏။ ၎င်းဆင်ပမာဏ အောက်ငယ်လျှင် တောင်နိမိတ် မကြားကောင်း၊ ကျောက်နိမိတ်သာ ကြားရ၏။ ဆင်သည် အယုတ်ဆုံး ခုနစ်တောင် ထွာရှိ၏ဟု ဝဇိရဗုဒ္ဓိဋီကာ,တေရသကဏ်ဋီကာတို့၌ မိန့်၏၊ ကင်္ခါ ဋီကာသစ်၌ကား ခုနစ်တောင်သာ ဆင်ပမာဏဟု ဆို၏၊ ၎င်းဝါဒ ဆရာတို့ မယူကြ။

ပါသာဏနိမိတ္တဋီကာ သမတ္တာ။

## ပိုလ်အရ နာနာဝါဒဝိစာရဏာ ပြခန်း

ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ခုနစ်တောင်ထွာရှိသော ဆင်ပမာဏ အောက်ငယ်သော ဩမကပရိစ္ဆေဒအားဖြင့် (၄)ကို တစ်ပိုလ် ဆိုသည်။ ၎င်းပိုလ်ပေါင်း (၁၂)ပိုလ်။ မာဂဓကျေပ် (၁၂ဂိ) တရာနှစ်ဆယ့်ရှစ်ကျပ်၊ အင်္ဂလိပ်ကျပ် ၁၅၁၊ ၇-ပဲနှင့် သုံးစိတ်နှစ်စိတ် မြန်မာကျပ်အားဖြင့် (၁၀၆ိ-၇ျူး-၄ျးး) တပိဿာ၊ ခြောက်ကျပ်၊ ခုနစ်မူး၊ နှစ်ရွေးဖြင့် ချိန်အပ်သော ထိုတင်လဲခဲနှင့် သဏ္ဌာန်ပမာဏ တူမျှသော ကျောက်တုံး ကျောက်ခဲသည် သံမြုပ်ခဲ သံတွေခဲ စသည်ဖြင့် ပြီးသော ကျောက် ဖြစ်စေကာမူ ကျောက်နိမိတ်လောက် ၏၊ ကျောက်နိမိတ် ကြားရ၏။ ထို(၁၂)ပိုလ် တင်လဲခဲပမာဏ၊ ယခုကာလ အယူဝါဒများ၏။ ပိုလ်အရကိုလည်း ရှေးအခါက ဝါဒ ကွဲပြားကြ၏။(၄)=တစ်ပိုလ်ဟု ဆိုသော စကားသည် အသင့်ဆုံး ဖြစ်၏။ ကြွင်းသောဝါဒများကား အာဂုံယုတ္တိ မရှိ၊ ရမ်း၍ ဆိုကြ သော စကားချည်းသာ ဖြစ်ကြ၏။ ထို့ကြောင့် အမရကောသ အဘိဓာန်၌

ဂုဉ္ဇာပဉ္စာဒျမာသကော၊ တေ သောဠသက္ခော ကသော-
ထိ ပလံ ကဿ စတုတ္ထယံ–

ဟု မိန့်၏။

ပဉ္စဂုဉ္ဇာ၊ ငါးချင်ရွေးတို့သည်။ အာဒျမာသကော၊ အာဒျမာသ-က မည်၏။ တေ သောဠသ၊ ထိုတဆယ့်ခြောက်ပဲတို့သည်။ အက္ခော၊ တစ်အက္ခ၊ တစ်ကျပ်၊ တစ်သစ်ဆိမ့်သီးမည်၏။ ဝါ၊ တကဿမည်၏။ အထိ၊ ပုံးလိင် နပုလ္လိင်တည်း။ ကဿ စတုတ္ထယံ၊ အက္ခလေးခုဟူသော လေးကျပ်သည်။ ပလံ၊ တစ်ပိုလ်မည်၏။

လီလာဝတီဂဏန်းကျမ်း၌လည်း—

ဒသစုဂုဉ္ဇံ ပဏဒန္တိ မာသံ၊ မာသဝှယေ သောဠသာတိ စ
ကဿံ၊ ကဿေ စတုဗ္ဘိ စ ပလံ တုလညာ—

ဟု လာ၏။

ဒသစုဂုဉ္ဇံ၊ ငါးချင်ရွေးကို။ မာသံ၊ တပဲဟူ၍။ တုလညာ၊ ချိန်လိမ္မာသိ ပညာရှိတို့သည်၊ ပဏဒန္တိ၊ မိန့်ဆိုကုန်၏။ သောဠသာတိ စ မာသဝှယေ၊တဆယ့်ခြောက်ပဲတို့ဖြင့်။ကဿံ၊ တကဿ-တစ်ကျပ်ဟူ၍။ ပဏဒန္တိ၊ မိန့်ဆိုကုန်၏။ စတုဗ္ဘိ စ ကဿေ၊ လေးကဿ-လေးကျပ်တို့ဖြင့်။ ပလံ၊ တစ်ပိုလ်ဟူ၍။ ပဏဒန္တိ၊ မိန့်ဆိုကြကုန်၏။(ဤသို့အနက်သမ္ဗန်)။

ပလံ ကဿ စတုက္ကံ၊ တန္တု သတ္တေ တောလစတုက္ကံ ၊
ဝေဇ္ဇကေ အဋ္ဌတောလကံ၊ လောကိကေ သဋ္ဌိရတ္တိ ဒွိမာသတော
လတ္တယံ။ (ကပ္ပဒုမ။)

ယင်း ကပ္ပဒုမ၊ သဒ္ဒတ္ထဝေါမမဟာနိဓိ၊ မုတ္တာဝလိ၊ ဝါစပ္ပတိ အဘိဓာန်တို့၌လည်း ရွေးငါးရွေးကို တပဲ၊ တဆယ့်ခြောက်ပဲကို တကဿ တကောလ တစ်ကျပ်၊ ယင်းတစ်ကျပ်မှာ ရွေးပေါင်း ရှစ်ဆယ်၊ လေးကျပ်ကို တစ်ပိုလ်ဟု ပြကြ၏။ သချ်ာပကာသက ကျမ်း၌လည်း—

မာဂဓိကတုလာယေဝ၊ ကလဉ္ဇံ ပဉ္စဝီသတိ။
ခုဒ္ဒကဂုဉ္ဇကာနံ တံ၊ ဒွတ္တိံသကန္တိ အပရေ။

မာဂဓိယာဟုလာငေယ၀၊ ပာဂဓ ချိန်ဖြင့်သာလျှင်။ ခုဒ္ဒကဂုဥ္စကာ- နံ၊ ရွေးငယ်တို့၏။ ပဉ္စဝီသတိ၊ နှစ်ဆယ့်ငါးရွေးသည်။ ကလဉ္စံ၊ တစ် ကလဉ္စမည်၏။ တံ၊ ထိုကလဉ္စသည်။ ဒွတ္တိံသကာံ၊ ရွေးငယ် သုံးဆယ့် နှစ်ရွေးရှိ၏။ ဣတိ၊ ဤသို့။ အပရေ၊ တပါးကုန်သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤသို့ ကလဉ္စတခုသည် သုံးဆယ့်နှစ်ရွေးရှိကြောင်းပြ၏။ ကင်္ခါ ဋီကာသစ် (၁၃၉)၌-

**ကေပလံ** နာမ ဒသကလဉ္စန္တိ ဝဒန္တိ-

ဟု ဆို၏။ ကလဉ္စ ဆယ်ခုသည် တစ်ပိုလ်ဖြစ်၏ဟု ပြသဖြင့် ကလဉ္စ ဆယ်ခုသော် ရွေးပေါင်း (၃၂၀)ရှိ၏။ တစ်ကျပ်၏ ရွေးပေါင်း ရှစ်ဆယ်နှင့်စား။ လဒ်လေးကျပ်ရ၏။ လေးကျပ် တစ်ပိုလ်ဟု ဆို သော ကျမ်းဟူသမျှနှင့် ကင်္ခါဋီကာသစ်စကား တထပ်တည်းကျ၏။ ထို့ကြောင့် ကင်္ခါ ဋီကာသစ်၌- ဒသ ကလဉ္စံ၊ ကလဉ္စ ဆယ်ခု သည်။ ဝါ၊ သုံးဆယ့်နှစ်ရွေးရှိသော ကလဉ္စတို့၏ ဆယ်ခုသည်။ ကေပလံ နာမ၊ **တစ်ပိုလ်မည်၏**-ဟူ၍ အနက်ပေး။

ရွေးအခါ၌ မာဂဓ ကျပ်,ပိုလ်စသည်ကို သေသေချာချာ သိနိုင် လောက်အောင် ပြသော သာသနာတော် ကျမ်းဂန် တိုက်ရိုက်မရှိ။ သေသေချာချာပြသော လောကီကျမ်းဂန်များလည်း မြန်မာနိုင်ငံ သို့ မရောက်သေးသဖြင့် ကျမ်းဂန်တတ်အကျော် ဆရာတော်ဘုရား များပင် အနုမာနဉာဏ်ဖြင့် ရမ်းဆ၍ ယူတော်မူကြရသတည်း။ ယူတော်မူကြပုံကား ကင်္ခါနိဿယတစောင်၌- ကေံ ပလံ နာမ ဒသကလဉ္စံ-ဋီကာလာရကား ကျပ်(၁၀) တစ်ပိုလ်ဟု မှာထား၏။ ရွှေဥမင်ဆရာတော်ရေး ဝိနည်းမဟာဝါ အဋ္ဌကထာနိဿယ၌ တစ်ပိုလ်

လျှင် ကျပ်(၄၀)။သုံးဆယ့်နှစ်ပိုလ်သော် တဆယ့်နှစ်ပိဿာနှင့် အကျပ်ရှစ်ဆယ်ရှိ၏။ ဆရာတို့ကား ဒွတ္တိံသပလအရ သုံးဆယ့်နှစ်ပိဿာ နှင်နှင်ဟု မှာတော်မူ၏။ တပိဿာကို တစ်ပိုလ်ယူသည်။ အရှင်အရိယဝံသဓမ္မသေနာပတိ ရေးအပ်သော ဇာတ်ဝိသောဓနေ၌လည်း ကျပ်(၄၀)ကို တစ်ပိုလ်ဟူ၍ပင် ပြ၏။ တောင်ဖီလာရေး သီမဝိနိစ္ဆယ၌ကား ကျပ်(၁၀) တစ်ပိုလ်ယူ၏။ ငါတို့ကျေးဇူးရှင် ကျီဝန်ဆရာတော်ကား တစ်ပိုလ် ကျပ်တဆယ် ဆယ်ပိုလ် တပိဿာ၊ (၃၂)ပိုလ်မှာ သုံးပိဿာ နှစ်ဆယ်ရ၏။ ဝိနည်းမဟာဝါ ဆင်တဲဂဏ္ဌိ၌လည်း ကလဥ္စတခု ကျပ် (၁၀)ဖြစ်၍ တစ်ပိုလ် တပိဿာ၊ (၃၂)ပိုလ်လျှင် (၃၂)ပိဿာ ရှိကြောင်းပြ၏။

ဤသို့ စသည်ဖြင့် ထိုအခါ တောင်း, တင်း, ချင်ကွက်နှင့်တူသော ကျမ်းဂန်များ မတွေ့ရသည့်အတွက် ရောမ ပညာရှင် ဘုန်းရှင် သမ္မာရှင်ကြီးတွေလျက် မှားမှားယွင်းယွင်း ရေးကြရသေးလေသည်။ ထိုသို့လျက် အမှားကြိုက်သော မန္ဒဗုဒ္ဓိတို့က ချင့်တောင်းဖြင့် မချိန်။ လက်ရမ်းဆ၍ ပေးအပ်သော ဆရာတို့ကို ထုတ်ပြ၍ သကဝါဒအား ဖြင့် ယူကြတုံး ရှိသေးသည်ကား ရောမအံ့ဩဖွယ်ရာကြီးပါတကားဟု စဉ်းစားတိုင်း ရေးရေး ပေါ်လာလိမ့်မည်တည်း။ ဤသို့ပင် ငါတို့နှင့် တကွ အမှန်အကန် လိုလားကြသော ဇမ္ဗူဒီပါ တကျွန်းလုံးရှိ ပညာရှိ ပညာကျော် ကျမ်းဂန်တတ် ပုဂ္ဂိုလ်ကျော်ဟူသမျှတို့သည် ငါတို့ ကျေးဇူးတော်သခင် ထိပ်ခေါင်တင် ဖြစ်တော်မူသော ပဏ္ဍိတဓဇ-သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု မြန်မာရေမြေရှင်၏ တတိယ ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော်ဘုရားကြီး ရေးသားတော်

ပူဇော်သော ပစ္စည်းပန်းဆွမ်းတို့ကို တွေ့ကြရ မြင်ကြရ ကြည့်ရှုကြရသဖြင့် အမှန်အကန်ပင် ယူတော်မူကြလေကုန်သတည်း။ ဤကား ကျောက်နိမိတ် အကျဉ်းချုပ် လိုရင်းများပေတည်း။

ဒွတ္တိံသ ပလာဋီကာ သမတ္တာ။

## တောနိမိတ်ကို ပြခန်း

တောနိမိတ် ကြားရာ၌ စတုပဉ္စရုက္ခမတ္တမ္ပိ-မှာ စတုအရေလေးပင် ဖြစ်အံ့ အနှစ်ရှိသော သစ်ပင်ချည်း လေးပင်၊ ငါးပင်ဖြစ်အံ့ အနှစ်ရှိသော သစ်ပင်လေးပင်၊ အနှစ်မရှိသော သစ်ပင် တပင်၊ ဤသို့ စတုကို အန္တောသာရေဟိ ဝါ နှင့် စပ်။ ပဉ္စ ကို အန္တော-သာရမိဿကေဟိ ဝါ နှင့်သာ စပ်။ ဤသို့ အနှစ်ရှိလေးပင်၊ အနှစ်မရှိ တပင် အားဖြင့် ငါးပင်သော်လည်းကောင်း၊ အနှစ်ရှိချည်း လေးပင် သော်လည်းကောင်းရှိသော တောကို တောနိမိတ် ကြားကောင်း၏။ သည်အောက် ယုတ်လျှင် မကြားရ။ (ကျီဝန်မိန့်။)

ဝဇိရဗုဒ္ဓိ ၌ကား အနှစ်ရှိ သစ်ပင်သုံးပင် ၊အနှစ်မရှိ သစ်ပင်နှစ်ပင်၊ ပေါင်း ငါးပင်ရှိသော တောကို တောနိမိတ် ကြားကောင်း၏၊ အနှစ်ရှိသော သစ်ပင်များသည်ကို လိုအပ်၏ဟု မိန့်ဆို၏။ ဝိမတိ-ဝိနောဒနီ၊ ဝိနယာလင်္ကာရ ဋီကာတို့၌ကား စတု ပဉ္စ ရုက္ခမတ္တမ္ပိ-ကို အနှစ်ရှိသော သစ်ပင်ကိုချည်း ယူရမည်ဟု ဆို၏။ ကင်္ခါ ဋီကာသစ်၌ကား လေးပင်ဖြစ်ခဲ့လျှင် အနှစ်ရှိ သုံးပင်၊ အနှစ်မရှိတပင်၊ ငါးပင်ဖြစ်အံ့ အနှစ်ရှိသုံးပင်၊ အနှစ်မရှိ နှစ်ပင်၊ ၎င်းကို တောနိမိတ်ကြားကောင်း၏ဟု ဆို၏။ ဆိုအပ်ပြီးသောနည်းဖြင့် အဋ္ဌ-

ကထာ ဆရာ အာဘော်မကျရကား မသင့်သည်ချည်း မှတ်အပ်၏ဟု ငါတို့ကျေးဇူးတော်ရှင် ကျီဝန် ဆရာတော်ဘုရားကြီးသည် ငါတို့အား ၁၂၆၃-ခုနှစ်၊ ကခ်ါပွဲချရာတွင် မိန့်တော်မူသတည်း။

ဆိုအပ်ပြီးသော လက္ခဏာနှင့် ပြည့်စုံသော သစ်ပင်မျိုးသည် မညှိုးမနွမ်း စိမ်းစိမ်းစိုစိုရှိလျက် အတွင်း၌ အနှစ်ရှိလတ္တံ့ ဖြစ်၍ မြေ၌ ပကတိ တည်ဆဲဖြစ်မူ အစောက် လက်ရှစ်သစ်၊ လုံးပတ် သီဟိုဠ်ကညစ်ရိုး၊ ယိုးဒယား ကညစ်ရိုး ပမာဏရှိပါမူ ထိုအခါကပင် တောနိမိတ် ကြားကောင်းလေပြီ။ သီဟိုဠ်ကညစ် ပုံသဏ္ဍာန်မှာ သီဟိုဠ်ကျွန်းက ပထမ ခင်မကန် ဆရာတော်ဘုရားကြီးထံ ကပ်ဆက် လိုက်သဖြင့် ထိုပုံသည် ငါတို့လက်တွင်ပင် ရှိသတည်း။ မောင်းထောင် သာသနာပိုင် ဦးဧ္ဍယျသည် ပရက္ကမကျောင်းတိုက်၌ သိမ် သမုတ်ရာ သစ်ပင်ကို ပင်စည်မှ ဖြတ်၍ ခေတ္တစိုက်ထားရာ မမေး မြန်းပဲ သမုတ်ခဲ့ဖူးသတည်း။ နောက်မှ ထိုအကြောင်းကို သိ၍ ပြန်၍ သမုတ်ရဖူးကြောင်း ငါတို့ ကျေးဇူးတော်ရှင် ကျီဝန်ဆရာတော် ဘုရားကြီး အမိန့်ရှိသည်ကို ထိုကခ်ါ သင်ကြားစဉ်ကပင် ကြားရ ဖူးသတည်း။ ပညာရှိ သတိဖြစ်ခဲ ဆိုသောစကား အလွန်မှန်၏။ သတိသမ္ပဇည ကြပ်ကြပ်ထား၍ ကာယကံမှု ဝစီကံမှုတို့ကို ကောင်း မွန်အောင် ပြုကြလေ။

ဝနနိမိတ္တဒ္ဒီကာ သမတ္တာ။

## ခရီးနိမိတ် ပြခန်း

နှစ်ခု သုံးခုသော ဂါမခေတ်တို့သို့ ထွက်ခြင်းပေါက် သွား၍ ခြေကုန်သည် လှည်းကုန်သည်တို့ သွားလာမြဲ ဖြစ်သော ခြေလမ်း ခရီး၊ လှည်းလမ်းခရီးများကို ခရီး နိမိတ် ကြားကောင်း၏၊ လူတို့ မသွားလာလျှင် ခရီးနိမိတ် မကြားရတော့ပြီ၊ လေးမျက်နှာရှိရာ တခုခုသာ ကြားရသည်။

မဂ္ဂနိမိတ္တဒီပိကာ သမတ္တာ။

## တောင်ပို့နိမိတ် ပြခန်း

ဩမကပရိစ္ဆေဒအားဖြင့် အစောက် လက်ရှစ်သစ် နွားဦးချို ပမာဏရှိသော ထိုနေ့ပေါ်ခါစ တောင်ပို့ဖြစ်စေကာမူ တောင်ပို့ နိမိတ် ကြားကောင်း၏၊ ၎င်းအောက်ငယ်လျှင် တောင်ပို့နိမိတ် မကြားကောင်း၊ အကြီးပမာဏမှာမူ ဟိမဝန္တာတောင်လောက် ကြီးစေကာမူ တောင်ပို့ နိမိတ်ကြားကောင်း၏။

ဝမ္မိကနိမိတ္တဒီပိကာ သမတ္တာ။

## မြစ်နိမိတ် ပြခန်း

မြစ်နိမိတ်၌ တရားစောင့်သော မင်းစိုးရာဇာတို့လက်ထက် လခွဲ တကြိမ် ဆယ်ရက်တကြိမ် မိုးရွာသည်ဖြစ်၍ မိုးကောင်းသော ကာလဖြစ်ခြင်း၊ မိုးလေးလပတ်လုံး ထိုမြစ်၌ ရေအယဉ် မပြတ်ခြင်း၊ အဝန်းသုံးပါး ညီညွတ်စွာ သင်းပိုင်ကို ဝတ်သော ဘိက္ခုနီမ၏ သင်း

ပိုင် မပင့်မြှောက်ပဲ လက်တသစ် နှစ်သစ်ခန့် စွတ်ခြင်း၊ ဤအင်္ဂါ သုံးပါးနှင့် ညီသောမြစ်ကို မြစ်နိမိတ် ကြားကောင်း၏၊ ထိုမှပြန် ဘက် ဗျတိရေက နည်းအားဖြင့် အင်္ဂါသုံးပါးတွင် တပါးပါး ပျက် ကွက်လျှင် မြစ်နိမိတ် မကြားကောင်း။

နဒီနိမိတ္တဒီပိကာ သမတ္တာ။

## ရေနိမိတ် ပြခန်း

ဌိတံ ပန။ပ။ ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာပရိ-ယောသာနာ တိဋ္ဌတိ အပ္ပံ ဝါ ဟောတု ဗဟု ဝါ၊ ဝဋ္ဋတိ။ (ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ၃၂၂။)

နှင့်အညီ၊ လှေ့, အိုးစရည်းစသည် မဟုတ်သော တွင်း, လေး ထောင့်ကန်,ကဘက်ဆည်ကန်, ဆားငံချောင်း, သမုဒ္ဒရာ စသည်တို့၌ မစီး မသွားပဲ ငြိမ်သက်စွာ တည်သော ရေဖြစ်စေ၊ အယုတ်ဆုံးနိမိတ် ကြားအံ့သော ခဏ၌ မြေ၌တူးအပ်သော တွင်းငယ်၌ အိုးတို့ဖြင့် ထမ်းဆောင်ချိရွက်၍ ပြည့်စေ လောင်းစေအပ်သော ရေ ဖြစ်စေ နိမိတ်ကြားသည်မှ စ၍ ကမ္မဝါစာ ဆုံးသည်တိုင်အောင် တည်ပါမူ ရေနိမိတ်ကြားကောင်း၏။ လှေ့, အိုးစရည်း စသည်တို့၌ တည်သောရေ စီးသွားသောရေ နိမိတ်ကြားသည်မှစ၍ ကမ္မဝါစာ ပြီးဆုံးအောင် မတည်သော ရေကို ရေနိမိတ် မကြားရ။ ကြား သော်လည်း နိမိတ္တဝိပတ္တိဖြစ်၍ ကံပျက်၏။ မစီးသွားသော ရေမှာ ရေနိမိတ်၊ စီးသွားလျှင် မြစ်နိမိတ်။

ထို့ကြောင့် -

ဥဒကနိမိတ္တေ နိရုဒကေ ဌာနေ နာဝါယ ဝါ စာဋိအာဒီသု ဝါ ဥဒကံ ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ န ဝဋ္ဋတိ။ ဘူမိဂတ-မေဝ ဝဋ္ဋတိ–

အစရှိသော စကားကို မဟာဝါအဋ္ဌကထာ(၃၂၂)၌ မိန့်သတည်း။ ဤသို့အဋ္ဌကထာ သာမည လာသောကြောင့် ရေနိမိတ် ပြုလုပ်ရာ ဌာန မြေပွသည်နှင့် ရေမတည်နိုင်မည် စိုးရိမ်သဖြင့် နိမိတ်တွင် ပတ်ပတ်လည် အောက်အပြင်တို့ကို မြေသရွတ် လိမ်းကျံခြင်းငှာ အပ်၏ဟု အချို့ဆရာတော်ကြီးတို့ ယူကြ၏။ ယင်းသို့ လိမ်းကျံခဲ့သော် နာဝါစာဋိအလား ရှိသောကြောင့် ဘူမိဂတ ဖြစ်သော်လည်း မအပ်ဟု အချို့ ဆရာတော်ကြီးများ ယူကြ၏။ ဒုတိယဝါဒသည် ဂရုက ဖြစ်ပေသောကြောင့် ဒုတိယဝါဒသာသင့်၏ဟု ငါတို့စံကျောင်း ဆရာတော်ကြီး ယူသတည်း။ နိမိတ်မကြားမီ ရေကို မပြတ်လောင်း ရသတည်း။ နိမိတ် ကြားသောအခါ ဘယ်ရေက တည်မှန်းမသိနိုင် သောကြောင့် ရေသစ်မလောင်းရပြီ။ ယင်းနိမိတ်တို့ကို ကြားရာ တကြိမ်သာ ကြားသော်လည်း အပ်သည်။ မဟာဝါအဋ္ဌကထာ၊ ကင်္ခါဋီကာ၊ အန္ဓအဋ္ဌကထာတို့၌ကား သုံးကြိမ်လှည့်၍ ကြားရမည် ဆို၏။

တိက္ခတ္တုံ သီမမဏ္ဍလံ သမ္ဗန္ဓန္တေန နိမိတ္တံ ကိတ္တေတဗ္ဗံ။
(ဝိနည်း မဟာဝါအဋ္ဌကထာ၊ ၃၁၈။)

ခင်မကန် ဆရာတော်လည်း ၎င်းအဋ္ဌကထာသို့ လိုက်၍ သုံးကြိမ် ကြားစေလိုသတည်း။ ယခု ငါတို့ကား ခုနစ်ကြိမ်ကြား သတည်း။

နိမိတ်ကြားရာ၌ နိမိတ်ရှိရာသို့ မသွားပဲ သိမ်လယ်ကနေ၍ ကြား သော်လည်း အပ်၏။

တံ တံ နိမိတ္တဋ္ဌာနံ အဂန္တွာပိ ဟိ ကိတ္တေတုံ ဝဋ္ဋတိ။
(ဝိမတိဝိနောဒနီ၊ ၃၊၁၄၁။)

ငါတို့ ကျေးဇူးရှင် မိုင်းခိုင်းဆရာတော်လည်း ဤသို့ပင် ကြားတော် မူသည်။ နိမိတ် ကြားသောအခါ ပါဠိဘာသာ မြန်မာဘာသာ စသော အမှတ်မရှိသော ဘာသာဖြင့် ကြားကောင်း၏။ ဝိနည်းမိုရ်က မေးလျှင် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ နိမိတ်စောင့် ပုဂ္ဂိုလ်က ဖြေ ကောင်း၏။

ဥပသမ္ပန္နော ဝါ အာစိက္ခတု အနုပသမ္ပန္နော ဝါ၊ ဝဋ္ဋတိယေဝ။
(**ဝိနည်း** မဟာဝါအဋ္ဌကထာ၊ **၃၁၈**။)

ဥဒကနိမိတ္တဋ္ဌိကာ သမတ္တာ။
အဋ္ဌနိမိတ္တဋ္ဌိကာ သမတ္တာ။

---

ပရိသာသမ္မတ္တိယာ ယုတ္တာ နာမ သဗ္ဗတ္ထိမေန ပရိစ္ဆေဒေန **စတူ**ဟိ ဘိက္ခူဟိ သန္နိပတိတ္ဘာ။လ။ သမ္မတာ–
ဟူသော ကင်္ခါဝိတရဏီ အဋ္ဌကထာ(၇၉)နှင့်အညီ သိမသမ္မုတိကံ သည် စတုဝဂ္ဂကရဏီယကံ ဖြစ်၍ နောင်အရှည်သဖြင့် သာသနာ တော်ထွန်းခြင်းကို ငဲ့ကွက်၍လည်းကောင်း၊ ဘုရား သာသနာကို ပူဇော်လို၍လည်းကောင်း ယခုကာလ သမုတ်အပ်သော ဗဒ္ဓသိမ်တို့ ကဲ့သို့ သိမ်သမုတ်လိုသော ပညာရှိ သူတော်ကောင်းတို့သည် လိုက်

နာ ကျင့်သုံးရန် ဝိသုံဂါမမြေ အမိန့်စာ ခံယူပုံကစ၍ သိမ်သမုတ်ပြီးသည်တိုင်အောင် ရှေးရိုးလမ်းကျ ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများနှင့် တကွ ငါတို့ပါ အဆက်ဆက် သိမ်သမုတ်ပုံ နည်းလမ်းအတိုင်း ရေးလိုက်ပေအံ့။

## ဝိသုံဂါမသိမ်အမိန့်စာခံပုံပြခန်း

### ပုံစံ

တောင်သာမြို့ ကျွန်းရွာကလေးနေ စာရေးကြီး မောင်ချစ်ပေါက တောင်သာမြို့အုပ်မင်း ရုံးတွင် လျှောက်ထားသည့် လျှောက်လွှာစာ လက်ခံ။

တောင်သာမြို့-မြို့အုပ်မင်း ရုံးတော်၌ (........)ခု။
လျှောက်လွှာနံပါတ်၊ (........)

ဘုရားကျွန်တော်မျိုး တောင်သာမြို့ ကျွန်းရွာကလေးရွာနေ စာရေးကြီး မောင်ချစ်ပေါ ရှိခိုး အစီရင်တော် ခံပါသည်၊

အကြောင်းမှာ ကျွန်တော်မျိုးတို့မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့မျှမက ဂျော့ဘုရင် မင်းမြတ်ကြီး လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် မဟာသံဃရာဇာ သာသနာပိုင် ဆရာတော်ဘုရားကြီးသည် ချီးမြှင့်အပ်သော ၄- မြို့ဂိုဏ်းချုပ်၊ မြစ်ကျွေခရိုင် သုမ္ဘဝင် ကျွန်းရွာတောရ ဆရာတော် ဟူသော ဘွဲ့တံဆိပ်တော်၊ ဤသုံးတန်သော ဘွဲ့တံဆိပ်တော်ကို အလှူတော်ခံရသော ကျွန်းရွာတောရ ဆရာတော်ဦးအဂ္ဂဝံသပိုင် ကျောက်ဆောက်ကျွန်းရွာ ကျောင်းတိုက်ထဲ

တွင် အောက်ပိုံစံပါ နယ်လေးရပ် သတ်မှတ်လျက် ရှိသော ကျောင်း ဝတ္ထုကံ မြေပေါ်တွင် ရဟန်းသံဃာတော် အရှင်မြတ်များ ဉပုသ်သိတင်း လပြည့်,လကွယ် စသော နေ့များ၌ ကျင့်သုံးဆောက်တည် ကံကြီး, ကံငယ် ပြုလုပ်ရန် သိမ်သမုတ် လျှုဒါန်းလိုပါကြောင်း၊ အထက်ပါ ကျွန်းရွာတောရ ဆရာတော် ဦးအဂ္ဂဝံသကလည်း သဘောတူပါကြောင်း။ အဆိုပါ နယ်လေးရပ် သတ်မှတ်လျက်ရှိသော ဝတ္ထုကံ အလျား, အနံလေး ထောင့် **ပေ(၂၅)ပေခန့်**ကို သာသနာမှု သာသနာရေးအတွက် ဝိသုံဂါမ မြေစား ပေးသနားတော် မူပါမည့်အကြောင်း၊ ဘုရင်ခံမင်း အမိန့်တော်ကို အလိုရှိပါကြောင်း ရှိခိုးအစီရင်တော်ခံပါသည်ဘုရား။

မောင်ချစ်ပေါ
ကျောက်ဆောက်ကျွန်းရွာ -စာရေးကြီး။

အရှေ့ -လှည်းလမ်း

မြောက် -ဦးလူပုံ ယာ | သိမ်သမုတ်ရန်မြေနေရာ<br>အလျားအနံ စတုရန်း<br>၄ -ထောင့် (၂၅) ပေ | တောင် -ရွာ

အနောက် -ဦးစု ယာ

**အင်္ဂလိပ်မင်းတို့ ဝိသုံဂါမပေးပုံ ပြခန်း**

ယခု အင်္ဂလိပ် အစိုးရမင်းတို့ လက်ထက် ဘုရင်ခံမင်းလှတ်တော်က ဝိသုံဂါမမြေစားပေးပုံ အမိန့်တော် -

## မြန်မာနိုင်ငံတော်ကို စိုးစံအုပ်ချုပ်တော်မူသော ဘုရင်ခံမင်း တံဆိပ်တော်ပုံ သိမ်သမုတ်ရန် မြေပေး အမိန့်တော်

မြင်းခြံဒိစတြိတ်စီရင်စု တောင်သာမြို့နယ် ကျောက်ဆောက်ကျွန်းရွာတိုက်တွင် အောက်ပါ နယ်နိမိတ်များ အတွင်း(၁၂ ဧက) ရှိမြေကို သိမ်သမုတ်ရန် မောင်ချစ်ပေါက ဝိသုံဂါမမြေစား သနားခံစေ။

နယ်နိမိတ်....................................

မြောက်အလား..............................

တောင်အလား..............................

အရှေ့အလား.................................

အနောက်အလား.........................

၎င်း သနားတော် ခံရသည့် မြေတွင် သိမ်သမုတ်ခြင်းမှတပါး၊ တခြား တစုံတရာ အသုံးပြုလျှင် သနားတော်မူရင်း အမိန့်တော်ကို နုတ်သိမ်းစေ။

## မြန်မာနိုင်ငံတော်ကို စိုးစံအုပ်ချုပ်တော်မူသော ဘုရင်ခံမင်း ရန်ကုန်မြို့။

၁၈၉...........ခု၊...................လ........ရက်။

၁၂ ..........ခု၊...................လ........ရက်။

## ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် သိမ်အမိန့်ပေးပုံ ၂၊ မျိုး ပြခန်း

ရတနာပူရ စတုတ္ထမြို့တည် မဟာဝိဇယရံသီ စေတီတော် ဒါယကာ ဘကြီးတော် ဖုလ်နန်းရှင် မင်းတရား လက်ထက် ဝိသုံဂါမ မြေစား ပေးပုံ အမိန့်တော်။

ပင်းတလဲမြို့ ကျေးစည်ကြီးဆွဲရွာ၊ ပတင်းရွာကျောင်းနေ ရှင်တေဇဝန္တ၊ ရှင်ဝရမဥ္ဇူတို့က သံဃာတော်တို့ ကံကြီး, ကံငယ် ဆောင်ရွက်ရန် သိမ်မရှိပါ။ စည်ကြီးဆွဲရွာ ဘုရားရှင်က-သည် ပတ်လည်တာ (၂၀)စီ မြေရန်ကို စည်ကြီးဆွဲရွာ မြေတိုင်း ငွေ၊ ကို ဝိသုံဂါမမြေစား သနားတော်မူ၍ သိမ်သမုတ်ပါရမည့် အကြောင်း ပတင်းရွာကျောင်းတိုက် အရှေ့, အနောက်တာ (၄ ၀)။ တောင်,မြောက် (၅၀) မြေအရံကိုလည်း ပတင်းရွာ နေ ငနေကို ဝိသုံဂါမမြေစား သနားတော်မူ၍ သိမ်သမုတ် ပါရမည့် အကြောင်း မေတ္တာစာဆက်ချက်အတိုင်း စည်ကြီး ဆွဲရွာ မြေတိုင်း ငွေ၊ ပတင်းရွာနေ ငနေတို့ကို ဝိသုံဂါမမြေစား သနားတော်မူသည် သိမ်သမုတ်စေ။

၁၁၈၆-ခု၊ တန်ခူးလပြည့်ကျော်(၁၃)ရက်နေ့ပြန် အမိန့်တော်။

---

ငကံပေး မယား မိရှုံးတို့က စစ်ကိုင်းမြို့ အဝင် ငတေရော်ရွာ သူကြီးငတေ အုပ်ထိန်းသည့် မြေနယ်အတွင်း အရှေ့,အနောက်, တောင်, မြောက်, စတုရန်းတာ (၁၀၀) မြေကို မြေ စား သနားတော်ခံ၍ သိမ်သမုတ်ပြီးလျှင် ပြာသာဒ် တည် လုပ်ပါရမည့် အကြောင်းနှင့် ရှိခိုး သံတော်ဦး တင်ချက်အတိုင်း သိမ်သမုတ်၍ ပြာသာဒ်တည်လုပ်စေ။

၁၁၈၆ -ခု၊နယုန်လဆန်း (၇)ရက်နေ့ပြန် အမိန့်တော်။

## ပဉ္စမသံဂါယနာတင် မင်းတရားသိမ်အမိန့်ပေးပုံ ၂-မျိုး

မန္တလေးမြို့တည် ပဉ္စမသံဂါယနာတင် မဟာလောကမာရဇိန် စေတီတော် ဒါယကာ ဘုရင်မင်းတုန်းမင်းတရား လက်ထက် ဝိသုံဂါမ မြေစားပေးပုံ အမိန့်တော်။

မြောက်ထားဝယ် သွေးသောက်ကြီး သောမှန် သွေးသောက် သားတို့ ရှိခိုးသံတော်ဦး တင်ချက်အတိုင်း ရဟန်းသံဃာတော် တို့ ဥပုသ်, ပဝါရဏာ, ကံကြီး, ကံငယ် ဆောင်ရွက်ရန် စစ်ကိုင်းမြို့ စီရင်စုချ ထန်းတောရွာအနီး ကြက်ထောင့်ကန်တော် အနောက် တောင်ကြား ဝါးတောမရွာ ဂိုဏ်းအုပ်ဆရာ သီတင်းသုံးနေသည့် တောရကျောင်းတိုက် အတွင်းရှိမြေကို မြောက်ထားဝယ် သွေး သောက်ကြီး သောမှန် သွေးသောက်သားတို့က ဝိသုံဂါမမြေစား သနားတော်မြတ်ခံ၍ ကုသိုလ်တော်ပွား ခဏ္ဍသိမ် သမုတ်လျှု ဒါန်းစေ။

၁၂၂၈-ခု၊ နယုန်လဆန်း(၂)ရက်နေ့ပြန် အမိန့်တော်။

ရှင် ရှိခိုးသံတော်ဦး တင်ချက်အတိုင်း ရဟန်းသံဃာ တော်တို့ ဥပုသ် ပဝါရဏာ, ကံကြီး, ကံငယ် ဆောင်ရွက်ရန် ရွှေမြို့တော် ဆင်ခြေဖုံး အလောင်ကျွန်း ထားမကျ ကျေးရွာ ကျောင်းတိုက်အတွင်း စတုရန်း (၇)တာစီ မြေကို ရှင်က ဝိသုံဂါမမြေစား သနားတော်မြတ်ခံ၍ ကုသိုလ်တော်ပွား ခဏ္ဍသိမ် သမုတ်လှူဒါန်းစေ။

၁၂၂၈-ခု၊ နတ်တော်လဆန်း (၁၄)ရက်နေ့ပြန် အမိန့်တော်၊

## သီပေါမင်း သိမ်အမိန့်ပေးပုံ ၂-မျိုး

ရတနာပုံ ဒုတိယမြို့တည် မာရ်အောင်ရတနာ စေတီတော် ငါယကာ သီပေါဘုရင်မင်းမြတ်လက်ထက် ဝိသုံဂါမမြေစားပေးပုံ အမိန့်တော်။

သုမေ့ဓာ ဆရာတော်တို့ စာဆက်သွင်းချက်အတိုင်း ရဟန်း သံဃာတော်တို့ ဥပုသ်,ပဝါရဏာ, ကံကြီး, ကံငယ် ဆောင်ရွက် ရန် ရွှေမြို့တော် တောင်ပြင် ဘုံကျော်ကျောင်းတိုက် မဟာရံ အတွင်း မြေကို အခွန်စာရေး မြိုးစည်သူကျော်ထင်က ဝိသုံဂါမ မြေစား သနားတော်ခံစေ။

၁၂၄၀-ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၇)ရက်နေ့ပြန် အမိန့်တော်။

သုမေ့ဓာ ဆရာတော် စာဆက်သွင်းချက် အတိုင်း ရဟန်း သံဃာတော်တို့ ဥပုသ်, ပဝါရဏာ, ကံကြီး,ကံငယ်ဆောင်ရွက်ရန် တောင်တွင်းကြီးမြို့ စီရင်စု ခပေါင်းကုန်းရွာ ကျောင်းတိုက် အတွင်း စတုရန်း(၇)တာစီ မြေကို ငပေါ်လူက ဝိသုံဂါမမြေစား သနားတော်မြတ်ခံ၍ ခဏ္ဍသိမ်သမုတ် လှူဒါန်းစေ။

၁၂၄၁-ခု၊ကဆုန်လဆန်း(၂)ရက်နေ့ပြန် အမိန့်တော်။

ဤသို့ **သိမ်မိန့်ပေးရာ၌—**

**ယခုကာလ အင်္ဂလိပ်မင်းတို့ ပေးအပ်သော သိမ်အမိန့်လည်း အပ်ပါ၏။** (ရွှေကျင်ဆရာတော် **ဦးဇာဂရ၊ မိုင်းခိုင်းဆရာတော်။**)

**ဘုရင်ကိုယ်တိုင်ပေးခြင်း၊ ဘုရင်က မြေသီး၊ နယ်သီး၊ ရွာသီး ဖြစ် အောင် ပေးနိုင်သောအာဏာရရှိသော မှူးမတ်တို့ ပေးခြင်းနှစ်ရပ်လုံး ဝိသုံဂါမ မြေဟုတ်၏။ (ရွှေကျင်ဆရာတော်၊ မိုင်းခိုင်းဆရာတော်။)**

ဒုတိယမှူးမတ်မှာ ယခုကာလ အရေးပိုင် တိုင်ရုံးယူ၊ (မိုင်းခိုင်း။)

ဗလိ ံလာဘန္တိ – လည်း ယေဘုယျ၊ဝိမတိထောက်။ ပေးခြင်း မပေးခြင်း ပမာဏ မယူရ၊ နယ်သီးဖြစ် မဖြစ် ပမာဏ။ ထို့ကြောင့် ရွာ နယ် အသီး အသီးကို သူကြီးတဦးတည်း အခွန်ရသော်လည်း ဂါမသီးဖြစ်ရကား အသီး အသီး ဂါမခေတ် တခုစီသာတည်း။ (မိုင်းခိုင်းဆရာတော်ဝါဒ။)

---

## သိမ်သမုတ်ရာ ညောင်စောင်းကွက်သားပုံ စသည်ပြခန်း

ဤသို့ သိမ်အမိန့်ရပြီးသော နေရာ၌ အာဒါသတလံ ဝိယ သမံ သုဒ္ဓံ ဝိမလံ ကတွာ-အစရှိသည်ဖြင့် (ဝိနယာလင်္ကာရ ဋီကာ၊ပ၊ ၃၅၉။) လာသည့်အတိုင်း –

(က) လေးမျက်နှာ ပတ်လည်တွင် ကြေးမုံပြင် ပုံသဏ္ဌာန် ကသိဏ်းဝန်းဟန် ပမာဏ ကျနကောင်းမွန်စွာ ညီညွတ်ပြေပြစ် ချောမောအောင် ပြုပြင်သုတ်သင် ရှင်းလင်းရာသည်။

(ခ) ၎င်းနောက် –

ယတ္ထ ပမာဏယုတ္တော မဠော ဂုတော စိတော စ န ပရိဝတ္တတိ၊ အယံ ကုဋိတိ သဈ်ံ န ဂစ္ဆတိ၊ တသ္မာ အယမ္ပိ ဝဋ္ဋတိ။ မဟာပစ္စရိယံ ပန ပစ္ဆိမကောဋိယာ စတုဟတ္ထဝိတ္ထာရာ ဝုတ္တာ-ဟုသော- (ကုဋိကာရ သိက္ခာပုဒ်အဖွင့်၊ ပါရာဇိကဏ်အဋ္ဌကထာ၊ ဒု၊ ၁၅၄။)

ပမာဏယုတ္တော မဉ္စောတိ ပကတိဝိဒတ္ထိယာ နဝဝိဒတ္ထိပ္ပမာ-
ဏော မဉ္စော--ဟူသော

(သာရတ္ထဋီကာ၊ ဒု၊ ၃၃၄။)

တို့နှင့်အညီ၊ အလျား (၄)တောင်ထွာ၊ အနံ (၂)တောင်(၆)
သစ် ပမာဏရှိသော ညောင်စောင်းကွက် ပြုရသည်။

(ဂ) ၎င်းနောက် ၎င်းညောင်စောင်းကွက် ထောင့်တခုခု၌
သိမ်ငုတ်တိုင်စိုက်သည်။

(ဃ) ၎င်းနောက်-

သိမံ ဘိက္ခဝေ သမ္မုဟနန္တေန ပဌမံ တိစီဝရေန အဝိပ္ပဝါ-
သော သမ္မုဟန္တဗ္ဗော၊ ပစ္ဆာ သမာနသံဝါသသီမာ သမ္မုဟန္တဗ္ဗာ-

ဟူသော(ဝိနည်းမဟာဝါ ပါဠိတော်၊ ဥပေါသထက္ခန္ဓက၊ ၁၄၉။)

အဌေ့ော စ ဗဟိ စ သမန္တာ လေဍ္ဍုပါတေ သဗ္ဗတ္ထ မဥ္စပ္ပ-
မာဏေ ဩကာသေ နိရန္တရံ ဌတွာ ပဌမံ အဝိပ္ပဝါသသီမံ တတော
သမာနသံဝါသသီမဥ္စ သမ္မုဟနနဝသေန သီမာယ သမုဂ္ဃါတေ
ကတေ—

အစရှိသော (ဝိမတိဝိနောဒနီဋီကာ၊ ဒု၊ ၁၅၆။)

ဗဟိ သီမဋ္ဌာနမ္ပိ သမန္တတော ဧကမဥ္စကံ ဝါ ဒွိတိမဥ္စကံ
ဝါ ဂဟေတဗ္ဗံ-

ဟူသော (ဝိနယာလင်္ကာရဋီကာ၊ ပ၊ ၃၅၉။) တို့နှင့်အညီ မိမိ
တို့နှင့် အဖော်သမဂ္ဂ သီတင်းသုံးဖော်တို့ကို ပင့်ဖိတ်၍လည်းကောင်း၊

မိမိကျောင်းတိုက်တွင် ရဟန်းသံဃာ များစွာရှိသည် ဖြစ်၍ ထိုမိမိ ကျောင်းတိုက်ရှိ သံဃာများကို ဉတ်ကမ္မဝါစာရွတ်ဖတ်မှု၌ ဌာန် ခုနစ်ပါး, ကရိုဏ်းလေးပါး, ပယတ်လေးပါး, သိထိလ,ဓနိတ စသော ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးတို့ကို ကျနစွာ သင်ကြားလိမ္မာစေပြီးလျှင် မဥ္ဇ-ပမာဏရှိသော အတွင်းအရပ်၌လည်းကောင်း၊ နိမိတ်ပြင်ပ တညောင် စောင်းခန့် နှစ်ညောင်စောင်းခန့် အရပ်၌လည်းကောင်း၊ဟတ္ထပါသ်ကို မစွန့်မူ၍ ထိုင်စေပြီးလျှင် အလယ်ကစ၍ တောင်အရပ်, မြောက်အရပ် အရှေ့အရပ် အနောက်အရပ် စေ့အောင် တနေရာတွင် တထိုင် တွင်း၌ သုံးပါး သုံးပါးစီတွဲ၍ သုံးကြိမ်စီ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ရှေးဦးစွာ အဝိပ္ပဝါသသိမ်နုတ်။ ထိုနောင် သမာနသံဝါသက သိမ် နုတ်စေသည်။

ဆ ပဉ္စ မတ္တေ ဘိက္ခူ ဂဟေတွာ-

ဟူသော(ဝိမတိဝိနောဒနီဋီကာ၊ ဒု၊ ၁၅၆။)

"ဣဒါနိ သီမံ သမူဟနိဿာမာ"တိ စတ္တာရော ဝါ တဒုတ္တရိ ဝါ သမာနသံဝါသကဘိက္ခူ ဂဟေတွာ 'ပဌမပန္တိယံ ပဌမကော-ဋ္ဌာသေ မဇ္ဈဋ္ဌာနေ ဌတွာ ပဌမံ အဝိပ္ပဝါသသီမာသမူဟနန-ကမ္မဝါစံ, တတော သမာနသံဝါသကသီမာသမူဟနနကမ္မဂါစံ သာဝေတွာ တသ္မိံ ကောဋ္ဌာသေယေဝ အညမညဿ ဌိတဋ္ဌာနံ ပရိဝတ္တေတွာ ပရိဝတ္တေတွာ တိက္ခတ္တုံ ဝါ သတ္တက္ခတ္တုံ ဝါ သမူဟနိတွာ-အစရှိသော (ဝိနယာလင်္ကာရဋီကာ၊ ပ၊ ၃၅၉။)

တို့နှင့်အညီ ဝဂ္ဂကမ္မသင်္ကာရဒေါသစသော အပြစ်ခပ်သိမ်း ကင်းလွတ် စေရန်ရည်သန်ပြီးလျှင် ပဌမပန္တိ ပဌမကောဋ္ဌာသ မဇ္ဈဋ္ဌာန၌ သမဂ္ဂ

ရဟန်းအများတို့သည် ဟတ္ထပါသ်သည်း မကင်းစေရ၊ တပါးသည် တပါးနှင့် သကၤန်းစွန်း စသည် မထိစပ်စေရ၊ ဝန်းဝိုင်းပြီးလျှင် လွတ် လပ်သော ညောင်စောင်းကွက် မရှိအောင် တခါထိုင် သုံးပါးသုံးပါး စီ နှစ်ကြိမ်ကျ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ရှေးဦးစွာ အဝိပ္ပဝါသ သိမ်နုတ်။ ထို့နောင် သမာနသံဝါသကသိမ်နုတ်သည်။

ယင်းသို့ဖတ်သဖြင့်–

> သဗ္ဗာသု ပန္တိသု သဗ္ဗသိံ ကောဋ္ဌာသေ ပရိက္ခိတ္တေ ဣဒံ သီမာ သမူဟနနကမ္မံ နိဋ္ဌိတံ နာမ ဟောတိ–

ဟူသော (ဝိနယာလင်္ကာရဋီကာ၊ ပ၊၃၆၀။) နှင့်အညီ အထပ်ထပ် မနုတ်သော်လည်း သဗ္ဗပန္တိ, သဗ္ဗကောဋ္ဌာသတို့၌ တထပ်သာနုတ်လျှင် သိမသမူဟနနကံ အလုံးစုံပြီးသည်မှန်စေကာမူ–

> သစေ ပန အက္ခရပရိဟီနံ ဝါ ပဒပရိဟီနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ။ ဣဒံ အ- ကုပ္ပကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ-

ဟူသော (ပရိဝါကမ္မဝဂ်အဖွင့်အဋ္ဌကထာ၊ ၂၄၃။)နှင့်အညီ၊ အက္ခရ- ပရိဟီန,ပဒပရိဟီန, ဒုရုတ္တက္ခရ,ဒုရုတ္တပဒတို့ကို သုတ်သင် ရှင်းလင်း စေ ခြင်းငှာ အထပ်ထပ်ရွတ်ဖတ်ခြင်းသည် သမ္မတ္တိကမ္မ၌ ဒဠှီကမ္မ အကုပ္ပ ဖြစ်ခြင်း၊ ကုပ္ပကမ္မ၌ ကံမြောက်ခြင်း အောင်ခြင်းအကျိုးရှိရကား-

> ကြက်ခြေခထောင့်တန်း၊ ရင်ပေါင်တန်း၊ လယ်သမ်းထောင့်ပဿာ။ ခရေ ပျားကြီး၊ လယ်ဆုံစီး၊ ပြင်စည်းငါးမျိုးလာ–

ဟူသော ပေါရာဏလက်ာနှင့်အညီ။

(၁) ကြက်ခြေခတ်ဖတ်ခြင်း။

(၂) ထောင့်တန်းဖတ်ခြင်း။

(၃) ရင်ပေါင်တန်းဖတ်ခြင်း။

(၄) ခရုပတ်ခွေဖတ်ခြင်း။

(၅) ပျားကြီးစွဲဖတ်ခြင်းတို့ဖြင့် တထုံတည်းတွင် သုံးပါး သုံးပါးစီ တကြိမ်ကျစီ ရှေးဦးစွာ အဝိပ္ပဝါသသီမသမ္မုဟန။ ထို့နောင် သမာနသံဝါသကသီမသမ္မုဟနနည တ္တိဒုတိယကမ္မဝါစာဖြင့် နုတ်သည်။ ထိုသို့ နုတ်ရာမှာလည်း–

ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာယ ကေူပေါသထာယ သမုဂ္ဃါတော၊ သော တုဏှဿ”တိ အန္တကပေါတ္ထကေသု သီဟဠပေါတ္ထကေသု စ ကေသုစိ ပါဌော အတ္ထိ။ ကေသုစိ “သမုဂ္ဃါတော ဧတိဿာ သီမာယာ”တိ ပဌမံ လိခန္တိ၊ကေသုစိ “ဧတိဿာ သီမာယ သမုဂ္ဃါတော”တိ စ–

ဟူသော (ဝဇိရ ဗုဒ္ဓိဋီကာ၊၄၅၇။)၌ ပြအပ်သော သုံးဝါဒတို့တွင်–

ဧတ္ထ ပန သမာနသံဝါသကသီမာသမ္မုဟနနကမ္မဝါစာယ နိဗ္ဗိသေသနပါဌော ကတ္ထစိ ပေါတ္ထကေ ဒိဿတိ၊ သဝိသေသနပါဌောဝ သုန္ဒရတရော။ အက္ခရပရိဟီနေယေဝ ဒေါသော၊ အက္ခရာဓိကေပိ နိဒ္ဒေသော ဝေါတိ ဝေဒိတဗ္ဗံ–

ဟူသော မောင်းထောင် သာသနာပိုင် စီရင်ရေးသားအပ်သော သီမဗန္ဓနကထာ ကျမ်းနှင့်အညီ သမ္မုဟနေယျနောင် သမာနသံဝါသံ

ကေပေါသထံ-ဟူသော ဝိသေသန နှစ်ပုဒ်တို့ကိုလည်း သွင်း၍ဖတ်ခြင်း၊ သမ္ပုဟနတိနောင် ယင်းဝိသေသန နှစ်ပုဒ်တို့ကို ထည့်၍ ဖတ်ခြင်း၊ တေိဿ သိမာယနောင်လည်း သမာနသံဝါသာယ ကေ-ပေါသထာယ- ဟူသော ဝိသေသန နှစ်ပုဒ်တို့ကို ထည့်၍ ဖတ်ခြင်း၊ သံဃေနနောင်လည်း သမာနသံဝါသာ ကေပေါသထာ- ဟူသော ဝိသေသနတို့ကို ထည့်၍ဖတ်ခြင်း- ဤသို့ လေးဌာနလုံး အပြည့်အစုံချည်း ဖတ်၍နုတ်သည်။

## သစေ ပန စသော အဋ္ဌကထာဝါကျ စံကျောင်းဆရာတော်ကြီး အနက်မှန်ပေးပုံ

> သစေ ပန အက္ခရပရိဟီနံ ဝါ ပဒပရိဟီနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊ တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ။ ဣဒံ အကုပ္ပကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ။

ဟူသော ( ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ၊ ၂၄၃၊ ၂၄၄။ ) အဖွင့်ကို ထောက်ထားအပ်၏။ ဋီကာများ မဖွင့်ကြ။ ၎င်းပရိဝါယောဇနာ (၆၃၅။)၌လည်း–

> ယဒိ ပရိဝတ္တေတွာ ကတံ ဒဠှီကမ္မံ န ဟောတိ၊ ဧဝံ သတိ ဒဠှီကမ္မတ္ထာယ ကိန္တိ ကာတဗ္ဗန္တိ အာဟ“သစေ ပနာ”တိအာဒိ။ တတ္ထ “အက္ခရပရိဟီနံ ဝါ ပဒပရိဟီနံ ဝါ”တိ ဣဒံ အက္ခရပဒါနံ ဂဠိတံ သန္ဓာယ ဝုတ္တံ။ “ဒုရုတ္တပဒံ ဝါ”တိ ဣဒံ သိထိလဓနိတာဒိ-အပရိပုဏ္ဏံ သန္ဓာယ ဝုတ္တံ။တတ္ထ“ဒုရုတ္တက္ခရံ ဝါ”တိ အဇ္ဈာဟရိတဗ္ဗံ။ ဣဒန္တိ ပုနပ္ပုနံ ဝစနံ။ ကမ္မံ ဟုတွာတိ သုကမ္မံ ဟုတွာ-

ပန အန္တယံ၊ အလျှော်ကို။ မယံ၊ ငါတို့သည်။ ဝက္ခာမ၊ ဆိုကုန်အံ့။ (သစေ ပန ရှိသော်လည်း ရှေးမှာ သာမညဝါကျ မရှိ၍ ဝိသေသတ္တ-ဇောတကမဖြစ်။ ဗျတိရေက ဝါကျသာ ရှိရကား အန္တယဇောတက-ပဒသာ။) ဥတ္တိကမ္မဝါစာဗ္ဗုန္တရေ၊ ဥတ်ကမ္မဝါစာ အတွင်း၌။ အဝယဝဘာဝေန၊ အစိတ်၏အဖြစ်ဖြင့်။ ဌိတေ၊ တည်သော။ ယတ္ထ ယသ္မိံဝါကျေ၊ အကြင်ဝါကျ၌ (ဖ-ပုဒ်ထည့်)။ အက္ခရပရိဟီနံ ဝါ၊ အက္ခရာကိုမရွတ်ခြင်း မသုံးသပ်ခြင်း လျှောကျခြင်း ဟူသော အက္ခရာ၏ ယုတ်လျော့ခြင်းသည်လည်းကောင်း။ ပဒပရိဟီနံ ဝါ၊ ပုဒ်ကိုမရွတ်ခြင်း မသုံးသပ်ခြင်း လျှောကျခြင်းဟူသော ပုဒ်၏ယုတ်လျော့ခြင်းသည်လည်းကောင်း။ ဒုရုတ္တပဒံဝါ၊ ဌာန်, ကရိုဏ်း, ပယတ်, ဗျဉ္ဇနဗုဒ္ဓိ မသေသပ် မကောင်းသဖြင့် ရွတ်ဆိုအပ်သောပုဒ်သည်လည်းကောင်း။ သစေ ဟောတိ၊ ရှိသည်ဖြစ်အံ့။ (ဟူ သတ္တာယံ)။ တဿ ဝါကျဿ၊ ထိုကျသော ပုဒ်အက္ခရာရှိသော ဝါကျ မကောင်းသဖြင့် ရွတ်ဆိုအပ်သောပုဒ် အက္ခရာရှိသော ဝါကျကို။ အက္ခရပရိဟီနာဒိနံ၊ အက္ခရာ ကျခြင်း စသည်တို့ကို (ထည့်)။ သောဓနတ္ထံ၊ သုတ်သင်ခြင်းအကျိုးငှာ။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ဝတ္တုံ၊ ရွတ်ဆိုခြင်း ဖတ်ခြင်းငှာ၊ ဝဋ္ဋတိ၊ အပ်၏။ (တဿဖြင့် သုဏာတုက စ၍ ဉာတ်တခုလုံး ကမ္မဝါစာတကျမ်းလုံး မစွဲရဘူး။ ဥတ်ကမ္မဝါစာ အတွင်း၌ ရှိသော ဂဋ္ဌိတက္ခရပဒ, ဒုရုတ္တက္ခရပဒ ရှိသော ဝါကျကို စွဲရသည်။) ဣဒံ ပုနပ္ပုနံ ဝစနံ၊ ဤဂဋ္ဌိတက္ခရပဒ, ဒုရုတ္တက္ခရပဒ ရှိသော ဝါကျကိုသာ အထပ်ထပ် အဖန်ဖန် ရွတ်ဆိုခြင်းသည်။ အကုပ္ပကမ္မဿ၊ မပျက်မစီးသော ကံအား။ ဒဠှီကမ္မံ၊ မြဲမြံခိုင်ခန့်သော ကံသည်။ ဟောတိ၊ ဖြစ်၏။ ကုပ္ပကမ္မေ၊ ပျက်စီးသောကံ၌။ ကမ္မံ၊ အောင်မြင်ကောင်းမြတ်သော ကံသည်။ ဟုတ္ဝာ၊ ဖြစ်၍။ တိဋ္ဌတိ၊ တည်၏။

ဤကား ငါတို့ကျေးဇူးရှင် ဆရာတော်ကြီး ၃-ပါးတို့၏ ဆရာ စံကျောင်း ဆရာတော်ဘုရားကြီး ပို့ချအပ်သော ပရိဝါ အဋ္ဌကထာ နိဿယတည်း။ ဤကား အကျဉ်းအားဖြင့် လိုရင်းသိနှင့်ရုံ ရေးသား အပ်သော သခေ်ပသိမဋီကာ ဖြစ်သတည်း။

## သိမ်နုတ်, သိပ်သမုတ် ကမ္မဝါစာ ၄-မျိုးပြခန်း
## အဝိပ္ပဝါသသီမ သမူဟနနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီ-ဝရေန အဝိပ္ပဝါသော သမ္မတော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယော သော သံဃေန တိစီ-ဝရေန အဝိပ္ပဝါသော သမ္မတော၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနတိ၊ ယဿာယသ္မတော ခမတိ ဧတဿ တိစီဝရေန အဝိပ္ပဝါသဿ သမူဂ္ဃါတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမူဟတော သော သံဃေန တိစီဝရေန အဝိပ္ပဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

(ဝိနည်းမဟာဝါပါဠိတော်၊ ဥပေါသထက္ခန္ဓက၊ ၁၄၉။ ဝိနယသင်္ဂဟ၊ ဌ၊ ၁၉၃။)

## သမာနသံဝါသသီမသမူဟနနကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ သမူဟနေယျ သမာနသံဝါသံ ဧကုပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ၊ သံဃော တံ သီမံ သမူဟနတိ သမာနသံဝါသံ ဧကုပေါသထံ၊ ယဿာ-ယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာယ ဧကုပေါသထာယ သမုဂ္ဃါတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမူဟတာ သာ သီမာ သံဃေန သမာနသံဝါသာ ဧကုပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

(ဝိနည်းမဟာဝါပါဠိတော်၊ဥပေါသထက္ခန္ဓက၊၁၄၉။ ဝိနယသင်္ဂဟ၊ ၄၁၊ ၁၉၃။)

ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ ဥဒကံ ဘန္တေ၊ ဧတံ ဥဒကံ နိမိတ္တံ။ ပုရတ္ထိမာယ အနုဒိသာယ ။ဒက္ခိဏာယ ဒိသာယ။ ဒက္ခိဏာယ အနုဒိသာယ။ ပစ္ဆိမာယ ဒိသာယ။ ပစ္ဆိမာယ အနုဒိသာယ။ ဥတ္တရာယ ဒိသာယ။ ဥတ္တရာယ အနုဒိသာယ။ ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ ဥဒကံ ဘန္တေ၊ ဧတံ ဥဒကံ နိမိတ္တံ။ (ဝိနယသင်္ဂဟ၊၄၁၊၁၈၀။)

## သမာနသံဝါသသီမာသမ္မုတိ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေ-ဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကုပေါသထံ၊သော ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာန-သံဝါသံ ဧကုပေါသထံ၊ ယဿာယသ္မတော ၊ခမတိ ဧတေဟိ

နိမိတ္တေဟိ သီမာယ သမ္မုတိ သမာနသံဝါသာယ ဧကုပေါသထာ-ယ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ သမာနသံဝါ-သာ ဧကုပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

(ဝိနည်းမဟာဝါပါဠိတော်၊ ၁၄၄။ ဝိနယသင်္ဂဟ၊ ၄၊ ၁၀၄။)

## အဝိပ္ပဝါသသီမာသမ္မုတိ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မနေယျ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကုပေါသထာ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပ-ဝါသာယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

(ဝိနည်းမဟာဝါ ပါဠိတော်၊ ၁၄၈။ ဝိနယသင်္ဂဟ၊ ၄၊ ၁၀၅။)

သီမာခဏ္ဍကကမ္မဝါစာ သမတ္တာ။

## သိမ်နုတ်, သမုတ်ရာ ၄-ပါး, ၄-ပါးထက်အလွန် ကမ္မဝါ ဖတ်သင့်မဖတ်သင့်

ဤသို့ ခင်းပြ အပ်ပြီးသော ပါဠိတော်သည် ဝိနည်းမဟာဝါ ပါဠိတော် ဖြစ်ကြောင်း၊ ၎င်းပါဠိတော်တွင် ပထမကား အဝိပ္ပဝါသ သိမ်နုတ် ကမ္မဝါစာ ဖြစ်ကြောင်း၊ ဒုတိယကား သမာနသံဝါသက သိမ်နုတ် ကမ္မဝါစာ ဖြစ်ကြောင်း၊ ၎င်းသိမ်နုတ် ကမ္မဝါစာ နှစ်စောင်ကို မိမိသိမ် သမုတ်လိုရာ ဌာနနှင့်တကွ သိမ်နိမိတ် တိုင် ပြင်ဘက် (၄)တောင်ထွာ (၅)တောင်ခန့် သံဃာချင်း ဟတ္ထပါသ်စပ်အောင် ဖတ်ရသည်။

ယင်းသို့ ဖတ်သောအခါ ရဟန်းချင်း မထိပါးစေရ၊ အယုတ်ဆုံး သင်္ကန်းစွန်းချင်းမျှ မထိစေရ၊ စကားလည်း မပြောရ၊ နိမိတ္တသမ္ပတ္တိ၊ ပရိသာသမ္ပတ္တိ၊ ကမ္မဝါစာသမ္ပတ္တိ ဟူသော သမ္ပတ္တိသုံးပါး ညီညွတ် အောင် ဖတ်ရွတ်ရမည်။

ယင်းသို့ ကမ္မဝါစာကို ( ၃ )ပါးပြိုင်၍ ဖတ်ရာ တပါးပါးက နောက်ကျ၍သော်သည်းကောင်း၊ စာပျောက်နေ၍သော်လည်း ကောင်း၊ ရုပ်ပါဦး ဆိုင်းပါဦး ဆိုခြင်းများလည်း တားမြစ်ခြင်း ပဋိက္ကောသန ဖြစ်သည်ဟု ငါတို့ကျေးဇူးရှင် ဆရာတော်ကြီး (၃) ပါးတို့၏ ဆရာဖြစ်တော်မူသော စံကျောင်း ဆရာတော်ဘုရားကြီး အမိန့်တော် ရှိကြောင်း ငါတို့ဆရာတော်များ မိန့်ကြ၏။

ကံသည် နိဂ္ဂဟကံ, ပဂ္ဂဟကံ နှစ်မျိုးရှိ၏၊ စူဠဝါပါဠိတော် သမထက္ခန္ဓကလာ ဥဗ္ဗာဟိကစသော ပဂ္ဂဟကံ, ဥပသမ္ပဒါပဂ္ဂဟကံ မျိုးမှာ လေးပါး, ငါးပါးစသည် ကံပြုကောင်းကြောင်း၊ နိဂ္ဂဟကံ သာလျှင် လေးပါး, ငါးပါးစသည် မပြုကောင်းဟု ဒုတိယ သံဃာ-ဘေဒကသိက္ခာပုဒ် အဖွင့် သာရတ္ထဒီပနီဋီကာ, ဝိမတိဋီကာတို့၌

ဖွင့်၏။ ဝဇိရဗုဒ္ဓိဋီကာမှာလည်း ရဟန်းလေ‌ာင်း သုံးပါးထက် အလွန် မအပ်ကြောင်း၊ သံဃာသည် သံဃာအား ကံမပြုသင့်သည့် သာဓကေ တယော-ဟူ၍ ဘုရားသဗ္ဗညူ ပိုင်းခြားပြီးဖြစ်၍ သုံးပါးထက်အလွန် ရဟန်းမခံကောင်း။ (အရှင်အာနန္ဒာ၊ ဇေ‌ိရဗုဒ္ဓိ-ဋီကာဆရာ၊ ဒွေမာတိကာပုဒ်ဆရာ၊ အနုဂဏ္ဌိပုဒ်ဆရာ၊ အန္ဓကအဋ္ဌကထာ ဆရာ ၅-ဦးတို့ ဝါဒ။) ဉတ္တိဒုတိယကံ နှစ်ပါးနှင့် သက်ဆိုင်ကြောင်း သမထက္ခန္ဓက စူဠဝါ-အဋ္ဌကထာ လာ၏။

ဉတ္တိဒုတိယေ စေ ဘိက္ခဝေ ကမ္မေ ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ၊ တေ အနာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒော အနာဟဋော ဟောတိ၊ သမ္မုခီဘူတာ ပဋိက္ကောသန္တိ၊ ဝဂ္ဂကမ္မံ။

(ဝိနည်းမဟာဝါ ပါဠိတော် စမ္ပေယျက္ခန္ဓက၊ ၄၃၇။)

ဤသိမ်နုတ်ခန်း၌—

ပရိသသမ္ပတ္တိယာ ယုတ္တာ နာမ သဗ္ဗန္တိမေန ပရိစ္ဆေဒေန စတူဟိ ဘိက္ခူဟိ သန္နိပတိတွာ ယာဝတိကာ တသ္မိံ ဂါမခေတ္တေ ဗဒ္ဓသီမံ ဝါ နဒီသမုဒ္ဒဇာတဿရေ ဝါ အနောက္ကမိတွာ ဌိတာ ဘိက္ခူ၊ တေ သဗ္ဗေ ဟတ္ထပါသေ ဝါ ကတွာ ဆန္ဒံ ဝါ အာဟရိတွာ သမ္မတာ။

(ကင်္ခါ အဋ္ဌကထာ၊ ၇၉။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ၁၇၄။)

တို့နှင့် အညီ လေးပါး, လေးပါးထက်အလွန် ရဟန်းတို့ လာရောက်ခြင်း၊ ဆန္ဒထိုက်သူတို့ ဆန္ဒကို ထိုလေးပါးထက် အလွန် ဖြစ်လျှင် ဆောင်ခြင်း၊ နှစ်တောင်ထွာ ဟတ္ထပါသ်တွင်းရှိ ရဟန်းတို့

ဤကံ မပြုကြပါနှင့် ဟူ၍လည်းကောင်း၊ ပြု၍မတော်ဟူ၍ လည်းကောင်း၊ ပြုသည်ကို ငါတို့မကြိုက် ဟူ၍လည်းကောင်း၊ ငါတို့ သဘောမတူဟူ၍ လည်းကောင်း၊ ငါတို့ သဘောမကျ ဟူ၍ လည်းကောင်း၊ ကမ္မဝါစာဖတ်ပုံကို ငါတို့သဘောမကျ ဟူ၍ လည်းကောင်း ဤသို့ အစရှိသည်ဖြင့် ဤသို့ တားမြစ် ကဲ့ရဲ့ပြစ်တင် စကား ပြောဆို၊ အများကြားအောင် မပြောစေကာမူ မိမိအနီးရှိ ရဟန်းအချင်းချင်း တိုးတိုးစကား ပြောဆိုလျှင် ကောင်းသော စိတ်ဖြင့် ပြောဆိုသည်ဖြစ်စေ၊ မကောင်းသော စိတ်ဖြင့် ပြောဆိုသည် ဖြစ်စေ ထိုကံပျက်သည်ဟု စံကျောင်း ဆရာတော်ဘုရားကြီး အမိန့်ရှိကြောင်း ငါတို့ကျေးဇူးရှင် ကျီဝန်ဆရာတော် အမိန့်ရှိသည်။ ငါတို့လည်း ငယ်စဉ်က သတိမထားမိစဖူးဟု ၎င်းဆရာတော်ကြီး အမိန့်ရှိသည်၊ သတိရှိခဲ၏၊ သတိရှိကြစေ။

## သိမ်နုတ်၊ သိမ်သမုတ် ဥတ်ကမ္မဝါစာသုတ်သင်ခန်း

သုဏာတူတိ ဉာဒိ သဝနာဏတ္တိဝစနံ။မေတိ ယော သာဝေတိ၊ တဿ အတ္တနိဒ္ဒေသဝစနံ။ ဘန္တေတိ သဂါရဝသပ္ပတိဿ ဝစနံ။ သံဃောတိ ပုဂ္ဂလသမူဟဝစနံ။ (ကင်္ခါအဋ္ဌကထာ၊ ၈၅။)

သုဏာတု-သဒ္ဒါကား သိမ်နုတ်ကမ္မဝါစာကို ကြားခြင်း၌ မြတ်စွာဘုရား၏ တိုက်တွန်းခြင်းတည်းဟူသော အာဏတ္တိကို ဟောသော သဒ္ဒါတည်း။ မေ - သဒ္ဒါကား အကြင်ပုဂ္ဂိုလ်သည် သိမ်နုတ် ကမ္မဝါစာကို ကြားနာစေ၏၊ ရွတ်ဆို၏။ ယင်းသိမ်နုတ် ကမ္မဝါစာကို ကြားသောပုဂ္ဂိုလ် နာစေသောပုဂ္ဂိုလ်က မိမိကိုယ်ကို ညွှန်းကြောင်း ဖြစ်သော သဒ္ဒါတည်း။ ဘန္တေ-သဒ္ဒါကား သုပ္ပဋိပန္နတာ စသော

ဂုဏ်အထူးနှင့် ယှဉ်ခြင်းကြောင့် ဂါရဝဋ္ဌာန ပတိဿဋ္ဌာနဖြစ်သော သံဃာတော် အပေါင်းအား ရှိသေခြင်းနှင့် တကွ တုပ်ဝပ်ခြင်းနှင့် တကွ သိမ်နှုတ် ကမ္မဝါစာကိုရွတ်ဆိုသော ရဟန်း၏ ပြောဆိုကြောင်း ဖြစ်သော သဒ္ဒါတည်း။ သံဃော သဒ္ဒါကား ပုဂ္ဂိုလ်အပေါင်းကို ဟောသော သဒ္ဒါတည်း။

သုဏာတု ကို ရွတ်ဆိုသောအခါ သု-၏ ဌာန်, ကရိုဏ်း, ပယတ်, ဗျဥ္စနဗုဒ္ဓိ အပိုင်းအခြားကို သိရမည်၊ သု ၏ ဌာန်ကား အထက်သွားစဉ် အတွင်း အရပ်ဟု ဆိုအပ်သော ဒန္တဌာန်တည်း။ သု-၏ ကရိုဏ်းကား လျှာဖျား အရပ်ဟု ဆိုအပ်သော ဇိဝှဂ္ဂ ကရိုဏ်းတည်း။ သု-၏ ပယတ်ကား သု-အက္ခရာ၏ ဌာန်,ကရိုဏ်းကို ဖွင့်ခြင်းဟု ဆိုအပ်သော ဝိဝဋ ပယတ်တည်း။

ဗျဥ္စနဗုဒ္ဓိ ဆယ်ပါးကား သိထိလ, ဓနိတ, နိဂ္ဂဟိတ, ဝိမုတ္တ, ဒီဃ, ရဿ, ဂရု, လဟု, သမ္ဗန္ဓ, ဝဝတ္ထိတတည်း။ အလျော်အားဖြင့် သိထိလ, ဝိမုတ္တ, ရဿ, လဟု, ဝဝတ္ထိတတွင် ပါဝင်၏။ ဏာ-အက္ခရာကား လျှာထိပ် အာခေါင် အရပ်ဟု ဆိုအပ်သော မုဒ္ဓဌာန်။ လျှာဖျား၏ အနီးအပါးဖြစ်သော လျှာအရပ်ဟု ဆိုအပ်သော ဇိဝှောပဂ္ဂကရိုဏ်း တည်း။ ထိ၍ ရွတ်ခြင်း ဖုဋ္ဌ ပယတ်တည်း။ သိထိလ, ဓနိတ ဝိမုတ် ဖြစ်၍ ပြင်းပြင်းရွတ်မိသည် ဖြစ်စေ လျော့လျော့ရွတ်မိသည် ဖြစ်စေ ကံမပျက်။ (ငါတို့အလို။)

သိထိလံ နာမ ပဉ္စသု ဝဂ္ဂေသု ပထမ တတိယံ။ ဓနိတံ နာမ တေသွေဝ ဒုတိယစတုတ္ထံ။

(ပရိဝါအဋ္ဌကထာ၊ ၂၄၇။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ၃၉၇။) သဒ္ဒနီတိသုတ္တမာလာ (၇)။ ရူပသိဒ္ဓိ၊ နိရုတ္တိ ဒီပနီတို့၌ကား ၎င်း ပဉ္စမ-

ကွာရာငါးလုံးနှင့် အဝဂ် (၈) လုံးကို သိထိလတွင် ဖွင့်၏။ ဣတရေ သိထိလာနာမ။ ရူပသိဒ္ဓိ (၆) နိရုတ္တိဒီပနီ(၆)။ ၎င်းပဉ္စမက္ခရာ(၅)လုံး စသည်ကို သိထိလဆိုသောကြောင့် ခနိတ ပြင်းပြင်း ရွတ်မိလျှင် ကံ ပျက်လိမ့်မည်ဟု အဓိပ္ပာယ်ရောက်နေသည်။

သိထိလေ ကတ္တဗ္ဗေ ခနိတံ၊ ခနိတေ ကတ္တဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ၊ နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တောကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။

ပရိဝါကမ္မဝဂ် အဋ္ဌကထာ (၂၄၈) ၌ ကံပျက်ကြောင်း လက္ခဏာ (၄)ပါးသာဆိုသောကြောင့် လည်းကောင်း တစုံတခု ခိုင်မာယုံကြည် လောက်သော ပါဠိအဋ္ဌကထာစသည် သာဓက မရှိသောကြောင့် လည်းကောင်း မသင့်ဟု မှတ်ရာသတည်း။

ထိုဏာ-အက္ခရာကား ဝိမုတ္တ, ဒီဃ, ဂရု, ဝဝတ္ထိတတွင် ပါဝင် သတည်း။ ဤအက္ခရာများ ရွတ်ဆိုသောအခါ ဌာန်,ကရိုဏ်း,ပယတ်, ဗျဉ္ဇနဗုဒ္ဓိ အပိုင်းအခြားကို အတတ်သိ၍ ရွတ်ဆိုရမည်။ သို့မဟုတ်က ဒန္တဌာန် စသည်၌ ဖြစ်၍ သဘာဝနိရုတ္တိလက္ခဏာ-ပျက်သောကြောင့် ကံပျက်မည်ဟု ဝိမတိဝိနောဒနီ၊ ဝိနယာလင်္ကာရတို့ ဆိုတိုင်း ယုံကြည် သင့်၏။

တ-ကို ရွတ်သောအခါ ဒန္တဌာန်, ဇိဝှါဂ္ဂကရိုဏ်း, ဖုဋ္ဌပယတ်, သိထိလ, ဝိမုတ္တ, ရဿ, လဟု, ဝဝတ္ထိတတွင် ပါဝင်၏။ ထိုကြောင့် ထို သုဏာတ-ကို ရွတ်သောအခါ ဏာ-၌ လျှာလိပ်ပြီးလျှင် ရကောက် တို့ ဌဝမ်းဘဲတို့ရွတ်သကဲ့သို့ ရွတ်အပ်၏။ တ-ကို ရွတ်သောအခါ လျှာဖျားကို အထက်သွားစဉ် အတွင်းအရပ်ကို ထိခိုက်စေ၍ ဒန္တဌာန် သံ ပါအောင် ရွတ်အပ်၏။ မုဒ္ဓဌာန်သံပါသော် ဋသံလျှင်းချိတ် ဋသံ ဖြစ်၍ ကံပျက်မည်။

**ဝိသဇ္ဇနီသံနှင့် မဖတ်အပ်၊ သက္ကတတွင် ဝင်ကြောင်းပြခန်း**

**ဘခန္တ**-၌ ဘန်ကိုရွတ်သောအခါ ဘန်းဟု ဝိသဇ္ဇနီ-သံ မပါစေမူ၍ **ဘ-၏ အထက်နှုတ်ခမ်း** အောက်နှုတ်ခမ်းနှစ်ဖက်တွင် တဖက်ဖက်ဟု ဆို အပ်**သော** ဩဋ္ဌဌာန်**တ**ခုကို ဌာန်ယူလျှင် တခုကို ကရိုဏ်းယူရသော **သက**ဌာန-ကရိုဏ်းဟု ဆိုအပ်**သော** ဩဋ္ဌကရိုဏ်း, ဖုဋ္ဌပယတ်, **ခ**နိတ, ဝိမုတ္တ, **ဒီ**ဃ, ဂရု, ဝဝတ္ထိတတွင် ပါဝင်၏။

**တေ**-ကို **ရွ**တ်**သော**အခါ ဒန္တဋ္ဌာန်, ဇိဝှါဂ္ဂကရိုဏ်း, ဖုဋ္ဌပယတ်, **သိ**ထိလ, ဝိမုတ္တ, ဒီဃ, ဂရု, ဝဝတ္ထိတတွင် ပါဝင်၏။ ဤသို့ ဌာန်, ကရိုဏ်း, ပယတ်, ဗျဥ္ဇနဗုဒ္ဓိတို့ကို အတတ်သိ၍ ရွတ်ရမည်။ ဘန်းတေ-**ဟု** ဝိသဇ္ဇနီသံနှင့် **ရွ**တ်လျှင် ကံပျက်၏ဟု **ရှေး**က ဆရာတော်ကြီး **အဆက်ဆက်**တို့ အယူတော်ရှိ၏။ တံ့တေး ဂိုဏ်းအုပ်ဆရာတော် **ဦးနာဂလည်း** ပရိတ်ကြီးနိဿယ၌ ဝိသဇ္ဇနီသံပါလျှင် ကံပျက်ကြောင်း **မိန့်ခဲ့**၏။

န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော **အာ**ရောပေတဗ္ဗံ၊ ယော—**အာ**ရောပေယျ၊ အာပတ္တိ ဒုက္ကဋ္ဌဿ။ အနုဇာနာမိ ဘိက္ခဝေ **သကာ**ယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ။

(စူဠဝါပါဠိတော်-ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ ၂၈၀။)

**ဆန္ဒသော** အာ**ရော**ပေ**မာ**တိ ဝေဒံ ဝိယ သက္ကတဘာ**သာ**ယ ဝါစနာ**မဂ္ဂံ** အာရောပေမ။ သကာယ နိရုတ္တိယာတိ ဧတ္ထ **သကာ** နိရုတ္တိ နာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိကော **ဝေါဟာရော**။ (စူဠဝါအဋ္ဌကထာ-၅၆)။သည်အရာ ဋီကာကြီးများ မဖွင့်။

သကာယ ပန မာဂဓိကာယ နိရုတ္တိယာ ပရိယာပုဏိတဗ္ဗံ။

(ဝိနယသင်္ဂဟ အဋ္ဌကထာ၊၄၄၇။)

သဿ သောတိ သကာ၊ ဘာဂဝတော ဝစနန္တျေတ္တော။
(ဝိနယာလင်္ကာရဋီကာ။)

ဝေဒံ ဝိယာတိ သုတိံ ဝိယ။ ဝါစနာမဂ္ဂန္တိ ဝါစနာယ ဥပါယံ။ သကာတိ သမ္မာသမ္ဗုဒ္ဓသင်္ခါတဿ သဿ အတ္တနော သော သကာ။ တေန ဝုတ္တံ သမ္ဗုဒ္ဓေနာတိ။ သမ္မာသမ္ဗုဒ္ဓေန ဟိ မာဂဓိနိရုတ္တိယာ ဝေ ဓမ္မော ဘာသိတော၊ တသ္မာ သာ မာဂဓ-နိရုတ္တိ သကာ နာမာ တိ ဝုတ္တံ။ နိရုတ္တီတိ အတ္ထံ နီဟရိတ္វာ ဝုစ္စတေ ဉာမာယ သဒ္ဒပညတ္တိယာတိ နိရုတ္တိ၊ ဝစေခါတုဿ ဝကာရဿ ဥကာရော၊ သဗ္ဗဝေါဟာရော လဗ္ဘတိ။ ဉာဓ ပန သကာယာတိ ဝုတ္တတ္တာ မာဂဓဝေါဟာရော ဝေ။ တေန ဝုတ္တံ မာဂဓဝေါဟာ-ရောတိ။ သဘာဝနိရုတ္တီတိပိ ပါဌော၊ ဝေဒ္ဓိ သတိ သဗ္ဗသတ္တာနံ သဘာဝေန ပဝတ္တာ မူလဘာသာ ဘူတာ မာဂဓနိရုတ္တိယေဝ။
(ပါဠိတျာဒိ ယောဇနာ၊၄၆၅။)

ဤပါဠိ, အဋ္ဌကထာ, ယောဇနာတို့ဖြင့် ဆန္ဒသော-အရကား သက္ကတဘာသာပင်တည်း။ မာဂဓဘာသာဖြင့် ဟောတော်မူအပ်သော မြတ်စွာဘုရားစကားတော်ကို သက္ကတဘာသာသို့ မတင်အပ်ဟူသော ဒုက္ခဋ်ပွာယ်သည် ဥဇုကတ္ထ, နီတတ္ထ ယထာရုတပင် ကျ၏။ ထိုဝိသဇ္ဇ-နီသံသည် မာဂဓဘာသာမှာ မရှိ၊ သက္ကတဘာသာ၌သာ အံ ဉာတိ ဝိသဇ္ဇနီယံ-စသည်ရှိသဖြင့် ဝိသဇ္ဇနီသံသည် သက္ကတဘာသာ ဖြစ်ရာ၏။ သက္ကတဘာသာဖြစ်လျှင် မရွတ်အပ် မဖတ်အပ်သည်မှာ ထင်ရှားခဲ့၏။ ငါတို့ ကျေးဇူးရှင် အဆက် စံကျောင်း ဆရာတော်ဘုရားကြီးလည်း သကာယ၊ နိရုတ္တိယာ-အရ မာဂဓဘာသာဟူ၍ပင် အနက်သမ္ဗန်တော်မူ သတည်း။

## ဗုဒ္ဓဝစနံဟူသော ကံနှင့် သကနိရုတ္တိကရိုဏ်းအထူးပြခန်း

ထိုပါဠိတော်စသည်တို့တွင် ဗုဒ္ဓဝစနံ-ဟူသော ကံပုဒ်အရနှင့် သကာယနိရုတ္တိယာ-ဟူသော ကရိုဏ်းပုဒ်အရ ကွဲရန် လို၏။ ကံပုဒ်အရ ဗုဒ္ဓဝစနလာ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး, ဌာန်, ကရိုဏ်း, ပယတ် တို့နှင့် ညီညွတ်စွာ ရွတ်ဆိုနိုင်ရာ ဖြစ်သော ပါဠိဘာသာဟု ခေါ်ဆိုအပ်သော ဗုဒ္ဓဝစန မာဂဓိယတည်း။ ယထာ ပါဠိယာ နိရုတ္တိ° သောဓေတွာ-စသော ပရိဝါအဋ္ဌကထာ ကမ္မဝဂ် (၂၄၈)။ ပဗ္ဗဇ္ဇာယ ပန-အစရှိသော မဟာဝါအဋ္ဌကထာ (၂၅၀) တို့ကို သာဓက ပြုအပ်၏။ ကြွင်းသော ဘာသာတို့မှာ ညီညွတ်ဖို့ ခဲယဉ်း၏။ သကာယ နိရုတ္တိယာ-ဟူသော ကရိုဏ်းပုဒ်အရ မာဂဓတိုင်းနေသူ အရပ်သူ အရပ်သားတို့ သုံးစွဲရိုး ဒေသီ မာဂဓိယတည်း။

ထို့ကြောင့် တေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ-ဟု ရှေ့၌ ဟောတော်မူသတည်း။ ဗုဒ္ဓဝစနမာဂဓိယ-ကို ဒေသီမာဂဓိယဖြင့် ဖျက်ဆီးကြသည် ဆိုလိုသည်။

အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိ-တုံ—၌ ဗုဒ္ဓဝစနမာဂဓိယ-ကို မဖျက်မဆီးပဲ အက္ခရာ အရေးအသား မပြောင်းပဲ မိမိတို့ဥစ္စာဖြစ်သော ဒေသီမာဂဓိယ-ဖြင့် သင်ကြားလေဟု ခွင့်ပြုတော်မူလေသတည်း။

သကာ နိရုတ္တိ နာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိကော ဝေါဟာရော-ဟူသော အဋ္ဌကထာ၌ ဗုဒ္ဓဝစန မာဂဓိယ-နှင့် ဒေသီ-မာဂဓိယ-ကား အလားတူဖြစ်၍ အနည်းငယ်သာ ကွဲသဖြင့်လည်း ကောင်း၊ ထိုအခါ ထိုဒေသီမာဂဓိယ-ဖြင့် ဗုဒ္ဓဝစနမာဂဓိယ-ကို

သင်ကြားခြင်း အလေ့အလာရှိရိုးဖြစ်၍လည်းကောင်း သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏ်တုံ-ဟု ဟောတော်မူသတည်း။

ထို့ကြောင့် ထိုသကာယ နိရုတ္တိယာ-သည် ထိုလက်ထက် ထိုဝါစနာ မဂ္ဂကိုသာရည်၍ ဟောတော်မူရကား ဥပလက္ခဏနည်းသာတည်း။

မြန်မာဘာသာ ရှမ်းဘာသာ မွန်ဘာသာ တရုတ်ဘာသာ အင်္ဂလိပ်ဘာသာ စသည်ဖြင့် ထိုဗုဒ္ဓဝစန မာဂဓိယ-ကို မသင်အပ်ဟု တားမြစ်တော်မမူချေ။ ဗုဒ္ဓဝစနံ ဒူသေန္တိ။ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေမ။ န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ။ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ-ဟု အထပ်ထပ် ကံပုဒ် ဗုဒ္ဓဝစနဟု မပြောင်း မလဲပဲချည်းလာရကား ဗုဒ္ဓဝစနမာဂဓိယ-မှာ ဟောရင်းပါဠိမာဂဓဘာ သာမပါပဲ မြန်မာဘာသာ သက်သက်၊ အင်္ဂလိပ်ဘာသာသက်သက်၊ ယိုးဒယားဘာသာ သက်သက်၊ ရှမ်းဘာသာ မွန်ဘာသာသက်သက် စသည် မပြန်ကောင်း။ ယခုအခါ ရှေးဆရာတော်ဘုရားကြီးများ ပါဠိ၊ အဋ္ဌကထာ စသည် နိဿယ ရေးသားတော်မူကြသကဲ့သို့ ပါဠိတချက် မြန်မာဘာသာတချက် စသည်ဖြင့်သာ ပါဠိမာဂဓဘာသာရင်း မပျောက်ပျက်အောင် ပြန်ကောင်းသတည်းဟု ငါတို့ကျေးဇူးတော်ရှင် သခင်ထိပ်ခေါင်တင် ဖြစ်တော်မူသော မြန်မာဘုရင်မင်း ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ အင်္ဂလိပ်ဘုရင်မင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ရ မရ ဆရာတော်ဘုရားကြီးများနှင့်တကွ ငါတို့ပါ အယူတော် ရှိကြသတည်း။

### သက္ကတဘာသာနှင့် စပ်သဖြင့် တိရစ္ဆာနဝိဇ္ဇာ သရုပ်ပြခန်း

န ဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏိတဗ္ဗာ၊ ယော ပရိ- ယာပုဏေယျ၊ အာပတ္တိ ဒုက္ကဋဿ။

န ဘိက္ခဝေ တိရစ္ဆာနဝိဇ္ဇာ ဝါစေတဗ္ဗာ၊ ယော ဝါစေယျ၊ အာပတ္တိ ဒုက္ကဋဿ။

(စူဠဝါပါဠိတော်၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ ၂၇၁။) (ဤနေရာ အဋ္ဌကထာမဖွင့်။)

ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယျ၊ ပါစိတ္တိယံ။

ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ဝါစေယျ၊ ပါစိတ္တိယံ။

(ဘိက္ခုနီ ပါစိတ် စိတ္တာဂါရဝဂ်။နဝမဒသမသိက္ခာပုဒ်၊၄၀၂။)

တိရစ္ဆာနဝိဇ္ဇာ နာမ ယံ ကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ။ (ရှင်းပဒဘာဇနီ၊၄၀၁)။ ဗာဟိရကံ အနတ္ထသံဟိတန္တိ ဟတ္ထိအဿရထဓနုထရုသိပ္ပအာထဗ္ဗဏခီလနဝသီကရဏသောသာပန — မန္တာဂဒပ္ပယောဂါဒိဘေဒံ ပရူပဃာတကရံ။

(ပါစိတျာဒိအဋ္ဌကထာ၊ ၂၁၅။)

တိရစ္ဆာနဝိဇ္ဇန္တိ ယံ ကိဉ္စိ ဗာဟိရကံ အနတ္ထသံဟိတံ ဟတ္ထိအဿ (ပ) ပရူပဃာတကရံ ဝိဇ္ဇံ။ ပရိယာပုဏေယျာတိ ဧတ္ထ ယဿ ကဿစိ သန္တိကေ တံ ပဒါဒိဝသေန ပရိယာပုဏန္တိယာ ပဒဂဏနာယ စေဝ အက္ခရဂဏနာယ စ ပါစိတ္တိယံ။

(ကင်္ခါအဋ္ဌကထာ၊၃၃၄။)

န တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏိတဗ္ဗာတိ ဧတ္ထ တိရစ္ဆာနဝိဇ္ဇာ နာမ ယာ ကာစိ ဗာဟိရကာ အနတ္ထသဉ္ဟိတာ။

(ဝိနယာလင်္ကာရဋီကာ၊ဒု၊၃၆၁။)

တိရစ္ဆာနကထန္တိ သဂ္ဂမဂ္ဂဂမနေသုပိ တိရစ္ဆာနဘူတံ ရာဇကထာဒိမနေကဝိဓံ နိရတ္ထကကထံ။

(ဩဝါဒသိက္ခာပုဒ်ပါစိတ်အဋ္ဌကထာ၊ ၅၃။)

တိရစ္ဆာနကထန္တိ အရိယမဂ္ဂဿ တိရစ္ဆာနဘူတံ ကထံ။ ရာဇကထန္တိ ရာဇပဋိသံယုတ္တံ ကထံ၊ စောရကထာဒီသုပိ ဧသေဝ နယော။

(ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ် ပါစိတျာဒိအဋ္ဌကထာ၊၁၅၃။)

ဝတ္ထုဝိဇ္ဇာ ခတ္တဝိဇ္ဇာ (ပ) မုဒ္ဒါ၊ဂဏနာ၊သင်္ခါနံ၊ကာဝေယျံ၊ လောကာယတံ ဣတိ ဝါ၊ဣတိ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝါ ပဋိဝိရတော သာမဏော ဂေါတမော၊

(သုတ် သီလက္ခန်ပြဟ္မဇာလသုတ်ပါဠိတော်၊ ၉၊၁၀။)

ဝတ္ထုဝိဇ္ဇာတိ ဃရဝတ္ထုအာရာမဝတ္ထာဒီနံ ဂုဏဒေါသသလ္လက္ခဏဝိဇ္ဇာ။ မတ္တိကာဒိဝိသေသံ ဒိသွာပိ ဟိ ဝိဇ္ဇံ ပရိဇပ္ပိတွာ ဟေဋ္ဌာ ပထဝိယံ တိံသရတနမတ္တေ အာကာသေ စ အသီတိရတနမတ္တေ ပဒေသေ ဂုဏဒေါသံ ပဿန္တိ။(ပ)မုဒ္ဒါတိ ဟတ္ထမုဒ္ဒါ။ဂဏနာ ဝုစ္စတိ အစ္ဆိဒ္ဒကဂဏနာ။ သင်္ခါနန္တိ သင်္ကလနပဋုပ္ပါဒနာဒိဝသေန ပိဏ္ဍဂဏနာ။ ယဿ သာ ပဂုဏာ ဟောတိ။ သော ရုက္ခမ္ပိ ဒိသွာ ဧတ္တကာနိ ဧတ္ထ ပဏ္ဏာနီတိ ဇာနာတိ။

(သီလက္ခန်အဋ္ဌကထာ၊၈၈၊၉၀။)

အဘိဇ္ဈာနေ သတ္တံ အဘေဇ္ဇံယံ။ မာသု ရက္ခေန ကတော ဂန္ထော မာသုရက္ခော။ ရာဇူဟိ ပရိဘုတ္တံ သတ္ထံ ရာဇသတ္ထံ။ သဗ္ဗာနိ ပေတာနိ ခေတ္တဝိဇ္ဇာပကရဏာနိ။

(သီလက္ခန်ဋီကာသစ်၊၁။၃၇၁။)

ဟတ္ထမုဒ္ဒါ နာမ အင်္ဂုလိပဗ္ဗေသု သညံ ဌပေတွာ ဂဏနာတိ ဒဿိတာ။ ဂဏနာ ဝုစ္စတိ အစ္ဆိဒ္ဒကဂဏနာ ပါရိသေသညာယေန

သာ ပန ပါဒသိကမိလက္ခကာဒယော ဝိယ ဧကံ ဒွေတိအာဒိနာ နဝန္တပိမိနာ နိရန္တရဂဏနာ။ (သီလက္ခန်ဋီကာသစ်၊ ၁။ ၁၇၄။)

ကထံ ဟိ နာမ တုမှေ မောဃပုရိသာ (ပ) အနေကဝိဟိတ တိရစ္ဆာနကထံ ကထေဿထ၊ သေယျထိဒံ၊ ရာဇကထံ စောရ-ကထံ။ပ။ ဣတိ ဘဝါဘဝကထံ ဣတိ ဝါ။

(ပါစိတ် ဂါမပ္ပဝေသန သိက္ခာပုဒ်ပါဠိတော်၊ ၂၁၃။ မဟာဝါ-ရှုက္ခန္ဓကပါဠိတော်၊ ၂၇၇။ ဒသင်္ဂုတ္တရပါဠိတော်၊ အံ၊ ၃။၃၅၈။)

အထ ဝါ ပါဠိယံ သရူပတော အနာဂတာပိ အရညပဗ္ဗတ-နဒီဒီပကထာ ဣတိ-သဒ္ဒေန သင်္ဂဟေတွာ ဆတ္တိံသ (ဗာတ္တိံသ) တိရစ္ဆာနကထာတိ ဝုစ္စတိ။

(ပါစိတ်သာရတ္ထဒီပနီဋီကာ ဂါမပ္ပဝေသနအဖွင့် ။သာရတ္ထ၊၃၊၁၀၀။)

အနိယျာနိကတ္တာ သဂ္ဂမောက္ခမဂ္ဂါနံ တိရစ္ဆာနဘူတာ ဟိ ကထာ တိရစ္ဆာနကထာ။

(သာရတ္ထ၊၃။ ၉၈။)

ဘန္တေ ဣမသ္မိံ သာသနေ ကတိ ဓုရာနီတိ၊ ဂန္ထဓုရံ ဝိပဿ-နာဓုရန္တိ ဒွေယေဝ ဓုရာနိ ဘိက္ခူတိ။ ကတမံ ပန ဘန္တေ ဂန္ထဓုရံ၊ ကတမံ ဝိပဿနာဓုရန္တိ။ အတ္တနော ပညာနုရူပေန ဧကံ ဝါ ဒွေ ဝါ နိကာယေ သကလံ ဝါ ပန တေပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တဿ ဓာရဏံ ကထနံ ဝါစနန္တိ ဣဒံ ဂန္ထဓုရံ နာမ၊ သလ္လဟုက-

ဝုတ္တိနော ပန ပန္နသေနာသနာဘိရတာယ အတ္တဘာဝေ ခယဝယံ ပဋ္ဌပေတွာ သာတစ္စကိရိယဝသေန ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တဂ္ဂ-ဟဏန္တိ ဣဒံ ဝိပဿနာစုရံ နာမ။

(ဓမ္မ၊ဋ္ဌ၊၁။၅။)

သနာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အနာထာ-စသည်ဖြင့် ဒသင်္ဂုတ္တရ ပါဠိတော် (၂၇၅)၌ နာထတရား(၁၀)ပါးကို ဟောတော်မူသည်။

ဤပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရများ၌ ပိဋကတ္တကောက်ယူလိုက်သော် ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သည့်အတွက် လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်တည်းဟူသော သဂ္ဂ၊မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော မောက္ခတို့မှ ဖီလာကန့်လန့်ဖြစ်သော ၃၆-ပါး၊ (၃၂)ပါးသော ရာဇ-ကထာ စသော စကားမျိုးကို တိရစ္ဆာနကထာ-ဆိုသည်။

(သာရတ္ထဋီကာ သီလက္ခန်ဋီကာတို့အလို။)

ထိုတိရစ္ဆာနကထာ ၃၆-ပါး၊ (၃၂)ပါးအဓိပ္ပာယ်ကို ညွှန်းပြအပ်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့ လာတိုင်းယူအပ်၏။

မဂ်ဖိုလ်မှ ဖီလာဖြစ်သော သာသနာတော်မှအပဖြစ်သော အကျိုးစီးပွားနှင့် မစပ်ယှဉ်သော အတတ်ကို တိရစ္ဆာန ဝိဇ္ဇာအတတ်ဆိုသည်။ ထိုတိရစ္ဆာန ဝိဇ္ဇာအတတ် အရကား ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်၊ ထားဆောက်ချတ်အတတ်၊ အာတပ္ပနဗေဒင်၌ စီရင်အပ်သောသူတို့၏ အဖျက်အဆီးကိုပြုသော မန္တရား၊ စူးထုတ်စူးရဲ နှက်၍ ပြုအပ်သော မန္တရား၊ ပြန်ကပ်မန္တရား၊ ကိုယ်လုံးချောက်တတ်စေအောင်ပြုသော မန္တရား၊ အဆိပ်နှင့်ယှဉ်သော ဆေးအတတ်စသည် အပြားရှိသော သူတပါးကို ညှဉ်းဆဲတတ်သော လောကီလောကုတ္တရာ အကျိုးမရှိသော အတတ်မျိုးဟု ဥဒါန်းပါဠိတော်လာ

အတတ်ကြီး(၁၂)ပါးတွင် တစိတ်ကို ပဓာနထား၍ ဝိနည်းအဋ္ဌကထာ တို့၌ ဖွင့်သည်။

သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်၌လည်း အိမ်ရာ အရံရာ စသည်တို့၏ အကျိုးအပြစ်ကိုသိသော မြေကြန်အတတ်ဟူသော ဝတ္ထုဝိဇ္ဇာအတတ်၊ မင်းမှုရေးရာကိုသိသော ခတ္တဝိဇ္ဇာအတတ်။ပ။မိန်းမ တွက် လက်ဆစ်ချိုးအတတ်ဟူသော မုဒ္ဒါအတတ်၊ ဂဏန်းသင်္ချာချ၍ ရေတွက်ခြင်းဟူသော ဂဏန်းသင်္ချာအတတ်၊ အပေါင်းရေတွက်ခြင်း သင်္ခါအတတ် စသည်ကို မဂ်ဖိုလ်မှ ဗီလာဖြစ်သော တိရစ္ဆာနဝိဇ္ဇာ အတတ်ဟု ပါဠိအဋ္ဌကထာ ဋီကာတို့ လာလေသည်။

မြေတိုင်းပညာ အတတ်ဟူသော ဝတ္ထုဝိဇ္ဇာ၊ ခတ္တဝိဇ္ဇာ၊ ဂဏန်း သင်္ချာ အတတ်ဟူသော မုဒ္ဒါ ဂဏနာ သင်္ခါန အတတ်တို့သည် တိရစ္ဆာနဝိဇ္ဇာအတတ်ဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန်ကို အလိုရှိ၍ ရှင်ရဟန်း ပြုလာကြသော ရဟန်းသာမဏေတို့နှင့် မဆိုင်၊ သာသနာတော်မှ အပြင် အလွတ်ကျသဖြင့် ဗာဟိယကမ္မ အတတ်မျိုးဖြစ်ကြောင်း၊ ပါဠိ အဋ္ဌကထာ ဋီကာဂန္ထန္တရကို သင်ခြင်းစသော အမှုမျှားသာ အတတ် အရာဌာန၌ အန္တကမ္မဖြစ်ကြောင်း ငါတို့ကျေးဇူးတော်ရှင် ဖြစ်သော ပဏ္ဍိတဓဇ သိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု မြန်မာဘုရင် တတိယ တန်းဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်းဆရာတော်ဘုရားကြီး အမိန့်တော်ရှိ သတည်း။ ထို့ကြောင့် ထိုတိရစ္ဆာနဝိဇ္ဇာအတတ်မျိုးကို ရဟန်းသာမဏေ တို့ မပို့ချ မသင်ကြားအပ်၊ ပို့ချသင်ကြားက "ပဒေ ပဒေ အာပတ္တိ- ပါစိတ္တိယဿ၊ အက္ခရက္ခရာယ အာပတ္တိ ပါစိတ္တိယဿ" ဟူသော ဘိက္ခုနီ ပါစိတ် စိတ္တာဂါရဝဂ် ပဥ္စမ၊ နဝမ၊ ဒသမ၊ ပရိယာပုဏနသိက္ခာပုဒ်၊ ဝါစနသိက္ခာပုဒ်တို့၌ ဘုရားဟောတော်မူတိုင်း အက္ခရာတိုင်း အက္ခရာ တိုင်း ပုဒ်တိုင်း ပုဒ်တိုင်း စကားတခွန်း တဝါကျတိုင်း တဝါကျတိုင်း

စူဠဝါပါဠိတော်အရ ရဟန်းမှာ ဒုက္ကဋ်အာပတ် တချက်စီ တချက်စီ၊ သာမဏေတို့မှာ ဒဏ်ထိုက်ရာသတည်း။

တိရစ္ဆာနဝိဇ္ဇာဋီကာ သမတ္တာ။

---

လောကာယတ သရုပ်ကိုပြခန်း

န ဘိက္ခဝေ လောကာယတံ ပရိယာပုဏိတဗ္ဗံ၊ယော ပရိယာ-ပုဏေယျ၊ အာပတ္တိ ဒုက္ကဋဿ။

န ဘိက္ခဝေ လောကာယတံ ဝါစေတဗ္ဗံ၊ ယော ဝါစေယျ၊ အာပတ္တိ ဒုက္ကဋဿ။

(စူဠဝါ ခုဒ္ဒကဝတ္ထုက္ခန္ဓက ပါဠိတော်၊၂၇၀။)

လောကာယတံ နာမ သဗ္ဗံ ဥစ္ဆိဋ္ဌံ သဗ္ဗံ အနုစ္ဆိဋ္ဌံ၊သေတော ကာ-ကော။ ကာဠော ဗကော ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ ဧဝ-မာဒိနိရတ္ထကကာရဏပဋိသံယုတ္တံ တိတ္ထိယ သတ္ထံ။

(စူဠဝါ အဋ္ဌကထာ၊၅၆။)

သဒ္ဒနီတိဓာတုမာလာ(၆၆)၌-လောကာယတံ နာမ(ပ)တိတ္ထိယ-သတ္ထံ။ ယံ လောကေ ဝိတဏ္ဍသတ္ထန္တိ ဝုစ္စတိ ဟု လာ၏။

န ဟိ ဘိက္ခဝေ လောကာယတံ ပရိယာပုဏိတဗ္ဗံ၊ ယော ပရိယာပုဏေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ အာဒိဝစနတော လောကာယတသင်္ခါတံ သဗ္ဗံ ဥစ္ဆိဋ္ဌံ သဗ္ဗံ အနုစ္ဆိဋ္ဌံ၊ သေတောကာ-ကော၊ ကာဠော ဗကော ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ ဧဝမာဒိနိရတ္ထကကာရဏပဋိသံယုတ္တံ တိတ္ထိယသတ္ထံ နေဝ ပရိယာ ပုဏိတဗ္ဗံ၊န ပရေသံ ဝါစေတဗ္ဗံ။

(ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ၄၄၇။)

လောကာယတံ နာမ တိတ္ထိယသတ္ထန္တိ သမ္ဗန္ဓော။ ဣမိနာ ၀ကာရဏေနာတိ သေတော ကာကော၊ ကသ္မာ? အဋ္ဌီနံ သေတတ္တာ။ ရတ္တော ဗကော၊ ကသ္မာ လောဟိတဿ ရတ္တတ္တာ၊ ဣတိ ဧဝမိနာ ၀ ကာရဏေန။

(ပါစိတ္တျာဒိယောဇနာ၊ ၄၆၅။)

လောကိယန္တိ ပဝါဋ္ဌဟန္တိ ပုညာပုညာနိ တဗ္ဗိပါကော စာတိ လောကော၊ သတ္တလောကော။ အာဘုသော ယတန္တိ ဝီရိယံ-ကရောန္တိ ဧတ္ထာတိ အာယတံ၊ လောကဿ အာယတံ လောကာ-ယတံ၊ သတ္တာနံ ဘုသော ဝီရိယကရဏဋ္ဌာနန္တျတ္ထော။ ကိံ တံ၊ တိတ္ထိယသတ္ထံ။သဗ္ဗံ ဥစ္ဆိဋ္ဌံ၊ ကသ္မာ? သကုဏာဒီဟိ ပရိဘုတ္တာပုဗ္ဗတ္တာ။ သဗ္ဗံ အနုစ္ဆိဋ္ဌံ။ ဣမဿ အဝသေသဘောဇနဿ ကေနစိ အပရိ-ဘုတ္တာပုဗ္ဗတ္တာ။သေတော ကာကော အဋ္ဌိဿ သေတတ္တာ။ ကာဠော ဗကော ပါဒဿ ကာဠတ္တာတိ။နတ္ထိ အတ္ထော ဧတ္ထာတိ နိရတ္ထကံ၊ နိရတ္ထကမေဝ ကာရဏံ နိရတ္ထကကာရဏံ။တေန ပဋိသံယုတ္တံ နိရတ္ထကကာရဏပဋိသံယုတ္တံ။ တရန္တိ ဧတ္ထာတိ တိတ္ထံ၊ ပဋ္ဌနံ။ တိတ္ထံ ဝိယာ တိ တိတ္ထံ။ လဒ္ဓိ။ တံ ဧတေသံ အတ္ထီတိ တိတ္ထိယာ၊ ဝိပရီ-တဒဿနာ။ သာသန္တိ အတ္တနော သာဝကေ ဧတ္ထာတိ သတ္တံ၊ တိတ္ထိယာနံ သတ္ထံ တိတ္ထိယသတ္ထံ။

(ဝိနယာလင်္ကာရ ဋီကာ၊ ဒု၊ ၃၆၁။)

လောကာယတံ န ဝါစေယျ။ (ခုဒ္ဒသိက္ခာပါဠိ၊ ၃၈။)

လောကာယတံ နာမ ဝိတဏ္ဍ သတ္ထံ။

(ခုဒ္ဒသိက္ခာဋီကာဟောင်း၊ ၁၈၈။)

လောကာယတန္တိ နိရတ္ထကကာရဏပ္ပဋိသံယုတ္တံ တိတ္ထိယသတ္ထံ။ **တိ**ရစ္ဆာနဝိဇ္ဇာ စ ဣမိနာ၀ ဥပလက္ခိတာ။ (ခုဒ္ဒသိက္ခာ ဋီကာသစ်၊ ၃၉၉။)

လောကာယတတိရစ္ဆာနဝိဇ္ဇာတိ စ ဧတ္ထ ဂဒေါ **သမောဟ**-ဝစာ၁နိ ဗုဒ္ဓါဒိဂရဟိတာ သဂ္ဂမောက္ခာနံ တိရော တိရိယ**တော** အဉ္ဆိတာ ဂတာ ပဝတ္တာ ကဗ္ဗနာဋကာဒိကာ သဗ္ဗာပိ ဝိဇ္ဇာ အနုလောမဝသေန ဝါ ဝိနယပရိယာယံ ပတ္တာ ဂရုကေ ဌာတဗ္ဗန္တိ ဝိနယယုတ္တိတောပိ သင်္ဂဟိတာတိ ဝေဒိတဗ္ဗာ၊ ဝေဠုနော ဂရုနမုပဒေသော။

(ခုဒ္ဒသိက္ခာ၊ဋီကာသစ်၊ ၃၉၉။)

အာယတိံ ဟိတံ တေန လောကော န ယတတိ န ဤဟတီတိ လောကာယတံ၊ ကိံ တံ ဝိတဏ္ဍသတ္ထံ။

(သဒ္ဒနီတိ ဓာတုမာလာ၊၆၆။)

လောကာယတသိပ္ပန္တိ ကာကော သေတော အဋ္ဌီနံ သေတတ္တာ၊ ဗလာကာ ရတ္တာ၊ လောဟိတဿ ရတ္တတ္တာတိ ဧဝမာဒိနယပ္ပဝတ္တံ ပရလောကနိဗ္ဗာနာနံ ပဋိသေဓကံ ဝိတဏ္ဍသတ္ထသိပ္ပန္တိ။

(သဒ္ဒနီတိဓာတုမာလာ၊ ၆၆။)

ဝိတဏ္ဍသတ္ထံ ဝိညေယျံ၊ ယံ တံ လောကာယတံ ဣတိ။

(အဘိဓာန် ဂါထာ၊၁၁၂။)

အညမညဝိရုဒ္ဓံ သဂ္ဂမောက္ခဝိရုဒ္ဓံ ဝါ တနောန္တိ ဧတ္ထာတိ ဝိတဏ္ဍော၊ သော ဏတ္ထံ၊ ဝိရုဒ္ဓေန ဝါ ဝါဒဒဏ္ဍကေန တာဠေန္တိ

---

၁ ဝစာ ဖြစ်သင့်သည် ထင်မိ၏။

တ္တေ ဝါဒိနောတိ ဝိတဏ္ဍော တဒို-တာဋ္ဌနော၊ အဒေသမ္ပိ ဟိ ယံ
နိဿာယ ဝါဒိနံ ဝါဒေါ ပဝတ္တော၊တံတေသံ ဒေသတောပိ ဥပစာရ-
ဝသေန ဝုစ္စတိ။ လောကာတိ ဗာလလောကာ၊ တေ
တ္တေ အာယတန္တိ ဥဿာဟန္တိ ဝါမယန္တိ ဝါဒဿာဒေနာတိ
လောကာယတံ။ (အဘိဓာန်ဋီကာ ၁၊၉၄။)

လောကာယတမဟာပုရိသလက္ခဏောသု အနုဝယော။

(သီလက္ခန်ပါဠိတော်၊အမ္ဗဋ္ဌသုတ်၈၂။သောဏဒဏ္ဍသုတ်၊ ၁၀၆။
ကူဋဒန္တသုတ်၊ ၁၂၂။ တိကင်္ဂုတ္တရပါဠိတော်၊ ၁၆၃။ သုတ္တနိပါတ်
ပါဠိ သေလသုတ်၊၃၆၅။)

လောကာယတံ ဝုစ္စတိ ဝိတဏ္ဍဝါဒသတ္ထံ။
(သီလက္ခန် အဋ္ဌကထာစသည်၊ ၂၂၀။)

အာယတိံ ဟိတံ တေန လောကော န ယတတိ န ဤဟတီတိ
လောကာယတံ။ တဉှိဂန္ထံ နိဿာယ သတ္တာ ပုညကြိယာယ-
စိတ္တမ္ပိ န ဥပ္ပါဒေန္တိ။ (သီလက္ခန္ဓဝဂ္ဂ ဋီကာစသည်၊ ၂၉၂။)

အထ ခေါ ဒွေ လောကာယတိကာ ဗြာဟ္မဏာ ယေန ဘဂဝါ
တေနုပသင်္ကမိံသု။ (နဝင်္ဂုတ္တိုရ် ပါဠိတော်၊ ၂၂၅။)

လောကာယတိကာတိ လောကာယတဝါဒကာ။
(အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ၈၊ ၂၈၀။)

လောကာယတဝါဒကာတိ အာယတိံဟိတံ(ပ) န ဥပ္ပါဒေန္တိ။
တံ ဝဒန္တီတိ လောကာယတဝါဒကာ။ (နဝင်္ဂုတ္တိုရ်ဋီကာ၊၃၀၀။)

လောကာယတိကော ဗြာဟ္မဏော ယေန ဘဂဝါ(ပ)ကေမန္တံ
နိသိန္နော ခေါ လောကာယတိကော ဗြာဟ္မဏော။
(နိဒါနဝဂ္ဂသံယုတ် ပါဠိတော်၊၃၀၄။)

လောကာယတိကောတိ ဝိတဏ္ဍသတ္ထေ လောကာယတေ ကတပရိစယော။ လောကာယတန္တိ စ လောကဿေဝ အာယတိံ ဗာလပုထုဇ္ဇနလောကဿ အာယတံ။

(နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၊ ၇၀။)

အာယတိံ ဟိတံ တေန လောကော န ယတတိ န ဤဟတီတိ လောကာယတံ။ န ဟိ တံ လဒ္ဓိံ နိဿာယ သတ္တာ ပုညကြိယာယ စိတ္တမ္ပိ ဥပ္ပါဒေန္တိ၊ ကုတော ပယောဂေ၊ တံ တေဿ အတ္ထိ တတ္ထ ဝါ နိယုတ္တောတိ လောကာယတိကော။ (သံယုတ်ဋီကာ၊ ဒု၊ ၇၉)။

န သေဝေ လောကာယတိကံ၊ နေတံ ပညာယ ဝဍ္ဎနံ။

(ဝိဓုရဇာတ်ပါဠိတော်။ ဇာ၊ ၂၊ ၂၇၇။)

လောကာယတိကန္တိ အနတ္ထနိဿိတံ သဂ္ဂမဂ္ဂါနံ အဒါယကံ အနိယျာနိကံ ဝိတဏ္ဍသလ္လာပံ လောကာယတိကဝါဒံ န သေဝေယျ။ နေတံ ပညာယ ဝဍ္ဎနန္တိ နဟိ ဧတံ လောကာယတိကံ ပညာယ ဝဍ္ဎနံ။

(ဝိဓုရဇာတ် အဋ္ဌကထာ။ ဇာ၊ ဋ္ဌ ၇၊ ၁၇၉။)

ဥဒါန်းပါဠိတော် တတိယနန္ဒဝဂ် (၁၁၃) နံပါတ်၌ တတ္ထေကစ္စေ ဧဝမာဟံသု ဟတ္ထိသိပ္ပံ သိပ္ပါနံ အဂ္ဂန္တိ-အစရှိသည်ဖြင့် အတတ်မျိုး (၁၂)ပါးကို ဟောတော်မူရာ—

အဿသိပ္ပ၊ ရထသိပ္ပ၊ ဓနုသိပ္ပ၊ ထရုသိပ္ပ၊ မုဒ္ဒါသိပ္ပ၊ ဂဏနသိပ္ပ၊ သင်္ခါနသိပ္ပ၊ လေခါသိပ္ပ၊ ကာဝေယျသိပ္ပ၊ လောကာယတသိပ္ပ၊ ခတ္တဝိဇ္ဇာသိပ္ပ—ဟု လာ၏။

ထိုပါဠိတော်ကို သာဓကပြု၍ ဝိနည်းအဋ္ဌကထာကြီး အဋ္ဌကထာ ငယ်တို့၌ တိရစ္ဆာနဝိဇ္ဇာသရုပ်ကို တစိတ်အားဖြင့် ပြတော်မူ၏။ ထို့ကြောင့် ဝိနည်း အဋ္ဌကထာလာ သိပ္ပသာ မအပ်သည်မဟုတ်။

သုတ္တန်လာ တိရစ္ဆာနဝိဇ္ဇာ အတတ်မျိုး ဟူသမျှလည်းမအပ်ကြောင်း ပြတော်မူခြင်း ကိစ္စပြီး၏။

ဤ၌ လောကာယတသိပ္ပံ သိပ္ပါနံ အဂ္ဂန္တိ-ဟု ဟောတော်မူ၏၊ ဤလောကာယတအရာ၌ တခုတခုသော ပါဠိ အဋ္ဌကထာ ဋီကာတို့၏ အဓိပ္ပာယ် ပိဏ္ဍတ္ထကို ကျယ်ဝန်းအံ့စိုး၍ မပြနိုင်တော့ချေ။

လောကာယတသိပ္ပန္တိ "ကာကော သေတော အဋ္ဌီနံ သေတတ္တာ၊ ဗလာကာ ရတ္တာ လောဟိတဿ ရတ္တတ္တာ"တိ ဧဝမာဒိနယပ္ပဝတ္တံ ပရ-လောကနိဗ္ဗာနာနံ ပဋိသေဓကံ ဝိတဏ္ဍသတ္ထသိပ္ပံ။

(ဥဒါန်းအဋ္ဌကထာ၊၁၇၅။)

န ခွေတံ ဘိက္ခဝေ တုမှာကံ ပတိရူပံ ကုလပုတ္တာနံ သဒ္ဓါ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇိတာနံ၊ ယံ တုမှေ ဧဝရူပိံ ကထံ ကထေယျာထ၊ သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှီဘာဝေါတိ။

(ဥဒါန်းပါဠိတော်၊ ၁၁၄။)

ဤပါဠိတော်ဖြင့် သုတ္တန် တိရစ္ဆာနဝိဇ္ဇာအတတ်လည်း မအပ်ကြောင်း တိုက်ရိုက် နီတတ္ထ ဟောတော်မူသည်။ ထိုလောကာယတအရာဝယ် ခင်းပြအပ်ပြီးသော ပါဠိတော် အဋ္ဌကထာ ဋီကာ အလုံးစုံ ပိဏ္ဍတ္ထလိုရင်း အကျဉ်းချုပ်ယူရသော် လူပြည် နတ်ပြည် ဗြဟ္မာပြည် တည်းဟူသော သဂ္ဂ၊ မဂ် ဖိုလ် နိဗ္ဗာန် တည်းဟူသော မောက္ခကို မပေးတတ်၊ တားမြစ်တတ်သော ကုသိုလ်ကောင်းမှုပြုခြင်းငှာ စိတ်မျှ မဖြစ်စေတတ်သော ကျမ်း ဟူသမျှကို လောကာယတကျမ်းဆိုလိုကြောင်း သိရာ၏။

ထိုကြောင့် ဗုဒ္ဓဘာသာ ပါဠိအဋ္ဌကထာ ဋီကာတို့၌ လောကာယတ ကျမ်းအရ မည်သည့်ဆရာသည် ရေးအပ်သော မည်သည့်ကျမ်းကို လောကာယတကျမ်း ဆိုသည်ဟု ပိုင်းသော သရုပ်ထွက်ကို ထုတ်၍ပြတော်မမူကြ၊ တိတ္ထိယသတ္ထံဟူ၍လည်းကောင်း၊ ဝိတဏ္ဍဝါဒသတ္ထံဟူ၍လည်း ကောင်း သာမညသရုပ်ထွက်ကိုသာ ပြတော်မူကြ၏။ ထိုစကားအရ မိစ္ဆာအယူရှိကုန်သော သူတို့၏ တမလွန်လောက နိဗ္ဗာန်တို့ကို တားမြစ်တတ်သော တမလွန်လောက မယုံကြည်သူ နိဗ္ဗာန်ကို မယုံကြည်သူပုဂ္ဂိုလ်တို့ စီရင်အပ်သော ပစ္စက္ခကျိုးပြသော ကျမ်းကို လောကာယတကျမ်းခေါ်သည်ဟု သိရ၏။ နတ္ထိကဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ အယူရှိသူတို့နှင့် သန္နိကျင်သူတို့၏ ကျမ်းဟူ၍လည်း သိရ၏။

ခတ္တဝိဇ္ဇာဝါဒီ အာမန္တေတွာ "တံ အာဝုသော 'မာတာပိ- တရောပိ မာရေတွာ အတ္တာနော အတ္ထော ကာတဗ္ဗော'တိ ဣမံ လဒ္ဓိံ ဥက္ခိပိတွာ ဝိစရန္တော ကဿာမံ ပရိဟာသသိ"တိ ဝတွာ အာဟ။

"အာဟု ခတ္တဝိဒါ လောကေ၊ ဗာလာ ပဏ္ဍိတမာနိနော။
မာတရံ ပိတရံ ဟညေ၊ အထော ဇေဋ္ဌမ္ပိ ဘာတရံ။
ဟနေယျ ပုတ္တဒါရေ စ၊အတ္ထော စေ တာဒိသော သိယာ"တိ။

**ပဏ္ဍိတသ**နိပါတ် မဟာဗောဓိဇာတ် အဋ္ဌကထာ (ဇာ၊ဋ္ဌ၊၅၊၂၅၃။) နှင့်အညီ ပစ္စုပ္ပန် ကိုယ်ကျိုးသက်သက်ရှိသော အယူမျိုးယူသောသူ၏ ကျမ်းဟုသိရ၏။ လောကီဗျာကရုဏ်းတတ် ပညာဝန်ပုဂ္ဂိုလ်တို့ကား စာရဗာက စသောဆရာတို့ စီရင်အပ်သော ကျမ်းမျိုးကိုဆိုသည်ဟု ယူကြ၏။ ထိုစကားလည်း မှန်ပေ၏။ ယခုကာလရှိ အင်္ဂလိပ်စာမျိုး သည် လောကာယတကျမ်းတွင် ပါဝင်သည်မှာ ခင်းပြအပ်ပြီးသော

ပါဠိ အဋ္ဌကထာ စသည်ကို ထောက်သဖြင့် မချွတ်မုချ နိတတ္ထ ဒိဋ္ဌ-ပစ္စက္ခသိရ၏။ ထို့ကြောင့် ဥဒါန်းပါဠိတော်နှင့် အဋ္ဌကထာ ကြီး ငယ် စသည်တို့၌ တိရစ္ဆာနဝိဇ္ဇာ အတတ်နှင့် လောကာယတ အတတ်မျိုး မသင်ကြား မပို့ချအပ်ကြောင်း တိုက်ရိုက်လာနေပြီ ဖြစ်ရကား အထူး ကြံဆဖွယ် နေယျတ္ထ ဝင်္ကတ္ထ ဥပစာရတ္ထ သာမတ္ထိယ-ပြု ယူနိုင်ဖွယ်မရှိ။

ငါတို့ကျေးဇူးတော် သခင် ထိပ်ခေါင်တင် ဖြစ်တော်မူသော ပဏ္ဍိ-တဓဇသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မိုင်းခိုင်း ဆရာတော် ဘုရားကြီးလည်း ဝိနည်းအဋ္ဌကထာ ကြီး ငယ်တို့၌ ဗာဟိ-ရကံ အနတ္ထသံဟိတန္တိ ဟတ္ထိ အဿ ( ပ ) ပရူပဃာတကရံ-ဟု ဖွင့်ပြသည်မှာ ပြဆိုအပ်ပြီးသော သုတ်သီလက္ခန် ပါဠိတော် စသည် ၌ကဲ့သို့ ပစ္စည်းလာဘ်လာဘ ရလိုခြင်း မိစ္ဆာဇီဝသဘောကို မရည်စူး သော်လည်း အချင်းခပ်သိမ်း မအပ်သော အတတ်ကို ပြလိုသည် ဖြစ်၍လည်းကောင်း၊ အနာပတ္တိဝါရ-၌ လာသော ပရူပဃာတ မဟုတ် သော အတ္ထသံဟိတ-အတတ်တို့မှ အထူးထင်ရှား စေလိုသည်ဖြစ်၍ လည်းကောင်း၊ သူတပါးတို့ကို ညှင်းဆဲနှိပ်စက်တတ်သော ဆင်စီးခြင်း မြင်းစီးခြင်း အတတ်စသည်ကို ဖွင့်ပြသည်ဟု ယူအပ်၏။ ဗာဟိရက အနတ္ထသံဟိတ အတတ်ပင် ဖြစ်သော်လည်း ပရူပဃာတ မဟုတ်သော အတတ်ကို ရဟန်းတို့ သင်ကြား ပို့ချအပ်၏ဟုပြလို၍ ဖွင့်ပြသည်ဟု မယူအပ်၊ ထို့ကြောင့် ပရူပဃာတကပင် မဟုတ်သော်လည်း လောကာ-ယတအတတ် မအပ်ကြောင်း ခုဒ္ဒကဝတ္ထုက္ခန္ဓက စူဠဝါပါဠိတော်၌—

န ဘိက္ခဝေ လောကာယတံ ပရိယာပုဏိတဗ္ဗံ၊ ယော ပရိယာ-ပုဏေယျ၊ အာပတ္တိ ဒုက္ကဋဿ-ဟု ပညတ်တော်မူသည်။

ဗာဟိရက အတတ်ပညာမအပ်ကြောင်းသိရန် အကြောင်း တပါး ရှိသေး၏ စသည်ဖြင့် ပါစိတ်ပါဠိတော် မဟာဝါပါဠိတော် ဒသကိုတ္တိုရ်

ပါဠိတော် စသည်လာ တိရစ္ဆာနကထာ (၃၂) ပါး မအပ်ကြောင်း ပြပြီးလျှင် မြတ်စွာဘုရားကဲ့ရဲ့စက်ဆုပ်တားမြစ်တော်မူအပ်သော ပစ္စည်းရအောင် ရည်ရွယ်ပြုလုပ်ခြင်း မိစ္ဆာဇီဝငဲ့သည်ဖြစ်စေ၊ မငဲ့သည်ဖြစ်စေ၊ ရဟန်းသာမဏေဘို့အား ပြောဆိုပို့ချသင်ကြားခြင်းငှာ မအပ်ကြောင်း အမိန့်ရှိတော်မူသတည်း။

ဗုဒ္ဓဘာသာ သာသနာ ကျမ်းဂန် အရေးအရာနှင့် စပ်သဖြင့် ဟုတ်မှန်ရာ သိရှိမှတ်သားလို ကျင့်ကြံလိုသော ပုဂ္ဂိုလ်တို့မှာ အရေးအရာနှင့် စပ်ရာ ဟုတ်မှန်ရာ သိရှိမှတ်သား ကျင့်ကြံရန် စင်စစ် အရေးအရာရှိလျှင် (တရားကျမ်းဂန်သာလျှင် ပမာဏ ဖြစ်သည်) အရိုးအစဉ် လက်သုံး ထုံးပဝေဏီကျနည်းလမ်းအတိုင်းရှေးဆရာတော်ဘုရားကြီးတို့ နည်းနာကို မှီငြမ်းကြီးသဖွယ် လိုက်နာ ယူသုံး မှီခိုကြရသည်။ ထို တရားကျမ်းဂန်အရာတွင် မြင်မြင်ဝါးဝါးသော ပုဂ္ဂိုလ်တို့ တရားကျမ်းဂန်ကို ဆုံးဖြတ်နိုင်သည်မဟုတ်၊ ကိုယ်နှင့် အသက်ကို ပမာဏ မပြုပဲ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အစုံအလင် ကြည့်ရှုကာ လက်ဆုပ်လက်ကိုင်ရပြီးသော အာစရိယဝါဒအမျိုးမျိုးဖြင့် ကြံစည် နှိုင်းဆ, ကာ ရှေ့နောက် တကျမ်းနှင့်တကျမ်း ညှိနှိုင်းတိုင်းထွာကာ ရင့်သော ဉာဏ်ပညာဖြင့် ထုံးအပ်ဆည်းပူးအပ်ပြီးသော ပညာဉာဏ်ရှိ ကဝိ ကဝိန် သုခမိန်ပုဂ္ဂိုလ်ကျော် ပုဂ္ဂိုလ်မြတ်တို့၏အရာသာဖြစ်သည်ကို သိရာသည်။ ဤတွင်၍ အကျဉ်းသဒ္ဒေပအားဖြင့် ယထာဘူတ ကျနစွာ သိမြင်လိုသူ ကျင့်လိုသူတို့အကျိုးငှာ စကားစပ်လျဉ်းသဖြင့် ရေးသားအပ်သတည်း။

လောကာယတဋီကာ ပြီး၏။

## သံဃ-သဃ်စိစစ်ခန်း

သံဃော-ဟု နိဂ္ဂဟိတန္တနှင့်သာ ဖတ်ရမည်။ သဃော်-ဟု ဝဂ္ဂန္တနှင့် မဖတ်သင့်။

သံဃောတိ ဧတ္ထ သဃော်တိဝဂ္ဂန္တသဟိတဝသေန ဝါ သံဃောတိ နိဂ္ဂဟိတန္တသဟိတဝသေန ဝါ ဒွိဓာပိ ပဌန္တိ လိခန္တိ။ တေသု ဝဂ္ဂန္တ-သဟိတပဒံ နာဓိပ္ပေတံ။ အနုသာဝနေ သနိဂ္ဂဟိတပဒဃောဝ ဒိဋ္ဌတ္တာ သံဃောတိပဒမေဝ လိခိတဗ္ဗံ။

(ပါတိမောက္ခလေခနယ။)

ဘိက္ခုသဃော်တိ ဝဂ္ဂန္တသဟိတပဒံ ဗဟူသု ပေါတ္ထကေသု ဒိဿတိ။ ကမ္မဝါစာယံ ပန နိဂ္ဂဟိတပဒေဃောဝ ဒိဋ္ဌတ္တာ တမေဝ ဂဟေတဗ္ဗံ။ နိရုတ္တိကောသလ္လပ္ပတ္တေဟိ ပဘိန္နပဋိသမ္ဘိဒေဟိ ခီဏာသဝေဟိ သုသောဓိတတ္တာ။ တတော၀ သံဃာဒိသေသောတိ ပဒံ သနိဂ္ဂဟိတန္တမေဝ သမ္ဘဝတိ။

(ပါတိမောက္ခဝိသောဓနေ။)

ဤ၌ ကာရိ ကာရိယ ဖြစ်သင့်သော်လည်း ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်၏ မူလပြယုဂ်မဖြစ်သင့်၊ ကိံ ပြယုဂ်သာ ဖြစ်သင့်သည်ဟု ဆိုလိုသတည်း။

ယသာပါဠိယာ နိရုတ္တိံ သောဓေတွာ ဒသဝိဓာယ ဗျဉ္ဇန-နိရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ ဤတရထာ ဟိ သာဝနံ ဟာပေတိ နာမ။

(ကမ္မဝဂ်ပရိဝါအဋ္ဌကထာ၊၂၄၇။ ဝိနယသင်္ဂဟ အဋ္ဌကထာ၊၁၉၇။)

ဧဝံ ယထာဌာနေ တံ တဒေဝ အက္ခရံ ဘာသန္တေန အနုက္ကမာ-ဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ။

(ပရိဝါ အဋ္ဌကထာ၊ ၂၄၈။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၃၉၈။)

ပဗ္ဗဇ္ဇာယ ပန ဣမာနိ တီဏိ သရဏာနိ ဗုကာရဓကာရာဒီနံ ဗျဉ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ အာစရိယေနပိ အန္တေဝါသိကေနပိ ဝတ္တဗ္ဗာနိ။ သစေ အာစရိယော ဝတ္တုံ သက္ကောတိ၊ အန္တေဝါသိကော န သက္ကောတိ၊ အန္တေဝါသိကော ဝါ သက္ကောတိ၊ အာစရိယော န သက္ကောတိ၊ ဥဘောပိ ဝါ န သက္ကောန္တိ၊ န ဝဋ္ဋတိ။ သစေ ပန ဥဘောပိ သက္ကောန္တိ၊ ဝဋ္ဋတိ။

(မဟာဝါအဋ္ဌကထာ မဟာခန္ဓက၊ ၂၅၀ )

ဤအဋ္ဌကထာတို့တွင် မဟာဝါအဋ္ဌကထာ၌ သရဏဂုံအရာမှာ ဌာန် ကရိုဏ်း ပယတ် ကျနမှန်ကန်စွာ ရွတ်ဆိုရမည် လာသတည်း။ ပရိဝါ-အဋ္ဌကထာ၌ ဗျဉ္ဇနဗုဒ္ဓိအယ်ပါး ညီညွတ်မှန်ကန်စွာ ရွတ်ဆိုရမည် လာသတည်း။ ပရိဝါကမ္မဝဂ်၊ သာရတ္ထဒီပနီဋီကာ၌ ဗျဉ္ဇနဗုဒ္ဓိအရာမှာ သိထိလ ဓနိတ စသည်နှင့်စပ်လျက် ဖွင့်ရကား သရဏဂုံအရာ၌လည်း ဗျဉ္ဇနဗုဒ္ဓိကို ယူအပ်၏။ ပေါ့သော သရဏဂုံအရာ၌ ဌာန် ကရိုဏ်း ပယတ်ကို ဆိုခဲ့သဖြင့် လေးသော ကံအရာ၌ မဆိုသော်လည်း ကံကြီး ကံငယ်မှာလည်း ဌာန်ကရိုဏ်းပယတ်ကို ယူရမည်ဟု ငါတို့ကျေးဇူးရှင် ကျမ်းပြုကျမ်းတတ် တေဒဂ်ရ စလင်း ဆရာတော်ဘုရားကြီး မိန့်သတည်း။

သံဃပဒဋ္ဌီကာပြီး၏။

## အဝိပ္ပဝါသပဒ စိစစ်ခန်း

တိစီဝရေန အဝိပ္ပဝါသော-၌

စီယတိတိ စီဝရံ၊ စယံ သဥ္စယံ ကရီယတိတိ အတ္ထော၊ အရိယဒ္ဓဇော ဝတ္ထုဝိသေသော။ ဣမ ပန တိစီဝရာဓိဋ္ဌာနေန အဝိပ္ပဟိတွာ ဓာရိတံ စီဝရတ္တယမေဝ။

(ဝိနယာလင်္ကာရဋီကာ၊ပ၊၁၀၆။)

ဝသနံ ဝါသော၊ ဝိနာ ဝါသော ဝိနာဝါသော၊ စီဝရေန ဝိနာဝါသော စီဝရဝိနာဝါသော၊ "စီဝရဝိပ္ပဝါသော"တိ ဝတ္တဗ္ဗေ ဝတ္တုံ့ရှုဝသေန,ဂါထာပါဒပူရဏတ္ထာယ ဝါ အလုတ္တ-သမာသံ ကတွာ ဧဝံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

(ဝိနယာလင်္ကာရဋီကာ၊ပ၊၁၀၆။)

နှင့်အညီ ဝိပ္ပဝါသောနှင့် ဝိနာဝါသောကား အနက်တူဖြစ်ကြောင်း ပြတော်မူသည်။ယင်းဖြင့် ဝသနံ ဝါသော၊ဝါသောဧဝ ပဝါသော၊ အဝ-မာရဏ ကမ္မဓာရည်းသမာသ်ကိုလည်းကောင်း၊ န ဝိပ္ပဝါသော အဝိပ္ပဝါသော-ဟူသော ဒိဂုသမာသ်ကို လည်းကောင်း အဝိပ္ပဝါသော ဟူ၍ လည်းကောင်း၊ အဝိပ်-ပဝါသော ဟူ၍လည်းကောင်း ရွတ်ဖတ်ခြင်းငှာ သင့်သည်ကို ပြတော်မူသတည်း။

တိစီဝရေန အဝိပ္ပဝါသ ဋီကာပြီး၏။

---

## သမ္ပတောပုဒ် စိစစ်ခန်း

သမ္ပတော- ဟူသောပုဒ်မှာ(မ္ပ)နှစ်လုံးဆင့်နှင့် (န) မပါပဲ သမ္ပ-တောဟူ၍လည်းကောင်း၊ သမ္ဗန္ဓော ဟု (မ္ဗ) နှစ်လုံးဆင့် (န္ဓ)

နှစ်လုံးဆင့်နှင့်လည်းကောင်း၊ (မ္ဗ)နှစ်လုံးဆင့် (န)တလုံးနှင့် သမ္ဗန်-တော ဟူ၍လည်းကောင်း၊ ဝဂ္ဂန္တ မပြုပဲ နိဂ္ဂဟိတန္တနှင့် သံမတော၊ သံမန္တိတော၊သံမနိတော ဟူ၍လည်းကောင်း၊နိဂ္ဂဟိတန္တ ဝဂ္ဂန္တတို့မပါပဲ သမတော၊သမန္တိတော၊ သမနိတော ဟူ၍လည်းကောင်း၊ ကျောက်စာ ပေစာ စာအုပ်တို့၌ စာအမျိုးမျိုးရှိ၏။

ဤသို့ကွဲပြားရာမှာ မောဂ္ဂလာန်၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ အဘိဓာန်ဋီကာစသည်တို့နှင့် ကစ္စည်းကျမ်း နျာသကျမ်း စသည်တို့၌ ရုပ်ပြီးပုံကို သာဓကပြု၍ အမှန်အကန် သိကြရာသည်။

မန-ဉာဏေ သံပုဗ္ဗော၊ ဘုဝေမာဒိတ္တေ ကတ္တရိတိ တပစ္စယေ သမ္ဗိတ္တေ၊ ဣမိနာ ကမ္မနိ တ္တပစ္စယော၊ ဂမခနာတိ အာဒိနာ ဓာတွန္တ-လောပေါ၊ ရညာ သမ္မတောဟု ရူပသိဒ္ဓိသုတ် ၆၁၅၌ မိန့်သောကြောင့် လည်းကောင်း၊ ဟနိတုံ သရိတော ဟတော သတော ဟု တခုသော ရုပ်ကိုပင် မူလပြယုဂ် ကိံပြယုဂ်အဖြစ်ဖြင့် သဒ္ဒနီတိ၌ ထုတ်ဆိုသောကြောင့်လည်းကောင်း၊ ကစ္စည်းကျမ်း၌ ဂမိတော သရိတော မူလပြယုဂ်၊ ဂတော သတော ကိံပြယုဂ်ဟု နမကာရာနမန္တာနံ နိယုတ္တတမှိ သုတ်၌ တခုသော ရုပ်ကို မူလပြယုဂ် ကိံပြယုဂ်ထုတ်သည်ကို ဒိဋ္ဌတွေ့မြင်သောကြောင့်လည်းကောင်း၊ နမကာရာန-မန္တာနံ နိယုတ္တတမှိ ဟူသောသုတ်၌ သမ္မန္တိတော၊သမန္တိတောမူလပြယုဂ်၊ သမ္မတော ကိံပြယုဂ်ဖြစ်သင့်သည်မှာ သဒ္ဒသတ္ထဝိဒူ မှန်က သိနိုင်ရာသောကြောင့်လည်းကောင်း၊ ဝဝတ္ထိတာဝိဘာသတ္တောယံ ဝါသဒ္ဒေါ၊ တေန တဏှက်ရော၊ ရဏာဉ္ဇဟော၊ သင်္ကိတော၊ဇုတိန္ဓရော၊ သမ္မတောတိ-အာဒီသု နိစ္စံ-ဟု ဝဂ္ဂန္တံ ဝါ ဝဂ္ဂေသုတ်အဖွင့် ရူပသိဒ္ဓိ၌လာသောကြောင့် လည်းကောင်း။သမ္မတောမှာ သံရှေးရှိသော မနဓာတ်တပစ္စည်း ဓာတွန် န ကိုချေ၊ သထက်၌ နိဂ္ဂဟိတ်ကို အမြဲဝဂ္ဂန္တမပြု၍ အမြဲဝဂ္ဂန္တ မနှင့် ကိံပြယုဂ်ဖြစ်သင့်သော သမ္မတော ရုပ်ပြီးပုံကို ရူပသိဒ္ဓိ၌ နိတတ္တ ဥဇုကတ္တ

မုချတ္တ ပြသောကြောင့် သိမ်နုတ်ဥ တ် ကမ္မဝါစာ နိဂုံးတို့၌ သမ္မတော ဟု ဝဂ္ဂန္တ မ သံယုဂ်နှင့် ခါတွန်ကျေလျက်လည်းကောင်း၊ ခါတွန် မကျေပဲ သမနိတော ဟူ၍လည်းကောင်း၊ စိဝရစေတာပန္န ပုဒ်ကဲ့သို့ ခါတွန်မကျေပဲ န လာ၍ မ္မ သံယုတ် န္နသံယုတ်တို့နှင့် တကွ သမ္မန္နိ- တောဟူ၍ လည်းကောင်း၊ ရူပသိဒ္ဓိမှ တပါးသော ကစ္စည်းကျမ်း စသည်တို့၌ သမ္မတော ပုဒ်စသည်မှာ နိစ္စဝိဓိအဖြစ်ဖြင့် မလာသည် ဖြစ်၍ အနိစ္စဝိဓိလည်း ဖြစ်ရာသောကြောင့် သံမတော သံမန္နိ- တော-ဟူ၍ လည်းကောင်း သံမနိတော ဟူ၍လည်းကောင်း၊ ဗျဉ္ဇနေမ သုတ်၏ အစိအရင်လည်း ဖြစ်သင့်သည်ကိုထောက်၍ သမတော သမန္နိ- တော သမနိတော ဟူ၍လည်းကောင်း၊ရှိသင့် ဖတ်သင့်သည်ကို သိအပ် ၏-ဟု သုဒ္ဓဿနဓဇအတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ပဌမ ဘွဲ့တံဆိပ်တော်ရ ကျမ်းတတ်ကျမ်းပြု ကမ္ဘာကျော် ဇံကျောင်းဆ ရာတော်ဘုရားကြီး အမိန့်တော်ရှိသတည်း။ ထို့ကြောင့် ဤသမ္မတော အရာ၌သိမ်နုတ်ဥ တ်ကမ္မဝါစာအရာမှာ (၉) ကြိမ်ပြင်၍ ဖတ်တော်မူ သတည်း။ထိုစံကျောင်း ဆရာတော်ဘုရားကြီး သိမ်နုတ် သိမ်သမုတ်ပုံ စာတန်းသည် ငါတို့နှင့်တကွ ငါတို့ တပည့် သားမြေးအစဉ်အဆက် လက်ထဲတွင် အမြဲလက်ကိုင်ရှိသတည်း။

---

## အက္ခရာ တလုံးပြင်တိုင်း အစကစ၍ ဖတ်သင့်သည် ပြင်လိုသော ငါကျတွင်သာ ဖတ်သင့်သည် စိစစ်ခန်း

သစေ ပန အက္ခရပရိဟီနံ ဝါ ပဒပရိဟီနံ ဝါ ဒုရုတ္တပဒံ ဝါ ဟောတိ၊ တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ။ ဣဒံ အကုပ္ပ- ကမ္မဿ ဒဠှီကမ္မံ ဟောတိ၊ ကုပ္ပကမ္မေ ကမ္မံ ဟုတွာ တိဋ္ဌတိ။

(ပရိဝါအဋ္ဌကထာ၊ ၂၄၃၊ ၂၄၄။)

ယဒိ ပရိဝတ္တေတွာ ကတံ ဒဠှီကမ္မံ န ဟောတိ၊ ဝေံ သတိ ဒဠှီကမ္မတ္ထာယ ကိန္တိ ကာတဗ္ဗန္တိ အာဟ“သစေ ပနာတိ” အာဒိ။ တတ္ထ “အက္ခရပရိဟိနံ ဝါ ပဒပရိဟိနံ ဝါ”တိ ဣဒံ အက္ခရပဒါနံ ဂဠိတံ သန္ဓာယ ဝုတ္တံ။ “ဒုရုတ္တပဒံ ဝါ”တိ ဣဒံ သိထိလဓနိတာဒိ-အာပရိပုဏ္ဏံ သန္ဓာယ ဝုတ္တံ။တွေ“ဒုရုတ္တက္ခရံ ဝါ”တိ အဇ္ဈာဟရိတဗ္ဗံ၊ ဣဒန္တိ ပုနပ္ပုနံ ဝစနံ။ ကမ္မံ ဟုတွာတိ သုကမ္မံ ဟုတွာ။

(ပရိဝါ ကမ္မဝဂ် ပါဠိတော်ဒိ ယောဇနာ၊ဖ၃၅။)

ဤ၌ သမ္မတော စသော ပုဒ်ကို (၉) ကြိမ် ဖတ်ရာ စံကျောင်းဆရာတော်ဘုရားကြီး၊ စလင်းဆရာတော်ဘုရားကြီး၊ မိုင်းခိုင်းဆရာတော်ဘုရားကြီး၊ ရွှေရေဆောင် ဆရာတော်ဘုရားကြီး၊ ကျိဝန်ဆရာတော်ဘုရားကြီး၊ ဆရာတော် ဦးရန်ကုန်၊ မော်လူးသိမ်သမုတ်စဉ်မန်လည် ဆရာတော်ဘုရားကြီး၊မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၊ ဝဇီရာ ရာမဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ ထိန်တော ဆရာတော်ဘုရားကြီး၊ကသာဆရာတော်ဘုရားကြီး၊ စကု ဆရာတော်ဘုရားကြီး၊ မှန်ကင်းဆရာတော်ဘုရားကြီး၊ မင်းရွာ ဆရာတော်ဘုရားကြီး၊ ကိုင်းဆရာတော်ဘုရားကြီး၊ရွှေရေဆောင် ဆရာတော်ဘုရားကြီးအစရှိသော ပိဋကတ်ကျမ်းဂန်၌ နှံ့မြင် လိမ္မာ ကျော်စောထင်ရှားသော ဆရာတော်ဘုရားကြီးတို့သည် အက္ခရပရိဟိန, ပဒပရိဟိန, ဒုရုတ္တပဒ, ဒုရုတ္တက္ခရဖြစ်မည်ထင်သော ပုဒ်အက္ခရာ ဝါကျတို့ကို အထပ်ထပ်ပြင်၍ ဖတ်တော်မူကြသည်။သုဏာတု-ကစ၍ တခါပြင် တခါပြန်၍ ပြန်၍ ဖတ်တော်မမူကြ။

(က) ယခုခေတ် ဆရာတို့ကား တပုဒ်ပြင်လိုလျှင် ပြင်လိုတိုင်း ပြင်လိုတိုင်း သုံဏာတု ဓေ-ကစ၍ တခေါက်စီ အဆုံးတိုင် ဖတ်မှ အပ်သတည်းဟု ပြောဆိုကြကုန်၏။ ဖတ်ရွတ်သည်ကိုလည်း ငါတို့

ဆတ်ဆတ် ကြားဖူး၏။ တလုံးပြင်လိုလျှင် အစကစ၍ ဖတ်ခြင်းသာ သင့်သတည်းဟု ပြောဆိုကြကုန်၏။ ဘယ်ပါဠိ အဋ္ဌကထာဋီကာ ဂန္ထန္တရသာခကေရှိသည်ကိုကား ပြတော်မမူ။ထိုသူတို့ကားများစွာလည်း မပြင်ကြ၊ စဉ်းစားဆဲသော် ၎င်းခင်းပြအပ်ပြီး ပရိဝါအဋ္ဌကထာ၌ ဟာသ-၌ တ-သဒ္ဒါဖြင့် အက္ခရပရိဟီန,ပဒပရိဟီန,ဒုရုတ္တက္ခရ, ဒုရုတ္တပဒ- ရှိသော ဝါကျကို စွဲရသတည်း။ ကြွင်းသော ပရိပုဏ္ဏပဒ, အက္ခရ, သုဝုတ္တက္ခရ, သုဝုတ္တပဒ ရှိသော ဝါကျကို မစွဲရ။ ထို အက္ခရပရိဟီန, ပဒပရိဟီန, ဒုရုတ္တက္ခရ, ဒုရုတ္တပဒတို့ကို သုတ်သင်ခြင်းငှာ ယင်းတို့ရှိရာ ဝါကျကို အထပ်ထပ် ရွတ်ဆိုရမည် ဟူလိုသတည်း။

ဣဒံ-၌ ဣမ သဒ္ဒါဖြင့် ပုနပ္ပုနံ ဝတ္တုံကိုပင်ပြင်၍ ဣဒ ပုနပ္ပုနံ ဝစနံ-ဟု ယောဇနာ ဆရာစွဲသတည်း။ ထိုလေးပါးတို့တွင် အက္ခရ- ပရိဟီန ပဒပရိဟီန ဆိုသည်ကားအက္ခရ ပဒ ကျသည်ကိုဆိုသတည်း။ ဒုရုတ္တက္ခရ ဒုရုတ္တပဒဆိုသည်ကား ပုဒ်အက္ခရာတို့ကို သိထိလ ဓနိတ စသော ဗျဥ္ဇနဗုဒ္ဓိ-ဆယ်ပါး ဌာန် ကရိုဏ်း ပယတ် မပြည့်စုံသည်ကို ဆို သတည်း။

တဿ သောဓနတ္ထံ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ-၌ ထိုလေးဌာနတို့ကို သုတ် သင်ခြင်းငှာ ဥက္ကဋ္ဌဝါဓာကို အစကစ၍ အထပ်ထပ် ဖတ်ခြင်းငှာ သင့်သတည်း-ဟု ဝတ္တုံ၏ကံကို သမ္ဗန္ဓဥက္ကဋ္ဌဝါစံ-ဟု ထည့်လိုပုံရသည်။ ရှေးဆရာတော်ဘုရားကြီးတို့ကား ယတ္ထ ဝါကျေ၊တဿ ဝါကျဿ ပုနပ္ပုနံ ဝတ္တုံ ဝဋ္ဋတိ- စပ်လိုသတည်း။

အဓိပ္ပာယ်ကား ထိုထို ပရိဟီန ပဒက္ခရ ဒုရုတ္တပဒက္ခရ- ရှိမည်ထင် ရာ ဝါကျပဒများကိုသာ အထပ်ထပ် ဖတ်ရမည် မိန့်တော်မူသတည်း။ သောဓနတ္ထံ၏ ကံမှာ အက္ခရပရိဟီနာဒီနံ-ဟု ဆဋ္ဌီကံထည့်လေ။ ဤသို့အားဖြင့် အက္ခရာပုဒ်တလုံး တပါဒပြင်လိုလျှင် အစဆုံးဥက္ကဋ္ဌက

၍ အဆုံးတိုင် တခေါက်စီသာ ဖတ်ရမည်။ ပရိဟီနဒုရုတ္တဖြစ်မည် ထင်သော ဝါကျပဒတွင်သာ ထပ်၍မဖတ်ရ။ (ဆရာအချို့တဝါဒ။)

(ခ) ဥတ်အစ သုဏာတုက စ၍ အဆုံးတိုင် ဖတ်ဖွယ်မရှိ။ ပရိဟီနဒုရုတ္တဖြစ်မည်ထင်သော ပဒဝါကျတို့ကို ထပ်၍ ဖတ်ရမည်။ သုဏာတုကစ၍ အဆုံးဘိုင်အက္ခရာတလုံးပြင်လိုတိုင်း ဖတ်ရမည်မဟုတ်ဟူသော ကမ္ဘာစဥ်သာသနာစဉ် လာသော အာစရိယပရမ္ပရ ပေါရာဏ ပဝေဏီ ရှေးရှေးပညာရှိ တောင်ဂ်ရဆရာတော်ကြီးဟူသမျှတို့ တဝါဒ ဟူ၍ ဝါဒနှစ်ပါးကွဲပြားရာသတိရှေ့သွား သမာဓိမြဲမြဲမြံမြံ လက်ကိုင်ထား၍သမ္ဗောဓိညာဏ်တရားဖြင့် နှစ် လ ရက်ပေါင်းများစွာစဥ်းစား ဆင်ခြင်သော်-

ဤသို့ ရှေးဆရာတော် ဘုရားကြီးတို့ ပရိဟီန ဒုရုတ္တ ဖြစ်မည် ထင်သော အက္ခရာ ပဒဝါကျတို့ကိုသာ ပြင်၍ဖတ်ရာ၌ ထိုထိုပရိဟီန ဒုရုတ္တပဒ အက္ခရာတို့ ပရိပုဏ္ဏဖြစ် မဖြစ်။ ကံအောင် မအောင် စဥ်းစားရာ၌။ အစသုဏာတု ကစ၍ မဖတ်သောကြောင့် ပရိပုဏ္ဏမဖြစ်နိုင် ကံမအောင်နိုင်ဟု တနုတခု ယုတ္တိ အာဂုံပြ၍ တစုံတယောက်သော ဝိတဏ္ဍဝါဒီ ပဏ္ဍိတမာနီတို့ဆိုနိုင် ပြောနိုင်ခွင့် မရှိ။

ဝဏ္ဏိတံ နိပ္ပပဥ္စံ၊ ကိလမထပဟာယိနာ။

တတော တဿ သာသနမှိ၊ ပပဉ္စော ကိလမော န ဟိ။

ဟူသော စာတတ်နောက်ဆုံးပိတ်ဟု ခေါ်ဝေါ်ကြသော ဆရာတော် ဦးဗုဓ်ဂါထာနှင့် အညီ ကိုယ်၏ ပင်ပန်းခြင်းကို ပယ်ပြီးသော မြတ်စွာဘုရားသည် ကြာမြင့်စွာ ကျယ်ပွားခြင်း မရှိသည်ကိုသာ ချီးမွမ်းတော်မူအပ်၏။

ထို့ကြောင့် အကျယ်မလိုက် အကျဥ်းကိုက်တော်မူသော မြတ်စွာဘုရား သာသနာတော်၌ အစမှစ၍ အဆုံးတိုင် တလုံးပြင်တိုင်း

ဖတ်သဖြင့် ကြာမြင့်အောင် ပြုခြင်း၊ တလုံးတလုံးပြင်လိုတိုင်း အစက အဆုံးတိုင် ဖတ်ရသဖြင့် ပင်ပမ်းအောင်ပြုခြင်းသည် မသင့်သည် သာတည်း။ ယင်းသို့ အကြောင်းအကျိုးပြလျက် တကြိမ်တည်း၌ ပရိဟီန ဒုရုတ္တ ဖြစ်သင့်ရာ ပဒဝါကျတွင်သာ အထပ်ထပ် မဖတ်သင့်။ တလုံးတလုံးပြင်၍ ဖတ်လိုလျှင် တခေါက်တကြိမ်စီ ဆုံးအောင်ဖတ် ပြီးမှသာ တခြားပြင်လိုသော ပဒဝါကျများကို မရောမယှက် သက်သက် တခေါက်တကြိမ် ဖတ်မှသင့်သည်။ တကြိမ်တည်း ပရိဟီန ဒုရုတ္တ ဖြစ် လောက်ရာတွင် အထပ်ထပ်ဖတ်က ပရိပုဏ္ဏမဖြစ်။ ကံမအောင်ဟု ဆိုငြားအံ့ ရှေးရှေး ကျေးဇူးရှင် ဆရာတော် အဆက်ဆက်တို့ပင် ဤကဲ့သို့ချည်း ဖတ်လာသည်ကား မည်သူမျှ မငြင်းနိုင်။ ရှေးရှေး ဆရာတော်ကြီးများ သမုတ်အပ်သော သိမ်များလည်း ပရိဟီန ဒုရုတ္တ အတွက် မအောင်လျှင် ထိုသိမ်၌ ရဟန်းခံသော ရဟန်းများ လည်း သီမဝိပတ္တိဖြစ်၍ ရဟန်းမဖြစ်ရာ။ ထိုရဟန်းတို့ သမုတ်အပ်သော သိမ်ဟူသမျှလည်း မအောင်ရာ။ ဤသို့စသည့် လဒ္ဒဒေါသ များစွာရှိ ကြောင်းကို နားလည်အောင် ပြောကြားအပ်၏။

သမ္ဗုဒ္ဓိတော သမ္ဗုဒ္ဓိတာ စသောပုဒ်တို့၌ မ္ဗဒွေးဘော်နောင် ဒန္တဇ န္ဒွေးဘော်နှင့် မရှိသင့်။ သာသနာတော်ကျမ်း လောကီသက္ကတကျမ်း တို့၌ မ္ဗဒွေးဘော်နောင် ဒန္တဇ န္ဒွေးဘော်နှင့် ရှိသင့်ကြောင်း မဆို သောကြောင့် တည်းဟု ဆိုကြ၏။ တိုပုဒ်မှာ မှန်၏ ၊သမ္ဗုဒ္ဓိစ္စန္ဒ၊စိဝရစေ- တာပန္ဒ - စသောပုဒ်၌ကား ပဒဓာတ် နောက် န္ဒ-ဒွေးဘော်ရှိသည်ကို ထောက်၍လည်းကောင်း၊ ဓာတ္ဒ် န အက္ခရာကိုမချေပဲ န အက္ခရာ တလုံး ဒွေးဘော်ဆောင်၍ နကာရာဂမံ ကတွာ စိဝရစေတာပန္ဒန္တိ ဝုတ္တံ၊ စီဝရစေတာ ပနန္တိပိ ပဌန္တိ။ (သာရတ္ထဒီပနီစသည်)။ သမ္မန္ဒေ- ယျာမာတိ သမနုဇာနေယျာမ။ (ဝိသုဒ္ဓိမဂ်မဟာဋီကာ) ကို ထောက်၍

လည်းကောင်း၊ ပေစာ ဝတ်လဲကမ္ဗဝါစာ တို့၌ မျက်မြင်တွေ့ရ၍ လည်းကောင်း၊ မ္ဗ သံယုဂ် န္ဓသံယုဂ်တို့ကိုမဖျက်ပဲ သမ္မန္တိတော သမ္မန္တိ-တာ ရှိသင့်ကြောင်း ငါတို့ကျေးဇူးရှင် စလင်းဆရာတော်ဘုရားကြီး၊ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အစရှိသော ဆရာတော်များ မိန့်ကြ၏။

သမ္မတောပဒဋီကာ ပြီး၏။

---

## သမုဟနေယျပဒဝိစာရဏာခန်း

သမုဟနေယျ-ဟူသောပုဒ်၌ သံရှေး ဥရှေးရှိသော ဟန ဓာတ်၊ ဧယျ ဝိဘတ်၊ အပစ္စည်း။ ဟန ဟိံသာဂတီသု။ ဟန ဟိံသာယံ။ (ဓာတုမာလာ)။ ဟနော ဘူ ဟိံသာ ဂတျံ၊ ဥဋ္ဌါတေ သံ တု သံယ-တော။ (ဓာတွတ္ထသင်္ဂဟ)၊ ဘူဝါဒိဟနဓာတ်သည် သတ်ပုတ်ညှင်းဆဲ ခြင်း သွားခြင်း အနက်ဟော။ ဥ ရှေးရှိသော ဟန ဓာတ်ဖြစ်မူ နုတ်ပယ် ဖျက်ဆီးခြင်း အနက်ဟော။ သံ ရှေးရှိသော ဟနဓာတ် ဖြစ်မူ ပေါင်းစုခြင်းအနက်ဟော။ သံ ကား သမ္မာ အနက်ဟော။ ဥ ကား ဝိယောဂ ဟု ဆိုအပ်သော အ…ာဝ အနက်ဟောတည်း။ ဟန ဓာတ်လည်း ဟိံသာ အနက်ဟောတည်း။ ထို့ကြောင့် သမုဟ နေယျ၊ ကောင်းစွာ အဝိပ္ပဝါသသိမ်ကို ကင်းစေခြင်းဟုဆိုအပ်သော မရှိစေခြင်းဖြင့် ဖျက်ဆီးရာ၏ဟု အနက်ပေး။ ဟန ဓာတ်ဖြင့်ပြီးသည် ကိုကား ဥဟစ္စ[၁] မနေဇာတိ ဧတေ တဏှာဇောယ အဘာဝေန အနေဇာ ဘိက္ခု။ ဣန္ဒခိလံ ဥဟစ္စ သမူဟနိတွာ-ဟူသော သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာသမယသုတ် (၂၇၄) အဖွင့်ကို ထောက်၍ သိအပ် ၏။ ဤ၌ ဥဟစ္စပုဒ်မှာ ဥရှေးရှိသော ဟနဓာတ်၊ တွာ ပစ္စည်းဖြင့် ပြီးသည်။ ဥ ကို ဦဒိဃပြု၍ သံဝဏ္ဏနာမှာ သမူဟနိတွာရှိသည်။

---

၁။ သခု ဆဋ္ဌမူ၌ ဦဟစ္စ-ဟု ရှိသည်။

သဒ္ဒနီတိတဒ္ဓိတ်ကုန်ခါနီး၌ မဇ္ဈေဝိပရိတော၊ သမုဟာတော ဣစ္စာ-ဒိ ဟု ထုတ်၏။ ဤမျှကို ထောက်သော် သမုဟာနေယျ၊ သမုဟနတိ သမုဟာတော- ဟု အဝိပ္ပဝါသသိမ်နုတ် ကမ္မဝါစာ၌ ရသာနှင့် ရှိသင့်၏။ သမာနသံဝါသက သိမ်နုတ် ကမ္မဝါစာ၌လည်း သမုဟာနေယျ သမုဟ-နတိ၊ သမုဟာတာ-ဟု မုဝယ် ရဿနှင့် ရှိသင့်ရာ၏။ သို့သော်လည်း ယခုအခါ ပေစာ စာအုပ် ဟူသမျှတို့၌ သမူဟာနေယျ- စသည်ဖြင့် မ၌ ဦဒီဃနှင့်ချည်း တွေ့မြင်ရသောကြောင့် လည်းကောင်း၊ ကံပျက် အင်္ဂါတွင် မပါဝင်သောကြောင့်လည်းကောင်း၊ မျာယံ- ဟူသောပုဒ်၌ ဧ ကို ယ ပြုသော် ကျေသောအရာ၌ တည်သောကြောင့် အယံ-၌ အ ကို အာဒီဃပြုရသကဲ့သို့ သံ၌ နိဂ္ဂဟိတ်ကို မ ပြုသော် နိဂ္ဂဟိတ် ကျေရာ၌ တည်ရကား နောက် ဥ ကို ဦ ဒီဃပြုသော် သမူဟာနေယျ စသော ဒီဃနှင့်ရှိသောပုဒ်လည်း သင့်ရာသောကြောင့်လည်းကောင်း ဒီဃနှင့် သမူဟာနေယျ စသည် မရှိသင့်၊ ဥ ရဿနှင့် သမုဟာနေယျ စသောပုဒ်သာ ရှိသင့်သတည်းဟု မဆိုနိုင်ချေ။

ယင်း သမုဟာနေယျ ဟူသောပုဒ်၌ –

ကွစိ သညောဂပုဗ္ဗာ ဧကာရောကာရာ ရဿာဝ ဝုစ္စန္တေ။

(ရူပသိဒ္ဓိ၊ဗာလာဝတာရ။)

ကွစိ သညောဂပုဗ္ဗာ ဧကာရောကာရာ ရဿာဝ ဝတ္တဗ္ဗာ။ ဧတ္ထ၊ သေယျော၊ သြဋ္ဌော၊ သောတ္ထိ။ ကွစိတိ ကိံ မေတ္တံ တိံ နိက္ခနံ့ ဝနေ။ ပုတ္တော ဂျောဟံ မဟာရာဇ။

(သဒ္ဒနီတိ သုတ္တမာလာ၊ ဂ။)

တော် ဩြတ် ဋ္ဌတိ ဋ္ဌေ ကေပဒသံယောဂေ ပရေ ကွစိ လဟုန္တိ။ ဧဋ္ဌိ၊ လေဋ္ဌော၊ ဩြဋ္ဌော၊ သောဋ္ဌိ။

ကောပဒသံယောဂေတိ ကိံ ပဒန္တရသံယောဂေ ပရေ ရဿာ မာ ဟောန္တူတိ။ မံ စေ တံ နိခဏံ ဝနေ၊ ပုတ္တော တျာဟံ မဟာရာဇ။

ကွစိတိ ကိံ? ကောပဒသံယောဂေပိ ဝဂ္ဂန္တေသု ဝါ ယ,ရ,လ, ဝေသု ဝါ ပရေသု ရဿာ မာ ဟောန္တူတိ၊ ဧန္တိ၊ သေန္တိ၊ ယျေ၊ ကာသေယျ၊ မေဏ္ဍော၊ သောဏ္ဍော။ (နိရုတ္တိဒီပနီ၊၃။)

ဧတေသု တော် ဩတ် သံယောဂတော ပုဗ္ဗာဝ ဒိဿန္တိ၊ တေန ကွတ္တော၊ ရဿော ဝေဒ္ဓာဒိ။ (ဝုတ္တိမောဂ္ဂလာန်။)

ပုဗ္ဗောရဿော အအာဒိသွာဒိဘူတေသု ဒသသု ယေ ယေ ဒွေ ဒွေသဝဏ္ဏာ၊တေသုံ ယော ယော ပုဗ္ဗော၊သော သော ရဿသညော ဟောတိ။ ယထာ၊ အ၊ ဣ၊ ဥ၊ ဧ၊ ဩ။ (မူလမောဂ္ဂလာန်။)

ဤသို့ စသော သာဓက အရပ်ရပ်ကို ခိုင်ခိုင်မြဲမြဲ ထောက်ထား၍ မောဂ္ဂလာန်၌ ဧ ရဿ၊ ဧဒီဃတစုံ၊ ဩတ်ရဿ၊ ဩဒီဃတစုံ၊ ဤသို့ လာသည်။ ဤသို့လာရာ၌ သံယုဂ်မှ ရှေးဖြစ်ကုန်သော ဧဒီဃ ဩဒီဃ တို့ကို ရဿကဲ့သို့ ရွတ်ဆိုအပ်ကုန်၏ဟု ဆိုသည်ကား—

(က) သက္ကတ ကျမ်း၌ ရိသရကဲ့သို့ အောက်မြစ်သံနှင့် ရွတ်ရမည်ဟု စာတတ်အကျော် ဆရာတော် ဦးဗုဓ် မိန့်တော်မူ၏။ ထိုကို သာဓက ပြု၍ သမုဟာနေ့ယျ၊ သော ဘာဒသ္တယျ၊ ဥပါသမ္ပာဒေ့ယျ-စသည်ဖြင့် မြန်မာနိုင်ငံ သုဓမ္မာဂိုဏ်းဝင် ရွှေကျင်ဂိုဏ်းဝင် ကျမ်းဂန်တတ် တေဒဂ်ရ ကမ္ဘာကျော် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပင် ဖတ်ရိုးပြုတော် မူကြ၏။

(မ) မောဂ္ဂလာန်ကျမ်း၌ သေဋ္ဌိ၊ သောတ္ထိ-အစရှိသော ပုဒ်များကဲ့သို့ ဝေါ်ရဿ ဩတ်၏ရဿတို့သာ ရှိသည်။ အေ့ ဟု ဖတ်ရသော ဧ့ရဿ၊အော့ ဟု ဖတ်ရသော ဩ့ရဿ မရှိ၊ထို့ကြောင့်သမ္မုဟာနေတ်ယ၊ သောဘာသေတ်ယ၊ ဥပသမ္ပာဒေတ်ယျ-စသည်၌ ယသံယုဂ် ရှေ့ကျသော သေကို သေတ်ဟု ဖတ်ရမည်ဟု မိန့်တော်မူ၏။

(ဂ) ရဿကဲ့သို့ သံယုဂ်ရှေ့ ဧဒီဃ ဩဒီဃတို့ကိုရွတ်ဖတ်ရာ နောက်မှက သံယုဂ်၊တ သံယုဂ်၊ပ သံယုဂ်၊သသံယုဂ်-ရှိလျှင် စသတ်ကဲ့သို့ ဝေ်-သံ၊ဩနောက်မှ ရှိလျှင် ဝဆွဲတသဘ်ကဲ့သို့ ဩဘ်သံဖြစ်၍ ဧက္က၊ သေဋ္ဌိ၊ သောတ္ထိ အစရှိသည့်စသတ်သံကဲ့သို့ ထွက်ရကား–ယသာ ပါဠိယာ နိရုတ္တိံ သောမေတ္တာ ဒသဝိဓာယ ဗျဉ္ဇနနိရုတ္တိယာ ဝုတ္တာဒေါသေ ပမ္ပိ-ဟာရန္တေန ကမ္မဝါစာ ကာတဗ္ဗာ၊ဣတရထာ ဟိ သာဝန် ဟာပေတိ နာမ။ (ကမ္မဝဂ်ဖွင့်၊ ပရိဝါ အဋ္ဌကထာ။) အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ၊ (၎င်းအဋ္ဌကထာ)တို့နှင့်အညီ ရှေးရှေး အရိယာ သူတော်ကောင်းတို့ ဖတ်ရိုး ဖတ်စဉ် ပဝေဏီကို မပျက်စီးစေပဲ ကမ္မဝါစာကို ဖတ်ရမည် လာသောကြောင့် သမ္မုဟာနေစ်ယ၊ သောဘာသေစ်ယ၊ ဥပသမ္ပာဒေစ်ယျ-အစရှိသည်ဖြင့် စသတ်သံ ဆရာတော်တို့ ဖတ်ရွတ်ကြသတည်း။

(ဃ) ယသတ်၌ ဒိယျတိ၊ သုယျတိ၊ မိယျတိ၊ ဘိယျော၊ဥယျုတ္တံ-စသည်၌ န သတ်သံ ဖတ်ရိုးရှိသကဲ့သို့လည်းကောင်း၊ လ သတ်၌ ပဘ္ဘကလ္လံ၊ မလ္လော မလ္လဿ စသည်၌ နသတ်သံ ဖတ်ရသကဲ့သို့လည်းကောင်း၊ ဏ သတ်၌ မေဏ္ဍက၊ န သတ်၌ ပူရေန္တံ၊ ဒေန္တံ၊ အာနေဉ္ဇ၊ ပူရေန္တိ၊ ကရောန္တိ၊ ကရောန္တံ၊ ဝိနာသမေန္တု-စသည်၌ ကဏ္ဍဇ ပဉ္စမ င သတ်သံ ဖတ်ရိုးရှိသကဲ့သို့လည်းကောင်း၊ သမ္မုဟာနင်ယ၊

သောဘာသင်ယ၊ ဥပသမ္ဗာဒင်ယျ-စသည်ဖြင့် ကဏ္ဍဇပဥ္စမက္ခရာ င သတ် အင်ကာရန်နှင့်လည်း ဖတ်တော်မူကြသတည်း။

(င) မင်္ဂလာအနက်ဟော သေယျ သဒ္ဒါကို ရပ်သင်ကလည်း၊ မြေကြီးသည်၌-ဟူသောလက်ာ၊ ဧယျသူရသဒ္ဒါကို စည်သူဟူသော ရှေးဝေါဟာရ၊ အာဇာနေယျ သဒ္ဒါကို အာဇာနည်ဟူသော ရှေးဝေါဟာရ စသည်တို့၌ ယ သံယုဂ်သံကို ညကြီးသတ် အည်ကာရန်ဖြင့် ဖတ်ရိုးဖတ်ထုံးရှိသကဲ့သို့ သမုဟနည်ယ၊ သောဘာသည်ယ၊ ဥပသမ္ဗာဒည်ယ-စသည်ဖြင့် အည်ကာရန်နှင့်လည်း ဖတ်တော်မူကြသတည်း။

(စ) သံယုဂ်၏ ရှေးဖြစ်ကုန်သော အေက္ခရာ ဩအက္ခရာတို့ကို ရဿကဲ့သို့ ရွတ်ဆိုအပ်၏ဟုဆိုရာ၌ အသည် အာ၏ ဝုဒ္ဓိ ဒီဃ၊ဤ သေည် ဣ၏ ဝုဒ္ဓိ ဒီဃ၊ ဦ ဩသည် ဉ၏ ဝုဒ္ဓိ ဒီဃ-ဟု သဒ္ဒါ ဗျာကရုဏ်းကျမ်းတို့၌လာရကား ဧ၏ရဿ ဣ။ဩ၏ရဿ ဉဖြစ်၍ သမုဟနိန်ယျ၊ သောဘာသိန်ယျ၊ ဥပသမ္ဗာဒိန်ယျ-စသည်ဖြင့် နသတ်သံကဲ့သို့ ရွတ်ဖတ်ရမည်ဟု မိန့်ဆိုကြကုန်၏။

(ဆ) အယျာယော၊ကယျတိ၊ ဒယှတိ စသော ပြယုဂ်၌ ယသတ်သံထွက်သကဲ့သို့ သမုဟနယ်ယ၊ သောဘာသယ်ယ၊ ဥပသမ္ဗာဒယ်ယျ-ဟု ကော့ သံယုဂ်အတွက် ဖျောက်၍လည်း ရွတ်ဖတ်တော်မူကြ၏။

(ဇ) အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန-အရ ရှေးရှေးဆရာတော်ဘုရားကြီးတို့ ဖတ်ရိုးဖတ်စဉ် ပေါရာဏပဝေဏီအာဂတ ဥစ္စာရဏနည်းကို မပျက်စေရ၊ ကမ္မဝါစာဖတ်ရမည်ဟု ပရိဝါကမ္မဝဂ် အဋ္ဌကထာ လာသောကြောင့် သမုဟနေယျ-စသောပြယုဂ်၌ ဗျဉ္ဇနမိဿက သေရကို ဒေီဃအတိုင်းထား၍ သံယုဂ် ယတလုံးကို ချေ၍

သမုဟာနေယ၊ သောဘာသေယ၊ ဥပသမ္ဘာဒေယ-စသည်ဖြင့်လည်း ရှေးဆရာတော်ကြီးတို့ ဖတ်တော်မူကြသတည်း။ ဤသို့အားဖြင့်—

(၁) အောက်မြစ်နှင့် သမုဟန္နေယျဟူ၍လည်းကောင်း၊
(၂) တသတ်သံနှင့် သမုဟနေတ်ယ ဟူ၍လည်းကောင်း၊
(၃) စသတ်သံနှင့် သမုဟနေစ်ယ ဟူ၍လည်းကောင်း၊
(၄) ငသတ်သံနှင့် သမုဟနင်ယ ဟူ၍လည်းကောင်း၊
(၅) ညကြီးသတ်သံနှင့် သမုဟနည်ယျ ဟူ၍လည်းကောင်း၊
(၆) ဝိပရိတ်ဣရဿဟူ၍ နသတ်သံနှင့် သမုဟနိန်ယ ဟူ၍လည်းကောင်း၊
(၇) ယသတ်သံနှင့် သမုဟနယ်ယ ဟူ၍လည်းကောင်း၊
(၈) သံယုဂ် ယတလုံးဖျောက်၍ သမုဟနေယ ဟူ၍လည်းကောင်း ဖတ်တော်မူရိုး (၈)မျိုးပြားသတည်း။

ထိုတွင် ပထမဝါဒကို ဆရာတော်ဦးဗုဓ်၊ စံကျောင်းဆရာတော်၊ စလင်းဆရာတော်၊ မိုင်းခိုင်းဆရာတော်၊ ရွှေကျင်ဆရာတော်၊ လယ်တီဆရာတော် စသော ရှေးရှေးဆရာတော်ကြီးတို့ ဖတ်ရိုးပြုတော်မူကြကြောင်း။ ထိုဝါဒ၌ အထောက်အထားမရချေ ဟု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ၄-မြို့ဂိုဏ်းချုပ် ကျေးဇူးရှင် မန်လည်ဆရာတော် ဘုရားကြီး မိန့်တော်မူ၏။

ထိုမန်လည် ဆရာတော် ဘုရားကြီးကား တသတ်သံနှင့် သမုဟနေတ်ယ ဟူ၍လည်းကောင်း၊ ညကြီးသတ်သံနှင့် သမုဟနည်ယ ဟူ၍လည်းကောင်း၊ စ သတ်သံနှင့် သမုဟနေစ်ယ ဟူ၍လည်းကောင်း၊ ဖတ်ရွတ်တော်မူသည်ကို နှစ်သက်တော်မူ၏။ ထိုတွင်လည်း ဒုတိယဝါဒကို သာ၍ပင် နှစ်သက်တော်မူ၏။

စံကျောင်းဆရာတော် စသော ဆရာတော်တို့ကား ပထမဝါဒ ဒုတိယဝါဒ တတိယဝါဒ အဋ္ဌမဝါဒတို့ကို ရဟန်းခံကိစ္စများ၌ မိမိတပည့်သားမြေး ရဟန်းလောင်းကိစ္စတွင် ကြွင်းသောဝါဒများကို သိမ်နုတ် သိမ်သမုတ်ကိစ္စများ၌ သုံးရိုးပြုတော်မူ၏။

မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ ဝဇီရာရာမဆရာတော်၊ စကုဆရာတော် မှန်ကင်းဆရာတော်တို့ကား ပထမဝါဒ ဒုတိယဝါဒ တတိယဝါဒ အဋ္ဌမဝါဒတို့ကိုပင် များစွာ နှစ်သက်တော်မူ၏။

မိုးနံကုန်း ဆရာတော်ကား ပထမဝါဒ ပဉ္စမဝါဒ အဋ္ဌမဝါဒတို့ကို နှစ်သက်တော်မူ၏။ တတိယဝါဒကိုကား နှစ်သက်တော်မမူ။ သမုဟနေးယျ ဟူသော ဝိသဇ္ဇနီယံကိုလည်း ခွင့်ပြု၏။

ဘုရားကြီး ဆရာတော်ကား စတုတ္ထဝါဒ အဋ္ဌမဝါဒကို နှစ်သက်တော်မူ၏။

လယ်တီဆရာတော် ဘုရားကြီးကား ပထမဝါဒနှင့် ဒုတိယဝါဒတို့ကို နှစ်သက်တော်မူ၏။ အဋ္ဌမဝါဒနှင့် ဝိသဇ္ဇနီယံ ဝါဒကိုကား ပယ်တော်မူ၏။

ဤသို့အစရှိသည်ဖြင့် ဝါဒအမျိုးမျိုး ကွဲပြား၏။ သို့သော်လည်း ရှေးရိုးအစဉ်အလာအတိုင်း ပေါရာဏပဝေဏီ ရွတ်ဖတ်ရိုးထုံးစံကြီးတွေ သာမကေအသီးသီး ရှိပေသဖြင့် အဋ္ဌကထာ ဋီကာလာပုံနှင့် မဆန့်ကျင်ရကား ဘယ်ဝါဒမသင့်ဟု ဆိုခြင်းငှာ မတတ်ကောင်းပေ။

သာသနာ အဓွန့်ရှည်ကြာစွာ လာခဲ့သည်ဖြစ်၍လည်း မည်သည့်ဝါဒသာ သင့်သည်ဟု ဆုံးဖြတ်ချက်မချနိုင်ချေ။ ထို့ကြောင့် မိမိတို့ အာစရိယပရမ္ပရအားဖြင့် ဆင်းသက်၍ လာခဲ့တိုင်း သိမ်သမုတ်ပွဲ ရဟန်းခံပွဲတို့မှာ သာသနာတော်ကြီးကို ဝိုင်း၍ ကူညီကြရန် မည်

သည့် ဝါဒသာ ကောင်း၍ မည်သည့်ဝါဒ မသင့်ဟု မဆိုကြရန် ရှေး ဆရာတော်ကြီးများ အမိန့်တော်ရှိသည်ကို အထပ်ထပ်ကြားခဲ့ရ သတည်း။

အချို့ကား တသံတည်းကျအောင် ဖတ်ကြရလျှင် မကောင်းလား ဟု ငါတို့ကိုမေးမြန်းရာ မည်သည့်ဝါဒသာ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရနှင့် ညီညွတ်သည်၊ ရှေးရှေးပေါရာဏ ပဝေဏီ ဖတ်ရိုးအစဉ် ကျပါသည်ဟု ဝန်ခံနိုင်ပါမူ ကောင်းပါ၏ဟု ပြန်လျှောက်သဖြင့် ဝန်မ ခံဝံ့သောကြောင့် ရှေးကဆရာတော်ကြီးများထံက ဟတ္ထမုဋ္ဌိနယ အတိုင်း ဖတ်ရွတ်ခဲ့ကြရဖူးသတည်း။

ဤသမုဟာနေယျစသော ယျေဝိဘတ်အဆုံးရှိသော ဥတ်ကမ္မဝါ စာတို့၌ စံကျောင်းဆရာတော်၊ စလင်းဆရာတော်၊ မိုင်းခိုင်းဆရာ တော်၊ ရွှေရေးဆောင်ဆရာတော် စသော ဆရာတော်ကြီးတို့ (ဂ) ချက် ပြင်၍ ပြင်၍ ဖတ်ရိုးရှိသည်အတိုင်း လဇ္ဇီ ပေသလ သိက္ခာကာမ အာစရိယဟတ္ထမုဋ္ဌိ နယဂ္ဂါဟကပုဂ္ဂိုလ်တို့ နည်းယူ၍ ဖတ်ကြရာ သတည်း။

သမုဟာနေယျပဒဋီကာ သမတ္တာ။

---

## သော ဥတ္တိ ဝိစာရဏာခန်း

သော ဥတ္တိ ဟူသော ပုဒ်၌သော ဥတ္တိတိ သံသော ဉာပေ- တဗ္ဗောတိ စုတ္တညာပနာ သော-ဟု ဝိမတိဝိနောဒနီ (ဒု၊၁၃၇၊) ဝိနယာ- လင်္ကာရ(ပ၊၂၈၁)တို့၌ ကာရိတန္တောဂဘာညာတော် တိပစ္စည်းဖြင့် ဗုဇ္ဈနတ္ထဖွင့်သောကြောင့် ဉာတ္တိ၌ ဉာမှာ အာဒိဃနှင့် ရှိသင့်သတည်း။

သော ဥတ္တိ ဋီကာ ပြီး၏။

---

## သမ္မုဟနတိဝိစာရဏာခန်း

သမ္မုဟနတိ·စသော ပုဒ်တို့မှာ သိဟိုဠ်မူ၌ သံသောတိ တိစီဝရေန အဝိပ္ပဝါသံ သမ္မုဟန္တိ-ဟု မုမှာ ဦ ဒီဃနှင့် နအက္ခရာကို ဝ်အက္ခရာနှင့် ယှဉ်စပ်လျက်ရှိ၏။ သံရှေးရှိသော ဦဟာဓာတ်ဖြင့် ပြီးသောရုပ်၏ တိဝိဘတ်ဖြင့် မပြီးသည်တကြောင်း၊ သမုဟတော သမုဟတာဟူသော ဣ အာဂုံ ကင်းသော ပါဠ်တပါးတို့နှင့် မတိုက်ဆိုင်သည် တကြောင်း၊ သဒ္ဒယုတ္တိ မရှိသည်တကြောင်း၊ ကြံစည်ခြင်း ရုံးစုခြင်းဟု ဆိုအပ်သော ဦဟာဓာတ်နက်အရ မဟုတ်ရကား အတ္ထယုတ္တိ မရှိသည် တကြောင်းများကြောင့် သံရှေးရှိသော ဦဟာဓာတ်မဖြစ်သင့်။ ဦဒီဃ ဖြစ်နေသည်တကြောင်း သမုပစိတံ စသည်ကဲ့သို့ ဥရဿဖြင့်ပြီးသည် တကြောင်း များကြောင့် သံရှေး ဥရှေး ရှိသော ဟနဓာတ်ဖြင့်လည်း မပြီးရကား ဤသို့ သမ္မုဟန္တိဟုရှိခြင်းသည် မကောင်း၊ သံရှေး ဥရှေး ရှိသော ဟနဓာတ် ဟိံသတ္ထဖြစ်၍ သမုဟနတိ·ဟု ဓာတ္ထန်မကျေပဲ ဥရဿနှင့်ရှိခြင်းသာ ကောင်းသတည်း။ ရှေ့သမုဟနေယျပုဒ်၏ ဝိနိစ္ဆယမှာ ရှုရာ၏။

သမ္မုဟနတိဋီကာ ပြီး၏။

---

## ခမတိပုဒ် ကတ္တာရုပ် ကမ္မရုပ် သင့် မသင့် သာဓကခိုင်မြဲစွာပြခန်း

ယဿာယသ္မတော ခမတိ- ဟူသော ပုဒ်၌ ယထာဘူတ ကျနမှန်ကန်စွာ သိရန်ကား ယဿ အာယသ္မတော၊ အား။ တိစီဝရေန၊ နှင့်။ ဧတဿ အဝိပ္ပဝါသဿ၊ ကို။ သမုဠ္ဌါတော၊ ဖျက်ဆီးနုတ်ပယ်ခြင်းသည်။ ခမတိ၊ နှစ်သက်၏-ပေး။

ရုစ ရောစနေ၊ရောစနံ ရုစိ။ ဘတ္တံ **မေ** ရုစ္စတိ။ ဘတ္တမ္ပိ တဿ န ရုစ္စတိ။ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ။

(သဒ္ဒနီတိဓာတုမာလာ ဒိဝါဒိဂဏိကဓာတ်၊ ၂၂၂။)

ခမု သဟနေ။ခမတိ၊ခန္တိ၊ခမော၊ခမနံ။

(သဒ္ဒနီတိဓာတုမာလာ၊မကာရန္တဓာတ်၊ ၁၃၃။)

**ယဿ** ဝါ ဒါတုကာမော, ယဿ ဝါ ရုစ္စတိ,ယဿ ဝါ **ခမတိ**, ယဿ ဝါ ဓာရယတေ၊တံ ကာရကံ သမ္ပဒါနသညံ ဟောတိ။ပ။ **တဿ** ပုရိသဿ ဘတ္တံ ရုစ္စတိ၊ဂမနံ မယှံ ရုစ္စတိ၊ မာအာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ။

(သဒ္ဒနီတိကာရကသုတ္တမာလာ၊၁၂၀။)

ခမတီတိ ရုစ္စတိ။

(ကာရက ရူပသိဒ္ဓိဋီကာ၊ မဟာဝါ ဝိမတိဋီကာ၊ ဝိနယာလင်္ကာရ ဋီကာ။)

ရောစနာဒီသု ပန သမဏဿ ရောစတေ သစ္စံ၊မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ယဿာယသ္မတော ခမတိ။

(ကာရကရူပသိဒ္ဓိ။)

ရောစတေ ရုစ္စတိ။ခမတီတိ ရုစ္စတိ။

(ကာရကရူပသိဒ္ဓိဋီကာ။)

**တာဒတ္ထေ**။ကဿ **သာဓုံ** န ရုစ္စတိ၊ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ခမတိ သံဃဿ၊ ဘတ္တမဿ နစ္ဆာဒေသီတိ ဆဋ္ဌီ-

သမ္ဗန္ဓဝစနိစ္ဆာယံ၊နစေဝံ ဝိရောဓော သိယာ သဒိသရူပတ္တာ။ ဧဝံ ဝိဓေသု စ သမ္ဗန္ဓဿ သဒ္ဒိကာနုမတတ္တာ၊ ကဿ ဝါ တံ ဓမ္မံ ရောစေသီတိ အတ္ထမတ္တေ ပထမာ။

(မောဂ္ဂလာန်၊သျာဒိကဏ္ဍ ၂၅-သုတ်။)

သမ္ပဒါနေ စတုတ္ထီ။ ပ။ သမဏဿ ရောစတေ သစ္စံ။

(ဗာလာဝတာရ။)

သမဏဿ ရောစတေ သစ္စန္တိ ပီတိကရဏတ္ထေ၊ ရုစ ရောစနေ၊ သစ္စံ ကတ္တုတ္တမုပဂစ္ဆတိ၊ သော အညကတ္တာတိပိ ဝုစ္စတိ၊ အည-ကတ္တုကောဘိလာသော ရုစီတိ။ ဧဝံ ယဿ ယသ္မံတော ခမတိ ရုစ္စာဒီသု။ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ န မေ ရုစ္စတိ၊ ရုစ္စာဒီသု သံဃဘေဒသဒ္ဒါဒယော အညကတ္တုတ္တံ ဥပေန္တိ။ တထာ စ ရောစနာဒိကြိယံ အာယသ္မန္တာဒီသု ဝတ္တတိ ။ ပ။ ရညော သီလာ-ဃတေ၊ ရညော ဥပတိဋ္ဌတေ ရုစ္စာဒီသု စ ဆဋ္ဌီတိ မောဂ္ဂလာန-စရိယဿ မတိဓာရဏာဒီသု နိမိတ္တံ သမ္ပဒါနန္တိ ဗဟူဟိ အာစရိ-ယေဟိ ရုစ္စိတံ။

(ကာရက ဗာလာဝတာရဋီကာ။)

ကြိယာသမ္ပဋိစ္ဆကံ နာနာကြိယာဝသေန ဗဟုဝိဓံ။

တတ္ထ ရောစနကြိယာယောဂေ·တာဝ အမှာကံ ရုစ္စတိ ဧဝ ခမတိ စ၊ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ၊ ကဿ သာဓုံ န ရုစ္စတိ၊ န မေ ရုစ္စတိ ဘဒ္ဒန္တေ ဥလူကဿာဘိသေစနံ၊ ဂမနံ မယှံ ရုစ္စတိ၊ မာယသ္မန္တာနမ္ပိ သံဃ-ဘေဒေါ ရုစ္စိတ္ထ၊ ယဿာယသ္မတော န ခမတိ၊ ခမတိ သံဃဿ၊ ဘတ္တံ မယှံ ဆာဒေတိ၊ ဘတ္တမဿ နစ္ဆာဒေတိ၊ တေသံ ဘိက္ခူနံ

လူခါနို ဘောဇနာနိ နစ္ဆာဒေန္တိ။ တတ္ထ ဆာဒေတီတိ ဣစ္ဆံ ဥပါ-ဒေတီတိ အတ္ထော။

(ကာရကနိရုတ္တိဒီပနီ၊၁၀၄။)

ခမု ခန္တိယံ၊ ခမတိ၊ခမော၊ခန္တိ။

(ဓာတွတ္ထသင်္ဂဟ၊ဘူဝါဒိဂဏကဓာတ်။)

န စ္ဆာဒေယျာတိ န ရုစ္စေယျ။

(သီလက္ခန် အဋ္ဌကထာ၊၁၉၀။)

ဗုဒ္ဓပ္ပမုခသ ဘိက္ခုသံဃဿ ဒါနံ ဒေတိ'၊တဿ ပုရိသဿ ဘတ္တံ န ရုစ္စတိ။ သမဏဿ ရောစတေ သစ္စံ။ဗုဒ္ဓဿ ဆတ္တံ ဓာရေတိ၊ "ဗုဒ္ဓဿ သိလာဃတေ"တိအာဒိနာ အာယာဒေသဝိဝစ္ဆိတော သဒ္ဒ-ရစနာဝိသေသော ဒိဿတိ။ဝေ ဒါနရောစနာဒီသု ဗဟူသု သမ္ပဒါန-ဝိသယေသု စတုတ္ထေကဝစနဿ အာယာဒေသသဟိတံ ရူပံ န ဒိ-ဿတိ။

(သဒ္ဒနီတိပဒမာလာ၊၁၇၅။)

ဥဘယံ မေ န ခမတိ၊ ဥဘယံ မေ န ရုစ္စတိ။

(ဒုကနိပါတ် ဂဟပတိဇာတ်၊ ဇာ၊၁၅၂။)

န မေ ရုစ္စတိ ဘဒ္ဒံ ဝေါ၊ ဥလူကဿာဘိသေစနံ။

(တိကနိပါတ် ဥလူကဇာတ်၊ဇာ၊၁၊၇၉။)

န မေ ရုစ္စိ မိဂါလောပ၊ယဿ တေ တာဒိသီ ဂတိ။

(ဆက္ကနိပါတ် မိဂါလောပဇာတ်၊ ဇာ၊၁၊၁၄၁။)

ယင်းသို့ ထုတ်ပြအပ်ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ သာကေတို့တွင် ယဿ ဒါတုကာမော ရောစတေ ဓာရယတေ ဝါ တံ

သမ္ပဒါန်-ဟူသော သုတ်တွင် ကစ္စည်း ရူပသိဒ္ဓိ သဒ္ဒနီတိ ဗာလာဝတာရ ချာသနိဒ္ဒေသ ကစ္စာယနဝဏ္ဏနာကျမ်းတို့၌ သမဏာယ ရောစတေ သစ္စံ-စသော ပါဠိတို့ကို သမ္ပဒါန်အရာထုတ်ကြသည်။ သဒ္ဒနီတိသုတ္တ-မာလာ နိရုတ္တိဒီပနီတို့မှာ ရုစ္စတိပုဒ် ခမတိပုဒ် ရုစ္စိတ္ထပုဒ်တို့ကို ထုတ်တော်မူသည်။ သဒ္ဒနီတိ ဓာတုမာလာ၌ ဘုဝါဒိဂိုဏ်း ကတ္တုရုပ်အရာမှာ ခမတိပုဒ်ကို ထုတ်ပြသည်၊ ဒိဝါဒိဂိုဏ်း ကတ္တုရုပ်အရာမှာ သဒ္ဒနီတိ ဓာတုမာလာ၌ ဘတ္တံ မေ ရုစ္စတိ။ဘတ္တမ္ပိ တဿ န ရုစ္စတိ။ပဗ္ဗဇ္ဇာ မမ ရုစ္စတိ-ဟု ထုတ်ပြသည်။

ကာရကရူပသိဒ္ဓိ၌လည်း မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ ယဿာယသ္မတော ခမတိကိုပင် ထုတ်တော်မူသည်။ ရူပသိဒ္ဓိဋီကာမှာလည်း ရောစတေ-ဟူသော သံဝဏ္ဏေတဗ္ဗ ကတ္တုရုပ်ကို ရုစ္စတိ-ဟု ဖွင့်သည်။ ရုစ္စတိ-ဟူသောပုဒ်သည် ကမ္မရုပ်ဖြစ်က ကေန္တကတ္တုရုပ် ဖြစ်သော ရောစတေ-ဟူသော သံဝဏ္ဏေတဗ္ဗကို ကမ္မရုပ်ဖြင့် မဖွင့်သင့်။

ယင်းသို့ ဖွင့်သဖြင့်လည်း ရုစ္စတိ ဟူသော သံဝဏ္ဏနာ၏ ကတ္တုရုပ် ဖြစ်ကြောင်း အာစရိယပရမ္ပရအားဖြင့် တကယ့်ပညာရှိ အဆက်မှ လာသော ပညာရှိတိုင်း သိနိုင်ကြသည်။

ဘုဝါဒိဂိုဏ်းကတ္တုရုပ်အရာမှာ သဒ္ဒနီတိဓာတုမာလာ ဆရာတော် ထုတ်အပ်သော ခမတိပုဒ်ကို မဟာဝါဝိမတိဋီကာ ကာရကရူပသိဒ္ဓိဋီကာ တို့၌ ခမတီတိ ရုစ္စတိ-ဟုဖွင့်တော်မူကြ၏။ယင်းဋီကာတို့၌လည်း ရုစ္စတိ-ဟူသောပုဒ်သည် ကမ္မရုပ်ဖြစ်အံ့၊ ကေန္တကတ္တုရုပ်ဖြစ်သော ခမတိ-ဟူသော သံဝဏ္ဏေတဗ္ဗကို ယင်း ရုစ္စတိ-ပုဒ်ဖြင့် မဖွင့်သင့်။ ထို့ကြောင့် ယင်း အဖွင့်ဖြင့်လည်း ရုစ္စတိ-ပုဒ်၏ ကတ္တုရုပ်အဖြစ်သည် အလွန် ထင်ရှားခဲ့၏။ ဝုတ္တိမောဂ္ဂလ္လာန်ကျမ်းမှာလည်း သမ္ပဒါန်အရာမှာပင်

၎င်း ရှစ္စတိ၊ ရှစ္စိတ္တ၊ ခမတိ၊ ဆာဒေတိ တို့ကို ထုတ်ပြ၏။ ဆင္ဒီ ယူသော်လည်း ရုပ်ချင်းတူသည် တကြောင်း၊သဒ္ဒါဆရာတို့ ခွင့်ပြုသည် တကြောင်းများကြောင့် ပါဠိအဋ္ဌကထာ စသည့် မဆန့်ကျင်ကြောင်း တခွန်းထွက်၍ဆို၏။သမ္ဗဒါန်အဖြစ်ကိုပယ်၍မဆို၊ သမ္ပဒါန်ဖြစ်ကလည်း ယင်း ပုဒ်တို့၏ ကတ္တုရုပ်အဖြစ်ကို ဆိုလျက်ပင်ရှိခဲ့၏။ ၎င်းကျမ်းဆရာ တဦးအလို ပါဠိအဋ္ဌကထာ စသည် ဆန့်ကျင်မဆန့်ကျင်၊ သဒ္ဒါဆရာတို့ ခွင့်ပြုမပြု၊ ရုပ်တူမတူ၊ ရှေ့နောက်ထုတ်ပြအပ်ပြီး ထုတ်ပြအပ်လတ္တံ့ သဒ္ဒါဗျာကရုဏ်း အစောင်စောင်၊ ပါဠိ အဋ္ဌကထာ စသည်သာဓက များကို ထောက်ထား၍ သိနိုင်ကြရာသည်။

ငါတို့ကား သူတပါးတို့နှင့် ဆန့်ကျင်ခြင်းအလိုမရှိ၊ သာသနာတော် ကျေးဇူးများလောက်အောင် အမှန်အကန် ရှေးကပညာရှိကြီးများ သိကြသကဲ့သို့ သိကြရအောင်သာ ကျမ်းဂန်အမျိုးမျိုးလာပုံနှင့်တကွ အာစရိယဝါဒ အမျိုးမျိုးတို့ကို သေသေချာချာ အမှန်သိလိုသူတို့ အကျိုးငှာ ထုတ်ပြ၍ ခိုင်မြဲစွာ ရေးသားသတည်း။

ဤသို့ ဗျာကရုဏ်း အရပ်ရပ် ဟူသည့် ဘုရားမပွင့်မီကပင် ဈာန်-လာဘီ ဇော်ဂျီတွင်ရအဋ္ဌက ဝါမက စသော ရသေ့ဆယ်ဦးတို့ ကဿပ မြတ်စွာဘုရား ဟောထားအပ်သော ဒေသနာတော်နှင့် ညီညွတ်စွာ နှီးနှော၍ ပြုစုကြောင်း လာသည်နှင့် ကျမ်းဟောင်းတို့ကို အမှီပြု၍ ရေးသားအပ်သည်ဖြစ်ရကား ဘုရားမပွင့်မီကပင် ယင်း ခမတိ-ပုဒ် ရှစ္စတိ-ပုဒ် စသည်တို့ ကတ္တုရုပ် ဖြစ်ကြောင်း သိနိုင်သည်။ ယင်းများ ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ရှေ့နောက် လှမ်း၍ကြည့်ရှုခဲ့သော် ၎င်းပုဒ် တို့မှာ ကမ္မရုပ်ဟု ပုဗ္ဗဝေါဟာရ ပုဗ္ဗသင်္ကေတပင်မရှိခဲ့၊ ဝေါဟာရ-ဝိသယော သဒ္ဒေါ-ဟူသည်နှင့်အညီ ဝေါဟာရရှိမှလည်း သဒ္ဒါဖြစ် နိုင်မည်။

သာသနာတော် လွန်စွာထွန်းကားခဲ့သော သီဟိုဠ်ကျွန်းမှာလည်း ဆဋ္ဌီကတ္တား သင့်သေးကြောင်း မောဂ္ဂလာန် တဦးသာဆိုသည်၊ ဆရာတော်ပေါင်းများစွာတို့ သမ္မဒါန်သာ အယူရှိကြောင်း ဗာလာဝ-တာရ ဋီကာ ဆိုသဖြင့်လည်း သီဟိုဠ်ကျွန်းမှာပင် ရှေးအဆက်ဆက် နောက်အဆက်ဆက်တို့ မောဂ္ဂလာန် စကားကို အလေးမပြုကြ။ ကြွင်းသော ကစ္စည်း, ရူပသိဒ္ဓိ, သဒ္ဒနီတိ, ဗာလာဝတာရ စသော ဆရာတို့စကားနှင့် ပါဠိအဋ္ဌကထာဋီကာ စကားတို့သာ အလေးပြုကြ ယူကြကြောင်း ထင်ရှားလေသတည်း။

ဤကား သဒ္ဒါဗျာကရဏ်းကျမ်း အရပ်ရပ်တို့၌ ခမတိ-ပုဒ် ရုစ္စတိ-ပုဒ်တို့ ကတ္တုရုပ်သာ လာရှိကြောင်း၊ ကမ္မရုပ် မလာမရှိကြောင်း၊ ထို့ကြောင့် သဒ္ဒါကျမ်းဆရာတို့ အလိုအားဖြင့် ခမတိ-ဟူ၍ မသံယုဂ်မဲ့သာရှိသင့်ကြောင်း၊ မသံယုဂ်နှင့်တကွ ခမ္မတိ-ဟု မရှိသင့်ကြောင်း သေသေချာချာ လက်ညှိုးညွှန်၍ ပြဆိုချက်ပြီး၏။

---

## ပါဠိ အဋ္ဌကထာ ဋီကာတို့အလို ခမတိပုဒ် ကတ္တုရုပ် ဖြစ်ကြောင်း

ယဿာယသ္မတော ခမတိ။ (ဝိနည်းပါဠိတော်အရပ်ရပ်။) ခမတီတိ ရုစ္စတိ။ (မဟာဝါ ဝိမတိဋီကာ၊ဒု၊ ၁၃၇။) အမှာကံ ပေတံ ခမတိ။ (ဘေဒါနုဝတ္တကသိက္ခာပုဒ်၊ ပါရာဇိကဏ်-ပါဠိတော်၊၂၆၇။) အမှာကမ္ပေတံ ခမတီတိ ယံ သော ကရော-တိ၊ တေံ အမှာကမ္ပိ ရုစ္စတိ။ (ပါရာဇိကဏ်အဋ္ဌကထာ၊ ဒု၊ ၁၉၆၊ ကခ်ါ-အဋ္ဌကထာ၊၁၄၂။) ဤ၌ ခမတိကို ရုစ္စတိ ဖွင့်သည်။

အပ္ပဋိက္ကောသနာတိ န မေတံ ခမတိ၊ မာ ဝေါ ကရောထာတိ-အပ္ပဋိသေဓနာ။ (ပရိဝါ အဋ္ဌကထာ၊ ၁၉၉။)

**သစေ** ရုစ္စတိ၊ သတ္ထာ သယမေဝ ဝက္ခတီတိ။

(အာနန္ဒတ္ထေရအပဒါန် အဋ္ဌကထာ၊ပ၊၃၄၉။)

တဿ နေတံ မယှံ ရုစ္စတိ။ (ကင်္ခါဝိတရဏီအဋ္ဌကထာ၊ ၁၁၁။)

နစ္ဆာဒေယျာတိ နရုစ္စေယျ။ (သီလက္ခန်အဋ္ဌကထာ၊၁၉၀။)

ဤအဋ္ဌကထာများ၌ သတ္ထာ ဟူသော ပထမာဝုတ္တကတ္တား၊ တံ-ဟူသော အဝုတ္တဒုတိယာကံ၊ နစ္ဆာဒေယျ- ဟူသော ကေန္တကတ္တုရူပ သံဝဏ္ဏေတဗ္ဗတို့ကို ကြပ်ကြပ် မြော်လိုက်ပါ။ အဋ္ဌကထာကြီးကပင် ခမတိကို ရုစ္စတိ ဖွင့်သည်ကို သတိပြုပါ။

တေသံ တေ ဓမ္မာ ။ပ။န နိဇ္ဈာနံ ခမန္တိ။

(မူလပဏ္ဏာသ ပါဠိတော်၊၁၇၆။ ပါရာဇိကဏ် အဋ္ဌကထာ၊ပ၊၁၉။ သီလက္ခန်အဋ္ဌကထာ၊ ၂၂။ အဋ္ဌသာလိနီအဋ္ဌကထာ၊၂၄။)

နိဇ္ဈာနပညံ နက္ခမန္တိ။ ( မူလဋီကာ၊ သာရတ္ထဒီပနီစသော ဋီကာကြီးငယ်။ မဏိ၊၂။၁၃။ သာရတ္ထ၊၁၊၇၃။ ဒီဋီ၊၁။၃၁။ သီဋီ၊ သစ်၊၁၊၁၁၂။ မဋီ၊၂။၇၇။ မူလဋီ၊၁၊၂၂။)

၎င်း သာဓကများ၌ တေ ဓမ္မာ- ဟူသော ပထမာဝုတ္တကတ္တားကို ငဲ့၍ န ခမန္တိ-ဟု ဗဟုဝုစ်ကြိယာထားပုံ၊ နိဇ္ဈာနံ-ဟု ဒုတိယာအဝုတ္တကံ ထားပုံ၊ နိဇ္ဈာနံ- ဟူသော သံဝဏ္ဏေတဗ္ဗကို နိဇ္ဈာနပညံ ဟု အဝုတ္တ ဒုတိယာကံ သံဝဏ္ဏနာမူသာဖြင့် သဗ္ဗညုမြတ်စွာဘုရား ထင်ရှားရှိစဉ်ကဲ စ၍ အဋ္ဌကထာဆရာ-မူလဋီကာ စသော ဋီကာကျမ်းပြုဆရာ အလုံးစုံ တို့ လက်ထက်တိုင် ခမတိ-ပုဒ်၏ ကတ္တုရုပ် ယူကြကြောင်း ကောင်းကင် အပြင်၌ နေ့လ ပမာ ထင်ရှားခဲ့လေသည်။

ဘတ္တမဿ နတ္ထာဒေတိ၊ (ခုဒ္ဒကဝတ္ထုခန္ဓက စူဠဝါပါဠိတော်၊
၂၇၈။) နတ္ထာဒေတီတိ န ရုစ္စတိ။ (၎င်းစူဠဝါအဋ္ဌကထာ၊၅၆။)
အထ ပန ဝိနိစ္ဆိနထ တာဝ ဘန္တေ၊ သစေ အမှာကံ ခမိဿတိ
ဂဏှိဿာမာတိ ဝဒန္တိ။ (ပါရာဇိကကဏ် အဋ္ဌကထာ၊ ဒု၊၁၇၅။)
ခမတီတိ ရုစ္စတိ။ (တိကင်္ဂုတ္တရအဋ္ဌကထာ၊ ဒု၊၈၈၊၃၂၆။)
ရုစ္စတီတိ တေ စိတ္တဿ အဘိရုစိဥပ္ပါဒကော ကတမောတိ ပုစ္ဆတိ၊
(အင်္ဂုတ္တိုရ်ဋီကာ၊ဒု၊၉၀။)

ဤသာဓကများ၌ ဆဒ သံဝရဏေ။ ဂေဟံ ဆာဒေတိ၊ဆာဒယတိ၊ ဒေါသံ ဆာဒေတိ၊ စုရာဒိဂဏိကဲဓာတ် ကတ္တုရုပ်အရာ ထုတ်ပြသော (သဒ္ဒနီတိဓာတုမာလာ၊၃၁၂။)ဆဒ အပဝါရဏေ၊ဆာဒေတိ ဆာဒယ-တိ၊စုရာဒိဂဏိကဓာတ် ကတ္တုရုပ်အရာထုတ်ပြသော(သဒ္ဒနီတိဓာတုမာ-လာ ၃၁၄။) ဆဒ သံဝရဦဇနေ၊ဂေဟံ ဆဒတိ၊ဆာဒေတိ။ဘူဝါဒိစုရာဒိ ဂဏိကဲဓာတ်၌ပြသော (ဓာတွတ္ထသင်္ဂဟ။) ဦဇော ဇီဝနပ္ပလေသု။ (၎င်း)ဆဒိ ဣစ္ဆာယံ၊ ပုရိသဿ ဘတ္တံ ဆာဒေတိ၊ ရုစ္စတီတိ အတ္ထော။ ပုရိသဿ ဘတ္တံ ဆာဒယမာနံ တိဋ္ဌတိ။ စုရာဒိဂဏိကဓာတ်အရာ ဓာတွတ္ထသင်္ဂဟ, ဓာတုမာလာတို့နှင့်အညီ ဆာဒေတိ -ဟူသော သုဒ္ဓ-ကတ္တုရုပ်သံဝဏ္ဏေတဗ္ဗကို ရုစ္စတိ-ဟု အဋ္ဌကထာဖွင့်သောကြောင့် ယင်း ရုစ္စတိ- ပုဒ်၏ကတ္တုရုပ်အဖြစ်သည် အလွန် ထင်ရှားခဲ့၏။ ခမတိ-ကို ရုစ္စတိ-ဖွင့်ရာမှာ ဝိမတိဋီကာ ကာရကရူပသိဒ္ဓိဋီကာ ဆရာတို့သည် ပါရာဇိကကဏ်အဋ္ဌကထာကြီး စသည်ကို မှီ၍ ဖွင့်ရကား အဋ္ဌကထာ ဝါဒပင်တည်း။

ဤအဋ္ဌကထာ ဋီကာကျမ်းပေါင်းများစွာတို့၌ သံဝဏ္ဏေတဗ္ဗ၊ သံဝဏ္ဏနာဖွင့်ပုံ နည်းမျိုးစုံကို တိပိဋကဓရ လဒ္ဓလဉ္ဆန သီလ သမာဓိ ပညာဝန္တ စသော ဂုဏ်ပေါင်း ကျေးဇူးအပေါင်းနှင့် ပြည့်စုံသော ဆရာ

တော်ကြီးတို့ထံမှ ဟတ္ထမုဋ္ဌိနယ မကျန် နည်းမျိုးစုံရ၍ ယူနည်း ဆနည်း ကြံနည်း စည်နည်း စသည်တို့ဖြင့် စဉ်းစားခဲ့ပါသော် သဗ္ဗညု မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ်က အဋ္ဌကထာ ဋီကာဟောင်း ဋီကာသစ်တို့ လက်ထက်တော်တိုင် ၎င်း ခမတိ,ရုစ္စတိ- ပုဒ်တို့၏ သုဒ္ဓ-ကတ္တုရုပ်အဖြစ် ယူကြ ပြောကြ ရွတ်ကြ ဖတ်ကြသည်မှာ နေ, လ, အသွင် ထင်ရှားခဲ့၏။ ထို့ကြောင့် ရှေးရှေး အဋ္ဌကထာ ဋီကာ ကြီးငယ်တို့ အလိုတော်အားဖြင့် ယင်းပုဒ်တို့ ကမ္မရုပ် ဖြစ်မဖြစ်မှာ လျှဉ်းပါးဖွယ်မရှိချေ။

ဤကား ပါဠိ အဋ္ဌကထာ ဋီကာကြီးငယ်တို့ အလိုအားဖြင့် ခမတိ, ရုစ္စတိ-ပုဒ်တို့၏ သုဒ္ဓကတ္တုရုပ် ဖြစ်ကြောင်း ဆုံးဖြတ်ချက်ပြီး၏။

---

## ခမတိကတ္တုရုပ် မိုင်းခိုင်းဆရာတော်ဝိနိစ္ဆယ

ပဏ္ဍိတဓဇသိရိပဝရ မဟာဓမ္မရာဇဓိရာဇဂုရု မြန်မာဘုရင်ဘွဲ့တံဆိပ် တော်ရ ငါတို့အရှင် ကျေးဇူးရှင် ထိပ်ခေါင်တင် ဖြစ်တော်မူသော မိုင်းခိုင်းဆရာတော်ဘုရားကြီးသည် အမှာကံ ပေတံ ခမတိတိ ယံ သော ကရောတိ၊ ေတာံ အမှာကမ္ပိ ရုစ္စတိ-ဟူသော ပါရာဇိကကဏ် အဋ္ဌကထာ၊ ကင်္ခါအဋ္ဌကထာ၊ ခမတိတိ ရုစ္စတိ-ဟူသော တိကင်္ဂုတ္တရ အဋ္ဌကထာ၊မဟာဝါ ဝိမတိဋီကာ၊ ကာချကရူပသိဒ္ဓိဋီကာ စသည်တို့ကို ထောက်၍ ရုစ္စတိ အနက်ရှိကြောင်း၊

ရုစ ရောစနေ၊ ရောစနံ ရုစိ၊ ဘတ္တံ မေ ရုစ္စတိ၊ ဘတ္တမ္ပိ တဿ န ရုစ္စတိ၊ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ-ဟူသော သဒ္ဒနီတိဓာတုမာလာ၌ ဒိဝါဂိုဏ်း သုဒ္ဓကတ္တုရုပ်အရာ၌သာ လာသည်ကို ထောက်၍ ယင်းရုစ္စတိ-ပုဒ်၏ သုဒ္ဓကတ္တုရုပ်သာ ဖြစ်ကြောင်း၊ ယင်းသို့ ပြသဖြင့် ဘာဝကမ္မ-သုယော-ဖြင့် ကံအနက်၌ သက်သော ယ ပစ္စည်းဖြင့် ပြီးသော ရုစ္စတိ

ပုဒ်မဟုတ်၊ ဒိဝါဒိတော ယော-ဖြင့် ကတ္တားအနက်၌ သက်သော ယပစ္စည်းဖြင့် ရုစ္စတိ-ပုဒ်ဖြစ်ကြောင်း၊

ယင်း ရုစဓာတ်၏ အနက်မှာလည်း ဆဒိ ဣစ္ဆာယံ၊ ပုရိသဿ ဘတ္တံ ဆာဒေတိ ဆာဒယတိ ရုစ္စတိတိ အတ္ထော-ဟူသော သဒ္ဒနီတိ-ဓာတုမာလာ၌ စုရာဒိဂဏိကဓာတ် သုဒ္ဓကတ္တုရုပ် အရာမှာ ဖွင့်ပြသည်နှင့်အညီလည်းကောင်း၊ နစ္ဆာဒေယျာတိ န ရုစ္စေယျ။ (သီလက္ခန် အဋ္ဌကထာ။)တာနိပိ နစ္ဆာဒေန္တိ။(မဟာဝါပါဠိတော်။) နစ္ဆာဒေန္တီတိ ရုစိံ န ဥပ္ပါဒေန္တိ။ (သာရတ္ထ ဋီကာ)တို့နှင့်အညီ လည်းကောင်း၊ နှစ်သက်ခြင်း၊ နှစ်သက်ခြင်းကို ဖြစ်စေခြင်း၊ အလိုရှိခြင်း၊ အလိုရှိခြင်းကို ဖြစ်စေခြင်း၊ ဣစ္ဆာအနက်ရှိကြောင်းကို သိအပ်၏။

ခမတိ-ပုဒ်မှာလည်း ခမု ခန္တိယံ၊ ခမတိ၊ခမော၊ ခန္တိ-ဟု သဒ္ဒနီတိ-ဓာတုမာလာ၌ ဘူဝါဒိဂိုဏ်း သုဒ္ဓကတ္တုရုပ် အရာမှာသာ ထုတ်ပြသဖြင့် ၎င်းခမတိ-ပုဒ်၏ သုဒ္ဓကတ္တုရုပ်သာဖြစ်ကြောင်း — သိအပ်၏-ဟု မိန့်တော်မူသတည်း။

---

## ခမတိကတ္တုရုပ် မဟာဝိသုဒ္ဓါရာမ ဆရာတော် ဝိနိစ္ဆယ

ဝိသုဒ္ဓါစာရ ကဝိဇဓမဟာဓမ္မရာဇဂုရု— ပထမဘွဲ့တံဆိပ်တော်၊ ဝိသုဒ္ဓါစာရ ကဝိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု-ဒုတိယ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ-ဟူသော တတိယဘွဲ့တံဆိပ်တော်၊ မြန်မာဘုရင် အင်္ဂလိပ်ဘုရင်တို့ ဘွဲ့တံဆိပ်တော် (၃) ထပ်ရ ငါတို့ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးသည် န ရုစ္စတိ-မမြိန်ရှက် မသက်ဝင်။ မာ ရုစ္စိတ္ထ-မမြိန်ရှက် မသက်ဝင်သင့်၊ ခမတိ-မြိန်ရှက်သက်ဝင်၏၊ အချို့ (မ) ဒွေးဘော်နှင့် ကံဟောယူကြသည်။ ဝိနည်းယောဇနာ၌ (မ) တလုံးဖြစ်၍ ကတ္တုရုပ်နှင့် တူသော ကမ္မရုပ်

ဟူ၏။ တေသံ တေ ဓမ္မာ န နိဗ္ဗာနံ ခမန္တိ။ (အင်္ဂကထာကြီးများ) နိဗ္ဗာနံ ပညံ န ခမန္တိ။ (မူလဋီကာ) စသည်တို့နှင့်အညီ ကတ္တုရုပ် ကတ္တားအနက်သာ ကောင်းသည်ဟု မိန့်တော်မူသတည်း။

---

## ခမတိကတ္တုရုပ် ဝဇီရာရာမဆရာတော် ဝိနိစ္ဆယ

ပညာသိရိသဒ္ဓမ္မကာဝိဇဓမဟာဓမ္မရာဇာဓိရာဇဂုရု မြန်မာဘုရင် ဘွဲ့တံဆိပ်တော်ရ ဝဇီရာရာမဆရာတော်ဘုရားကြီးသည်ခမတိတိ ရုစ္စတိ-ဟု မဟာဝါ ဝိမတိဝိနောဒနီဋီကာ ဖွင့်သောကြောင့် ယင်းခမတိပုဒ်ကို ခမ္မတိဟု (မ) ဒွေးဘော်နှင့် မရွတ်လင့်။ ခမတိ- ဟူသော သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာဖြစ်သော ရုစ္စတိ ပုဒ်ကို အချို့ဆရာတို့ ကမ္မရုပ် အနက်ယောဇနာကြသည်။ သဒ္ဒနီတိဓာတုမာလာ ဒိဝါဒိဂိုဏ်း သုဒ္ဓကတ္တုရုပ်အရာမှာ ဘတ္တံ မေ ရုစ္စတိ၊ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ-ဟု တိုက်ရိုက်ပင် ထုတ်တော်မူသောကြောင့် ယင်းရုစ္စတိ- ပုဒ်ကား ကမ္မရုပ် မဟုတ်။ ကတ္တုရုပ်သာဖြစ်သည်။

ရူပသိဒ္ဓိဋီကာ-ယဿ ဒါတုကာမော ရောစတေ-စသောသုတ်၌ ရောစတေ-ဟူသော ကတ္တုရုပ်ကို ရောစတေ ရုစ္စတိ-ဖွင့်သည်။ ယင်း ဋီကာ၌ ရုစ္စတိ- ပုဒ်သည် ကမ္မရုပ်ဖြစ်မူ ကေဝလကတ္တုရုပ်ဖြစ်သော ရောစတေ-ဟူသော သံဝဏ္ဏေတဗ္ဗကို ကမ္မဝါစကပုဒ်ဖြင့် မဖွင့်သင့်။ ထို့ကြောင့် ယင်းသံဝဏ္ဏနာဖြင့် ရုစ္စတိ-ပုဒ်၏ ကတ္တုရုပ်အဖြစ် အလွန် ထင်ရှားလှသည်။ ခမတိ-ဟူသော သံဝဏ္ဏေတဗ္ဗ၏ သံဝဏ္ဏနာဖြစ်သော ရုစ္စတိပုဒ် ကတ္တုရုပ်ဖြစ်မူ သံဝဏ္ဏေတဗ္ဗ ခမတိ ပုဒ်၏ ကတ္တုရုပ် အဖြစ်ကို မချွတ်မုချ နိဿံသယမှတ်သင့်တော့သည်သာ။ ထို့ကြောင့် မြန်မာ, သီဟိုဠ်, ယိုးဒယား ကမ္မဝါပါဠိစသည်တို့၌ ခမတိ-ဟု ဒွေးဘော်မဲ့ချည်းသာ တညီတညွတ်တည်းရှိကြသည်။

ယဿာယသ္မတော-ပုဒ် သံဃဿ-ပုဒ်တို့မှာ ကတ္တုတ္ထဋ္ဌ ဆဋ္ဌီဝိဘတ် မဟုတ်။ ရူပသိဒ္ဓိ, သဒ္ဒနီတိစသော ကျမ်းတို့၌ သမ္ပဒါန်အရာမှာ မာဃ-သမ္ဘူတာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္တ၊ ခမတိ သံဃဿ-ဟု ပြယုဂ်တိုက်ရိုက် ထုတ်တော်မူကြသောကြောင့် သမ္ပဒါနတ္ထဋ္ဌ စတုတ္ထီသာ။ ယင်း ခမတိပုဒ်၊ ရုစ္စတိပုဒ်တို့မှာ အနက်အားဖြင့် ကံအရိပ်အရောင် ကာ ရိုက်အရိပ်အရောင်ထင်သော်လည်း ကမ္မရုပ် ဟေတုကတ္တုရုပ်မဟုတ်။ သုဒ္ဓကတ္တုရုပ်သာ မှတ်ရမည်။

ယဿာယသ္မတော၊ အကြင်အရှင်အား။ ကရဏံ၊ ပြုခြင်းသည်။ ခမတိ၊ နှစ်သက်၏၊ ဝါ၊ နှစ်သက်စေ၏။ ယဿာယသ္မတော၊ အကြင် အရှင်အား။ နက္ခမတိ၊ မနှစ်သက်။ ဝါ၊ မနှစ်သက်စေ-ဟု အနက် ယောဇနာတော်မူ၏။

---

## ခမတိ ကတ္တုရုပ် မန်လည်ဆရာတော် ဝိနိစ္ဆယ

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ၄-မြို့ဂိုဏ်းချုပ် ငါတို့ကျေးဇူး ရှင် ဆရာတော်သခင် ထိပ်ခေါင်တင် ဖြစ်တော်မူသော မန်လည် ဆရာတော်ဘုရားကြီးသည် ရူပသိဒ္ဓိ စသည်တို့၌ ရောစတေ-ကို နှစ် သက်ခြင်းအနက် ပေးလိုသည်။ သဒ္ဒနီတိမှာ တင့်တယ်ခြင်း အနက် လည်းပေးလိုသည်။ နှစ်သက်ခြင်းအနက်ရှိသော ရုစဓာတ်သည် တပါး သော ကတ္တားရှိသော အလိုဟူသော အညကတ္တုကအဘိလာသ တည်း။ ယင်းအလိုဟူသည်ကား နှစ်သက်ဖွယ်ရှိသည်။ နှစ်သက်စရာ ဖြစ်တတ်သည် ဟူလိုသတည်း။

သမဏဿ ရောစတေ သစ္စံ-၌ သစ္စံသည် နှစ်သက်ဖွယ်နှစ်သက်စရာ ဖြစ်တတ်သည်ရှိသော် သမဏကို နှစ်သက်စေ၏၊ သမဏသည် နှစ် သက်တတ်သော ကတ္တား တပါးဖြစ်၏။ ယင်းနှစ်သက်စေအပ်သော

**သ**မဏဟူသော ကတ္တား**တ**ပါးသည် သမ္ပဒါန်မည်၏။ ဤသို့ပင် သိဒ္ဓန္တ စန္ဒြိကာ၊ **သိဒ္ဓန္တကော**မုဒီဋီကာ အာသုဗောဓဗျာကရဏ်**း** စသည်တို့၌ ဆို**ကု**န်၏။ **ဤ**သစ္စံဟူသော ပုဒ်သည် သုဒ္ဓကတ္တုသာဖြစ်၏။ အနက် ကာ**း ကာ**ရိ**က်**အနက် ကံအနက်နှင့်တူ၏။ တူသော်**လည်း**မဟုတ်။ သုဒ္ဓကတ္တ**ား**အနက်**သာတ**ည်း။ ဤအရာကို အလွန်သတိမူခဲ**ကု**န်၏။

ဤအတူ ယ**ဿာ**ယ**သ္မ**ော ခမတိ နာ**ဂဿ** ဥပသမ္ပဒါ၊ **န** မေ တံ ရုစ္စတိ၊ **အ**မှာကံ ပေတံ ခမတိ-**စ**သည်တို့၌လည်**း ခ**မတိ, **ရု**စ္စတိပုဒ် **တို့သည်** အညကတ္တု**ကာ**ဘိ**လာသ** ကတ္တုရုပ်မျိုး ဖြစ်ကုန်၏။ ကမ္မ ရုပ်မဟု**တ်**ကုန်။ သို့ဖြစ်၍ ထိုထိုကမ္မဝါစာ ပါဠိတို့၌ (ခမ္မတိ) ဟု (မ) ဒွေးဘော်နှင့် မရှိကုန်**။** ထို့ကြောင့် ခမတိ, ရုစ္စတိပုဒ်တို့ကို ကမ္မတ္ထအန**က်ပေး**ကုန် ကြံတော်မူ**ကု**န်သော **ဆ**ရာတို့ဝါဒကို လျစ်လျူ ရှုအပ်သတည်း။ **သိ**ခဲ့**၏**။ ပေးအပ်သော **သ**က်န်းစသော ဝတ္ထုကို ခံ**သော** သမဏသ**ည်**လည်းကောင်း၊ နှစ်သက်စေခြင်း ကြိယာကို **ခံ**သော **သ**မဏသည်လည်းကောင်း၊ သမ္ပဒါန ကာရက မည်၏ ဟူ၍ **သ**မ္ပဒါန် **လက္ခ**ဏာကို အကျဉ်းသိလေ။

ဝတ္ထုကြိယာ၊ ခံသည်မှာ၊ မှတ်ပါ သမ္ပဒါန်၏ **သ**ဘော **တည်း**။

**ကံ**ရှိ**ဓာတ်**မှာ၊ **ဝ**တ္ထုသာ၊ကံမဲ့**ဓာတ်**မှာ၊ ကြိယာ၊နှစ်ဖြာ ခံခြင်**း** အထူးတည်း။

---

**ခမတိကတ္တုရုပ် လယ်တီဆရာတော် ဝိနိစ္ဆယ**

အဂ္ဂမဟာပဏ္ဍိ**တ**-ဟူသော ပထမဘွဲ့တံဆိပ်တော်၊ ပိဋကတ္တယ ပါရဂူ-ဟူသော ဒုတိယဘွဲ့တံဆိပ်**ေ**တာ်၊ ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ

လယ်တီဆရာတော်ဘုရားကြီးသည် နက္ခမတိ၊ န ခမတိ နှစ်ချက်သင့်၊ (ဝိမတိဋီကာ) မဗျည်း၌ကား ကမ္မရုပ်ဖြစ်ခဲ့၍ ဒွေးဘော်နှင့် လိုသည်ဟု ဆိုကုန်၏။ ဒ ရပ်ရပ်သော ကမ္မဝါစာတို့၌ လည်းကောင်း ဝိနည်းပါဠိတော် သုတ္တန်ပါဠိတော်တို့၌လည်းကောင်း ဒွေးဘော်နှင့် မမြင်ဖူးရ။ သေက္ခာ,သေခါ-စသည်ဖြင့် ခဗျည်းနှင့် ယှဉ်ရာတို့၌ ရုပ်ဆန်းရုပ်ပြား အလွန်များလှချေသောကြောင့် (မ) တလုံးရှိသော ပါဠိသည်သာ အစဉ်အလာ ဖြစ်ရာသည်၊ (မ) နှစ်လုံး ဖတ်သော်လည်း အပြစ်ဆိုဖွယ် မရှိလှ။

ကြိယာသမ္ပဋိစ္ဆကံ နာနာကြိယာဝသေန ဗဟုဝိဓံ။ တတ္ထ ရောစနကြိယာယောဂေ-တာဝ အမှာကံ ရုစ္စတိ ဧဝ ခမတိ စ၊ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ၊ ကဿ သာဒုံ န ရုစ္စတိ၊ န မေ ရုစ္စတိ ဘဒ္ဒန္တေ၊ ဥလူကဿာဘိသေစနံ။ ဂမနံ မယှံ ရုစ္စတိ၊ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ၊ ယဿာယသ္မတော န ခမတိ၊ ခမတိ သံဃဿ၊ ဘတ္တံ မယှံ ဆာဒေတိ၊ ဘတ္တမဿ နစ္ဆာဒေတိ၊တေသံ ဘိက္ခူနံ လူခါနိ ဘောဇနာနိ နစ္ဆာဒေန္တိ။ တတ္ထ ‘ဆာဒေတိ’တိ ရုစ္စံ ဥပ္ပါဒေတီတိ အတ္ထော။

(ကာရကနိရုတ္တိဒီပနီ၊ ၁၈၄၊၁၈၅။)

ဤနိရုတ္တိဒီပနီ၌ ဆဋ္ဌီကတ္တားမဆို သမ္ပဒါန်သာ ဆိုရကား ခမတိကတ္တုရုပ်သာဟု ပြတော်မူ၏။ဤသို့ စသည် ခမတိ ပုဒ် ရုစ္စတိပုဒ်တို့၏ သုဒ္ဓကတ္တုရုပ်အဖြစ်ကို ဆုံးဖြတ်သော ဆရာတော်တို့ ဝိနိစ္ဆယကားများပြားလှ၏၊ ကျမ်းကျယ်အံ့စိုး၍ ရှိသမျှ တွေ့သမျှ မထုတ်တော့ပြီ။

ဤသို့ သီလဝန်,ဂုဏဝန်,ပညာဝန်,အကျော် ရေမြေအရှင် ဘုရင်မင်းတို့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်တို့ ဝိနိစ္ဆယဖြင့် ခမတိ, ရုစ္စတိ ပုဒ်တို့၏ ကတ္တုရုပ်အဖြစ်ကို ပြဆိုချက်ကား ပြီး၏။

## နောက်ဖြစ်ကျမ်းတို့အဆို ခမတိကမ္မရုပ်

ယခုအခါ ရှေးစကားရပ်တို့၌ ရှုပ်ထွေး ကျယ်ပွားအံ့စိုး၍ မထည့်မသွင်းပဲ ရှောင်လွှဲချန်လှပ်ခဲ့သော ယောဇနာ၊ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၊ ပါတိမောက္ခလေခနယ၊ ပါတိမောက္ခဝိသောဓနီ စသော နောက်နောက်ဖြစ် ကျမ်းတို့၌ဖွင့်ဆိုအပ်သော စကားရပ်များကို စီစဉ်ပေါင်းစု၍ စိစစ်ရာဖြစ်သော နာနာဂန္ထဝိစာရဏာ အခန်းကို ပြဆိုပေအံ့။

အပ္ပဋိက္ကောသနာတိ န မေတံ ခမတိ၊ မာ ဧဝံ ကရောထာတိ အပ္ပဋိသေဓနာ။

(ပရိဝါအဋ္ဌကထာ၊၁၉၉။)

တေန္တိ ကမ္မံ။ မေတိ မယှံ။ ခမုဓာတုပယောဂေ သမ္ပဒါနဋ္ဌေ သမ္ပဒါနဝစနံ။အထ ဝါ မေတိ မယာ။ကတ္တုတ္ထေ ကရဏဝစနံ သာမိဝစနံ ဝါ။ခမတီတိ ကတ္တုရူပသဒိသံ ကမ္မရူပံ။ရူပံ ဟိ ကတ္တုရူပသဒိသံ ကမ္မရူပံ“ခမတိ သံဃဿ”တိအာဒီသု ဝိယ။ ကမ္မရူပသဒိသံ ကတ္တုရူပံ“ဥပါသကော သီလံ သမာဒိယတိ” တိအာဒီသု ဝိယ။ တ္ထေ ကမ္မတ္ထေ ပဝတ္တော ယပစ္စယော လောပေါတိ ဒဋ္ဌဗ္ဗံ။

(အဓိကရဏဘေဒ ပရိဝါယောဇနာ၊ ၅၉၉၊၆၀၀။)

အမှာကံ ပေတံ ခမတိ။(ပါရာဇိကဏ်ဘေဒါနုဝတ္တကသိက္ခာပုဒ်ပါဠိတော်)

အမှာကံ တေံ ခမုဓာတုယောဂတော ကတ္တုတ္ထေ ဆဋ္ဌီဝစနံ။ အပိသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။ ခမတိ ဣဒံ ကမ္မတ္ထဝါစကံ အာချာတပဒံ။ အာယသ္မန္တာနံ အာယသ္မန္တေဟိပိ သံဃဘေဒေါ မာ ရုစ္စိတ္ထ မာ ရုစိတဗ္ဗော။မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထာတိ ပါဠေ အာယသ္မန္တာနန္တိ ပဒဿ အဝုတ္တကတ္တုတ္ထဝါစကဘာ-

ဝေါ စ ရုစ္စိတ္ထာတိ ပဒဿ ကမ္မတ္ထဝါစကဘာဝေါ စ သံဃဘေ-
ဒေါတိ ဝုတ္တကမ္မပဒေန ဝိညာယတိ။

(ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာပါဌ်)

တေန္တိ ကမ္မံ။ အမှာကန္တိ အမှေဟိ ကတ္တုဘူတေဟိ။ ရုစခေါတု ယောဂေ ဟိ ကတ္တရိ ဆဋ္ဌီ။ အာဓရိယေဟိပိ တောသနတ္ထဝါစကာနံ ခမုခေါတုရုစခေါတူနံ ကမ္မဝါစကပစ္စယယောဂေ သတိ ယေဘုယျေန ကတ္တုတ္တေ ဆဋ္ဌီ ဘဝတိ။ တံ ယထာ ယဿာယသ္မတော ခမတိ ဣတ္တန္နာမဿ ဥပသမ္ပဒါ။ ယဿ နက္ခမတိ သော ဘာသေယျ။ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစိတ္ထ။ ထေရဿ ပတ္တော န ရုစ-တီတိ ဝုတ္တံ။ အပိသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။ ခမတီတိ ကမ္မ ရူပံ။ ခမု-ခေါတု ရုစနတ္ထဝါစကာ။ တေနာဟ ရုစ္စတီတိ။ တောသိယတီတိ အတ္ထော။

(ကင်္ခါယောဇနာ မဟာဋီကာ။ ဘေဒါနုဝတ္တကသိက္ခာပုဒ်။)

ခမ သဟနေ၊ ဒိဝါဒိ၊ ပရဿပဒေ ကတ္တရိ၊ ခမျတိ။ ခမ သဟနေ၊ သွာဒိ၊ အတ္တာပဒိ ကတ္တရိ[၁]၊ ခမတေ။ ကတ္တရိ[၂] ခမျတေ။ ဘာဝေ၊ ခမျတေ။

(ဓာတုရူပါဒါသ-သဒ္ဒါကျမ်း။)

ကဿ သာဒို န ရုစ္စတိ။ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစိတ္ထ၊ ခမတိ သံဃဿ၊ ဘတ္တမဿ နစ္ဆာဒေသီတိ ဆဋ္ဌီ သမ္ပန္န-ဝစနိစ္ဆာယံ၊ န စေဝံ ဝိရောဓော သိယာ သဒ္ဒိသရူပတ္တာ၊ ဧဝံ ဝိဓေသု စ သမ္ပန္နဿ သဒ္ဒိကာနုမတတ္တာ။

(ဝုတ္တိ မောဂ္ဂလာန်၊ ၉၄။)

---

၁။ အတ္တာပဒီကတ္တရိ။ အတ္တနောပဒေ ကတ္တရိ။
၂။ ကမ္မနိ။

ဤမောဂ္ဂလာန်အလို–ဆင္ဒိကတ္တား ဝုတ္တပထမာကံ ပေးပြီးလျှင် ယင်းပြယုဂ်တို့၌ သက်သော ဆင္ဒိဝိဘတ်ကား စတုတ္ထီဆင္ဒိရုပ်တို့မှာ တူသောရုပ်ရှိသည်တကြောင်း၊ ယင်းပြယုဂ်တို့၌ ကြိယာနှင့်ကတ္တား အဖြစ်ဖြင့် စပ်အပ်သော ဆင္ဒိကတ္တားကို သဒ္ဒါကျမ်းဆရာတို့ ခွင့်ပြု အပ်သည်တကြောင်းများကြောင့် ကြိယာနှင့်ကတ္တားအဖြစ်ဖြင့် စပ်အပ်သော ဆင္ဒိကတ္တားကို ဆိုလိုသည်ရှိသော် အာဂုံပါဠိနှင့် ဆန့်ကျင်ခြင်းမဖြစ်-ဆိုလိုသတည်း။ ဤမောဂ္ဂလာန်၌ ဆင္ဒိကတ္တားကိုလည်း ခွင့်ပြုချက်နှင့်တကွ ကခ်ါယောဇနာ၊ ပါတိမောက္ခအနုပဒတ္ထ ဝဏ္ဏနာ၊ ပရိဝါယောဇနာ၊ ဓာတုရူပါဒါသ ကျမ်းဆရာတို့အလိုအားဖြင့် ယဿာ-ယသ္မတော ခမတိ ဍတ္ထနဿမဿ ဥပသမ္ပဒါ-စသည်၌ ယဿာယသ္မ-တောကား ဆင္ဒိကတ္တားတည်း။ ဥပသမ္ပဒါကား ဝုတ္တပထမာကံတည်း။ ခမတိကား ကမ္မရုပ်တည်းဟု ဆိုလိုသတည်း။

---

## ခမတိ ကတ္တုရုပ် ပါဠိတော်ကြီး

ငါတို့ကား သဗ္ဗညု မြတ်စွာဘုရား သာသနာတော်၌ သဒ္ဒါ၌ ရဟန်းပြုလာသော သကျပုတ္တိယ သာကီဝင် သားတော်ရဟန်းများ ဖြစ်၍ အမှန်အကန် ယထာဘူတ ကျကျနန သိမြင်ကြရန်လို၏။ အတ္တုက္ကံသန ပရဝမ္ဘနစသော အကုသိုလ်ဓမ္မနှင့် မစပ်သင့်ချေ။ မိမိတတ်အားသမျှ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့နှင့်တကွ သဒ္ဒါ ဗျာကရုဏ်း အရပ်ရပ်တို့နှင့် စပ်ဟပ်နှီးနှော၍ သင့်မသင့် ချင့်ချိန်ခဲ့ပါသော် ပါဠိတော် အဋ္ဌကထာ စသည်တို့တွင် ပါဠိတော်သည် ဗလဝ ဖြစ်၏။ပါဠိတော်အောက် ရှေးအဋ္ဌကထာကြီးများ ရှေးဋီကာကြီးများ နောက်အဋ္ဌကထာ နောက်ဋီကာများ နောက်ဂန္ထန္တရများ အဆင့်ဆင့် ဗလဝဖြစ်၏။

သက္ကရာဇ် ၁၀၀၂-ခု၊ သီတင်းကျွတ်လဆန်း ၁၀-ရက်၊ တနင်္ဂနွေနေ့ သာလွန်မင်းတရား အမေး၊ တောင်ဖီလာဆရာတော်အဖြေ၌ ပါဠိတော် အနက်အဓိပ္ပာယ်ကို အဋ္ဌကထာဖြင့် သိရသည်၊ အဋ္ဌကထာ အနက်အဓိပ္ပာယ်ကို ဋီကာကိုမှီ၍ သိရသည်။ပ။ အဘိဓမ္မာဋီကာကို ကျမ်းတတ်တကာတို့ အလွန်ယုံကြည်လှသည်ဟု မိန့်တော်မူ၏။

ဗားကရာ သာသနာပိုင် ဖြတ်ထုံး၌လည်း ပါဠိတော်သာ မူလရင်း ဖြစ်သည်၊ ပါဠိတော်မှ အဋ္ဌကထာထွက်သည် စသည်ဖြင့် မိန့်တော်မူသည်။

ဗျာကရဏ်းတွင်လည်း မောဂ္ဂလ္လာန်, ရူပသိဒ္ဓိ, သဒ္ဒနီတိ, ဗာလာ-ဝတာရ စသည် ဗလဝဖြစ်၏။ ၎င်းတို့ထက် ပါဠိတော်စသည် ဗလဝ ဖြစ်၏။ ရူပသိဒ္ဓိ,၎င်းဋီကာ, သဒ္ဒနီတိ,၎င်းဋီကာ, ဗာလာဝတာရ ၎င်းဋီကာဟောင်း,ဋီကာသစ်, ဝိမတိ, ဝိနယာလင်္ကာရ ဋီကာ စသော ကျမ်းတို့၌ ဘတ္တံ မေ ရုစ္စတိ၊ ဘတ္တမ္ပိ တဿ န ရုစ္စတိ။ ပဗ္ဗဇ္ဇာ မမ ရုစ္စတိ။ ဂမနံ မယှံ ရုစ္စတိ။ မာယသ္မန္တာနမ္ပိ သံဃဘေဒေါ ရုစ္စိတ္ထ။ ယဿာယသ္မာတော ခမတိ- စသော ဝါကျတို့ကို သမ္ပဒါနတ္ထစတုတ္ထီ။ ပထမာကတ္တားချည်းဖွင့်ကြသောကြောင့် ခမတိပုဒ်၏ ကတ္တုရုပ်အဖြစ် သည် နေလအသွင်ထင်ရှားခဲ့၏။ မည်သူတဦးတယောက်မျှ ငြင်းခုံနိုင် သည်မရှိနိုင်၊ဝုတ္တိမောဂ္ဂလ္လာန် အလိုအားဖြင့်လည်း၎င်းပထမာကတ္တား နှင့်သမ္ပဒါနတ္ထ စတုတ္ထီဖြစ်၍ ခမတိပုဒ်၏ ကတ္တုရုပ်ဖြစ်ကြောင်း မူလ ရင်းခွင့်ပြုပြီး ရှိခဲ့ကြောင်း ၎င်းကျမ်း ကြည့်သူတိုင်းသိနိုင်ကြပြီးရှိ၏။ ဤသို့ သူတပုံငါတခြား ငြင်းခုံဖွယ် ထွက်နေ၏။ ဆရာတော် ဦးဗုဓ် လည်း စုရာဒိဂိုဏ်း ကတ္တုရုပ်၊ ဆဒိဓာတ်အရာ၌ ရုစ္စတိကို ကတ္တား အနက် သမ္ဘန်၍ ကြွင်းသောအရာမှာ ကမ္မရုပ်သမ္ဘန်သည်များခဲ့၏။

ယင်းသို့ ခမတိပုဒ်၏ ကတ္တုရုပ် ကမ္မရုပ်ပြင်းခုံကြရာ၌ ပထမတန်း အခိုင်မာဆုံး အမြဲမြံဆုံး ပါဠိတော်ကြီးများနှင့် အဋ္ဌကထာကြီးများ ဋီကာကြီးများ သာဓကလို၏။ ၎င်းတို့တိုက်ရိုက် ထုတ်ပြနိုင်ပေလျှင် မည်သည့် ဗုဒ္ဓဘာသာ လဇ္ဇီပေသလ သိက္ခာကာမ ကျမ်းဂန်တတ်တို့မျှ မငြင်းနိုင်တော့ချေ။

---

## မူလပဏ္ဏာသပါဠိတော်စသည် ခမတိကတ္တုရုပ်

တေ တံ ခမ္မံ ပရိယာပုဏိတ္ဝာ တေသံ ဓမ္မာနံ ပညာယ အတ္ထံ န ဥပပရိက္ခန္တိ၊ တေသံ တေ ဓမ္မာ ပညာယ အတ္ထံ အနုပပရိက္ခတံ န နိဇ္ဈာနံ ခမန္တိ။

(မူလပဏ္ဏာသ ဩပမ္မဝဂ် အလဂဒ္ဒူပမသုတ် ပါဠိတော်၊၁၇၆။)

တေသံ မောဃပုရိသာနံ၊ တို့၏။ ပညာယ အတ္ထံ အနုပပရိက္ခတံ- အနုပပရိက္ခန္တတ္တာ၊ အထဝါ၊ ပညာယ ။ပ။ အနုပပရိက္ခတံ- အနုပပရိက္ခန္တာနံ တေသံ မောဃပုရိသာနံ၊ တို့၏၊ တေ ဓမ္မာ နိဇ္ဈာနံ- နိဇ္ဈာနကာရဏံ ပညံ န ခမန္တိ။ န ရောစေန္တိ၊ မနှစ်သက်ကုန်။

ဤပါဠိတော်၌ ခမန္တိ-ဟူသော ဗဟုဝုစ်ကြိယာ၏ ကတ္တားကို တေဓမ္မာဟု-ဝုတ္တကတ္တား အဖြစ်ဖြင့်ခမုဓာတ်၏ကံ ကို နိဇ္ဈာနံ-ဟုဧကဝုစ် အဝုတ္တကံ အဖြစ်ဖြင့် ထားသောကြောင့် သဗ္ဗညုမြတ်စွာဘုရားအလိုတော်အားဖြင့် ခမန္တိ-ဟူသောပုဒ်၏ သုဒ္ဓကတ္တုရုပ်အဖြစ်မှာ နေလအသွင် ထင်ရှားခဲ့ပြီ။ တစုံတယောက်သောသူမျှ မငြင်းခုံနိုင်။

တေသံ တေ ဓမ္မာ န နိဇ္ဈာနံ ခမန္တိ။ (ပါရာဇိကဏ် အဋ္ဌကထာ၊ သီလက္ခန် အဋ္ဌကထာ၊ အဋ္ဌသာလိနီ အဋ္ဌကထာ၊) နိဇ္ဈာနပညံ န ခမန္တိ။ (သာရတ္ထဒီပနီဋီကာ၊ သီလက္ခန်ဋီကာ၊

> မူလပဏ္ဏာသဋီကာ၊ မူလဋီကာ။) ဘတ္တမယာ နန္တာဒေတိ။ (ခုဒ္ဒကဝတ္ထုက္ခန္ဓက စူဠဝဂ္ဂ ပါဠိတော်။) နန္တာဒေတီတိ နန္တ ရုစ္စတိ။ (စူဠဝဂ္ဂအဋ္ဌကထာ။) အပဝ္ဒိက္ကောသနာတိ န မေတံ ခမတိ၊ မာ ဧဝံ ကရောထာ တိ အပဝ္ဒိသေဓနာ။ (ပရိဝါအဋ္ဌကထာ၊ ၁၉၉။) သစေ ရုစ္စတိ သတ္တာ သယမေဝ ဝက္ခတီတိ။ (အာနန္ဒတ္ထေရအပဒါန် အဋ္ဌကထာ ၁၊ ၃၄၉။) တသ္မာ နေတံ မယှံ ရုစ္စတိ။ (ကေင်္ဂုတ္တရအဋ္ဌကထာ။) နန္တာဒေယျာတိ န ရုစ္စေယျ။ (သီလက္ခန်အဋ္ဌကထာ၊ ၁၉၀။)

ဤအဋ္ဌကထာများ၌ သတ္တာ-ဟူသော ပထမာဝုတ္တကတ္တား၊ တေ-ဟူသော အာဝုတ္တ ဒုတိယာကံ၊ နန္တာဒေယျ-ဟူသော ကေန္တ ကတ္တုရူပ-သံဝဏ္ဏေတဗ္ဗကို န ရုစ္စေယျ-ဟု သံဝဏ္ဏာမူသည်များကို ကြပ်ကြပ်မြော်တော်မူကြပါ။ ကေန္တ ကတ္တုရူပ သံဝဏ္ဏေတဗ္ဗကိုကမ္မရုပ်ဖြင့် ဘယ်အခါကာလမှ မဖွင့်သင့်။

> အထ ပန ဝိနိစ္ဆိနထ တာဝ ဘန္တေ၊ သစေ အမှာကံ ခမိဿတိ ဂဏှိဿာမာတိ ဝဒန္တိ။ (ပါရာဇိကဏ်၊ ၄ ဒု၊ ၁၇၅။) ခမာတီတိ ရုစ္စတိ။ (တိကင်္ဂုတ္တရအဋ္ဌကထာ၊ ဒု၊ ၈၈။) ရုစ္စတီတိ တေ စိတ္တဿ အဘိရုစိဥပ္ပါဒကော ကတမောတိ ပုစ္ဆတိ။ (တိကင်္ဂုတ္တရဋီကာ၊ ၉၀။)

ဇာတ်ပါဠိတော်၊ အဋ္ဌကထာစသည် သာဓကထုတ်ပြစရာများစွာ ရှိသေး၏။ ဤမျှလောက်သော စကားရပ်ဖြင့် ခမတိ-ဟူသော ကေန္တ ကတ္တုရူပပဒကို ရုစ္စတိ-ဟု ဖွင့်သောကြောင့် ၎င်းရုစ္စတိပုဒ်၏ ကေန္တ-ကတ္တုရူပဖြစ်ကြောင်း ပညာရှိတိုင်း သိနိုင်ရာပြီ။

ဤသို့အားဖြင့် သမ္ဗုဒ္ဓမြတ်စွာဘုရားဟော ပါဠိတော်ကြီး မဟာ အဋ္ဌကထာကြီး အစရှိသော ရှေးရှေး ကျမ်းဂန်ကြီးဟူသမျှ ခမတိပုဒ် ကတ္တုရုပ်ဖြစ်ကြောင်း နေလအသွင်ထင်ရှားနေပြီးဖြစ်၍ ခမတိသမ္ဗန္ဓ သာသနာတော်ကြီးသည် ဤသိမ်မျိုးစုံ မဟာဋီကာ တွေ့ကြရသည့် နေ့မှစ၍—

အန္ဓကာရေတိ ကာဋ္ဌပက္ခစာတုဒ္ဒသီအဍ္ဎရတ္တဃနဝနသဏ္ဍမေ- ဃပဋလေဟိ စတုရင်္ဂေ တမသိ။

ဟူသော ပါရာဇိကဏ် အဋ္ဌကထာ(ပ၊၁၄၀-)စသည်နှင့်အညီ လကွယ် သန်းခေါင်တိမ်တောင် တောအုပ် အမိုက်မှောင်ကြီးလေးပါးမှ ကင်း ပြတ်သောအခါသမယ ကြုံကြိုက်သဖြင့် လဆန်း(၁၂)ရက်နေ့ သန်း ခေါင်အခါ လွန်မင်းစွာ တောက်ပသော ရွှေလမင်းကြီးပမာ ယုံ မှားသံသယကင်းကွာ ယထာဘူတ ကျနမှန်ကန်စွာ သိနိုင်ကြရာပြီး ရှိသတည်း။

ဂမ္ဘီရတ္ထ ခမတိပဒ မဟာဋီကာ သမတ္တာ။

---

## သမုဋ္ဌာပက ဝိစာရဏာပြခန်း

သမုဋ္ဌာပကတော်၌—

ဟနေ့ာ ဘူ ဟိံ သာဂတံ၊ ဉဋ္ဌာပေ သံတု သံဟတေ—

ဟူသော(ဓာတွတ္ထသင်္ဂဟနှင့် အညီ) သံရှေး ဥရှေးရှိသော ဟန- ဓာတ်ဖြစ်၍ နှုတ်ပယ်ဖျက်ဆီးခြင်း ဉဋ္ဌာပန အနက်ဟောတည်း။ ဟနဃာဃာတော-ဖြင့် ဟနကို ဃာတပြု ပြီး၏။

သမုဋ္ဌာပကဋီကာ သမတ္တာ။

## ကမ္မဝါစာအဆုံး နာနာဝါဒဝိစာရဏာပြခန်း

ငါတို့စာသင်သားအဖြစ်ဖြင့် မန္တလေးရတနာပုံ ရွှေရေးဆောင်တိုက်၌ စာပေသင်ကြားနေစဉ် ကမ္မဝါစာ ဘယ်မှာဆုံးသနည်းဟု စာသင်သား သံဃာတော်တို့က ငါတို့ကျေးဇူးရှင် မိုင်းခိုင်းဆရာတော်နှင့် ငါတို့ကျေးဇူးရှင် ကျီဝန်ဆရာတော်တို့ထံ လျှောက်ထား မေးမြန်းကြရာ ကျီဝန်ဆရာတော်က သော ဘာသေယျ-တွင် ကမ္မဝါစာ ပြီးဆုံးကြောင်း အမိန့်ရှိလိုက်၏။

မိုင်းခိုင်းဆရာတော်ထံ လျှောက်ထားပြန်ရာ ဓဝမေတံ ဓာရယာမိ-ကျမှ ဆုံးကြောင်း အမိန့်တော်ရှိ၏။

အထောက်ပေးကြရာ–

ပဏ္ဏာ ဝါ ဥတ္တိံ ဌပေတီတိ ပဌမံ ကမ္မဝါစာယ အနုသာဝနကမ္မံ ကတွာ "သော ဥတ္တိ"တိ ဝတွာ "ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဓဝမေတံ ဓာရယာမိ"တိ ဝဒတိ၊ဓဝံ ပဏ္ဏာ ဥတ္တိံ ဌပေတိ။

ဟူသော (ပရိဝါအဋ္ဌကထာ၊ ၂၄၆။ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ၃၉၆။) အဖွင့်ကိုပြ၍ ၎င်းကျမှဆုံးကြောင်း မိန့်တော်မူ၏။

ပရိဝါအဋ္ဌကထာ (၁၈၅) ၌လည်း–

ကမ္မဝါစာ ပရိယောသာနန္တိ "ကတံ သံဃေန ဥတ္တိန္နာမဿ ဘိက္ခုနော တဇ္ဇနီယကမ္မံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဓဝမေတံ ဓာရယာမိ"တိ ဓဝံ တဿာ တဿာ ကမ္မဝါစာယ အဝသာနဝစနံ ပရိယောသာနံ၊

ဟု ဖွင့်တော်မူ၏။

စူဠဝါ သမုစ္စယကဏ္ဍက သာရတ္ထဋီကာ၊(တ၊၃၇၂။) မှာလည်း–

တဒနုရူပံ ကမ္မဝါစံ ကတွာ မာနတ္တံ ဒါတဗ္ဗန္တိ–သုဏာတု မေ ။ပ။ခမတိ သံဃဿ၊ တဿ တုဏှီ။ ဝေမတိ မာရယာမိတိ-ဝေ ကမ္မဝါစံ ကတွာ မာနတ္တံ ဒါတဗ္ဗံ။

ဟု ဝေမတိ မာရယာမိ-တွင် ကမ္မဝါစာဆုံးကြောင်းလာ၏။

ငါတို့ကျေးဇူးရှင် ကျီဝန် ဆရာတော်နှင့် ဗန်းမော် ဆရာတော် တို့ကား သံဃာဒိသေသ် ကုလဒူသကသိက္ခာပုဒ်ဖွင့် အဋ္ဌကထာ၌ အယူကို မစွန့်သော ရဟန်းမှာ ဉတ်ဆုံးလျှင် ဒုက္ကဋ်အာပတ်သင့် ကြောင်း၊ ကမ္မဝါစာ နှစ်ကြိမ်အဆုံးတွင် ထုလ္လစ္စည်း အာပတ်သင့် ကြောင်း၊တတိယ သော ဘာသေယျတွင် ယျ-အက္ခရာ ကျလျှင် သံဃာ- ဒိသေသ်အာပတ်သင့်ကြောင်းမိန့်ဆိုသောကြောင့် သော ဘာသေယျ တွင် ယျ အက္ခရာကျလျှင် ကမ္မဝါစာဆုံးကြောင်း မိန့်ဆိုကြသည်။

ငါတို့ကျေးဇူးရှင် မိုင်းခိုင်း ဆရာတော်ကား ပရိဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟ အဋ္ဌကထာ၊ စူဠဝါ သမုစ္စယဖွင့် သာရတ္ထဒီပနီဋီကာ တို့၌ မာရယာမိ-တွင် ကမ္မဝါစာဆုံးကြောင်း မိန့်ကြသောကြောင့် သော ဘာသေယျ-တွင် ယျ-အက္ခရာမှာ သံဃာဒိသေသ် အာပတ် သင့်သည်ဆိုရာမှာ အာပတ်သင့်ရာကာလကိုသာ ပြတော်မူသည်၊ ကမ္မဝါစာ အဆုံးကို ပြသော စကားမဟုတ်၊ ထို့ကြောင့် ဝေမတိ မာရယာမိ-တွင် မိ-အက္ခရာကျမှ ကမ္မဝါစာဆုံးကြောင်း ကေန် မှတ်အပ်၏ဟု မိန့်တော်မူသတည်း။

သိမ်ကုန်းဆရာတော် ဦးနာရဒကား ကမ္မဝါစာနိဂုံးများကို ဗျဉ္ဇန- ဗုဒ္ဓိနှင့် ညီစွာ ဖတ်ရမည်။ အပိုထင်၍ ဗျဉ္ဇနဗုဒ္ဓိနှင့် ညီစွာ

မဖတ်လျှင် ကံပျက်သည်ဟု မိန့်တော်မူသည်။ ထိုဆရာတော်လည်း မိ-တွင် ကမ္ဗဝါစာဆုံးကြောင်း မိန့်တော်မူ၏။

---

## တိရစ္ဆာနဂတအရပြခန်း

ထိုသိမ်သမုတ်ရာတွင် ခွေး ဝက် စသော တိရစ္ဆာန်များ ဟတ္ထပါသ်တွင်း ပါသင့် မပါသင့်ကို ကျီဝန်ဆရာတော်နှင့် မိုင်းခိုင်းဆရာ တော်တို့ ဝါဒကွဲပြား၏။

မိုင်းခိုင်းက ခွေး ဝက် နွား မြင်း စသော တိရစ္ဆာန်နှင့်တကွ နဂါး ဂဠုန်စသော သတ္တဝါဟူသမျှ တိရစ္ဆာနအရယူ၍ ဟတ္ထပါသ် တွင်း မပါသင့်ဟု မိန့်တော်မူ၏။

ကျီဝန်ဆရာတော်က မြတ်စွာဘုရားသည် မြစ် သမုဒ္ဒရာ ဇာတဿရ တို့၌လည်း ဥဒကုက္ခေပကို ခွင့်ပြုတော်မူ၏။ ယင်းဥဒကုက္ခေပ၌ ယင် ခြင် ပျား ပိတုန်း ဖြုတ် ပရွက် စသည်တို့ထက် ကြီးသော ငါးစသော သတ္တဝါနှင့်ဘယ်အခါမှ မကင်းနိုင်။ ယင်း ငါးတို့ကိုလည်း တိရစ္ဆာ-နဂတ ယူရလျှင် ဒုက္ကဋ်သင့်ဖို့ရာ အမြဲရှိနေသဖြင့် ယင်း ဥဒကုက္ခေပ ကို မြတ်စွာဘုရားခွင့်မပြုရာ။ ထို့ကြောင့် ရဟန်းမခံထိုက်သော နဂါး ဂဠုန် စသော သတ္တဝါတို့ကိုသာ တိရစ္ဆာနဂတယူရမည်၊ မြစ်တော်မူရင်း ပါဠိတော်နှင့်လည်း ညီညွတ်သည်။

ရှေးအခါ တော တောင် အမြဲနေသော အရညဝါသီ ကျမ်းဂန် တတ် ပုဂ္ဂိုလ်ကျော်တပါးသည် ရွှေမြို့တော်သို့ ရောက်လာရာ ခွေး တကောင်ပါလာသဖြင့် ဥပုသ်နေ့ ကြုံကြိုက်သောကြောင့် ဥပုသ်ပြုရာ သံဃာဘောင်သိမ်တွင်းသို့ ဝင်လာရာ ခွေးလည်း လိုက်လာရာ ခွေးကို မောင်းပစ်ပါ၊ ခွေး ဟတ္ထပါသ်တွင်း မပါကောင်းဟု ရဟန်းတပါးက

ဆိုသည်ရှိသော် သည်မျှလောက် ပိဋကတ်ကျမ်းဂန် မလိမ္မာသော ရဟန်းများနှင့် ငါ ကံအတူ မဆောင်လိုဟု သိမ်မှ ထွက်ပြီးလျှင် တခြားတိုက်မှာမှ ဥပုသ်ပြုသော ရဟန်းဝတ္ထုကို ထုတ်၍ ဟတ္ထပါသ် တွင် နွား မြင်း စသော တိရစ္ဆာန်ပါသော်လည်း အပ်သည်သာတည်း ဟု မိန့်တော်မူ၏။ ဆင်ခြင်၍ ယူကြလေတော့၊ ပညာဉာဏ်ရှိသူမှန်က ဤမျှလောက် အာစရိယဝါဒများကို ထုတ်ပြသဖြင့် အမှန်သိနိုင် လောက်ပြီ။

---

## တုဏ္ဍိပဒဝိစာရဏာပြခန်း

တသ္မာ တုဏ္ဍိ-ဟု ဤဒီဃနှင့်လည်းကောင်း၊ တုဏ္ဍ်ဟု ဂုရဿနှင့် လည်းကောင်း ပေစာ ဝတ်လဲကမ္မဝါစာတို့၌ အမျိုးမျိုးရှိ၏။

ဒီဃေ ဝတ္တဗ္ဗေ ရဿန္တိ “သော တုဏ္ဍိ အဿာ”တိ ဝတ္တဗ္ဗေ သော တုဏ္ဍိ အဿာတိ ဝစနံ။

(ကမ္မဝါဖွင့် ဝဇိရဗုဒ္ဓိဋီကာ၊ ၅၇၉။)

သရော ပကတိ ဗျဉ္ဇနေ။ သရော ခေါ ဗျဉ္ဇနေ ပရေ ပကတိရူပါ ဟောန္တီတိ ယေဘုယျေန ဒီဃရဿလောပေဟိ ဝိကာရဘာဝေါ။ ယထာ-ပစ္စယော ။ပ။ ဝေဒနာက္ခန္ဓော။ပ။ ဒီယတိ၊ တုဏ္ဍိဘူတော။

(သန္ဓိရူပသိဒ္ဓိ၊ ၂၄။)

တုဏ္ဍိ အဘာသနေ။ (နာမ်ရူပသိဒ္ဓိ။) တုဏ္ဍိ မောနေ။ (အဘိဓာန်အဗျယဝဂ်။) တုဏ္ဍိတိ စ အကထနတ္ထေ နိပါတော၊ အကထနကော အဿ ဘဝေယျာတိ အတ္ထော။ (ဝိမတိဝိနောဒနီ-ဋီကာ၊ ဒု၊၁၃၇။) ဝဝတ္ထိတန္တိ ယံ ပရပဒေန အသမ္ဗန္ဓံ ကတွာ ဝိစ္ဆိန္ဒိတွာ တုဏ္ဍိ အဿာတိ ဝါ တုဏ္ဍ အဿာတိ ဝါ ဝုစ္စတိ။

(ပရိဝါကမ္မဝဂ် အဋ္ဌကထာ၊ ၂၄၇။)

ဤအဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့ အလိုအားဖြင့် တုဏှီ- ဟူ ဤ ဒိသနှင့်ပုဒ်ရင်းကာရိယ ဖြစ်ကြောင်းသိရ၏၊ယင်းတုဏှီပုဒ်သည် "နိဒ္ဒေသ တုဏှီမာသိနန္တိ ကိံ ဝေသော မူဂေါ ဝိယ ဗဓိရော ဝိယ ကိဉ္စိ အဇာနန္တော ဝိယ တုဏှီ ဟုတွာ နိသိဒ္ဓေတိ နိဒ္ဒေသ"(ဓမ္မပဒ၊ ၃၊၂၊၂၁။ အတုလျ- ဝတ္ထု။)ဤ တဿာ တုဏှီ- စသော ပါဠိတို့၌ ကေဝုစ်အဆုံးရှိ၏။အရိ- ယော ဝါ တုဏှီဘာဝေါ နာတိမညိတဗ္ဗာတိ အရိယာ တုဏှီ နိသီဒန္တာ န ဗာလပုထုဇ္ဇနာ ဝိယ နိသိဒန္တိ။(ပရိဝါ၊ စူဠဋ္ဌကထာမဖွင့် အဋ္ဌကထာ၊၂၀၅။) တုဏှီ နိသိဒန္တိ၊ (မဟာဝါဥပေါသထက္ခန္ဓကပါဠိတော်၊ ၁၄၀။) ယင်း ပါဠိအဋ္ဌကထာတို့၌ တုဏှီပုဒ်၏ ဗဟုဝုစ် အဆုံးရှိသည်ကို သိအပ်၏။

ဤသို့ တပုဒ်တည်းဖြစ်လျက် ကေဝုစ် ဗဟုဝုစ် အဆုံးရှိသောကြောင့် "အတ္ထိတိ ဝစနဝိပလ္လာသဝသေန ဝုတ္တံ။ နိပါတပဒံ ဝါ ဇတံ။ တဿာ တိဿပိ သင်္ဂါသု တဒေဝ ရူပံ၊ တေနာဟ သံဝိဇ္ဇန္တိတိ" (ဝိသုဒ္ဓိမဂ် မဟာဋီကာ။ ပ။ ၂၉။)မိန့်သောကြောင့် ယင်းတုဏှီပုဒ်နိပါတ်ဖြစ် ကြောင်း နိဿံသယအားဖြင့် သိအပ်၏။ယင်း တုဏှီပုဒ် နာမ်ပုဒ်ဖြစ်အံ့ ဒက္ခိသဒ္ဒါ၌ ဒက္ခိ ဒက္ခိ ဒက္ခိနော စသည်ဖြင့် ပဒမာလာ အစဉ်ရှိသကဲ့သို့ တုဏှီ တုဏှိ တုဏှီနော စသည်ဖြင့် ပဒမာလာ အစဉ်ရှိရာ၏။ မရှိခဲ့။ တပုဒ်တည်းဖြစ်လျက် ကေဝုစ် ဗဟုဝုစ်အဆုံးရှိက နိပါတ်ပုဒ် ဖြစ်ကြောင်းကား—

ဧတ္ထ သမ္မ သမ္မာ မာရိသ မာရိသာတိ ပဌမာဝိဘတ္တိယုတ္တာနံ ဇာဂဝစနပုထုဝစနန္တာနံ အာမန္တနပဒါနံ ဒိဋ္ဌတ္တာ, ဒုတိယာ- တတိယာဒိဝိဘတ္တိယုတ္တဘာဝေန တေသံ ပဒါနံ အဒိဋ္ဌတ္တာ စ တာနိ ပဒါနိ နိပါတပဒေသု သင်္ဂဟံ ဂစ္ဆန္တိတိ ဝေဒိတဗ္ဗာနိ။

(သဒ္ဒနီတိ သုတ္တမာလာ၊စတုပဒဝိဘာဂ၊ ၃၈၁။)

ထောက်ထား၍ သိအပ်၏။

မောနံ အဘာသနံ တုဏှိဘာဝေါ။ (အဘိဓာန်စာကိုယ်၊ ၄၂၉၊ ဂါထာ)မောနေ အဘာသနေ တုဏှီဘူတော ဥဒိက္ခေယျ၊ နိန္ဒတ္တိ တုဏှိမာသိနန္တိအာဒီသု ဒိဿတိ။ တုဟ အဒနေ၊ ဏှုပစ္စယော, ဟ လောပေါ စ တုဏှော မောနမေတဿ တ္ထီတိ တုဏှိ။ တဿ ဘာဝေါ တုဏှိဘာဝေါ၊ အထ ဝါ တောဟတီတိ တုဏှိ၊ တုဟ အဒနေ၊ အဒနံ ဟိံသာ၊ ဏှိပစ္စယော၊ ဝဏ္ဏာဝိပရိယာယော၊ တုဏှိ ဘဝနံ ဝါ တုဏှိဘာဝေါ။ တုဏှိတိ နိပါတော။

(အဘိဓာန်ဋီကာ၊ ၂၉၆။ အဘိဓာနပ္ပဒီပိကာသူစိ။)

ယင်းတုဏှိကား ဒီဃပုဒ်ရင်း ကာရိယဟု သိရသတည်း။ သို့သော် ရင်းအဘိဓာန်ဋီကာအလို နယန္တရအားဖြင့် တဒ္ဓိတန္တ, ကိတန္တ နာမ် ပုဒ်ဟု ဆိုလိုသတည်း။ ဤသို့လျှင် ရှေးရှေးဆရာတော်ကြီးအဆက် ဆက်တို့အလိုအားဖြင့် တုဏှိ-ဟု ဒီဃပုဒ်ရင်းဖြစ်သည်ကို ကေန်သိရ၏။

တုဏှိတိ အကာထနတ္ထေ နိပါတော။တုဏှိတိ ပဒံ ဘိက္ခုနာတိ-ပဒဿ ဝိသေသနံ။ တုဏှိ ဣတိ ဧတံ ကတ္တာရိစာတိသုတ္တေန နာဝိဘတ္တိ သဗ္ဗာသမာတျာဒိနာ လောပေါ။

(ပါတိမောက္ခဂဏ္ဌိပါဠ်။)

တုဏှိ ဘဝိတဗ္ဗန္တိ ဧတ္ထ တုဏှိ ဣတိ ဒီဃသရန္တဝသေန ဝါ တုဏှိ ဣတိ ရဿသရန္တဝသေန ဝါ ဒွိဓာပိ ပဌန္တိ လိခန္တိ စ၊ တေသု ယဒိ တုဏှိသဒ္ဒေါ ပါတိမောက္ခဂဏ္ဌိပဒေ ဝုတ္တနယေန အကာထနတ္ထေ နိပါတော သိယာ။ ဒွိဓာပိ ယုဇ္ဇေယျ။ ယဒိပိ အဘိဓာနပ္ပဒီပိကာဋီကာယံ တုဏှော မောနမေတဿ အတ္ထီတိ တုဏှိ ။ပ။ ဝဏ္ဏာဝိပရိယာယောတိ ဝုတ္တနယေန တဒ္ဓိတပဒံ

ကိတပဒဋ္ဌ သိယာ၊ ဒီဃသရန္တမေဝ ယုဇ္ဇေယျ။တဋ္ဌ တုဏှီ အဟော သီတျာဒိသုဝိယ ကတ္တုဝါစကေ ကြိယာပေက္ခေယဝ။ကမ္မဝါစကာဒိ ကြိယာပေက္ခေ ပန သတိ ကတ္တရိ နာဝိဘတ္တိလောပဿ အသမ္ဘ-ဝတော မုနိတျာဒိသု ယထာရုတဒိဋ္ဌပဒေသု ဝိယ တုဏှိနာ ပဒေနာလောပံ ကတွာ တုဏှိတ္ထတိ ရဿသရန္တမ္ပိ သမ္ဘဝတိ။ တသ္မာ ဣဓ ဘဝိတဗ္ဗန္တိပဒဿ ဘာဝဝါစကတ္တာ အမှေဟိ ရဿသရန္တမေဝ လိခိတံ။

(ပါတိမောက္ခလေခနယ။)

ဤနောက်ဖြစ် ကျမ်းတို့အလို ရဿနှင့် တုဏှိလည်း ရှိသင့်ရာ၏။ ထို့ကြောင့် ငါတို့ စံကျောင်းဆက် ဆရာတော်ကြီးတို့သည် ဥပသမ္ပဒါ ကမ္မဝါစာ၌ တုဏှီဟုဖတ်ပြီးလျှင် သိမ်သမုတ်ခန်း၌ တုဏှိဟု ဤဒီဃနှင့်လည်းကောင်း၊ တုဏှိဟု ဣရဿနှင့် လည်းကောင်း ဖတ်တော်မူရိုး ရှိသတည်း။

> ခမတိ သံဃဿ ဣတ္ထန္နာမဿ ဥပသမ္ပဒါတိ ပကတေန သမ္ဗန္ဓော။ တတ္ထ ကာရဏမာဟ "တသ္မာ တုဏှီ"တိ။ တတ္ထ အာသီတိ သေသော။ယသ္မာ"ယဿ နက္ခမတိ၊ သော ဘာ-သေယျာ"တိ တိက္ခတ္တုံ ဝုစ္စမာနေပိ သံဃော တုဏှီနိရဝေါ အဟောသိ၊ တသ္မာ ခမတိ သံဃဿာတိ အတ္ထော။
>
> (ဝိမတိဝိနောဒနီဋီကာ၊ ဒု၊ ၁၃၇။)

ဤဋီကာ၌ ပကတေန၊ပြဋ္ဌာန်းသည် အဖြစ်ဖြင့် ပြုအပ်သော ဥပ-သမ္ပဒါဟူသော ပုဒ်နှင့်။ ဝါ၊ အလွန်ထင်ရှားသော ဥပသမ္ပဒါ ဟူသော ပုဒ်နှင့်၊ ဟု အနက်ပေး။ ၎င်းဝိမတိ ဆရာသည် "ပကတတ္တပဋိနိဒ္ဒေ-သော တ-သဒ္ဒေါတိ ။ပ။ ပကတော အဓိကတော သုပါကဋော စ"။

ပရိဝါ **သာ**ရတ္ထ**ဒီ**ပနီ ဋီကာ (တ၊၄၅၅။ )ကို မှီ၍ရေးသည်။ **သာ**ရတ္ထ-**ဒီ**ပနီ ဆရာလည်း သီလက္ခန်ဋီကာ ပြဟ္မဇာလသုတ်ဖွင့်၊ မဇ္ဈိမ-ပဏ္ဏာသဋီကာ အဋ္ဌကနာဂရ သုတ်ဖွင့်တို့ကို မှီ၍ရေးသည်။

ဤဝိမတိဋီကာ၌ ယသ္မာ အဟောသိ**စပ်**။ယင်းဋီကာအလို ခမတိ **သံဃဿ**နောင် ပိုဒ်သေးတခုခတ်၊ တသ္မာနောင်လည်း ပိုဒ်သေးတခုခတ်၊ တုဏှီနောင်လည်း ပိုဒ်သေးတခုခတ်၊ ပိုဒ်သေးခတ်တိုင်း **စဉ်းငယ်**ရပ်ပြီးမှ တုဏှီကိုရွတ်။

> ဇနသင်္ဂဟတ္ထံ ဓမ္မကထာ နာမ ကာတဗ္ဗာယေဝါတိ အဋ္ဌကထာစရိယာ ဝဒန္တိ။ ဓမ္မကထာ ဟိ ကမ္မဋ္ဌာနဝိနိမုတ္တာ နာမ နတ္ထိ။ တသ္မာ။ (သမ္မောဟဝိနောဒနီ ဈာနဝိဘင်း၊ ၃၃၄။) တသ္မာ တိ ဧတေသ “ဓမ္မကထာ ကထေတဗ္ဗာယေ-ဝါတိ ဝဒန္တိ”တိ ဧတေန သမ္ဗန္ဓော။( မူလဋီကာ၊၂။ ၁၇၁။ )

ယင်း၌ တသ္မာ–ကို ရှေ့ကာတဗ္ဗာယေဝ-ပြန်စပ်ရ**ကား** တသ္မာ-**နော**င် ပိုဒ်သေးခတ်။

တံ သုဏာထ သမာဟိတာ။
**ဝုတ္တ**ဥ္စေတံ ပုဗ္ဗာစရိယေဟိ——
“ယော ကောစိ မံ ။ပ။ ဂစ္ဆေ”တိ
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ဒု၊၁၅၄။)

ဤ၌ တသ္မာ-အနက်ရှိသော ဣတိ ကို သုဏာထ-ပြန်စပ်ရသဖြင့် ဣတိ-နောင် ပိုဒ်သေးခတ်။တသ္မာ သည် ခမတိ၏ အကြောင်းဟု ဝိမတိ ဆိုရာ၌ ဇနက, သမ္ပာပက, ဉာပက အကြောင်းသုံးပါးတို့တွင် ဉာပက ဖြစ်ရ**ကား** ခမတိ-နောင် ဇာနာမိ-ဟု ထည့်လေ။

တုဏှီပဒ မဟာဋီကာ သမတ္တာ။

ယင်းအဝိပ္ပဝါသသိမ်နုတ် ကမ္မဝါစာမှာ ဘုရားလက်ထက်က စ၍ ယနေ့တိုင် အကွဲအပြားမရှိ။ ပါဠိအဋ္ဌကထာ ဋီကာဂန္ထန္တရစုံ ပြည့်စုံစွာ ရှိရကား တစုံတခု သံသယဖြစ်ဖွယ် မရှိလေ။

အဝိပ္ပဝါသသီမာသမုဟနန ဝိစာရဏာဋီကာ သမတ္တာ။

---

## ကမ္မဝါစာ ပြည့်စုံ မပြည့်စုံ စိစစ်ခန်း

**သမာနသံဝါသက** သိမ်နုတ် ကမ္မဝါစာ၌ မူကား ဉတ်၌ **တံ** သီမံ သမုဟနေယျ-နောက် သမာနသံဝါသံ-ဧကူပေါသထံ ဟူသော ဝိသေ-သနပုဒ်ပါ မပါနှစ်မျိုးရှိ၏။ ကမ္မဝါစာ၌ တံ သီမံ သမုဟနတိ-နောက် လည်း သမာနသံဝါသံ ဧကူပေါသထံ-ပုဒ်ပါ မပါ နှစ်မျိုးပင်ရှိ၏။ ဧတိဿာ သီမာယ-နောက်လည်း သမာနသံဝါသာယ ဧကူပေါသ-ထာယ-ပုဒ်ပါ မပါ နှစ်မျိုးရှိ၏။ သာ သီမာ သံဃေန နောက်လည်း သမာနသံဝါသာ ဧကူပေါသထာ-ဟူသော ဝိသေသန နှစ်ပုဒ် ပါ မပါ နှစ်မျိုးရှိ၏၊ ဤသို့ ( ၄ ) ဌာနပင် ပါ မပါ သီဟိုဠ်ကျွန်းကစ၍ ယခု ကာလတိုင် ပေစာ၊ ရွှေကမ္မဝါစာ၊မင်စာတို့၌ အမျိုးမျိုးရှိ၏။

"ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါ-သာယ ဧကူပေါသထာယ သမုဂ္ဃါတော၊ သော တုဏှဿာ"တိ အန္ဓကပေါတ္ထကေ သီဟဠပေါတ္ထကေသု စ ကေသုစိ ပါဌော အတ္ထိ။ ကေသုစိ "သမုဂ္ဃါတော ဧတိဿာ သီမာယာ"တိ ပဌမံ လိခန္တိ၊ ကေသုစိ "ဧတိဿာ သီမာယ သမုဂ္ဃါတော"တိ"စ။

(မဟာဝါဥပေါသထက္ခန္ဓက ဝဇိရဗုဒ္ဓိဋီကာ၊ ၄၅၇။)

ဤဋီကာ၌ ယင်းဝိသေသနနှစ်ပုဒ် ပါ မပါကိုသာ ဆို၏။ မရွတ်ဖတ် ရာ၌ အပြစ်ကိုမဆို။

**အမရပူရမြို့တည် နန်းတည် ဘိုးတော် မင်းတရားလက်ထက် မောင်းထောင်သာသနာပိုင် ဆရာတော် ရေးသားအပ်သော သီမဗန္ဓန- ကထာကျမ်း၌ကား** —

> ဧတ္ထ ပန သမာနသံဝါသကသီမာယ သမူဟနနကမ္မဝါစာယံ
> နိဗ္ဗိသေသနပါဌော ကတ္ထစိပေါတ္ထကေ ဒိဿတိ၊ သဝိသေသန-
> ပါဌော၀ သုန္ဒရတရော၊ အက္ခရပရိဟီနေယော၀ ဟိ သဒေါသော။
> အက္ခရာဓိကေပိ နိဒ္ဒေါသောယေဝါတိ ဝေဒိတဗ္ဗံ။

ဟု ဝိသေသနနှစ်ပုဒ် ပါမှသင့်ကြောင်း မိန့်၏။ ငါတို့အဘိုးစံကျောင်း ဆရာတော်၊ ပြည်ဆရာတော်၊ ရတနာပုရ စတုတ္ထမြို့တည် ဖန်နန်းရှင် မင်းတရားလက်ထက် ဩဘာသဓဇ မဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဇာတ်ကြီးဆယ်စောင်ဝတ္ထုစသည်ရေး မြစ်ကျွေခုနစ်ဂိုဏ်းချုပ် ဆရာ တော်တို့လည်း ဝိသေသန နှစ်ပုဒ်ထည့်၍ အမြဲဖတ်တော်မူကြသတည်း။

---

## သီမာပဒ ဝိစာရဏာခန်း

**ယင်း** သမာနသံဝါသက သိမ်နုတ်ကမ္မဝါစာ၌—

သိ ဗန္ဓနေ သိယတ်တိ သီမာ ဒီဃော·(ကိတ်ရူပသိဒ္ဓိ၊)ကစ္စာယန- ဝဏ္ဏနာ၊ မောဂ္ဂလာန် ဆရာတို့ အလို သီမာ၌သိ၌ ဤ ဒီဃ၊ သိဗန္ဓနေ၊ (နျာသ။) ၎င်းဆရာအလို ဒီဃအပြု မပါသောကြောင့် သိ မာဟု အစ·သိ၌ ဋ္ဌရဿနှင့် လိုသကဲ့သို့ရှိ၏။ သီ ဗန္ဓနေ၊ မော၊ သီယတေ သမဂ္ဂေန သံဃေန ကမ္မဝါစာယ ဗန္ဓီယတေတိ သီမာ၊
(သီမာတ် ဗန္ဓနတ္ထ·အဘိဓာနပ္ပဒီပိကာသူစိ။)

ဦးခေါင်းဟော၊ သလွဲမြည်း ခဲပုပ်ဟောသီသ၊သိမ်ဟော သီမ(၃) ပုဒ်တို့၌ ဒီဃ-ဟု မဟာဝိသုဒ္ဓါရာမ ဆရာတော် ဘုရားကြီးအမိန့်ရှိ၏၊

အချို့ကားနျာသ, သဒ္ဒနီတိတို့၌ ဒီဃအပြု အသီးမဆိုသောကြောင့် ရဿလည်း သင့်၏ဟု ဆိုကြကုန်၏။ ရှေးရှေးလောကီကျမ်းတို့ကပင် ဤဒီဃနှင့် သီမာပုဒ်ပြီး ဆိုသောကြောင့် မဆိုသင့်လေပြီ။

သီမာပဒဋီကာပြီး၏။

---

## ကေူပေါသထ ဝိစာရဏာခန်း

ကေူပေါသထာ-ဟူသောပုဒ်၌ ဝသ နိဝါသေ၊ (ဓာတ်ကျမ်း။) ရူပသိဒ္ဓိ ဒီဃံ-သုတ်၏ အဖွင့်၌ ကမ္ဗုပနိဿယော၊ ကို ထုတ်ပြသော ကြောင့် ယင်းနှင့်အလားတူရကား ကေူပေါသထော ကေူပေါသထံ ကေူပေါသထာယ-ဟု ဦဒီဃနှင့် ရှိသင့်၏။ အဇ္ဇုပေါသထောတိ အဇ္ဇ ဥပေါသထဒိဝသော၊ ကခ်ါအဋ္ဌကထာ၌ စာဟူသမျှ ဥရဿနှင့် ချည်း ရှိသည်ထောက်ပြန်သော် ကေူပေါသထာ စသည်ဖြင့် ဥရဿနှင့် လည်း ရှိသင့်ကြောင်း သိရ၏။

ဣတိ သိထိလေ ကတ္တဗ္ဗေ ဓနိတံ,ဓနိတေ ကတ္တဗ္ဗေ သိထိလံ၊ ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ, နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တောကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။

ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ(၂၄၈)၌ ကံပျက်အင်္ဂါ(၄)ပါးတွင် မပါဝင်ရကား ဒီဃ ရဿ နှစ်မျိုးပင် ဖတ်တော်မူကြသတည်း။ ယင်း၌ ဒန္တဇ စတုတ္ထက္ခရာ ဓအောက်ချိက်နှင့် ကေူပေါသဓာစသည်ဖြင့် အချို့ ဖတ်ကြ၏။

ထပ ဌပနေ၊ ထပေတိ။ ပ.၀၀ဌပေတိ၊ ဝေါဋ္ဌဗ္ဗန်။ ပ။ ဌောထ္တေ ပုရိမေ သရလောပေါ၊ ထဿ ဌတ္တံ၊ ဝိသဒိသဘာဝေန ဒွိတ္တ ဥ။

ပစ္ဆိမေ ပန သရလောပေါ၊ အ၀ဿ ဩကာရတ္တံ၊ ထဿ ဌတ္တံ၊
ပဿ ဝတ္တံ၊ ဝဿ ဒွိတ္တံ၊ဝကာရဒွယဿ စ ဗကာရဒွယံ ဘ၀တိ—

ဟု သဒ္ဒနီတိ စုရာဒိဂဏကိကဓာတ်လာသကဲ့သို့လည်းကောင်း၊

နာထဓာတု ယာစနေ ။ပ။ သဒ္ဒသတ္ထဝိဒူ ပန တေသု စတူသု
အတ္ထေသု နာထ နာဓ ဣတိ ဓာတုဒွယံ ပဌန္တိ။

ဟု နာထဓာတ်အရာ၌ ကာရိကာရိယပြောင်းပုံ လာသကဲ့သို့လည်းကောင်း ဝသဓာတ်အရာ၌ မ,လာရကား ငါတို့ စံကျောင်းဆက် ဆရာတော်ကြီးများ ဖတ်ရိုးမပြုကြချေ။

ကျေပေါသထဋီကာ ပြီး၏။

## ပဒပရိဟီနဋီကာပြခန်း

ဤသမာန သံဝါသက သိမ်နုတ်ခန်း၌ ရှေး၌ ဆိုအပ်ပြီးရကား ဆိုဖွယ်မရှိပြီ။ သိမ်နုတ်အဝိပ္ပဝါသ ကမ္မဝါစာ၊ သမာနသံဝါသ ကမ္မဝါစာနှစ်ရပ်တို့တွင် အဝိပ္ပဝါသမှာ ပရိပုဏ္ဏကမ္မဝါစာဖြစ်၍ ရေးဖွယ် မရှိ။ သမာနသံဝါသ ကမ္မဝါစာ၌ကား ဥတ်မှာ သမုဟာနေယျ၊ ကမ္မဝါစာ၌ သမုဟနတိ၊ တေသာ သီမာယ၊ နိဂုံး၌ သံဃေန၊ ၎င်း ပုဒ်လေးခုတို့နှောင် သမာနသံဝါသံ ကျေပေါသထံ·စသော ဝိသေသန နှစ်ပုဒ်စီတို့သည် အချို့ကမ္မဝါစာတို့၌သာရှိ၍ အချို့သော ကမ္မဝါစာ တို့၌ မရှိကုန်။ငါတို့ ရှေးက ခင်းအပ်ပြီးသော ဝဇိရဗုဒ္ဓိဋီကာ သီမာ-ဗန္ဓနကထာတို့ မိန့်ဆိုတိုင်း သီဟိုဠ်ကျွန်းကစ၍ပင် ကွဲပြားခဲ့ပုံရသည်။ ငါတို့လက်ထက်မှာလည်း အချို့သော ပေစာ ရွှေစာ ကမ္မဝါစာ မင်စာ

တို့မှာသာရှိ၍ အချို့မရှိ၊ သို့သော်သည်း ငါတို့ ရေးသားခဲ့အပ်ပြီး သော နည်းအတိုင်း ရှိခြင်းသာ ကောင်းမြတ်သည်နှင့်အပြည့်အစုံပင် ငါတို့ဖတ်ရှိုးရှိသတည်း။

ယောပိ ဥတ္တိဒုတိယကမ္မေ ကော် ဥတ္တိံ ဌပေတွာ ကေံ ကမ္မ-
ဝါစံ အနုဿာဝေန္တော အက္ခရံ ဝါ ဆဍ္ဍေတိ၊ ပဒံ ဝါ ဒုရုတ္တံ
ကရောတိ၊ အယမ္ပိ အနုဿာဝနံ ဟာပေတိယေဝ။
(ပရိဝါကမ္မဝဂ်အဋ္ဌကထာ၊၂၄၆။)

ပဒပရိဟီနဋီကာ ပြီး၏။

---

## ဥတ္တိဒေါသ ဝိစာရဏာခန်း

ဥတ္တိသမ္ပတ္တိ အနုဿာဝနသမ္ပတ္တိတို့၌ ဥတ္တိဒေါသငါးပါး၊အနုဿာ-ဝနငါးပါးတို့တွင် ဥတ္တိဒေါသငါးပါးကား။ ဥတ်ရှတ်ဖတ်စဉ်အခါ—

(၁) ဝတ္ထုအပရာမသန၊

(၂) သံဃအပရာမသန၊

(၃) ပုဂ္ဂလအပရာမသန၊

(၄) ဥတ္တိအပရာမသန၊

(၅) ပစ္ဆာ ဥတ္တိဋ္ဌပန-အားဖြင့် ငါးပါးတည်း။

ဥပသမ္ပဒါအခန်း၌—

အယံ နာဂေါ-စသည်ဖြင့် ပဥ္စင်းလောင်းဟော သဒ္ဒါကို မကြား မရှတ်ဖတ်ပဲ ချန်ထားခဲ့လျှင် ဝတ္ထုအပရာမသနမည်၏၊

သုဏာတု မေ ဘန္တေ သံဃော-၌ သံဃောကို မရွတ်ဖတ်ပဲသုဏာတု မေ ဘန္တေ-တွင် ရွတ်ဖတ်၍ အယံ နာဂေါစသည်ကို ရွတ်ဖတ်လျှင် သံဃအပရာမသနမည်၏။

အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော-ဟု ဥပဇ္ဈာယ်ဟော ပုဒ်တို့ကို မရွတ်ဖတ်ပဲ ချန်ထားခဲ့လျှင် ပုဂ္ဂလ အပရာမသနမည်၏။

သုဏာတု-ကစ၍ သော ဥတ္တိ-တိုင် ဥတ်ကို လုံးလုံး မရွတ်ဖတ်ပဲ ချန်ထားခဲ့လျှင် ဥတ္တိအပရာမသနမည်၏။

ဥတ်ကို ရှေးဦးစွာ မရွတ်ဖတ်ပဲ ကမ္မဝါစာကို ရွတ်ဖတ်ပြီးလျှင် ယင်းနောက်မှ သော ဥတ္တိ-ဟု ဆို၍ ယင်းနောက် ခမတိ သံဃဿ ဆို၍ဥတ်ကို ကြားခြင်းသည် ပစ္ဆာဥတ္တိတ္ထပနမည်၏။

ဤသို့ ဥတ်၌ အပြစ်ငါးပါးကို သိအပ်၏။ ၎င်းအတိုင်းမဟုတ်ပဲ ကမ္မဝါစာကုန် ရှေးဦးစွာ ဖတ်၍ နောက်ဆုံး၌ ဥတ်ကုန် ရွတ်ဖတ် လျှင်လည်း ပစ္ဆာဥတ္တိတ္ထပနပင်တည်း။

ယင်း ငါးပါးသော ဥတ်၌ အပြစ်လွတ်လျှင် ဥတ္တိသမ္ပတ္တိဖြစ်၍ ကံ မြောက်၏။

ဥတ္တိံ န ပရာမသတီတိ သဗ္ဗေန သဗ္ဗံ ဥတ္တိံ န ပရာမသတိ။ ပ။ ပစ္ဆာဟာကာရေဟိ ဥတ္တိတော ကမ္မာနိ ဝိပဇ္ဇန္တိ၊

(ပရိဝါကမ္မဝဂ်အဋ္ဌကထာ၊ ၂၄၆။)

ဤကား အကျဉ်းအားဖြင့် ရေးသားအပ်သော

ဥတ္တိဒေါသဋီကာပြီး၏။

## ကမ္မဝါစာဒေါသ ဝိစာရဏာခန်း

အနုဿာဝနဒေါသ ငါးပါးကား –

(၁) ဝတ္ထုအပရာမသန၊
(၂) သံဃအပရာမသန၊
(၃) ပုဂ္ဂလအပရာမသန၊
(၄) သာဝနဟာပန၊
(၅) အကာလသာဝန-
အားဖြင့် ငါးပါးဖြစ်သတည်း။

ထိုငါးပါးတို့တွင် ဝတ္ထု၊သံဃ, ပုဂ္ဂလ, အပရာမသန သုံးပါးတို့မှာ ဉတ္တိဒေါသ၌ ဆိုအပ်ပြီးသော နည်းအတိုင်းပင်တည်း။

အထူးမှာ ဥပသမ္ပဒါခန်း၌ ကမ္မဝါစာ သုံးကြိမ်တွင် ဘယ်အကြိမ်မှာပင် မသုံးသပ်မိသည်ဖြစ်စေ အကုန်ကံပျက်၏။ ကမ္မဝါစာကို လုံးလုံးမရွတ်ပဲ ဉတ်ကိုပင် လေးကြိမ်တိုင် ရွတ်ဖတ်ခြင်းသည်လည်းကောင်း၊ ကမ္မဝါစာအတွင်းရှိသော အစိတ်၏ အဖြစ်ဖြင့် တည်သော အက္ခရာကိုလည်းကောင်း,ပုဒ်ကိုလည်းကောင်း မရွတ်ဆိုခြင်းသည်လည်းကောင်း ဌာန်ကရိုဏ်း ပယတ် ဗျဥ္ဇနဗုဒ္ဓိဆယ်ပါး မပြည့်စုံပဲ ရွတ်ဆိုခြင်းဟူသော ကမ္မဝါစာကို မကောင်းသဖြင့် ရွတ်ဆိုခြင်းသည်လည်းကောင်း ကမ္မဝါစာကို ယုတ်စေခြင်း ကမ္မဝါစာ၏ ယုတ်ခြင်းဟူသော သာဝနာဃဟာပနမည်၏။

ဉတ်ကို ရှေးဦးစွာရွတ်ဖတ်ရမည်ဖြစ်လျက် ဉတ်ကို ရှေးဦးစွာ မရွတ်ဖတ်ပဲ ကမ္မဝါစာကို ရှေးဦးစွာ ရွတ်ဖတ်ခြင်းသည်လည်းကောင်း၊ ကမ္မဝါစာကို ရှေးဦးစွာရွတ်ဖတ်ပြီးနောက်မှ ဉတ်ကို ရွတ်ဖတ်ခြင်းသည်လည်းကောင်း အကာလသာဝနမည်၏။

**ဧဝံ** ပန နေသံ အပရာမသနံ ဟောတိ။ပ။ ဥတ္တိစတုတ္ထကမ္မေ ပန ကော် ဥတ္တိ ဌပေတွာ သကိမေဝ ဝါ ဒွိက္ခတ္တုံ ဝါ ကမ္မဝါစာယ အနုဿာဝနံ ကရောန္တောပိ အက္ခရံ ဝါ ပဒံ ဝါ ဆဍ္ဍေန္တောပိ ဒုရုတ္တံ ကရောန္တောပိ အနုဿာဝနံ ဟာပေတိယေဝ။

(ပရိဝါကမ္မဝဂ် အဋ္ဌကထာ၊ ၂၄၆။)

ဤသို့သော အနုဿာဝနဒေါသငါးပါးမှ လွတ်သောကံသည် အနုဿာဝနသမ္ပတ္တိမည်၏ ဤ၌အနုဿာဝနမှာသာ အနုစ္စာရဏ ဒုရုစ္စာရဏတို့ကို ဆိုသော်လည်း ဥတ်မှာလည်း ဤနည်းအတိုင်း ယူရမည်ဟု ကျေးဇူးရှင်ဆရာတော်များ သာမညယူတော်မူ၏။ ငါတို့ကား ဥတ္တိအပရာမသနတွင် ယင်းအနုစ္စာရဏ ဒုရုစ္စာရဏတို့ကို သွင်းသင့်မည် ထင်၏။ ယခုကာလ၌ ယင်းဒုရုစ္စာရဏကား ပွဲတိုင်းလိုပင် တွေ့ရချေ၏။

အနုဿာဝနဒေါသ ဋီကာ ပြီး၏။

---

## ကမ္မဝါစာဝသာန စိစစ်ခန်း

ယင်းအဝိပ္ပဝါသသီမာသမ္မုဟနနကမ္မဝါစာ၊သမာနသံဝါသက သမူဟနန ကမ္မဝါစာတို့၌ ကမ္မဝါစာ အဘယ်မှာ ဆုံးသနည်း။ သောဘာသေယျ-တွင် ဆုံးသလော။ ဝေမေတံ ဓာရယာမိ-တွင် ဆုံးသလောဟု ပုစ္ဆာထုတ်ဖွယ်ရှိ၏။

သံဃာဒိသေသ် ကုလဒူသက သိက္ခာပုဒ်၌ အယူကိုမစွန့်သော ရဟန်းမှာ ဥတ်ဆုံးလျှင် ဒုက္ကဋ်အာပတ်သင့်သည်၊ ကမ္မဝါစာ နှစ်ကြိမ်ဆုံးလျှင် ထုလ္လစ္စည်း အာပတ်သင့်သည်၊ သော ဘာသေယျ-၌

ယျုအက္ခရာဆုံးလျှင် သံဃာဒိသေသ် အာပတ်သင့်သည်။ ၎င်းအဋ္ဌကထာကိုထောက်၍ ဗန်းမော်ဆရာတော် ကျေးဇူးရှင် ကျီဝန်ဆရာတော်ဘုရားကြီးတို့သည် သော ဘာသေယျုတွင် ယျု အက္ခရာမှာ ကမ္မဝါစာ-ဆုံး၏ ယူတော်မူကြသည်။

ငါတို့ ကျေးဇူးရှင် မိုင်းခိုင်းဆရာတော်ဘုရားကြီးကား "တဿာ တုဏှိ ဝေမေတံ ဓာရယာမိတိ ကမ္မဝါစံ ကတွာ" ဟူ၍ ရူဠဝါ သမုစ္စယ-ခန္ဓကတွင် သာရတ္ထဒီပနီဋီကာ၌ မိန့်ဆိုသောကြောင့်လည်းကောင်း၊ ပရိဝါ ကမ္မဝဂ် အဋ္ဌကထာ၊ ပရိဝါ ဂါထာ သင်္ဂဏိကဖွင့် အဋ္ဌကထာ ၌လည်း "ခမတိ သံဃဿ၊ တဿာ တုဏှိ၊ ဝေမေတံ ဓာရယာမိတိ ဝဒတိ-ဟူ၍ ဓာရယာမိ" အဆုံးရှိသည်ကို ဆိုသောကြောင့်လည်း ကောင်း၊ သော ဘာသေယျု-၌ ယျု အက္ခရာဆုံးလျှင် သံဃာဒိသေသ် သင့်၏ဆိုသော စကားသည် ကမ္မဝါစာဆုံးရာကိုပြသောစကားမဟုတ်၊ အာပတ်သင့်ရာ အခါကာလကိုသာ ပြသောစကား ဖြစ်သောကြောင့် လည်းကောင်း ဓာရယာမိ-တွင် မိအက္ခရာဆုံးမှ ကမ္မဝါစာဆုံးသည် ဟု အမိန့်တော်ရှိသ တည်း။ (ပဋ္ဌာန္နဂတိကနည်း။)

ထိုစကားနှစ်ရပ်တို့တွင် ဒုတိယစကားသည် သင့်၏။ပါတိမောက္ခုဋ္ဌ ပနက္ခန္ဓက၌ ပါတိမောက်ကို တန့်စေရာ သုဏာတု-ကစ၍ ဥပေါသထံ ကရေယျု-တွင် ယျုအက္ခရာ မရောက်မီ ရေအက္ခရာနှင့်တကွ သုဏာတု-တိုင် အတွင်းတွင် တားမြစ်မှ၊ ပါတိမောက်တန့်သည် မည်ကြောင်း၊ ယျုတိုင်လျှင် တန့်သော်လည်း တန့်သည် မမည်ကြောင်း ပြသော အဋ္ဌကထာစကားသည် ပါတိမောက်တန့်ရာ ခေတ်ကို ပြသော စကား သာတည်း၊ ဥ တ်ပြီးဆုံးရာ ကာလကို ပြသောစကားဟု မယူရသကဲ့ သို့ ဤမှာလည်း ထို့အတူ ယူသင့်သောကြောင့်တည်း။ ပါတိမောက် ပြရာ နိဒါနုဒ္ဒေသမှာလည်း မိမိသန္တာန်မှာ သင့်ပြီးသော အာပတ်ထင်

ရှားရှိလျက် ဥပုသ်မပြုမီ ထင်စွာမပြု၊ သူတပါး မပြောဆိုခဲ့သော် တတ္ထာယသ္မန္တေ ပုဗ္ဗောမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ-စသောဝါကျ၌ တတိယမ္ပိ ပုစ္ဆာမိ၊ ကစ္စိတ္ထ ပရိသုဒ္ဓါ၊ ပရိသုဒ္ဓေတ္ထာယသ္မန္တော၊ တသ္မာ တုဏှီ။ ဧဝ မေတံ ဓာရယာမိ-ဟူသောဝါကျ၌ မိ-ဟူသော အက္ခရာအဆုံး၌ သမ္ဗုဇ္ဇာနမုသာဝါဒ ဒုက္ကဋ္ဋ အာပတ်ထပ်၍ သင့်သတည်း။

ထိုစကားမှန်၏။ ဥပေါသထ ဥတ်မှာ ပါတိမောက္ခံ ဥဒ္ဒိသေယျ-ဟူသော ဝါကျကို မရွတ်ဖတ်ပဲ အင်္ဂါသုံးပါးမစုံနိုင်။

အင်္ဂါသုံးပါးအရကား –

(၁) ပန္နရသော၊

(၂) သံဃော ဥပေါသထံ ကရေယျ၊

(၃) ပါတိမောက္ခံ ဥဒ္ဒိသေယျ- ပင်တည်း။

ထို့ကြောင့် ကင်္ခါ အဋ္ဌကထာ၌-

ဒိဝသဝသေန ပန္နရသိကော၊ ကာရကဝသေန သံဃုပေါသထော၊ ကတ္တဗ္ဗာကာရဝသေန သုတ္တုဒ္ဒေသောတိ ဧဝံ တိလက္ခဏ-သမ္ပန္နော ဥပေါသထော ဣဓ နိဒ္ဒိဋ္ဌောတိ ဝေဒိတဗ္ဗော-ဟု မိန့်သတည်း။

ကမ္မဝါစာဝသာန ဋီကာပြီး၏။

---

## သိမ်နုတ်ခန်း၌ ဝဂ္ဂကမ္မဖြစ် မဖြစ်

ယင်းသို့ အကြိမ်ကြိမ် အထပ်ထပ် သိမ်ကိုနုတ်ရာ သိမ်တွင်း၌ တပါးနှင့် တပါး ဟတ္ထပါသ်ကိုလည်း မစွန့်ရ။ ညောင်စောင်းကွက်ကို ချည်မြှင်ဖြင့်လည်း မတန်းရ။ အထက်က မဏ္ဍပ်စသည် ဆောက်၍

မမိုးရ။ အောက်က ဖျာ သင်ဖြူး စသည်လည်း မခင်းရ။ မိုးလိုလျှင် တပင်တိုင် ထီးဖြူ့ရုံ ဆောက်၍ မိုးရသတည်း။ ခင်းလိုလျှင်လည်း တပါးထိုင်လောက်စာသာ ခင်းရသတည်း။ ဤသို့ပြုလျှင် နှစ်လုံး သုံးလုံး လေးလုံး ကုန်သော သိမ်တို့၏ သမ္ဘေဒအဇ္ဈောတ္ထရဏာသင်္ကရ-ဒေါသများကို ပယ်နိုင်သတည်း။

နုတ်သော အခါလည်း သံဃာသိမ်းရသည်။ ဤကား ငါတို့ ကျေးဇူးရှင် မိုင်းခိုင်း ဆရာတော်ဘုရားကြီး စီမံပုံတည်း။

ဝိနယာလင်္ကာရဋီကာ၌လည်း နုတ်သောအခါ သံဃာသိမ်းရမည်ဟု မိန့်၏။ အဋ္ဌကထာ၌ကား သမုတ်သောအခါသာ သံဃာသိမ်းရပုံ လာသည်။ နုတ်သောအခါ သံဃာသိမ်းရပုံမလာ။ သို့သော် စဉ်းစား ဖွယ်ရှိ၏။ သိမ်သမုတ်လိုသော နေရာနှင့် ထိုရဟန်းတို့ နေသောနေရာ သည် ခဏ္ဍသိမ် အသီးသီး ဖြစ်သော်လည်းကောင်း၊ သိမ်သမုတ်သော နေရာက ဝိသုံဂါမဖြစ်၍ ထိုရဟန်းတို့ နေရာက ပကတိဂါမ ဖြစ်သော် လည်းကောင်း မသိမ်းသော်လည်း အပြစ်မရှိ။ ထိုသိမ်သမုတ်ရာ နေရာနှင့် ထိုရဟန်းတို့ နေရာသည် ရှေးက သမုတ်အပ်ပြီး မဟာသိမ် ဟောင်းကြီး ဖြစ်ခဲ့ပါသော် တခုသောနေရာ၌ ရဟန်းတို့စုဝေး၍ အကြိမ်ပေါင်း ရာထောင်မက နုတ်ပါငြားသော်လည်း ထိုမဟာသိမ်တ စိတ်၌ ဟတ္ထပါသ်တွင် မပါပဲနေသော ရဟန်းတွေအတွက် ဝဂ္ဂကမ္မဖြစ် နေသောကြောင့် ထိုသိမ်မကျွတ်၊ ပင်ပန်းရုံသာ ရှိရာသတည်း။သာသ-နာလည်း အမွန့်ရှည်ကြာရလှပြီး ဖြစ်၍ ဤနေရာမှာ သိမ်ဟောင်းရှိ၏ မရှိဟု အတတ်မသိနိုင်ရှိ၏။ ထို့ကြောင့် သိမ်းခြင်း၊ဆန္ဒတောင်းခြင်း၊ ဟတ္ထပါသ်ပင့်ဆောင်ခြင်း၊ သိမ်မှထွက်စေခြင်း၊ ဗဒ္ဓသိမ်သို့သွင်းခြင်း နေစေခြင်းများသာ သင့်မြတ်ရာသတည်း။ ( မိုင်းခိုင်းဆရာတော်။ )

သီမာသမ္မုတိယံယေဝ၊ ဝဂ္ဂကမ္မံ ဝဒန္တိ တေ။
သမ္မုဟာနေပိ ဂဏှေယျု၊ ယုတ္တဝါဒီတိ နော မတိ။
သိမ်နှုတ်ခန်း ဋီကာ သမတ္တာ။

---

## အုတ်တိုက်ကျောင်းစသည်ဆောက်ပြီးသိမ်သမုတ်သင့်မသင့်

ယခုကာလ အချို့သော ဆရာတော်တို့သည်—

> သစေ ကေယောဇနဒွိယောဇနပ္ပမာဏံ သဗ္ဗံ ပဗ္ဗတံ အန္တော ကတ္တုကာမာ ဟောန္တိ၊ ပဗ္ဗတဿ ပရတော ဘူမိယံ ဇာတရုက္ခ- ဝမ္မိကာဒီနိ နိမိတ္တာနိ ကိတ္တေတဗ္ဗာနိ။

ဟူသော မဟာဝါဥပေါသထက္ခန္ဓကအဋ္ဌကထာ (၃၁၉)ကို ထောက်၍ ဆောက်ပြီး အုတ်တိုက်ကြီးများကိုလည်းကောင်း၊ ကျောင်းကြီးများကိုလည်းကောင်း သိမ်း၍ သိမ်နှုတ် သိမ်သမုတ် ကိစ္စပြုကြလေကုန်ပြီ၊ အချို့လည်း သိမ်သမုတ်ပြီးနောက်မှ နိမိတ်ပြင်ဘက်ကျောင်းကို ချဲ့၍ တသိမ်တည်း လုပ်ကြလေကုန်ပြီ၊ ရှေးက သမုတ်ပြီး ဗဒ္ဓသိမ်မရှိသော နေရာချည်းဖြစ်ခဲ့မူ သင့်ရာ၏။

ထိုတောင်မှာလည်း တောင်နိမိတ်ကြားခန်း၌—

> သစေ ပဗ္ဗတဿ တတိယဘာဂံ ဝါ ဥပဍ္ဎံဝါ အန္တောသီမာယ ကတ္တုကာမာ ဟောန္တိ။ ။ပ။ ကိတ္တေတဗ္ဗံ—

ဟူသော ရှေးဝါကျများကို ထောက်ပြန်သော် ထိုတောင်တစိတ်ကို ဗဒ္ဓသိမ်တခုတွင် သွင်း၍ သမုတ်နိုင်က ကြွင်းတစိတ်ကိုလည်း ဗဒ္ဓသိမ် တခုတွင်းသို့ သွင်း၍ သမုတ်နိုင်သည်မှာ ဒိဋ္ဌလောက် သိမြင်နိုင်ရာ၏။

ယင်းသို့ ဗဒ္ဓသိမ်နှစ်လုံး မရှိရာ၌ သင့်ရာ၏။ ရှိရာ၌မူ မသင့်ရာ။ ယခု ကာလ ညောင်စောင်းကွက်စသည် သား၍ သိမ် သမုတ်ခြင်းလည်း အကျိုးမရှိရာ။ သာသနာအစွန်ကာလ ရှည်လျားပြီးဖြစ်၍ ဗဒ္ဓသိမ် ရှိ မရှိ သိဖို့ရန် ခဲယဉ်းကြသည်သာတည်း။

တသ္မိံ ဝိဟာရေ ခဏ္ဍသီမာယ,မဟာသီမာယပိ ဝါ ဝိဇ္ဇမာနတ္တေ သတိ အဝဿံ ကေသ္မိံမဥ္စဋ္ဌာနေ တာသံ မဇ္ဈဂတာ တေ ဘိက္ခူ-တာ သမူဟနေယျုံ၊ တတော ဂါမသီမာ ဝေ အဝသိဿေယျ။ န ဟေတ္ထ သီမာယ တပ္ပရိစ္ဆေဒဿ ဝါ ဇာနနံ အင်္ဂံ။သီမာယ ပန အန္တောဌာနံ, “သမူဟနိဿမာ”တိ ကမ္မဝါစာယ ကရဏဉ္စေတ္ထ-အင်္ဂံ။ပ။တံ ယုတ္တံ ဝိယ ဒိဿတိ။

(ဝိမတိဝိနောဒနီဋီကာ၊ဒု၊၁၅၆။)

တောင်ဖီလာဆရာတော်ရေး ဝိနယာလင်္ကာရဋီကာ (ပ၊၃၂၅) တို့လာတိုင်း ရှေးဆရာတော်ကြီးတို့ သိမ်နုတ် သိမ်သမုတ်တော်မူသည် ကိုသာ ဒိဋ္ဌာနုဂတိသို့ လိုက်၍ ကျင့်တော်မူကြရာသတည်း။

အလွန်လည်းပေါ့၊ ရှေးက တကယ့်ကျမ်းဂန်တတ် ဆရာတော်ကြီး များ အသုံးမပြုသောနည်းကို အကောင်းကြီးထင်၍ မလိုက်ကြရာ။သာ သနာအစွန့်ရှည်လှလေပြီ၊လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်ကျော်တို့။

---

## ဝိနယစရအင်္ဂါလက္ခဏာကို ပြဆိုခန်း

ဥပဇ္ဈာယာစရိယ နိဿယာစရိယ ဟူသော ပရိသုပဋ္ဌာပကအင်္ဂါ၊ ဘိက္ခုနောဝါဒကာစရိယအင်္ဂါ၊ နိဿယမုစ္စက အင်္ဂါတို့တွင် ဥပဇ္ဈာ-ယာစရိယ နိဿယာစရိယအင်္ဂါမှာ–

(က) ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ဝါစုဂ္ဂတရသည်ဖြစ်၍ ဗဟုဿုတအင်္ဂါနှင့် ပြည့်စုံခြင်း၊

(ခ) ထိုဥဘတောဝိဘင်းဖြင့် သိအပ်သော အာပတ္တိ အနာပတ္တိ လဟုက ဂရုက စသည်ကို သိခြင်းဟူသော ပညာဝန္တ၊ အင်္ဂါနှင့် ပြည့်စုံခြင်း၊

(ဂ) ဥဘတောဝိဘင်းဖြင့် သိအပ်သော အာပတ္တိဝါရကိုသိခြင်း၊

(ဃ) ။ —အနာပတ္တိဝါရကို သိခြင်း၊

(င) ။ —လဟုကပဥ္စအာပတ္တိဝါရကို သိခြင်း၊

(စ) ။ —ဂရုကဒွိအာပတ္တိဝါရကို သိခြင်း၊

(ဆ) ။ —အာပတ်မှ ထမြောက်ကြောင်း ဖြစ်သော ဒေသနာဂါမိ,ဝုဋ္ဌာနဂါမိအခြင်းအရာကိုသိခြင်း၊

(ဇ) ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ဝါစုဂ္ဂတရခြင်း၊

(ဈ) ဖြစ်လာတိုင်းသော မိစ္ဆာအယူကို ကင်းခြင်း, ကင်းစေခြင်းငှာ စွမ်းနိုင်ခြင်း၊

(ည) ဖြစ်လာတိုင်းသော ယုံမှားသံသယ ဝေမတိက ကုက္ကုစ္စကို ဖျောက်ခြင်း, ဖျောက်စေခြင်းငှာ စွမ်းနိုင်ခြင်း၊

(ဋ) အချင်းချင်း ရောယှက်ခြင်းကင်းသော ဝိနည်းပိဋကတ်၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊

(ဌ) အချင်းချင်းရောယှက်ခြင်းကင်းသော အဘိဓမ္မာနာမ်ရုပ် အပိုင်းအခြား၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊

( ၃ ) ဥဘတောဝိဘင်း၌ အကျုံးဝင်သော အာဒိပြဟ္မစရိယ
က သီလသိက္ခာ၌ ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း၊

( ၈ ) မဟာဝါခန္ဓက စူဠဝါ ခန္ဓက၌ အကျုံးဝင်သော
အာဘိသမာစရိယကသီလ သိက္ခာ၌ ကျင့်စေခြင်းငှာ
စွမ်းနိုင်ခြင်း၊

( ၉ ) ပဉ္စင်းခံသည်မှစ၍ ဆယ်နှစ်လုံးလုံး ပြည့်ခြင်း၊

ဤအင်္ဂါ ၁၅-ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဥပဇ္ဈာယ်လုပ်ထိုက်၏။ ဥပဇ္ဈာယ်ပေးထိုက်၏။ နိဿယည်းပေးထိုက်၏။ နိဿယည်းဆရာလုပ်ထိုက်၏။ ဝိနယဓရ ဒိသာပါမောက္ခ ဖြစ်၏။ စံကျောင်းဆရာတော်ဘုရားကြီး ဝိနည်းမိုရ်အင်္ဂါ။ (ပရိဝါသတ္တက၊ ဒသက။)

အထောက်အထားကျမ်းများကား-

အနုဇာနာမိ ဘိက္ခဝေ ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ။

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ။
(ဝိနည်းမဟာဝါပါဠိတော်၊ မဟာခန္ဓက ရာဓပြဟ္မဏဝတ္ထု၊ ၇၅။)

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ နိဿယံ ဒါတုံ။
(မဟာဝါ ပါဠိတော်၊ မဟာခန္ဓက ဗာလ အဗျတ္တဝတ္ထု၊ ၇၉။)

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊နိဿယော ဒါတဗ္ဗော၊သာမဏေရော ဥပဋ္ဌာပေ-

တဗ္ဗော။ အသေက္ခေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန သမာဓိက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန ပညာက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန ဝိမုတ္တိက္ခန္ဓေန သမန္နာဂတော ဟောတိ၊ အသေက္ခေန ဝိမုတ္တိဉာဏဒဿနက္ခန္ဓေန သမန္နာဂတော ဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿယော ဒါတဗ္ဗော၊ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။

(ဝိနည်းမဟာဝါ ပါဠိတော်၊ မဟာခန္ဓက ဥပဇ္ဈာယာစရိယ အင်္ဂါ-လက္ခဏာပြ၊ ၉၀။ ပရိဝါပါဠိတော်၊ ဆက္က၊ ၂၃၇။)

ထို့အတူ —

ဝိနည်းမဟာဝါပါဠိတော် မဟာခန္ဓက၊ (၉၁) အစက စ၍ ပဉ္စက (၁)ခု၊

သဒ္ဓေါ ဟောတိ၊ ဟိရိမာ ဟောတိ၊ ဩတ္တပ္ပီ ဟောတိ၊ အာရဒ္ဓ-ဝီရိယော ဟောတိ၊ ဥပဋ္ဌိတဿတိ ဟောတိ၊ စသည်ဖြင့် ပဉ္စက (၁) ခု၊

န အဓိသီလေ သီလဝိပန္နော ဟောတိ၊အစရှိသည်ဖြင့် ပဉ္စက(၁)ခု၊

ပဏ္ဍိတော ဟောတိ အန္တေဝါသိံ ဝါ သဒ္ဓိဝိဟာရိံ ဝါ ဂိလာနံ ဥပဋ္ဌာတုံ ဝါ ဥပဋ္ဌာပေတုံ ဝါ၊ စသည်ဖြင့် ပဉ္စက (၁)ခု၊

ပဋိဗလော ဟောတိ ။ပ။ အာဘိသမာစာရိယကာယ သိက္ခာယ သိက္ခာပေတုံ၊ အာဒိဗြဟ္မစရိယကာယ သိက္ခာယ ဝိနေတုံ၊ စသည်ဖြင့် ပဉ္စက (၁)ခု၊

( အာပတ္တိံ ဇာနာတိ။ပ။ဉဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ၊ အစရှိသည်ဖြင့် ပဉ္စက (၁)ခု၊

အာပတ္တိံ ဇာနာတိ။ပ။ဒသဝဿော ဝါ ဟောတိ အတိရေက-ဒသဝဿော ဝါ။ စသည်ဖြင့် ပဉ္စက (၁) ခု၊

ဤသို့အားဖြင့် ဥပဇ္ဈာယာ စရိယအင်္ဂါ၊နိဿယာ စရိယအင်္ဂါ၊ပရိ-သုပဋ္ဌာပကအင်္ဂါ သုက္ခပက္ခပဉ္စက (၈)ခု၊ ကဏှပက္ခပဉ္စက (၈)ခု၊ သဗ္ဗညုု မြတ်စွာဘုရား ဟောတော်မူသည်။

မဟာဝါ အဋ္ဌကထာ (၂၇၀)။ ဝိနယသင်္ဂဟ အဋ္ဌကထာ (၁၆၇) လာဘိုင်း ယင်းသို့ဟောတော် မူရာမှာလည်း အနု-ဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ- စသည်ဖြင့် အကျဉ်းဟော အပ်ပြီးသော ဥပဇ္ဈာယ်ဆရာအင်္ဂါ လက္ခဏာကို အကျယ်ပြတော်မူ ခြင်းငှာ ဟောတော်မူသည်။ ယင်းသို့ ဟောရာမှာလည်း အချို့ အာပတ္တိအင်္ဂါ၊အချို့အယုတ္တအင်္ဂါများကိုပေါင်း၍ ဟောတော်မူသည်။ ထို့ကြောင့် ပဉ္စက (၈) ခုဖြစ်၍ ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာ၊ ပရိသုပဋ္ဌာပကအင်္ဂါ၊ ဝိနယဓရအင်္ဂါမှာ အင်္ဂါ (၅)ခု (၈)လီ (၄၀) ရနိုင်။

အယုတ္တ အင်္ဂါအားဖြင့် ပြအပ်သော ပထမ ပဉ္စက၊ဒုတိယ ပဉ္စက၊ တတိယ ပဉ္စကအားဖြင့် အင်္ဂါ (၁၅)ပါး၊

စတုတ္ထ ပဉ္စက၌ ပထမ၊ ဒုတိယ၊တတိယ ပဒ အားဖြင့် (၃) ပါး၊

ပဉ္စမ ပဉ္စက၌ ပထမ၊ ဒုတိယ ပဒ အားဖြင့် (၂) ပါး၊ ပေါင်း အင်္ဂါ (၂၀) တို့ကား အယုတ္တ အင်္ဂါအားဖြင့် ဟောတော်မူသည်။ အာပတ်အင်္ဂါအားဖြင့် မဟော။ ထို့ကြောင့် ဝိနယဓရအင်္ဂါ၊ဥပဇ္ဈာယ် ဆရာ၊ နိဿယည်းဆရာအင်္ဂါ၊ ပရိသုပဋ္ဌာပကဆရာ အင်္ဂါ (၂၀) သာ ရှိသတည်းဟု ဧကန်သိအပ်၏။

(၂၀) အရကား–ဆဋ္ဌ ပဉ္စက၊ သတ္တမ ပဉ္စက၊ အဋ္ဌမ ပဉ္စက အားဖြင့် (၁၅) ပါး။

စတုတ္ထ ပဉ္စက၌ ဗဟုဿုတော ဟောတိ (၁) ပညဝါ ဟောတိ (၁)။ ပေါင်း စတုတ္ထပဒ ပဉ္စမပဒအားဖြင့် (၂) ပါး။

ပဉ္စမ ပဉ္စက၌ ပဋိဗလော ဟောတိ၊ ဥပ္ပန္နံ ကုက္ကုစ္စံ ဝိနောဒေတုံ၊ (၁) အာပတ္တိံ ဇာနာတိ။ (၁) အာပတ္တိယာ ဝုဋ္ဌာနံ ဇာနာတိ။ (၁) ပေါင်း တတိယပဒ၊ စတုတ္ထပဒ၊ ပဉ္စမပဒအားဖြင့် (၃) ပါး။

ဤသို့ရှေ့ (၁၅) ပါး၊ နောက် (၅) ပါးအားဖြင့် ဝိနယဓရအင်္ဂါ (၂၀) ဖြစ်သတည်းဟု သိအပ်၏။ ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ (၂၇၂) ဝိနယသင်္ဂဟ အဋ္ဌကထာ၊ နိဿယကထာ-(၁၆၈) တို့၌–

ဣတိ အာဒိတော တယော ပဉ္စကာ, စတုတ္ထေ တိကံ ပဒါနိ၊ ပဉ္စမေ ဒွေပဒါနီတိ သဗ္ဗေပိ စတ္တာရော ပဉ္စကာ အယုတ္တဝသေန ဝုတ္တာ။ စတုတ္ထေ ပဉ္စကေ ဒွေ ပဒါနိ,ပဉ္စမေ တိကံ, ဆဋ္ဌသတ္တမ-အဋ္ဌမာ တယော ပဉ္စကာတိ သဗ္ဗေပိ စတ္တာရော ပဉ္စကာ အာပတ္တိ အင်္ဂဝသေန ဝုတ္တာ-ဟု မိန့်တော်မူသတည်း။

ထိုအဋ္ဌကထာ၌-စတုတ္ထေ ပဉ္စကေ ဒွေ ပဒါနိ ပဉ္စမေ တိကံ သတ္တမ-အဋ္ဌမာ သရုပ်ကိုလည်း–

ဣမသ္မိံ ပဉ္စကေ ပစ္ဆိမာနိ ဒွေ အာပတ္တိအင်္ဂဝသေန ဝုတ္တာနိ။
ဣမသ္မိံ ပဉ္စကေ ပစ္ဆိမာနိ တိကံ အာပတ္တိအင်္ဂဝသေန ဝုတ္တာနိ။
ဟု ရှေ့၌ဖွင့်အပ်ပြီးသည်ကို ဆောက်၍ သိနိုင်ရာ၏။

ဝိနယာ လင်္ကာရဋီကာ၊ (ပ၊၂၆၃။)၌ သရုပ်ကို ဖွင့်၏။ကျယ်အံ့စိုး၍ မရေးသားပြီ။ အလိုရှိလျှင် ရင်းကို ကြည့်ကြလေ။

န ဥပသမ္ပာဒေတဗ္ဗန္တိ ဥပဇ္ဈာယေန ဟုတွာ န ဥပသမ္ပာဒေတဗ္ဗံ။ န နိဿယော ဒါတဗ္ဗောတိ အာစရိယေန ဟုတွာ နိဿယော န ဒါတဗ္ဗော။ (မဟာဝါအဋ္ဌကထာ၊ ၂၇၁။ စူဠဝါအဋ္ဌကထာ၊ ၈၁။)

ဤပါဠိတော်တို့၌ ဗျတ္တနှင့် ပဋိဗလတို့ အထူးကား –

ဗျတ္တော နာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ။ တသ္မိံ အသတိ ယဿ အန္တမသော ဣဒံ ဥတ္တိစတုတ္ထကမ္မဝါစာမတ္တမ္ပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယမ္ပိ ဣမသ္မိံ အတ္ထေ ဗျတ္တော။ ယော ပန ကုသသောသသေမှာဒိနာ ဝါ ဂေလညေန, ဩဋ္ဌဒန္တဇိဝှါဒိနံ ဝါ အသမ္ပတ္တိယာ, ပရိယတ္တိယံ ဝါ အကတပရိစယတ္တာ န သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံ ဝါ ပဒံ ဝါ ဟာပေတိ၊ အညထာ ဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ၊ အယံ အပ္ပဋိဗလော။ တဗ္ဗိပရီတော ဣမသ္မိံ အတ္ထေ “ပဋိဗလော”တိ ဝေဒိတဗ္ဗော။

(မဟာဝါ မဟာခန္ဓက ရာဓပြောဟ္မဏ ဝတ္ထုဖွင့် အဋ္ဌကထာ၊ ၂၆၄။)

ဝိနည်း အဋ္ဌကထာနှင့်တကွ ဝိနည်းပိဋကတ်ကို နှုတ်တက်ရခြင်း၊ သို့မဟုတ်စွမ်းနိုင်ခြင်း၊ ဥတ္တိစတုတ္ထကမ္မဝါစာ အာဂုံနှုတ်တက်ရသည်ကို ဝါစုဂ္ဂတ၊ ဌာန်, ကရိုဏ်း, ပယတ်, ဗျဉ္ဇနဗုဒ္ဓိ အစီအရင်နှင့်တကွ တတ်သိလိမ္မာသော ဆရာထံ ကျကျနန ဖတ်နည်း ရသည်ကို သုဂ္ဂဟိတ ဆိုသည်။ ဤကား ဗျတ္တ။

ရောဂါရှိ၍ မတတ်နိုင်သူ၊ နှုတ်လျှာ လူတန်းမစေ့သောသူ၊ ပိဋကတ်ကျမ်းဂန်၌ အလေ့အလာအကြားနည်းပါးသောသူကို အပ္ပဋိဗလ၊ သလိပ်ရောဂါစသည် ကင်းရှင်း၊ သွား နှုတ်ခမ်း လျှာစသည် လူတန်းစေ့၊ ပိဋကတ် သင်ကြားကြည့်ရှု ပို့ချအားရှိသူ(၃)ပါး၊ ပဋိဗလ။ ဤကား ပဋိဗလ။

ဤကား ဗျတ္တ ပဋိဗလ နှစ်ပါးအထူးတည်း။ နောက်အဋ္ဌကထာကြီး၊ ဝိနယသင်္ဂဟအဋ္ဌကထာ၌ တမျိုးဖွင့်သေး၏။ (ရှုလေ)

ဥပဇ္ဈာယ်, နိဿယည်း, ပရိသုပဋ္ဌာပက ဆရာအင်္ဂါ။ ဝိနယဓရ အင်္ဂါပြရာ ပါစိတ်ပါဠိတော် တတိယသြဝါဒဝဂ်၊ ပဉ္စမသြဝါဒသိက္ခာပုဒ်၊ အဋ္ဌကထာ(၅၅)၌—

ပရိသုပဋ္ဌာပကေန ဥပသမ္ပဒါယ ဒသဝဿေန သဗ္ဗန္တိမေန ပရိစ္ဆေဒေန ပရိသံ အဘိဝိနယေ ဝိနေတုံ ဒွေ ဝိဘင်္ဂါ ပဂုဏာ ဝါစုဂ္ဂတာ ကာတဗ္ဗာ၊ အသက္ကောန္တေန တီဟိ ဇနေဟိ သဒ္ဓိံ ပရိဝတ္တနက္ခမာ ကာတဗ္ဗာ၊ ကမ္မာကမ္မဉ္စ ခန္ဓကဝတ္တဉ္စ ဥဂ္ဂဟေတဗ္ဗံ။ ပရိသာယ ပန အဘိဓမ္မေ ဝိနယနတ္ထံ သစေ မဇ္ဈိမဘာဏကော ဟောတိ မူလပဏ္ဏာသကော ဥဂ္ဂဟေတဗ္ဗော၊ ဒီဃဘာဏကေန မဟာဝဂ္ဂေါ။ပ။ ယေန ပန သုတ္တန္တတော ဝိနယတော စ ဝုတ္တပ္ပမာဏော ဂန္ထော ဥဂ္ဂဟိတော၊ အယံ ပရိသုပဋ္ဌာပကော ဗဟုဿုတော ဟောတိ ဒိသာပါမောက္ခော ယေနကာမံဂမော၊ ပရိသံ ဥပဋ္ဌာပေတုံ လဘတိ။

ဟု ဖွင့်တော်မူသတည်း။

ဝိနယသင်္ဂဟအဋ္ဌကထာ(၁၆၄)၌ကား အဆုံး လဘတိ-နောက်၌

အယံ ဣမသ္မိံ အတ္ထေ ဗျတ္တောတိ အဓိပ္ပေတော။

ယော ပန အန္တေဝါသိနော ဝါ သဒ္ဓိဝိဟာရိကဿ ဝါ ဂိလာ-နဿ သက္ကောတိ ဥပဋ္ဌာနာဒီနိ ကာတုံ အယံ ဣဓ "ပဋိဗလော"တိ အဓိပ္ပေတော။

ဟူသော ဝါကျပါ၏၊ ကြွင်းအဋ္ဌကထာကြီးနောက်၌ ပါ၏။

ဒိသာပါမောက္ခဆိုသည်ကား – ဝိနည်းအရာ၌ ဒိသာပါမောက္ခကြီး ဝိနည်းဓိုရ်ကြီး, ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောင်ကြီး ဖြစ်၏ ဆိုလိုသည်။

ဤပါဠိအဋ္ဌကထာအတိုင်း ဝိနယဓရအင်္ဂါယူသော် –

၁။ ဥဘတောဝိဘင်းအနက် အဓိပ္ပာယ်ထင်ခြင်း၊သို့မဟုတ် နှုတ်တက်ရွရွ ဝါစုဂ္ဂတရသည်ဖြစ်၍ ဗဟုဿုတအင်္ဂါနှင့် ပြည့်စုံခြင်း။

၂။ ထိုဥဘတောဝိဘင်းဖြင့် သိအပ်သော အာပတ္တိစသည်ကို သိခြင်းဟု ဆိုအပ်သော ပညာဝန္တအင်္ဂါနှင့် ပြည့်စုံခြင်း။

၃။ ဖြစ်လာတိုင်းသော ယုံမှားသံသယ ဝေမတိကကုက္ကုစ္စကို ဖျောက်ခြင်း, ဖျောက်စေခြင်းငှာ စွမ်းနိုင်ခြင်း။

၄။ အာပတ္တိဝါရကို သိခြင်း။

၅။ အာပတ်မှ ထမြောက်ကြောင်း ဒေသနာဂါမ်, ဝုဋ္ဌာနဂါမ် အခြင်းအရာကို သိခြင်း။

၆။ မဟာဝါခန္ဓက, စူဠဝါခန္ဓက၌ အကျုံးဝင်သော အာဘိသမာစာရိယက သီလသိက္ခာ၌ ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း။

၇။ ဥဘတောဝိဘင်း၌ အကျုံးဝင်သော အာဒိဗြဟ္မစရိယက သီလသိက္ခာ၌ ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း။

၈။ အချင်းချင်း ရောယှက်ခြင်းကင်းသော အဘိဓမ္မာ နာမ်ရုပ် အပိုင်းအခြား၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။

၉။ အချင်းချင်း ရောယှက်ခြင်းကင်းသော ဝိနည်းပိဋကတ်၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။

၁၀။ ဖြစ်လာတိုင်းသော မိစ္ဆာအယူကို ကင်းခြင်း, ကင်းစေခြင်းငှာ စွမ်းနိုင်ခြင်း။

၁၁။ အာပတ္တိဝါရကို သိခြင်း။

၁၂။ အနာပတ္တိဝါရကို သိခြင်း။

၁၃။ လဟုကအာပတ္တိဝါရကို သိခြင်း။

၁၄။ ဂရုကအာပတ္တိဝါရကို သိခြင်း။

၁၅။ ဥဘတောဝိဘင်းကို နှုတ်တက်ရရ ဝါစုဂ္ဂတရခြင်း။

၁၆။ အာပတ္တိဝါရကို သိခြင်း။

၁၇။ အနာပတ္တိဝါရကို သိခြင်း။

၁၈။ လဟုကအာပတ္တိဝါရကို သိခြင်း။

၁၉။ ဂရုကအာပတ္တိဝါရကို သိခြင်း။

၂၀။ ပဉ္စင်းခံသည့်နေ့မှစ၍ ဆယ်နှစ်လုံးလုံး ပြည့်ခြင်း။

ဤသို့အားဖြင့် ဝိနယဓရအင်္ဂါလက္ခဏာ, ဥပဇ္ဈာယ်ဆရာအင်္ဂါ, နိဿယည်းဆရာအင်္ဂါ, ပရိသုပဋ္ဌာပက ဆရာအင်္ဂါ ပါဠိ အဋ္ဌကထာတို့၌ (၂၀)လာရခြင်းဖြစ်ပေသည်။

ထို(၂၀)တို့တွင်–

၄။ ၁၁။ ၁၆။အင်္ဂါတို့မှာ တူ၍(၁)ပါးသာယူ။

၁၂။ ၁၇။တို့မှာ လည်းတူ၍(၁)ပါးသာယူ။

၁၃။ ၁၈။တို့မှာ တူ၍ (၁)ပါးသာယူ။

၁၄။ ၁၉။တို့မှာ တူ၍ (၁)ပါးသာယူ။

ဤသို့ အဂ္ဂဟိတဂဟဏနည်းအားဖြင့် ဝိနည်းမိုရ် အင်္ဂါ(၁၅)ပါး ရှိကြောင်းကို ယုံမှားသံသယ ကင်းကင်းကြီး သိနိုင်ရာ၏။

ငါတို့ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးကား–

"ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ"

ဟု ပါဠိ အဋ္ဌကထာ အကျဉ်းချုံး၍ ဝိနယကောသလ္လ၌ ပြတော်မူ၏။

ပါရာဇိကဏ်အဋ္ဌကထာ ပဌမပါရာဇိကအဖွင့် (၁၉၅)၌–

၁။ ဝိနည်းပိဋကတ်ဟူသော သုတ္တ၊

၂။ မဟာပဒေသလေးပါးဟူသော သုတ္တာနုလောမ၊

၃။ သံဂါယနာသုံးတန်တင်အပ်သော ပါဠိမုတ္တကဝိနိစ္ဆယ အဋ္ဌကထာဟူသော အာစရိယဝါဒ၊

၄။ ပိဋကသုံးပုံအဋ္ဌကထာ၌လာသော ထေရဝါဒ ဟူသော အတ္တနောမတိ—

အားဖြင့် (၄) ပါးသော ဝိနယကို ဝိနယဓရတို့ သိရမည်ဟု လာသည်။

တသ္မိံ ပန သိက္ခာပဒေ စ သိက္ခာပဒဝိဘင်္ဂေ စ သကလေ စ ဝိနယဝိနိစ္ဆယေ ကောသလ္လံ ပတ္ထယန္တေန စတုဗ္ဗိဓော ဝိနယော ဇာနိတဗ္ဗော။

စတုဗ္ဗိဓံ ဟိ ဝိနယံ၊ မဟာထေရာ မဟိဒ္ဓိကာ။

နီဟရိတွာ ပကာသေသုံ၊ ဓမ္မသင်္ဂါဟကာ ပုရာ။

စသည်ဖြင့် လာသည်၊ ဤမှတပါး ပါရာဇိကဏ် အဋ္ဌကထာ ပထမ သိက္ခာပုဒ်ဖွင့်(၁၉၉)၌–

၁။ အလုံးစုံသော ဝိနယပိဋကကို နှုတ်တက်ရရှိ ဝါစုဂ္ဂတရ၍ ပါဠိအားဖြင့်လည်းကောင်း၊ အဋ္ဌကထာအားဖြင့်လည်း ကောင်း ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်းအင်္ဂါတပါး၊

၂။ ဝိနည်း အကျင့် သီလ သိက္ခာ၌ လဇ္ဇီပုဂ္ဂိုလ်အဖြစ်ဖြင့် တည်၍ ပါဠိ အဋ္ဌကထာတို့၌ အောက် အထက် ရှေ့ နောက် မတွန့်တိုခြင်း အင်္ဂါတပါး၊

၃။ မိမိကို အစပြု၍ ဆရာအစဉ်ကို အနည်းဆုံး နှစ်ဆက် သုံးဆက် သိခြင်းအင်္ဂါတပါး—

ဤအင်္ဂါသုံးပါးနှင့် ဝိနည်းဓိုရ်မှန်သမျှ ပြည့်စုံရမည်ဟု လာသည်။

ဣမဿ ပန စတုဗ္ဗိဓံ ဝိနယံ ဥ တွာပိ ဝိနယဓရေန ပုဂ္ဂလေန တိလက္ခဏာသမန္နာဂတေန ဘဝိတဗ္ဗံ။ တီဏိ ဟိ ဝိနယဓရဿ လက္ခဏာနိ ဣစ္ဆိတဗ္ဗာနိ။ ကတမာနိ တီဏိ၊ သုတ္တဉ္စဿ သွာဂတံ ဟောတိ သုပ္ပဝတ္တိ သုဝိနိစ္ဆိတံ သုတ္တသော အနုဗျဉ္ဇနသောတိ ဣဒမေကံ လက္ခဏံ။ ဝိနယေ ခေါ ပန ဌိတော ဟောတိ အသံဟီရောတိ ဣဒံ ဒုတိယံ။ အာစရိယပရမ္ပရာ ခေါ ပနဿ သုဂ္ဂဟိတာ ဟောတိ သုမနသိကတာ သူပဓာရိတာတိ ဣဒံ တတိယံ။

ပထမပါရာဇိကအဖွင့် (၁၉၉)။ ပရိဝါအဋ္ဌကထာဒါနဝဂ် စ သည်ကို ထောက်၍ ဖွင့်သည်။

ပရိဝါပါဠိတော် ပဋ္ဌက(၂၃၁)၌ ပဏ္ဍိတဝိနယဓရအင်္ဂါမှာ—

၁။ မိမိ ပြောဆိုအပ်သော စကား၏ အပိုင်းအခြားကို တတ်သိ ယူဆနိုင်ခြင်း၊

၂။ သူတပါး ပြောဆိုအပ်သော စကား၏ အပိုင်းအခြားကို တတ်သိယူဆနိုင်ခြင်း၊

၃။ မိမိစကား အပိုင်းအခြားကို သိ၍ ဟုတ်မှန်သော ဝတ္ထုဖြင့် ဆုံးဖြတ်နိုင်ခြင်း၊

၄။ သူတပါးစကားအပိုင်းအခြားကို သိ၍ ဟုတ်မှန်သော ဝတ္ထု ဖြင့် ဆုံးဖြတ်နိုင်ခြင်း၊

၅။ လဇ္ဇီစုဒိတက၏ ဝန်ခံခြင်းဖြင့် ဆုံးဖြတ်နိုင်ခြင်း—

အားဖြင့် အင်္ဂါ (၅) ပါးလာ၏။ ၎င်း၌ပင်—

၁။ အာပတ္တိဝါရကို သိခြင်း။

၂။ အာပတ်၏အကြောင်း ကိုယ်, နှုတ်ဟူသော မူလကို သိခြင်း၊

၃။ အာပတ်၏ဖြစ်ကြောင်း ဝတ္ထုသမုဋ္ဌာန် (၆) ပါးကို သိခြင်း၊

၄။ အာပတ်၏ချုပ်ကြောင်း ဒေသနာဂါမ် ဝုဋ္ဌာနဂါမ်ကို သိခြင်း၊

၅။ အာပတ်၏ချုပ်ခြင်းသို့ ရောက်ကြောင်း သမထ (၇) ပါးကို သိခြင်း—

ဤသို့ ပဏ္ဍိတဝိနယဓရလက္ခဏာ (၅) ပါးလာ၏။ ၎င်းပါဠိတော် (၂၃၂) ၌—

၁။ အဓိကရုဏ်း (၄) ပါးကိုသိခြင်း၊

၂။ အဓိကရုဏ်း၏ (၃၃)ပါးသော မူလကိုသိခြင်း၊

၃။ အဓိကရုဏ်းဖြစ်ကြောင်း သမုဋ္ဌာန် (၃၃)ပါးကိုသိခြင်း၊

၄။ အဓိကရုဏ်းချုပ်ကြောင်း ဟုတ်မှန်သော ဝတ္ထုဟူသော မြေ၊ စောဒနာ သာရဏာ ဝိနည်းဟူ ဆိုအပ်သော ဝိနယ၊ ဉတ်နှင့် ပြည့်စုံခြင်း ကမ္မဝါစာနှင့် ပြည့်စုံခြင်းဟူသော သတ္ထုသာသန ကို သိခြင်း၊

၅။ အဓိကရုဏ်းချုပ်ခြင်းသို့ ရောက်ကြောင်း သမထ (၇)ပါးကို သိခြင်း–

ဤသို့အားဖြင့် (၅)ပါး လာ၏။

မေဓနာတိ ဘူတေန ဝတ္ထုနာ။ ဝိနယေနာတိ စောဒေတွာ သာရေတွာ။သတ္ထုသာသနေနာတိ ဉတ္တိသမ္ပဒါယ စေဝ အနုသာဝန-သမ္ပဒါယ စ။

(ဘိက္ခုနီ တတိယ ပါရာဇိကဖွင့် အဋ္ဌကထာ၊ ၁၇၇။ မဟာဝါ စမ္မေယျက္ခန္ဓကဖွင့်၊၄၂၇။ ၊ ပရိဝါ စောဒနာကဏ္ဍကဖွင့်၊၂၀၃။)

၁။ အာပတ် (၇) ပုံ၏ ဝတ္ထုကို သိခြင်း၊

၂။ အာပတ် (၇)ပုံ ပညတ်ရာဌာန နိဒါန်းကို သိခြင်း၊

၃။ ထိုထို သိက္ခာပုဒ်၌ ပထမ ပညတ်ကို သိခြင်း၊

၄။ အနုပညတ်ကို သိခြင်း၊

၅။ စောဒက စုဒိတကတို့ ဆိုအပ်သော စကားအစဉ် အဆုံးအဖြတ် အစဉ်ဖြင့် မေထုန်စသော ဝိတိက္ကမဝတ္ထုကို သိခြင်း–

အားဖြင့် ဝိနယဓရအင်္ဂါ (၅)ပါးလာ၏။

၁။ အချင်းခပ်သိမ်း ဥတ်ကိုသိခြင်း၊

၂။ ဥတ်၏ ကံကိစ္စကို သိခြင်း၊

၃။ ရှေး၌ဆိုအပ်သော စကား၊ ဥတ်ထားမှု၌ လိမ္မာခြင်း၊

၄။ နောက်၌ဆိုအပ်သောစကား၌ လိမ္မာခြင်း၊

၅။ ကိုက်တွန်းတောင်းပန်မှု ဆိုရာ၏ဟု ကာလကို သိခြင်း–

အားဖြင့် (၅) ပါးလာ၏၊

၁။ အာပတ်သင့်မှု မသင့်မှုကို သိခြင်း၊

၂။ ဂရုက လဟုက အာပတ်ကိုသိခြင်း၊

၃။ သာဝသေသ အနဝသေသ အာပတ်ကို သိခြင်း၊

၄။ ဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လ အာပတ်ကို သိခြင်း၊

၅။ ဆရာအဆက်ဆက်မှ ကောင်းစွာသင်ယူအပ် နှုတ်လုံးသွင်းအပ် ဆောင်အပ်ခြင်း–

အားဖြင့် (၅)ပါးလာ၏။

ဤသတ္တမ-ပဉ္စက၌ ပဌမ ဒုတိယ တတိယ စတုတ္ထတို့မှာ တူ၏။ ပဉ္စမအင်္ဂါမှာ ပါတိမောက်နှစ်စောင်တို့သည် အကျယ်ဥဘတော ဝိဘင်းအားဖြင့် နှုတ်၌အာဂုံ ကောင်းစွာ ဝေဖန်အပ်ကုန် ပါဠိ အဋ္ဌကထာအားဖြင့် ကောင်းစွာဆုံးဖြတ်နိုင်ခြင်းနှင့်တကွ အင်္ဂါ (၅)ပါး လာ၏။

အဋ္ဌမဝိနယဓရ ပဉ္စက၌ ရှေ(၄)ပါးတူ၏။ အဓိကရုဏ်း၌ ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်းထည့် (၅)ပါးလာ၏။ ဤသို့ ကောတ္တရိကနယ– ပဉ္စက၌ ဝိနယဓရပဏ္ဏိတပြ သုက္ကပက္ခပဉ္စက (၈)ပါးလာ၏။

ဆက္ကမှာလည်း ရှေးမဟာဝါပါဠိတော်နှင့် ထပ်တူ ဆက္က (၇)ပါး လာ၏။ သတ္တကမှာကား-အာပတ္တိ အနာပတ္တိ လဟုက ဂရုကအာပတ် သိမှု (၄) ပါး မူလတည်ပြီးလျှင် သီလရှိသည်ဖြစ်၍ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍ကာယိကအာစာရ,ဝါစသိကအာစာရ, ကာယိကဝါစသိကအာစာရ, ဥပနိဿယဂေါစရ, အာရက္ခဂေါစရ, ဥပနိဗန္ဓဂေါစရ,နှင့် ပြည့်စုံသည်ဖြစ်၍ ငယ်သော အတိုင်းအရှည်ရှိ သော အသဉ္စိစ္စအာပန္န သေခိယအကုသလစိတ္တုပ္ပါဒ် စသော အပြစ် တို့၌ ဘေးကိုရှုသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ဆောက်တည်၍ကျင့်ခြင်း ဈာန် (၄) ပါးကို မငြိုမငြင် မပင်မပန်းရခြင်း၊ အဝိဇ္ဇာ ရာဂတို့မှ လွတ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော သမာဓိ သမထဝိပဿနာကို မျက်မှောက် သိ၍ ပြည့်စုံစေ၍ နေခြင်း။ ၎င်း (၃) ပါးကိုထည့်၍ သတ္တကတပါး။

ဒုတိယ သတ္တက၌ အကြားအမြင် များအောင် ဆည်းပူးခြင်းကို ပဌမ သီလဝါကို နုတ်၍ ၎င်းအရာ၌ ထည့်၍ သတ္တက (၁) ပါး။

တတိယ ဝိနယဓရ သတ္တက၌ ပဌမအင်္ဂါမှာ ဒွေမာတိကာနှစ် စောင်ကို အကျယ်ဖြစ်သောဥဘတောဝိဘင်းအားဖြင့် နှုတ်၌လာခြင်း ကိုထည့်၍ သတ္တက (၁) ပါးလာသည်။

စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ တို့မှာ အဘိညာဉ် (၅) ပါးကို အသီးသီးထည့်၍ သတ္တက (၇) ပါး လာသည်။

အဋ္ဌက၊ နဝကတို့မှာ ဝိနယဓရအင်္ဂါ မလာ။

ဒသက (၂၄၆။ ) ကစ၍ ပဌက နှစ်ခုပေါင်း၍ ဒသက (၄) ခုလာသည်။ ရှေး၌ပါပြီးသော အင်္ဂါများချည်းပင်။ အထူးမပါ။

ထိုတွင် အဂ္ဂမဟာပဏ္ဍိတ ဟူသော ပထမ ဘွဲ့တံဆိပ်တော်၊ ပိဋ္ဋကတ္တယပါရဂူ-ဟူသော ဒုတိယဘွဲ့တံဆိပ်တော် နှစ်ထပ်ရ၊ ကျမ်းဂန်တတ် ကျမ်းဂန်ပြု ကမ္ဘာ့ကျော် လယ်တီဆရာတော် ဘုရားကြီးသည် ဥပဒ္ဈာယာစရိယအင်္ဂါ၊ နိဿယာစရိယအင်္ဂါ၊ ပရိသုပဋ္ဌာပကအင်္ဂါ များကိုပင် ဝိနယဓရအင်္ဂါ လက္ခဏာဟု မိန့်တော်မူသတည်း။

ထို့ကြောင့် ၎င်းဆရာတော် ဘုရားကြီး ရေးသားအပ်သော ဝိနယသံခိပ်ကျမ်း၌—

၁။ ဆယ်ဝါရလျှင်း၊ဝိဘင်းနှစ်ဖြာ၊ နှုတ်တက်စွာ၊ ကမ္မာ-ကမ္မသိ။

၂။ ဝတ်ခန္ဓက၊ ကျေပွန်က၊ မြောက်ထ ဥပဇ္ဈီ။

၃။ နိဿယည်းဆရာ၊ ဥပဇ္ဈာ၊ အင်္ဂါထူးမရှိ။

၄။ ဝိနယဓရ၊ ပါမောက္ခ၊ ဂဏာဓိပတိ။

၅။ ရှင်ပြုတတန်၊ ရဟန်းခံနှင့်၊ ကံငယ်ကံကြီး၊ ဝိနည်းအရာရာ၊ အဖြာဖြာ၊ သူသာစိုးရတိ။

၆။ ရှင်ရဟန်းမွေး၊ ပြုစုရေး၊ လုပ်ကျွေးခံထိုက်၏—

ဟူ၍ ကဗျာသံပေါက် (၆) ခု ရေးသားတော်မူသတည်း။

သုဒဿနဝရ ဓမ္မသာမိ မဟာဓမ္မရာဇာဓိရာဇဂုရု-မြန်မာဘုရင်မင်း ပထမဘွဲ့တံဆိပ်တော်၊ သုဒဿနဓဇ အတုလဓိပတိ သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု- ဟူသော မြန်မာဘုရင်မင်းမြတ် ဒုတိယ ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ၊ကျမ်းတတ် ကျမ်းပြု ကမ္ဘာ့ကျော်စံကျောင်း ဆရာတော် ဘုရားကြီးလည်း ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာ၊ ပရိ-သုပဋ္ဌာပကဆရာ အင်္ဂါလက္ခဏာ(၁၅) ပါးကိုပင် ဝိနယဓရလက္ခဏာ ဟု ယူတော်မူ၏။ ထို့ကြောင့် ထိုဆရာတော်ဘုရားကြီး စီရင်အပ်သော ဝတ္တက္ခန္ဓက နိဿယ၌—

ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာတို့၏ ဂုဏ်ကို နောက်နောက်ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာ ပြုလုပ်လိုသော ပရိသုပဋ္ဌာပက ဗဟုဿုတ လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဓရ ပုဂ္ဂိုလ်တို့ အတတ် နိတတ္တသတုပ္ပါဒ စိန္တာမယညာဏ် ဖြစ်စေခြင်းငှာ ပါဠိ အဋ္ဌကထာ ဋီကာလာတိုင်း ညှိနှိုင်းတိုင်းထွာ၍ ၎င်းတို့၏ ဂုဏ်သကတ်ကို အတတ်နိတတ္တ ပြဆိုလိုက်အံ့ဟုမိန့်တော်မူသတည်း။

ထိုစကားမှန်၏။ပရိသုပဋ္ဌာပကနှင့် ဝိနယဓရကို အရတူပင်မိန့်တော်မူသည့်ကို ထောက်ထားအပ်၏။ ထိုဆရာတော်တို့၏ စကားသည်—

အယံ ပရိသုပဋ္ဌာကော ဗဟုဿုတော ဟောတိ ဒိသာပါမောက္ခော ယေနကာမံဂမော၊ ပရိသံ ဥပဋ္ဌာပေတုံ လဘတိ။

ဟူသော ဩဝါဒသိက္ခာပုဒ်ဖွင့် (ဝိ၊ဌ၊၃၊၅၅) ဝိနယသင်္ဂဟ အဋ္ဌကထာ(၁၆၄)တို့နှင့် ညီညွတ်လှ၏။ ပရိသုပဋ္ဌာပကဗဟုဿုတ ရဟန်းအင်္ဂါ(၁၅)ပါးနှင့် ပြည့်စုံလျှင် အရပ်(၄)မျက်နှာ၌နေသော ရဟန်းတို့၏ ဝိနည်းအရာမှာ ပါမောက္ခအကြီးအမှူးဖြစ်ပြီ၊ အလိုရှိရာသွားလျက် ပရိသတ်ခမွှးမြူအပ်ပြီဟု ဖွင့်၏။ ထိုဆရာတော်ဘုရားကြီးတို့သည် ဥပဇ္ဈာယာစရိယအင်္ဂါနှင့် ဝိနယဓရအင်္ဂါမှာ ပဓာနလိုရင်းအင်္ဂါ တူမျှသည်ကို ရည်၍ မိန့်တော်မူသည်ဟု မှတ်အပ်၏။ နောက်ပြလတ္တံ့ သာဓကများနှင့် စပ်ကြည့်။

အယံ နိဿယော နာမ ကေန ဒါတဗ္ဗော၊ ကေန န ဒါတဗ္ဗော။ပ။ ယော ဗျတ္တော ဟောတိ ပဋိဗလော ဥပသမ္ပဒါယ ဒသဝဿော ဝါ အတိရေကဒသဝဿော ဝါ၊ တေန ဒါတဗ္ဗော၊ ဣတရေန န ဒါတဗ္ဗော၊ သစေ ဒေတိ၊ ဒုက္ကဋံ အာပဇ္ဇတိ။

ဓတ္တ စ "ဗျတ္တော"တိ ဣမိနာ ပရိသုပဋ္ဌာပကဗဟုဿုတော ဝေဒိတဗ္ဗော။

(ဝိနယသင်္ဂဟ အဋ္ဌကထာ၊ ၁၆၄။)

ယင်းအဋ္ဌကထာစကားသည်–

ဣတော ပဋ္ဌာယ စ ပန ယတ္ထ ယတ္ထ နကာရေန ပဋိသေဓော ကရိ-ယတိ။သဗ္ဗတ္ထ ဒုက္ကဋ္ဋာပတ္တိ ဝေဒိတဗ္ဗာ။ အယံ ဟိ ခန္ဓကဓမ္မတာ။

မဟာဝါခန္ဓက ဥပဇ္ဈာယဝတ္တကထာဖွင့် အဋ္ဌကထာ (၂၅၉) နှင့် ညီ၏။ချင့်ချိန်စဉ်းစားရန်ကား–ဥပဇ္ဈာယ်ဆရာအင်္ဂါ၊ နိဿယာစရိယ အင်္ဂါတို့နှင့် ပရိသုပဋ္ဌာပကအင်္ဂါ တူမျှကြောင်း မဟာဝါ အဋ္ဌကထာ ဝိနယသင်္ဂဟအဋ္ဌကထာ၌ သံဝဏ္ဏေတဗ္ဗ ပါဠိတော်နှင့် သံဝဏ္ဏနာ အဋ္ဌကထာစပ်၍ ဖွင့်သောကြောင့် သိရ၏။ ထိုအင်္ဂါပြ ပါဠိတော်၌ အင်္ဂါ-၄၀ ပဥ္စက(၈)ခုလာသော်လည်း ဗုဒ္ဓမတညူဖြစ်သော အဋ္ဌကထာ ကြီးနှင့် ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ အဓိသီလအင်္ဂါ၊ အာပတ္တိအင်္ဂါ (၂)မျိုးခွဲပြီးလျှင် အဓိသီလအင်္ဂါပြ(၂၀)ကို ပယ်၍ အာပတ္တိအင်္ဂါပြ (၂၀) သာ ၎င်းအင်္ဂါပြဖြစ်ကြောင်း နီတတ္ထ ယထာရုတအားဖြင့် အဋ္ဌကထာကြီး ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ ပြ၏။ ၎င်း(၂၀)တွင် တူရာပေါင်း၍ အင်္ဂါ(၁၅)ပါးရှိကြောင်း စံကျောင်းဆရာတော်ဘုရား ကြီးက ၎င်းရေးနိဿယ၌ ပြတော်မူ၏။

ဘိက္ခုနောဝါဒက ဗဟုဿုတ အင်္ဂါ၊ ဩဝါဒ သိက္ခာပုဒ် ပါဠိ အဋ္ဌကထာ ဋီကာတို့ကို အကျဉ်းချုံး၍–

သီလဝါတိအာဒိ ဓကမင်္ဂ၊ ဗဟုဿုတော ဟောတီတိအာဒိ ဒုတိယံ၊ ဥဘယာနိ ခေါ ပနဿာတိအာဒိ တတိယံ၊ ကလျာဏ-ဝါစော ဟောတိ ကလျာဏဝါက္ကရဏောတိ စတုတ္ထံ၊ ယေဘုယျေန

ဘိက္ခုနီနံ ပိယော ဟောတိ မနာပေါတိ ပဉ္စမံ၊ ပဋိဗလော ဟောတိ ဘိက္ခုနိယော ဩဝဒိတုန္တိ ဆဋ္ဌံ၊ နခေါ ပနေတန္တိအာဒိ သတ္တမံ၊ ဝီသတိဝဿောတိအာဒိ အဋ္ဌမန္တိ ဝေဒိတဗ္ဗံ။

(ဩဝါဒသိက္ခာပုဒ် ပါစိတျာဒိ အဋ္ဌကထာ၊ ၅၇။)

သီလံ သုတဉ္စ သဒ္ဒါဂတံ၊ ဝါစော ပိယော ပဋိဗလော။
နဇ္ဈာပန္နော ဝီသာဓိကော၊ ဘိက္ခုနောဝါဒကင်္ဂိမေ။

(ဆရာတော်ဦးဗုဓ် ပါတိမောက်နိသျ။)

ငါးဝါရရေး၊ ဒွေမာတိကာ၊ကမ္မာ-ကမ္မ၊ အင်သုံးဝါ၊နိဿယမုစ္စကာ။

သုတ္တန္တ္တာစတုဗ္ဘာဏဝါ၊ ပဉ္စဝဿေန မာတိကာ။
အမ္မဋ္ဌောဝကထာမဂ္ဂေါ၊ တိဝဿော စ အနုမောဒနာ။

(ဝိနယကောသလ္လကျမ်း။)

ယာဝ န အညံ ဘိက္ခုံ ဗျတ္တံ ဝိနယဓရံ ပရိပုစ္ဆာမိ။

(ပါတိမောက်ပါဠိတော်။)

ယာဝ။ပ။ပရိပုစ္ဆာမီတိ ပဏ္ဍိတံ ဗျတ္တံ မေဓာဝိံ ဗဟုဿုတံ ဓမ္မကထိကံ ပရိပုစ္ဆာမီတိ ဘဏတိ။

(ဘိက္ခုပါစိတ် သဟဓမ္မိကသိက္ခာပုဒ်ပါဠိတော်၊ ၁၈၆။)

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာတိအာဒိမှိ ဗျတ္တော ပုဗ္ဗေ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ ဝုတ္တလက္ခဏောယေဝ။

(မဟာဝါခန္ဓက အဋ္ဌကထာ၊ ၂၆၆။)

ဤပါဠိအဋ္ဌကထာများကို ထောက်သော် ဥဘတော ဝိဘင်းကို အနက်အဓိပ္ပာယ်ထင်မြင် နှုတ်တက်ရွရွ ဝါစုဂ္ဂတရခြင်း ဗဟုဿုတ အင်္ဂါ၊ ကံကြီးကံငယ် ဝတ်ကြီး ဝတ်ငယ် စသည်နှင့် ပြည့်စုံလျှင် ဝိနယဓရ အင်္ဂါမြောက်၏ဟု ယူရန်ရှိသည်။

ဒသဟာဂေ်ဟိ သမန္နာဂတော ဘိက္ခု ဥပ္ပာဟိကာယ သမန္နိတဗ္ဗော။ သီလဝါ ဟောတိ ပါတိမောက္ခသံဝရသံဝုတော ဝိဟာရတိ အာစာရဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု၊ ဗဟုဿုတော ဟောတိ သုတဓရော သုတသန္နိစယော၊ ယေ တေ ဓမ္မာ အာဒိ-ကလျာဏာ မဇ္ဈေကလျာဏာ ပရိယောသာနကလျာဏာ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ အဘိဝဒန္တိ၊ တထာ-ရူပဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ၊ ဥဘယာနိ ခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ သုဝိဘတ္တာနိ သုပ္ပဝတ္တီနိ သုဝိနိစ္ဆိတာနိ သုတ္တသော အနုဗျဉ္ဇနသော၊ ဝိနယေခေါ ပန ဆေကော ဟောတိ အသံဟီရော၊ပဋ္ဌိဗလော ဟောတိ ဥဘော အတ္ထပစ္စတ္ထိကေ သညာပေတုံ နိဇ္ဈာပေတုံ ပေက္ခေတုံ ပသိတုံ ပသာဒေတုံ၊ အဓိကရဏသမုပ္ပါဒဝူပသမနကုသလော ဟောတိ၊ အဓိကရဏံ ဇာနာတိ၊ အဓိကရဏသမုဒယံ ဇာနာတိ၊ အဓိကရဏနိရောဓံ ဇာနာတိ။ အဓိကရဏနိရောဓဂါမိနိပဋိပဒံ ဇာနာတိ။ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ ဒသဟာဂေ်ဟိ သမန္နာ-ဂတံ ဘိက္ခုံ ဥပ္ပာဟိကာယ သမ္မန္နိတုံ။

(စူဠဝါပါဠိတော် စတုတ္ထသမထက္ခန္ဓက၊၂၂၃။)

၎င်းပါဠိတော်လာစကားရပ်နှင့် ပါစိတ်ပါဠိတော်ဩဝါဒဝဂ်(၇၃)လာ ဘိက္ခုနောဝါဒက ဗဟုဿုတအင်္ဂါနှင့် သီလဝါ-အစ အနုဗျဉ္ဇနသော တိုင်တူ၏၊ ၎င်းအတူစကားမှာ သီလဝါ-အစ သိက္ခာပဒေသု

တိုင် သီလရှိခြင်း အင်္ဂါ(၁)ပါးသာတည်း။ (အောက်ကဖွင့်ပြီး ဖြစ်၍ ဤမှာ မဖွင့်)

သီလဝါတိအာဒိ ကေမင်္ဂ။ (ပါစိတ်အဋ္ဌကထာ၊ ၅၇။)

ဗဟုသုတော-အစ သုတသန္နိစယောတိုင် အကြားအမြင်များခြင်း အင်္ဂါ(၁)ပါးသာ။

ဗဟုဿုတောဟောတိတိအာဒိ ဒုတိယံ။ (ပါစိတျာဒိအဋ္ဌကထာ၊ ၅၇၊ ပင်ထောက်)

ဥဘယာနိ-အစ-အနုဗျဉ္ဇနသောတိုင်- ဥဘတောဝိဘင်းနှင့်တကွ ပါတိမောက် နှစ်စောင်ရခြင်း၊ သို့မဟုတ်၊ ဋီကာအလို အနက် အဓိပ္ပါယ် ထင်မြင်ခြင်းအင်္ဂါ(၁)ပါးသာ။ ဤသို့ အင်္ဂါ (၃) ပါး တူသတည်း။ ၎င်းအဖွင့်မှာ ပါစိတ်ဩဝါဒ သိက္ခာပုဒ်အဖွင့် (၅၆) စသည်ရှု။ သည်မှာ မဖွင့်။

ဝိနည်းအကျင့်၌ လဇ္ဇီအဖြစ်ဖြင့် တည်လျက် ဝိနည်းပါဠိ အဋ္ဌကထာ လိမ္မာကျွမ်းကျင်ခြင်း စတုတ္ထအင်္ဂါ၊ ၎င်းမှာ ပါရာဇိကဏ် ပထမပါရာဇိကဖွင့် (၁၉၉)ရှု။

အတ္တပစ္စတ္ထိက သာသနပစ္စတ္ထိက နှစ်ဦးတို့ကို အကြောင်းနှင့်တကွ ကြေနပ်လောက်အောင် ကြည့်စေ ရှုစေ၊ ကြည့်စေခြင်းငှါ စွမ်းနိုင်ခြင်း ပဉ္စမအင်္ဂါ(၁)ပါး။ ဤကား ငါတို့အလို ပါစိတ်ဝိလေခန သိက္ခာပုဒ် အဋ္ဌကထာ(၁၄၁)ကိုထောက်သည်။

ပစ္စည်းလေးပါးကြောင့် ရန်သူဖြစ်သော ရဟန်းဟူသည် ပရိဝါ-အဋ္ဌကထာအဓိကရဏဘေဒဖွင့် (၁၉၄) အဋ္ဌကထာနှင့်ညီသည်။ အဓိကရုဏ်းဖြစ်ခြင်းကို ငြိမ်းစေခြင်း၌ လိမ္မာခြင်း ဆဋ္ဌအင်္ဂါ။

(စူဠဝါပါဠိတော်သမထက္ခန္ဓက၊ ၂၂၃။)

ပရိဝါ၊ အဓိကရဏဘေဒ (၂၆၄) လာ အဓိကရဏ်းလေးပါးကို သိခြင်း သတ္တမအင်္ဂါ၊

အဓိကရဏ်းဖြစ်ကြောင်း (၃၃)ပါးကို သိခြင်း အဋ္ဌမအင်္ဂါ။

အဓိကရဏ်းချုပ်ခြင်း, ဓမ္မ, ဝိနယ, သတ္ထုသာသနကို သိခြင်း နဝမအင်္ဂါ။

အဓိကရဏ်း ချုပ်ခြင်းသို့ ရောက်ကြောင်း သမထ (၇) ပါးကို သိခြင်း ဒသမအင်္ဂါအားဖြင့် ဝိနယဓရအင်္ဂါ (၁၀)ပါး လာသည်။ လေးပါးအဓိပ္ပါယ်ကို ပရိဝါပဋ္ဌကလာ ပါဠိ အဋ္ဌကထာကို သာဓကပြုသည်။

မဟုတ်မလျှား တားမြစ်ခြင်းရှိသောကြောင့် နှစ်ပါး သုံးပါးသော ရဟန်းတို့ ရွေးကောက်၍ ဆုံးဖြတ်ကြောင်းဖြစ်သော ဥဗ္ဗာဟိကကမ္မဝါစာကို ဥဗ္ဗာဟိကာယ အရယူ။

ထိုဝိနယဓရအင်္ဂါကို ဂါထာစီကုံး၍ နောက်သားတို့ မှတ်သားရန် ရေးလိုက်အံ့—

သီလံ သုတဉ္စ သွာဂတံ၊ လဇ္ဇီ သမော ပဋိဗ္ဗလော။

ဓိကရဏံ သမုဒယံ၊ နိရောဓံ ဂါမိနီ ဒသ။

ဝိနယဓရအင်္ဂါနိ၊ ဝုတ္တာနာဒိစ္စဗန္ဓုနာတိ။

သီလံ၊သီလရှိခြင်းလည်းကောင်း။ သုတံ၊ အကြားအမြင်များခြင်းလည်းကောင်း။သွာဂတံ၊ဥဘတောဝိဘင်းကို နှုတ်၌ရခြင်းအနက် အဓိပ္ပာယ် ထင်မြင်ခြင်းလည်းကောင်း။လဇ္ဇီ၊ဝိနည်းအကျင့်၌လဇ္ဇီအဖြစ်ဖြင့် တည်ခြင်းလည်းကောင်း။ သမော၊ အဓိကရဏ်းဖြစ်မှုကို ငြိမ်းစေခြင်း၌ လိမ္မာခြင်း လည်းကောင်း။ ပဋိဗ္ဗလော၊ သက်နိုးစသော ပစ္စည်း

အတွက် ရန်သူရဟန်းတို့ကို ကျေနပ်အောင် ပြောဆိုခြင်း၌ စွမ်းနိုင်ခြင်းလည်းကောင်း။ အဓိကရဏံ၊ ဓမ္မ အဓမ္မ-စသည် ငြင်းခုံခြင်း ဝိဝါဒါဓိကရုဏ်း၊ သီလပျက်စီးခြင်း, အကျင့်ပျက်စီးခြင်း, အယူပျက်စီးခြင်း, အသက်မွေးမှုပျက်စီးခြင်းဖြင့် စွပ်စွဲခြင်း အနုဝါဒါဓိကရုဏ်း၊ အာပတ် (၇) ပုံသင့်မှု အာပတ္တာဓိကရုဏ်း၊ ကံကြီး ကံငယ် ဟူသော ကိစ္စာဓိကရုဏ်းအားဖြင့် (၄) ပါးသော အဓိကရုဏ်းကို သိခြင်းလည်းကောင်း။ သမုဒယံ၊ အဓိကရုဏ်းဖြစ်ကြောင်း သမုဋ္ဌာန် (၃၃) ပါးကို သိခြင်းလည်းကောင်း။ နိရောဓံ၊ အဓိကရုဏ်း ချုပ်ကြောင်း ဓမ္မ ဝိနယ သတ္ထုသာသနကို သိခြင်းလည်းကောင်း။ ဂါမိနီ၊ အဓိကရုဏ်း ချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့် သမထ (၇)ပါးကို သိခြင်းလည်းကောင်း။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဒသ၊ ဆယ်ပါးကုန်သော။ ဝိနယဓရအင်္ဂါနိ၊ ဝိနည်းကို ဆောင်သော ရဟန်း၏ အင်္ဂါတို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေမြတ်စွာဘုရားသည်။ ဝုတ္တာနိ၊ ပဓာနအားဖြင့် စူဠဝါ-သမထက္ခန္ဓကာ၌ ဟောတော်မူအပ်ကုန်၏။

ပရိဝါပါဠိတော် ဝေါဟာရဝဂ် အတ္တာဒါနဝဂ် စသည်၌ လာသော ဝိနယဓရ အင်္ဂါများလည်း ယခင်ပြအပ်ပြီးသော ဝိနယဓရ အင်္ဂါများတွင် ပါဝင်ကြ၍ အသီးမဆိုလိုက်ပြီ။

ဝိနယဓရ အင်္ဂါဝိနိစ္ဆယ ပြီး၏။

---

## အဓိကရုဏ်း ၄-ပါး ပြခန်း

ဤနေရာ၌ ဝိနည်းမိုရ်နှင့်စပ်သော အရာဖြစ်၍ (က) အဓိကရုဏ်း (၄) ပါးကိုလည်း သိသင့်သည်။ (ခ) သမထ (၇)ပါးကိုလည်းသိသင့်သည်။ (ဂ) သမ္မုခါ (၄)ပါးကိုလည်း သိသင့်သည်။

(က) အဓိကရဏ်းကား

စတ္တာရိ မာနိ ဘိက္ခဝေ အဓိကရဏာနိ ဝိဝါဒါဓိကရဏံ အနုဝါဒါဓိကရဏံ အာပတ္တာဓိကရဏံ ကိစ္စာဓိကရဏံ၊ ဟူသော စူဠဝါ သမထက္ခန္ဓက (၂၁၁) ပရိဝါ-အဓိကရဏဘေဒ (၂၆၄)တို့နှင့် အညီ သမထတို့တည်ရာ ဖြစ်ရာ အဓိကရဏ်းဟူသည် (၄) ပါးရှိ၏။ ထို (၄)ပါးတို့တွင် –

၁။ ဓမ္မ အဓမ္မ စသည်ဖြင့် ငြင်းခုံခြင်းကို ဝိဝါဒါဓိကရဏ်းဆိုသည်။

၂။ သီလ အကျင့် အယူ အသက်မွေးမှု ပျက်စီးခြင်းဖြင့် ဆဲရေးခြင်း စောဒနာခြင်းဟု ဆိုအပ်သော စွပ်စွဲခြင်းကို အနုဝါဒါ-ဓိကရဏ်း ဆိုသည်။

၃။ ငါးပါးသော အာပတ်အစု၊ ခုနစ်ပါးသော အာပတ်အစုကို အာပတ္တာဓိကရဏ်းဆိုသည်။

၄။ အပလောကနကံ စသော ကံ (၄)ပါးတို့တွင် တပါးပါးသော ကံပြုခြင်းကို ကိစ္စာဓိကရဏ်းဆိုသည်။

ပထိုကြောင့်။ ။ဣဓ ဘိက္ခဝေ ဘိက္ခူ ဘိက္ခုံ ဝိဝဒန္တိ ဓမ္မော-တိဝါ အဓမ္မောတိဝါ-စသည်ဖြင့် စူဠဝါပါဠိတော် သမထက္ခန္ဓက စသည်၌ ဟောတော်မူအပ်ပြီ။ ကင်္ခါအဋ္ဌကထာ စသည်မှာလည်း အဓိကရဏာ သရုပ်ကို ဖွင့်အပ်ပြီ။

---

## သမထ (၇)ပါး ပြခန်း။

(ခ) သမထ (၇) ပါးကား=

၁။ သမ္မုခါဝိနယသမထ။

၂။ သတိဝိနယသမထ။

၃။ အမူဠ္ဟဝိနယသမထ။

၄။ ပဋိညာတကရဏသမထ။

၅။ ယေဘုယျသိကာသမထ။

၆။ တဿပါပိယသိကာသမထ။

၇။ တိဏဝတ္ထာရကသမထ။

ဟူ၍ (၇)ပါးရှိ၏။

ထို့ကြောင့် ပါစိတ်ပါဠိတော် (၂၇၂) ၌-

ဥပ္ပန္နုပ္ပန္နာနံ အဓိကရဏာနံ သမထာယ ဝူပသမာယ သမ္မုခါဝိနယော ဒါတဗ္ဗော၊ သတိဝိနယော ဒါတဗ္ဗော၊ အမူဠ္ဟဝိနယော ဒါတဗ္ဗော၊ ပဋိညာယ ကာရေတဗ္ဗံ၊ ယေဘုယျသိကာ၊ တဿပါပိယသိကာ၊ တိဏဝတ္ထာရကောတိ-

ဟု ဟောတော်မူသည်။

---

## သမ္မုခတာ ၄-ပါး ပြခန်း

(က) သမ္မုခတာလည်း-

၁။ သံဃသမ္မုခတာ။

၂။ ဓမ္မသမ္မုခတာ။

၃။ ဝိနယသမ္မုခတာ။

၄။ ပုဂ္ဂလသမ္မုခတာ။

အားဖြင့် (၄) ပါးရှိ၏။

ထို့ကြောင့် စူဠဝါပါဠိ သမထက္ခန္ဓက (၂၂၃) ၌-

ကိဉ္စ တတ္ထ သမ္မုခါဝိနယသ္မိံ၊ သံဃသမ္မုခတာ ဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ ပုဂ္ဂလသမ္မုခတာ-စသည်ဖြင့် ဟောတော်မူသည်။

၁။ သံဃာညီညွတ်သည့် အစွမ်းအားဖြင့် ကာရက သံဃာ၏ မျက်မှောက်၏ အဖြစ်ကို သံဃသမ္မုခတာ ဆိုသည်။

၂။ ငြိမ်းစေအပ်သော ဟုတ်မှန်သော ဝတ္ထု၏ မျက်မှောက်၏ အဖြစ်ကို ဓမ္မသမ္မုခတာ ဆိုသည်။

ဓမ္မသဒ္ဒါကား သစ္စတ္ထ၊

"ဘူတေန ဝတ္ထုနာ" တိ ဣမိနာ ဓမ္မသဒ္ဒဿ သစ္စတ္ထံ ဒဿေတိ။
(မဟာဝါ ယောဇနာ၊ ၃၉၅။)

၃။ အကြောင်းဝိနယ သတ္ထုသာသနဖြင့် ထိုအဓိကရုဏ်းသည်ငြိမ်း၏၊ ထိုအဓိကရုဏ်းငြိမ်းကြောင်း ဝိနယ သတ္ထုသာသန၏ မျက်မှောက်၏ အဖြစ်သည် ဝိနယသမ္မုခတာ မည်၏။
(ယေန ဓမ္မေန စသည်ထောက်)

၄။ ဝိဝါဒဟု ဆိုအပ်သော အကြောင်း ကိစ္စ၌ ဆန့်ကျင့်ဘက်ကို အလိုရှိကုန်သော တရားလို တရားခံ (တနည်း) စောဒက စုဒိတကတို့၏ မျက်မှောက်၏ အဖြစ်ကို ပုဂ္ဂလသမ္မုခတာ ဆိုသည်။

ဟုတ်မှန်သော ဝတ္ထုကို ဓမ္မဆိုသည်။

စောဒနာ သာရဏာ ဝိနည်းကို ဝိနယဆိုသည်။

ကမ္မပတ္တ ရဟန်းတို့ ဟတ္ထပါသ်သို့ ရောက်ခြင်း၊ ဆန္ဒာရဟပုဂ္ဂိုလ်တို့ ဆန္ဒကိုဆောင်ခြင်း၊ မျက်မှောက်ရောက်သော ရဟန်း၏ မတားမြစ်ခြင်း ဤ (၃) ပါးနှင့် ပြည့်စုံသော ကာရကကံပြု သံဃာကို သံဃာ ဆိုသည်။

စောဒက စုဒိတက ကံပြုခံရသော ရဟန်းကို ပုဂ္ဂလဆိုသည်။

၎င်း (၄) ပါး မျက်မှောက်ကို သမ္မုခါဆိုသည်။

ထို့ကြောင့် စူဠဝါပါဠိ သမထက္ခန္ဓက(၂၂၀၁) ၌ –

ယာဝတိကာ ဘိက္ခူ ကမ္မပ္ပတ္တာ။ (ပ) အယံ တတ္ထ ပုဂ္ဂလသမ္မုခတာ။

ဟု ဟောတော်မူသတည်း။

ကခ်ါ အဋ္ဌကထာ (၂၇၉)။ သာရတ္ထဒီပနီဋီကာ (တ၊၄၉၂) ၌ လည်း ၎င်းပါဠိတော်အတူပင်။

ဘူတေန ဝတ္ထုနာ ကတံ ဓမ္မေန ကတံ နာမ ဟောတိ။

ဝိနယေ ာတိ စောဒနာ စ သာရဏာ စ။ သတ္ထုသာသနန္တိ ဉတ္တိသမ္ပဒါ အနုဿာဝနသမ္ပဒါ စ။

(မဟာဝါ စမ္မေယျက္ခန္ဓက အဋ္ဌကထာ၊ ၄၂၃။)

အဘူတဝတ္ထုဝသေန အဓမ္မကမ္မံ ဘူတဝတ္ထုဝသေန ဓမ္မကမ္မဉ္စ။

(မဟာဝါအဋ္ဌကထာ၊ ၄၂၉။)

ဘူတေန ဝတ္ထုနာ စောဒေတွာ သာရေတွာ ယထာပဋိညာယ ကာတဗ္ဗံ ကမ္မံ ဓမ္မော နာမ၊ အဘူတေန ဝတ္ထုနာ အစောဒေတွာ အသာရေတွာ အပဋိညာယ ကာတဗ္ဗံ ကမ္မံ အဓမ္မော နာမ။

(စူဠဝါသံဃဘေဒကအဖွင့် အဋ္ဌကထာ၊ ၁၁၄။)

ဓမ္မောတိ ဘူတံ ဝတ္ထု။ ဝိနယောတိ စောဒနာ စေဝ သာရဏာ စ။ သတ္ထုသာသနန္တိ ဉတ္တိ သမ္ပဒါ စေဝ အနုဿာဝနသမ္ပဒါ စ။ တေန ဟိ ဓမ္မေန စ ဝိနယေန စ သတ္ထုသာသနေန စ အဓိကရဏံ ဝူပသမတိ။

(ပရိဝါ အဋ္ဌကထာ စောဒနာကဏ္ဍ၊ ၂၀၃၊၄။ ပရိဝါ သာရတ္ထဒီပနီ၊တ၊ ၄၉၂။ ဝိနယသင်္ဂဟာဋ္ဌ၊၃၁၁။)

သမ္မုခတာ( ၄ ) ပါး ပြီး၏။

## သမထ (၇) ပါး-အဓိပ္ပာယ်

၁။ သံဃာ,ဓမ္မ,ဝိနယ,ပုဂ္ဂလတို့ မျက်မှောက်၌ ပေးအပ်သော ဝိနည်းကံကို သမ္မုခါဝိနယသမထ ဆိုသည်။

၂။ အောက်မေ့ခြင်းသတိကိုမှီ၍ ပေးအပ်သော ဉတ္တိစတုတ္ထ ဝိနည်းကံကို သတိဝိနယသမထ ဆိုသည်။ သတိပြန့်ပြော သောရဟန္တာအား ပေးအပ်သော ဝိနည်းဆိုလိုသည်။

၃။ မတွေဝေသော ရဟန်းအား ပေးအပ်သော ဉတ္တိစတုတ္ထ ဝိနည်းကံကို အမူဠှဝိနယသမထ ဆိုသည်။ ရူးသောရဟန်း အား ပေးအပ်သည်ဆိုလိုသည်။

၄။ ပဋိညာ အာစုသော တာ အာပတ္တိယော ဟု ဆိုအပ်သည် ရှိသော် အာမ ဘန္တေ ပဋိဇာနာမိ ဟု ဝန်ခံခြင်းဖြင့် အာယတိံ သံဝရေယျာသိ ဟု ဆုံးဖြတ်အပ်သော သမထ ကို ပဋိညာ ကရဏသမထဆိုသည်။

၅။ ဓမ္မဝါဒီ များရာသို့ လိုက်၍ ပြုစေအပ်သော သမထကိုယေ- ဘုယျသိကာ သမထဆိုသည်။

၆။ ဥပဝါဒ္ဓရဟန်းကဲ့သို့ ယုတ်မာသော ပုဂ္ဂိုလ်အား ပြုအပ် သော ဉတ္တိစတုတ္ထကံကို တဿပါပိယသိကာ သမထဆိုသည်။

၇။ မစင် ကျင်ငယ်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ ပြုအပ်သော သမထကို တိဏဝတ္ထာရက သမထဆိုသည်။ စူဠဝါ သမထက္ခ- န္ဓက၊ ပါဠိ အဋ္ဌကထာ ဋီကာ ထောက်။

ဤကား သမထ (၇) ပါး အဓိပ္ပာယ် ပြဆိုချက်ပြီး၏။

## သမထနှင့် အဓိကရုဏ်း တိုက်ဆိုင်ပြခန်း

ထို အဓိကရုဏ်း(၄)ပါးတို့တွင် ဝိဝါဒါဓိကရုဏ်းမှာ–

၁။ သမ္မုခါဝိနယသမထနှင့် ယေဘုယျသိကာသမထ ဆိုင်သည်။

အနုဝါဒါဓိကရုဏ်းမှာ–

၂။ သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ အမူဠ္ဍဝိနယသမထ၊ တဿပါပိယသိကာသမထ၊ ဤသမထ(၄)ပါးဖြင့် ငြိမ်းစေနိုင်သည်။ ကြွင်းသမထ (၃) ပါးမဆိုင်။

အာပတ္တာဓိကရုဏ်းမှာ–

၃။ သမ္မုခါဝိနယသမထ၊ ပဋိညာတကရဏသမထ၊ တိဏဝတ္ထာရကသမထ၊ ဤ သမထ (၃)ပါးဖြင့် ငြိမ်းစေနိုင်သည်။ ကြွင်းသမထ (၄) ပါးမဆိုင်။

ကိစ္စာဓိကရုဏ်းမှာ–

၄။ သမ္မုခါဝိနယသမထ တခုသာ ငြိမ်းစေနိုင်သည်။ ကြွင်းသမထ (၆) ပါးမဆိုင်။

ဝိဝါဒါဓိကရဏံ ဒွီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ယေဘုယျသိကာယ စ။ (စူဠဝါ သမထက္ခန္ဓက ပါဠိတော် ၂၂၀။)

အနုဝါဒါဓိကရဏံ စတူဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ သတိဝိနယေန စ အမူဠ္ဍဝိနယေန စ တဿပါပိယသိကာယ စ။ (စူဠဝါ ပါဠိတော်၊ ၂၂၆။)

အာပတ္တာဓိကရဏံ တီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ တိဏဝတ္ထာရကေန စ။ (စူဠဝါပါဠိတော်၊ ၂၃၃။)

ကိစ္စာဓိကရဏံ ဧကေန သမထေန သမ္မတိ သမ္မုခါဝိနယေန။
(စူဠဝပါဠိတော်၊ ၂၃၈။) (ကင်္ခါအဋ္ဌကထာ၊၂၇၉၊၂၈၀။)

တဦးက-ဓမ္မတည်း၊ တဦးက-အဓမ္မတည်း။ဤသို့ ဝိနယ, အဝိနယ၊ တထာဂတ ဘာသိတ, လပိတ, အဘာသိတ, အလပိတ၊ တထာဂတ အာစိဏ္ဏ, အနာစိဏ္ဏ၊ တထာဂတပညတ္တ, အပညတ္တ၊ အာပတ္တိ, အနာပတ္တိ၊ လဟုကအာပတ္တိ ဂရုကအာပတ္တိ၊ သာဝသေသအာပတ္တိ, အနဝသေသအာပတ္တိ၊ဒုဋ္ဌုလ္လာပတ္တိ အဒုဋ္ဌုလ္လာပတ္တိဟူသော စူဠဝပါဠိ (၂၁၁၊၂)လာ ဘေဒကရဝတ္ထု(၁၈) ပါးဖြင့် ငြင်းခုံရာတွင်—

၁။ အဓိကရဏ်း ဖြစ်ရာ ကျောင်းတိုက်၌ပင် တိုက်ရှိ ရဟန်းတို့ စည်းဝေး၍ ပါဠိမုတ္တကဝိနိစ္ဆယဖြင့် ငြိမ်းစေခြင်းတရပ်။

၂။ တပါးသော ကျောင်းတိုက်၌ အဓိကရဏ်းငြိမ်းစေခြင်းငှာ စွဲဆိုလျှောက်ထားပြောကြားလို၍ သွားကြစဉ် လမ်းခရီး အကြားမှာ အချင်းချင်း ပြောဆို ကျေနပ်၍ ငြိမ်းခြင်း၊ တပါးရဟန်းတို့ ရှုကြည့်စေ၍ ငြိမ်းခြင်းတရပ်။

၃။ ရည်မှန်းတိုင်း သွား၍ တပါးကျောင်းတိုက် ရောက်၍ ထို အဓိကရဏ်းကို ထိုတိုက်တွင်းရှိသံဃာအား အပ်နှင်းသဖြင့် ထိုတပါးတိုက် သံဃာကို ဆုံးဖြတ်စေ၍ ငြိမ်းခြင်းတရပ်။

## ဥဗ္ဗာဟိကကမ္မဝါစာဖြင့် ဝိနည်းဓိုရ်မြှောက်၍ ဆုံးဖြတ်စေပုံ

၄။ ယင်းသို့ သံဃာမငြိမ်းနိုင်ပြန်လျှင် ထိုရောက်ရာကျောင်း တိုက်၌ သံဃာမှ ထုတ်ယူခြင်း ဥဗ္ဗာဟိက ဥတ္တိကမ္မဝါစာဖြင့် ရောက် လာသော အဓိကရဏ်းကို ငြိမ်းစေခြင်းငှါ သီလရှိခြင်း၊ ဥဘတော

ဝိဘင်းကို ဆောင်ခြင်း၊ အကြားအမြင်များခြင်း စသော စူဠဝါသမထ ကန္ဓကလာ ဝိနည်းမိုရ်အင်္ဂါ(၁၀)ပါးနှင့် ပြည့်စုံသော ရဟန်းများကို အပလောကနကံ ဉတ္တိဒုတိယကမ္မဝါစာတခုခုဖြင့် သမုတ်အပ်၏။ ထိုသံဃသမ္မုတိရ ရဟန်းဆုံးဖြတ်သောအားဖြင့် ငြိမ်းစေရာ၏။ ၎င်း သမုတ်ပုံဉတ္တိဒုတိယကမ္မဝါစာကား စူဠဝါသမထကန္ဓက (၂၂၄-၅)၌ လာ၏။ ၎င်း ဥဗ္ဗာဟိကဉတ္တိဒုတိယကမ္မဝါစာမှာ ဗဟုဝုစ်ကြီးယာ ဖတ်နည်းလာ၏။ သမ္မုတိပေးရာ ရဟန်းအများပင် ဝိနည်းမိုရ်သင့်၏။ စောဒက စုဒိတကလည်း ရဟန်းလေးပါး၊ လေးပါးထက် အလွန် ရကြောင်း ပဂ္ဂဟာကဲဖြစ်ကြောင်း၊ ဘေဒါနုဝတ္တကသိက္ခာပုဒ်ဖွင့် သာရတ္ထဒီပနီဋီကာ ဝိမတိဝိနောဒနီဋီကာတို့၌ ဖွင့်၏။ ဝဇိရမဖွင့်။

ယင်း ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမ္မုတိရသော ရဟန်းတို့ဆုံးဖြတ်၍ ယင်းအဓိကရုဏ်းငြိမ်းစေရာ၏။ ယင်းသို့ ငြိမ်းစေရာ၌ ကာရက သံဃာ၏ မျက်မှောက်ဖြစ်ခြင်း သံဃသမ္မုခတာ၊ ဟုတ်မှန်သော ဝတ္ထု၏မျက်မှောက်ဖြစ်ခြင်း ဓမ္မသမ္မုခတာ၊ စောဒနာသာရဏာ ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း ဝိနယသမ္မုခတာ။ ငြင်းခုံသော စောဒက စုဒိတက၏မျက်မှောက်ဖြစ်ခြင်း ပုဂ္ဂလသမ္မုခတာ(၄)ပါးတို့ တွင် ယင်း ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် သမုတ်အပ်ပြီး ဝိနယဓရတို့ ဆုံးဖြတ်ရာ ငြိမ်းခြင်း၌ သံဃသမ္မုခတာယုတ်လျော့သည်။

ဥဗ္ဗာဟိကာယ ဝူပသမနေ ပနေတ္ထ သံဃသမ္မုခတာ ပရိဟာယတိ။
(ကင်္ခါအဋ္ဌကထာ၊ ၂၇၉။)

---

## ဗာလပုဂ္ဂိုလ်တို့နှောက်ယှက်လျှင် နှင်ထုတ်၍ ယေဘုယျသိကာ သမထဖြင့်ဆုံးဖြတ်စေရပုံ

ယင်းသို့ သမ္မုတိရ ရဟန်းတို့ ဆုံးဖြတ်ရာ ဝိနည်းဓိုရ်အင်္ဂါမပြည့်စုံသော ရဟန်း တားမြစ်အံ့၊ ထိုရဟန်းကို ဥတ်ထား၍ သံဃာမှ အပထုတ်ပြီးလျှင် ကြွင်းသော သံဃာဆုံးဖြတ်ရာ၏။ ဤသို့ ငြိမ်းစေခြင်းလည်း သမ္မုခါဝိနယသမထပင်တည်း။

ယင်းသို့မှ သမ္မုတိရ ရဟန်းတို့ မငြိမ်းစေနိုင်သဖြင့် ထိုအဓိကရုဏ်းကို သံဃာထံ ပြန်အပ်ပြန်အံ့ ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိမရှိ၊ စာရေးတံယူအပ်ပြီး မယူအပ်သေး သိခြင်းအင်္ဂါ (၅)ပါးနှင့် ပြည့်စုံသော ရဟန်းကို စာရေးတံကို ယူစေတတ်သော ရဟန်းဟူ၍ ဉတ္တိဒုတိယကမ္မဝါစာဖြင့် သမုတ်ရာ၏၊ ထိုသမ္မုတိရ သလာကဂ္ဂါဟာပက ရဟန်းသည် စည်းဝေးသော ပရိသတ်၌ ဓမ္မဝါဒီ ရဟန်းများအောင်-

(က) အလဇ္ဇီ များလျှင်လျှို့ဝှက်၍ စာရေးတံယူစေခြင်း ဂုဠှက စာရေးတံ။

(ခ) လဇ္ဇီများလျှင် ဖွင့်ပြ၍ စာရေးတံယူစေခြင်း ဝိဝဋ္ဋက စာရေးတံ။

(ဂ) ဗာလများလျှင် မိမိနား၌ တီးတိုးစကားပြောကြား၍ စာရေးတံ ယူစေခြင်း သကဏ္ဏဇပ္ပက စာရေးတံ။

(၃) ပါးတို့တွင် တပါးပါးဖြင့် စာရေးတံ ယူစေပြီးလျှင် ဓမ္မဝါဒီ ရဟန်းများသောကြောင့် ယင်းဓမ္မဝါဒီရဟန်း ပြောဆိုတိုင်း ယင်းအဓိကရုဏ်းကို ငြိမ်းစေရာ၏။ ယင်းသို့ ငြိမ်းစေရာ၌ သမ္မုခါဝိနယ-သမထ၊ ယေဘုယျသိကာသမထ နှစ်မျိုးဖြင့် ငြိမ်းစေသည်မည်၏။

ဤသို့ ဝိဝါဒါဓိကရုဏ်းကို သမ္မုခါဝိနယသမထ၊ ယေဘုယျသိကာ-
သမထဖြင့် ငြိမ်းစေပုံ (၅) နည်းပြီး၏။

---

## အနုဝါဒါဓိကရုဏ်းနှင့် သမထ ၄-ပါးသာ ဆိုင်ကြောင်း

**အနုဝါဒါဓိကရုဏ်း**ကို သမ္မုခါ၊သတိ၊ အမူဠှ၊ တဿပါပိယသိကာ သမထ (၄)ပါးဖြင့် ငြိမ်းစေပုံကား—

၁။ စောဒက စုဒိတကတို့၏ စကားကို ကြားနာပြီးလျှင် အာပတ် တစုံတခု မထင်အံ့ အချင်းချင်း ကန်တော့စေပြီးလျှင် ငြိမ်းစေအပ်၏။ အာပတ်သင့်သည်ထင်အံ့ မည်သည့်အာပတ်သင့်သည်၊ ဒေသနာ ကြားစေ၊ ဝုဋ္ဌာနကံပြုစေ၊ ဆုံးဖြတ်၍ ငြိမ်းစေရာ၏။ သမ္မုခါဝိနယ သမထပင်တည်း။

၂။ ရဟန္တာအား အမူလကသီလဝိပတ္တိဖြင့် စောဒနာခဲ့သော် ထို ရဟန္တာက သတိဝိနည်းကို တောင်းပန်ခဲ့သော် စူဠဝါ သမထက္ခန္ဓက (၂၂၉) သတိဝိနယဉတ္တိ စတုတ္ထကမ္မဝါစာဖြင့် ထိုရဟန္တာအားပေး၍ ထိုအနုဝါဒါဓိကရုဏ်း ငြိမ်း၏။ သတိဝိနည်းကိုပေးပြီးက ထိုစုဒိတက ရဟန္တာ၌ နောင်မည်သည့်ပုဂ္ဂိုလ်မှ မစောဒနာနိုင်ပြီ။ (ဤကား သတိ-ဝိနယသမထ၊ သမ္မုခါ ဝိနယသမထဖြင့် ငြိမ်းစေပုံတည်း။)

၃။ ရူးသောကြောင့် ရဟန်းတို့ အမှုအရာ မဟုတ်သော လွန်ကျူး မှုကို ပြုသဖြင့် စောဒနာရာ ရူးသောကြောင့် လွန်ကျူးမှုကို ပြုမိပါ သည်ဟု ဆိုပါလျက်နောက်ထပ်စောဒနာငြားအံ့ နောင်တစုံတယောက် မစောဒနာနိုင်ရန် အမူဠှဝိနည်းကို ရူးသောရဟန်းက တောင်းသဖြင့် သံဃာက အမူဠှဝိနယ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် စူဠဝါသမထက္ခန္ဓက

(၂၃၁) လာတိုင်း ပေးသဖြင့် ယင်းအနုဝါဒါဓိကရဏ်းသည် သမ္မုခါ-ဝိနယသမထ၊ အမူဠှဝိနယသမထဖြင့် ငြိမ်းသည်မည်၏။ (ယင်းအမူဠှဝိနည်းပေးပြီးနောက် တစုံတယောက် မစောဒနာနိုင်။)

၄။ ပါရာဇိကဖြင့်လည်းကောင်း၊ ယင်း၏ အနီး ဒုက္ကဋ္ ထုလ္လစ္စဉ်းဖြင့်လည်းကောင်း စောဒနာရာ ဝိနယဓရက မေးသည်ကို မဖြေပဲ တပါးသောအကြောင်းစကားဖြင့် တပါးသောအကြောင်းစကားကို ပြောဆိုဖုံးလွှမ်း စကားမပြော တုဏှိဘောနေ၍ သံဃာညှဉ်းဆဲလေရာ ယုတ်မာသော အကျင့်များလေရကား ပါရာဇိက မကျသေးအံ့ သံဃာ့ဘောင်သို့ သွင်းရဦးမည်။ ပါရာဇိကကျအံ့ အသွင်ကိုဖျက် လူထွက်လိမ့်မည် သံဃာကမှတ်ထင်သဖြင့် စူဠဝဂ္ဂပါဠိ သမထက္ခန္ဓက (၂၃၃) လာတိုင်း၊ တဿပါပိယသိကာ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ယင်းကံပြုသဖြင့် ငြိမ်း၏။ (သမ္မုခါဝိနယသမထ၊ တဿပါပိယသိကာသမထဖြင့် အနုဝါဒါဓိကရဏ်းငြိမ်း၏။)

---

## အာပတ္တာဓိကရဏ်းနှင့်သမထ ၃-ပါးသာ ဆိုင်ကြောင်း

အာပတ္တာဓိကရဏ်းကို သမ္မုခါ, ပဋိညာတ, တိဏဝတ္ထာရက သမထ(၃)ခုဖြင့် ငြိမ်းစေ၏ ဟောရာ သမ္မုခါသက်သက်ဖြင့် ငြိမ်းစေခြင်းမရှိ။ ရဟန်းတပါးထံဖြစ်စေ သံဃာအလယ် ဂိုဏ်းအလယ်မှာဖြစ်စေ ထုလ္လစ္စဉ်းစသော လဟုကအာပတ် (၅)ပုံကို ဒေသနာကြားခဲ့သော် ဒေသနာ ကြားဘတ်သောရဟန်း၊ ကြားရာဖြစ်သောရဟန်း (၂) ဦး၏မျက်မှောက်ကို ပုဂ္ဂလသမ္မုခတာဆိုသည်။ ဓမ္မသမ္မုခတာ၊ ဝိနယသမ္မုခတာ၊ သံဃသမ္မုခတာ ထင်ရှားပြီ။ ဂိုဏ်းပုဂ္ဂိုလ်ထံ ကြားရာ သံဃာသမ္မုခတာ-မပါ။

အာမ ဘန္တေ ပဿာမိ-ဟု ဝန်ခံခြင်းဖြင့် အာယတိံ အာဝုသော သံဝရေယျာသိ-ဟု ပြုခြင်းကို ပဋိညာတကရဏသမထ-ဆိုသည်။

သံဃာဒိသေသ် အာပတ်၌ ပရိဝါသ်၊ မာနတ်၊ အဗ္ဘာန် တောင်းခြင်းကို ပဋိညာဆိုသည်။

ယင်းတို့ကို ပေးခြင်းကို ပဋိညာတကရဏ ဆိုသည်။

နှစ်သင်း နှစ်ပက္ခ ကွဲနေသော ရဟန်းတို့သည် ရဟန်းတို့အား မလျော်သော လွန်ကျူးမှုကို ပြုကြပြီးနောက် လဇ္ဇီသဘော သက်ဝင်လာကြသဖြင့် အချင်းချင်း ဒေသနာ ကြား၍သာ စင်ကြယ်စေမည် ဆိုလျှင် ထိုအဓိကရုဏ်းသည် ကြမ်းတမ်းခြင်း ရဲစွမ်းခြင်းငှာ မချုပ်ငြိမ်း ကောင်းနေ ဖြစ်ရာသည်။ သိယာတိ အာဝသာ။ (သာရတ္ထဒီပနီ ဋီကာ။)

ဤသို့ အချင်းချင်း ဒေသနာ ကြား၍ အာပတ်ကို ထအောင် ကုစားခြင်း၌ အပြစ်ကိုမြင်သဖြင့် သမ္မုခါဝိနယ သမထဖြင့် လည်းကောင်း၊ စူဠဝါ သမထက္ခန္ဓက (၂၃၆-၇)လာ တိဏဝတ္ထာရက ဥတ္တိစတုတ္ထကမ္မဝါစာဖြင့်လည်းကောင်း ငြိမ်းစေ၏။

ယင်းသို့ တိဏဝတ္ထာရက ကံကိုပြုရာ၌ ရုန့်ရင်းသော ပါရာဇိက အာပတ်၊ သံဃာဒိသေသ်အာပတ်၊ လူတို့နှင့်စပ်၍ သင့်စကောင်းသော ခံသန ဝမ္ဘန ဓမ္မိကပဋိသာ ဒုက္ကဋ်ရင်း (၃) မျိုးမှတပါး ဟတ္ထပါသ်သို့ကပ်သော ရဟန်းဟူသမျှတို့မှာ ငါသည် ဤကံကို မနှစ်သက်ဟု ဒိဋ္ဌာဝိကမ္မ အယူကိုထင်စွာ ပြုခြင်းကို မပြုပါမူ ယင်းသံဃာ အစည်းအဝေး၌ အိပ်ပျော်နေသော ရဟန်းပင် ဖြစ်စေကာမူ အာပတ်ဟူသမျှထသတည်း။ (ဤသို့ အာပတ္တာဓိကရုဏ်းသည် သမထ (၃) ပါးဖြင့် ငြိမ်းသတည်း။)

## ကိစ္စာဓိကရုဏ်းနှင့် သမထ (၁) ပါးသာ ဆိုင်ကြောင်း

ကိစ္စာဓိကရုဏ်းသည် သမ္မုခါဝိနယသမထ တခုဖြင့်သာ ထ့သ တည်း။ ဤအဓိပ္ပာယ်ကို စူဠဝါ သမထက္ခန္ဓက ပါဠိတော်လာ သဗ္ဗညု ဘုရား စကားတော်ဖြင့်လည်းကောင်း၊ ၎င်းအဋ္ဌကထာ ဋီကာစကား ဖြင့်လည်းကောင်း၊ ကင်္ခါဝိတရဏီအဋ္ဌကထာ့လာ စကားဖြင့် လည်းကောင်း၊ ဤမှတပါးသော ပါဠိ အဋ္ဌကထာ ဋီကာ ကြီး ငယ် တို့ဖြင့်လည်းကောင်း သိကြရသတည်း။

---

### သမထ ၇-ပါး ဝစနတ္ထ အရကောက်ပုံ

(က) ပရမ္မုခံ ဝိနေတိ ဝိနာသေတီတိ ဝိနယော၊ပရမ္မု- ခံ ဝိနေတိ ဝိနာသေတိ အနေနာတိ ဝါ ဝိနယော၊ဝိနယကမ္မံ။ သံဃမ္မဝိနယပုဂ္ဂလသမ္မုခါနံ ဒါတဗ္ဗော ဝိနယော သမ္မု- ခါဝိနယော။

(စူဠဝါသမထက္ခန္ဓက ယောဇနာ၊၄၃၇။)

ဒ္ဓိကရဏာနိ သမေတိ ဝူပသမေတီတိ သမထော။ သမ္မုခါ ဝိနယော စေဝ သမထော သမ္မုခါဝိနယသမထော။ အဓိကရဏာနိ သမေန္တိ ဝူပသမေန္တိတိ အဓိကရဏသမထာ။

(ကင်္ခါ၊ ၂၀၉။)

(ခ) သရတီတိ သတိ၊သရန္တိ တေနာတိ ဝါ သတိ၊ သရဏမတ္တံ ဝါ သတိ။ စောဒနာဒိအသာရုပ္ပေ ဝိနေတိ ဝိနာ- သေတီတိ ဝိနယော၊ ဝိနေတိ ဝိနာသေတိ အနေနာတိ ဝါ ဝိနယော၊ဝိနယကမ္မံ။သတိဝေပုလ္လပ္ပတ္တဿ ဒါတဗ္ဗော ဝိနယော

သတိဝိနယော၊ သတိံ နိဿာယ ဒါတဗ္ဗော ဝိနယော သတိ-
ဝိနယော၊ သတိဝိနယော ဧဝ သမထော တထာ။

(ပရိဝါယောဇနာတစ်စိတ်၊ ၄၃၉။)

(ဂ) စောဒကဿ ကထံ ဝိနေတိ ဝိနာသေတီတိ
ဝိနယော၊ စောဒကဿ ကထံ ဝိနေတိ ဝိနာသေတိ အနေ-
နာတိ ဝါ ဝိနယော။ ပဌမံ မူဠ္ဟဘာဝံ ဥပဂန္တွာ ပစ္ဆာ
အမူဠ္ဟဿ ဒါတဗ္ဗော ဝိနယော အမူဠ္ဟဝိနယော။ အမူဠ္ဟဝိန-
ယော ဧဝ သမထော တထာ။

(စူဠဝါယောဇနာ၊၄၃၉။)

(ဃ) ပဋိဇာနိယတေ ပဋိညာ၊ ပဋိဇာနနံ ဝါ ပဋိညာ၊
ပဋိညာယကရဏံ ပဋိညာတကရဏံ၊တံ ဧဝ သမထော တထာ။

(စူဠဝါ ယောဇနာ၊ ၄၃၉။)

(င) ယေဘုယျသဒ္ဒါကား ဗဟုလတ္ထဝါစက။ ဓမ္မဝါဒီနံ ယေဘုယျေန
ပဝတ္တာ ယေဘုယျသိကာ။ ဓမ္မဝါဒီနံ ယေဘုယျတာ သမ္ဗာဒိကာ
ကိရိယာ။ ဓမ္မဝါဒီတို့ များသည်၏ အဖြစ်ကို ပြီးစေခြင်း ကြိယာ
အရကောက်။ (တနည်းကား) ဓမ္မဝါဒီနံ ယေဘုယျဘာဝံ သမ္ဗာဒိကာ
ကိရိယာ ယေဘုယျသိကာ – ဟူသည်နှင့်အညီ များသော ဓမ္မဝါဒီတို့
ရှိရာ ကိရိယာကို အရကောက်။ ဣသိကပစ္စည်းကို ဝိသေသအနက်၌
သက်၍ ယေဘုယျသိကာ ဆိုအပ်လျက် တေသုဝုဒ္ဓိ-စသော သုတ်
ဖြင့် ဣကိုအပ္ပြု၍ (အ) တလုံးကို ချေ၍ ယေဘုယျသိကာ ပြီးစေ။

အနုဇာနာမိ ဘိက္ခဝေ ဝေရူပံ အဓိကရဏံ ယေဘုယျသိကာယ
ဝူပသမေတုံ။ (စူဠဝါသမထက္ခန္ဓက၊ ၂၀၄။)

ယဿာ ကိရိယာယ ဓမ္မဝါဒိနော ဇဟုတရာ၊ သော ယေဘုယျ-
သိကာ နာမ။ (စူဠဝါ အဋ္ဌကထာ၊ ၃၇။)

ယေဘုယျေန ပဝတ္တာ ယေဘုယျသိကာ၊ ဓမ္မဝါဒီနံ ယေဘုယျ-
တာသမ္ပာဒိကာ ကိရိယာတိ ဒဿေန္တော အာဟ "ယဿာ ကိရိ-
ယာယာ"တိအာဒိ။ တတ္ထ ယဿာ ကိရိယာယာတိ ယဿာ ယေဘု-
ယျတာသမ္ပာဒိကာယ ကိရိယာယ။ သောတိ ယေဘုယျတာ-
သမ္ပာဒိကာ ကိရိယာ။ (စူဠဝါယောဇနာ၊ ၄၃၉။)

အင်္ဂါနှင့် ပြည့်စုံသော ရဟန်းကို သလာကဂ္ဂါဟာပက ရဟန်းဟု
ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် သမုတ်ပြီးလျှင် ယင်း သမ္မုတိရရဟန်းက
စာရေးတံ (၃)ခု တခုခုယူစေပြီးနောက် သံဃာအစည်းအဝေး၌
ဓမ္မဝါဒီများသဖြင့် ယင်း ဓမ္မဝါဒီတို့ ပြောဆိုအပ်သော စကားဖြင့်
ငြိမ်းစေခြင်းဟူသော ယေဘုယျသိကကံကို ပြုခြင်းကြိယာ အရ
ကောက်။ ယေဘုယျသိကာ ဧဝ သမထော တထာ။

(စ) ပါပါနံ ဝိသေသေန အတိသယေန ပါပေါတိ ပါပိယော။
တဿ ပါပိယဿ ကတ္တဗ္ဗံ တဿပါပိယသိကံ၊ တမေဝ ကမ္မံ
တဿပါပိယသိကကမ္မံ။ (စူဠဝါ ယောဇနာ၊ ၄၄၁။)

တဿ ပါပိယဿ ဥပဝါဠဘိက္ခုသဒိသဿ ပုဂ္ဂလဿ ကတာ
တဿပါပိယသိကာ။

လွန်ကျူးမှုများသော ရဟန်းအား ဉတ္တိစတုတ္ထ ကမ္မဝါစာဖြင့်
တဿပါပိယသိက ကံပြုခြင်းကြိယာအရကောက်။ တဿပါပိယသိကာ
ဧဝ သမထော တထာ။ (တဿပါပိယျသိကာ သမထဟု ယျဒွေဘော်
နှင့် မရှိသင့်။)

(ဆ) တိဏောဟိ အဝတ္ထရိတဗ္ဗန္တိ တိဏဝတ္ထာရကံ။ မစင်,ကျင်ငယ်ကို ရ၏။ တိဏဝတ္ထာရမိဝ တိဏဝတ္ထာရကံ။ (ပါစိတျာဒိယောဇနာ၊ ၄၄၁)သဒိသအနက် ဥပမာအနက်၌ ကပစ္စည်းသက်။(တနည်းကား) တိဏောဟိ အဝတ္ထရိတဗ္ဗန္တိ တိဏဝတ္ထာရကံ။ အနတ္ထက-က။တိဏဝတ္ထာ-ရမိဝါတိ တိဏဝတ္ထာရကော။ ဥပမာအနက် က ပစ္စည်း။

အဓိကရုဏ်းမူချအရကောက်၊ သမထကို ဖလူပစာအရကောက်၊ သမထခုနစ်ပါး ဝစနတ္ထသရူပတ္ထ အရကောက် သိနိုင်ခဲ့သည်ဖြစ်၍ အများတို့ သိနိုင်ရန် ထုတ်ပြလိုက်သတည်း။

သမထခုနစ်ပါး ဝစနတ္ထပြီး၏။

---

အဓိကရုဏ်း (၄)ပါး ဝစနတ္ထအရကောက်

(က) ဝိဒဝန္တိ အနေနာတိ ဝိဝါဒေါ။ သမထေဟိ အဓိကရိယတိ၊ ဝူပသမိယတီတိ အဓိကရဏံ။ ဝိဝါဒေါ ဧဝ အဓိကရဏံ ဝိဝါဒါဓိကရဏံ-ပြု။ ထို့ကြောင့်– ယေန ဝိဝဒန္တိ၊ သော စိတ္တုပ္ပါဒေါ ဝိဝါဒေါ။ သမထေဟိ စ အဓိကရဏီယတာယ အဓိကရဏန္တိ ။

(စူဠဝါသမထက္ခန္ဓက အဋ္ဌကထာ၊ ၄၀။)

သမထေဟိ အဓိကရဏီယတာ –

ဟု မိန့်၏။ (ပါရာဇိကဏ်အဋ္ဌကထာ။ ပရိဝါယောဇနာ)

(ခ) အနုဝဒန္တိ အနေန ဝဒန္တိ အနေန စိတ္တုပ္ပါဒေနာတိ အနုဝါဒေါ။ အနုဝါဒေါ ဧဝ အဓိကရဏံ တထာ–ပြု။ထို့ကြောင့် ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အဖွင့်၌- စတဿော ဝိပတ္တိယော နိဿာယ ဥပ္ပန္နော အနုဝါဒါဓိကရဏံ-ဟု မိန့်သည်။

(ဂ) အာပဇ္ဇိတဗ္ဗာတိ အာပတ္တိ၊အာပဇ္ဇိယတေတိ ဝါ အာပတ္တိ၊ အာပတ္တိ ဧဝ အဓိကရဏံ တထာ။ ထို့ကြောင့် ဋီကာအဋ္ဌကထာ၌– အာပတ္တိယေဝ အာပတ္တာဓိကရဏံ-ဟု မိန့်၏။

သတ္တ အာပတ္တိယော သတ္တ အာပတ္တိက္ခန္ဓာတိ အာပဇ္ဇိတဗ္ဗတော အာပတ္တိယော၊ ရာသဋ္ဌေန ခန္ဓာတိ ဧဝံ ဒွေယေဝ နာမာနိ ဟောန္တိ။ (ပရိဝါအဋ္ဌကထာဒုကဖွင့်၊ ၁၆၁။)

အာပဇ္ဇိတဗ္ဗတောတိ အာပဇ္ဇိတဗ္ဗဘာဝတော။ ဣမိနာ ပုဂ္ဂလေန ဆဟိ သမုဋ္ဌာနေဟိ အာပဇ္ဇိတဗ္ဗာတိ အာပတ္တိယောတိ ဝစနတ္ထံ ဒဿေတိ။ (ပရိဝါယောဇနာ၊၅၆၈။)

(ဃ) ကတ္တဗ္ဗန္တိ ကိစ္စံ၊ ကိစ္စယေဝ အဓိကရဏံ ကိစ္စာဓိကရဏံ-ပြု။ စတုဗ္ဗိဓံ သံဃကိစ္စံ ကိစ္စာဓိကရဏံ။ (ပါရာဇိကဏ် အဋ္ဌကထာ)

ကတ္တဗ္ဗန္တိ ကိစ္စံ၊ ကရဏီယန္တိ ဝုတ္တေယေဝ သံဃကမ္မသာ လဘာ-နတော တာပစ္စယော သုတ္တော ဘဝေယျ။(စူဠဝါယောဇနာ၊၄၄၃။) ကိစ္စဒမဝ ဗျဥ္ဇနဝစနဝသေန ကိစ္စယန္တိ ဝုတ္တံ။ (ပရိဝါယောဇနာ၊၅၉၈။)

အဓိကရဏ်းလေးပါး ဝစနတ္ထပြီး၏။

---

## သမ္မုခတာ ၄-ပါး ဝစနတ္ထ အရကောက်ပြခန်း

(က) အညမညဿ မုခေ သံဝိဇ္ဇမာနေ၊ သန္နိပတိတော ဝါ သမ္မုခေ။ (ဝိနည်းမဟာဝါယောဇနာ၊၃၇၆။)

သမ္မုခဿ ဘာဝေါ သမ္မုခတာ။ သံဃဿ သမ္မုခတာ တထာ။

(ခ) ဓမ္မဿ သမ္မုခတာ ဓမ္မသမ္မုခတာ။

(ဂ) ဝိနယဿ သမ္မုခတာ ဝိနယသမ္မုခတာ။

(ဃ) ပုဂ္ဂလဿ သမ္မုခတာ ပုဂ္ဂလသမ္မုခတာ။ ဆဋ္ဌီတပ္ပုရိသ် သမာသ်ပြု။ ထိုကြောင့် ကင်္ခါအဋ္ဌကထာ (၂၇၉)၌-ကာရကသံဃဿ သံဃသာမဂ္ဂိဝသေန သမ္မုခီဘာဝေါ သံဃသမ္မုခတာ၊ သမေတဗ္ဗဿ ဝတ္ထုနော ဘူတတာ ဓမ္မသမ္မုခတာ၊ယထာ တံ သမေတဗ္ဗံ၊ တထေဝဿ သမနံ ဝိနယသမ္မုခတာ၊ယော စ ဝိဝဒတိ၊ ယေန စ ဝိဝဒတိ၊ တေသံ ဥဘိန္နံအတ္ထပစ္စတ္ထိကာနံ သမ္မုခီဘာဝေါ ပုဂ္ဂလသမ္မုခတာ-ဟု ဖွင့်သည်။

ထိုစကားကို ကင်္ခါအဋ္ဌကထာ ဆရာရေးသည်မှာ စူဠဝါသမထ-က္ခန္ဓက (၂၂၀)၌ သံဃသမ္မုခတာ စသော စကားကို မြော်ထောက်၍ ရေးသတည်း။

သမ္မုခတာ (၄) ပါး ဝစနတ္ထပြီး၏။

---

## ကံ ၄-ပါး ဝစနတ္ထ အရကောက်ပြခန်း

(က) အပလောကေတိ အာပုစ္ဆတိ အနေနာတိ အပလောကနံ၊ အပလောကနမေဝ ကမ္မံ အပလောကနကမ္မံ။

(ခ) သုဏာတု မေတိအာဒိနာ သံဃဂဏပုဂ္ဂလေ ဉာပေတိ ဗောဓယာတိ ဉတ္တိ၊ သာယေဝ ကမ္မံ ဉတ္တိကမ္မံ။

(ဂ) ဉတ္တိယေဝ ဒုတိယံ ဉတ္တိဒုတိယံ၊ တမေဝ ကမ္မံ ဉတ္တိဒုတိယကမ္မံ။ ဧတ္ထ ကိဉ္စာပိ ဉတ္တိ ပဌမံ ဌပိတာ,ကမ္မဝါစာယေဝ ဒုတိယာ ဟောတိ။ ဖဿပဉ္စမာတိ အာဒီသု ဝိယ ပန ပဋိလောမဝသေန ဝေါဟာရံ ကတွာ ဉတ္တိ ဒုတိယာတိ ဝုတ္တံ။

(ဃ) ဉတ္တိယေဝ စတုတ္ထံ ဉတ္တိစတုတ္ထံ၊တမေဝ ကမ္မံ ဉတ္တိစတုတ္ထကမ္မံ-ပြု။ ထို့ကြောင့် သမထက္ခန္ဓကစူဠဝါယောဇနာ၌ ဧသေဝ နယော ဉတ္တိစတုတ္ထကမ္မေပိ-ဟု ဖွင့်၏။

(စူဠဝါသမထက္ခန္ဓကယောဇနာ၃၄၃—၄။)

ကံ ၄-ပါး ဝစနတ္ထ ပြီး၏။

---

## ကံ၇ ပါး ဝစနတ္ထ အရကောက်ပြခန်း

(၁) တဇ္ဇနီယကံ။

(၂) နိယဿကံ။

(၃) ပဗ္ဗာဇနီယကံ။

(၄) ပဋိသာရဏီယကံ။

(၅) အာပတ္တိအဒဿနဥက္ခေပနီယကံ။

(၆) အာပတ္တိအပ္ပဋိကမ္မဥက္ခေပနီယကံ။

(၇) ပါပိကာဒိဋ္ဌိအပ္ပဋိနိဿဂ္ဂဥက္ခေပနီယကံ –
အားဖြင့် ကံ ခုနစ်ပါးရှိ၏။

တဇ္ဇီယတိ အနေန ဝိနယကမ္မေနာတိ တဇ္ဇနီယံ၊ တမေဝ ကမ္မံ တဇ္ဇနီယကမ္မံ။ တဇ္ဇဓာတ်-အနီယပစ္စည်း၊ ခြိမ်းခြောက်ကြောင်း ကံကို အရကောက်။

"နိဿာယ တေ ဝတ္ထဗ္ဗံ"န္တိ နိယဿီယတိ ဗာလော ဘဇာပီယတိ အနေန ဝိနယကမ္မေနာတိ နိယဿံ။ ဒိဝါဒိဂဏိကတ္တာ သကာရဿ ဒွေဘာဝေါ ယကာတိ'နဿံ ဝဿ'န္တိအာဒိသု ဝိယ။ နိယဿမေဝ ကမ္မံ နိယဿကမ္မံ။

(စူဠဝါ ယောဇနာ၊၄၁၁။)

ယသု- ဓာတ်၊ အားထုတ်ခြင်း ပယတနအနက်ဟော၊ ဗာလကိုဆည်းကပ်ကြောင်း ဝိနည်းကံကိုကောက်။

ယဿတိ ဘဇာပေတိ ဗာလံ ယေန ကမ္မေနာတိ နိယဿကမ္မံ။ (ဓာတွတ္ထသင်္ဂဟ။)

ဘူဝါဒိ ဒိဝါဒိ ဖြစ်၍ သံယုဂ်မဲ့လည်းသင့်၏။

ပဗ္ဗိမုခံ အတ္တနော ဒေါသံ သရာပေတဗ္ဗံ အနေန ဝိနယကမ္မေနာတိ ပဋိသာရဏီယံ၊တမေဝ ကမ္မံ ပဋိသာရဏီယကမ္မံ။

(စူဠဝါယောဇနာ၊ ၄၁၄။)

ပဋိရှေးရှိသော-သရဓာတ် အနီယပစ္စည်း။ မိမိအပြစ်ကို ရှေးရှု အောက်မေ့အပ်ကြောင်း ဝိနည်းကံကို အရကောက်။

ဂါမာဒိတော ပဗ္ဗာဇီယတိ အနေန ဝိနယကမ္မေနာတိ ပဗ္ဗာဇနီယံ၊ တမေဝ ကမ္မံ ပဗ္ဗာဇနီယကမ္မံ။ (စူဠဝါယောဇနာ၊ ၄၁၁။)

(ဝိနည်းကံအရ ည တ္တိစတုတ္ထကမ္မဝါစာ၊ စူဠဝါအစ ကမ္မက္ခန္ဓက ရှိလေပြီ)ပရှေးရှိသော ဝဇၨခေတ်၊ အနီယပစ္စည်း။ ရွာ-ကျောင်း စသည်မှ နှင်ထုတ်အပ်ကြောင်း ဝိနည်းကံ အရကောက်။

ငြင်းခုံခြင်းကို ပြုတတ်သော ဗာလ၊ အဗျတ္တ အာပတ္တိဗဟုလ ရဟန်းအား တဇ္ဇနီယကံ ပြုအပ်သည်။

မပြတ်အာပတ်သင့်သော ရဟန်းအား နိယဿကံကိုပြုအပ်သည်။

ဂိဟိအလာဘ စသည် ပြုသောရဟန်းအား ပဋိသာရဏီယကံကို ပြုအပ်သည်။

ကုလဒူသကကံစသည် ပြုသော ရဟန်းအား ပဗ္ဗာဇနီယကံကို ပြုအပ်သည်။

တဇ္ဇနီယဿ ဟိ ဝိသေသေန ဘဏ္ဍနကာရကတ္တံ အင်္ဂံ၊ နိယဿဿ အဘိဏှာပတ္တိကတ္တံ၊ ပဗ္ဗာဇနီယဿ ကုလဒူသကတ္တံ ဝုတ္တံ။

ပဋိသာရဏီ ဘိက္ခုဝေတိ အာဒိ ကေဝေနပိ ကမ္မာရဟဘာဝဒဿနတ္ထံ ဝုတ္တံ၊ (စူဠဝါအဋ္ဌကထာ၊ ၂။ ၄။)

ဤတွင်၍ "အဝိဇ္ဇာယော ဟိ ပါဋိနယော" ဟူသည်နှင့်အညီ သမထခုနစ်ပါး၊ သမ္ဗုဓတာလေးပါး၊ အဓိကရုဏ်းလေးပါး၊ ကံခုနစ်ပါး၊ ကံလေးပါးတို့၏ သဒ္ဒနယ၊ အတ္ထနယ၊ အဓိပ္ပာယနယတို့သည် အလွန်သိရန် ခဲယဉ်း ကြသည်ဖြစ်၍ လဇ္ဇီပေသလသိက္ခာကာမ ဝိနယဓရတို့ အလွယ်တကူတကျမ်းကို ကြည့်ရှုမှုဖြင့် အလုံးစုံသိမြင်နိုင်ရန် သိမြင်၍ သာသနာတော် အလွန်ကျေးဇူးများရန် ထုတ်ပြအပ်သတည်း။

ဤတွင်၍ ပကိဏ္ဏကဝိနိစ္ဆယ ဋီကာပြီး၏။

## သိမ်သမုတ်ခန်း နည်းမျိုးစုံ

အကြိမ်ကြိမ် အထပ်ထပ် အနီးအပါးရှိ မိမိသမဂ္ဂသံဃာများနှင့် နုတ်ပြီးနောက် သီမာဗန္ဓနခန်းကို ဆောင်ရွက်လိုသောပညာရှိသူတော် ကောင်းများသည် ကျမ်းဂန်လည်းတတ် အာစရိယ လဒ္ဓေါပဒေသ လည်း ကောင်းမွန်စွာရ၊ ဝိနည်းမိုရ်ပုဂ္ဂိုလ်ကျော်ကြီးများ ပြုလုပ် သည်ကို ကိုယ်တိုင် တွေ့ဖူး ကြုံဖူးသော ဆရာတော်ကြီးများကို ရွေးချယ်၍ ပင့်ဖိတ်ရာ၏။ ပင့်ဖိတ်သော သံဃာများလည်း အထက် ပါ အင်္ဂါများနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကျော်ကြီးတွေ အများပါစေရာ ၏။ တကျိပ်ငါး၊နှစ်ကျိပ်အောက် မနည်းပင့်ဖိတ်ရ၏။ထိုပုဂ္ဂိုလ်ကျော် ကြီးတွေ ရောက်သော အခါလည်း ထိုသိမ်နုတ်ပြီးနေရာကို အနည်း ဆုံး ကိုးကြိမ်၊ ဆယ်ကြိမ်အောက် မနည်း ထပ်၍ နုတ်ရာ၏။ ထိုသို့ နုတ်ပြီးမှ ဒိသာစာရိကဘိက္ခူနံ နိဿဋ္ဌာရသမယေ-ဟု အဋ္ဌကထာ လာတိုင်း ညဉ့် (၇) နာရီ (၉) နာရီတွင် ရဟန်းတို့ အသွား အလာနည်းပါး၍ သမုတ်ခြင်း ကောင်းလှ၏။

ဝိသုံဂါမရပြီးသော်လည်း နယ်ကိုစောင့်၍ သမုတ်လျှင် သာ၍ ကောင်း၏။

ထိုဆရာတော်ကြီးတို့သည် ဝိသုံဂါမ မြေစားရပြီးသောနေရာ၌ မိမိမရောက်မီ သံဃာလေးငါးခြောက်ပါး ဟတ္ထပါသ် မစွန့်ပဲ ထိုင်စေ ပြီးလျှင် အနီးအနားရှိ ဂိလာန ကိစ္စပသုတ စသော ကာယသာမဂ္ဂီ ပေးခွင့်မရသော ရဟန်းတော်များထံ ဆန္ဒတောင်းလွှတ်ခြင်း၊ နယ်နိမိတ်စောင့် ပုဂ္ဂိုလ်များကို လွှတ်ခြင်းစသော ကိစ္စတို့ကို ပြုပြီးနောက် ဆန္ဒဆောင်ယူသော ရဟန်းများပြန်လာချိန်ကို ထောက်ဆ၍ ထိုသီမာ-မဏ္ဍလသို့ ကြွသွားရာ၏။

ဤသို့ သံဃာ စည်းဝေးပြီးမှ ဆန္ဒကို ယူစေခြင်းသည် ဂရုဖြစ်ပေသတည်း။ ဆန္ဒဟူသည် သံဃာကံနှင့်လည်း ဆိုင်သတည်း။ သို့သော် ဆန္ဒယူသွားသော အခါ သိမ်သမုတ်မည့်နေရာ၌ ဟတ္ထပါသ်ကိုမစွန့်ပဲ အနည်းဆုံး လေးပါး ငါးပါးကားရှိရာ၏။ တပါးပုဂ္ဂိုလ်ကြွလာ၍ လေးပါး ငါးပါး ဟတ္ထပါသ်တွင် ရှိမှပင် ကြွင်းသော ရဟန်းတို့ ကြွသွားခွင့်ရသည်ကိုသတိပြုရာ၏။ ထိုနောင်ဆန္ဒဆောင်ယူသွားသော ရဟန်းတို့ ပြန်ရောက်လျှင် ထိုဆန္ဒကို ထိုသီမာမဏ္ဍလတွင် ရှိနေသော သံဃာထံ ပြောဆိုရာ၏။ တပါးသော ပုဂ္ဂိုလ်တို့ထံ မပြောဆိုရာ။ ထိုဆန္ဒယူသော ရဟန်းတို့က သံဃာထံ ဆန္ဒမပြောကြားမီ တပါးသော ပုဂ္ဂိုလ်ထံ မသွားရာ။

ယင်းသို့ ဆန္ဒဆောင်ယူခြင်း၊ သံဃာစည်းဝေးခြင်း၊ ကိစ္စပြီးပြီးနောက် သိမ်သမုတ်လုကာနီးလျှင် ယခုအခါ သိမ်သမုတ်တော့မည်ကို သိရန်၊ အားစိုက်၍ နယ်စောင့်ရန်၊ သိမ်တွင်းနေ ရဟန်းတို့ကြားရန် အမြောက်, သေနတ်, ကြေးစည်,ခေါင်းလောင်း, ကုလားတက်, ဗျောက် စသည် တခုခုကို အမှတ်ပြုထားရင်းအတိုင်း ပစ်ဖောက် တီးခေါက်ရာ၏။

## သိမ်နိမိတ်ကြားပုံ

ထို့နောင် သိမ်သမုတ်မည့် သံဃာအများတွင် ဗဟုဿုတပညာဝန္တ ပိဋကတ္တယပါရဂူဂုဏ်၊အာစရိယလဒ္ဓါပဒေသဂုဏ်၊ သီမာပန္နန ဟတ္ထမုဋ္ဌိဂုဏ်ထူးရှိလှသော သက်တော် သိက္ခာတော် အကြီးဆုံးသော မဟာထေရ်ကြီးတပါးက ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ-အစရှိသော မဟာဝါ ပါဠိတော်စကားအရ အရှေ့မျက်နှာရှိ နိမိတ်စောင့်ပုဂ္ဂိုလ်

အနီးသွား၍ လည်းကောင်း၊ မိမိနေရာ သံဃာ့အလယ်က နေ၍ လည်းကောင်း "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ"-ဟု ပါဠိဘာသာဖြင့် မေးသောအခါ- နိမိတ်စောင့်ပုဂ္ဂိုလ်က နိမိတ်ရှိရာအရပ်၌ ဖြစ်စေ၊ သိမ်တွင်း သံဃာ့အလယ်၌နေ၍ ဖြစ်စေ "ဥဒကံ ဘန္တေ"ဟု ပါဠိဘာသာဖြင့် ဖြေကြားအပ်၏။ ထို့နောင် ဝိနည်းဓိုရ်ပုဂ္ဂိုလ်က ဟတ္ထပါသ်တွင်းဖြစ်လျှင် "ဧတံ ဥဒကံ နိမိတ္တံ"ဟု ပါဠိဘာသာဖြင့် တဖန်ကြားအပ်၏။ (ဤကား မဂဓဘာသာဖြင့် ကြားပုံတည်း။)

ထို့နောင်ဝိနည်းဓိုရ်ပုဂ္ဂိုလ်က"ပုရတ္ထိမာယ၊ယခုသမုတ်အပ်လတ္တံ့သော ဤသိမ်၏ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ ကိံ နိမိတ္တံ။ တောင်, ကျောက်, တော, သစ်, မဂ်, ဝမ်, ရေ, မြစ်အားဖြင့် ရှစ်ပါးကုန်သော နိမိတ်တို့တွင် အဘယ်နိမိတ်နည်း"ဟု မိသာကအားဖြင့် မေးအပ်၏။

နိမိတ်စောင့်ပုဂ္ဂိုလ်က-"ဘန္တေ၊ အရှင်ဘုရား။ ပုရတ္ထိမာယ၊ ယခုသမုတ်အပ်လတ္တံ့သော ဤသိမ်၏ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ (လိုက်စပ်သည်)၊ ဥဒကံ၊ ရှစ်ပါးသော နိမိတ်တို့တွင် ရေနိမိတ်ပါဘုရား"ဟု ဖြေကြားအပ်၏။

ထို့နောင် ဝိနည်းဓိုရ်ပုဂ္ဂိုလ်က ဟတ္ထပါသ်တွင်းဖြစ်လျှင် "ဧတံ ဥဒကံ၊ ဤရေသည်။ ပုရတ္ထိမာယ၊ယခုသမုတ်အပ်လတ္တံ့သော ဤသိမ်၏ အရှေ့ဖြစ်သော။ ဒိသာယ၊ အရပ်မျက်နှာ၌။ (နှစ်ပုဒ်လိုက်စပ်သည်)၊ နိမိတ္တံ၊ နိမိတ်တည်း"ဟု တဖန်ကြားအပ်၏။ (ဤကား မိသာကအားဖြင့် နိမိတ်ကြားပုံတည်း။

ထို့နောင် ဝိနည်းမိုရ်ပုဂ္ဂိုလ်က"ယခု သမုတ်အပ်လတ္တံ့ ဤသိမ်၏ အရှေ့အရပ်မျက်နှာ၌ ရှိပါးသော နိမိတ်တို့တွင် အဘယ်နိမိတ်နည်း" ဟု မြန်မာဘာသာအားဖြင့် မေးအပ်၏။

ထို့နောင် နိမိတ်စောင့် ပုဂ္ဂိုလ်က"ယခု သမုတ်အပ်လတ္တံ့ ဤသိမ်၏ အရှေ့အရပ် မျက်နှာ၌ ရှိပါးသော နိမိတ်တို့တွင် ရေနိမိတ်ပါ ဘုရား"ဟု မြန်မာဘာသာအားဖြင့် ဖြေကြားအပ်၏။

ထို့နောင်ဝိနည်းမိုရ်ပုဂ္ဂိုလ်က"ဤရေသည် ယခုသမုတ်အပ်လတ္တံ့ ဤသိမ်၏ အရှေ့အရပ်မျက်နှာ၌ နိမိတ်တည်း"ဟု မြန်မာဘာသာ အားဖြင့် တဖန်ကြားအပ်၏ (ဤကား မြန်မာဘာသာအားဖြင့် နိမိတ်ကြားပုံတည်း။)

ထို့နောင် လက်ယာရစ် အရှေ့တောင်ထောင့် မျက်နှာသို့ သွား၍ လည်းကောင်း၊ သိမ်တွင်း သံဃာအလယ်၌နေ၍ လည်းကောင်း ဝိနည်းမိုရ်ပုဂ္ဂိုလ်က "ပုရတ္ထိမာယ အနုဒိသာယ ကိံ နိမိတ္တံ"ဟု မေး၊ နိမိတ်စောင့်ပုဂ္ဂိုလ်က"ဥဒကံ ဘန္တေ"ဟု ဖြေကြား၊ ဝိနည်းမိုရ်ပုဂ္ဂိုလ် က "ဧတံ ဥဒကံ နိမိတ္တံ။တေံ ဥဒကံ နိမိတ္တံ"ဟု ရှေ့အတိုင်း လျော်ရာ တဖန်ကြား။ (မိဿက, မြန်မာ ကြားပုံကို ရှေ့နည်းမှီ၍ သိလေ။)

ထို့နောင် ဝိနည်းမိုရ်က တောင်အရပ်ကို ငဲ့၍ "ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တံ ဟုမေး၊ နိမိတ်စောင့်က ဥဒကံ ဘန္တေ"ဟု ဖြေ။ ဝိနည်းမိုရ်က "ဧတံ ဥဒကံ နိမိတ္တံ။တေံ ဥဒကံ နိမိတ္တံဟု တဖန်ကြား။

ထို့နောင် အနောက်တောင်ထောင့်ကို မျက်နှာမူ၍ ဝိနည်းမိုရ်က "ဒက္ခိဏာယ အနုဒိသာယ ကိံ နိမိတ္တံ" ဟုမေး၊ နိမိတ်စောင့်က "ဥဒကံ ဘန္တေ"ဟုဖြေ။ ဝိနည်းမိုရ်က "ဧတံ ဥဒကံ နိမိတ္တံ။ တေံ ဥဒကံ နိမိတ္တံ"ဟု တဖန်ကြား။

ထို့နောင် အနောက်အရပ်ကိုငဲ့၍ဝိနည်းမိုရ်က"ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တံ"ဟုမေး။နိမိတ်စောင့်က "ဥဒကံ ဘန္တေ"ဟုဖြေ။ဝိနည်းမိုရ်က "ဧတံ ဥဒကံ နိမိတ္တံ။ ဧတံ ဥဒကံ နိမိတ္တံ"ဟု တဖန်ကြား။

ထို့နောင် အနောက်မြောက်ထောင့်အရပ်ကို ငဲ့၍ ဝိနည်းမိုရ်က "ပစ္ဆိမာယ အနုဒိသာယ ကိံ နိမိတ္တံ"ဟုမေး။ နိမိတ်စောင့်က "ဥဒကံ ဘန္တေ"ဟု ဖြေ။ ဝိနည်းမိုရ်က "ဧတံ ဥဒကံ နိမိတ္တံ။ ဧတံ ဥဒကံ နိမိတ္တံ"ဟု တဖန်ကြား။

ထို့နောင် မြောက်အရပ်ကို ငဲ့၍ ဝိနည်းမိုရ်က "ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တံ"ဟုမေး၊နိမိတ်စောင့်က"ဥဒကံ ဘန္တေ"ဟုဖြေ။ဝိနည်းမိုရ်က "ဧတံ ဥဒကံ နိမိတ္တံ။ ဧတံ ဥဒကံ နိမိတ္တံ"ဟု တဖန်ကြား။

ထို့နောင် အရှေ့မြောက်အရပ်ကို ငဲ့၍ ဝိနည်းမိုရ်က "ဥတ္တရာယ အနုဒိသာယ ကိံ နိမိတ္တံ"ဟုမေး၊ နိမိတ်စောင့်က "ဥဒကံ ဘန္တေ" ဟု ဖြေ။ဝိနည်းမိုရ်က"ဧတံ ဥဒကံ နိမိတ္တံ၊ဧတံ ဥဒကံနိမိတ္တံ"ဟုတဖန်ကြား။

ထို့နောင် အရှေ့အရပ်ကို ငဲ့၍ ဝိနည်းမိုရ်က "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ"ဟု မေး၊ နိမိတ်စောင့်က "ဥဒကံ ဘန္တေ"ဟု ဖြေ။ ဝိနည်းမိုရ်က"ဧတံ ဥဒကံ နိမိတ္တံ။ ဧတံ ဥဒကံ နိမိတ္တံ"ဟု တဖန်ကြား။

ဤသို့ပဌမဆုံးကြားသော နိမိတ်ကို အဆုံးသတ် ထပ်၍ မကြားခဲ့လျှင် ခဏ္ဍနိမိတ္တာသိမ်ဖြစ်၍ နိမိတ္တဝိပတ္တိဖြစ်ရကား ကံပျက်၏။ (ဤကား နိမိတ် ရှစ်ပါးထား၍ ငါတို့ကျေးဇူးရှင် မိုင်းခိုင်းဆရာတော်ဘုရားကြီး စသော ဆရာတော်ဘုရားကြီးတို့ နိမိတ်ကြားပုံတည်း)

ဤသို့ ကြားခြင်းသည် ဥပလက္ခဏနည်း,နိဒဿနနည်းရေးသည်။ တီကာ ပန အာဒိ ကတ္ဓာ ဝုတ္တပကာရာနံ နိမိတ္တာနံ သတေနာပိ ဗဒ္ဓါ ဟောတိ-စသော အဋ္ဌကထာနှင့်အညီ ဤ နိမိတ်ရှစ်ပါးလုံး မထားပဲ အယုတ်ဆုံး သုံးလုံး၊ လေးလုံးသော်လည်းကောင်း၊ အများအား ဖြင့် အရာမကသော်လည်းကောင်း နိမိတ်ထား၍ ကြားကောင်း၏။

ခင်မကန်ဆရာတော်ဘုရားကြီးကား သိမ်သမုတ်ရာ သုံးပတ် သာလှည့်၍ ကြားသည်။ ယခု တိုလက်ထက်မှုကား ရံခါ ခုနစ်ကြိမ် ကြား၏၊ ရံခါ ကိုးကြိမ် ကြား၏။ ငါတို့ သာသနဇောတိကာရမ သိမ်ကို သမုတ်စဉ်က ကိုးကြိမ်ပင် ကြားသတည်း။ ယင်းသို့ ကိုးကြိမ် ကြားခြင်းသည် "နိမိတ္တာနိ သကိံ ကိတ္တိတာနိပိ ကိတ္တိတာနေဝ ဟောန္တိ။" အစရှိသော မဟာဝါ အဋ္ဌကထာနှင့်အညီ တကြိမ်သာ ကြားသော်လည်း အပ်၏ဟု ဆိုသော စကားနှင့် လွန်လွန်းသကဲ့သို့ ရှိ၏။ သို့သော် ဤသီမာဗန္ဓနခန်း၌ နိမိတ္တဝိပတ္တိသည် အင်္ဂါတပါးပါနေ ရကား ဒုက္ကဋမှ,ထိရဘာဝ, သုကမ္မဖြစ်ခြင်း အကျိုးရှိရကား များ၍ မလွန်နိုင်၊ ထာဝရကံကြီး ဖြစ်ပေသည်ဟု သဘောရ၍ ဤသို့ ကြား သည်ဟု မှတ်လေ။

ဝိမတိဝိနောဒနီ၌ လှည့်ပတ်၍ ကြားမှုမဟုတ်။ တခုသော သံဃာ့ အလယ်က လည်၍ ကြားသော်လည်း ကောင်းပါ၏၊ မဟာ သိမ် သမုတ်သောအခါ လှည့်ပတ်၍ မကြားနိုင်။ တခုသော နေရာကနေ၍ ကြားရသည်ကို ထောက်ရမည်ဟု ဆို၏၊သင့်ပါ၏။ နိမိတ်ကြားရာ ဟတ္ထပါသ်တွင်း ဖြစ်လျှင်"တေ ဥဒကံ နိမိတ္တံ"ဟု မဆိုရ "ဧတံ ဥဒကံ နိမိတ္တံ"သာ ဆိုရမည်။ ပဠင်းခံရာ၌ ဟတ္ထပါသ်တွင်း ရဟန်းလောင်း ရှိရာ "အယံ နာဂေါ" (၁၂) တောင်ဝေး၍ ဟတ္ထပါသ်အတွင်း မရှိ

သောအခါ၊ "အယံ နာဂေါ"မပါသည့်ကိုလည်းကောင်း၊ အဓိဋ္ဌာန်တင်ရာ ဟတ္ထပါသ်တွင်းမှာ "ဣမံ စီဝရံ" ဟတ္ထပါသ်တွင်း မဟုတ်ခဲ့လျှင် "တေံ စီဝရံ"ဆို၍ အဓိဋ္ဌာန်တင်ရသည့်ကိုလည်းကောင်း ထောက်ရသည်ဟု ရှေးဆရာတော်ဘုရားကြီးများ မိန့်ကြ၏။

ဣမ-သဒ္ဒါပါလျှင် အနီး။ တေ-သဒ္ဒါပါလျှင် မနီးမဝေး။ တ-သဒ္ဒါပါလျှင် အဝေးဟုဆိုသော သဒ္ဒါဆရာတို့ စကားသည် နေရာဌာနတိုင်း မဟုတ်ပေရာ သိမ်နုတ်ကမ္မဝါစာစသည်တို့၌ ထိုသိမ်ပေါ်မှာ တည်နေလျက်"တံ သီမံ သမုဟနေယျ"ဟု ဘုရားဟောတော်မူချေသည်။ "ဣဒံ ဥဒကံ နိမိတ္တံ" ဆိုကြခြင်းသည် မကြာမြင့်သေး။ ရှေးကဆရာတော်ကြီးများ "တေံ ဥဒကံ နိမိတ္တံ"ချည်း ဆိုကြသည် ဟူ၍လည်း ဆရာတော်ကြီးများ မိန့်ကြ၏။ ယုတ္တိ အာဂုံ နှစ်မျိုးလုံး ရှိကြပေသည် ချည်းဖြစ်သည်။ သို့သော် ငါတို့ အထက်က သိမ်နိမိတ်ကြားနည်း ရေးခဲ့သည်မှာ ကျေးဇူးရှင်ဆရာတော်ကြီးများ နိမိတ်ကြားပုံကို ကိုယ်တိုင်လက်တွေ့ဖြစ်၍ သဘောလည်း သင့်လှသည်နှင့် နောက်သားတို့ နယဂ္ဂါဟပြုရန် ရေးလိုက်သည်။ (ဤသို့သာ မှန်သည်ဟု 'လိပ်ခဲတင်းလင်း' မဆိုလို။)

သိမ်နိမိတ်ကြားရာ၌ ယာယ ကာယစိ ဘာသာယ-ဟု ဆိုသောကြောင့် မဂဓဘာသာသက်သက်၊မြန်မာဘာသာသက်သက် ကြားခြင်း သာကောင်း၏။ မိဿက-ကြားခြင်းကား မကောင်းဟု ပထမစလင်း ဆရာတော် ဦးကလျာဏ မိန့်ဖူးကြောင်း ကျေးဇူးရှင် ကျီဝန်ဆရာတော် မိန့်ဖူး၏။ သို့သော် ငါတို့ကျေးဇူးရှင် ဆရာတော်များကား မိဿက-ကြားသည်ကို ထောက်၍ ၎င်းစလင်းဆရာတော်ကြီး စကားကို အားရနှစ်သက်ပုံ မရလေ။

ဤနိမိတ်ကြားခန်း၌ အဘယ်အရပ်ကမဆို စ၍ကြားကောင်း၏၊ ယခုရေးခဲ့သည်ကား ကျေးဇူးရှင် ဆရာတော်ကြီးများ ကြားပုံထုံးကိုသာ ရေးသည်၊ သိမ်နိမိတ်မေးမြန်းရာ၌ ဝိနည်းဓိုရ် ရဟန်းသာ မေးမြန်းရသည်။ သိမ်တွင်းကလည်း နေရမည်။ နိမိတ်စောင့်ပုဂ္ဂိုလ်မှာ လူဖြစ်စေ ရဟန်းဖြစ်စေ သာမဏေဖြစ်စေ ဖြေကြားခြင်းငှာ အပ်ကြောင်း မဟာဝါအဋ္ဌကထာ သာဓက ပြခဲ့ပြီ။ ယင်းနိမိတ်စောင့် ပုဂ္ဂိုလ်မှာ သိမ်တွင်းက နေသည်ဖြစ်စေ၊ သိမ်ပက နေသည်ဖြစ်စေ အပ်ပါ၏။ အချို့သောနေရာ၌ သိမ်နိမိတ်ကြားပုံ မဂဓဘာသာ သက်သက်ချည်း ရေးခဲ့၏။ မိဿက ဘာသာ၊ မြန်မာဘာသာ ပြန်၍ ကြားပုံကို ပထမနည်းအတိုင်း ချဲ့ထွင်၍ သိရာ၏။

ကြွင်းသော ကျောက်နိမိတ် စသည် ကြားပုံတို့ကိုလည်း ဉာဏ်ဖြင့် စိတ်ဖြာ၍ နိမိတ်ကိုထောက်၍ ပါဠိ မြန်မာ ပြန်ဆို၍ ကြားကြရာ၏။ ဤ၌ကား အများလုပ်ထုံးကိုသာ သာသနာစဉ်လိုလားလျက် ဆရာတော်ကြီး တို့၏ သိမ်သမုတ်ပုံကို မတွေ့ရသောကြောင့် လည်းကောင်း၊ တွေ့ရသော်လည်း မမှတ်မိသောကြောင့် လည်းကောင်း ကျကျနန လိုလားသော သူတော်ကောင်းပညာရှိနေ့ာက်သားတို့ ဤအလုပ်ကို တွေ့ရလျှင် မလုပ်တတ်သည်မရှိရအောင် သာသနာကျေးဇူးပြုလို ထွန်းကားစေလိုလှသဖြင့် ခပ်ကျယ်ကျယ်ရေးသားလိုက်သည်။

အမှန်လိုလား ရှေးနည်းများကို လိုက်စား၍ သာသနာချီးမြှောက် လိုသော စိတ်ကောင်း သဘောကောင်း မွေးမြူမိသော ပုဂ္ဂိုလ်တို့မှာ ဘယ်မျှကျေးဇူးများမည်ကို မနှိုင်းဆနိုင်အောင် ရှိပေရာသည်။ မိမိ သံသယရှိသော အရာ လိုလားနေသောအရာ တခုသော်လည်းကောင်း တဝါကျသော် လည်းကောင်း၊ စကားတခွန်းသော် လည်းကောင်း

သိရလျှင်ပင် ငါတို့မှာ ကျမ်းရေးကျိုးနပ်လောက်လေပြီ။ အများသူတပါး သံသယဖျောက်နိုင်ပါမူကား ဆိုဖွယ်ရာ မရှိတော့ချေ။

ငါတို့ရေးသားသော ကျမ်းများမူကား ဘယ်ဝါဒကိုမှ အမှန်ချည်းလည်းမယူ၊ အမှားချည်းလည်းမယူ၊ ကိုယ်ပိုင်ဉာဏ်ဖြင့်ပါဠိအဋ္ဌကထာဋီကာရှေ့နောက် ညှိနှိုင်း၍လည်းကောင်း၊ ဆရာတော်ကြီးများ ဝါဒကိုအသီးသီး လက်ပေါ်တင်ထားပတ္တမြားကဲ့သို့ စေ့စေ့စပ်စပ် တိုင်းထွာနှိုင်းဆ၍လည်းကောင်း ရေးသည်ကို စာသွားကိုကြည့်သဖြင့်ပညာရှိတို့ သိနိုင်လိမ့်မည်။ ဝိနည်းအဋ္ဌကထာကြီးရေးနည်း။ ကင်္ခါဝိတရဏီ အဋ္ဌကထာရေးနည်း ဟူ၍နှစ်မျိုးရှိရာ ကင်္ခါဝိတရဏီ အဋ္ဌကထာရေးနည်းရေးသည်ကို သိနိုင်ရာသည်။

နိမိတ်ကြား ဋီကာပြီး၏။

---

## တိယောဇနပရမ သိမ်တော်ကြီးအကြောင်း

**အနုဇာနာမိ** ဘိက္ခဝေ တိယောဇနပရမံ သီမံ သမ္မန္နိတုံ·ဟု **မဟာဝါဥပေါသထက္ခန္ဓက၌** သဗ္ဗညုမြတ်စွာဘုရား အခွင့်ပြုတော်မူတိုင်း **အရှင်သာရိပုတ္တရာသည်** ရာဇဂြိုဟ်ပြည်ကို ဝန်းရံ၍ တည်သော တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်ကြီးတို့ကို တသိမ်တည်းဖြစ်အောင် " တိယောဇနပရမသိမ်တော်ကြီး " ကို သမုတ်တော်မူသည်။ ထို့ကြောင့် 'ဓမ္မသေနာပတိနာ နေသံ သီမာ ဗဒ္ဓါ' ဟု အဋ္ဌကထာ၌ မိန့်တော်မူသတည်း။

## ရေနိမိတ်မှာ သမာနသံဝါသကသိမ် သမုတ်ပြီးရှိတည်က
## အပ် မအပ် ပြခန်း

ယင်းသို့ ဗဒ္ဓ ခဏ္ဍသိမ် မဟာသိမ် သမုတ်ရာ၌ သမာနသံဝါသက သိမ်၊ အဝိပ္ပဝါသသိမ် နှစ်မျိုးရှိရာ—

ကမ္မဝါစာပရိယောသာနေ နိမိတ္တာနံ အန္တော သီမာ ဟောတိ၊ နိမိတ္တာနိ သီမတော ဗဟိ ဟောန္တိ။

(မဟာဝါ အဋ္ဌကထာ၊ ၃၁၈။)

ပူရိတဥဒကမ္ပိ သစေ ယာဝ ကမ္မဝါစာပရိယောသနာ တိဋ္ဌတိ အပ္ပံ ဝါ ဟောတု ဗဟု ဝါ၊ ဝဋ္ဋတိ။

(မဟာဝါအဋ္ဌကထာ၊၃၂၂။)

ကမ္မဝါစာ ပရိယောသာနေယေဝ နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ ပထဝိသန္ဒာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ ဟောတိ။

(မဟာဝါအဋ္ဌကထာ၊၃၂၃။)

ဣမံ ပန သမာနသံဝါသကသီမံ သမ္မန္နန္တေဟိ ပဗ္ဗဇ္ဇူပသမ္ပဒါ-ဒီနံ သံဃကမ္မာနံ သုခကရဏတ္ထံ ပဌမံ ခဏ္ဍသီမာ ဗန္ဓိတဗ္ဗာ ။ပ။ သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ဧကဝီသတိ ဘိက္ခူ ဂဏှာတိ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ ။ပ။ သမန္တာ ဧသော ပါသာ-ဏော နိမိတ္တန္တိ ဧဝံ နိမိတ္တာနိ ကိတ္တေတွာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ အထ တဿာ ဧဝ ဒဠှီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာ ကာတဗ္ဗာ။ (မဟာဝါ အဋ္ဌကထာ၊ ဥပေါသထက္ခန္ဓက၊ ၃၂၃။)

ဣတိ ဘိက္ခုနံ အဝိပ္ပဝါသသီမာ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ နံ ဩတ္ထရတိ၊ သမာနသံဝါသကသီမာဝ ဩတ္ထရတိ။ သမာနသံဝါသကသီမာ စေတ္ထ အတ္တနော ဓမ္မတာယ ဂစ္ဆတိ၊ အဝိပ္ပဝါသသီမာ ပန ယတ္ထ သမာနသံဝါသကသီမာ၊ တတ္ထေဝ ဂစ္ဆတိ။ န ဟိ တဿာ ဝိသုံ နိမိတ္တကိတ္တနံ အတ္ထိ။

(မဟာဝါအဋ္ဌကထာ၊၃၃၂။)

ရင်းအဋ္ဌကထာတို့ကို ထောက်သော် ရေနိမိတ်ထား၍ ကြားရာ သမာနသံဝါသက သိမ်သမုတ်ခြင်း မပြီးမီသာ ရေရှိရန် လိုသည်။ အဝိပ္ပဝါသ သိမ်သမုတ်ရာမှာ ရေမရှိသော်လည်း အပ်၏ဟု ယူရန်ရှိ၏၊ ဤ အဋ္ဌကထာတို့၌ သမာနသံဝါသက အရာ၌သာ ရင်းနိမိတ် လာသည်။ အဝိပ္ပဝါသသိမ် အရာ၌ မလာသောကြောင့် အပ်၏ ဟု ထင်သတည်း။

သို့သော်လည်း ကျေးဇူးရှင် ဆရာတော်ကြီး အဆက်ဆက်တို့ပင် အဝိပ္ပဝါသ သိမ်နိမိတ် သိမ်သမုတ်ပြီးအောင် ရေရှိရမည်ဟု ယူကြသည်တကြောင်း၊ အဝိပ္ပဝါသသိမ်အတွက် နိမိတ်သီးမထားရခြင်း အကြောင်းကိုသာ ပြ၍ အနိမိတ္တ သိမ်ဖြစ်ရာသည် တကြောင်း၊ ဂရုကလဟုကေသု ဂရုကေ ဌာတဗ္ဗန္တိ ဧတံ ဝိနယလက္ခဏံ-ဟု ပါစိတ် အဋ္ဌကထာဘူတဂါမ ဝဂ်ဖွင့် (၂၉) နံပါတ်နှင့်အညီ၊ ဂရုက၊ လဟုက နှစ်ဌာနတို့တွင် ဂရုက၌ တည်ခြင်းသည် ဝိနည်း လက္ခဏာဟု အဋ္ဌကထာပြတိုင်း ဂရုက၌ တည်ခြင်းသာ သင့်မြတ်ရာသောကြောင့် လည်းကောင်း၊ ရှေးရှေး ကျမ်းဂန်တတ် အကျော် သိက္ခာကာမ ဝိနယရေ ဆရာတော်ကြီး အဆက်ဆက်တို့သည် ငါတို့မျက်မှောက် ဒိဋ္ဌပစ္စက္ခပင် အဝိပ္ပဝါသသိမ်သမုတ်ပြီး ရေ- ဘယ်နှစ်သစ် ရှိသေးသနည်း

အကြည့်ခိုင်းသည်ကို တွေ့ရ၍ ရေတည်နေမှ အပ်ကြောင်း မိန့်တော် မူကြသောကြောင့်လည်းကောင်း၊ ငါတို့ရဟန်း (၅)ဝါရစဉ် သိမ်နိမိတ် ကြားပြီးနောက်မှ ညောင်လေးပင် ဘိုးတုတ်ဖြူစုကျောင်း ဦးစန္ဒောဘာသ သိမ်သမုတ်လို၍ နိမိတ်ကြားစဉ် လူအများ ရေလောင်း နေရာ ကမ္ဗဝါစာ ဆိုးသည်တိုင် ဘယ်ရေက တည်မှန်းမသိ၍ မလောင်းကောင်းဟု သင်္ဂဇာဆရာတော်၊ စလင်းဆရာတော် ဦးကေတု တပည့် သခွတ်ပင် ဆရာတော်ကြီးတားမြစ်သည်ကို ကိုယ်တိုင် တွေ့ဖူးသောကြောင့် လည်းကောင်း၊ အဝိပ္ပဝါသသီမာ ကမ္ဗဝါစာ ဆိုးသည် တိုင်အောင် ရေတည်မှအပ်ကြောင်းနိဿယအားဖြင့် သိအပ်၏။

မြစ်ကျွေ့မြို့ ခုနစ်ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးလည်း စလင်းမြို့ ကျွဲထိုးရွာ လေသာတိုက် သိမ်သမုတ်ရာ သိမ်နိမိတ်မကြားမီသာ ရေလောင်းစေတော်မူဘိသတည်း။

---

## ဝတ္ထုကံမြေ ဝိသုံဂါမ ဖြစ်မဖြစ်

ဆရာတော် ဦးဗုဓ်သည် ဘုရားတည်ရန် ကျောင်းတည်ရန် စရပ် တည်ရန် စသည်ဖြင့် ဘုရင်မင်းက ပေးအပ်သော ဝတ္ထုကံမြေများ ဥပစာရမြေများလည်း ဝိသုံဂါမဖြစ်ကြောင်း မိန့်သဖြင့် မြင်းခြံမြို့ မင်းကျောင်းဆရာတော် ဦးဘဲက သဲအင်းသာသနာပိုင်ထံ အပ်မအပ် လျှောက်ထားရာ လာဘသိမ် ဝတ္ထုကံမြေဖြစ်၍ မကောင်းဟု သဲအင်း သာသနာပိုင်ဆရာတော် အမိန့်ရှိကြောင်း။ ကျီဝန်ဆရာတော်ထံ ငါတို့ ကခ်ါ သင်ကြားစဉ် ၁၂၆၃-ခု တော်သလင်းလဆန်း (၅) ရက်နေ့ မိန့်တော်မူ၏။ အောင်မြေရွှေဘုံဆရာတော်က သာဓုခေါ်ကြောင်း လည်း မိန့်၏။ ကျီဝန်ဆရာတော်၊ နန်းဦးဆရာတော်၊ သံယုတ်ဆရာ တော်တို့လည်း မအပ်ကြောင်းယူ၏။

ဝိသုံဂါမ ပေးရာမှာလည်း ပထမသူကြီးအားပင် ထပ်၍ပေးသော အရာ မအပ်ကြောင်း ကျီဝန်ဆရာဘော်၊ အောင်မြေရွှေဘုံဆရာဘော်၊ မင်းကျောင်းဆရာတော် ဦးဘဲတို့ အမိန့်တော်ရှိကြ၏။

ရွာကို အတွင်းပြု၍ သမာနသံဝါသက သိမ်သမုတ်ခဲ့လျှင် သက်၏၊ အပ်၏။ ယင်း သက်ပြီး သမာန သံဝါသက သိမ်၌ ထပ်၍ အဝိပ္ပဝါသ သိမ်သမုတ်ခဲ့လျှင် အဝိပ္ပဝါသလည်း သက်၏၊အပ်၏။ သမာနသံဝါသက မသမုတ်ပဲ ရွာတွင်း အဝိပ္ပဝါသ ပထမသမုတ်လျှင် မသက် မအပ်။ရွာ တွင်းဖြစ်လျှင် ဝိသုံဂါမမြေစားခံရာမှာ ရွာသီး ဖြစ်သောကြောင့် တပါးသံဃာမသိမ်းပဲ အပ်၏။ ဝိသုံဂါမမခံခဲ့လျှင် ကြုံရန်ရှိ၏။ ၎င်းမှာ ဓမ္မာရုံစံကျောင်းတိုက် သိမ်ဟု ကျီဝန် ဆရာတော်မိန့်၏။

ဂါမခေတ်နှစ်ခုအကြား ဂါမခေတ်နှစ်ခု တစိတ်စီသိမ်း၍ သမုတ် လိုရာ သမာနသံဝါသကသိမ် သမုတ်စဉ် ဂါမခေတ်တခု၌ ရဟန်း အလုံးစုံနေ၍ ဂါမခေတ်တခု၌ နိမိတ်သာထား၍ သမုတ်လျှင် နိမိတ် သာထားသည်ဘက် သံဃာမသိမ်းရ။ ထိုင်၍သမုတ်သည်ဘက် ဂါမ ခေတ်ရှိ သံဃာသာသိမ်းရသည်။ အဝိပ္ပဝါသသမုတ်လျှင် ဟိုဘက် သည်ဘက်နိမိတ်တွင်းရှိ သံဃာသိမ်းမှ အပ်သည်၊ သတိရှိခဲ၏။

## သိမ်သမုတ်ရာ(၄)ပါးထက်အလွန် ကမ္မဝါစာ ဖတ်သင့် မဖတ်သင့်

ကမ္မဝါဖတ်ရာ လေးပါး၊လေးပါးထက်အလွန် အပ် မအပ် ဆင်ခြင် ရာ၏။

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ကောန္တသာဝနေကာတုံ၊ တဥ္စ ကေန ဥပဇ္ဈာယေန၊နတွေဝ နာနုပဇ္ဈာယေန။
(မဟာ ဝါ ပါဠိတော် ၁၂၉။)

အစေ ပန နာနာ ရိယာ နာနုပဇ္ဈာယာ ဟောန္တိ။ တိဿတ္ထေ-ရော သုမနတ္ထေရဿ သဒ္ဓိဝိဟာရိကံ သုမနတ္ထေရော တိဿတ္ထေရဿ သဒ္ဓိဝိဟာရိကံ အနုသာဝေတိ။ အညမညဉ္စ ဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။ (မဟာဝါအဋ္ဌကထာ၊၃၁၅။)

ကမ္မဝါစာဆရာ တပါး၊ ဥပဇ္ဈာယ် အများ၊ ပဉ္စင်းလောင်း နှစ်ပါး သုံးပါး တပြိုင်နက် ကမ္မဝါစာ ရွတ်ဖတ်ခြင်းကိုသာ ပယ်တော်မူသည်။ ဥပဇ္ဈာယ် နှစ်ပါး၊ပဉ္စင်းလောင်း နှစ်ပါး သုံးပါး။ ဥပဇ္ဈာယ် သုံးပါး၊ ပဉ္စင်းလောင်း သုံးပါး နှစ်ပါး၊ကမ္မဝါစာဆရာ သုံးပါး ဖတ်ရွတ် အပ်၏။ ဥပဇ္ဈာယ်များခြင်းကြောင့် ကမ္မဝါစာဆရာ ဥပဇ္ဈာယ်အောက် ယုတ်လျှင် မအပ်ဟု ပယ်တော်မူရင်း ခွင့်ပြုတော်မူရင်းကို သိအပ်၏။ နာနုပဇ္ဈာယ ကောစရိယ - ပဉ္စင်းခံခြင်းကိုသာ ပယ်တော်မူသည်။

( စံကျောင်း ဆရာတော်ဘုရားကြီး )

ရဟန်းလောင်း (၃)ပါးထက် လွန်လျှင် မအပ်။ (ဝဇိရဗုဒ္ဓိဋီကာ ဆရာ၊ ရှေးဂဏ္ဌိပုဒ်ဆရာ၊ အရှင်အာနန္ဒာ၊ အနုဂဏ္ဌိပုဒ်ဆရာ၊ အန္ဓက-အဋ္ဌကထာဆရာ ၅-ဦးတို့ဝါဒ)

နိဂ္ဂဟကံ,ပဂ္ဂဟကံ နှစ်ပါးတို့ဘွင် ဥပသမ္ပဒါစသော ကံသည် ပဂ္ဂ-ဟကံဖြစ်၍ဒုတိယသံဃာဘေဒသိက္ခာပုဒ်ဖွင့် သာရတ္ထဒီပနီဋီကာ၊ ၎င်း ဝိမတိဋီကာတို့နှင့် ညီသော် ရဟန်းလောင်း (၄)ပါးထက် အလွန် အပ်ဖို့ရာရှိ၏။ ပဂ္ဂဟကံဖြစ်သော စူဠဝါ သမထက္ခန္ဓက ဥဗ္ဗာဟိကကံ စသည်၌လေးပါးလေပါး စသော ရဟန်းတို့ကို ကံပြုကောင်းသတည်း။ ဆိုသော် ဒွေတယော အရ ရဟန်းလောင်းပင် ဖြစ်၍ပါဠိတော် အဋ္ဌ-

ကထာ စသည်လာပြီးရကား မပြုကောင်းဟု မှတ်အပ်၏။ လေးပါး ငါးပါးစသည် ကမ္မဝါဖတ်ရာ မြစ်ပယ်ချက်မရှိသောကြောင့် အပ်၏ဟု ယူဖွယ်ရှိ၏၊သို့သော်ဤသို့ရဟန်းမခံကြလင့်ဟုစလင်းဆရာတော်မိန့်၏။

ငင်း ပါဠိ အဋ္ဌကထာစသည်ထောက်၍ မအပ်ဟု အချို့ဆရာတို့ မိန့်ကြ၏၊ ရဟန်းလောင်း(၃)ပါးထက်အလွန် ကမ္မဝါစာဆရာ (၃)ပါး ထက်အလွန် အပ် မအပ်ရှိသကဲ့သို့ သာမဏေအများ ရှင်ပြုစေရာ ပုဂ္ဂိုလ်ပြုအပ်သော ကံဖြစ်၍လည်းကောင်း၊ အပိုင်းအခြားထား၍ မဟောသောကြောင့်လည်းကောင်း၊ ဥဘတောသုဒ္ဓိဖြစ်သောကြောင့် လည်းကောင်း အပ်၏။ သာမဏေမှာ မကာရန္တကို သံဂါယနာတင် ဆရာတို့ ခွင့်ပြုသော်လည်း ရဟန်းတို့မှာ ခွင့်ပြုချက်မရှိသောကြောင့် ဝဇီရဗုဒ္ဓိစကားမသင့်။ မကာရန္တ ရဟန်းတို့မှာ မအပ်။

(စံကျောင်းဆရာတော်ဘုရားကြီးမိန့်)

---

## ယခုကာလ ဒွန်တွဲကမ္မဝါစာဖတ်ပုံ အပ် မအပ်

ဒွန်တွဲကမ္မဝါစာ ဖတ်ရာ၌ ဗုဒ္ဓရက္ခိတော စ ဓမ္မရက္ခိတော စ သံဃရက္ခိတော စ အာယသ္မတော သာရိပုတ္တဿ ဥပသမ္ပဒါပေက္ခော- စသော ဝိနယဝိနိစ္ဆယဋီကာ (ဒု၊၁၇၃။)၌ အယံ သဒ္ဒါမပါ။ ဒဗ္ဗဝါစ- ကနောင် စ-ထိုင်၏။

ဝိမတိဝိနောဒနီ(ဒု၊၁၃၁။)၌ကား -- အယံ ဗုဒ္ဓရက္ခိတော စ အယံ- ဓမ္မရက္ခိတော စ အာယသ္မတော သံဃရက္ခိတဿ ဥပသမ္ပဒါပေက္ခော- စသည်ဖြင့် အစ၌ အယံသဒ္ဒါနှင့်တကွ ဒဗ္ဗဝါစကနောင် စ-ထိုင်၍ ကေဝုစ်ဖတ်နည်းလာ၏။ ထိုကေဝုစ်ဖတ်နည်းသည် ပါရာဇိကဏ်ပါဠိ

တော်၊ဘေဒါနုဂတ္တကသိက္ခာပုဒ်လာ ဒွန်ကမ္မဝါစာ ဗဟုဝုစ်ဖတ်နည်းနှင့် လည်းကောင်း၊ ဘိက္ခုနီဝိဘင်း နဝမသံဃာဒိသေသသိက္ခာပုဒ်လာ ဒွန်ကမ္မဝါစာ ဗဟုဝုစ်ဖတ်နည်းနှင့် လည်းကောင်း၊ စူဠဝါသမထက္ခန္ဓက ဉဗ္ဗာဟိကဒွန်တွဲကမ္မဝါစာဗဟုဝုစ်ဖတ်နည်းနှင့်လည်းကောင်းမညီသော ကြောင့် စိတ်ချလက်ချ ယုံကြည်လောက်သည်မဟုတ်ကြ။ ဉတ်ကမ္မဝါစာ ဝိနည်းအရာ သာဓကခိုင်မြဲစွာ ပါဠိ အဋ္ဌကထာ တိုက်ရိုက်ရှိမှ ပင် ယုံကြည်လောက်ရာသည်။ ထို့ကြောင့် ဘုရားသဗ္ဗညုဟော ပါဠိ တော်တို့ကို အထပ်ထပ်ကြည့်ရှုဖတ်ကြရာသတည်း။

---

## ကျွန်းရွာတောရဆရာတော် သိမ်သမုတ်ကမ္မဝါစာဖတ်နည်း

သမ္မတော၊သမ္မနိတော၊ သမ္မန္နိတော၊သံမတော၊သံမနိတော၊ သံမန္နိတော၊သမတော၊သမနိတော၊သမန္နိတော။ (၉)ကြိမ်ပြင်။မန-ဗောဓနေ၊ မသတ်မှာပိတ်။

သမုဟာနေယ၊ သမုဟာနေ့ယ၊ သမုဟာနေတ်ယ၊ သမုယနေစ်ယ၊ သမုဟာနင်ယ၊ သမုဟာနည်ယ၊ သမုဟာနယ်ယ၊ သမုဟာနိန်ယ၊ (၈)၊ ကြိမ်ပြင်။ (သောဘာသေယျ-စသည်နည်းတူ) ဟန- ဥဋ္ဌါတော။ နက္ခမတိ၊နက္ခမ္မတိ၊ နခမတိ၊ နခမ္မတိ (၄)ကြိမ်ပြင်။ ခမု-ခန္တိယံ။

ထပေတွာ၊ ထပေတ်တွာ၊ ထပေ့တွာ၊ ထပစ်တွာ၊ ဌပေတွာ၊ ဌပေတ်တွာ၊ဌပေ့တွာ၊ဌပစ်တွာ၊ (၈) ကြိမ်ပြင်။ ကာရိ၊ကာရိယ။ထပ၊ ထပနေ။ တဝါဟု မဖတ်ရ။

ဂါမဋ္ဌ၊ ဂါမင်စ၊ ဂါမည်စ၊ ဂါမံစ၊ ဂါမူပစာရဋ္ဌ၊ ဂါမူပစာရင်စ၊ ဂါမူပစာရည်စ၊ ဂါမူပစာရံစ။

ထပေတွာ-၌ လျှာတန်းတန်းထား။ ဌပေတွာ၌ လျှာလိပ်။ (အဘူး)

သုဏာတု-၌ သု-မှာ လျှာတန်းတန်းထား။ လျှာကိုပြင်မထုတ်လင့်။ ဏာ-၌ လျှာကို လိပ်၍ အထက်ထိုးမိစေ၊ မပြင်းစေလင့်။ တု-၌ လျှာတန်းတန်းသား။ ဖြတ်။ မေ-နှင့် မပေါင်းလင့်။ ဘန္တေ-၌ ဝိသဇ္ဇနီသံ မပါစေလင့်။ တေ-၌ လျှာတန်းတန်းထား။ သံ-၌ လျှာတန်းတန်းထား။ ခံတွင်းပိတ်၊ နှာခေါင်းလှမ်းမိုးအောင်ရွတ်။ မပြင်းစေလင့်။ အဝိပ္ပ-ဝါသောဟု ပ္ပ-မှာ ဖြတ်ရွတ်။ ပဝါသော-ဟု မရွတ်လင့်။

ကလ္လံ-၌ နသတ်သံပါအောင်၊ လံ-၌ လျှာတန်းတန်းထား။ လိပ်၍ အထက်မထိုးလင့်။ ခံတွင်းပိတ်၊ နှာခေါင်းသံပါစေ။

သမုဟာနေယ-၌ သံရှေး-ဥရှေးရှိသော ဟနခေါတ်ဖြစ်၍ မု-မှာ ဒီဃမဟုတ်။ အဝိပ္ပဝါသံ-မှာ လျှာတန်းတန်းထား။ ခံတွင်းပိတ်။ နှာခေါင်းသံပါစေ။ ဗိန္ဒုပေါက်ပါတိုင်း သတ်ကြီးစွာထား။ တုဏှဿ-၌ လျှာလိပ် အထက်ထိုး။ တုဏှီ-၌ လည်း ဤနည်း။

တုဏှီ-တုဏှီ။ သိမာ-သီမာ။ ကေုပေါသထာ-ကေူပေါသထာ-စသော ဒီဃ, ရဿ အနုရူပအရာ။ ဂရု,လဟု အနုရူပအရာ။ သမ္ဗန္ဓ, ဝဝတ္ထိက အနုရူပအရာ။ ယင်း(၆)ဌာနတို့၌ ကံမပျက်ဟု ပရိဝါအဋ္ဌကထာဆို၏။ ယင်း (၆)ဌာနတို့ပင် သော်လည်း အနနုရူပအရာမှာ သဘာဝနိရုတ္တိ-လက္ခဏာပျက်၍ ကံပျက်ကြောင်း ဝိမတိ၊ ဝိနယာလင်္ကာရတို့၌ ဆို၏။

ယထာ ပါဠိယာ နိရုတ္တံ သောဓေတွာ ။ပ။ ကမ္မဝါစာ
ဉာတဗ္ဗာ၊ ဣတရထာ ဟိ သာဝနံ ဟာပေတိ နာမ။

အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ။ (ပရိဝါအဋ္ဌကထာ-ကမ္မဝဂ်အဖွင့်၊ ၂၄၈။ ထောက်။)

ဒုတိယမ္ပိ၊ တတိယမ္ပိ စသော ဝါကျတို့သည် သုဏာတု-စသော နောက်ဝါကျနှင့်သာ စပ်ရကား သော ဘာသေယျ-တွင် ဖြတ်ပြီးမှ ဒုတိယမ္ပိ-စသည်ကောက်။ သုဏာတု-စသည်ကို တတန်းတည်းကောက်။ ဒုတိယမ္ပိ, တတိယမ္ပိ-၌ နိဂ္ဂဟိတန္တမှာ ခံတွင်းပိတ်။ နှာခေါင်းသံ ဟိန်းစေ။ မကာရန္တ-မှာ နှုတ်ခမ်းတွင် ထိစေ၍ဖတ်။

သုဏာတု၊ ပရိပုဏ္ဏာသ၊သော တုဏှဿ၊တဿ တုဏှီ စသည်-ဏကြီး လျှာလိပ်၊ အထက်လျှာထိုးရွတ်။ သင်ရှိခဲ့စွ။ လျှာအထက်မထိုး တန်းတန်းထားရွတ်က ကံပျက်မည်။ ကြွင်းအက္ခရာ ဤနည်းချည်း။ မသိပဲနှင့်ရွတ်က သာသနာဖျက်။

ကျွန်းရွာဝေဠုဝရဆရာတော်သည် ကျေးဇူးရှင် စလင်းဆရာတော် မိုင်းခိုင်း ဆရာတော်၊ ရွှေရေးဆောင် ဆရာတော်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်၊ မန်လည် ဆရာတော်တို့ ထံမှ ကိုယ်တိုင်ကိုယ်ကြပ် လိုက်နာအပ်သော သမ္မာသမ္ဗုတိကံများကို ဆောင်ရွက်စဉ် မှတ်ထား အပ်သော ထိုထိုစာတမ်းမှ ထုတ်နုတ်၍ သဘောသက်ရာ ရေးအပ် သော ကမ္မဝါစာ ဥစ္စာရဏနယဒါနဒီပနီစာတမ်းကား- ၁၂၈၄-ခု ဝါဆို လဆန်း(၃)ရက် တနင်္ဂနွေနေ့ ညနေ(၄)နာရီအချိန်တွင် ပြီးအောင် မြင်သတည်း။

---

## စံကျောင်းဆရာတော်ဘုရားကြီး သိမ်ကမ္ဗဝါစာဖတ်ပုံနည်း

သမ္မတော
သံမတော
သမတော
သမ္မနိတော
သံမနိတော
သမနိတော
သမ္မန္နိတော
သံမန္နိတော
သမန္နိတော
(၉) ကြိမ် ဖတ်-
(မန-ဗေ့ခနေ)

---

သမုဟာနေယ
သမုဟာန္နေယ
သမုဟာနေတ်ယ
သမုဟာနေစ်ယ
သမုဟာနင်ယ
သမုဟာနည်ယ
သမုဟာနယ်ယ
သမုဟာနိန်ယ
ဥရဿနှင့် (၈)ကြိမ်ဖတ်
သမူဟာနေယ-စသည် ဒီဃနှင့်

(၈)ကြိမ်ဖတ်-
(ဟန-ဥဋ္ဌာတေ)

---

သော ဘာသေယျ စသည် တို့
အတူ (၈)ကြိမ်ဖတ်။

---

သမုဟာနတိ
သမူဟာနတိ
(၂) ကြိမ်ဖတ်။

---

ခမတိ
ခမ္မတိ
(၂) ကြိမ်ဖတ်။

---

နက္ခမတိ
နက္ခမ္မတိ
နခမတိ
နခမ္မတိ
(၄) ကြိမ်ဖတ်။

---

တုဏှီ
တုဏှ်ီ
(၂) ကြိမ်ဖတ်

---

သမ္မတာ-စသည်-ရှေးနည်းတူ
(၉) ကြိမ်ဖတ်

---

ကော့ပေါ်သထာ
ကောပေါ်သထာ
(၂) ကြိမ်ဖတ်။

---

ကော့ပေါ်သထံ
ကော့ပေါ်သထာယ
စသည်အတူ
သိမ်နုတ်ကမ္မဝါစာ
(၂) စောင်ဖတ်ပုံပြီး၏။

---

သမ္မနေယျ-မ္မသံယုဂ်-နသံယုဂ်-
မဲ့နှင့် (၈) ကြိမ်ဖတ်။

သမ္မန္နေယျ-မ္မသံယုဂ်-န္နသံယုဂ်
နှင့် (၈) ကြိမ်ဖတ်။

သံမနေယျ-သံဥ္ဉ နိဂ္ဂဟိတ်နှင့်
မသံယုဂ်မဲ့, နသံယုဂ်မဲ့နှင့်
(၈) ကြိမ်ဖတ်။

သံမန္နေယျ-သံဥ္ဉ နိဂ္ဂဟိတ်
မသံယုဂ်မဲ့-န္နသံယုဂ်နှင့် (၈)
ကြိမ်ဖတ်။

သံမံနေယျ၊ သထက် မထက်
နိဂ္ဂဟိတ်နှင့် (၈) ကြိမ်ဖတ်။

သမ္မနုတိ (မသံယုဂ်)
(နသံယုဂ်မဲ့)
သမ္မန္နုတိ
သံမနုတိ
သံမန္နုတိ
သံမံနုတိ
သမနုတိ
(၆) ကြိမ်ဖတ်။
သံပုဗ္ဗမန-ဗောဓနေ-သိခြင်း။

သမ္မုတိ (မကာရန္တ)
သံမုတိ (နိဂ္ဂဟိတန္တ)
(၂) ကြိမ်ဖတ်။
သံပုဗ္ဗမု-ဗန္ဓနေ။

---

သီမာ။ ဒီဃ
သိမာ။ ရဿ
(၂) ကြိမ်ဖတ်။ သိ-ဗန္ဓနေ-
ဒီဃော။

---

ဂါမဍ္ဍ
ဂါမူပစာရဍ္ဍ
ဂါမံစ
ဂါမူပစာရံစ
ဂါမင်စ
ဂါမူပစာရင်စ
ဂါမည်စ
ဂါမူပစာရည်စ
ဥ ဝဂ္ဂန္တ၊ နိဂ္ဂဟိတန္တ၊ ငဝဂ္ဂန္တ၊
ည ဝဂ္ဂန္တ (၈) ကြိမ်ဖတ်။

---

ထပေတွာ
ထပေ့တွာ
ထပေတ်တွာ
ထပေစ်တွာ
ဒန္တဇ ဒုတိယထနှင့် (၄) ကြိမ်ဖတ်။

ထပ-ထပနေ။

---

ဌပေတွာ
ဌပေ့တွာ
ဌပေတ်တွာ
ဌပေစ်တွာ။
(မုဒ္ဓဇ ဒုတိယဌဝမ်းဘဲနှင့်
(၄) ကြိမ်ဖတ်။
ထဿ ဌတ္တံ, ပဿ ဝတ္တံ,
ဝဿ ဒွိတ္တံ, ဝကာရဒွယဿ
ဗကာရဒွယံ ဘဝတိ၊ဝေါဋ္ဌဗ္ဗန့်။
သဒ္ဒနီတိထောက်။ ဓပေတွာ
ကား သာဓကမရှိ မဖတ်ရ။
ကေူပေါသဓာ=ထို့အတူ
သာဓကမရှိ မဖတ်ရ။

---

၁၂၇၆-ခု ဝါတွင်း သုဒဿနဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု–ဘွဲ့တံဆိပ်တော်ရ စံကျောင်း ဆရာတော် ဘုရားကြီး သိမ်သမုတ်ခန်း နည်းနယကို ယခုကာလ တွေ့ရသူနည်း ပါးလှသဖြင့် ပျောက်ကွယ်မည်စိုး၍ ထည့်သွင်းလိုက်သည်။ သာ-သနာပိုင် ဦးဥေ ယျလည်း ဤအတိုင်း ဖတ်သည်ဟူ၍ ဆရာတော်ကြီး များ မိန့်ဖူး၏။

---

## ဗျတ္တပဋိဗလရွေးချယ်ခန်း

ထို့နောင် ဗျတ္တောန အဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော-ဟူသော ဝိနည်းမဟာဝါပါဠိတော်။

သီမံ ဘိက္ခဝေ သမ္မန္နေယျ၊ ဧဝဉ္စ ပန ဘိက္ခဝေ သမ္မန္နိတဗ္ဗာ- ဟူသော ဝိနည်းမဟာဝါပါဠိတော်။

နိမိတ္တာနိ ကိတ္တေတဗ္ဗာ ဟတ္ထပါသံ အဝိဇဟန္တေဟိ ကမ္မဝါစာယ သမာနသံဝါသကာသီမံ သမ္မန္နိတဗ္ဗာ—ဟူသော ၎င်းအဋ္ဌကထာတို့နှင့် အညီ ဝိနည်းအဋ္ဌကထာနှင့်တကွ ဝိနည်းပိဋကတ်၌ ဋ္ဌာန်,ကရိုဏ်း, ပယတ်,ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး အစီအရင်နှင့်တကွ ကျကျနန ဖတ်နည်း ရသော ဝိနယဓရပုဂ္ဂိုလ်၊ အယုတ်ဆုံး ဉတ်ကမ္မဝါစာတို့၌ပါသောပုဒ် ပါဌ် အက္ခရာ ဝါကျတို့ကို ရပြီးနှင့် မခြားနား၊ ညက်ညက်ညောညော သွားအောင် နှုတ်တက်သော ဝိနယဓရပုဂ္ဂိုလ်၊ ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဗျတ္တပုဂ္ဂိုလ်ဆိုသည်။ ဤဗျတ္တ-ဟူသောပါဌ် ဖြင့် ဗျတ္တအင်္ဂါနှင့် မပြည့်စုံပဲ ကြားဖူးနားဝရှိရုံမျှနှင့် ဉတ်ကမ္မဝါစာ မရွတ်ဖတ်ထိုက်ဟု ပြတော်မူသည်။

ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ၌— ဗျတ္တော နာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ-အစရှိသော စကားကို မိန့်ဆိုတော်မူသတည်း။

သာလိပ်ဒေါဂါ့စသည် ကင်းမှင်းခြင်း သွား နှုတ်ခမ်း လျှာစသည် တို့လည်း လူတန်းစေ့ ပြည့်စုံခြင်း အဋ္ဌကထာနှင့်တကွသော ပိဋက သုံးပုံ သင်ကြားကြည့်ရှု ပို့ချမှု အားကောင်းခြင်း ဤအင်္ဂါသုံးပါး နှင့် ပြည့်စုံသော ဗဟုဿုတ အင်္ဂါလာန ပဓိပုဏ္ဏောင်ပုဂ္ဂိုလ်ကို ပဋိဗလ ပုဂ္ဂိုလ်ဆိုသည်။ ထို့ကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ၊ ၂၆၄၊၅-၌—

ယော ပန ကာသသောသသေမှာဒိနာ ဝါ ဂေလညေန, ဩဠဴ-ဒန္တဇိဝှါဒိနံ ဝါ အသမ္ပတ္တိယာ, ပရိယတ္တိယံ ဝါ အကတတပရိ-စယတ္တာ န သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံ ဝါ ပဒံ ဝါ ဟာပေတိ။ အညထာ ဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ၊ အယံ အပ္ပဋိဗလော။ တဗ္ဗိပရီတော ဗျတ္တော အတ္ထော ပဋိဗလောတိ ဝေဒိတဗ္ဗော–

ဟု မိန့်အပ်၏။

## ဝိနယဓရ လုပ်လိုသူတို့ ဗဟုသုတဂန္ထန္တရစုံ လေ့လာရပုံ ပြခန်း

ထိုဗျတ္တ, ပဋိဗလ အင်္ဂါနှင့်တကွ ရတ္တညူ မဟာဝေယျာကရဏကပိဋကတ္တယပါရဂူဂုဏ်နှင့် ပြည့်စုံစေနိုင်ရေးအတွက် သာရတ္ထဒီပနီဋီကာ ဝဇိရ ဗုဒ္ဓိ၊ ဝိမတိဝိနောဒနီ၊ ပါရာဇိကဏ်၊ ပါစိတျာဒိယောဇနာ၊ ဆင်တဲဝိနည်းဂဏ္ဌိ၊ စလင်းဝိနည်းဂဏ္ဌိ၊ ဘုရားကြီးဝိနည်းဂဏ္ဌိ၊ မောင်းထောင်ဝိနည်းဂဏ္ဌိ၊ ပြည်ဝိနည်းဂဏ္ဌိ၊ ဝိနယသာရဂဏ္ဌိ၊ တောင်ဖီလာဖြတ်ထုံး၊ တောင်းတွင်းဖြတ်ထုံး၊ မောင်းထောင်ဖြတ်ထုံး-စသည်တို့နှင့်တကွ။

ပါတိမောက္ခဂဏ္ဌိပုဒ်၊ပါတိမောက္ခလေခနယ၊ ပါတိမောက္ခဝိသောဓနီ၊ ပါတိမောက္ခအနုပဒတ္ထဝဏ္ဏနာ၊ ခင်မကန်သိမာဝိနိစ္ဆယ၊ မောင်းထောင်သိမာဝိနိစ္ဆယ၊မိုင်းခိုင်းဝိနည်းဂဏ္ဌိ၊ ဇာတ်ပါဠိတော်ဂဏ္ဌိ၊ ဇာတ်အဋ္ဌကထာဂဏ္ဌိ၊ ပဋ္ဌာနသာရဒီပနီ၊ ဗိဋ္ဌိဘောဒပကာသနီ၊ နဋ္ဌပကာသနီ၊ သီရိမဟာမာယာဝတ္ထုပါဌ်၊ သီဟဠဝတ္ထုပါဌ်၊ ဒသဝတ္ထုပါဌ်၊ အနာဂတဝင်၊ ဗောဓိဝင်၊ ဒီပဝင်၊ ထူပဝင်၊ ပါဠိ အဋ္ဌကထာ စသည်တို့နှင့်တကွ၊ ဝိနိစ္ဆယ အဋ္ဌကထာ၊ ဋီကာ၊ ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာ၊

ဋီကာ၊ ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဋီကာဟောင်း၊ ဝိနယာလင်္ကာရဋီကာ ဟောင်း, သစ်၊ ယောဇနာဟောင်း, သစ်တို့နှင့်တကွ။

ခုဒ္ဒသိက္ခာအဋ္ဌကထာ၊ ဋီကာဟောင်း,သစ်၊မူလသိက္ခာ အဋ္ဌကထာ၊ သီမာလင်္ကာရ အဋ္ဌကထာ ဋီကာ၊သီလာဝဟ အဋ္ဌကထာ၊သိက္ခာပဒဝလဉ္ဇန အဋ္ဌကထာ၊ ဝိနယ သဓ္ခိပ အဋ္ဌကထာ၊ဂုဠ္ဌတ္ထပကာသနီ၊သီမာဝိသောဓနီ၊ သီမာဗန္ဓနီ၊ ကင်္ခါအဋ္ဌကထာ ဋီကာဟောင်း, ဋီကာသစ်၊ ကင်္ခါဂဏ္ဌိ၊ ဝိနည်းငါးကျမ်း အဋ္ဌကထာနှင့် ဝိနည်းငါးကျမ်း ပါဠိတော် ရင်းကုန်၊ ပါဠိတော်စစ်ကုန်။

မူလဋီကာ၊ အနုဋီကာ၊ မဓုဋီကာ၊ မဏိဒီပ၊ ဂုဠ္ဌတ္ထကျဉ်း၊ ဂုဠ္ဌတ္ထကျယ်၊ စုဒ္ဒသရုပ်၊သောဠသရုပ်၊ တိံသရုပ်၊ စန္ဒသူရိယဒီပနီ၊ဆောကဒီပနီ၊ ဝိသုတ္တိ ဝဏ္ဏနာ၊ ဝိဝိဓ နယဒီပနီ၊ အဋ္ဌသာလိနီပိုင်တောင်း၊ မူလဋီကာမိန်ခွတောင်း၊ အနုဋီကာမိန်ခွတောင်း၊ ကျော်အောင်စံထား အဋ္ဌသာလိနီဂဏ္ဌိ၊ မင်းခင်းဂဏ္ဌိ၊ မြို့ပြင်ကြီးဂဏ္ဌိ၊ ယောဇနာ၊ အဋ္ဌသာလိနီနှင့်တကွ၊ ဓမ္မသင်္ဂဏီပါဠိတော်ကုန်။

မူလ၊အနု၊မဓု၊ ဝိဝိဓ နယဒီပနီ၊ သမ္မောဂဏ္ဌိ၊ ယောဇနာ၊သမ္မောဟဝိနောဒနီအဋ္ဌကထာနှင့်တကွ ဝိဘင်းပါဠိတော်ကုန်။

မူလ-အနု-မဓု-ဝိဝိဓနယဒီပနီ၊ ဓာတုကထာမူလဋီကာဂဏ္ဌိ၊ ပဉ္စပကြိုဏ် အဋ္ဌကထာနှင့်တကွ ဓာတုကထာစသော ပါဠိတော်ကုန်။

ဋီကာဟောင်းသစ်၊ သီလက္ခန်ပါဠိတော်ဂဏ္ဌိ၊ အဋ္ဌကထာဂဏ္ဌိ၊ သီလက္ခန်အဋ္ဌကထာနှင့်တကွ သီလက္ခန်ပါဠိတော်၊ အဋ္ဌကထာ ဋီကာ ဂဏ္ဌိနှင့်တကွ သုတ်မဟာဝါပါဠိတော်၊ အဋ္ဌကထာ ဋီကာဂဏ္ဌိနှင့်တကွ၊ သုတ်ပါထေယျပါဠိတော်။

အဋ္ဌကထာ ဋီကာနှင့် ပဏ္ဏာသသုံးကျမ်း၊ အဋ္ဌကထာ ဋီကာနှင့်တကွ သံယုတ် ငါးကျမ်း၊ အဋ္ဌကထာ ဋီကာနှင့်တကွ အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း၊ ခုဒ္ဒကပါဌဋီကာ၊ ဓမ္မပဒဋီကာ၊ ပါဠိဇာတ် ဋီကာ၊ ဇာတ်မဟာ ဋီကာသစ် ၂-ထုပ်၊ ဗုဒ္ဓဝင်ဋီကာ၊ နေတ္တိဋီကာဟောင်း ဋီကာသစ်၊ ပဋ္ဌိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်၊ အဋ္ဌကထာတို့နှင့်တကွ၊ အဋ္ဌကထာမရှိသော ထေရီအပဒါန်၊ မိလိန္ဒပဉှာတို့မှတပါး၊ ခုဒ္ဒကနိကာယ်(၁၉)ကျမ်း ပါဠိတော် အဋ္ဌကထာနှင့်တကွ သုတ္တသင်္ဂဟပါဠိတော်၊ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၊ ဥပါသကာလင်္ကာရ၊ ထေရီအပဒါန်ပါဠိတော်၊ မိလိန္ဒပဉှာ ပါဠိတော်ကုန်။

ချာသ၊ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ မောဂ္ဂလာန်၊ ဗာလာဝတာရ၊ ကစ္စာယန ဝဏ္ဏနာ၊ နိဒ္ဒေသ-နိရုတ္တိဒီပနီတို့နှင့်တကွ၊ အရပ်ရပ်သော မာဂဓဗျာကရဏ်းကျမ်းတို့၌လည်းကောင်း တပါးသော ကျမ်းငယ်ပေါင်း ဝိနိစ္ဆယပေါင်းများစွာ မိမိလက်ရှိ ဂန္ထန္တရတို့၌လည်းကောင်း တလုံးတပါဒမကျန် အချုပ်ခေါက်ပေါင်းများစွာ သာမဏေ ဝါ(၁၀)ရဟန်းဝါ (၃၆)ဝါ၊ ပေါင်း (၄၆) ဝါလုံးလုံး ပစ္စယာမိသတဏှာကို သိမ်းဆည်းနိုင်သမျှ သိမ်းဆည်းပြီးလျှင် ကိုယ်နှင့် အသက်ကို ပမာဏ မထား လေ့လာခဲ့ဖူးသော ဗဟုသုတပိဋကတ္တယပါရဂူဂုဏ်၊

ပဋိပတ္တိသာသနာ ခြောက်ပါးလုံး လေ့လာ ပွားများခဲ့ဖူးသော ပဋိပတ္တိ သမာစာရဂုဏ်၊

သင်္ဂြိုဟ်အဋ္ဌကထာကြီးသုံးကျမ်းနှင့်တကွ သင်္ဂြိုဟ်သဒ္ဒါ၊ အဘိဓမ္မာ၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ ညဝါစသော ကျမ်းဂန်တို့၌ အောင်မြင်ဖူး၍ ပြည်ပိုင်အစိုးရမင်းတို့ မြန်မာနိုင်ငံအသင်းတို့က ချီးမြှင့်အပ်သော လက်မှတ်အများရသော မဟာလဒ္ဓလဉ္ဆနဂုဏ်၊

ဂျော့ဘုရင်မင်းမြတ်ကိုယ်စား အိန္ဒိယဘုရင်ခံချုပ်မင်း မြန်မာနိုင်ငံဘုရင်ခံမင်းတို့ လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာသံဃာရာဇာ သာသနာ့ပိုင်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိဂုဏ်၊ ဇမ္ဗူကျွန်းကုန်ကျော်ကြား ထင်ရှားပြီးသော ကိတ္တိသဒ္ဒရှိလေသည်နှင့် (၄) မြို့အတွင်းရှိ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဂိုဏ်းသံဃာများ အုပ်ချုပ်စီမံဆုံးမသြဝါဒပေးရန်၊ ချီးမြှင့်တော်မူအပ်သော(၄)မြို့ဂိုဏ်းချုပ် ကျွန်းရွာတောရဆရာတော်ဟူသော ဘွဲ့တံဆိပ်တော်၊ မြစ်ကျွေခရိုင် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဟူသော တတိယဘွဲ့တံဆိပ်တော်၊

## သမာနသံဝါသက သိမ်သမုတ်ပုံပြခန်း

ဤသို့ စသော ဂုဏ်တော်များတို့၏ တည်ရာဖြစ်သော မိုင်းခိုင်းဆရာတော်၊ ကျီဝန်ဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ ဆရာတော် ဦးရန်ကုန်၊ မဟာဝိသုဒ္ဓါရာမဆရာတော်၊ မန်လည်ဆရာတော်၊ စလင်းဆရာတော်၊ ပုဂံအတွင်းဝန် သုဓမ္မာဆရာတော်၊ မင်းရွာဆရာတော် စသောဆရာတော်တို့၏သဒ္ဓိဝိဟာရိက အန္တေဝါသိကတပည့်၊(၄) မြို့ ဂိုဏ်းချုပ်-သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဘုရားကြီးသည် အဝိပ္ပဝါသကမ္မဝါစာမဖတ်ပဲ ဌာန်,ကရိုဏ်း, ပယတ်၊ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးကျနပ်ပြင်စွာ သမာနသံဝါသကကမ္မဝါစာကို ကျောက်ဆောက်ဂိုဏ်းအုပ်ဆည်ကုန်းဆရာတော်ကြီး၊ တောင်သာဂိုဏ်းအုပ် မြင်းတည်းဆရာတော်ဘုရားကြီးတို့ ပထမအကြိမ်ဖတ်တော်မူကြသတည်း။

ထိုနောင် ပါဠိမြန်မာဝိနိစ္ဆယကျမ်းဂန်တို့၌ လေ့လာပြီးသော သီလ သမာဓိပညာဝန္တ သပ္ပုရိသအင်္ဂါပြည့်စုံစွာသော ရေစကြိုမြို့ နဂါးရုံ ဆရာတော်ဘုရားသည် တပါးတည်း ထိုအတူ ဒုတိယအကြိမ်ဖတ်တော်မူသတည်း။

ရင်းနောက် ရင်းဂုဏ်နှင့် ပြည့်စုံတော်မူသော ဟင်္သာတမြို့ ဓမ္မိကာရုံဆရာတော်ဘုရားသည် ထိုအတူ တတိယအကြိမ် ဖတ်တော်မူသတည်း။

ထိုနောက် ထိုဂုဏ်လေးပါးနှင့် ပြည့်စုံတော်မူသော ရန်ကုန်မြို့ ဗဂ်လားတိုက် စကားဝါပင်ကျောင်းကြီး ဆရာတော်ဘုရားကြီးသည် ထိုအတူ စတုတ္ထအကြိမ် ဖတ်တော်မူသတည်း။

ထိုနောင် ထိုဂုဏ်လေးပါးနှင့် ပြည့်စုံတော်မူသော မဘဲဆရာတော် ပုသိမ်ဆရာတော်ဘုရားတို့သည် ပဥ္စမအကြိမ် ဖတ်တော်မူသတည်း။

ထိုနောင် မဟာဓမ္မိကာရာမတိုက် ကျွန်းရွာကလေး ဆရာတော်၊ ဝေဇယန္တာဆရာတော်၊ ကျွန်းရွာဓတာခ တိုက်အုပ် ဆရာတော်ဘုရား တို့သည် ဆဋ္ဌမ အကြိမ် ဖတ်တော်မူကြသတည်း။

ထိုနောင် ဟင်္သာတ ကျွန်းကုန်းဆရာတော်၊ ညောင်လေးပင် ဆရာတော်၊ ခံပင်ရွာဆရာတော် ဘုရားတို့သည် သတ္တမအကြိမ် ဖတ်တော်မူသည်။

ထိုနောင် တောင်တွင်းကြီး ဆရာတော်၊ မြင်းခြံ တပ်ကုန်း ဆရာတော်၊ မြင်းတည်းဆရာတော်တို့သည် အဋ္ဌမအကြိမ် ဖတ်တော် မူသည်။

ထိုနောင် ထန်းပင်ကျွန်ဆရာတော်၊ ပြည်ဆရာတော်၊ ပုသိမ် ဆရာတော်တို့သည် နဝမအကြိမ် ဖတ်တော်မူသည်။

## အဝိပ္ပဝါသသိမ် သမုတ်ပုံကို ပြခန်း

ဤသို့ သမာနသံဝါသကသီမာသမ္မုတိကံကို ကိုးကြိမ် ဖတ်တော်မူသတည်း၊ ထိုနောင် ဆိုအပ်ပြီးသော ဂုဏ်နှင့် ပြည့်စုံတော်မူသော အဂ္ဂမဟာမဏ္ဍိတ ဘွဲ့တံဆိပ်တော်၊ (၄) မြို့ ဂိုဏ်းချုပ် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဟူသော ဘွဲ့တံဆိပ်တော် သုံးတန် အလှူတော်ခံရသော (၄) မြို့ ဂိုဏ်းချုပ် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်၊ ကျောက်ဆောက်-တိုက်အုပ်ဆရာတော်၊ တောင်သာ ဂိုဏ်းအုပ်ဆရာတော်တို့သည် ပဋ္ဌာ တိစီဝရေန အဝိပ္ပဝါသော သမ္မန္နိ-တဗ္ဗော-ဟူသော ဝိနည်းမဟာဝါပါဠိတော်။ တဿာ ဒွိကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ-ဟူသော ရှင်းအဋ္ဌကထာတို့နှင့်အညီ။ အဝိပ္ပဝါသသီမာသမ္မုတိကမ္မဝါစာကို သုံးကြိမ်ဖတ်တော်မူကြသတည်း။

ထိုနောင် ရေစကြို ဆရာတော်၊ ဗင်္ဂလားဆရာတော်၊ ဟသ်ာတ ဆရာတော်တို့သည် ဒုတိယအကြိမ်၊

တပ်ကုန်းဆရာတော်၊ကျွန်းရွာဆရာတော်၊ ဝေဇယန္တာဆရာတော် တို့သည် တတိယအကြိမ်၊

တိုက်အုပ်ဆရာတော်၊ မြင်းတည်းဆရာတော်၊ တောင်တွင်းကြီး ဆရာတော်တို့သည် စတုတ္ထအကြိမ်၊

ညောင်လေးပင်ဆရာတော်၊ ထန်းပင်ကျန်ဆရာတော်၊ ကျွန်းကုန်း ဆရာတော်တို့သည် ပဉ္စမအကြိမ်၊ အဝိပ္ပဝါသကမ္မဝါစာဖြင့် တဖန် သမုတ်တော်မူကြသတည်း။

## သမာနသံဝါသက အဝိပ္ပဝါသသိမ်သမုတ်ကမ္မဝါ၌ (သာ)
## ပါ မပါ နှစ်မျိုးရှိရာ-ပါမှ သင့်ကြောင်း ပြခန်း

ဤသို့ ဖတ်ရာ၌ သမာနသံဝါသကသိမ် သမုတ်ခန်း၌ နိဂုံးမှာ သမ္မတာ-နောင် သာ-ဟူသော သဗ္ဗနာမ်ပုဒ်-အချို့က မပါ။ အဝိပ္ပဝါသ-သိမ် သမုတ်ခန်း၌လည်း သမ္မတာ-နောင် သာ-မပါပဲ ရှိတတ်၏၊ သိမ်နုတ် ကမ္မဝါစာတို့၌ သော-ဟူ၍လည်းကောင်း။ သာ-ဟူ၍ လည်းကောင်း ပါသောကြောင့် လည်းကောင်း၊ အက္ခရပရိဟီန ဖြစ်ရာ၌သာ အပြစ်ရှိ၍ ပိုရာ၌ အပြစ်မရှိကြောင်း သာကထုတ်ပြီး ရှိသောကြောင့် လည်းကောင်း ငါတို့စံကျောင်းဆက် ဆရာစဉ်ဟူသမျှ မပါလျှင်ထည့်၍ ဖတ်ရိုးပြုတော်မူကြသတည်း။ ငါတို့ကျေးဇူးရှင်မဟာ ဝိသုဒ္ဓါရာမဆရာတော်ကြီး၏ သမာနသံဝါသကသိမ်သမုတ်ခန်း နိဂုံး၌ သာ-မပါအဝိပ္ပဝါသသိမ်သမုတ်ခန်းနိဂုံး၌မူ သာ-သဒ္ဒါ ပါသတည်း။

၎င်းဆရာတော်ကြီး ပြင်ဆင်အပ်သော မဟာဝါ ပါဠိတော်၌မူ သာ- သဒ္ဒါနှစ်ချက်ပင် ပါသတည်း။ သာ-ရှေးစာ၌မူ ရှေး၌မပါ။ နောက် ၌ပါသတည်း။ ဆိုအပ်ပြီး အကြောင်းများကြောင့် ပါသည့်သာကောင်း သတည်းဟု စံကျောင်းဆက်တို့ ယူပုံကို ပြဆိုချက်တည်း။

ကမ္မဝါစာ ဖတ်ရာ၌ မောင်းထောင် သာသနာပိုင် ဆရာတော် လည်း အထူးထူး အပြားပြား ဖတ်ကြောင်း။ ဆရာတော် ဦးဗုဓ် နှင့် စကားများ၍ ဦးဗုဓ်တခြားပင့်သွားရကြောင်း။ ဒုတိယ မောင်းထောင် သာသနာပိုင် ဦးဥေယျလည်း ဒေ့ ထူးထူး အပြား ပြား ဖတ်ကြောင်း။ ခင်မကန်ဆရာတော်က ဘုရားမြတ်စွာ အတော်မောရှာမှာပဲဟု မိန့်ကြောင်း ဒါဆင့်ဆင့် ဆရာတော်ကြီးများ မိန့်၏။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အကြိမ်ကြိမ် အထပ်ထပ် ဉတ္တိ ဒုတိယကမ္မဝါစာဖြင့် ဘုရင်ခံ မင်းထံမှ ဝိသုံဂါမ-ရပြီးသော ကျောက်ဆောက်မြို့ ကျွန်းရွာ မဟာဓမ္မိကာရာမကျောင်းတိုက်ကြီး အရှေ့တောင်ထောင့်အရပ် အလျား အနံ အတောင် (၂၀) စီရှိသော သာသန ဇောတိကာ ခဏ္ဍသိမ်သည် ၁၂၇၂-ခု တန်ခူးလဆန်း(၁၂) ရက်နေ့ည (၁၁) နာရီ အချိန်တွင် သဗ္ဗမင်္ဂလာ ဩဘာတံဆိပ် ခပ်-နှိပ်ပြီးသော အသွင်၊ စည်မောင်းပတ်သာ၊ မင်္ဂလာစည်တော်ရွမ်း၍ နှစ်သိမ့်စေရာ ပြီးဆုံးသတည်း။ ယိုသို့ပြီးဆုံးသောအခါ—

ကမ္မဝါစာပရိယောသာနေ နိမိတ္တာနံ အန္တော သီမာ ဟောတိ၊ နိမိတ္တာနီ သီမတော ဗဟိ ဟောန္တိ - ဟူသော မဟာဝါအဋ္ဌကထာ။

ကမ္မဝါစာပရိယောသာနေယော နိမိတ္တာနိ ဗဟိ ကတွာ ဟေဋ္ဌာ ပထဝီသန္ဓာရကံ ဥဒကံ ပရိယန္တံ ကတွာ သီမာ ဂတာ ဟောတိ-ဟူသော ၎င်းအဋ္ဌကထာ။

သမာနသံဝါသကကမ္မဝါစာပရိယောသာနေယေ၀ နိမိတ္တာနိ ဗဟိ ကတွာ နိမိတ္တာနံ အန္တော ပမာဏေနေ၀ သမာနသံဝါ-သကသီမာ စတုနဟုတာဓိကဒွိလက္ခယောဇနာပုထုလံ မဟာပ-ထဝိံ ဝိနိဝိဇ္ဈိတွာ ပထဝီသန္ဓာရကဥဒကံ ပရိယန္တံ ကတွာ ဂတာ-အစရှိသော ဝိနယလင်္ကာရဋီကာ(ပ၊၃၇၂။) တို့နှင့်အညီ အခေါင်း ရှိသောအရပ်ကို ချန်လှပ်၍ နှစ်သိန်းလေးသောင်း အထုရှိ သော မဟာပထဝီရှိမြေ ကျောက်မြေကို အကုန်နှံ့၍ သက်ဝင်ပြီး နောက် အောင်မြင်ပြီးစီးခြင်းသို့ ရောက်သတည်း။

ထိုအခါ သီမာသမ္မုတိကံ စီမံမင်္ဂလာ ပြီးစီးသောအခါ များစွာ သောင်းသောင်း လူအပေါင်းတို့သည် ကောင်းချီးဩဘာ ထောမနာ ဖြင့် ကောလာဟလဖြစ်စေရန် ရည်သန်ပြီးလျှင်သေနတ်အများဖောက် ခြင်း၊ ကြေးစည်ခေါင်းလောင်း ကျောက်စည် တီးခတ်ခြင်းတို့ကို နှစ်သိမ့်အားရစွာ ပြု၍ပြီးသတည်း။ ထိုနောင် ဆင်ယင် ကျင်းပအပ် သော မင်္ဂလာမဏ္ဍပ်၌ သီမာသမ္မုတိကံကို ဆောင်ရွက်သော ရဟန်း တော်ကုန်ပင့်ဖိတ်၍ သိမ်ဒါယကာ ဒါယိကာမများနှင့် တကွ၊ ရွာအနီး ရှိပင့်ဖိတ်ရာပါ ဒါယကာ ဒါယိကာမတို့သည် သိမ်ရေစက်ချ အထူးထူး သော ဒါနဝတ္ထုတို့ကို သရဏဂုံငါးပါးသီလ ယူပြီးလျှင် ကျွန်းရွာ တောရ ဆရာတော်ဘုရားကြီး ရေစက်ချ၊ ဆုတောင်း၊ အမျှဝေ သက်သေထားခြင်းကို ပြုစေသတည်း။ ထိုနောင် ဗင်္ဂလား ဆရာတော် ဘုရားသည် သိမ်တရားဟော၍ အပြီးသို့ ရောက်သတည်း။

ဤကားအများသော ပညာရှိတို့ နည်းနှာနယ ယူကြစေရန် ရည်သန်ပြီးလျှင် ငါတို့ မဟာဇောတိကာ သိမ်သမုတ်ခန်းကို ရေး သားအပ်ပြီး စာတမ်းကျောက်စာကို ထည့်သွင်းဖော်ပြလိုက်သတည်း။

သိမ်သမုတ်ပုံ နည်းမျိုးစုံဋီကာပြီး၏။

---

## သိမ်အောင်ကျောက်စာပါဌ်

မဟာဓမ္မိကာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘွဲ့တံဆိပ်တော်ရ၊ သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ကြီးရေး

### သိမ်အောင်စာ

၁။ အနန္တလောကဓာတုမှိ၊ လဒ္ဓါလောကော မဟာဇနော၊ ရဝိန္ဒေ့ာဘာဃ ယံ ဇနော၊ ဇိနော့ဘာဃ ယထာ တထာ။

၂။ သုဒ္ဓါ လောကော သုဒ္ဓါသယော၊ အာဟစ္စ ဇိနသာသနေ။
သဒ္ဓေယျာ စလသဒ္ဓါယ၊ မဟာဇနော သုသဏ္ဌိတော။

၃။ သမ္မာဒိဋ္ဌိကုလေ ဇာတော၊ ဇနော အစလသဒ္ဓယာ။
သဒ္ဓမ္မဇောတိကာမော စ၊ သမ္ပန္နဟာဒယော သဒါ။

၄။ တေဟာနုဂ္ဂဟိတာဘာဝေန၊ ဂဏပါမောက္ခေဟိ တီဟိ စ။
ဝိနယဒ္ဓရတ္ထေရေဟိ၊ ဝိညူပသတ္ထသီလိဟိ။

၅။ သဒ္ဓိံ တာလီသဘိက္ခူဟိ၊ မဟာဓမ္မိကဆာမိကေ။
သုလဒ္ဓဝိသုံ ဂါမမှို၊ အင်္ဂလိသာဆာန သန္တိကာ။

၆။ ဝေဒဂုဏာယာမမ္ဘူမိံ၊ သမ္ပတ္တေ ဇိနသာသနေ။
ဒွါဘီတာဓိကံ သဟဿေ စ၊ ဒွိသတေက သဟဿိကံ။

၇။ စိတြမာသဿ ဒွါဒသေ၊ သူရိယေ ဒသဃဏ္ဍိကေ။
ဝိနယဿာနုလောမေန၊ အယံ သီမာ သုဗန္ဓိတာ။

(သာသနဝိသောဓနီ မဟာဇောတိကာ သီမာ ယံ သညာ။)

## သိမ်အောင်ကျောက်စာနိဿယ

၁။ အနန္တလောကဓာတုမှို၊ အဆုံးမသတ် ခပ်သိမ်းသော လောကဓာတ်၌။ မဟာဇနော၊ သတ္တဝါသူ မျိုးပိုလ်လူသည်။ ရဝိန္ဒော-ဘာသယ၊ လရောင် နေရောင်ဖြင့်။ လဒ္ဓါလောကော၊ ကောင်းစွာရ

အပ်သော အလင်းရှိသည်သာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ၊ အယံဇနော့ပိ၊ ဤကျွန်းရွာသူ ကျွန်းရွာသား အပေါင်းသည်လည်း။ ဇိနောဘာယ၊ မြတ်စွာဘုရား၏ အဆုံးအမ တော်တည်းဟူသော ပရိယတ္တိ ပဋိပတ္တိသာသနာရောင်ဖြင့်။ လဒ္ဓါ-လောကော၊ ကောင်းစွာ ရအပ်သော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် အလင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

၂။ မဟာဇနော၊ ကျွန်းရွာသူ ကျွန်းရွာသားအပေါင်းသည်။ သဒ္ဓါလောကော၊ စင်ကြယ်သော သမ္မာဒိဋ္ဌိ ဉာဏ်အလင်းရှိသည့်အဖြစ်ကြောင့်။ သုဒ္ဓါသယော၊ စင်ကြယ်သော ဉာဏာသယ ရှိသည်အဖြစ်ကြောင့်။ ဇိနသာသနေ၊ ငါးမာရ်အောင်မြင် ဘုရားရှင်၏ သာသနာတွင်း၌။ အာဟစ္စ၊ ကိုယ်ရေစိတ်လိုက် လွန်စွာထိခိုက်၍။ သဒ္ဓေယျ၊ ရတနာသုံးတန် ကံနှင့်ကံကျိုး ငါးပါးသော သဒ္ဓေယျမျိုး၌။ အစလ-သဒ္ဓါယ၊ သောတာပန်အလား မတုန်မလှုပ်သော သဒ္ဓါတရားဖြင့်။ သုသဏ္ဌိတော၊ မြဲမြံခိုင်ခန့် ကြံ့ကြံ့မတိမ်း၊ မယိမ်းမယိုင် တည်သည်။ ဟောတိ၊ ဖြစ်၏။

၃။ သမ္မာဒိဋ္ဌိကုလေ၊ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိအမျိုး၌။ ဇာတော ရှေးပါရမီ စုံညီတုံငြား ဖြစ်ပွားသော၊ ဇနော၊ကျောင်းတိုက်ဒါယကာ ဘုန်းကြီးဘ-ရွာအုပ် ဦးလူပုံအမှူးရှိသော ကျွန်းရွာသူ ကျွန်းရွာသား အပေါင်းသည်။ အစလသဒ္ဓါယ၊ သောတာပန်အလားမတုန်မလှုပ်သော သဒ္ဓါတရားဖြင့်။ သဒါ၊ အခါခပ်သိမ်း။ သမ္ပန္နဟာဒယော၊ ပြည့်စုံသော စိတ်နှလုံးရှိသည်။ ဟောတိ၊ ဖြစ်၏။

၄။ တေဟိ၊ ထိုကျွန်းရွာသူ ကျွန်းရွာသား အပေါင်းတို့သည်။ အနုဂ္ဂဟိတဘာဝေန၊ ချီးမြှောက်ပင့်ဆောင်အပ်သည်၏အဖြစ်ကြောင့်။

ဂဏပါမောက္ခေဟိ၊ ဂိုဏ်းစီးနာယက ဂဏပါမောက္ခ ဖြစ်ကုန်သော။ ဝိညူပသတ္တသီလီဟိ၊ ပညာရှိသူ ရှင်လူခပ်သိမ်းတို့ ချီးမွမ်းအပ်သော အလေ့အကျင့်သီလရှိကုန်သော။ တီဟိ၊ သုံးပါးကုန်သော။ ဝိနယဓရေ-ထေရေဟိ၊ ဝိနည်းဓိုရ်မဟာထေရ်မြတ်ဖြစ်ကုန်သော ကျောက်ဆောက်ဂိုဏ်းအုပ် ဆည်ကုန်းဆရာတော်ဘုရားကြီး၊တောင်သာဂိုဏ်းအုပ် မြင်းတည်း ဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်ရ မြစ်ကျွေခရိုင် သုဓမ္မာဝင်ကျွန်းရွာတောရ-ဆရာတော် ဘုရားကြီးတို့သည်။

၅။ တဒလိသဘိက္ခူဟိ၊ ကျောက်ဆောက်ဂိုဏ်းထောက်ကျွန်းရွာ ဆရာတော်၊တောင်သာဂိုဏ်းထောက်-ဝေဇယန္တာဆရာတော်၊ကျွန်းရွာ တောရ တိုက်အုပ်ဆရာတော် အစရှိကုန်သော လေးကျိပ်ကျော်ကုန်သော ဆရာတော် သံဃာတော်ရဟန်းတို့နှင့်။သဒ္ဓိံ၊တကွ။ မဟာ-ဓမ္မိကာရာမိကေ၊ကျောက်ဆောက်ကျွန်းရွာ၊မဟာဓမ္မိကာရာမကျောင်းတိုက်ကြီးအတွင်း၌။ အင်္ဂလိဿရာနံ၊ မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းမြတ် (ဆာချားလ်-အင်း-နစ်) ဟူသော အင်္ဂလိပ်အစိုးရမင်းတို့၏။ သန္တိကာ၊အထံမှ။ သုလဒ္ဓဝိသုံ-ဂါမမှိ၊ ကောင်းမွန်စွာ ရအပ်ပြီးသော ဝိသုံဂါမမြေအရပ်၌။

၆။ ဇိနသာသနေ၊မြတ်စွာဘုရားသာသနာတော်နှစ်သည်။ ဝေဒ-ဂုဏာယာမမှိ-(၂၄၆၄)ခုသို့။ သမ္ပတ္တေ၊ရောက်လတ်သော်။သက္ကေစ၊ မြန်မာဝေါဟာ ကောဇာသက္ကရာဇ်သည်လည်း။ ဒွါသီတာဓိကံ၊ (၈၂)ခု အလွန်ရှိသော။ ဒွိသတေကသဟဿကံ၊ တထောင့်နှစ်ရာရှိသော နှစ်ပေါင်းသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။

၇။ စိတြေမာသဿ၊ တန်ခူးလ၏။ ဒွါဒသေ၊ တဆယ့်နှစ်ရက်မြောက်သောနေ့၌။ ရဝိဝါရေ၊ တနင်္ဂနွေနေ့၌။ ဒသဃဋိကေ၊ ဆယ်

နာရီအချိန်၌။ ဝိနယသာ၊ ဝိနည်းပါဠိ၊ အဋ္ဌကထာ, ဋီကာ ဂန္ထန္တရ-သီမာဝိနိစ္ဆယစသော ဝိနည်း ပိဋကအား။အနုလောမေန၊လျော်သော အားဖြင့်။ အယံ သီမာ၊ဤသာသနာဇောတိကာမည်သော ခဏ္ဍသိမ်ကို။ သုဗန္ဓိတာ၊ ကောင်းမွန်လှစွာ ပုဗ္ဗာစရိယနည်းစုံပြ၍ ဥတ္တိဒုတိယကမ္မဝါစာဖြင့် သေချာမယုတ် သမုတ်ဖွဲ့ထားအပ်သတည်း။

## ပုရတ္ထိမဒ္ဒီကာ

ဤသိမ်သမုတ်ခန်း၌ နိမိတ်ကြားရာမှာ အချို့ ဆရာတော်တို့က ပူရတ္ထိမာယ ဒိသာယ-ဟု ပူ၌ ဒီဃနှင့်။ ရတ္ထိမာယ-၌ တဝမ်းပူနှစ်လုံးဆင့်နှင့် နိမိတ်ကြားကြ၏။ အချို့ဆရာတော်ကြီးတို့ကလည်း ပုရတ္ထိ-မာယ-ဟု ပု၌ ဥရဿ။ ရတ္ထိမ-၌ ဒန္တဇပထမတ၊ ဒုတိယ-ထသံယုဂ်နှင့်၊ ပုရတ္ထိမာယ-ဟု ဖတ်တော်မူကြ၏။ ထိုနှစ်ဝါဒတို့တွင် ပထမဆရာတော်တို့အလိုအားဖြင့် ပူရ-ပုဒ်၊ တိမ-ပစ္စည်း ကြံတော်မူကြ၏။ ဒုတိယဆရာတော်တို့အလိုအားဖြင့် ပုရတ္ထပုဒ်၊ ဣမပစ္စည်း ယူတော်မူကြ၏။ အဘိဓာန်အဗျယဝဂ်၌ ပုရတ္ထာ ပဌမေ ပျထ-ဟု လာ၏။ ၎င်း၌ ပု-၌ ဥရဿ။ ရတ္ထ-၌ ဒန္တဇ ပထမ တဝမ်းပူ။ ဒုတိယ ထဆင်ထူး လာ၏။ ဤသို့လာရှိသည်မှာ တဝမ်းပူ့ထဆင်ထူးဟု သိကြောင်း သာဓကမဂဓာသာမှာ မရှိဟု ဆိုစေကာမူ—

ဝသ အစ္ဆာဒနေ၊နိဝသီယိတ္ထာတိ နိဝတ္ထံ ဝတ္ထံ။ ကုစိဓာ-တူတိအာဒီနာ ဣကာရသံယောဂဿ ထ္ထတ္တံ၊ ဇေ် နိဝတ္ထံ။
(ကိတ်ရူပသိဒ္ဓိ။)

ပုရတ္ထိမော စ သော ကာယော စာတိ ပုရတ္ထိမကာယော။
(သမာသ်ရူပသိဒ္ဓိ။)

ပုရတ္ထံ ဘဝေါ ပုရတ္ထိမော။ ပုရတ္ထိမကာယော၊ ပုဗ္ဗကာယော။

(ၚင်းရူပသိဒ္ဓိဋီကာ။)

ပုရတ္ထံ၊ ရှေး၌။ ဘဝေါ၊ တည်း။ ပုရတ္ထိမော၊သည်။
(ၚင်းဋီကာနိဿယ။)

ပုရတ္ထာသဒ္ဒေါ ပါဠိယံ ဒိသာယံ ဣစ္စတ္တေ, ပုရတ္တေ ဝက္ခမာနေ, အဂ္ဂတော သမုဒ္ဒေ ဣစ္စတ္တေ စ ပဋ္ဌမေပိ အာဒိမှိ ဝတ္တတိ။

(အဘိဓာန်ဋီကာ။)

သက္ကတကျမ်းဂန်တို့၌အနုပ်စသော အနက်ကို ဟောရာ ပုရတ္ထာ ပုဒ် လာရှိ၏။ ဒန္တဇ-သ၊ ဒန္တဇပဋ္ဌမက္ခရာ တ-ဝမ်းပူနှင့်၊ ဿ-သံယုဂ်ကို ဒန္တဇပဋ္ဌမက္ခရာ တဝမ်းပူ ဒုတိယက္ခရာ ထဆင်ထူးနှင့်၊တ္ထ-သံယုဂ်ပြု၍၊ နိဝတ္တံ-ပုဒ် ရုပ်ပြီးကြောင်း ရူပသိဒ္ဓိ၌လာသည်။သက္ကတ ထောမမဟာနီဓိကျမ်း၌လည်း ပုရဿ၊အရှေ့၊ပုဝ်ဂ္ဂဒ္ဒသျာဝတ်၊အဂြတတ္လတျတော်စ- ဟု လာရှိ၏။ ပုရဿ၊ ပုရဿသဒ္ဒါသည်။ အရှေ့၊ နိပါတ်ပုဒ်သာတည်း။ ပုရအဿာတိ၊ပုရအဿဟူသော ပုဒ်တို့တွင်။ ပုရဒေသော၊ ပုရသဒ္ဒါကို ပုရပြု၊ ပုရဿ၊ ပုရဿသဒ္ဒါသည်၊ ဒိဒေဲ၈ကာလဋ္ဌိတော၊ အရှေ့အရပ် ဟူသော အနက်၌လည်းကောင်း။ ပြထမာပဥ္စမီသတ္တမျန္တဿ၊ ပဌမာ ပဥ္စမီ သတ္တမီဝိဘတ် အဆုံးရှိသော။ ပုရသဒ္ဒဿ၊ ပုရ သဒ္ဒါ၏။ အတ္ထေ၊ အနက်၌လည်းကောင်း။ အဂ္ဂတတ္လတျတ္ထေစ၊အဖျား ဟူသော အနက်၌လည်းကောင်း။ သိယာ၊ ဖြစ်၏။ (ၚင်းနိဿယ။)

ဧင်းထေ ာမ မဟာနိမိ-ကို ထောက်သော် သက္ကတ-လာ ပုရတ္တ-ကို မာဂဓ၌ ပုရတ္ထ-ဟု ဒန္တဇ ပဋ္ဌမအက္ခရာ တဝမ်းပူ၊ ဒုတိယက္ခရာ ထဆင်ထူး၊ သံယုဂ်နှင့် ပြန်ဆိုသင့်သည်။ ပုရတ္ထံ ဘဝေါ ပုရတ္ထိမော-ဟူသော ရှုပသိဒ္ဓိဋီကာကို ထောက်ပြန်လျှင်လည်း ပုရတ္ထိမော-ရှိသင့်သည်ကို အမှန်သိနိုင်သည့်ပြင် ဤ၌ ဒိသာယ-ကို ငဲ့၍ ပုရတ္ထိမာယ-ဟု ဣတ္ထိလိင်ရှိသည်ကို ယုံမှားမရှိသိနိုင်၏။ ထို့ကြောင့် ပုရတ္ထိမာယ- ဟု ပု-၌ ဥရဿနှင့် တ္ထိမာယ-၌ ဒန္တဇ ပဋ္ဌမက္ခရာ တဝမ်းပူ၊ ဒုတိယက္ခရာ ထဆင်ထူးနှင့်၊ သံယုဂ်တွဲ၍ ပုရတ္ထိမာယ-ပုဒ် အမှန်ဖြစ်ကြောင်းကို ကေန်ဒိဋ္ဌ သိကြရာသတည်း။

ထို့ကြောင့် ငါတို့ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် ငါတို့သည် ပုရတ္ထိမာယ-ဟု ဥရဿ ဒန္တဇ ပဋ္ဌမက္ခရာ ဒုတိယက္ခရာ သံယုဂ်နှင့် အမြဲ နိမိတ်ကြားခြင်းကို ပြုကြသတည်း။

ပုရတ္ထိမပဒ ဋီကာ ပြီး၏။

---

## ယာဝတာတျာဒိ ဋီကာ

ယာဝတာ-ဟူသော ပုဒ်၌ ယာဝ-တာ-ဟူ၍ လည်းကောင်း၊ ယာ-ဝတာ-ဟူ၍ လည်းကောင်း၊ ယာဝနှင့် တာ-ကို ခွဲ၍လည်းကောင်း၊ တပေါင်းတည်းလည်းကောင်း ဖတ်ကြ၏။

ကိံ ယတော တတော ပရိမာဏတ္တေ တ္တက ဝန္တု ပစ္စယာ—အစရှိသော စကားကို တဒ္ဓိတ်ရှုပသိဒ္ဓိ၌ ဆိုသောကြောင့် ယာ-ဝတာ-ဟူ၍ ယာ-တွင် စဉ်းငယ်ရပ်ပြီးလျှင် ဝ-နှင့် တာ-ကို တွဲ၍ ဖတ်ခြင်းသည် သင့်မြတ်၏။

သမန္တာ-နောင် နိမိတ္တာ-ကိုလည်း နိ-၌ ဣသရကို ဖျောက်၍ နမိတ္တာ-ဟု ဖတ်ကြ၏။ အက္ခရပရိဟီနဖြစ်၍ ကံပျက်မည်။ အထောက် ကား ရှေး၌ ရှိပြီ။

ကိတ္တိတော၌-ကိတ္တမာတု စု သံသဒ္ဒေ-ဟု မာတွတ္ထသင်္ဂဟ-လာရကား နှစ်သိမ့်စေလိုသဖြင့် ကောင်းစွာ ပြောဆိုခြင်း သံသဒ္ဒ-အနက် ဟော သတည်း။ သဒ္ဒနီတိ၌ သံသဒ္ဒနေ-ရှိခြင်း နိဿယ၌ တိုင်ပင်ခြင်း အနက် ပေးခြင်းတို့ကား ပါဠ်ပျက်အနက်ပျက်တို့သာတည်း။

ဤသမာနသံဝါသကသီမာသမ္မုတိ နိဂုံး၌ သမ္မတာ သီမာသံဃေန-ဟု အချို့သော ပေစာ-မင်စာ-ဝတ်လဲကမ္မဝါစာ-ရွှေစာ-ဘုတ်အုပ်စာတို့၌ သာ-ဟူသော နိယတဝါစကပဒ-မပါပဲ ရှိ၏။ ဆိုအပ်ပြီးသောနည်းဖြင့် အက္ခရပရိဟီနအတွက် ကံပျက်စရာ ရှိသောကြောင့် မပါသော အချို့ ငါတို့စာဟူသမျှ ထည့်၍ထားခြင်း၊ ထည့်၍ဖတ်ခြင်းတို့ကို အမြဲပြု သတည်း။

သမ္မုတိ-၌—

မု- ဗန္ဓနေ၊ ကီ။

(မာတွတ္ထသင်္ဂဟ)

မူ- ဗန္ဓနေ။

(ဓာတုမာလာ)

သမ္မုတိတိအာဒိသု သံပုဗ္ဗ မု-ဓာတု သမ္မနနေ ဟောတိ။

(ကေက္ခရကောသဋီကာ။)

သမ္မတောတိအာဒိသု နိစ္စံ။

သံရှေးရှိသော မုဓာတ်၊ တိ ပစ္စည်း။ သ-ထက် နိဂ္ဂဟိတ်ကို အမြဲ ဝဂ္ဂန္တ မ-ပြု၍ သမ္မုတိ-ပြီးသည်။ ရှေးကနည်းယူဖတ်။ သမ္မုတိ-ကောင်းစွာဖွဲ့ခြင်းကို (သဒ္ဒတ္ထ) သမုတ်ခြင်းကို (အဓိပ္ပါယတ္ထ) ပေး။

## ထပေတွာဒိ ဋီကာ

ထပေတွာ-ဟူသောပုဒ်၌- ထပေါ စု ထပေန-ဟု ခတ္တဿသင်္ဂဟ-လာရကား ဒွန္တဇဒုတိယက္ခရာ ထဆင်ထူးနှင့် ထပေတွာသာ အမှန်တည်း။ မုဒ္ဓဇ ဒုတိယက္ခရာ ဌဝမ်းဘဲနှင့် ဌပေတွာ ဟူ၍လည်းကောင်း၊ ဒွန္တဇ စတုတ္ထက္ခရာ ဓအောက်ချိုက်နှင့် ဓပေတွာ-ဟူ၍လည်းကောင်း ရှိကြသည်ကား ပါဠိပျက်ချည်းဟု ဆိုရန်ရှိ၏။ သဒ္ဒနီတိဓာတုမာလာ၌လည်း မုဒ္ဓဇ ဒုတိယက္ခရာ ဌဝမ်းဘဲနှင့် ဌပဓာတ် မလာ၊ ဩပ ထပ ထပနေ-ဟု ဒွန္တဇ ဒုတိယက္ခရာ ထဆင်ထူးနှင့် ထပဓာတ်သာ လာသတည်း။

သို့သော်လည်း ဝေါဌဗ္ဗနံ-ဟူသောပုဒ်ကို ဝိ အဝ ထပန-ပုဒ်ဖြတ်ပြီးလျှင်- ဝိ ၌ ဣ-ကိုချေ။ အဝကို-ဩပြု၊ ကပ်။ ထဆင်ထူးကို ဌဝမ်းဘဲပြု။ ဒွေဘော်ပြု၊ ပ-စောက်ကို ဗ-ထက်ချိုက်ပြု၊ ဒွေဘော်ပြု၍ ဝေါဌဗ္ဗနံ ပုဒ်ပြီးကြောင်းကို ဆိုသောကြောင့် ဌပေတွာ-ဟု မုဒ္ဓဇ ဒုတိယ ဌဝမ်းဘဲနှင့်လည်း ဖတ်ရိုးပြုကြသတည်း။ နာထ-နာဓ၊ ပြန်သည်ကို ထောက်သဖြင့်လည်းကောင်း၊ ဓပေတွာဟူ၍လည်း ဖတ်ကြသတည်း၊ ငါတို့ကား နာထဓာတ်၊ နာဓဓာတ်၊ အသီးဓာတ် ရှိသကဲ့သို့ ထပ·ဓာတ်, ဓပ-ဓာတ်ဟူ၍ အသီးမလာသောကြောင့် ဗျာပါရလွန်သည်ဟူ၍ မှတ်ထင်သတည်း။

တွာပစ္စည်းကိုလည်း အချို့ဆရာတို့ တဝါ-ဟုခွဲ၍ အများဖတ်ကြသတည်း။ ငါတို့ကျေးဇူးရှင် ဆရာတော်ကြီးတို့ကား တွာ-ဟူ၍ တွာပစ္စည်းအနေနှင့် ပေါင်း၍ ဖတ်ရိုးသာ ရှိသတည်း။ ထ,ပေ,တွာ,ဟု ထ တပုဒ်၊ ပေ တပုဒ်၊ တွာ တပုဒ်ခွဲ၍လည်းကောင်း၊ ထပေ့ တွာ-ဟူ၍ ပေနောင် သံယုဂ်အတွက် အောက်မြစ်သံဖြင့်လည်းကောင်း၊

ယထာ ဌာနေ တံ တဒေဝ အက္ခရံ ဘာသန္တေန အနုက္က-
မာဂတံ ပဝေဏိံ အဝိနာသေန္တေန ကမ္မဝါစာ ကာတဗ္ဗာ-

ဟူ၍လည်းကောင်း၊

ယထာ ပါဠိယာ နိရုတ္တိံ သောတွာ ဒသဝိဓာယ ဗျဉ္ဇန-
နိရုတ္တိယာ ဝုတ္တဒေါသေ ပရိဟရန္တေန ကမ္မဝါစာ ကာတဗ္ဗာ။
ဣတရထာ ဟိ သာဝနံ ဟာပေတိ နာမ-

ဟူ၍လည်းကောင်း၊ ပရိဝါ-ကမ္မဝဂ် အဖွင့် အဋ္ဌကထာလာသော ကြောင့် ယခုကာလ နှုတ်တက်စဉ်အတိုင်း၊ ထပေတ် တွာ-ဟူ၍ တသတ် သံဖြင့်လည်းကောင်း၊ ထပေစ်တွာ-ဟူ၍ စသတ်သံဖြင့်လည်းကောင်း၊ ထပေတ်တဝါ-ဟူ၍ အများအတိုင်းလည်းကောင်း၊ ငါးမျိုးမပင် ဖတ်သတည်း။ မုဒ္ဓဇ ဒုတိယက္ခရာဌဝမ်းဘဲနှင့် ဖတ်ရာ၌လည်း ရှေ့အတူ ငါးချက်စီပင် ဖတ်သတည်း။ ဒန္တဇ စတုတ္ထက္ခရာ အောက်ချိုက်နှင့် ဖတ်ရာ၌လည်း ရှေးအတူ ငါးချက်ပင် ဖတ်သတည်း။ ဤသို့ တဆယ့် ငါးကြိမ်ဖတ်သတည်း။

ဂါမဥ္စ ဂါမူပစာရဉ္စ ၌ ဂါမံ စ-ဂါမူပစာရံ စ အချို့ဆရာတို့-နိဂ္ဂဟိ-တန္တနှင့်ဖတ်သည်။ ဂါမင်စ-ဂါမူပစာရင်စ အချို့ဆရာတို့ ငသတ်သံဖြင့် ဖတ်သည်။ ဂါမည်စ-ဂါမူပစာရည်စ-ဟု အချို့ဆရာတို့ညသတ်သံနှင့် ဖတ်သည်။ ၎င်းသုံးချက်လုံးတို့၌ အချို့ဆရာတို့ ဂါမူ-ဟု ဦဒီဃနှင့် ဖတ်သည်။ အချို့ဆရာတို့ ဂါမု-ဟု ဥရဿနှင့် ဖတ်သည်။

ဤသို့ နာနာဝါဒဖြစ်ရာ၌ သိထိလနှင့် ဓနိတ တစုံ။ နိဂ္ဂဟိတနှင့် ဝိမုတ္တ တစုံ။ ၎င်းအက္ခရာ လေးမျိုးတို့သည် အချင်းချင်းပြောင်းလဲရာ ကံပျက်၏။

ဒိဋ္ဌိနှင့် ရဿ တစုံ၊ ဂရုနှင့် လဟု တစုံ၊ သမ္ဗန္ဓနှင့် ဝဝတ္ထိတ တစုံ၊ ဤအက္ခရာခြောက်ခုတို့သည် အချင်းချင်း ပြောင်းလဲသော်လည်း ကံမပျက်။

ထိုကြောင့် ပရိဝါအဋ္ဌကထာ၌—

သိထိလေ ကတ္တဗ္ဗေ ဓနိတံ, ဓနိတေ ကတ္တဗ္ဗေ သိထိလံ, ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ, နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တောကမ္မဝါစာယ ကမ္မံ ဒူသေန္တိ။

ဣတရေသု ပန ဒီဃရဿာဒီသု ဆသု ဗျဉ္ဇနေသု ဒီဃဋ္ဌာနေ ဒီဃမေဝ၊ ရဿဋ္ဌာနေ စ ရဿမေဝါတိ ။ပ။ ဧဝံ ဝုတ္တေပိ ကမ္မဝါစာ န ကုပ္ပတိ။ ဣမာနိ ဟိ ဆ ဗျဉ္ဇနာနိ ကမ္မံ န ကောပေန္တိ—

ဟု မိန့်အပ်၏။

ဒီဃ ရဿစသည့်ရှစ်ရာ ကံမပျက်ဆိုရာမှာ အနုရူပဌာနကိုသာ ရည်သည်။ အနနုရူပဌာနဖြစ်ပါမူကား သဘာဝနိရုတ္တိလက္ခဏာ ပျက်သောကြောင့် ကံပျက်၏။

ထိုကြောင့် ပရိဝါ ဝိမတိဝိနောဒနီ၊ ဒု၊၃၁၅။၌—

တ ကာရဿ ထ-ကာရံ အကတွာ ဝဂ္ဂန္တရေ သိထိလမေဝ ကတွာ သုဏာတု မေတိအာဒိံ ဝဒန္တောပိ ဒုရုတ္တံ ကရောတိယေဝ ဌပေတွာ အနုရူပံ အာဒေသံ။ ယဉ္ဟိ သစ္စိကတ္ထ ပရမတ္ထေနာတိ ဝတ္တဗ္ဗေ သစ္စိကဋ္ဌပရမဋ္ဌေနာတိ စ အတ္ထကထာတိ ဝတ္တဗ္ဗေ အဋ္ဌကထာတိ စ တတ္ထ တတ္ထ ဝုစ္စတိ၊ တာဒိသံ ပါဠိ-အဋ္ဌကထာသု ဒိဋ္ဌပယောဂံ တဒနုရူပဉ္စ ဝတ္တုံ ဝဋ္ဋတိ၊ တတော အညံ န ဝဋ္ဋတိ။ တေနာဟ အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေနာတိအာဒိ။

ဒီဃေ ဝတ္တဗ္ဗေ ရဿန္တိအာဒိသု ဘိက္ခုနန္တိ ဝတ္တဗ္ဗေ ဘိက္ခုနန္တိ ဝါ ဗဟူသုတိ ဝတ္တဗ္ဗေ ဗဟုသူတိ ဝါ နက္ခမတီတိ ဝတ္တဗ္ဗေ န ခမတီတိ ဝါ၊ ဥပသမ္ပဒါပေက္ခောတိ ဝတ္တဗ္ဗေ ဥပ-သမ္ပဒါပေခေါတိ ဝါ ဧဝံ အနုရူပဋ္ဌာနေသု ဧဝ ဒီဃရဿာဒိ ရဿဒီဃာဒိဝသေန ပရိဝတ္တေတုံ ဝဋ္ဋတိ။ န ပန နာဂေါတိ ဝတ္တဗ္ဗေ နဂေါတိ ဝါ သံဃောတိ ဝတ္တဗ္ဗေ သဃောတိ ဝါ တိဿောတိ ဝတ္တဗ္ဗေ တိသောတိ ဝါ ယာစတီတိ ဝတ္တဗ္ဗေ ယာစန္တီတိ ဝါ ဧဝံ အနနုရူပဋ္ဌာနေသု ဝတ္တုံ။ သမ္ဗန္ဓံ ပန ဝဝတ္ထာနဉ္စ သဗ္ဗထာပိ ဝဋ္ဋတီတိ ဂဟေတဗ္ဗံ—

ဟု ဖွင့်တော်မူ၏။ ဝိနယာလင်္ကာရ၌လည်း ဤအတူဖွင့်၏။

ဤ၌ ဂါမင်စ-ဟု ဟောရင်းဖြစ်လျက် ဂါမံစ-ဟု ရွတ်မူ၊ ဝိမုတ္တကို နိဂ္ဂဟိတရွတ်ရာကျသောကြောင့် ကံပျက်မည်။ ထိုအတူ ဂါမံစ-ဟောရင်းဖြစ်ခဲ့သော် ဂါမင်စ-ရွတ်မူ နိဂ္ဂဟိတကို ဝိမုတ္တရွတ်ရာ ကျသောကြောင့် ကံပျက်မည်။ ဂါမဉ္စ-စသည်၌ နောက်၌ စ-ဝဂ် နှောင်းသောကြောင့် ဉ-ဝဂ္ဂန္တသာ ရောက်ရမည်။ ဝဂ်တပါး င-ကာရန္တ မရောက်နိုင်ကြောင်း (နျာသ ရူပသိဒ္ဓိ သဒ္ဒနီတိ) စသည် ဆိုကြသည်။

အချို့ဆရာတို့က—

နိဂ္ဂဟီတံ နာသိကဋ္ဌာနဇံ၊ င-ဉ-ဏ-န-မာ သကဋ္ဌာနိကာ၊ နာ-သိကဋ္ဌာနိကာ စ-

ဟု ရူပသိဒ္ဓိစသည် ဆိုသောကြောင့် ကာရိ, ကာရိယ ဖြစ်ရကား နိဂ္ဂဟိတ်နှင့်ရွတ်လျှင် မည်သူမျှ ကြားမဝင်နိုင် ကံမပျက်ဆိုကြ၏။

အထက်ပါ ကမ္မဝါစာ အရာ၌ သဒ္ဒါ ဆရာတို့က ကံပျက်မှုကိုမတား မြစ်နိုင်ရကား စကားရရှိသာ။ ယုံကြည်သင့် မှတ်နာသင့်သော စကား

မဟုတ်။ ဤစကားကို အမှန်စဉ်းစားစေလို၍ ရေးသည်၊ တပါး ပုဂ္ဂိုလ်တို့ စကားကို ဖျက်လို၍မရေး။

ထို့ကြောင့် ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများနှင့် တကွ ငါတို့သည် ဂါမဋ္ဌ ဂါမူပစာရဋ္ဌ-ဟု ညမြီးတိုင်၍လည်းကောင်း၊ ဂါမင်စ ဂါမူပစာရင်စဟု ယခုအသံထက်၊ င-သတ်သံသို့ လိုက်၍လည်းကောင်း၊ ဂါမည်စ ဂါမူပစာရည်စ-ဟု သဒ္ဒါဆရာတို့ ဖွင့်သော စဝဂ္ဂပရ-ညန္တကို ငဲ့၍ လည်းကောင်း၊ ဂါမံစ ဂါမူပစာရံစ-ဟု နိဂ္ဂဟိတန္တနှင့်လည်း ကောင်း၊ ဉီဒီဃနှင့် ရှစ်ကြိမ်၊ ဉရဿနှင့် ရှစ်ကြိမ်၊ ပေါင်း(၁၆)ကြိမ် ဖတ်ရိုးပြုတော်မူကြသတည်း။ (ဒီဃ,ရဿဋီကာမှာ ကေ့ပေါသ့ထာ၌ ရေးခဲ့ပြီ။)

သော ဥ,တ္တိ-၌ အချို့စာမှာ ဉာ၌ အာဒီဃနှင့် ရှိ၏။ အချို့စာ မှာ ဉ,၌ အရဿနှင့် ရှိ၏။ သော ဉ,တ္တိတိ သံဃော ဉာပေ တဗ္ဗောတိ ဝုတ္တ ဉာပနံ သော-ဟူသော ဝိနယာလင်္ကာရ ဋီကာကို ထောက်လျှင် ဉ ပ ဓာတ်မဟုတ်၊ ဉာဓာတ်ဖြစ်ကြောင်း သိရ၏။ ဉာပနံ-ဖွင့်သော ကြောင့် ဏာပေပစ္စည်း ကြေသည်ကိုလည်း သိရ၏။ ထိုကြောင့် ဉာ၌ ဒီဃနှင့် ရှိခြင်းသည် သင့်မြတ်၏။ သံယုဂ်ရှိသော်လည်း ရဿမပြုရာ။ ယထာက္ကမံ၊ ဒီယျတိ-စသော ပုဒ်များကဲ့သို့တည်း။

---

## ဂါမ, ဂါမူပစာရ ယှုပံုဋီကာ

ဂါမဋ္ဌ ဂါမူပစာရဋ္ဌ-၌ အိမ်နှင့်တကွ အိမ်စည်းရိုး အတွင်းအရပ် သည် ဂါမမည်၏။ ရွာမှာ အရံရှိလျှင် အရံကို ဂါမူပစာရ၊ အရံမရှိ လျှင် အရံထိုက်ရာအရပ်၏ အတွင်းကို ဂါမ၊ အရံထိုက်ရာအရပ်ကို ဂါမူပစာရယှု။ စလင်းဆရာတော်, ကျီဝန်ဆရာတော်တို့ မိန့်သည်။ အဒိန္နာဒါန် သိက္ခာပုဒ်မှာကဲ့သို့ ဂါမ ဂါမူပစာရမျိုးမဟုတ်။ ဂါမော-

ယောဝ ဥပစာရော ဂါမူပစာရော၊ အ၀မာရဏ ကမ္မဝါရည်းသမာသ်ပြု။ ထို့ကြောင့် ဥပေါသထက္ခန္ဓက ဝဇိရဗုဒ္ဓိဋီကာ၌ အန္တရဃရသိခါတံ ဂါမဋ္ဌ ဂါမူပစာရဋ္ဌ-ဟု ဖွင့်ဆိုသည်။ အန္တရဃရသိခါတံ-ကို ဂါမ-မှာစပ်။ ဂါမူပစာရံ-မှာ မစပ်ရ။ ဆိုလိုရင်းကား—

အန္တရဃရသိခါ တံ ဂါမဋ္ဌ၊ ဂါမဿ ပရိက္ခေပသိခါတံ ဂါမူပစာရဋ္ဌ၊ အထ ဝါ ပရိက္ခေပါရဟဿ အန္တရသိခါတံ ဂါမဋ္ဌ၊ ပရိက္ခေပါရဟသိခါတံ ဂါမူပစာရဋ္ဌ ထပေတွာတိ အတ္ထယောဇနာ-

ဟု ရေးလိုသည်။

မန္တလေးရတနာပုံ ပဋ္ဌမသင်္ဂါယနာတင် မင်းတုံးမင်းတရားကြီး လက်ထက် စလင်းဆရာတော် ဦးကလျာဏက ဆင်တဲ ဆရာတော်အား ဂါမ၊ ဂါမူပစာရ၊ ဘယ်နှဲ့တုံး။ မြို့ပဲ၊ သိမ်သမုတ်ခဲ့ပါမယ်။ ရွာရွာ၏ ဥပစာ ဘယ်နှဲ့ထားမတုံး-ဟု မေးမြန်းဖူးကြောင်း ကျီဝန်ဆရာတော် မိန့်ဖူး၏၊ ကေစိ တို့ကား အရံရှိရာ ရွာကို ရည်၍ ဂါမကို ဟောသည်။ အရံမရှိရွာကို ရည်၍ ဂါမူပစာရကို ဟောသည်ဟု ဆိုကြ၏။ အဋ္ဌကထာနှင့် ဆန့်ကျင်ကြောင်း ဝဇိရဗုဒ္ဓိ၌ ပယ်၏။ ရှမ်းကလေးကျွန်းဆရာတော်ကား ရွာပါမှ ဝိသုံဂါမဖြစ်သည်။ မပါမဖြစ်ဟု ယူ၍ ရွာပါဝိသုံဂါမခံ၍ သမုတ်၏။ ရွှေကျင် မဟာဝိသုဒ္ဓါရာမတို့ ပင် သဘောမကျ။ ရွာကို အတွင်းပြု၍ အဝိပ္ပဝါသ သိမ်သမုတ်ခဲ့လျှင် ၎င်းမသက်။ သမာနသံဝါသ ကမ္မဝါစာကား အလုံးစုံသက်၏။ အဝိပ္ပ-ဝါသကား သမုတ်ပြီး သမာနသံဝါသ သိမ်ပေါ်မှာ ဂါမ ဂါမူပစာရရှိသော်လည်းသက်၏။ ကျီဝန်ဆရာတော်၊ မိုင်းခိုင်းဆရာတော်တို့ မိန့်၏။

ဤကား သိမ်ငါးလုံးတို့၌ သိသင့်သိထိုက်သော အရာဟူသမျှ အကျဉ်းချုပ်သွင်း၍ ရေးသားအပ်သော သိမ်ဋီကာ ၎င်း၏။

## ဗျဉ္ဇနဗုဒ္ဓိဋီကာ

ဤသိမ်သမုတ်ခန်း ရဟန်းခံခန်း စသည်တို့၌ ဥတ်ကမ္မဝါစာ ဖတ်ရွတ်လိုသော ပုဂ္ဂိုလ်တို့သည် ဌာန်ခုနစ်ပါးကိုလည်းကောင်း၊ ကရိုဏ်း လေးပါးကိုလည်းကောင်း၊ ပယတ်လေးပါးကိုလည်းကောင်း၊ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးကိုလည်းကောင်း တတ်အပ်ကျသိအောင် နှုတ် လျှာ ကျိုးအောင် လေ့လာပြီးမှ ပရိသတ်အတွင်း ကမ္မဝါစာဖတ်ရာ၏။ ဌာန် ကရိုဏ်း စသည် အချိုးမကျပဲ သံဃာ့အလယ်ဝင်၍ ကမ္မဝါစာ ဖတ်ရွတ်သော် ဖျက်ဆီးလိုသော စေတနာမရှိသော်လည်း သာသနာပျက်စီးမည်။

ဌာန်ခုနစ်ပါး၌ မုဒ္ဓဇပဉ္စမ ဎနှင့် ဒန္တဇ တဝမ်းပူ၊ မုဒ္ဓဇ ဒုတိယ ဌဝမ်းဘဲနှင့် ဒန္တဇဒုတိယ ထဆင်ထူး။ မုဒ္ဓဇ တတိယ ဍရင်ကောက်နှင့် ဒန္တဇတတိယ ဒထွေး၊ မုဒ္ဓဇစတုတ္ထ ဎ-ရေမှုတ်နှင့် ဒန္တဇ ဓတုတ္ထ-ဓအောက်ခြိုက်၊ မုဒ္ဓဇပဉ္စမ ဏ-ကြီးနှင့် ဒန္တဇပဉ္စမ န-ငယ်တို့ကား ကွဲအောင်ရွတ်ရန် ခဲယဉ်းကြ၏။ ကွဲအောင် မရွတ်လျှင် သုဏာတုနှင့် ပင် ကံပျက်စီးတော့မည်ကား မလွဲတော့ချေ။ ကံပျက်ကြောင်းကို ဆိုအပ်ပြီးသော အဋ္ဌကထာ၊ ပိမတိဝိနောဒနီ၊ ဝိနယာလင်္ကာရတို့ကို ထောက်၍ သိနိုင်ရာသည်။

မုဒ္ဓဇ အက္ခရာများကို ရွတ်ဆိုသော် လျှာကို အထက်သို လိပ်၍ ရကောက်ကို ရွတ်သကဲ့သို့ ရွတ်ရာသည်။

ဒန္တဇအက္ခရာများကို ရွတ်လိုသော် လျှာကို တန်းတန်းမတ်မတ် ထား၍ လျှာဖျားကို အသက်သွားစဉ် အတွင်းအရပ်ကို နာနာတိအောင် သတိထား၍ ရွတ်ဖတ်ရာသည်။

သိထိလအက္ခရာကား ပဉ္စမက္ခရာငါးလုံးနှင့် တတိယက္ခရာ ငါးလုံးအားဖြင့် မေါင်း ဆယ်လုံးတို့တည်း။ က-စ-ဋ-တ-ပ။ ဂ-ဇ-ဍ-ဒ-ဗ-အားဖြင့် ပေါင်း ဆယ်လုံးတို့တည်း။ ဓနိတအက္ခရာကား ဒုတိယက္ခရာငါးလုံးနှင့် စတုတ္ထက္ခရာငါးလုံး။ ပေါင်း ဆယ်လုံးတည်း။ ခ-ဆ-ဌ-ထ-ဖ၊ ဃ-ဈ-ဎ-ဓ-ဘ-အားဖြင့် ပေါင်းဆယ်လုံးတို့တည်း။

ထို့ကြောင့် ပရိဝါအဋ္ဌကထာ၊ ဝိနယသင်္ဂဟအဋ္ဌကထာတို့၌ —

သိထိလံ နာမ ပဉ္စသု ဝဂ္ဂေသု ပဌမတတိယံ၊ ဓနိတံ နာမ
တေသွေဝ ဒုတိယစတုတ္ထံ —

ဟု မိန့်အပ်၏။ သဒ္ဒနီတိ သုတ္တမာလာ၌လည်း ဤအတူပင်တည်း။

ပဉ္စမက္ခရာ ငါးလုံးနှင့် အဝဂ်ရှစ်လုံးအားဖြင့် တဆယ့်သုံးလုံးသော အက္ခရာတို့သည်ကား သိထိလ ဓနိတ ဥဘယမုတ္တကတည်း။ ထို့ကြောင့် ထိုအက္ခရာတဆယ့်သုံးလုံးကို ပြင်းပြင်းရွတ်သည်ဖြစ်စေ လျော့လျော့ ရွတ်သည်ဖြစ်စေ ကံမပျက်။ ဤကား ငါတို့အလိုတည်း။

ရူပသိဒ္ဓိ စသည်တို့၌ကား ၎င်းအက္ခရာ တဆယ့်သုံးလုံးကို သိထိလတွင် ထည့်သွင်း၏။ ထို့ကြောင့် ၎င်းကျမ်းတို့၌ — "ဝဂ္ဂဒုတိယစတုတ္ထာ ဓနိတာပိ ဝုစ္စန္တိ၊ ဣတရေ သိထိလာတိ" ဟု ဖွင့်၏။ နိရုတ္တိဒီပနီ၌လည်း ထို့အတူပင်တည်း။ ၎င်းအက္ခရာ တဆယ့်သုံးလုံးကို ပြင်းပြင်းရွတ်မိသော် ကံပျက်၏။ အဓိပ္ပာယ် ကျသောကြောင့်လည်းကောင်း၊ အဋ္ဌကထာ ဋီကာကြီးတို့၌ ကံပျက်လက္ခဏာကို မဆိုသောကြောင့် လည်းကောင်း မသင့်ဟု မှတ်အပ်၏။ ထို့ကြောင့် ၎င်းအက္ခရာ တဆယ့်သုံးလုံးကို ပြင်းပြင်းရွတ်သည်ဖြစ်စေ လျော့လျော့ ရွတ်သည်ဖြစ်စေ ကံမပျက်။ နေ၁ တက္ကော။

## ဓနိတ-နှုတ်မပြင်းပဲ မရွတ်သင့်ကြောင်းသာဓက

သိထိလ ဓနိတ အရာမှာလည်း သဘာဝသိဒ္ဓ အသံမျိုး ယူ၍ ဓနိတအက္ခရာများကို နှုတ်က မပြင်းပဲ သိထိလကဲ့သို့ ဖတ်ကြသည်ကို တွေ့ရ၏။ ထိုသို့ ယူကြ ရွတ်ကြခြင်းသည် မသင့်။ ထိုကြောင့် ပုဂံမြို့ နန္ဒာမည်သော ကျောင်းတိုက်ကြီး၌ သီတင်းသုံးသော ဓမ္မသေနာပတိ ထေရ်၏ စီရင်အပ်သော ကာရိကာကျမ်း၌——

> သိထိလေန အဂဋ္ဌေန၊ အာထဒ္ဓေနေဝ သဗ္ဗဒါ။
> ဝစီပယောဂမုဒ္ဒုနာ၊ ဝတ္တဗ္ဗက္ခရဘာဝတော-

ဟု မိန့်၏။

ထိုစကားဖြင့် နှုတ်ဖြင့် ပြင်းပြင်းရွတ်အပ်သော အက္ခရာကို ဓနိတ ဆိုသည်။ နှုတ်ဖြင့် လျော့လျော့ ရွတ်အပ်သော အက္ခရာကို သိထိလ ဆိုသည်ဟု သေချာစွာ မှတ်အပ်၏။ နိရုတ္တိဒီပနီ၌လည်း ၎င်းနည်း အတိုင်း ဝစီပယောဂသိဒ္ဓ အသံဖြစ်ကြောင်း မိန့်ဆို၏။ ငါတို့ကျေးဇူး ရှင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးလည်း ဃောသ အဃောသ တို့မှာ သဘာဝသိဒ္ဓအသံဖြစ်ကြောင်း။ သိထိလ, ဓနိတမှာ ပယောဂ- သိဒ္ဓအသံဖြစ်ကြောင်း မိန့်တော်မူ၏။

ထိုသို့ ဌာန်ကရိုဏ်းတို့မှ ဖြစ်သော အသံနှင့်တကွသော လေကို ခံတွင်းပေါက်မှ အပသို့ မလွှတ်မူ၍ ခံတွင်းကိုပိတ်၍နှာခေါင်းမှ ထွက် စေအပ်သော လေရှိသော ဗိန္ဒုကို နိဂ္ဂဟိတ်ဆိုသည်။ ထိုကြောင့် ပရိဝါအဋ္ဌကထာ၌—

> နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ
> အဝိဝဋ္ဋေန မုခေန သာနုနာသိကံ ကတွာ ဝတ္တဗ္ဗံ—

ဟု မိန့်၏။

ယင်းအဋ္ဌကထာ၌ နိဂ္ဂဟေတွာ-ကို အဝိဿဇ္ဇေတွာ ဖွင့်သည်။ အဝိဿဇ္ဇေတွာ-ကို အဝိဝဋ္ဋေန မုခေန သာနုနာသိကံ ကတွာ-ဟု ဖွင့်သည်။ နိဂ္ဂဟိတ်သည် ရဿသံုးလုံးကိုလည်းကောင်း၊ ယင်းနှင့် ယှဉ်သော ဗျည်းသုံးဆယ့်နှစ်လုံးကိုလည်းကောင်း မှီရကား ဌာန်ကရိုဏ်းကုန် ဆက်ဆံသတည်း။ ဟိုကြောင့် ဌာန်ကရိုဏ်းကုန် ယူစေလို၍ ကရဏာနိ-ဟု ဗဟုဝုစ်နှင့် ဖွင့်ဆိုသတည်း။

အဝိဿဇ္ဇေတွာ-ဆိုသည်မှာလည်း အပဖြစ်သော ခံတွင်းပေါက်သို့ အသံထွက်၍ မသွားအောင် မလွှတ်ပဲ ရွတ်ရမည်ဆိုလိုသည်။ ခံတွင်းပေါက်ကို ပိတ်မှပင် နှာခေါင်းပေါက်သို့ လေသွားသည်။ နှာခေါင်းပေါက်သို့ လေသွားမှလည်း နာသိကဌာန်သို့ ရောက်သည်။ နှုတ်ခမ်းကို မပိတ်မူ၍ နှုတ်ခမ်းပေါက်မှ လေလွှတ်၍ ရွတ်အပ်သော အက္ခရာကို ဝိမုတ္တ-ဆိုသည်။ ထိုကြောင့် ပရိဝါ အဋ္ဌကထာ၌ —

ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ
ဝိဝဋ္ဋေန မုခေန အနုနာသိကံ အကတွာ ဝတ္တဗ္ဗံ —

ဟု မိန့်ဆိုသတည်း။ နိဂ္ဂဟိတ်နှင့် မယှဉ်သော ကြွင်းသောအက္ခရာစုံကို ဝိမုတ္တဆိုသတည်း။

သက်သက်သော ဒီဃသရစု၊ ဒီဃနှင့် ယှဉ်သော ဗျည်းစုကိုဒီဃ-ဆိုသတည်း။ သက်သက်သော ရဿသရစု၊ ယင်းရဿနှင့် ယှဉ်သော ဗျည်းစုကို ရဿဆိုသတည်း။ ဆိုအပ်ပြီးသော ဒီဃ နှစ်မျိုး၊ သံယုဂ်နှောင်းသော ရဿမျိုး၊ နိဂ္ဂဟိတ်နှောင်းသော ရဿမျိုးကို ဂရု ဆိုသတည်း။ ဆိုအပ်ပြီးသော ရဿနှစ်မျိုး၊ သံယုဂ်မှလည်းကောင်း၊ နိဂ္ဂဟိတ်မှလည်းကောင်း ကင်းသော ရဿမျိုးကို လဟု-ဆိုသတည်း။

ရှေ့ပုဒ် နောက်ပုဒ် သန္ဓိစပ်၍ ရွတ်ဆိုအပ်သော အက္ခရာစုကို **သမ္ဗန္ဓ** ဆိုသတည်း။ ရှေ့ပုဒ် နောက်ပုဒ် သန္ဓိမစပ် ပုဒ်ဖြတ်၍ ရွတ်ဆိုအပ်သော အက္ခရာစုကို **ဝဝတ္ထိတ**ဆိုသတည်း။

---

## ထပေတာဝါ မဖတ်သင့်ကြောင်းဋီကာ

ယသ္မာ,တသ္မာစသည်, ယသ္မိံ, တသ္မိံစသည်, သ္မာ သ္မိံ စသော ဝိဘတ်၊သံယုဂ်စသည် နှောင်းရာ၌နောက်က သံယုဂ်ကို မငဲ့ပဲ ယသမာ တသမာ၊ တသမာ,တုဏှိ-စသည် ဖတ်သော အချို့ဆရာတော်ကြီး တွေ့ရ ကြားရဖူး၏။ နောက် မန္တပုဒ္ဒိသမားကလေးတို့ကလည်း ၎င်း အတိုင်း အမှန်မှတ်၍ အတုလိုက်၍ ဖတ်သည်ကို ကြားရဖူး၏။

ဂရုကန္တိ ဒီဃမေဝ, ယံ ဝါ အာယသ္မတော ဗုဒ္ဓရက္ခိ-
တတ္ထေရဿ ယဿ နက္ခမတီတိ ဧဝံ သံယောဂပရံ ကတွာ ဝုစ္စတိ—

ဟူသော ပရိဝါ အဋ္ဌကထာကို ထောက်၍လည်းကောင်း၊

ဒီဃော ဂရု အာ၊ဤ၊ဦ၊ဧ၊ဩ။ သယောဂပရော စ
ဝတ္တာ၊ဂန္တွာ၊ ယဿ နက္ခမတိ—

ဟူသော သဒ္ဒနီတိကို ထောက်၍လည်းကောင်း၊ ပါရာဇိကကဏ် အဋ္ဌကထာအစ ပဌာမ ပဉ္စမဂါထာ၌—

ယသ္မိံ ဌိတေ သာသနမဋ္ဌိတဿ။ ပတိဋ္ဌိတံ ဟောတိ
သုသဏ္ဌိတဿ—

ဟု ဣန္ဒဝဇိရာ၊ ဥပေန္ဒဝဇိရာရော၍ဖွဲ့အပ်သော ဥပဇာတိဂါထာ အဖြစ် ဖြင့် အဋ္ဌကထာရေးသော ကြောင့်လည်းကောင်း၊ အဋ္ဌမဂါထာစတုတ္ထ-ပါဒ၌-ဒီပဉ္စရေ ဘိက္ခုဇနဿ ယသ္မာဟု ဣန္ဒဝဇိရာဂါထာပါဒ၊ ယသ်သ္မာ ဟု ဖတ်ရန် ဂရုရေးသောကြောင့်လည်းကောင်း၊ နဝမဂါထာအစပါဒ၌ တသ္မာ ဣမံ ပါဠိနယာနုရူပံ-ဟု ဣန္ဒဝဇိရာဂါထာပါဒ အဖြစ်ဖြင့်

ရေးသောကြောင့်လည်းကောင်း- ဤသို့စသည် ပါဠိအဋ္ဌကထာ ဋီကာ စသည် အရာမကသောကျမ်းတို့၌ ယသ္မာ၊ တသ္မာ၊ ကတ္ဝာ၊ စသော ပုဒ်တို့မှာ ဒီဃ ဂရုအဖြစ်ဖြင့်သာ ဟောတော်မူ ရေးတော်မူရကား သတိသမ္မောသအားဖြင့် ရေးကြ ဖတ်ကြသည်သာတည်း။

အက္ခရာဆင့်ပုံသည် ဝဂ်တူ အက္ခရာဆင့်၊ ဝဂ်မတူ အက္ခရာဆင့် နှစ်မျိုးရှိသတည်း။ ဝဂ်တူအက္ခရာဆင့်မှာ သတ္တာ- စသည်တည်း။ ဝဂ်မတူအက္ခရာဆင့်မှာ ယသ္မာ တသ္မာ-စသည်တည်း။ ဝဂ်တူအက္ခရာ ဆင့်မှာ အထက်စာလုံးသံ မထွက်စေရာ။ ဝဂ်မတူ အက္ခရာဆင့်မှာ အထက်စာလုံးအက္ခရာ အသံကို ထွက်စေရမည်။ မှီရာသရမှာမူအောက် အက္ခရာ၏ မှီရာသရဟူ၏။ ထို့ကြောင့် မှီရာအာသရသံကို အောက် အက္ခရာမှာသာ ထွက်စေရသတည်း။ တသ္မာ-ကို ဖတ်စမ်းအပ်၏။ ထိုကြောင့် အနုက္ကမာဂတံ ပဝေဏိံ အဝိနာသေန္တေန- စသည် ပရိဝါ- အဋ္ဌကထာဆိုသတည်း။

ကတ္ဝာ၊ ဥက္ကာပေါ၊ စသည်တို့တည်း။ ငါတို့ လက်ထက်၌ ပညာရှိ တံခွန်ထူပုဂ္ဂိုလ်ကြီးများထံ တပည့်ဝတ်ငါးပါးဖြင့် ပြည့်စုံစွာ မနေရဖူး သော ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် ပေါ့လျော့သည်များ၏။ သိမ်သမုတ်ပွဲ၊ ရဟန်းခံပွဲစသော ကံကြီး ကံငယ်ပွဲဟူသမျှ၌ပင် ဝိသဇ္ဇ- နီသံ ချေးကောင်းသည်ကို သိရသည်များ၏။ ထိုဝိသဇ္ဇနီသံများဖြင့် သရဏဂုံပေးလျှင် သရဏဂုံမမြောက် ရဟန်းခံလျှင်မဖြစ်ဟု ပညာရှိ အကျော် ဆရာတော်ကြီးများ မိန့်သံကို နားဆတ်ဆတ် ကြားရဖူး၏။ ထိုကြောင့် "ဘန္တေ" ကို "ဘန်းတေ"၊ "အဟံ" ကို "အဟန်း" သော- ဘာသေယျ" ကို ,'သော ဘာသေးယျ"၊ "ဝေမေတံ" ကို ဧးဝမေတံ" စသည်ရွတ်မူ ကံပျက်၏ဟု ရှေးဆရာတော်ကြီးများ အယူရှိကြောင်း ကို သိအပ်၏။

ဤသို့ အစမှစ၍ ယခုဝါကျတိုင် ရေးသားလိုက်ရသည့်ကား အတ္တုက္ကံသနလည်း မရှိ၊ ပရဝမ္ဘနလည်းမရှိ၊ ဤစာကို ရှေးဘုန်း ရှေးကံ ပါရမီသန်၍ ကြည့်ရှုရသူများမှာ ကျကျနန မှန်မှန်ကန်ကန် ထိထိ-မိမိ ရှေးဆရာတော်များ ယူပုံ ဆပုံ လုပ်ပုံ ကိုင်ပုံ စသည်ကို ကိုယ်တွေ့ကဲ့သို့ နည်းနာနယပေါင်း အနန္တတွေ့ရ သိရအောင် ရေးသားအပ်သော ဋီကာစာတမ်းမျှသာ ဖြစ်သတည်း။

ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးဋီကာ ပြီး၏။

---

## သတ္တဗ္ဗန္တရ,ဥဒကုက္ခေပတို့၌ ဥပစာရ ထားပုံ ဋီကာ

သက်ရဒေါသ၊ သမ္မောဒဒေါသ၊ အဇ္ဈောတ္ထရဏဒေါသ၊ သုံးပါးကို ထင်ရှားအောင် ရေးဦးအံ့၊ မြစ် သမုဒ္ဒရာ ဇာတဿရအိုင်တို့၌ ဥဒကုက္ခေပ အဖြစ်ဖြင့် ကံပြုလိုသော ရဟန်းတို့မှာ သံဃာနှစ်သင်း တပြိုင်နက် ကံပြုလိုအံ့။ ပဌမ ဥဒကုက္ခေပ၊ ဒုတိယ ဥဒကုက္ခေပ၊ တတိယ ဥဒကုက္ခေပ--ဟူ၍ ဥဒကုက္ခေပ သုံးခုစာထားပြီးလျှင် ပဌမ ဥဒကုက္ခေပ၌ သံဃာတသင်း ကံပြုရာ၏၊ ဒုတိယ ဥဒကုက္ခေပကို ဥပစာရအလို့ငှာ ထားအပ်၏။ တတိယ ဥဒကုက္ခေပ၌ ဒုတိယသံဃာ တသင်း ကံပြုရာ၏၊ထိုကြောင့် ဝိနည်းမဟာဝါအဋ္ဌကထာ ဥပေါသထ-က္ခန္ဓကအဖွင့် နှာ (၃၃၄)၌--

သစေ ပနေတ္ထ ဗဟူ ဓါက္ခူ ဝိသုံ ဝိသုံ ကမ္မံ ကရောန္တိ၊ အဓမ္မာဗာဓိ အတ္တနော စ အညေသဉ္စ ဥဒကုက္ခေပပရိစ္ဆေဒဿ အန္တရာ အညော ဥဒကုက္ခေပေါ သီမန္တရိကတ္ထာယ ဌပေတဗ္ဗော --

ဟု ဖွင့်တော်မူ၏။ ကင်္ခါဝိတရဏီအဋ္ဌကထာ နှာ (၉၁)၌လည်း--

သစေ ပန ဒွေ သံဃာ ဝိသုံ ဝိသုံ ဥပေါသထာဒိကမ္မံ ကရောန္တိ၊ ဒွိန္နံ ဥဒကုက္ခေပါနံ အန္တရေ အညော ဧကော ဥဒကုက္ခေပေါ ဥပစာရတ္ထာယ ဌပေတဗ္ဗော။ အယံ ဟိ သတ္တဗ္ဘန္တရသီမာ စ ဥဒကုက္ခေပသီမာ စ ဘိက္ခူနံ ဌိတောကာသတော ပဋ္ဌာယ လဗ္ဘတိ၊ ပရိက္ခေဒဗ္ဘန္တရေ ဟတ္ထပါသံ ဝိဇဟိတွာ ဌိတောပိ ပရိက္ခေ-ဒတော ဗဟိ အညံ တတ္တကံယေဝ ပရိက္ခေဒံ အနတိက္ကမိတွာ ဌိတောပိ ကမ္မံ ကောပေတိ၊ ဣဒံ သဗ္ဗအဋ္ဌကထာသု သန္နိဋ္ဌာနံ-ဟု ဖွင့်တော်မူ၏။

ထိုဝါကျတို့တွင် ကင်္ခါအဋ္ဌကထာ၌ ပရိက္ခေဒတော ဗဟိ အညံ အစ၊ ဌိတောပိ-တိုင်အောင်သောစကားကို သာရတ္ထဒီပနီဋီကာ ပယ်သည်၊ မပယ်သင့်ချေ။ ဆိုအပ်ပြီးသော ပဌမ ဥဒကုက္ခေပ၌ သံဃာ ဗသင်း ကံပြုဆဲ။ ဒုတိယ ဥဒကုက္ခေပ–တခုစာကို မလွန်မူ၍ ကံပြုဆဲ၊ နှစ်ခုပိုင် ကံပြုကြလျှင် ဒုတိယ ဥဒကုက္ခေပ—ကို မလွန်က ပရိသတ်တိုးပွားခြင်း၊ သိမ်နယ်တိုးပွားခြင်းတို့ဖြင့် ကမ္မကောပ ပသင်္ဂ ဖြစ်ရာသောကြောင့် ဆိုပေသည်။ ထိုကြောင့် ဒုတိယဌိတောပိ-အရ ကံပြုဆဲ သံဃာကိုသာ ယူရသည်။ ကံပြုဆဲမဟုတ်သော ရေချိုးခြင်း စသော အကြောင်းကြောင့် လာသောရဟန်းကို မယူရ။ ဤသို့ကင်္ခါ-အဋ္ဌကထာ၌ယူလျှင် မဟာဝါ အဋ္ဌကထာနှင့် တထပ်တည်းကျသောကြောင့် မသင့်မဟုတ်၊ သင့်သည်သာ။ ကင်္ခါဋီကာဟောင်းနှင့် သာရတ္ထဒီပနီဋီကာ ဒုတိယကြံနည်းသည် သင့်၏။ ထိုဝါကျတို့၌ ကံပြုဆဲ သံဃာနှင့် စပ်၍လာ၏။ ကံပြုဆဲဟုတ် မဟုတ် သံဃာနှင့်မဆိုင်၊ ငါတို့ ကျေးဇူးရှင် ကျီဝန်ဆရာတော်လည်း ပဌမဥဒကုက္ခေပမှတပါး ဒုတိယ ဥဒကုက္ခေပကိုမလွန်မူ ဤကံပြုဆဲ ရဟန်းလည်း ကံပျက်စေ၏ဟု မိန့်တော်မူ၏၊

သင့်လှမေသည်သာ။ ဝရင်းဒုတိယ ဋီတောပိ – ၌ ပိသဒ္ဒါဖြင့် ပဌမဝါကျ၌ ဖဌမဥဒကုက္ခေပ၌ ဟတ္ထပါသ်ကိုစွန့်၍ နေသောရဟန်း ကံပျက်စေသည်ဟု ပေါင်းသည်။ (အဋ္ဌကထာအာသော်။)

ဝိမတိအပရေဝါဒမှာ ကံပြုသောရဟန်း ဟုတ်မဟုတ်ကို ယူ၏။ ကံပြုဆဲ သံဃာနှင့် စပ်ဆိုင်လျက် ဆိုရာဖြစ်၍ အဋ္ဌကထာနှင့်ပင် မညီ ရကားမသင့်။

ဝိမတိ ဝိနယာလင်္ကာရတို့၌ ဥဒကုက္ခေပ သုံးပါးရှိရာ ဒုတိယ ဥဒကုက္ခေပ ဥပစာရရှိလျှင် ကံပျက်၏ဟုဆို၏။ ကံပြုဆဲ သံဃာနှစ် သင်းဖြစ်လျှင် မှန်ပေရာ၏။ ဒုတိယဥဒကုက္ခေပရှိရဟန်း ကံပြုဆဲမဟုတ် လျှင် မသင့် ။ ဤ၌–

(၁) သီမာပေက္ခစိတ်ရှိမှ ဥဒကုက္ခေပသိမ်ဖြစ်၏။ တဝါဒ။

(၂) ကံပြုဟုတ်မဟုတ် ရေတွင် ရဟန်းဆင်းလျှင် သိမ်ဖြစ်၏။ တဝါဒ။

(၃) ရေတကျ သဲတကျမှ သိမ်ဖြစ်သည်။ တဝါဒ။

(၄) အလိုလို ဘုရားခွင့်ပြုသည်မှစ၍ အမြဲဥဒကုက္ခေပ တခု စာပိ သိမ်ဖြစ်နေ၏၊ တဝါဒ။

(၅) ဝဂ္ဂကမ္မမှုကို စောင့်ရှောက်မှုနှင့် စပ်၍ ဟောတော်မူသော ကြောင့် ကံပြုဆဲမှ သိမ်ဖြစ်၏။ တဝါဒ။

(၆) မြစ်ထဲ၌ ကံဆောင်မည်ဆင်းလျှင် ဤနေရာသိမ်ပဲဟု နှလုံး သွင်းလျှင် သိမ်ဖြစ်၏။ တဝါဒ။

ထို (၆)ဝါဒတို့တွင်

ပဌမဝါဒကား ဂိမတိ ဝိနယာလင်္ကာရတို့ ဝါဒဖြစ်သည်။

ဒုတိယဝါဒကား ဝိမတိလာ အပရေဝါဒ။ ငါတို့ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမ ဆရာတော်တို့ဝါဒ။

တတိယဝါဒကား သီဟိုဠ်ကျွန်းရေး သီမာဝိနိစ္ဆယကျမ်း။ ပြည်မြို့ရေး သီမာဝိသောဓနီဆရာတော့် ဝါဒတည်း။

စတုတ္ထဝါဒကား တိပိဋကပကိဏ္ဏကဒီပနီလာ ဝါဒ။

ပဉ္စမဝါဒကား ဝဇီရဗုဒ္ဓိလာ အာစရိယဝါဒ။

ဆဋ္ဌမဝါဒကား ကျေးဇူးရှင် ကျီဝန်ဆရာတော်နှင့် ဗန်းမော်ဆရာတော်တို့ဝါဒ။

ဤသို့ ဝါဒခြောက်မျိုး ကွဲပြား၏။

ထိုသို့ကွဲပြားရာ ပဉ္စမဝါဒမှာ ပါဠိ အဋ္ဌကထာ ဋီကာတို့၌ သီမာပေက္ခ အရိပ်မထင်။ လှေသွားဆဲ ကံပြုဆဲ ကံပြုရာ သီမာပေက္ခစိတ်မရှိနိုင်၍ အဋ္ဌကထာနှင့်မညီ။

ဒုတိယဝါဒမှာ တတ္ထကိံဥဿယ ပရိစ္ဆေဒံ-စသည်၌ ကံပြုဆဲ သံဃာကိုသာ အဋ္ဌကထာဆရာတို့ ဆိုသောကြောင့် လည်းကောင်း၊ ပါဠိအဋ္ဌကထာတို့၌ ဝဂ္ဂကမ္မနှင့်စပ်၍ ကံပြုဆဲသံဃာသာ လာသောကြောင့်လည်းကောင်း ပါဠိအဋ္ဌကထာတို့နှင့်မညီ။

တတိယဝါဒ၌ ဥဒကံ ဥက္ခိပိတွာ ခိပတိ တွောတိ ဥဒကုက္ခေပေါ-ဟု သတ္တမိ ဗဟုဗ္ဗီဟိသမာသ်ပြု၍ ပရိစ္ဆိန္နံကဲ့ ပရိစ္ဆိန္ဒိတုံ အရဟတိ ဖွင့်ရမည်။ ဋီကာတို့ကား မဖွင့်၊ ဤစကားဖြင့် ပိုင်းခြားထိုက်ရာ အရပ်အတွင်းသည် ဥဒကုက္ခေပသိမ် ဖြစ်၏။ ရေတကျ သဲတကျ ချမှ သိမ်ဖြစ်သည့်မဟုတ်ရကား မသင့်။ ဂါမပဝေသန သိက္ခာပုဒ်ကိုလည်း ကောက်ဟု ကျီဝန်ဆရာတော် မိန့်၏။

သာသနာပိုင်ဆရာတော် ဦးဥေယျသည်လည်း အောက်နိုင်ငံသို့ သိမ်သမုတ်ကြွစဉ် မြစ်တခု၌ ဥပုသ်ပြုမည် စုံဝေးပြေ ယရာပေသော် တပါးက ရေဖြင့် ပိုင်းခြားသည်ကို မြင်တော်မူသဖြင့် ငေါက်ငန်း ကြောင်း၊ ရေသဲ ပစ်ချမှ ဥဒကုက္ခေပသိမ် ဖြစ်သည်ဟု မိစ္ဆာဝါဒ မဖြစ်ရမည်အကြောင်း မိန့်သည်ဟု ကျိဝန်ဆရာတော် မိန့်ဖူး၏။

စတုတ္ထဝါဒမှာလည်း ဤသို့ ယူရာယူကြောင်း ပါဠိအဋ္ဌကထာ ဋီကာ အာဂုံယုတ္တိမရှိ။ ပါဠိတော်ရင်းမှာလည်း ကံပြုမှုနှင့်စပ်၍ လာ ရကား ပါဠိ အဋ္ဌကထာ ဋီကာတို့လာပုံနှင့် မညီ။

သဋ္ဌမဝါဒမှာလည်း ပါဠိ အဋ္ဌကထာ အရိပ်အမြွက်မျှမထင် ယုတ္တိလည်းမရှိရကား အတ္တနောမတိမျှသာ။

ပဥ္စမဝါဒသည်သာ ယုတ္တိတည်း။ အကြောင်းကား ပါဠိတော်ရင်း မှာ ကံကြီးကံငယ် ပြုဆဲအခါဖြစ်၍ ဝဂ္ဂကမ္မကို စောင့်ရှောက်စေခြင်း ငှာ အပိုင်းအခြားထားကာမျှ ပညတ်တော်မူကာမျှ ဖြစ်သောကြောင့် လည်းကောင်း၊ အဋ္ဌကထာ အရပ်ရပ်၌ ကံပြုဆဲသဲသာသာ လာသော ကြောင့်လည်းကောင်း၊ ဝဇိရဗုဒ္ဓိဋီကာနှင့် ညီသောကြောင့်လည်း ကောင်းတည်း၊

---

## ဥဒကုက္ခေပအဋ္ဌောတ္တရဏာဒိဋ္ဌိကာ

ထို ဥဒကုက္ခေပသိမ်၌ ကံပြုဆဲ သံဃာ နှစ်သင်းတို့သည် ဒုတိယ ဥဒကုက္ခေပ-တခုစာကို မလွန်မူ၍ ကံပြုခဲ့သော် နှစ်ကျိပ်တယောက် စည်းဝေးလောက်သည်မှစ၍ ယင်းထက်အလွန် သိမ်နယ်ချင်း ထပ်မိ ခဲ့သော် အဋ္ဌောတ္တရဏာ ဒေါသ-ဖြစ်၏။ နှစ်ကျိပ်တယောက် စည်းဝေး လောက်သည်မှ အောက်လျော့၍ လက်တသစ် နှစ်သစ်မျှ သိမ်နယ်ချင်း

ထပ်မိခြားအံ့ သမ္ဘေဒဒေါသသင့်၏။ သိမ်နယ်တွင်း ပေါက်ရောက်သော သစ်ပင် ချုံ နွယ် စသည် ကူးယှက် ထိပါးခဲ့သော် သင်္ကရဒေါသ-သင့်၏။ ထိုကြောင့် ကေဝီသတိ ဘိက္ခူ နိသီဒိတုံ သက္ကောန္တိ-ဟူ၍လည်းကောင်း၊ အတ္တနော သီမာယ ပရေသံ သီမံ သမ္ဘိန္ဒတိ-ဟူ၍လည်းကောင်း၊ အတ္တနော သီမာယ ပရေသံ သီမံ အဇ္ဈောတ္ထရတိ-ဟူ၍လည်းကောင်း၊ ပရိဝါ အဋ္ဌကထာ စသည်၌ မိန့်သတည်း။

ဥပေါသထခန္ဓက အဋ္ဌကထာ၊ နှာ (၃၃၇) ၌လည်း—

> သီမာယ သီမံ သမ္ဘိန္ဒန္တိ အတ္တနော သီမာယ ပရေသံ ဗဒ္ဓသီမံ သမ္ဘိန္ဒန္တိ ။ပ။ ကေရုက္ခောပိ စ ဒွိန္နံ သီမာနံ နိမိတ္တံ ဟောတိ။ သော ပန ဝဍ္ဎန္တော သီမာသင်္ကရံ ကရောတိ၊ တသ္မာ န ကာတဗ္ဗော-

ဟု မိန့်သတည်း။

ဗဒ္ဓသိမ်၌ နှစ်ကျိပ်တယောက် စည်းဝေးလောက်မှ အပ်သည်။ နဒီဇာတဿရတို့၌ကား နှစ်ကျိပ်တယောက် မစည်းဝေးလောက်စေကာမူ ဥဒကုက္ခေပ အဖြစ်ဖြင့် အပ်၏။ (စံကျောင်းဆရာတော်ဘုရားကြီး ဝါဒ။) ဝိမတိဝိနောဒနီ၊ ဝိနယာလင်္ကာရတို့၌ ရဟန်းလေးပါး စည်းဝေးလောက်သည့်ကစ၍ ၎င်းထက်လွန်အောင် သိမ်နယ်ခြင်း ထပ်လျှင် အဇ္ဈောတ္ထရဏ၊ ၎င်းအောက် အယုတ် သိမ်နယ်ချင်းထပ်မိလျှင် သမ္ဘေဒ-ဟု အထူးကို ဆို၏။ သံဃကံ၌ အယုတ်ဆုံး သံဃကံမှာ ရဟန်းလေးပါး ရှိရသည်ကို နှလုံးပိုက်၍ ရေးဟန်တူလေသည်။ ကံပြုရာဌာန ကံပြုရဟန်းဌာနီကို ပိုင်းခြားရာတွင် ဌာနကိုပိုင်းခြားရာ

ဖြစ်သည်။ သိမ်အရာလည်း မြစ်သည်။ ထို့ကြောင့် သိမ်အရာ သာဓက ရသောဝါဒ-က သင့်မြတ်ရန် အကြောင်းရှိသည်။ ဤကား ငါတို့ စံကျောင်းဆက် ဆရာတော်ဘုရားကြီးများ အယူဝါဒပေတည်း။

ဥဒကုက္ခေပ-ဥဒကုက္ခေပချင်းမှာ ဆိုအပ်ပြီး အပြစ်သုံးပါးလုံးရနိုင်သည်။ သတ္တဗ္ဘန္တရနှင့် ဥဒကုက္ခေပမှာမူ တည်ရာဌာနချင်းကွဲပြားသည်ဖြစ်၍ အဇ္ဈောတ္ထရဏ သမ္ဘေဒ ဒေါသနှစ်ပါး မရနိုင်။ သစ်ပင်ချုံနွယ်စသည် ကူးယှက်ခြင်း သက်ရဒေါသသာ ရနိုင်သည်။ ဂါမနှင့် ဥဒကုက္ခေပလည်း အဇ္ဈောတ္ထရဏ သမ္ဘေဒ ဒေါသမရှိနိုင်။ ဆိုအပ်ပြီးသော သစ်ပင် ချုံနွယ် ကြိုး ဝါး စသည် ကူးယှက်မှု သက်ရဒေါသသာရှိနိုင်သည်။ ဂါမနှင့် ဥဒကုက္ခေပ-မှာ လက်တသစ် နှစ်သစ် ကွာခြားသော်လည်း သက်ရမှုမရှိလျှင် ကံမြောက်၏။ ဥဒကုက္ခေပ- တခုစာ ထားဖို့မရှိ။ ထို့ကြောင့် ဂါမနှင့် ဥဒကုက္ခေပအကြား ဥဒ-ကုက္ခေပ တခုစာ ထားရမည်ဆိုသော ကျမ်းဆရာတို့ ဝါဒ ဟူသမျှကို မမှတ်သင့်။သာဓကရှေး၌ ဆိုအပ်ပြီ။

ထို့ကြောင့် ဥဒကုက္ခေပသိမ်၌ သံဃာနှစ်သင်း ကံပြုခဲ့သော် အကြားအတောင်တရာအောက် မနည်းကွာခြားစေ၍ကံနှစ်ခုပြုရာ၏။ အကြောင်းကား ဥဒကုက္ခေပသိမ်သည် သံဃာပွားတိုင်းလည်း သိမ်နယ်ပွား၏။ သိမ်နယ်နိမိတ်ကို အမှန်အကန်သိဖို့ရန် ခဲယဉ်း၏။ ကျယ်လျှင် ဂရုဖြစ်ရကား မလွန်နိုင်၊ အောက်အရပ်ဒေသများ၌ အချို့မှာ ဤအရာသဘောမသက်ဝင်နိုင်၍ သိမ်ငြိမ်းဆောက်မှုခဲယဉ်းလျက် ရှိသည်ကို တွေ့ခဲ့ရဖူး၏။

ဥဒကုက္ခေပ အဇ္ဈောတ္ထရဏာဒိဠိကာ ပြီး၏။

## သတ္တဗ္ဘန္တရအဇ္ဈောတ္ထရဏာဒိဋီကာ

ဟဘက်ကဘက်အဖို့မှာ အတောင်(၁၉၆)တောင်၊ တရာ့ကိုးဆယ်ခြောက်တောင်ရှိ၍ ထုတ်ချွန်းပေါက်(၃၉၂)တောင် သုံးရာကိုးဆယ်နှစ်တောင်ရှိသော သတ္တဗ္ဘန္တရသိမ်၌ ပဌမသတ္တဗ္ဘန္တရ၊ ဒုတိယသတ္တဗ္ဘန္တရ၊ တတိယသတ္တဗ္ဘန္တရ ခွဲခြားပြီးလျှင် ပဌမသတ္တဗ္ဘန္တရမှာ ကံပြုဆဲသံဃာ၊ ဒုတိယသတ္တဗ္ဘန္တရမှာ ဥပစာရ၊ တတိယသတ္တဗ္ဘန္တရမှာ ကံပြုဆဲသံဃာ၊ ဤသို့ ကံပြုဆဲသံဃာ နှစ်သင်းဖြစ်ခဲ့သော် ဒုတိယသတ္တဗ္ဘန္တရကို မလွန်မူ၍သည်သော ကံပြုဆဲသံဃာသည်လည်းကောင်း၊ ပဌမသတ္တဗ္ဘန္တရမှာပင် ဟတ္ထပါသ်ကို စွန့်၍ တည်သော ရဟန်းများသည်လည်းကောင်း ကံကို ပျက်စေနိုင်၏။

ရှေးဥဒကုက္ခေပသိမ်၌ ဆိုအပ်ပြီးသော နည်းအတိုင်းသိလေ။ အဇ္ဈောတ္ထရဏ-သမ္ဘေဒ-သင်္ကရဒေါသတို့ကိုလည်း ရှေးအတိုင်းဆ၍ သိလေ။

ထိုသတ္တဗ္ဘန္တရသိမ်မှာ သံဃာနှစ်သင်း ကံပြုလိုလျှင် တခုနှင့်တခုအကြား၊ အတောင်လေးရာအောက် မနည်းကွာခြားမှ ကံပြုရာ၏။ ဆိုဒေါသသုံးပါးတို့တွင် တပါးပါးမကင်းသော သိမ်၌ ကံနှစ်ခု တပြိုင်နက်ပြုလျှင် နှစ်ခုလုံးပျက်၏။ ရှေ့နောက်ကျလျှင် နောက်သိမ်ပျက်၏။ ဂါမ ဥဒကုက္ခေပတို့နှင့် သတ္တဗ္ဘန္တရမှာ ဥဒကုက္ခေပ နည်းအတိုင်း သိလေ။

သတ္တဗ္ဘန္တရအဇ္ဈောတ္ထရဏာဒိဋီကာ ပြီး၏။

## ဗဒ္ဓအဇ္ဈောတ္တရဏာဒိဋ္ဌိကာ

ဂါမနှင့် ဗဒ္ဓသိမ်ဖြစ်သော ခဏ္ဍသိမ် မဟာသိမ်တို့မှာ နိဿယ နိဿိတဖြစ်သောကြောင့် အဇ္ဈောတ္တရဏ-သမ္ဘေဒ-သင်္ကရဒေါသသုံး ပါးလုံးမရှိ။ ထို့ကြောင့် မဟာဝါအဋ္ဌကထာနှာ (၃၂၅)၌ ဟေဋ္ဌာ ပါသာဒေ ကိတ္တေန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာ စ န ကိတ္တေတဗ္ဗာ-အစ ရှိသော စကားကိုမိန့်သတည်း၊ ဗဒ္ဓချင်းသင်္ကရဒေါသစသည်ရှိသော် လည်း တဘက်ဘက်၌ တည်၍ တခုတည်းစည်းဝေး၍ နုတ်လျှင် ဝဂ် မဖြစ် ကျွတ်၏။ သီမာမာဋ္ဌကေ-စသော အဋ္ဌကထာ၊ သာရတ္ထဒိပနီဋ္ဌိကာ ထောက်။

သတ္တဗ္ဘန္တရသိမ်နှင့် ဗဒ္ဓသိမ်ရောယှက်ရာ၌လည်းကောင်း၊ ဗဒ္ဓသိမ် နှင့် သတ္တဗ္ဘန္တရသိမ်ရောယှက်ရာ၌လည်းကောင်း၊ ဗဒ္ဓသိမ်နှင့် ဥဒကု- က္ခေပသိမ် ရောယှက်ရာ၌ လည်းကောင်း အဇ္ဈောတ္တရဏ သမ္ဘေဒ- သင်္ကရ- ဒေါသသုံးပါးလုံး သင့်ရာ၏။

ထိုစကားကို ချဲ့ဦးအံ့ -- သတ္တဗ္ဘန္တရသိမ်အဖြစ်ဖြင့် တသင်းသော သံဃာ ကံပြုနေဆဲအခါ အတောင်လေးရာအတွင်း ၄ာနလောက်က ထိုသတ္တဗ္ဘန္တရသိမ်ကို လွှမ်းမိုး၍ ရောစပ်၍လည်းကောင်း၊ သစ်ပင် စသည်ရောစပ်၍လည်းကောင်း ဗဒ္ဓသိမ် သမုတ်ခဲ့သော် ဂုဏ်းသုံးပါး သော ဒေါသအတွက် ထိုဗဒ္ဓသိမ်ပျက်၏။ ရှေးအခါ ဗဒ္ဓသိမ်သမုတ်ခဲ့ ဖူးသော ရွာ နိဂုံး မြို့ ဇနပုဒ်သည် နောင်အခါ ပျက်စီး၍ တောနယ် ဖြစ်လေ၏။ ထိုဗဒ္ဓသိမ်ရှိဖူးရာ သတ္တဗ္ဘန္တရသိမ်အဖြစ်ဖြင့် ကံပြုရာ၌ လည်း ထိုသုံးပါးသော ဒေါသအတွက် သတ္တဗ္ဘန္တရကံ ပျက်ရာ၏။ ယင်းတို့၌ သင်္ကရဒေါသမှာ ဗဒ္ဓသိမ်ဟောင်း၍ သံဃာရှိလျက် မသိမ်းသော်သာ ပျက်ရာ၏။

သတ္တဗ္ဘန္တရဗဒ္ဓအဇ္ဈောတ္တရဏာဒိဋ္ဌိကာ ပြီး၏။

## အာတိဂမ္ဘီရသက်ရဒေါသဋီကာ

ဥဒကုက္ခေပမှာလည်း ဗဒ္ဓသိမ်သည် ရေလွှမ်းမိုး၍ ကမ်းပြိုသဖြင့် မြစ်ဖြစ်၍သွားရာ၌ မြစ်မြင်မှာ ဥဒကုက္ခေပသိမ်အဖြစ်ဖြင့် ကံပြုကြရာ ဥဒကုက္ခေပ အပိုင်းအခြားသည် ဗဒ္ဓသိမ် အရပ်ကို လွှမ်းမိုးခြင်း၊ ရောစပ်ခြင်း၊ ထိုဗဒ္ဓသိမ်အရပ်၌ ကျောက်ချ၍ ထိုးဝါးစိုက်၍ ပြင်ပ၌ ကံပြုခြင်း စသည်ဖြင့် အပြစ်သုံးပါးကြောင့် ဥဒကုက္ခေပ၌ ကံပျက်ရာ၏။ ထိုဒေါသသုံးပါးတို့တွင် သက်ရဒေါသ၌ မှတ်ဖွယ်ရာကား–

သီမာမာဠကေ ဝဋ္ဋရုက္ခော ဟောတိ၊ တဿ သာခါ ဝါ တတော နိဂ္ဂတပါရောဟော ဝါ မဟာသီမာယ ပထဝိတလံ ဝါ တတ္ထ ဇာတရုက္ခာဒိနိ ဝါ အာဟစ္စ တိဋ္ဌတိ၊ မဟာသီမံ သောဓေတွာ ဝါ ကမ္မံ ကာတဗ္ဗံ၊ တေ ဝါ သာခါပါရောဟာ ဆိန္ဒိတွာ ဗဟိဋ္ဌကာ ကာတဗ္ဗာ။

(ဝိနည်းမဟာဝါအဋ္ဌကထာ၊ ၃၂၇။)

အဓိပ္ပာယ်အကျဉ်းကား ခဏ္ဍသိမ် မဟာသိမ်နှစ်ခုလုံး၌ ထောက်၍ တည်သော သစ်ပင်ရှိရာ၏။ ခဏ္ဍသိမ်၌ ကံပြုလိုလျှင် မဟာသိမ်၌ ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ခြင်း၊ ထိုရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း၊ ထိုရဟန်းတို့ကို သိမ်ပသို့ ထွက်စေခြင်း။ ကူးယှက်သော အကိုင်းအခက်တို့ကို ဖြတ်တောက်ခြင်းဖြင့် သုတ်သင်၍ ကံပြုရာ၏ ဆိုလိုသည်။

ခဏ္ဍသိမ်၌ ကံပြုလိုသဖြင့် မဟာသိမ်၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ခြင်းဖြင့် သုတ်သင်ရမည် ဆိုသည်မှာ ဂရုကအရာ၌ တည်သောအားဖြင့် ဆိုခြင်းဖြစ်သည်။ စင်စစ်အမှန် နေရာကျကား

သစ်ပင်သစ်ကိုင်းတို့၌ ကိုင်သော ရဟန်းတို့ကိုသာ ဆောင်ရမည်။ မကိုင်ပဲ သိမ်အပြင်မှာ တည်သော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ဖွယ်မရှိဟု ကေစိဆရာတို့ ဆိုကြောင်းကို ဝိမတိဝိနောဒနီ, ဝိနယာလင်္ကာရတို့၌ ပြ၏။ သာရတ္ထဒီပနီ ဋီကာ၌လည်း ထိုမဟာသိမ်၌တည်သော ရဟန်းတို့သည် ထိုညောင်ပင်၏ အကိုင်းအခက် မြစ်ပျဉ်းတို့ကို မကိုင်ပဲတည်ခြင်းကိုပင် မဟာသိမသောဓနဟုဂဏ္ဌိပုဒ်တို့၌ ယူကြောင်းကို ပြ၏။

## ကေစိဝါဒါဘောဂဋီကာ

ထိုဆရာတို့၏အာဘောဂ်ကား ခဏ္ဍသိမ်သည် သစ်ပင်သို့ လျောက်၍ မဟာသိမ်သို့ သက်သည်မဟုတ်။ မဟာသိမ်သည်လည်း သစ်ပင်သို့ လျောက်၍ ခဏ္ဍသိမ်သို့ သက်သည်မဟုတ်။ ထိုကြောင့် သိမ်ချင်းချင်း မစပ်။ စင်စစ်ကား သစ်ပင်သစ်ကိုင်း၌ ကိုင်တွယ်သုံးသပ်သော ရဟန်းသာ သိမင္ဂကဖြစ်၍ ခဏ္ဍသိမ် မဟာသိမ်တို့၌ တည်သည်မည်သည်၊ သိမ်အပြင်မှာ တည်သော ရဟန်းတို့ကား သစ်ပင်သစ်ကိုင်းတို့၌ တည်သည် မမည်ကုန်။ ထိုကြောင့် သိမ်တပါး၌ တည်သည်လည်း မမည်။ ထိုကြောင့် သိမ်အပြင်၌ တည်သော ရဟန်းတို့ကို ပင့်ဆောင်ဖွယ်၊ ဟတ္ထပါသ်သွင်းဖွယ်မရှိ။ ဤကား ၎င်းဆရာတို့၏ အာဘောဂ။

## ကေစိဝါဒသင့်ကြောင်း အတိဂမ္ဘီရတ္ထဋီကာ

ထိုဆရာတို့၏ စကားသည် —

ဗဇ္ဈမာနာ ဧဝ ဟိ သီမာ ပမာဏရဟိတံ ပဒေသံ န သြတရတိ။ ဗဒ္ဓသီမာယ ဇာတံ ယံ ကိဉ္စိ ယတ္ထ ကတ္ထစိ ဧကသမ္ဗန္ဓေန ဂတံ သီမာသင်္ချမေဝ ဂစ္ဆတိတိ။

ဟူသော မဟာဝါ ဥပေါသထက္ခန္ဓက ဖွင့် အဋ္ဌကထာ (၃၂၇) နှင့် ညီ၏။ ထိုစကား မှန်၏။ သစ်ပင်သစ်ကိုင်းသို့ လျှောက်၍ သက်သော်သာ သိမ်ချင်းစပ်မည်။ တသိမ်တည်း တည်သည် မည်သည်ဖြစ်၍ ယင်း သိမ်အပြင်၌ရှိသော ရဟန်းတို့ကို ဟတ္ထပါသ်သို့ ဆောင်ရန် ရှိသည်။ မစပ်က ဆောင်ဖွယ်မရှိ။ သီမဋ္ဌကဖြစ်သော သစ်ပင်သစ်ကိုင်းတို့၌ ကိုင်တွယ်သော ရဟန်းတို့ကိုသာ တပါးသောသိမ်၌ တည်သည် မည်သောကြောင့် ဟတ္ထပါသ်သို့ ဆောင်ဖွယ်ရှိသည်။ ဝိမတိဝိနောဒနီ, ဝိနယာလင်္ကာရတို့၌ကား ဆိုအပ်ပြီး အဋ္ဌကထာနှင့် မညီသောကြောင့် မအပ်ဟု ပယ်၏။ ယင်းသို့ ပယ်သော်လည်း ဆိုအပ်ပြီးသောနည်းဖြင့် အဋ္ဌကထာနှင့် ညီရကား ထိုကေစိဝါဒ ဂဏ္ဌိပုဒ်တို့၏ဝါဒသည် အသင့် ပင်တည်း။

လိုရင်းပိဏ္ဍတ္ထအဓိပ္ပာယ်ကား ဂါမ၌ ပေါက်သော သစ်ပင်သည် ဗဒ္ဓသိမ်၌ တည်ခဲ့သော် ယင်း သစ်ပင်သည် ဗဒ္ဓမထောက်မီ ဂါမဋ္ဌ၊ ဗဒ္ဓထောက်သော် ဗဒ္ဓသီမဋ္ဌဖြစ်၍ သစ်ပင်သို့ လျှောက်၍ သစ်ပင်ရင်းတိုင်အောင် ဗဒ္ဓသိမ်ဖြစ်၏။ ဂါမသီမဋ္ဌ မဟုတ်ပြီ။ ဗဒ္ဓသိမ်နှစ်လုံးတို့၏ အကြား ဂါမ၌ပေါက်သော သစ်ပင်သည် ဗဒ္ဓသိမ်နှစ်လုံးစလုံး ထောက်တည်အံ့၊ ယင်း သစ်ပင်သည် ဗဒ္ဓမထောက်မီ ဂါမသီမဋ္ဌ၊ ဗဒ္ဓထောက်လျှင် ဗဒ္ဓသီမဋ္ဌ၊ ထို့ကြောင့် သစ်ပင်ရင်း မြေတိုင်အောင် ဗဒ္ဓသိမ် ဖြစ်၏။ ဂါမသီမဋ္ဌ မဟုတ်ပြီ။ ဗဒ္ဓသိမ်၌ ပေါက်သော သစ်ပင်သည် ဂါမသိမ်၌ တည်ရာ ဗဒ္ဓသိမ်ဂါမသိမ်တို့၌ ကြိုးနွယ် သစ်တုံးစသည် ကူး ယှက်ရာတို့၌ ဤနည်းကိုမှီ၍ သိအပ်၏။

ဤသို့သော အကျိုးအကြောင်းအာဂုံယုတ္တိကို သိမ်သမုတ်ခန်း သိမ်မသမုတ်မီ ဂါမခန်းတို့ကို ထောက်၍ သိနိုင်၏၊ ဗဒ္ဓသိမ်၌ ဖိလာ

ဖြတ်၍ သွားသော ကြေးနန်းကြိုး ကြေးနန်းတိုင် စသည်တို့သည် ဗဒ္ဓသိမ်မဋ္ဌဖြစ်၍ မြေသို့ ရောက်အောင် ဗဒ္ဓသိမဋ္ဌဖြစ်ကုန်၏။ ဗဒ္ဓသိမ် ဖြတ်၍ မသွား၊ ဂါမချင်းသာ ဖြတ်၍သွားအံ့၊ ဂါမချင်းချင်း သက်ရ ဒေါသမရှိဖြစ်၍ ထိုကြေးနန်းတိုင် ကြေးနန်းကြိုးများသည် မိမိတို့ ဂါမခေတ်၌သာ မိမိတို့ ဂါမသိမ်ဖြစ်နိုင်၏။ တဂါမနှင့် တဂါမကူးယှက် ခြင်းအတွက် သက်ရဒေါသ မရှိနိုင်။ ထိုကြောင့် ကြေးနန်းကြိုး ကြေးနန်းတိုင်ဖြတ်၍ သွားသော ဂါမသိမ်တို့၌ သိမ်သမုတ်လိုသော ရဟန်းတို့သည် အသီးအခြား ပိသုံဂါမ ခံနေဖွယ်မရှိ။ ဂါမခေတ် စသည်ကို စောင့်ရှောက်၍သာ သမုတ်နိုင်သည် ဆိုဖွယ်ရှိ၏။

ထိုကြေးနန်းကြိုး ကြေးနန်းတိုင်တို့သည် အဝေးကလာရသည် ဖြစ်၍ ဗဒ္ဓသိမ်မထောက်ပဲ လာမည် ခဲယဉ်း၏။ သံသယကင်းဖို့ ခဲယဉ်း ၏ ဆိုငြားအံ့၊ ယင်းသို့လည်း မခဲယဉ်းကြလေ။ ထိုကြေးနန်းကြိုး ကြေးနန်းတိုင်စသည်တို့ကို ရဟန်းတို့ မကိုင်တွယ် မသုံးသပ်လျှင် ကိစ္စ ပြီးစီးရာ၏။ သိမ်သမုတ်ရာဌာန၌ မကိုင်တွယ် မသုံးသပ်ပဲ နေနိုင်ပါ၏ ဟု ဖြေဖွယ်ရှိ၏၊ အခြားတပါး အရပ်က များစွာသော အရပ်ခပ်သိမ်း သွားသည်ဖြစ်၍ ထိုသို့အရပ်က ရဟန်းသံဃာတော်များ ထိုကြေးနန်း တိုင် ကြေးနန်းကြိုးများ ကိုင်တွယ်ဆဲရဟန်းသည် ထိုသိမ်သမုတ်ဆဲ အခါ မရှိဟု ဆိုနိုင်မည်လောဟု မေးဖွယ်ရှိ၏။ ဂါမတွင်ထောက်၍ တည်သော ကြေးနန်းကြိုး ကြေးနန်းတိုင်တို့မှာ မိမိတို့ဂါမဘက်၌သာ မိမိတို့ ဂါမသိမ်ဖြစ်၍ မိမိတို့ဂါမဘက်၌ ရဟန်းတရာ ကိုင်တွယ်သော် လည်း တပါးဂါမတွင်းရှိ သိမ်ကို မဖျက်ဆီးနိုင်၊တပါးသော ဂါမဘက်က ဗဒ္ဓသိမဋ္ဌ၊မိမိတို့ဂါမဘက်က ဂါမဖြစ်ရာမှာ သံသယရှိဖွယ်မဖြစ်၊မကိုင် တွယ်လျှင် ကိစ္စချောနိုင်၏။ တပါးသော ဂါမဘက်ကဂါမ၊ မိမိတို့ ဂါမဘက်က ဗဒ္ဓသိမဋ္ဌ ဖြစ်ရာမှာလည်း မကိုင်တွယ်လျှင် ကံမပျက်နိုင်။

တပါးသော ဂါမဘက်ကလည်း ဗဒ္ဓသီမဋ္ဌ၊ မိမိတို့ သိမ်နုတ်မည် သမုတ်မည်နေရာကလည်း ဗဒ္ဓသီမဋ္ဌဖြစ်ပါမူကား ကိုင်တွယ်မှုလည်း တဘက်က ရှိပါမူကား သံသယကင်းနိုင်ဖို့ မမြင်။

ထို့ကြောင့် ဤသို့ ကြေးနန်းကြိုးကြေးနန်းတိုင် ဖြတ်သွားရာ အရပ်၌ သမုတ်လိုပါမူကား ဝိသုံဂါမခံ၍ သမုတ်ခြင်းသာ သင့်မြတ်ရာ သတည်း။

---

## ဝိမတိ,ဝိနယာလင်္ကာရတို့ မသင့်ကြောင်းဋီကာ

ဝိမတိ, ဝိနယာလင်္ကာရတို့၌ ဂါမ၌ ပေါက်သော သစ်ပင် ဗဒ္ဓ၌ ထောက်သော်လည်း ဂါမအရင်းရှိ၍ ဂါမပင်။ ဂါမဗဒ္ဓတို့၌ ဖြတ်၍ တည်သော သစ်ပင် နွယ် ကြေးနန်းကြိုး စသည်တို့မှာ မိမိတို့ဘက်၌ မိမိတို့ သိမ်မည်၏ ဟု ဆိုတော်မူကြ၏။ အာဂုံ ယုတ္တိမရှိသောကြောင့် ဆရာတော်ကြီးများ နှစ်သက်တော်မမူကြကုန်။

---

## သင်္ကရဒေါသအတိဂမ္ဘီရဋီကာ

ခဏ္ဍသိမ် မဟာသိမ်တို့ ကြား၌ စိုက်ထားအပ်သော သီမန္တရိက်၌ ရှိသော ရဟန်းသည် ခဏ္ဍသိမ် မဟာသိမ်တို့မှာ ကမ္မဝါစာဖြင့် ဖွဲ့အပ်သော ကပ္ပိယဘူမိ-ဖြစ်သည်နှင့် ၎င်းတို့၌ ကံကို မဖျက်ဆီးနိုင်သော်လည်း မိမိ တည်ရာ ဂါမခေတ်၌ ကံပြုသော ရဟန်းတို့၏ ကံကို ဖျက်ဆီးနိုင်သည်။ ထို့ကြောင့် မဟာဝါ အဋ္ဌကထာ (၃၂၄။)၌—

ဂါမခေတ္တေ ဌတွာ ကမ္မံ ကရောန္တာနံ ပန သီမန္တရိကာယ ဌိတာ ကောပေန္တိ—

ဟု မိန့်အပ်ကုန်၏။

ဥဒကုက္ခေပသိမ်၌ တဘက်မှ တဘက်တွင် သစ်ပင်ထောက်မှာ ဗဒ္ဓသိမ်နည်းတူ။

နဒီနှင့် ဂါမ ဗဒ္ဓတို့စပ်သော အရာ၌ ရေ-ကမ်းနှစ်ရပ် စပ်၍ တည်သော သစ်ပင် သစ်တုံး တံတား ကြိုးနွယ် စသည်တို့၏ ရေမှ အထက်၌ တည်သော အဖို့သည် ဂါမနှင့် စပ်အံ့၊ ဂါမသာ ဖြစ်၏။ ဗဒ္ဓနှင့်စပ်အံ့၊ ဗဒ္ဓသက်သက်သာ ဖြစ်၏။ နဒီနှင့်မရော။ ထို့ကြောင့် ရင်းအဋ္ဌကထာ (၃၃၅။) ၌—

ဗဟိ နဒီတီရေ ဇာတရုက္ခဿ အန္တောနဒိယံ ပဝိဋ္ဌသာခါယ
ဝါ ပါရောဟေ ဝါ နာဝံ ဗန္ဓိတွာ ကမ္မံ ကာတုံ န ဝဋ္ဋတိ—

ဟု မိန့်၏။ ထိုစကားရပ်ဖြင့် ရေ ရေလွှမ်းရာ အရပ်သည် ကမ်းနှင့် မစပ်ပြီ။ ရေအရပ်၌ တည်သောသစ်ပင်၊ တံတား စသည် မြစ်သမုဒ္ဒရာ ဇာတဿရဖြစ်ကြောင်း ကမ်းနှင့် စပ်၍ တည်သော ဝတ္ထုဟူသမျှသည် ဂါမ ဗဒ္ဓ ဖြစ်ကြောင်း ပြတော်မူသည်။

ထိုကြောင့် ရေ၌တည်သော လှေ စသည်ကို ကြိုးလွန်စသည်တို့ဖြင့် ကမ်းတွင် တခုခု၌ ဖွဲ့ချည်အံ့၊ဗဒ္ဓချင်း ဥဒကုက္ခေပချင်းစပ်ရာ၌ တသိမ် တည်းစပ်၏-ဟု ဆိုရသကဲ့သို့ မဆိုသင့်။ လှေတိုင်အောင်သော အရပ်သည် ဂါမ၌ ဖွဲ့ချည်အံ့၊ ဂါမသာ။ ဗဒ္ဓ၌ဖွဲ့ချည်အံ့၊ ဗဒ္ဓသာ သက်သက် ဖြစ်၏။ ဋီကာ တို့၌မူ ဗဒ္ဓချင်း ဥဒကုက္ခေပချင်း စပ်သကဲ့သို့ တသိမ် တည်းစပ်၏ဟု ဆို၏။ အဋ္ဌကထာနှင့်မညီ။

ထိုကြောင့် ရေ-ကမ်း နှစ်ရပ် စပ်၍ တည်သော သစ်ပင် သစ်တုံး တံတားတို့၏ အနီး၌ ကံပြုအံ့၊ ကမ်း၏အနီး၌ ကံပြုသော ရဟန်း၏ သိမ်သည် ကမ်းထက်သို့ တဆံချည်ဖျားမျှ မတက်။ သက်သက် ရေ၌သာ တည်သည်။

ဤသို့ ကျေးဇူးရှင်ဆရာတော်ကြီးများပင် ဝါဒကွဲပြားသော်လည်း ငါတို့သည် မြတ်စွာဘုရား သာသနာတော်ကို ချီးမြှောက်လို၍လည်းကောင်း၊ မြတ်စွာဘုရားကို ပူဇော်လို၍လည်းကောင်း ရဟန်းခံလာသည်ဖြစ်ရကား ဆရာသမားတို့မျက်နှာကို မငဲ့သင့်ပြီ။ နောက်သားတို့လည်း အမှန်အကန် သိရသဖြင့် များစွာ အကျိုးရှိရကား အာဂုံခိုင်မာ မခိုင်မာ၊ သဘောယုတ္တိ ရှိ မရှိကို ဉာဏ်စွမ်းကုန် ထုတ်လျက်ကြည့်ခဲ့သော် ခင်မကန်ဆရာတော်ဝါဒသည် ပါဠိ အဋ္ဌကထာနှင့် အလွန်တရာ ညီညွတ်ရကား သင့်သည် ကေန္တပင်ဟု ငါတို့ယူသတည်း။

---

### ရေနိမိတ်၌ နာနာဝါဒ ဝိစာရဏာဋီကာ

မစီးပဲတောင့်၍ တည်ရာအရပ်တိုင်အောင် နဒီသိမ်ပျက်သည်။ တောင့်၍ တည်သော အရပ်တိုင်အောင် ဇာတဿရသိမ် ပျက်သည်။ စီးသွားသောအရပ်သာ နဒီသိမ်မြောက်သည်။ တောင့်၍ တည်ရာ မဟုတ်သော အရပ်သာ ဇာတဿရသိမ်မြောက်သည်။ ဤ၌ နဒီသိမ် ဇာတဿရသိမ် ဆိုခဲ့ရာ၌ ဥဒကုက္ခေပ၏တည်ရာ လက္ခဏာနှင့် ပြည့်စုံသော မြစ် ထုံးအိုင် တို့ကိုယူ။ သိမ်အသီး ရှိသည်ဟု မိစ္ဆာဝါဒ မဖြစ်စေလင့်။

ရေနိမိတ် ပြုခြင်းငှာ တွင်းတူးရာ၌ တူးပေါက်ကို ပိတ်သော်လည်း တဘက်ဆည်ကန်၌ ရေကဲ့သို့ ၎င်းတွင်း၌ ရေကို နိမိတ်ပြုခြင်းငှာ အပ်၏ဟု အချို့ဆရာတို့ ယူတော်မူကြ၏။ တဘက်ဆည်ကန် ဆည်းသောအခါကဲ့သို့ ရရာမြေဖြင့် တူးပေါက်ပိတ်၍ ရေတည်လျှင် အပြစ်မရှိရာ။ သို့မဟုတ် စေးသောရွှံ့ညွန်ဖြင့် ပိတ်ဆို့လိမ်းကျံက စင်စစ်အိုးနှင့် အလားတူရကား အပ်မည်မဟုတ်။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၊ (၃၂၂) ၌ —

နိရုဒကေ ဌာနေ နာဝါယ ဝါ စာဋိအာဒီသု ဝါ ဥဒကံ
ပူရေတွာ ဥဒကနိမိတ္တံ ကိတ္တေတုံ န ဝဋ္ဋတိ၊ ဘူမိဂတမေဝ
ဝဋ္ဋတိ–

ဟု မိန့်တော်မူသတည်း။

နိမိတ်ကြားပြီးနောက် ရေထပ်၍မလောင်းကောင်း။ (မိုင်းခိုင်း) ယခုကာလ ရေနိမိတ်လောင်းဖို့ တွင်းတူးရာ မပြုမပြင် ဖြည်းညှင်း သာယာစွာ တူးကြရ၏။ မပြုမပြင်ရဟု အရေးယူကြ၏။

သို့သော်လည်း ဘာဇနဂတံ ဝါ-လာသော ကခ်ါ အဋ္ဌကထာစကား နှင့် ဌိတံ ပန-စသော မဟာဝါအဋ္ဌကထာ၊ကခ်ါဋီကာသင်တို့စကားကို ထောက်သော် နိမိတ်တွင် ရေကြာရှည် တည်အောင် ပြုပြင်လိမ်းကျံ ပါသော်လည်း အပြစ်မတင်ဟု ငါတို့ကျေးဇူးရှင် မိုင်းခိုင်းဆရာတော် မိန့်ဖူး၏။ သို့သော် ဆိုအပ်ပြီးသောနည်းဖြင့် ငါတို့ ရှေးကရေးသား ခဲ့သည့်အတိုင်း အလွန်အလေးပြုသင့်သော နိမိတ္တသမ္ပတ္တိအရာကြီး ဖြစ်သည်နှင့် ဂရု ဖြစ်နိုင်သည်သာ အကောင်းဆုံးတည်းဟု သဘော ရသတည်း။ စံကျောင်းဆရာတော်ဘုရားကြီးကား ရေတည်အောင် မြေလိမ်းကျံလျှင် မအပ်ဟု မိန့်တော်မူ၏။

---

## သစ်ပင်နိမိတ်၌ နာနာဝါဒ ဝိစာရဏာဋီကာ

သစ်ပင် နိမိတ် ကြားရာ၌လည်း အစောက် လက်ရှစ်သစ်။လုံးပတ် သီဟိုဠ်၌ ကညစ်ရိုးပမာဏရှိ၍ မြေ၌တည်ခြင်း၊ စိမ်းစိုခြင်း၊ အတွင်း၌ အနှစ် ရှိလတ္တံ့ ဖြစ်ခြင်း၊ ဤအင်္ဂါများနှင့် ပြည့်စုံသော သစ်ပင် ဖြစ်ခဲ့မူ သစ်ပင် နိမိတ် ကြားကောင်း၏။ (အဋ္ဌကထာများအဆို) နိမိတ်ကြားလုကာနီးမှ တခြားက သစ်ပင်ရွှေ့ခဲ့သော်လည်း နိမိတ် လောက်သော သစ်ပင်ဖြစ်ခဲ့မူ သစ်ပင် နိမိတ် ကြားအပ်၏။

အကိုင်းအခက်သစ် ထွက်မှုမဟုတ်။ ထို့ကြောင့် မဟာဝါ အဋ္ဌကထာ၊ ကင်္ခါဋီကာသစ်တို့၌ နဝမူလသာခါနိဂ္ဂမနံ အကာရဏံ-ဟု မိန့်၏။

သာသနာပိုင် ဦးဉေယျတပည့်ပရက္ကမဆရာတော်သည် သာသနာပိုင်ကို ပရက္ကမချောင် သိမ်သမုတ်ပင့်၍ ပင်စည်ကို ဖြတ်၍ စိုက်ပြီးလျှင် နိမိတ်ပြု၍ သိမ်သမုတ်ခဲ့၏။ နောက်မှသိ၍ပြန်သမုတ်ရကြောင်း ကျီဝန်ဆရာတော် မိန့်၏။

ဤသို့ မိန့်သည်၊ ပြန်သမုတ်သည်ကို ထောက်သော် ယင်းကဲ့သို့ ပင်စည်ကို ဖြတ်၍စိုက်ပြီး သိမ်နိမိတ်မကြားကောင်းဟု အဓိပ္ပာယ် ရောက်သည်။ သို့သော်လည်း ဋီကာသစ်၊ ၎င်းမဟာဝါ ဥပေါသထက္ခန္ဓက၌ လည်းကောင်း၊ ခန္ဓံ ဆိန္ဒိတွာ ရောပိတေ ပန ဧတံ ယုဇ္ဇ-တိ-ဟူသောစကားကို ထောက်လျှင် အပ်သည်ဟု မှတ်ရမည်၊ ခဲယဉ်း၏။ ကြံကြလေဦးဟု ကျေးဇူးရှင် ကျီဝန်ဆရာတော် မိန့်ဖူး၏။ ထိုစကားကို စဉ်းစားသော်—

ရုက္ခနိမိတ္တေ တစသာရေ တာလနာဠိကေရာဒိရုက္ခေ န ဝဋ္ဋတိ၊ အန္တောသာရေ ဇီဝမာနကော အန္တမသော ဥဗ္ဗေဓတော အဋ္ဌင်္ဂုလော ပရိဏာဟတော သူစိဒဏ္ဍကပ္ပမာဏောပိ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ၊ ပရံ ဒွါဒသယောဇနော သုပ္ပတိဋ္ဌိတ-နိဂြောဓောပိ ဝဋ္ဋတိ။ ဝံသနဠကသရာဝါဒီသု ဗီဇံ ရောပေတွာ ဝဍ္ဎာပိတော ပမာဏုပဂေါပိ န ဝဋ္ဋတိ။ တတော အပနေတွာ ပန တင်္ခဏမ္ပိ ဘူမိယံ ရောပေတွာ ကောဋ္ဌကံ ကတွာ ဥဒကံ အာ-သိဉ္စိတွာ ကိတ္တေတုံ ဝဋ္ဋတိ၊ နဝမူလသာခါနိဂ္ဂမနံ အကာရဏံ။ ခန္ဓံ ဆိန္ဒိတွာ ရောပိတေ ပန ဧတံ ယုဇ္ဇတိ—

ဟု ဝိနည်းမဟာဝါ အဋ္ဌကထာ (၃၂၀။)၌ လာသည်။

ဤသို့လာရာတွင် ပဌမဝါကျဖြင့် အသားတည်းဟူသော အနှစ် မရှိသော သစ်ပင်မျိုးကို ပယ်တော်မူသည်။

ဒုတိယဝါကျဖြင့် အတွင်း၌ အနှစ်ရှိဆဲ ရှိလတ္တံ့ သစ်ပင်မျိုးဖြစ်ခြင်း၊ ရှင်လန်းစိမ်းစိုခြင်း၊ အစောက်လက်ရှစ်သစ်ရှိခြင်း၊ လုံးပတ် သီဟိုဠ်ကညစ်ရှိုး ပမာဏ (ဝါ) လက်ပွတ်စူးရှိုး ပမာဏ၊ (ဝါ) ဒူးလေးမြားတံ ပမာဏ၊ (ဝါ) ယိုးဒယားကညစ်ရှိုး ပမာဏရှိခြင်း၊ အင်္ဂါလေးပါးကို ပြတော်မူသည်။

စတုတ္ထဝါကျဖြင့် ၎င်းအင်္ဂါလေးပါးတို့တွင် အစောက် လက်ရှစ်သစ်၊ လုံးပတ်သီဟိုဠ်ကညစ်ရှိုး ပမာဏအောက် ငယ်လျှင် မအပ်ကြောင်း ပြတော်မူသည်။

သတ္တမဝါကျဖြင့် ၎င်းစိုက်ပျိုးထားရာမှ မြေ၌ရှေ့စိုက်လျှင် အခက် အညွန့်မပေါက်စေကာမူ အပ်ကြောင်းကို ပြတော်မူသည်။

အဌမဝါကျဖြင့် ယင်းသတ္တမ ဝါကျက ထွက်လာသော စကားဖြစ်ရကား ပင်စည်ကိုဖြတ်၍ စိုက်သော် ဆိုအပ်ပြီးသော အင်္ဂါများနှင့် ပြည့်စုံစေကာမူ အမြစ်သစ် အကိုင်းအခက်သစ်ပေါက်မှ အပ်ကြောင်း ပြတော်မူသည်။

ဤသို့ အဌကထာ ဋီကာသွားနှင့်တကွ ၎င်းတို့ အာဘော်တော်များကို ဒိဋ္ဌမျက်မြင်လောက် သိရပြီးနောက် ပင်စည်ကို ဖြတ်၍ စိုက်ပြီးလျှင် အသစ် အမြစ် အကိုင်းအခက် ထွက်မှပင် အပ်ကြောင်းကို သိနိုင်ရကား သာသနာပိုင်ဆရာတော် ဦးဥေယျ ပြန်၍ သမုတ်ခြင်းသည် ကောင်းမြတ်ပေရာ၏။ အကြောင်းကား အနှစ်ရှိသော သစ်မျိုးမှာ စိုက်လျှင် စိုက်ခြင်း အမြန် အကိုင်းသစ်ပေါက်ရန် ခဲယဉ်းလှသော ကြောင့်တည်း။ (အယံ အမှာကံ ခန္တိ။)

နိမိတ်ကြားရာ၌ မေးသူ ဖြေသူ အတွင်းအပြင် နေချင်ရာက နေ၍ မေးနိုင် ဖြေနိုင်သည်။ ကမ္မဝါစာမှာမူ အတွင်းကသာနေ၍ ဖတ်ရမည်။ ဋီကာသစ် ဖွင့်၏။

## ခဏ္ဍနိမိတ်၌ ကင်္ခါဋီကာဝါဒမသင့်ကြောင်း ဋီကာ

ခဏ္ဍနိမိတ္တ သိမ်အရာ၌ သုံးပါးသော နိမိတ်တို့ကို အစပြု၍ ရာထောင်မက များစွာသော နိမိတ်တို့ကို ခွင့်ပြုတိုင်း အစဉ်အတိုင်း ကြားပြီးလျှင် ရှေးဦးစွာ ကြားအပ်ပြီးသော ပဌမနိမိတ်ကို တဖန် ထပ်၍မကြားပဲ အကြား ပြတ်စေ၍ သမုတ်အပ်သော သိမ်သာ ခဏ္ဍနိမိတ္တာ သိမ်မည်သည်မဟုတ်၊ သုံးခုလေးခုအစရှိသော နိမိတ်လောက်သော နိမိတ်တို့၏ အကြား၌ နိမိတ်ကြားခြင်းငှာ မလောက်သော အခွံလျှင် အနှစ်ရှိသော ထန်း အုန်း စသော သစ်ပင် သစ်ငုတ် မြေပုံ သဲပုံတို့တွင် တပုံပုံကို လောက်သော နိမိတ်ဘို့၏ အကြား၌ နိမိတ်တခု ပြု၍ ကြား၍ သမုတ်အပ်သော သိမ်သည်လည်း ခဏ္ဍနိမိတ္တာသိမ်သာ မည်၏။

ဤကား ကင်္ခါအဋ္ဌကထာ၏ ယထာဘူတ အဓိပ္ပာယ်တည်း။

ကင်္ခါဋီကာသစ်မှာမူကား နိမိတ်သုံးလုံးထား၍ ကြားလျှင် အကြား၌ နိမိတ်မှုလောက်သော သစ်ပင် စသည်ကိုထား၍ ကြားသော်လည်း ခဏ္ဍနိမိတ္တာသိမ်မဖြစ်၊ သိမ်အောင်၏။ အကြောင်းကား နိမိတ်လောက်သော နိမိတ်သုံးခု ရှိသောကြောင့်တည်း။ အဋ္ဌကထာဘို့၌ကား သာမန်သာဆို၏။ ငါကဲ့သို့ ဝိသေသ မဆို၊ ထိုကြောင့် ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်၍ ယူအပ်၏-ဟု မိန့်ဆို၏။ ၎င်းဋီကာသစ် ဆရာသည် အန္တရာပိ-စသော ဝါကျ၌ အန္တရာပုဒ်၏သမ္ဗန်ကို ဒွိန္နံနိမိတ္တာနံ-

ပဂနိမိတ္တာနံ-ဟု ခံလိုရိပ်ရှိ၏။ တိဏ္ဏံ နိမိတ္တာပဂနိမိတ္တာနံ-ဟု သမ္ဗန်ခံမှ သင့်သတည်းဟု ကျီဝန်ဆရာတော်မိန့်၏။ စံကျောင်းဆရာတော်ကြီး စလင်းဆရာတော်ကြီးတို့ကား ကင်္ခါဋီကာသစ်စကား အဋ္ဌကထာနှင့် မညီ၍ ဆင်ခြင်ရန်ရှိသည်ဟု မိန့်တော်မူကြ၏။

## သိမ်ကျောင်းနှင့်လှေကား စပ်၍ ထားသင့် မထားသင့်

ယခုကာလ၌ အချို့သော ဆရာတော်ကြီးတို့ကား ဂါမဗဒ္ဓစပ်၍ အပြစ်မရှိကြောင်း ကျမ်းဂန်လာသည်နှင့် သမုတ်အပ်ပြီး သိမ်ပေါ်၌ ဆောက်ထားအပ်သော ကျောင်းစသည်နှင့် သိမန္တရိက်နှင့်တကွ သိမန္တရိက်ပြင်ပရှိသော ကျောင်းလှေကား စသည်တို့ကို စပ်၍ထားကြကုန်၏။ နိမိတ်ပ သိမန္တရိက်နှင့်ပြင်ပအရပ်သည် ဂါမ ဧကန်စင်စစ် ဖြစ်ပါမူကား သံသယမရှိသင့်။ ၎င်းနှစ်ရပ်လုံး ဗဒ္ဓသိမ်ဖြစ်ခဲ့ပါသော် ထိ၍တည်သော် မအပ်ရာ။ ထို့ကြောင့် ဝိမတိဝိနောဒနီ ဋီကာ၊ (ဒု၊၁၄၉။) ၌ –

> ဗဇ္ဈမာနက္ခဏေပိ တာသံ ရက္ခာဒိသမ္ဗန္ဓေ သတိ တာ ဗန္ဓိတုံ န ဝဋ္ဋတိ –

ဟု ဖွင့်တော်မူသတည်း။

## သိမ်နုတ်ရာ၌ သတိပြုဖွယ်

သမုတ်အပ်လတ္တံ့သော သိမ်နိမိတ်အတွင်းသို့ ဗဒ္ဓသိမ်ဟောင်းသည် တတောင် တထွာ တလက်သစ်အားဖြင့်သာလျှင် အပ၌ဝင်၍ တည်ခဲ့သော် နိမိတ်ပ ၄-၅-၆-တောင် ကွာလှမ်းသော အရပ်တို့၌ လေးမျက်နှာပတ်လည် နုတ်ပြီးမှ သမုတ်ခြင်းသည်ကောင်း၏။ မနုတ်လျှင် မကောင်း။

ထို့ကြောင့် ဝိမတိဝိနောဒနီ၌-ဝိဟာရ ပရိက္ခေပဿ အန္တော အစရှိသော စကားကို မိန့်သတည်း။ ထိုစကား၌ သိမ်ဟောင်း ရှိမရှိ သိမှု မလိုလှ၊ တပါးနှင့်တပါး ဟတ္ထပါသ်ကို မစွန့်စေပဲ သက်န်းစွန်း ချင်းမျှလည်း မထိစေပဲ သိမ်တွင်းရှိ ရဟန်းများလည်း မကျန်စေပဲ သိမ်တွင်း သိမ်ပြင် ကူးယှက်သော ဝတ္ထုများလည်း မရှိစေပဲ သိမ်နုတ် ကမ္မဝါစာ၊ သိမ်သမုတ်ကမ္မဝါစာတို့ကို ရွတ်ဖတ်သော် ထိုသိမ်ဟောင်း ရှိရာ အရပ်၌ သံဃာနှင့်ကမ္မဝါစာကျလျှင် ထိုသိမ်ဟောင်း၌ ဝဂ္ဂကမ္မ ပြုသော ရဟန်းလည်း မရှိလျှင် ဘယ်မျှကျယ်သော်လည်း တသိမ်လုံး တပြိုင်နက်ကျွတ်၏။ သိမ်အပြင် အရပ်သည် ဗဒ္ဓသိမ်ဟောင်းရှိခဲ့သော် ထိုသိမ်ဟောင်း၌ ရှိနေသော ရဟန်းကို မသိမ်းမိလျှင် ကံပျက်၏။ သတိပြုရာ၏။

ယခုကာလ၌ ခြေရာချင်း စပ်မိလောက်အောင်ပင် နုတ်ကြ၏။ သို့ သော် ခြေရာချင်းစပ်မိလောက်အောင်သာ ဗဒ္ဓသိမ်ဟောင်း တည်ရှိ သည်မဟုတ်၊ ညောင်စောင်းရာ ပမာဏ စသည်ဖြင့် လေးမျက်နှာ စပ်မိအောင် နုတ်လျှင် သင့်တော်လောက်ပြီ။ သို့သော် ဒဠှီကမ္မ သုကမ္မ စသည်ဖြစ်ခြင်းအကျိုး ရှိသည်ဖြစ်၍လည်းကောင်း၊ ထာဝရသာသန- ပတိဋ္ဌာန သာသနမူလဘူတ ကံကြီးဖြစ်၍လည်းကောင်း ဤသို့ ဆရာစဉ် သမားစဉ် ရွတ်ဖတ်ကြသည်ကို အပြစ်မတင်အပ်။

အဇ္ဈောတ္ထရဏာဒိဋီကာ ပြီး၏။

ဤတွင်၍ သိမ်မျိုးစုံမဟာဋီကာကျမ်းကြီး ပြီး၏။

# သိမ်မျိုးစုံမဟာဋီကာ မြန်မာနိဂုံး

**မဟာ**သုဒဿနမြို့ကြီး၏ အရှေ့မျက်နှာ ယူဇနာနှစ်ဆယ်ကွာခြားသော အရပ်၌ အလျားအနံ ယူဇနာတရာရှိသော စိတ္တလတာဥယျာဉ်ကြီးအတွင်း အနှစ်တထောင်မှ တကြိမ်သီးသော နွယ်အရသာ စားလိုသော နတ်တို့ အနှစ်တရာကပင် ကပ်နှင့်ရသော အာသာဝတီ နွယ်ပင်ကြီးမှ နွယ်သီးအရသာကို စားရကုန်သော တာဝတိံသာ နတ်အပေါင်းတို့သည် မွန်မြတ်လှစွာသော အရသာဖြင့် ယစ်မူးမေ့လျော့ကုန်သည်ဖြစ်၍ လေးလတိုင်မှ အယစ်အမူးပြေကြသဖြင့် သတိရကြကုန်သကဲ့သို့—

ပါဠိတော်မှ ထွက်သော အနက်အဓိပ္ပာယ် အမျိုးမျိုး။

အဋ္ဌကထာမျိုးစုံမှ ထွက်သော အနက်အဓိပ္ပာယ် အမျိုးမျိုး။

ဋီကာမျိုးစုံမှ ထွက်သော အနက်အဓိပ္ပာယ် အမျိုးမျိုး။

ဂန္ထန္တရမျိုးစုံမှ ထွက်သော အနက်အဓိပ္ပာယ် အမျိုးမျိုး။

ရှေးရှေးသော ကျမ်းဂန်တတ်အကျော် ဆရာတော်ဘုရားကြီးတို့၏ ယူဆအပ်သော အနက်အဓိပ္ပာယ် အမျိုးမျိုး။

အထူးထူးသော ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ အာစရိယဝါဒတို့မှ ဉာဏ်စွမ်းရှိသမျှ အသားကုန်ထုတ်အောင် ထုတ်ဖော် ဝေဖန်စိစစ်ပုံ။

နာနာဂန္ထ နာနာဝါဒ ဝိစာရဏာအမျိုးမျိုးတို့ဖြင့် သဗ္ဗညုမြတ်စွာဘုရား မျက်နှာတော်၊ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကြီးမျက်နှာတော်များကို ငဲ့ကွက်၍ ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ပင်ပန်း

ခြင်းကို အလေးမပြုပဲ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ၄-မြို့ဂိုဏ်းချုပ်၊ သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဟူသော ဘွဲ့တံဆိပ်တော် ဤဘွဲ့တံဆိပ်တော် ၃-တန်ကို ပရိယတ်ဂုဏ်၊ ပဋိပတ်ဂုဏ်သက်သက် ကြောင့် အလှူတော်ခံရသော ၄-မြို့ဂိုဏ်းချုပ် သုဓမ္မာဝင် ကျွန်းရွာ တောရဆရာတော်ဘွဲ့ခံ ငါသည် ရေးသားစီမံအပ်သော သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီးသည် တောင်ဇမ္ဗူဒီပါ ကျွန်းကြီးတခုလုံး၌ ကမ္ဘာဦးအခါ အရသာမျိုးစုံ ရတနာမျိုးစုံ ဝတ္ထုမျိုးစုံ လိုရာပြီးစေနိုင် သော ပဓဒေသာပင်ကြီးပမာ သိမ်အရာ ခက်ခဲ နက်နဲခြင်းရှိလေသမျှ လိုရာမတ ရနိုင် ယူဆနိုင်ကြသဖြင့် ပညာရှိသူတော်စွာတို့မှာ နမူနာ ပုံစံကြီးတခု ဖြစ်ရစ်ပေလိမ့်သတည်း။

သိမ်မျိုးစုံမဟာဋီကာ မြန်မာနိဂုံး ပြီး၏။

---

## သိမ်မျိုးစုံမဟာဋီကာ
## ပါဠိနိဂုံး (၅၁) ဂါထာ

(၁) ရာဇာဓိရာဇာနုရုဒ္ဓ၊ ဒေဝေါ စက္ကိတရာဇာ ဝ။
အရိမဒ္ဒနပုရမှိ၊ ရဇ္ဇံ ကာရေသိ ဈစ္ဆလေ။

(၂) မဟိဒ္ဓိကေဟိ ယောဓေဟိ၊ ဒေဝဃောဟိ ပရိက္ခိတော။
ကတွာ စေတိယဝိဟာရေ၊ပတိဋ္ဌာပေသိ သာသနံ။

(၃) တဿ ပုတ္တာ သဟဃောဟိ၊ ဘိက္ခူဟိ စ မဟိဒ္ဓိကာ။
မာပေသုံ မဟာနဂရံ၊ သဗ္ဗအင်္ဂံ သိလာမယံ။

(၄) သောဏ္ဏမဟာဂုဟာဒီဟိ၊ သတ္တဌာနေဟိ မဏ္ဍိတံ။
တာလဝနုယျာနာဒီဟိ၊ကုန္တဒီဟိ ပရိက္ခိတံ။

(၅) လောကေ အယုဇ္ဈပုရံဝ၊ သဗ္ဗင်္ဂဝရသောဘိတံ။
ဒွါဒသဟိ စ ဒွါရေဟိ၊ ပါသာဒါဒီဟိ ဝါရိတံ။

(၆) တဿ ပစ္ဆိမဒိသာယ၊ ဤသံ ဥတ္တရနိဿိတေ။
ကေဂါဝုတမတ္တမှိ၊ ကုန္တဒီဟိ စ မဏ္ဍိတေ။

(၇) ရွှေပြည်ရန်အောင် အနောက်လက်တိ၊ ပုဗ္ဗရာဇူဟိ သမ္မတေ။
ဝနာနံ ကုန္တဒီနဥ္စ၊ အန္တရာယေဝ သဏ္ဌိတေ။

(၈) ဂါမဏိသေဋ္ဌိကုလမှိ၊ သဥ္စာတေဟိ ပရမ္ပရာ။
ဘိုးအောင်ဇေယျပမုခေဟိ၊ မဟာရာဇူဟိ ဓိတိဟိ။

(၉) နာနာစေတိယဝိဟာရေဟိ၊ ဥယျာနေဟိ သမန္တတော။
ဇာတဿရေဟိ တာလေဟိ၊ အမ္ဗာဒီဟိ ပရိက္ခိတော။

(၁၀) မာပိတော ယော မဟာဂါမော၊
ဒေဝါလယသမော သုဘော။
ဧသပုညာန မာဝါသော၊
နာနာကုလဝိသံယုတော။

(၁၁) ဇလမဇ္ဈေ မာပိတတ္တာ၊ နာနာဒုမသုဆန္နတော။
ကျွန်းရွာဂါမောတိ ပညတ္တော၊ ပေါရာဏိကေဟိ ရာဇူဟိ။

(၁၂) တတ္တ ဂါမဏိကုလမှိ၊ ဥဘတော သုဒ္ဓဇာတိကေ။
ဒွိစတ္တာလီသဝဿမှိ၊ ဒွါဒသေ စိတ္တမာသကေ။

(၁၃) ရဝိဝါရေ အရုဏမှိ၊ သဥ္စာတော ဧညကုမာရော။
ဉာတိနဥ္စ တောသယန္တော၊ နိမိတ္တာနိ ပဝတ္တယံ။

(၁၄) ပဝတ္တေ တဿ နဂြဿ၊ ဒိသာဘာဂေ စ ဥတ္တရေ။
အစုဂါဝုတမတ္တမှိ၊ ဤသံ ပါစီနနိဿိတော။

(၁၅) ယထာ ဟိမဝါ ပဗ္ဗတော၊ နာနာကူဋသမာယုတော။
ဧဝံ တတ္ထ ပဗ္ဗတောပိ၊ နာနာ ကူဋေဟိ မဏ္ဍိတော။

(၁၆) စေတိယေဟိ ကန္ဒရေဟိ၊ မဟာဒုမေဟိ ဝါရိတော။
တာလဝနုယျာနာဒီဟိ။ နာနာဒိဒ္ဓိဟိ သမန္တတော။

(၁၇) ပဿိတွာ တံ သာဓုဇနာ၊ စိတ္တံ တောသန္တိ သဗ္ဗဒါ။
တသ္မာ ပဗ္ဗတမဥ္စုတိ၊ ဝေါဟရန္တိ ပုရာဏကာ။

(၁၈) တံ နိဿာယေဝ နဂရံ၊ ပုဗ္ဗရာဇူဟိ မာပိတံ။
သဝိညာဏကာဝိညာဏ–ရတနာနဥ္စ သဥ္စယံ။

(၁၉) တဥ္စ တန္နဂရံ ဣတိ၊ ပေါရာဏိကေဟိ သမ္မတံ။
အင်္ဂိရထယာနာဒီဟိ၊ တေလယန္တာဒိမဏ္ဍိတံ။

(၂၀) တတ္ထ ပဗ္ဗတပါဒမှိ၊ နာနာဂိရိဟိ မဏ္ဍိတော။
နာနာစေတိယဂုဟာဟိ၊ တဋ္ဌာကေဟိ ဒုမေဟိ စ။

(၂၁) ပါသာဒဏောဟိ ကန္ဒရေဟိ၊ နိက္ခန္တတ္တာဝသာနစ။
ဝသာ ကူပကန္ဒရောတိ၊ ပါကဋော ယော မဟီတလေ။

(၂၂) ရတ္နာပုရစတုတ္ထမှိ၊ မဟာဂါမာစေရာသဘော။
ပရိယတ္တိပဋိပတ္တိ–ဂုဏေဟိ အတိပါကဋော။

(၂၃) ပဗ္ဗတမဇ္ဈူဝါသီဟိ၊ မဟာရာဇူဟိ သော သဒါ။
သဒ္ဓါ ပညာသမ္ပန္နေဟိ၊ ပူဇိတော ရညဝါသိကော။

(၂၄) မဟိဋ္ဌကာသီမဇ္ဈေဝ၊ ဝိဟာရေ သဋ္ဌိမတ္တကေ။
နာနာဂုဟာစေတိယော စ၊ တဋ္ဌာကေ စ မနောရမေ။

(၂၅) စတ္တာရော ပစ္စယေ စာပိ၊ ပစ္စုပဋ္ဌာပယံ သဒါ။
တဿ တိသိက္ခာဂုဏေဟိ၊ ပါကဋောဝ မဟီတလေ။

(၂၆) ရတနာပုရံ စတုတ္ထံ၊ မာပကော မြမ္မရဋ္ဌိကော။
တမာမန္တေတွာန ပူဇေသိ၊ ရာဇဂုရုတိ လဒ္ဓနံ။

(၂၇) ဒုတိယဇ္ဈ မဟာထေရော၊ ရဝိန္ဒု စေဝ ပါကဋော။
ပရိယတ္တိပဋိပတ္တိ–ဂုဏေဟိ စ မဟီတလေ။

(၂၈) သာဋ္ဌကထာ ပိဋကမှိ၊ ဋီကာဂန္ထန္တရေဟိ စ၊
သဒ္ဒဗျာကရဏေ စာပိ၊ ကောဝိဒေါ စ သမန္တတော။

(၂၉) ကျွန်းရွာရညာစေရာသဘော၊ သဗ္ဗဝိညူဟိ မာနိတော။
သကလဇမ္ဗုဒီပမှိ၊ ကိတ္တိသဒ္ဒေါ မဟိဒ္ဓိကော။

(၃၀) အာရညိကော ကန္ဒရမှိ၊ မာဃမာသေ သဟက္ခယေ။
ဇုဏှနဝမိဂုရုတော၊ ဝသီသံဃပရိက္ခိတော။

(၃၁) တံ နိဿာယ စ မာပေသုံ၊ ဝိဟာရေ စေတိယေ မဟာ။
ပဉ္စတ္တာလီသမတ္တေ၊ တဋ္ဌာကေ ပေါတ္ထကေ ဗဟူ။

(၃၂) ပဗ္ဗတမဉ္ဇူနဂရေ၊ သေဋ္ဌိကုလေ ပရမ္ပရာ။
သဉ္ဇာတာ အယျိဿရာ စ၊ သဒ္ဓိကာ စ ဥပါသိကာ။

(၃၃) တဿ ပုတ္တော သုညာဏိကော၊ မဟာဘေသဇ္ဇဇာတိကော။
အဿျဟောမန္တိကော စေဝ၊ ရတနတ္တယမာမကော။

(၃၄) တဿာ ဓီတာ သုသဒ္ဓိကာ၊ ရတနတ္တယမာမကာ။
အယျသွယနာမိကာ စ၊ ဗဟုဇနေဟိ ထောမိတာ။

(၃၅) တာ တိဿော မဟာဝိဟာရေ၊ တဋ္ဌာကေ စာပိ စေတိယေ။
စင်္ကမေ အဂျာဂါရေ စ၊ ပေါတ္ထကေ မဉ္စကေ မဟာ။

(၃၆) ကဋ္ဌသာရကေ ကောဇဝေ၊ နယုတာဓိကအဋ္ဌကေ။
အဍ္ဎေ သဗ္ဗပရိက္ခာရေ၊ ကပ္ပိယေ စတုပစ္စယေ။

(၃၇) အယျပုညနာမိကာ စ၊ အယျခုဒ္ဒကနာမိကာ။
သေဋ္ဌိကုလမှိ သဉ္ဇာတာ၊ ပယျာကာနံ ပရမ္ပရာ။

(၃၈) သောဒရာ သဒ္ဓိကာ သဟ၊ သောမ္မဟာဒယပူရကာ။
ဘာဂိနိယောပိ မာပေန္တိ၊ မာလာကမ္မာဒိစိတ္တကေ၊

(၄၉) သတ္တဝိဓဝိဟာရေ စ၊ သာလာယော အပိ စေတိယေ။
တဋ္ဌာကေ သောပါနေ စာပိ၊ ဗဟုဝိဓေ အနုဂ္ဂကေ။

(၅၀) တိဿော ကတေ ဝိဟာရေ စ၊ ကျွန်းရွာရညာဝဟာရိတော။
သောဒရာကတဝိဟာရေ၊ ရတ္နာဘုံစန္တိ နာမိကေ။

(၅၁) ဝါရံ ဝါရံ အဇ္ဈာဝသိ၊ ကာယာယုအနုပက္ခကော။
ဂန္ထဝိပဿနာဓုရံ၊ အာရဘန္တော သဗ္ဗဒါ။

(၅၂) မရမ္မိန္ဒြိယရဋ္ဌေဟိ၊ အင်္ဂလန်ရဋ္ဌသာမိကော။
ဂျော့ရာဇာတိ ဇမ္ဗုဒီပေ၊ ပါကဋ္ဌေဝ မဟိဒ္ဓိကော။

(၅၃) အဋ္ဌမဟာပဏ္ဍိတောတိ၊ ပူဇေသိ လဉ္ဆနေန သော။
ဝေတနဉ္စ ဥပတ္ထမ္ဘိ၊ မာသေ မာသေ ဟိ နိစ္စကံ။

(၅၄) မရမ္မရဋ္ဌသာမိကောပိ၊ ဆာချား (လ်) အင်းနစ်နာမိကော။
ဒွိလဉ္ဆနေဟိ ပူဇေသိ၊ ထေရံ ဂမ္ဘီရညာဏိကံ။

(၅၅) ကျွန်းရွာရညာစရိယေန၊ ကျွန်းရွာရညနိဝါသိနာ။
တိက္ခတ္တုံ လဒ္ဓလဉ္ဆနေ၊ ကွာပိန္ဒရဋ္ဌသာမိဟိ။

(၅၆) ဣန္ဒဖလမာတိကမှို၊ သိက္ခာကာမေဟိ ဘိက္ခုဟိ။
နဂရမှိ ဝသန္တေဟိ၊ မဟာထေရေဟိ ယာစိတော။

(၅၇) ဗဒ္ဓါဗဒ္ဓဝသာ စာပိ၊ ဒုဗ္ဗိဓာ တတ္ထကာ တိဓာ။
ဆန္နံ သီမာနံ ဂမ္ဘီရာ၊ မန္ဒဗုဒ္ဓိဟိ ဒုန္နယာ။

(၅၈) သဒ္ဒတ္ထနယသမ္ပန္နာ၊ နာနာဂမယုတ္တိမယာ။
ပုဗ္ဗာစရိယဝါဒေဟိ၊ သမ္ပုဏ္ဏာ သာ မဟာဋီကာ။

(၄၉) ဒွေနဝုတိကဝဿမှိ၊ ဇေဋ္ဌမာသဿ ဆဋ္ဌမေ။
ရဝိဝါရေ သုနိဋ္ဌိတာ၊ နိဒ္ဒုက္ခာ နိရုပဒ္ဒဝါ။

(၅၀) တိုပေါတုက္ကဋ္ဌပုညေန-နေန ပပ္ပေါမိ အရိယံဓ။
သဗ္ဗေပိ သုခိတာ ဟောန္တု၊ ပပ္ပေါန္တု အမတံ ပဒံ။

(၅၁) သာသနိကာ သာသနမ္ပိ၊ သဒါ လောကာစ္စ လောကိကာ။
အနုရက္ခန္တု ဓမ္မေန၊ ရဋ္ဌိဿရာ သရဋ္ဌကန္တိ။

ဣတိ အဂ္ဂမဟာပဏ္ဍိတောတိ အဂ်လန်ရဋ္ဌသာမိနာ ဂျော့ရာဇေန ပူဇိတံ မဟာလဒ္ဓနာမေန မရမ္မရဋ္ဌသာမိနာ ပူဇိတာနိ စတုနဂရဂဏ-ပါမောက္ခကျွန်းရွာ-ရညာ-စရိယာ-သဘောတိ လဒ္ဓနာမ နဒီနိဝတ္တာနရဋ္ဌသုမ္ဗော ကျွန်းရွာ ရညာ- စရိယာသဘောတိ လဒ္ဓနာမောတိ ဣာပိန္ဒ-ရာဇူဟိ တိက္ခတ္တုံ လဒ္ဓေန၊ ပဌမဝယေ ဣသာရရာဇူဟိ ဒိန္နာနိ တိဏ္ဏိ လဒ္ဓနာမာနိ စ၊ ပရိယတ္တိ သာသနဟိတ ပူဂိကေဟိ ဒိန္နံ လဒ္ဓနာမ-တိ သတ္တက္ခတ္တုံ လဒ္ဓလဒ္ဓေန မဟာဝေယျာကရဏိကေန ပိဋကတ္တယ-ပါရဂူနာ သကလဇမ္ဗုဒီပမှိ အတိဝိယ ပါကဋေန ဓဇူပမေန ကျွန်းရွာ-ရညာစရိယပုင်္ဂဝေန ရစိတာယံ သဗ္ဗသီမာမဟာဋီကာ သမတ္တာ။

ပါဠိနိဂုံး (၅၁) ဂါထာပြီး၏။

ဤတွင်
သိမ်မျိုးစုံ မဟာဋီကာကျမ်းကြီး
အလုံးစုံပြီးပြီ။

# ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်းကြီး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနသောဓကံ နာထံ၊ ဝန္ဒေ သာသနမာပိတံ။
သာသနသောဓနေတ္ထာယ၊ ဝက္ခံ ဋီကံ ဥပေါသထံ။

## ဥပုသ် (၉) ပါးစသည် သာဓကပြခန်း

ဥပုသ်သည် ပြုသောကာရကပုဂ္ဂိုလ်၏ အပြားအားဖြင့် သံဃာ့ဥပုသ်၊ ဂဏဥပုသ်၊ ပုဂ္ဂလဥပုသ်ဟူ၍ သုံးပါး အပြားရှိ၏။

ပြုပုံအခြင်းအရာ အာကာရဟူသော ကတ္တဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ်ဟူ၍ သုံးပါး အပြားရှိ၏။

နေ့၏အစွမ်းအားဖြင့် စာတုဒ္ဒသီဥပုသ်၊ ပန္နရသီဥပုသ်၊ သာမဂ္ဂီ-ဥပုသ်ဟူ၍ သုံးပါး အပြားရှိ၏။ ဤသို့လျှင် ဥပုသ်သည် ကိုးပါး အပြားရှိ၏။ ထိုကြောင့် ပရိဝါပါဠိတော် (၂၂၂)၌—

> တယော ဥပေါသထာ စာတုဒ္ဒသိကော ပန္နရသိကော သာမဂ္ဂီဥပေါသထော-ဟူ၍လည်းကောင်း၊

> အပရေပိ တယော ဥပေါသထာ သံဃေ ဥပေါသထော ဂဏေ ဥပေါသထော ပုဂ္ဂလေ ဥပေါသထော-ဟူ၍ လည်းကောင်း၊

အပရေပိ တယော ဥပေါသထာ သုတ္တုဒ္ဒေသော ဥပေါ-သထော ပါရိသုဒ္ဓိဥပေါသထော အဓိဋ္ဌာနုပေါသထော- ဟူ၍လည်းကောင်း ဟောတော်မူသတည်း။

ထိုကိုးပါးသော ဥပုသ်တို့တွင် ပထမသံဃာ့ဥပုသ်၊ သုတ္တုဒ္ဒေသဥပုသ်၊ ဒုတိယ ပန္နရသီ ဥပုသ်ကို ပြုလိုသော သံဃာသည် ဥပုသ်နေ့အခါ ကြုံကြိုက်၍ ညဥ့်အခါ ဥပုသ်ပြုလိုကြသော် နေမဝင်မီကပင် ဥပုသ်အိမ် သိမ်အပြင်ကို တံမြက်စည်းဖြင့် သုတ်သင်ခြင်း လှည်းခြင်း(၁)ပါး။

နေတည်းဟူသော အလင်းပျောက်သောအခါ ဥပုသ်အိမ် သိမ်အပြင်၌ ဆီမီးကို ညှိထွန်းခြင်း (၁) ပါး။ (ဂင်းမှာ နေ့အခါဥပုသ်ပြုလျှင် ဆီမီးညှိထွန်းဖွယ်မရှိ။)

ဥပုသ်အိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကုန်သော ရဟန်းတို့၏ အကျိုးငှာ နေရာကို ခင်းခြင်း (၁)ပါး။

ဥပုသ်အိမ် သိမ်အပြင်၌ စည်းဝေးရောက်လာကုန်သော ရဟန်းတို့၏အကျိုးငှာ သောက်ရေ သုံးဆောင်ရေကို ထည့်ထားခြင်း(၁)ပါး။

ဤလေးပါးကုန်သော အမှုတို့ကို သံဃာမစည်းဝေးမီ သိမ်အတွင်းသို့ သံဃာမရောက်မီ ရှေးအဖို့က ပြုအပ်သောကြောင့် သုတ္တုဒ္ဒေသပါရိသုဒ္ဓိ အဓိဋ္ဌာန် ဥပုသ်၏ ပုဗ္ဗကရဏမည်၏-ဟူ၍ မြတ်စွာဘုရားဟောတော်မူသတည်း။

သံဃာမစည်းဝေးမီ ပြုအပ်သော ပုဗ္ဗကရဏ လေးပါး ပြီး၏။

## အာပတ်ရှိလျက် ပါတိမောက် ပြ,နာလျှင် အာပတ်သင့်ရာကာလ ပြခန်း

ထို့နောင် နေမဝင်မီလည်းကောင်း၊ နေဝင်ပြီး၍လည်းကောင်း၊ တစုံတရာသော ကြေးစည် ခေါင်းလောင်း ကုလားတက်သံစသည်ဖြင့် သိမ်အပြင်မှာ သံဃာစည်းဝေးရမည်။ သံဃာစည်းဝေးပြီးနောက် နှစ်ပါးတတွဲ၊ နှစ်ပါးတတွဲ ဒေသနာကြားကြရမည်။ အာပတ် ရှိလျက် နှင့် ပါတိမောက် မနာကောင်း။ နာလျှင် ပြလျှင် သမ္ပဇာန မုသာဝါဒ ဒုက္ကဋ်အာပတ် နိဒါနုဒ္ဒေသအဆုံး ဓာရယာမိ-တွင်သင့်မည်တည်း။ ထိုကြောင့် ဒေသနာ ကြားကြရသတည်း။ ထိုကြောင့် ပရိဝါပါဠိတော်၌ အနာလပန္တော-မနုဇေန ကေနစိ - အစရှိသော စကားကို ဟောတော်မူသတည်း။ မဟာဝါပါဠိတော်၌လည်း သမ္ပဇာနမုသာဝါဒေ ကိံ ဟောတီတိ၊ ဒုက္ကဋံ ဟောတိ-ဟူသော စကားကို ဟောတော်မူသတည်း။

ယင်းသို့ အချင်းချင်း ဒေသနာကြားပြီးနောက် သိမ်အပြင်တွင် စည်းဝေးကြပြီးလျှင် သံဃာ့ထေရ်ကြီးထံမှ ခွင့်ရသော ရဟန်းတပါးပါးက ပါတိမောက် ပြစွမ်းနိုင်သော ရဟန်းတပါးကို တိဿအမည်မှည့်ရာ၏။ မှည့်ပုံကား ဥပေါသထဥတ် ရွတ်လွယ်စေခြင်း အကျိုးငှာ မည်သည့် ရဟန်းတော်ကို တိဿ အမည်မှည့်ပါ၏။ မည်သည့်ရဟန်းတော်ကို ဒတ္တအမည် မှည့်ပါ၏။ ဥတ်၌ တိဿ-ဟူ၍ ဖတ်သည်ရှိသော် မည်သည့်ပုဂ္ဂိုလ်က မိမိကိုယ်ကို ဖတ်သည်ဟူ၍ မှတ်တော်မူပါ။ ဒတ္တ-ဟူ၍ ဖတ်သည်ရှိသော် မည်သည့်ပုဂ္ဂိုလ်က မိမိကိုယ်ကို ဖတ်သည်ဟူ၍ မှတ်တော်မူပါ။ သံဃာတော်အပေါင်းကလည်း ဥတ်၌ တိဿ,ဒတ္တ-ဟူ၍ ဖတ်သည်ရှိသော် မည်သည့်ပုဂ္ဂိုလ် မည်သည့်ပုဂ္ဂိုလ်တို့ကို ဖတ်သည်ဟူ၍ မှတ်တော် မူကြပါကုန်။ ဤသို့ ပထမ အမည်မှည့်ရာ၏။

ဂုဏ်းနောက် ဥပုသ်ပြုရန် တိုက်တွန်းလိုသော စွမ်းနိုင်သော ရဟန်း တပါးပါးက မထေရ်ကြီး နှစ်ဥဒ္ဒေသလောက်ရလျှင် မထေရ်ကြီးကို တောင်းပန်၊ နှစ်ဥဒ္ဒေသပရလျှင် ရသော ပုဂ္ဂိုလ်ကို တောင်းပန်။ မထေရ်ကြီး နှစ်ဥဒ္ဒေသလောက်ရလျှင် ထိုဥပုသ်ကံကို သံဃာ့ထေရ် ပိုင်၏၊ မိမိပြုလိုလျှင် ပြုရ၏။ သူတပါး တိုက်တွန်းလိုလျှင် တိုက်တွန်း ရ၏။ နှစ်ဥဒ္ဒေသမရလျှင် ရသူပိုင်၏၊ ရသူကို တောင်းပန်ရမည်။

(ဝိနည်းမဟာဝါ အဋ္ဌကထာ။)

## အဇ္ဈေသကသမ္မုတိဉတ်စသည်ထားပုံ

ထိုကြောင့် ဂုဏ်းရဟန်း တပါးကို ပင့်၍ အဇ္ဈေသက သမ္မုတိဉတ်ကို ထားရာ၏။ ထားပုံကား —

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ တိဿံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသေယျံ —

ဟု ထားရာ၏။ ဂုဏ်းနောက် တိက္ခတ္တုံအဇ္ဈေသနဉတ်ကို ထားရာ၏။ ထားပုံကား —

သံဃော ဘန္တေ အာယသ္မန္တံ တိဿံ ပါတိမောက္ခုဒ္ဒေသံ အဇ္ဈေသတိ၊ ဥဒ္ဒိသတု ဘန္တေ အာယသ္မာ တိဿော ပါတိမောက္ခံ။ ဒုတိယမ္ပိ။ပ။ တတိယမ္ပိ သံဃော ဘန္တေ။ပ။ ပါတိမောက္ခုဒ္ဒေသံ —

ဟု အဇ္ဈေသနဉတ် ထားရမည်။ ထိုနောင် ဥပေါသထဉတ် ထားရ မည်။ ထားပုံကား —

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော၊
ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဥပေါသထံ ကရေယျ၊ ပါတိ-
မောက္ခံ ဥဒ္ဒိသေယျ–

ဟု သုံးကြိမ် ဥပေါသထဉတ်ထားရမည်။

## ဝိနယပုစ္ဆကဉတ် စသည်ထားပုံ

ၡင်းနောက် ပါတိမောက် ပြမည့် တိဿရဟန်းက ဝိနယပုစ္ဆက သမ္မုတိဉတ်ကို ထားရမည်။ ထားပုံကား—

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မန္တံ ဒတ္တံ ဝိနယံ ပုစ္ဆေယျံ–

ဟု သုံးကြိမ် ဝိနယပုစ္ဆက သမ္မုတိဉတ် ထားရမည်။ ထိုနောင် ဖြေဆိုမည့် ဝိနယဝိဿဇ္ဇက ဒတ္တ ရဟန်းတော်က သမ္မုတိဉတ် ထားရမည်။ ထားပုံကား–

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မတာ တိဿေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ–

ဟု သုံးကြိမ်ဆို၍ ထားရမည်။ ဝိနည်းမဟာဝါ ပါဠိတော် ဥပေါသထ-က္ခန္ဓက (၁၅၃။) နံပါတ်စဉ်ကို ထောက်သည်။

## ပုဗ္ဗကရဏစသည် မေး, ဖြေခန်း

ၡင်းနောက် တိဿမည်သော ရဟန်းတော်က—

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။
ဥပေါသထဿ ဧတာနိ၊ "ပုဗ္ဗကရဏ"န္တိ ဝုစ္စတိ—

ဟူသော အဋ္ဌကထာပါဌ်နှင့်အညီ ဥပုသ်အိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ဒတ္တ မည်သော ရဟန်းတော်က—ပြည့်စုံပါပြီဘုရား-ဖြေ။

ထို့နောင် တိဿရဟန်းတော်က—ဆီမီးညှိထွန်းခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ဒတ္တ ရဟန်းတော်က—ညဉ့်အခါ မဟုတ်၊ နေ့အခါဖြစ်၍ ဆီမီးညှိထွန်းခြင်းကိစ္စမရှိ၊ ပြည့်စုံပါပြီဘုရား။ (ညဉ့်အခါဖြစ်လျှင် ဆီမီးထွန်းရမည်။) ပြည့်စုံပါပြီဘုရား-ဖြေ။

တိဿက—နေရာခင်းခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ဒတ္တက—ပြည့်စုံပါပြီဘုရား-ဖြေ။

တိဿက သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ဒတ္တက—ပြည့်စုံပါပြီဘုရား-ဖြေ။

ထိုနောင် တိဿက—ဤလေးပါးကုန်သော အမှုတို့ကို သံဃာမစည်းဝေးမီ ဥပုသ်ကံ၏ ရှေ့အဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ မည်၏ဟူ၍ မြတ်စွာဘုရား ဟောတော်မူအပ်၏ဟု ဆို။

ပုဗ္ဗကရဏလေးပါး မေးပုံ ဖြေပုံ ပြီး၏။

---

## ပုဗ္ဗကိစ္စငါးပါး မေးပုံ ဖြေပုံ

ထိုနောက် တိဿ ရဟန်းတော်က—

ဆန္ဒ,ပါရိသုဒ္ဓိ, ဥတုက္ခာနံ၊ဘိက္ခုဂဏနာ စ ဩဝါဒေါ။

ဥပေါသထဿ ဧတာနိ၊ "ပုဗ္ဗကိစ္စန္တိ" ဝုစ္စတိ—

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဆန္ဒဆောင်ခြင်း၊ ပါရိသုဒ္ဓိ ဆောင်ခြင်း၊ ဆောင်အပ်ပြီးသော ဆန္ဒပါရိသုဒ္ဓိတို့ကို သံဃာတော်တို့အား လျှောက်ထားခြင်းကိစ္စပြည့်စုံပြီလော-မေး။

ထိုနောင် ဒုတိယရဟန်းတော်က—မဟာသိမ်မဟုတ်၊ ခဏ္ဍသိမ်ဖြစ်သောကြောင့်လည်းကောင်း၊ ဂိလာန၊ ကိစ္စပသုတ၊ ပကတူပေါသထ ရဟန်းမရှိ၊ သီမဋ္ဌက သံဃာသည် သိမ်အပြင် နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်းသို့ ရောက်သည်ဖြစ်၍လည်းကောင်း ဆန္ဒပါရိသုဒ္ဓိဆောင်ဖွယ် လျှောက်ထားဖွယ်မရှိ။ ပြည့်စုံပါပြီဘုရား-ဖြေ။

ထိုနောင် တတိယရဟန်းတော်က—ဥတုသည် ဟေမန္တဥတု၊ ဂိမှန္တဥတု၊ ဝဿန္တဥတု သုံးပါးတို့တွင် ယခုရောက်ဆဲကား အဘယ်ဥတု၊ အဘယ်မာသ၊ အဘယ်ပက္ခ၊ အဘယ်တိထိ ပေနည်း-မေး။

ထိုနောင် ဒုတိယက—ယခုရောက်ဆဲကား ဂိမှန္တဥတု၊နယုန်လ၊ဆဋ္ဌမပက္ခ၊ ပန္နရသီ၊ တိထိရက်စေ့ နယုန်လပြည့်နေ့ဖြစ်ပါသည်-ဖြေ။

ထိုနောင် တတိယက—ဤဂိမှန္တဥတု၌ ရှစ်ပက္ခရှိရာတွင် လွန်ပြီးပက္ခ အဘယ်မျှ၊ လာလတ္တံ့ပက္ခ အဘယ်မျှနည်း-မေး။

ထိုနောင် ဒုတိယက—လွန်ပြီး ငါးပက္ခ၊ ရောက်ဆဲ တပက္ခ၊လာလတ္တံ့ နှစ်ပက္ခရှိပါသည်။ လအားဖြင့် ၂-လခွဲ၊ပက္ခအားဖြင့် ငါးပက္ခ လွန်ပါပြီ၊ ဤနယုန်လ၌ ရက်အားဖြင့် (၁၄)ရက်လွန်ပါပြီ-ဖြေ။

ထိုနောင် တတိယက—ဤသိမ်အပြင်၌ ဥပုသ်ပြုခြင်းငှာ စည်းဝေးရောက်လာသော ရဟန်းအရေအတွက်ကား အဘယ်မျှရှိသနည်း-မေး။

ထိုနောင် ဒတ္တက—(၄၃)ပါးရှိပါသည်-ဖြေ။

ထိုနောင် တိဿက—ဘိက္ခုနီမတို့သည် အဘယ်မထေရ်ထံ အဆုံးအမခံရပါအံ့နည်းဟု တောင်းပန်သော စကားကို သံဃာတော်အား လျှောက်ထားခြင်းကိစ္စပြည့်စုံပြီလော—မေး။

ထိုနောင် ဒတ္တက-ယခုအခါ ဘိက္ခုနီမများ မရှိသောကြောင့် လျှောက်ထားဖွယ်မရှိ။ ပြည့်စုံပါပြီဘုရား—ဖြေ။

ထိုနောင် တိဿက—ဤငါးပါးသော အမှုကိုကို သံဃာ စည်းဝေးပြီးသည့်နောက် ပါတိမောက် မပြမီ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စမည်၏ဟူ၍ မြတ်စွာဘုရားဟောတော်မူအပ်၏ဟုဆို။

ပုဗ္ဗကိစ္စငါးပါး မေးဖြေပုံပြီး၏။

---

## ပတ္တကလ္လအင်္ဂါလေးပါး မေး,ဖြေပုံ

ထိုနောင် တိဿရဟန်းတော်က–

ဥပေါသထော,ယာဝတိကာ စ ဘိက္ခူ ကမ္မပတ္တာ,၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ,။
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊
"ပတ္တကလ္လန္တိ" ဝုစ္စတိ-

ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ယခုပြုအပ်လတ္တံ့သော ဥပုသ်ကံသည် စာတုဒ္ဒသီ၊ ပန္နရသီ၊သာမဂ္ဂီအားဖြင့် ဥပုသ်နေ့သုံးပါးတို့တွင် တပါးပါးသော နေ့ကြုံကြိုက်ခြင်း၊ ဥက္ကိတ္တက၊ အန္တိမ, မဟုတ်၊

အယုတ်ဆုံးအပိုင်းအခြားအားဖြင့် လေးပါး လေးပါးထက်လွန်သော အတိုင်းအရှည်ရှိကုန်သော ပကတတ်ရဟန်းတို့သည် သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်ကိုအား လျှောက်ပတ်ကုန်သည်ဖြစ်၍ အချင်းချင်း နှစ်တောင်ထွာ ဟတ္ထပါသ်ကို မစွန့်ကုန်မူ၍ တသိမ်တည်း၌ ရှိကြခြင်း၊ သဘောတူ ဝတ္ထုကြောင့်သင့်သော အာပတ်တို့ မရှိကြခြင်း၊ဟတ္ထပါသ် အပပြုသည်၏ အစွမ်းဖြင့် ကြဉ်အပ်ကုန်သော —

လူ,ဘိ,သိ,သာ၊သာ,သိ,ပါ၊သုံးဖြာဥက္ခိတ္တ။
ပဏ်,ထေ,ပက်,စွာန်၊ပဍ္ဍာနန်၊ဒွယ်သံဗျည်းဥဘ-

ဟူသော နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိကြခြင်း၊ ဤအင်္ဂါလေးပါးဖြင့် သင့်ပြုဟ်စေ့တွက်အပ်သော ကံကို ပတ္တကလ္လ မည်၏ဟူ၍ အဋ္ဌကထာဆရာတို့ မိန့်ဆိုတော်မူသောကြောင့် ပတ္တကလ္လ အင်္ဂါလေးပါးနှင့် ညီညွတ်ပါ၏လော-မေး။

ထိုနေ့ခင် ဒတ္တက—ပတ္တကလ္လအင်္ဂါနှင့် ညီညွတ်ပါ၏ဘုရား-ဖြေ။

ပတ္တကလ္လအင်္ဂါလေးပါး မေးပုံဖြေပုံပြီး၏။

---

## ပါတိမောက်ပြခန်း

ထိုနေ့ခင် ပါတိမောက်ပြမည့် တိဿရဟန်းက —

ပုဗ္ဗကရဏပုဗ္ဗကိစ္စာနိ သမာဒပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ.

ဟု ဆိုပြီးလျှင်—

ကိံ သံဃာ ပုဗ္ဗကိစ္စံ။ ပါရိသုဒ္ဓိံ အာယသ္မန္တော အာရော- စေထ။ ပါတိမောက္ခံ ဥဒ္ဒိသိဿာမိ ။ပ။ ဝေမေတံ ဓာရယာမိ။ နိဒါနုဒ္ဒေသော ပဌမော။

တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။ ။ပ။ ပါရာဇိကုဒ္ဒေသော။

၎င်းကို ရွတ်ဆိုပြီးသည့်နောက် နိဒါနုဒ္ဒေသ၊ ပါရာဇိကုဒ္ဒေသ၊ သံဃာဒိသေသုဒ္ဒေသ၊ အနိယတုဒ္ဒေသ၊ ဝိတ္ထာရုဒ္ဒေသ-ဟူ၍ သုတ္တု- ဒ္ဒေသအပြားငါးပါးရှိသည်တွင် ဤနှစ်ဥဒ္ဒေသမျှရသော်လည်းကောင်း မိး,မင်း,ခိုးသူ,မိုး,ရေ,လူ၊ ဘီလူး, သားရဲ,မြွေ၊ ဇီဝိတန္တရာယ်၊ ဗြဟ္မ- စရိယန္တရာယ် ဆယ်ပါးတို့တွင် တပါးပါးရှိသော်လည်းကောင်း၊ ၎င်း- နှစ်ဥဒ္ဒေသမျှပြ၍ အကြွင်း သုတ- သဒ္ဒါဖြင့် သိမ်းရာ၏၊ နိဒါနုဒ္ဒေသ မပြီးမီကား သုတ-သဒ္ဒါဖြင့် မသိမ်းကောင်း၊ အဝသေသံ သုတေန သာဝေတဗ္ဗံ-ကိုထောက်။ (ကခ်ါ)

သိမ်းပုံကား။ ထို ပါတိမောက်ပြသော တိဿရဟန်းက—

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိ- ကာ ဓမ္မာ။သုတာ ခေါ ပနာယသ္မန္တေဟိ တေရသ သံဃာဒိသေသာ ဓမ္မာ။ သုတာ ဒွေ အနိယတာ ဓမ္မာ။ သုတာ တိံသ နိဿဂ္ဂိယ- ပါစိတ္တိယာ ဓမ္မာ။ သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ။ သုတာ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ။ သုတာ ပဉ္စသတ္တတိ သေခိယာ ဓမ္မာ။ သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ။ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ၊ သုတ္တပရိယာပန္နံ၊ အနွဒ္ဓမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။ ဝိတ္ထာရုဒ္ဒေသော ပဉ္စမော—

ဟု ရွတ်ဆိုပြီးလျှင် သံဃာအလုံးစုံ သာဓု သုံးကြိမ်စီ ခေါ်ကြရသည်။ ဤတွင် ပါတိမောက် ပါဠိကို သံဃာအလယ်တွင် ရွတ်ဆိုပော်ပြခြင်း ပါတိမောက်အကျဉ်းပြပုံပြီး၏။

---

## နာနာဝါဒ ဝိစာရဏာခန်း

**ဤ**နေရာ၌ အချို့ဆရာတို့ကား ပါရာဇိကုဒ္ဒေသတွင် ပြ၍ အကြွင်းသုတသဒ္ဒါဖြင့် သိမ်းလျှင် ပါရာဇိကုဒ္ဒေသော ဒုတိယောကို အလယ်၌ မဆိုရ။ သိက္ခိတဗ္ဗန္တိ နောက်၌သာ ၎င်းဒုတိယော ဆိုရမည်ဟု ဆိုကြ၏။ မသင့်ကြောင်း ယုတ္တိအာဂုံနှင့်တကွ ငါတို့စီရင်အပ်ပြီး ဟာသ်ာတ သုတ္တုဒ္ဒေသ ဝိနိစ္ဆယတွင် ကြည့်ကြလေ။

ဤအရာတွင် ကင်္ခါအဋ္ဌကထာ၌— ဝိတ္ထာရေ၀ ဝိတ္ထာရေယေဝ ဟုလာ၏။ ၎င်းဝါကျသည် ပဥ္စမဥဒ္ဒေသ၏ သရုပ်အဓိပ္ပာယ်ပြ၏—ဟု ကျီဝန်ဆရာတော်၊ မိုင်းခိုင်းဆရာတော်၊ ဝဇီရာရာမဆရာတော်တို့မိန့်၏၊ ၎င်း ဥဒ္ဒေသငါးပါးတို့တွင် ဝိတ္ထာရုဒ္ဒေသဉ် တိံသနိဿဂ္ဂိယုဒ္ဒေသ၊ ခုဒ္ဒကပါစိတ္တိယုဒ္ဒေသ၊ ပါဋိဒေသနီယုဒ္ဒေသ၊ သေခိယုဒ္ဒေသ၊ သမထုဒ္ဒေသဟူ၍ ဥဒ္ဒေသငါးပါးရှိနေသည်တွင် တဥဒ္ဒေသငယ်၊ နှစ်ဥဒ္ဒေသငယ် ပြီးရုံမျှဖြင့်—

> ဥဒ္ဒိဋ္ဌာ ခေါ အာယသ္မန္တော တိံသ နိဿဂ္ဂိယပါစိတ္တိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ဒွေ နဝုတိ ပါစိတ္တိယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ သေခိယာ ဓမ္မာ၊ ဥဒ္ဒိဋ္ဌာ သတ္တ အဓိကရဏသမထာ ဓမ္မာ—

ဟု မဆိုရ။ သုတ-သဒ္ဒါဖြင့်သာ ရှေးအတိုင်း ဆိုရသည်။ အလုံးစုံငါးဥဒ္ဒေသငယ်လုံးပြီးမှ ဥဒ္ဒိဋ္ဌ-သဒ္ဒါဖြင့် ဆိုရသည်။ ဓေအဓိပ္ပာယ်ကား

အကျယ်ရှတ်ဆိုပြီးခဲ့ချေပြီ ဝိတ္ထာရပါပဲ။ သုတသဒ္ဒါဖြင့်-သိမ်းဖွယ်မရှိဟု ပြသည်။

## နှစ် ဥဒ္ဒေသရလျှင် သံဃာ့ထေရ်ပိုင်ကြောင်း

သံဃာ့ထေရ်နှစ်ဥဒ္ဒေသမျှရရာ၌ သံဃာ့ထေရ်ပိုင်ကြောင်းကို—

သစေ ထေရဿ ပဉ္စ ဝါ စတ္တာရော ဝါ တယော ဝါ ပါတိမောက္ခုဒ္ဒေသာ နာဂစ္ဆန္တိ၊ ဒွေ ပန အခဏ္ဍာ သုဝိသဒါ ဝါစုဂ္ဂတာ ဟောန္တိ၊ ထေရာယတ္တောဝ ပါတိမောက္ခော။ သစေ ပန ဧတ္တကမ္ပိ ဝိသဒံ ကာတုံ န သက္ကောတိ၊ ဗျတ္တဿ ဘိက္ခုနော အာယတ္တော ဟောတိ—

ဟူသော ဥပေါသထက္ခန္ဓက၊အဖွင့်အဋ္ဌကထာ (၃၄၁)စကားဖြင့် သိအပ်၏။ အန္တရာယ်ဆယ်ပါးတွင် တပါးပါး မရှိသော်လည်းကောင်း၊ အကျယ် ငါးဥဒ္ဒေသလုံးရသော်လည်းကောင်း အကျယ်ပြရသည်။

ဤသုတ္တုဒ္ဒေသ သံဃာ့ဥပုသ်ကိုပြုကြရာ၌ ဝဂ္ဂအဖြစ်၊ သမဂ္ဂအဖြစ် ကိုမူကား ဥတ္တိထပနအရာ၌သာ မှတ်အပ်၏။ ကြွင်းသောအရာ၌ သံဃာဝင်ထွက်ပြုသော်လည်း အပြစ်မရှိ။

ဥပသမ္ပဒကံစသည်တို့၌ ဥတ္တိအရာ ကမ္မဝါစာအရာတို့၌သာ ဝဂ္ဂအဖြစ်၊ သမဂ္ဂအဖြစ် ပြုနိုင်သည်ကိုထောက်၍ သိရာ၏။ ဤဥပုသ်ပြုဆဲ အခါ၌ တသိမ်တည်း ဟတ္ထပါသ်ကိုစွန့်၍ ရောန်းရှိခဲ့သော် ဝဂ္ဂဖြစ်၍ ကံပျက်၏။

သိမ်အပြင် နှစ်တောင်ထွာ ဟတ္ထပါသ်တွင်း၌ ခွေးကြောင် အစရှိသော သတ္တဝါတို့ရှိခဲ့သော် အပ် မအပ် နှစ်ဝါဒ ကွဲပြားကြ၏။

မအပ်ဟု ကျေးဇူးရှင် မိုင်းခိုင်းဆရာတော်ယူ၏။ အပ်သည်ဟု ကျေးဇူး ရှင် ကျီဝန်ဆရာတော် ယူ၏။

ထိုနှစ်ဝါဒတို့တွင် ဥဒကုက္ခေပသိမ်၌ မှက် ခြင်စသည်ထက် ကြီးသော တိရစ္ဆာန်တွေ့ ဟတ္ထပါသ်မကင်းနိုင်ရာသောကြောင့် မြတ်စွာဘုရားပင် ခွင့်မပြုသင့်ရာကျလျက် ခွင့်ပြုတော်မူခဲ့သည်ကို ထောက်၍ ကျီဝန်ဆရာတော် ဝါဒကို နှစ်သက်ကြသတည်း။

ထိုဝဇ္ဇနီယပုဂ္ဂိုလ် (၂၁) ယောက်တို့တွင် သံဃာ့ဟတ္ထပါသ်တွင် ဥက္ခိတ္တက ရဟန်းသုံးဦးရှိခဲ့သော် ပါစိတ်အာပတ် သံဃာကုန်သင့်သည်။ ဥက္ခိတ္တက ရဟန်းသုံးဦးမှတပါး ကျန် ၁၈ ယောက်ရှစ်ယောက် ဟတ္ထပါသ် တွင်းရှိလျှင် ဒုက္ကဋ်သာသင့်သည်။ ထိုကြောင့် ကင်္ခါဝိတရဏီ၌—

ဧတေသု ဟိ တိဝိဓေ ဥက္ခိတ္တကေ သတိ ဥပေါသထံ ကရော- န္တော သံဃော ပါစိတ္တိယံ အာပဇ္ဇတိ၊ သေသေသု ဒုက္ကဋံ—

ဟု မိန့်တော်မူသတည်း။ ဥက္ခိတ္တက ရဟန်းသုံးဦး ဟတ္ထပါသ်တွင် ပါလျှင် ပါစိတ်ဟု လာ၏။ ထိုကြောင့် ကံကား မပျက်။ တသိမ် တည်း၌ ဟတ္ထပါသ်တွင် မပါသော်လည်း ကံမပျက်။ တေ ဟတ္ထပါ- သတော ဗဟိကရဏဝသေန ဝဇ္ဇေတဗ္ဗာ။ ကင်္ခါအဋ္ဌကထာကိုထောက်။

အလဇ္ဇီပုဂ္ဂိုလ် ဟတ္ထပါသ်တွင် ပါဝင်ရာ၌ အာပတ် သင့်မသင့် စဉ်းစားဖွယ်ရှိ၏။ နှစ်ကျိပ်တယောက်တွင် အလဇ္ဇီမပါသောကြောင့်- ဟု မြို့ပြင်ကြီး ဆရာတော်မိန့်၏၊ ဥက္ခိတ္တာနုဝတ္တကပုဂ္ဂိုလ် နှစ်ကျိပ် တယောက်တွင် မပါဝင်။ သို့သော် ဥက္ခိတ္တကတွင် သွင်းယူရသည်။ အလဇ္ဇီမှာလည်း စိတ္တက္ခဏနှင့်စပ်၍ အပိုင်းအခြားကာလမရှိ။ နှစ်ကျိပ် တယောက်တို့ကား ကာလအပိုင်းအခြားရှိသည်။ ထိုကြောင့် ပါ မပါ ခြားနားလေသည်။ ထိုကြောင့် အလဇ္ဇီနှင့်တကွ ဥပုသ်ပြုသော် ဒုက္ကဋ်

အာပတ်ပင်။ ကျီဝန်ဆရာတော်၊ မိုင်းခိုင်းဆရာတော်တို့ဝါဒ။' အန္တရာယ် ဆယ်ပါး အကြောင်းကို ဝိနည်း မဟာဝါ ဥပေါသထက္ခန္ဓက ပါဠိ အဋ္ဌကထာတို့၌ လာ၏။

## အန္တရာယ် (၁၀) ပါး သရုပ်

ဥပုသ်ပြု သံဃာစည်းဝေးနေရာ မင်းလာလျှင် ရာဇန္တရာယ်၊ ခိုးသူလာလျှင် စောရန္တရာယ်၊ တောမီးလောင်သော် လည်းကောင်း၊ ကျောင်း စသည် မီးလောင်သော်လည်းကောင်း အဂ္ဂန္တရာယ်။ မိုးကြီး သော် ရွာမည်၊ ရေအယဉ်သော် လာမည်ဖြစ်လျှင် ဥဒကန္တရာယ်။ လူများစွာ လာလျှင် မနုဿန္တရာယ်။ ရဟန်းကို ဘီလူး အစိမ်း သားရဲ သဘက် စသည် ဖမ်းစားလျှင် အမနုဿန္တရာယ်။ ကျားသစ်ဆင်စသည် လာလျှင် ဝါဠန္တရာယ်။ မြွေ ကင်း စသည် ရဟန်းကို ကိုက်ခဲလျှင် သရီသပန္တရာယ်။ ရဟန်းများ ဖျားနာသော်လည်းကောင်း၊ ပျံတော် မူသော်လည်းကောင်း၊ သတ်လိုသော ရန်သူတို့ ဖမ်းယူသော် လည်းကောင်း ဇီဝိတန္တရာယ်။ သာသနာတော်မှ ရွေ့လျောစေလို သဖြင့် ရဟန်းတပါးကိုဖြစ်စေ၊ ရဟန်းအများကိုဖြစ်စေ လူများဖမ်း ဆီးလျှင် ဗြဟ္မစရိယန္တရာယ်။ ဤအန္တရာယ် ဆယ်ပါး တပါးပါးရှိခဲ့ သော် ပါတိမောက်အကျဉ်း ပြရမည်။ သုတ-သဒ္ဒါဖြင့် အကြွင်းကို သိမ်း ရမည်။ သို့သော် နိဒါန်ုဒ္ဒေသ မပြီးမီ သုတ-သဒ္ဒါဖြင့် မသိမ်းရ။ ထို့ကြောင့် မဟာဝါ အဋ္ဌကထာ(၃၃၈-၉)၌ –

ရာဇန္တရာယောတိအာဒီသု ။ပ။ ဝေရူပေသု အန္တရာယေသု သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ၊ ပဌမော ဝါ ဥဒ္ဒေသော ဥဒ္ဒိသိတဗ္ဗော –

အစရှိသော စကားကို မိန့်သတည်း။

## မင်းကြောင့်ဥပုသ်မပြုရလျှင် အာပတ်မသင့်

ယခုကာလ၌ ထောင်အကျဉ်းကျမှုနှင့် စပ်၍ ဥပုသ်မပြုရလျှင် အာပတ်သင့်မသင့် ဝိဝါဒါမိကရုဏ်းများစွာဖြစ်၏။ ဝိနည်းမဟာဝါပါဠိတော်(၁၆၄)၌—

တေန ခေါ ပန သမယေန အညတရံ ဘိက္ခုံ တဒဟုပေါ· သထေ ဉာတကာ ဂဏှိံသု—

အစရှိသော ပါဠိတော်ကို ထောက်၍ အာပတ်မသင့်ကြောင်း မှချ သိသင့်၏။ ပဝါရဏာခန္ဓက မဟာဝါပါဠိတော် (၂၂၇)စကားများကို လည်း ထောက်၍ အာပတ်မသင့်သည်ကို ယုံမှားကင်းကွာ သိကြရာ၏။

အန္တရာယိက အနုပေါသထ ဋီကာပြီး၏။

---

## သီလပေးစသော (၄)ဌာန မထေရ်ကြီးပိုင်ကြောင်း

တရားဟောမှု ပါတိမောက်ပြမှု စသည်တို့၌ သံဃာ့ထေရ်အစိုးရ ကြောင်းကို—

န ဘိက္ခဝေ သံဃမဇ္ဈေ အနဇ္ဈိဋ္ဌေန ဓမ္မော ဘာသိတဗ္ဗော၊ ယော ဘာသေယျ၊ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ ထေရေန ဘိက္ခုနာ သာမံ ဝါ ဓမ္မံ ဘာသိတုံ ပရံ ဝါ အဇ္ဈေသိတုံ—

အစရှိသော မဟာဝါပါဠိတော်(၁၅၂) စကားဖြင့်လည်းကောင်း။

န ဘိက္ခဝေ သံဃမဇ္ဈေ အနဇ္ဈိဋ္ဌေန ပါတိမောက္ခံ ဥဒ္ဒိသိ-
တဗ္ဗံ၊ ယော ဥဒ္ဒိသေယျ၊ အာပတ္တိ ဒုက္ကဋဿ။ အနုဇာနာမိ
ဘိက္ခဝေ ထေရာဓိကံ ပါတိမောက္ခန္တိ—

အစရှိသော ဝိနည်း မဟာဝါပါဠိတော်(၁၅၅)စကားဖြင့်လည်းကောင်း သိအပ်၏။ တိုက်တွန်းခြင်း အဇ္ဈေသန-အရေးမှာလည်း—

အနဇ္ဈိဋ္ဌေနာတိ အနာဏတ္တော အယာစိတော ဝါ။ အဇ္ဈေသနာ စေတ္ထ သံဃေန သမ္မတဓမ္မဇ္ဈေသကာယတ္တာ ဝါ သံဃတ္ထေ-ရာယတ္တာ ဝါ၊ တသ္မိံ ဓမ္မဇ္ဈေသကေ အသတိ သံဃတ္ထေရံ အာပုစ္ဆိတွာ ဝါ တေန ယာစိတော ဝါ ဘာသိတုံ လဘတိ။

ဥပနိသိန္နကထာယပိ သံဃတ္ထေရောဝ သာမီ၊ တသ္မာ တေန သယံ ဝါ ကထေတဗ္ဗံ၊ အညော ဝါ ဘိက္ခု ကထေ-ဟီတိ ဝတ္တဗ္ဗော။ မနုဿာ အတ္တနော ဇာနနကဘိက္ခုံ အာပု-စ္ဆန္တိ၊ တေန ထေရံ အာပုစ္ဆိတွာ ကထေတဗ္ဗံ။ သစေ သံဃတ္ထေ-ရော ဘန္တေ ရူပမေ ပဉှံ ပုစ္ဆန္တီတိ ပုဋ္ဌော ကထေဟီတိ ဝါ ဘဏတိ၊ တုဏှီ ဝါ ဟောတိ၊ ကထေတုံ ဝဋ္ဋတိ။ အန္တရဃရေ အနုမောဒနာဒီသုပိ ဧသေဝ နယော။

(ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ၃၃၉၊ ၃၄၀။)

ဤသို့စသည်လာသော ပါဠိ, အဋ္ဌကထာ တို့ကို ထောက်ထား၍ သိလပေး၊ ရေစက်ချ၊ တရားဟော-ပါတိမောက် နှစ်ဥဒ္ဒေသရလျှင် ပါတိမောက်ပြခန်း၊ ဤ(၄)ဌာနမှာ သိက္ခာကြီးပုဂ္ဂိုလ်ပိုင်ကြောင်း သိအပ်၏။

ဓမ္မဇ္ဈေသနဋီကာပြီး၏။

## စတုပဥ္စ ပါရိသုဒ္ဓိပဝါရဏာ ဋီကာ

သံဃာ့ဥပုသ်ပြုပြီးနောက် လာသော ရဟန်းနည်းလျှင် လေးပါး ငါးပါးစသည် ပါရိသုဒ္ဓိဥပုသ်ပြု၊ များလျှင် ထပ်ပြု၊ ထိုသံဃာ့ဥပုသ် ပြုခန်း၌ တသိမ်တည်းအတွင်းမှာ ပဝါရဏာသံဃာ စည်းဝေးပြီးလျှင် ပါတိမောက်ပြုကြ၏။ ပါတိမောက် ပြုပြီးနောက် ရဟန်းအများ လာရောက်အံ့။ အဘယ်သို့ ကျင့်ရမည်နည်း စဉ်းစားဖွယ်ရှိ၏၊ ထိုသို့ဖြစ်ရာ အရင်ပါတိမောက်ပြုပြီး ရဟန်းအရေအတွက်နှင့် နောက်လာ ရဟန်းတို့အရေအတွက်ကို နှိုင်းချိန်ရာ၏၊ ပါတိမောက်ပြုပြီး ရဟန်းတို့က များခဲ့ပါမူ ပါတိမောက်ထပ်၍ မပြုရပြီ၊ ပါတိမောက်ပြုပြီး ရဟန်းတို့က နည်းခဲ့ပါမူ တပါးနှစ်ပါးပင် နည်းသော်လည်း သံဃာစည်းဝေး၍ ပါတိမောက် ထပ်ပြုရဦးမည်။ ထိုကြောင့် ဝိနည်းမဟာဝါ ပါဠိတော်(၁၇၄)၌--

ဣဓ ပန ဘိက္ခဝေ အညတရသ္မိံ အာဝါသေ ။ပ။ အဝုဋ္ဌိတာယ ပရိသာယ အထညေ အာဝါသိကာ ဘိက္ခူ အာဂစ္ဆန္တိ ဗဟုတရာ၊ တေဟိ ဘိက္ခဝေ ဘိက္ခူဟိ ပုန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ–

အစရှိသော စကားကို ဟောတော်မူသတည်း။ ထိုပါတိမောက်ပြုပြီး ရဟန်းနှင့် နောက်လာရဟန်း အရေအတွက် တူမျှသော်လည်းကောင်း၊ နည်းပါးခဲ့သော်လည်းကောင်း၊ ထိုနောက်လာ ရဟန်းတို့သည် လေးပါး ငါးပါး စသည်ဖြစ်ကုန်သော်လည်း ထိုရဟန်းတို့ထံ ဥတ် မထားပဲ ပါရိသုဒ္ဓိဥပုသ်ပြုရမည်။ ထိုကြောင့် မဟာဝါပါဠိတော် (၁၇၄-၅။) ၌–

ဣဓ ပန ဘိက္ခဝေ။ပ။ သမသမာ။ပ။ ထေ၀ကတရာ၊ ဥဒ္ဒိဋ္ဌံ သုဥဒ္ဒိဋ္ဌံ၊ တေသံ သန္တိကေ ပါရိသုဒ္ဓိ အာရောစေတဗ္ဗာ–

စသည်ဖြင့် ဟောတော်မူသည်။ ယင်းသို့ ဟောတော်မူရာ၌ ပါရိသုဒ္ဓိ ဥပုသ်သည် အချင်းချင်း ပြုရသော ပါရိသုဒ္ဓိဥပုသ်၊ တပါးသော ဥပုသ်ပြုပြီး သံဃာတို့ထံပြုရသောပါရိသုဒ္ဓိဥပုသ်ဟု နှစ်မျိုးရှိကြောင်း သိရ၏။ ထိုနှစ်ပါးတို့တွင် ပထမ ပါရိသုဒ္ဓိဥပုသ်မှာ တသိမ်တည်း၌ သံဃာလောက်လျက် ပါတိမောက်မပြပဲ ဟတ္ထပါသ်ကို စွန့်၍ အသီး အသီး ပါရိသုဒ္ဓိ ဥပုသ်ပြုငြားအံ့၊ အဓမ္မကံဖြစ်၍ ဒုက္ကဋ်အာပတ် သင့်သတည်း။ ဒုတိယပါရိသုဒ္ဓိကိုသာ အသီးအခြား ခွင့်ပြုသောကြောင့် ဓမ္မကံဖြစ်၍ အာပတ်မသင့် ဖြစ်သတည်းဟု သိုးခြားမှတ်အပ်၏။

ပါတိမောက်ပြဆဲ ရဟန်းတို့ ရောက်လာခဲ့သော် ကျန်သမျှ နာရမည်။ ပါတိမောက်ပြပြီး၍ ထသွားပြီးမှ ရောက်လာခဲ့သော် စည်းဝေးခြင်းငှာလည်း မတတ်နိုင်အံ့။ အချို့စည်းဝေး၍ ဥပုသ်ပဝါရဏာ ပြုရမည်။ ဥတ်ထား၍ ပြုအပ်သော သံဃာ့ကံမဟုတ်ရကား ဝဂ္ဂကံ မဖြစ်၊ထိုကြောင့်သာရတ္ထဒီပနီဋီကာ(တ၊၂၀၀။)ဝဇိရဗုဒ္ဓိဋီကာ(၄၇၅။) တို့၌–

သဗ္ဗာယ ဝုဋ္ဌိတာယ ပရိသာယ အာဂစ္ဆန္တိ သမသမာ၊ တေသံ သန္တိကေ ပဝါရေတဗ္ဗန္တိ ယဒိ သဗ္ဗေ ဝုဋ္ဌဟိတွာ ဂတာ သန္နိပါတေ- တုံ့ န သက္ကာ၊ ကေစ္စေ သန္နိပါတေတွာ ပဝါရေတုံ ဝဋ္ဋတိ၊ ဥတ္တိံ ဌပေတွာ ကတ္တဗ္ဗသံဃကမ္မာဘာဝါ ဝဂ္ဂံ န ဟောတိ။ ဥပေါသထေပိ ဧသေဝ နယော–

ဟု ဖွင့်တော်မူကြသတည်း။

စတုပဥ္စပါရိသုဒ္ဓုပေါသထဋီကာပြီး၏။

## ဥပစာရသိမ်၌ သံဃာလုံလောက်လျှင် ပါရိသုဒ္ဓိဥပုသ်စသည် ပြုအပ် မပြုအပ်

မိမိတို့ သီတင်းသုံးသော ကျောင်းတိုက်၌ သံဃာလောက်လျက် ပါရိသုဒ္ဓိ,အဓိဋ္ဌာန် ဥပုသ်- ပြုသင့်·မပြုသင့် ဝိဝါဒါမိကရုဏ်း ဖြစ်ပွား ကြ၏။

အနုဇာနာမိ ဘိက္ခဝေ စတုန္နံ ပါတိမောက္ခံ ဥဒ္ဒိသိတုံ။ တိဏ္ဏံ ပါရိသုဒ္ဓိဥပေါသထံ။ ဒွိန္နံ ပါရိသုဒ္ဓိဥပေါသထံ။

အဇ္ဇ မေ ဥပေါသထောတိ အဓိဋ္ဌာတဗ္ဗော။

(ဥပေါသထက္ခန္ဓက၊ ဝိနည်းမဟာဝါပါဠိတော်၊ ၁၆၇၊၈။)

ယထာ စ အာဝါသာဒယော န ဂန္တဗ္ဗာ ။ပ။ သစေ ပနေတ္ထ ကောစိ ဘိက္ခု ဟောတိ၊ တဿ သန္တိကံ ဂန္တုံ ဝဋ္ဋတိ။ ဝိဿဋ္ဌ-ဥပေါသထာပိ အာဝါသာ ဂန္တုံ ဝဋ္ဋတိ၊ ဧဝံ ဂတော အဓိဋ္ဌာ-တုမ္ပိ လဘတိ။

(ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ၃၄၈။)

န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဂန္တဗ္ဗော အညတြ သံဃေန အညတြ အန္တရာယာ–

(ဝိနည်းမဟာဝါ ပါဠိတော်၊ ၁၈၇။)

သဘိက္ခုကာ အာဝါသာတိ ယသ္မိံ အာဝါသေ ဥပေါသထ-ကာရကာ ဘိက္ခူ အတ္ထိ၊ တမှာ အာဝါသာ ယံ န သက္ကောတိ တဒဟေဝ အာဂန္တုံ၊ သော အာဝါသော ဥပေါသထံ အကတွာ

န ဂန္တဗ္ဗော။ အညတြ သံဃေနာတိ သံဃပ္ပဟောနကေဟိ, ဘိက္ခူဟိ ဝိနာ။ အညတြ အန္တရာယာတိ ပုဗ္ဗေ ဝုတ္တံ ဒသဝိဓံ အန္တရာယံ ဝိနာ။ သဗ္ဗန္တိမေန ပန ပရိစ္ဆေဒေန အတ္တစတုတ္ထေန အတ္တပဉ္စမေန ဝါ အန္တရာယေ ဝါ သတိ ဂန္တုံ ဝဋ္ဋတိ။ အနာဝါသောတိ နဝကမ္မသာလာဒိကော ယော ကောစိ ပဒေသော။

(ဝိနည်းမဟာဝါ အဋ္ဌကထာ၊ ၃၄၇-၈။)

ဝိဟာရသီမာယံ ပန သံဃေ ဝိဇ္ဇမာနေပိ ကေနစိ ပစ္စယေန ခဏ္ဍသီမာယံ တီသု, ဒွီသု ဝါ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တေသု ကမ္မံ ဓမ္မေန သမဂ္ဂမေဝ ဟိန္နသီမဋ္ဌတ္တာတိ ဒဋ္ဌဗ္ဗံ။

(ဝိမတိဝိနောဒနီ၊ ဒု၊၁၇၀။ ဝိနယာလင်္ကာရဋီကာ၊ပ။ ၃၉၄။)

ကောဝ ဘိက္ခု ဟောတိ။ပ။ အညေသံ အနာဂတဘာဝံ ဥတွာတိ ဝုတ္တတ္တာ အဓိဋ္ဌာနုပေါသထံ သီမံ ပဝိသိတွာ ကာတုံ န သက္ကာတိ ဝဒန္တိ။

(ကင်္ခါဋီကာဟောင်း၊၇။)

ဤပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်၍ ကျေးဇူးရှင်ကျိဝန်ဆရာတော်၊စလင်းဆရာတော်၊ဗန်းမော်ဆရာတော်တို့က ယခုကာလ သိမ်ကား ဥပစာရသိမ်သာတည်း။ ရှေးကကဲ့သို့ ခဏ္ဍသိမ် မဟာသိမ်တို့ မဟုတ်ကြ။ ပါဠိတော်လာ အညတြသို့ အာဝါသေ၊ အဋ္ဌကထာလာ-ယသို့ အာဝါသေ၊ ဋီကာလာ-ဝိဟာရသီမာယ-တို့ကား တခုသော မဟာသိမ်တို့သာတည်း။ ယခုကာလကဲ့သို့ ဗဒ္ဓမှုလွတ်သော ဥပစာရ သိမ်မျိုးမဟုတ်။ ထိုကြောင့် ဥပစာရသိမ်တည်းဟူသော ကျောင်း

တိုက်၌ လေးပါး ငါးပါး စသည် သံဃာလုံလောက်သော်လည်း၊ ၎င်း တိုက်တွင်းရှိ ခဏ္ဍသိမ်သို့ သွား၍ ပါရိသုဒ္ဓိဥပုသ်ပြုနိုင်သတည်း။ သမဂ္ဂ-ဓမ္မကံဖြစ်သတည်း။ အနာပတ္တိဖြစ်သတည်းဟု ယူတော်မူကြ၏။

ရှေ့ကျောင်းဆရာတော်မူကား ဥပစာရသိမ်၌ သံဃာလုံလောက်သော် သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်သာ ပြုရမည်။ သံဃာ့ဥပုသ်မပြုမူ၍ သံဃာလောက်ရာ ဥပစာရဂါမသိမ်မှထွက်၍ ခဏ္ဍသိမ်၊ ဥဒကုက္ခေပ သိမ်တို့သို့ ပါရိသုဒ္ဓိ-အဓိဋ္ဌာန် ဥပုသ်ပြုအံ့သောငှာ အန္တရာယ်ဆယ်ပါး တပါးမျှမရှိပဲ သံဃာ့ဥပုသ်ပြုရန် အဖော်ရဟန်းမပါပဲ သွားခဲ့သော်—န ဘိက္ခဝေ တဒဟုပေါသထေ-အစရှိသည်ဖြင့် သံဃာကိုကြဉ်၍ သွား ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏။

သဘိက္ခုကာ အာဝါသာ အညံ ဝိဟာရံ-စသော ပါဠိတော်၌ အာဝါသာ အရကား—တခုသော ဂါမခေတ်တွင်းရှိ ဥပစာရသိမ် မဟုတ် မဟာသိမ်သာတည်း။ သံဃာလောက်လျှင် ပကတိဂါမ၌ သံဃာ့ဥပုသ်ပြုရမည် အဓိပ္ပာယ်ကျ၏။ ယခုကာလ ဥပစာရသိမ်မှ ခဏ္ဍဥဒကုက္ခေပသိမ်သို့ သွားကြသည်ချည်းဖြစ်ပါတကား ဆိုဖွယ်ရှိ၏။ အဖြေကား —

> ဂန္တဗ္ဗော ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာ-
> ဝါသာ သဘိက္ခုကော အာဝါသော—

ကို ထောက်ရမည် ဟူလို၏။ မိမိကျောင်းတိုက်၌ သံဃာလုံလောက် လျက် သံဃာ့ဥပုသ်မပြုလျှင် သံဃာ့ဥပုသ်ပြုရာ တပါးကျောင်းတိုက်သို့ သွားသင့်၏။ မသွားပဲ စိတ်သဘောတူ ပါရိသုဒ္ဓိအဓိဋ္ဌာန်ပြုနေလျှင်

သဘာဂအလဇ္ဇီဖြစ်၏ဟု ယူတော်မူ၏။ ဝိဿဋ္ဌဥပေါသထာပိ အာဝါသာ အညံ ဂန္တုံ ဝဋ္ဋတိ·ဟူသော အဋ္ဌကထာ−

(၁) မိမိတိုက်တာ၌ သံဃာ့ဥပုသ်ပြုခြင်းမှတပါး တခြား တိုက်တာ၌ သံဃာ့ဥပုသ်စသည် မပြုဟု အာဘောဂထားရာ ကျောင်းတိုက်ကို ဆိုသည်ဟု ကျေးဇူးရှင် ရွှေရေးဆောင်ဆရာတော် ယူသည်။

(၂) အချို့သော ဆရာတော်တို့ကား မိမိတို့တိုက်တာ၌ သံဃာ့ဥပုသ်မပြုပဲ လွှတ်ထားသည်ကို ဝိဿဋ္ဌဥပေါသထာဆိုသည်ဟု ယူကြသည်။ ၎င်းအဓိပ္ပာယ်ပိဋကတ္ထကား−အန္တရာယ်ဆယ်ပါးတွင် တပါးပါးရှိသည်ဖြစ်စေ၊ မိမိနေရာ ဗဒ္ဓမဟာသိမ်ကျောင်းတိုက်၌ သုတ္တုဒ္ဒေသ သံဃာ့ဥပုသ် မပြုမူ၍ ခဏ္ဍသိမ် ဥဒကုက္ခေပသိမ်တို့သို့ သွား၍ ပါရိသုဒ္ဓိ ဥပုသ်သာ ပြုနေကြ ရဟန်းများ၏ နေထိုင်ရာ ဝိဟာရဗဒ္ဓမဟာသိမ်ကို ဝိဿဋ္ဌဥပေါသထ အာဝါသဆိုသည်။

(၃) အချို့ဆရာတော်တို့ကား သံဃာကွဲပြားခြင်းကြောင့် ဖြစ်စေ၊ တစုံတခုသော ဘေးကြောင့်ဖြစ်စေ၊ တစုံတခုသော အန္တရာယ်ကြောင့် ဥပုသ်မပြုနိုင်ကြ။ ဥပုသ်လုံးလုံးပြုရာ ပြတ်နေသော ခဏ္ဍမဟာသိမ်ကျောင်းတိုက်ကိုသာ ဝိဿဋ္ဌဥပေါသထာဆိုသည်။ ၎င်းဆို အပ်ပြီး တိုက်တာများကို ဝိဿဋ္ဌဥပေါသထဆိုသည် မဟုတ်ဟု ဆိုတော်မူကြ၏။

ဤသို့(၃)ဝါဒကွဲပြားကြ၏။

ဒုတိယဝါဒသည် ယုတ္တတည်း။ ၎င်းအထက် စကားရပ်တို့၌ စဉ်းစားဖွယ် အလွန်များ၏။ မိမိနေရာကျောင်းတိုက်၌ သံဃာလောက်လျက် ခဏ္ဍသိမ် မဟာသိမ် ဥဒကုက္ခေပသိမ်တို့သို့သွား၍ **ပါရိသုဒ္ဓိ**

အဓိဋ္ဌာန်ဥပုသ်ပြုသင့် မပြုသင့်သည် လိုရင်းပမာနဖြစ်၏။ ပဌမ ခင်းပြ အပ်ပြီးသော ပါဠိတော်လေးဝါကျမှာ တခုသော ခဏ္ဍမဟာသိမ်တွင်းရှိ ရဟန်းများတွင် လေးပါးရှိလျှင် သံဃာ့ဥပုသ်ပြုရမည်။ သုံးပါး နှစ်ပါးရှိလျှင် ပါရိသုဒ္ဓိ။ တပါးတည်းရှိလျှင် အဓိဋ္ဌာန်ဥပုသ် ပြုရန် ခွင့်ပြုတော်မူသည်။

န ဘိက္ခဝေ-ဓသော ပထမဝါကျပါဠိတော်မှာ သံဃာ့ဥပုသ်ပြုရာ ကျောင်းတိုက်မှ ဥပုသ်လုံးလုံး မပြုရာကျောင်းတိုက်သို့ သံဃာမပါပဲ အန္တရာယ်မရှိပဲ မသွားရဟု မြစ်တော်မူသည်ဟု အဋ္ဌကထာဖွင့်ကို ထောက်၍ သိနိုင်သည်။ သို့မဟုတ်က-ယသ္မိံ အာဝါသေ သံဃပဟော-နကာ ဘိက္ခူ အတ္ထိ၊ တမှာ အာဝါသာ-ဟု ဖွင့်ဆိုရမည်၊ မဖွင့်ခဲ့။

နောက်ဝါကျမှာလည်း—

ယထာ ဧ အာဝါသာဒယော န ဂန္တဗ္ဗာ။ ဧဝံ သစေ ဝိဟာရေ
သံဃပဟောနကာ ဘိက္ခူ အတ္ထိ-
ဟု ဖွင့်ရမည်၊ မဖွင့်ခဲ့။

ထို့ကြောင့် ဥပေါသထကာရကာ၊ သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်ကို ပြုတတ်ကုန်သော။ ဘိက္ခူ၊ တို့သည် ဟူ၍ အနက်ပေး။ အဓိပ္ပာယ် ကျဉ်းကား သံဃာ့ဥပုသ်ပြုတတ်သော ရဟန်းတို့ရှိရာ ကျောင်းတိုက်မှ ဥပုသ်လုံးလုံး မပြုရာ အရပ်သို့ မသွားရ ဟူလိုသည်။ ပါဠိ အဋ္ဌကထာ သွားဟူသည်၊ ဝိစိတြဂမ္ဘီရဒေသနာနယဖြစ်၏၊ တူရောင်ရိုးမှားနှင့် မတူပဲ ရှိတတ်သည်ကို သတိပြုရာ၏။

လိုရင်းမှာ သံဃာ လောက် မလောက် ကျမ်းဂန်မလာ၊ သံဃာ လောက်လျှင် သတ္တုဒ္ဒေသ သံဃာ့ဥပုသ်သာပြုရမည် ကေန်ဟု

ကျမ်းဂန်မလာပုံကို ထင်ရှားစေသတည်း။ သံဃာ့ဥပုသ်ပြုနေ့ကျ ဝိဟာရမဟာသိမ် ခဏ္ဍသိမ်ဖြစ်ခဲ့လျှင် နေ့ချင်းပြန်လည်း မပြန်နိုင်ခဲ့လျှင် မိမိနှင့် လေးပါး၊ လေးပါးအထက်သော်လည်းကောင်း သွားရမည်။ မသွားပဲသော်လည်း နေရဦးမည်။ အန္တရာယ်ရှိမှုကား သွားကောင်း၏။ ဆိုအပ်ပြီး အကြောင်းမရှိပဲ သွားသော် ဒုက္ကဋ်အာပတ်သင့်သည်ဟုလိုသတည်း။ သံဃာလောက်က ကေန် သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်သာပြုရမည်ဟု ပါဠိ အဋ္ဌကထာ ဋီကာ အရိပ်အမြွက်မျှ မလာမရှိ။ သံဃာလောက်လျှင် ကေန် သုတ္တုဒ္ဒေသ သံဃာ့ဥပုသ်ကိုသာ ပြုရမည်၊ မပြုလျှင် ဒုက္ကဋ်အာပတ်သင့်သည်ဖြစ်က အဋ္ဌကထာဆရာသည် ယင်းသို့သာမည မဖွင့်ရာ၊ ငါတို့ ဆိုအပ်ပြီးတိုင်းသာ ဝိသေသအားဖြင့် ဖွင့်ရာ၏။ ထိုကြောင့် သံဃာလောက်လျက် တပါးသော ခဏ္ဍသိမ် ဥဒကုက္ခေပသိမ်များသို့ သွား၍ ပါရိသုဒ္ဓိဥပုသ်ပြုရာ၌ အပြစ်မထင်။

ထိုကြောင့် ကျမ်းဂန်တတ်အကျော် မြန်မာနိုင်ငံပညာရှိဆရာတော်ကြီးတို့သည် ဤသို့ပင် ပါရိသုဒ္ဓိဥပုသ်ကို ပြုတော်မူကြသတည်းဟု မှတ်အပ်၏။

သံဃာအများရှိရာ သံဃာ့ဥပုသ်ပြုရာ ပါရိသုဒ္ဓိဥပုသ်ပြုရာဌာနမှ သိမ်တပါးသို့ သွား၍ အဓိဋ္ဌာန်ဥပုသ်ကိုမူ မပြုအပ်။ ထိုကြောင့် ကင်္ခါဋီကာဟောင်း (၇) ၌—

> ဧတေဝ ဘိက္ခူ ဟောတိ။ပ။ အညေသံ အနာဂတဘာဝံ ဉတွာတိ ဝုတ္တတ္တာ အဓိဋ္ဌာနုပေါသထံ သီမံ ပဝိသိတွာ ကာတုံ န သက္ကာတိ ဝဒန္တိ—

ဟု ဖွင့်တော်မူသတည်း။ ဧဝံ သစေ—အစရှိသော အဋ္ဌကထာဝါကျ၌ ဝိဟာရေ၊မဟာသိမ်ရှိသော ကျောင်းတိုက်၌။ ဥပေါသထံ၊သုတ္တုဒ္ဒေသ

သံဃာ့ဥပုသ်ကို။ သစေ ကရောန္တိ၊ ပြုအံ့။ ဝေသန္တေသု၊သော်။ဥပေါ-သထာဓိဋ္ဌာနတ္ထံ၊အဓိဋ္ဌာန်ဥပုသ်ပြုရန်အကျိုးငှာ။ သီမာပိ၊တပါးသော ခဏ္ဍသိမ်သို့လည်းကောင်း။ နဒီပိ၊ ဥဒကုက္ခေပသိမ်သို့ လည်းကောင်း။ န ဂန္တဗ္ဗာ၊ အပ်။ ။ပ။ဝိဿဇ္ဇဥပေါသထာ၊ စွန့်အပ်ပြီးသော သတ္တဒ္ဒေ-သသံဃာ့ဥပုသ်ရှိသော။ အာဝါသာပိ၊ကျောင်းတိုက်မှလည်း။(ပိရွှေ့) ဥပေါသထာဓိဋ္ဌာနတ္ထံ၊ ငှာ။ သီမာပိ၊ လည်းကောင်း။ နဒီပိ၊ လည်းကောင်း။ (သုံးပုဒ်လိုက်စပ်)ဂန္တုံ၊ ငှာ။ဝဋ္ဋတိ၊၏။

ဤသို့ သိသာအောင် အဋ္ဌကထာ အာဘော်ကျနအောင် အနက် ပေးရမည်။

အဓိဋ္ဌာန်ဥပုသ်ပြုရာ၌ တပါးတည်းဖြစ်သော်လည်း ပုဗ္ဗကရဏ လေးပါးကို ပြုရမည်ဟု မဟာဝါပါဠိတော် အဋ္ဌကထာ။ကင်္ခါအဋ္ဌ-ကထာ၊ဋီကာ။ဝိနယာလင်္ကာရတို့၌ လာ၏၊ ၎င်းအဓိဋ္ဌာန်ဥပုသ် သည်သိမ်သို့ မသွားပဲအဓိဋ္ဌာန်ပြုလျှင်လည်း အပ်သည်သာဟု ကင်္ခါ-ဋီကာ ဟောင်း၌ ဆို၏။၎င်းကျမ်းကို မည်သည့်ကျမ်းဆရာမှ မပယ်ကြ။ ထို့ကြောင့် တော်ပါလိမ့်မည်ဟု ငါတို့ ကျေးဇူးရှင် မိုင်းခိုင်းဆရာတော် မိန့်၏။ သိမ်တွင်းမှာ အဓိဋ္ဌာန်ပြုလျှင် ဆိုဖွယ်မရှိလေ။ ၎င်းအဓိဋ္ဌာန် ဥပုသ်ပြုပြီးနောက် အရုဏ်မတက်မီအတွင်း ရဟန်းများနှင့်တွေ့လျှင် ထပ်၍ပြုရမည်ဟု ဝိမတိ၊ ဝိနယာလင်္ကာရ၊မိုင်းခိုင်းဆရာတော်တို့မိန့်၏။ ၎င်းအဓိဋ္ဌာန်ဥပုသ်ကိုမေ့၍မပြုမိလျှင် အနာပတ္တိ။(၎င်းသုံးဦးပင်မိန့်။)

ကြွင်းသောဥပုသ်မှာလည်း ၎င်းနည်း။ ဂိလာနပုဂ္ဂိုလ်သည် ဥပုသ် မပြုနိုင်လျှင် အာပတ်သင့်မသင့် ကျမ်းဂန်မလာ။ မပြုနိုင်လျှင် လွတ်တန်ရာ၏။ (မိုင်းခိုင်းဆရာတော်မိန့်)

ဤသို့ ဆိုအပ်ပြီးသော သာဓကအရပ်ရပ်ကို ထောက်၍လည်းကောင်း၊ အဓိဋ္ဌာန်ဥပုသ် အဋ္ဌကထာလာပုံထောက်၍ လည်းကောင်း၊ ပါရိသုဒ္ဓိ ဥပုသ်ကို မနှိုင်းစာသင့်လေ။ ထို့ကြောင့် ယခုကာလဥပစာရသိမ်မှာ သံဃာလောက်ပါသော်လည်း၊ ခဏ္ဍသိမ်၊ မဟာသိမ်တို့၌တည်သော သံဃာမဟုတ်ကြ။ ပါဠိအဋ္ဌကထာတို့မှာလည်း ဗဒ္ဓသိမ်မှာ လာသည်နှင့် သိမ်ပြားရကား ယခုကာလကဲ့သို့ ဥပုသ်ပြုရာမှာ အပြစ်ရှိသည်ဟု ယုတ္တိအာဂုံတို့ဖြင့် တင်းတင်းမာမာ မဆိုနိုင်ချေ။ ဝိမတိ၊ ဝိနယာလင်္ကာရ၊ ဗန်းမော်၊ စလင်း၊ ကျီဝန်၊ မိုင်းခိုင်းဆရာတော်တို့လည်း ဤအတိုင်းပင် အပ်ကြောင်း ယူကြလေသတည်း။ ဤသို့ အသီးသီး အယူဝါဒ ကွဲပြားလေရာ အပြစ်မရှိဟု ထင်ရစေကာမူ၊ အပြစ်ရှိနေသည်လည်း တွေ့ရတတ်ချေသည်။

ဝိနယဝိနိစ္ဆယေ ဟိ အာဂတေဂရုကေ ဌာတဗ္ဗံ၊သော ဝိနယမ္မတာ-ဟု ဒုတိယပါရာဇိက ဘူမဋ္ဌကထာဖွင့်လာသည်နှင့်အညီ၊ ဝိနည်းအရာမှာ ဂရုဘက်ကနေနိုင်လျှင် ကောင်းသည်ဟု သဘောရရင်းရှိသည်။

သုတ္တာဒ္ဒေသ သံဃာ့ဥပုသ်ပြုခြင်း၊ ပါတိမောက်ပြခြင်းကို ရှေးပညာရှိ သူတော်ကောင်း မထေရ်ကြီးများ အားထုတ်ကြသည်။ မြတ်စွာဘုရားနှင့်တကွ ရှေးရှေးအဋ္ဌကထာဋီကာ ဆရာကြီးများလည်းအင်မတန်ပင် သံဃာ့ဥပုသ်ကို လိုလားပုံရသည်၊ဒိဋ္ဌာနုဂတိအာပဇ္ဇန အကျိုးလည်းများစွာရှိသည်။ သံဃာညီညွတ်ခြင်း စိတ္တသာမဂ္ဂီ ကာယသာမဂ္ဂီလည်းများစွာရကြောင်း ကိုယ်တွေ့ဒိဋ္ဌဖြစ်ပေသည်။ ဒကာ ဒကာမတို့ သဒ္ဓါပသန္နလည်း များစွာဖြစ်ပေသည်။ ခွင့်ပြုတော် မူရင်း လိုလားတော်မူရင်း အကြောင်းမူလနှင့်လည်း ညီညွတ်ပေသည်။ ဤသို့စသော အကြောင်းများကို ဆင်ခြင်မိသဖြင့် မိမိကိုယ်ပိုင် သံဃာအများကို

အုပ်စီး၍ နေခဲ့ရာဖြစ်သော ပြည်မြို့ မဟာဇောတိကာရာမကျောင်းတိုက်၊ ကျောက်ဆောက်မြို့ မဟာမေဃိကာရာမစာသင်တိုက်၊ ရန်ကုန်မြို့ ဗဂ်လားတိုက်၊ တောင်သာမြို့ ဆည်တွင်းချောင် တောကျောင်းတိုက် ဤစာသင်တိုက် လေးတိုက်တို့၌ တပည့်သားသံဃာပေါင်း များစွာသံဃာ့ထေရ်၊ တိုက်အုပ် တိုက်ကြပ် ဝိနည်းဓိုရ် စာချဘုန်းကြီး အားလုံးတို့နှင့်တကွ၊ အညီအညွတ် သုတ္တုဒ္ဒေသသံဃာ့ဥပုသ်ကိုသာ ပြုရိုးထုံးစံထားပေသတည်း။

သံဃာလောက်လျက် သံဃာ့ဥပုသ် မပြုနိုင်သော ပုဂ္ဂိုလ်များ အပြစ်တော့ရှိသည်ဟု မဆိုနိုင်ကြချေ။ ပြုနိုင်သော ပုဂ္ဂိုလ်များ အကျိုးရှိရကား အမှန်ပင်တည်း။ ကိုယ်တွေ့ဒိဋ္ဌပင်တည်း။

အန္တရာယ်လည်း မရှိ၊ ဥဒ္ဒေသ ငါးပါးလုံးလည်း ရသူရှိလျက် သုတ္တုဒ္ဒေသ ပါတိမောက် အကျဉ်းပြုကြရာ၌ စိစစ်ဖွယ်ရှိ၏။

အနုဇာနာမိ ဘိက္ခဝေ ထေရာဓိကံ ပါတိမောက္ခံ-ဟူသော ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓကပါဠိတော်။

သစေ ထေရဿ ပဉ္စ ဝါ စတ္တာရော ဝါ တယော ဝါ ပါတိမောက္ခုဒ္ဒေသာ နာဂစ္ဆန္တိ-အစ ရှိသောထုတ်ပြအပ်ပြီး အဋ္ဌကထာတို့နှင့် ပါတိမောက်ပြမှုမှာ မထေရ်ကြီးသာ အစိုးရသည်နှင့် မထေရ်ကြီး ပါတိမောက် အကျဉ်းပြလျှင် အပြစ်မရှိနိုင်။ မရလျှင်လည်း အပြစ်မရှိနိုင် အန္တရာယ်ဆယ်ပါးတွင် ဇီဝိတန္တရာယ်တွင် ပါသော ဂိလာနလည်း သံဃာ များလျှင် လွတ်ခဲ့လေသည်။ ထိုကြောင့် ပျင်းရိခြင်း စိတ်ကမစိတ် မရှိခြင်းတို့ဖြင့် စင်စင်ကြယ်ကြယ် ပါတိမောက်အကျဉ်းပြခြင်း

တို့၌ အပြစ်တစုံတရာ မထင်ချေ။ ထို့ကြောင့် ငါတို့တိုက်တာ၌ ငါး ဥဒ္ဒေသ၊ ရှုံခါလေးဥဒ္ဒေသ၊ ရှုံခါသုံးဥဒ္ဒေသ၊ ရှုံခါနှစ်ဥဒ္ဒေသတို့ကို ပြကြ ရလေသတည်း။ ဆန္ဒ ပါရိသုဒ္ဓိပေးယူကြောပုံ ရှေး၌ပြခဲ့ပြီ။

ဤကား သုတ္တုဒ္ဒေသသံဃပန္နရသီ ဥပုသ်ပြုပုံ

ဋီကာကျမ်း ပြီးဆုံးလေပြီ။

---

## စာတုဒ္ဒသီဥပုသ်ပြုပုံ

သုတ္တုဒ္ဒေသ သံဃစာတုဒ္ဒသီဥပုသ်ပြုပုံမှာ ပန္နရသောအရာ စာ-တုဒ္ဒသော·စသည်ဆို၍ အနည်းငယ် ပါဠိပြန်မာပြန်ရှိသာ ထူးတော့သည်။ အထူးမရှိ။ ထိုစာတုဒ္ဒသီပန္နရသီ နေ့တို့ကား—

တန်ဆောင်မုန်း လဆုတ် (၁)ရက်နေ့ နံနက် အရုဏ်တက်မှစ၍ တပေါင်းလပြည့်နေ့ ဆုံးသည့်တိုင်အောင် ဆောင်းလေးလဟူသော ဟေမန္တဥတု၊

တပေါင်းလဆုတ်(၁)ရက် နံနက်အရုဏ်တက်မှစ၍ ဝါဆိုလပြည့်နေ့ ဆုံးသည့်တိုင်အောင် နွေလေးလဟူသော ဂိမှန္တဥတု၊

ဝါဆိုလဆုတ်(၁)ရက် နံနက် အရုဏ်တက် မှစ၍ တန်ဆောင်မုန်း လပြည့်နေ့ အဆုံးတိုင်အောင် မိုးလေးလ ဟူသော ဝဿန္တဥတု အား ဖြင့် ဥတုသုံးပါးတို့တွင် တဥတု တဥတု၌ ပဌမပက္ခ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမပက္ခဟူ၍ ရှစ်ပါးစီရှိ၏။ ထိုရှစ် ပါးတို့တွင် တတိယပက္ခ၊ သတ္တမပက္ခအားဖြင့် တဥတု တဥတု၌ နှစ်ပက္ခ

စီ။ သုံးဥတု၌ တနှစ်လျှင် ခြောက်ပက္ခ၊ စာတုဒ္ဒသီ နေ့ပေါင်းရ၏။ သုံးဥတု တနှစ်လုံး၌နှစ်ဆယ့်လေးပက္ခတွင် စာတုဒ္ဒသီ ဥပုသ်နေ့ခြောက်ပက္ခနုတ်သော် ကျန်တဆယ့်ရှစ်ပက္ခကား ပန္နရသီဥပုသ်နေ့ချည်းတည်း။

ဤသို့ ဥတုအားဖြင့် သုံးဥတု၊ တနှစ်၌ ဥပုသ်နေ့ပေါင်း လပြည့်လကွယ်နေ့ပေါင်း (၂၄)ပါး ရသတည်း။ ဤသို့တနှစ်၌ (၂၄)ဥပုသ်တို့ကို ပြုခြင်း အကျင့်သဘောသည် သဘောအားဖြင့် ကျင့်အပ်သော အကျင့်ရိုးတည်း။

ပကတိ စာရိတ္တ စာတုဒ္ဒသီ ဥပုသ်နေ့မှ တပါးသော စာတုဒ္ဒသီနေ့၌ ဥပုသ်ပြုခြင်းငှာ လျော်ကပ်သော သဘောရှိသော အာဝါသိကရဟန်းတို့၏ များခြင်းအစရှိသော အကြောင်းရှိခဲ့ပါမူ ပကတိစာရိတ္တ စာတုဒ္ဒသီဥပုသ်နေ့မှ တပါးသော တဆယ့်လေးရက်မြောက်သော ဝိကတိစာရိတ္တနေ့၌လည်း ဥပုသ်ပြုခြင်းငှာ အပ်သည်သာဟု မှတ်အပ်သေး၏။

သုတ္တုဒ္ဒေသသံဃစာတုဒ္ဒသီဥပုသ်ပြုပုံဋီကာပြီး၏။

---

## သာမဂ္ဂီဉပုသ် ပြုခန်း

ကောသမ္ဗကက္ခန္ဓကမှာ လာသောနည်းအတိုင်း သံဃာကွဲပြားခဲ့သော် ဥက္ခိတ္တကရဟန်းကို သံဃာဘောင်သို့ သွင်းပြီးသော် ယင်းသံဃာ ကွဲပြားခြင်းအကြောင်းဖြစ်သော အဓိကရုဏ်းငြိမ်းစေခြင်းငှာ သံဃာတော်က သံဃာ၏ ညီညွတ်ခြင်းကို ပြုခဲ့သော်–

တာဝဒေဝ ဥပေါသထော ကာတဗ္ဗော၊ ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ-ဟူသော ပါဠိတော်အရ စာတုဒ္ဒသီ ပန္နရသီဥပုသ်နေ့မှတပါး တနှစ်ရက်ပေါင်း(၃၆၆)ရက်တို့တွင် တရက်ရက် တနေ့နေ့ကား သာမဂ္ဂီ ဥပုသ်နေ့တည်း။ လာဘ်သာဘအတွက် သာသနာဘောင်တွင် တိတ္ထိ-တို့ ဝင်ရောက်သောဘေးကြောင့် အသောကာရုံ ကျောင်းတိုက်ကြီး၌ ဥပုသ်ပြုပြတ်နေရာ ခုနစ်နှစ်ကြာသော်လည်း သံဃာစစ်ခြင်း ကွဲပြားသည် မဟုတ်၍ သာမဂ္ဂီဥပုသ်နေ့မဖြစ်။ ထိုကြောင့် သာမဂ္ဂီ ဥပုသ်နေ့ဖြစ်သင့်ကြောင်း ကျမ်းဂန် မလာသတည်း။

ထိုသံဃာ ညီညွတ်ရာနေ့တို့သည် စာတုဒ္ဒသီနေ့-ပန္နရသီနေ့တို့ဖြစ်ပါမူကား စာတုဒ္ဒသီဥပုသ်၊ ပန္နရသီဥပုသ်ပင် ပြုရာ၏။ သာမဂ္ဂီဥပုသ်မပြုရာ။ ထို့ကြောင့် ဌပေတွာ စာတုဒ္ဒသပန္နရသေ-ဟု အဋ္ဌ-ကထာဆရာတို့ ဖွင့်ဆိုကြသတည်း။ အဋ္ဌကထာကြီး၌လည်း ယေ ပန ကသ္မိဉ္စိ အပ္ပမတ္တကေ-စသည်ကို မိန့်သတည်း။

ထိုသာမဂ္ဂီဥပုသ်မှာလည်း သုဏာတု မေ ဘန္တေ ရွတ်ရိုးသာထူးသည်။ ဥပေါသထက္ခန္ဓက အဋ္ဌကထာ၌ သုဏာတု မေ။ပ။သာမဂ္ဂီတိ-၌ ဉတ္တိသဒ္ဒါ အာဒျတ္ထတည်း။ ထိုကြောင့် သာမဂ္ဂီတိ၊ သာမဂ္ဂီ ဤသို့အစရှိသော ဝစနံ ကို ဟု အနက်ပေး။ ဤပန္နရသီ စာတုဒ္ဒသီ သာမဂ္ဂီ ဥပုသ်နေ့သုံးပါးတို့၌ ဥပုသ်ပြုခြင်းသည်-

(၁) အဓမ္မဝဂ္ဂကံ၊

(၂) အဓမ္မသမဂ္ဂကံ၊

(၃) ဓမ္မဝဂ္ဂကံ၊

(၄) ဓမ္မသမဂ္ဂကံ၊

ဤသို့အားဖြင့် (၄)ပါးတို့တွင် စတုတ္ထတခုသာအပ်သည်။

တသိမ်တည်းသော ကျောင်းတိုက်၌ သံဃာလေးပါးရှိရာ တပါး၏ ဆန္ဒကို ဆောင်၍ သုံးပါးပါရိသုဒ္ဓိဥပုသ်ပြုသော်လည်းကောင်း၊ သုံးပါး ရှိရာ တပါး၏ ဆန္ဒကို ဆောင်၍ နှစ်ပါးတည်း ပါတိမောက်ပြသော် လည်းကောင်း၊ အဓမ္မဝဂ္ဂကံဖြစ်၏။

လေးပါးရှိ လေးပါးစည်းဝေးပြီး ပါရိသုဒ္ဓိဥပုသ် ပြုသော် လည်း ကောင်း၊ နှစ်ပါး သုံးပါး ပါတိမောက်ပြသော်လည်းကောင်း အဓမ္မ- သမဂ္ဂကံမည်၏။

လေးပါးရှိရာ တပါး၏ ပါရိသုဒ္ဓိကို ဆောင်ယူ၍ သုံးပါး ပါတိ မောက် ပြသော်လည်းကောင်း၊ သုံးပါးရှိရာ တပါးပါရိသုဒ္ဓိကို ဆောင် ယူ၍ နှစ်ပါးပါရိသုဒ္ဓိ ဥပုသ်ပြုသော်လည်းကောင်း ဓမ္မဝဂ္ဂကံဖြစ်၏။

လေးပါးရှိ လေးပါးလုံး စည်းဝေး ပါတိမောက်ပြသော် လည်း ကောင်း၊ သုံးပါးရှိ သုံးပါးလုံးစည်းဝေး ဉတ်ထားပြီး ပါရိသုဒ္ဓိ ဥပုသ် ပြုသော်လည်းကောင်း၊ နှစ်ပါးရှိ နှစ်ပါး ဉတ်မထားပဲ ပါရိသုဒ္ဓိ ဥပုသ် ပြုသော်လည်းကောင်း ဓမ္မသမဂ္ဂကံမည်၏။

(ဝိနည်းမဟာဝါ အဋ္ဌကထာ။)

သာမဂ္ဂီဥပုသ်ပြုနည်း ပြီး၏။

သတ္တုဒ္ဒေသ သံဃာ့ဥပုသ်ပြုပုံဒီပကာ ပြီးပြီ။

---

## နှစ်ပါးသုံးပါး ပါရိသုဒ္ဓိဥပုသ်ပြုခန်း

အနုဇာနာမိ ဘိက္ခဝေ တိဏ္ဏံ ပါရိသုဒ္ဓိ ဥပေါသထံ ကာတုံ။
သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇုပေါသထော ပန္နရသော၊
ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ
ကရေယျာမ။

အနုဇာနာမိ ဘိက္ခဝေ ဒွိန္နံ ပါရိသုဒ္ဓိဥပေါသထံ ကာတုံ။

မဟာဝါ ဥပေါသထက္ခန္ဓက ပါဠိတော် (၁၆၇) နှင့် အညီ ပါရိသုဒ္ဓိဥပုသ်သည်အချင်းချင်း လျှောက်ထားအပ်သော ပါရိသုဒ္ဓိ၊ သံဃာ့ထံမှာ လျှောက်ထားအပ်သော ပါရိသုဒ္ဓိ-ဟူ၍ နှစ်မျိုးရှိ၏။ ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌—

တေသု ပါရိသုဒ္ဓိဥပေါသထော တာဝ အညေသဉ္စ သန္တိကေ,
အညမညဉ္စ အာရောစနဝသေန ဒုဝိဓော—

ဟု မိန့်၏။ ထိုနှစ်မျိုးတွင် အချင်းချင်း လျှောက်ထားအပ်သော ပါရိသုဒ္ဓိသည်လည်း ဉတ်ထား၍ ပြုအပ်သော ပါရိသုဒ္ဓိ၊ ဉတ်မထားပဲ ပြုအပ်သော ပါရိသုဒ္ဓိ-ဟူ၍ နှစ်မျိုးရှိပြန်၏။ ထိုနှစ်မျိုးတို့တွင် သုံးပါးဖြစ်၍ ဉတ်ထားပြီးမှ ပြုအပ်သော ပါရိသုဒ္ဓိဥပုသ်ကို ပြုလိုသော ရဟန်းသည် သိမ်အပြင် တံမြက်လှည်းခြင်း၊ ညဥ့်အခါဖြစ်လျှင် ဆီမီးထွန်းခြင်း၊ နေရာခင်းခြင်း၊ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းအားဖြင့် လေးပါးသော ပုဗ္ဗကရဏတို့ကို ပြုရမည်။

သံဃာ့ထေရ်က စေခိုင်းလျက် မပြုသော အဂိလာန နဝကရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။ ထို့ကြောင့် ဝိနည်းမဟာဝါ ပါဠိတော်၌—

**န ဘိက္ခဝေ ထေရေန အာဏာတ္တေန အဂိလာနေန န သမ္မဇ္ဇိတဗ္ဗံ၊**

ယော န သမ္မဇ္ဇေယျ၊ အာပတ္တိ ဒုက္ကဋဿ—

ဟု ဟောတော်မူ၏။ အစဉ်အတိုင်း ပုဗ္ဗကရဏတို့ကား—

အနုဇာနာမိ ဘိက္ခဝေ ဥပေါသထာဂါရံ သမ္မဇ္ဇိတုံ။

အနုဇာနာမိ ဘိက္ခဝေ ဥပေါသထာဂါရေ အာသနံ ပညပေတုံ။

အနုဇာနာမိ ဘိက္ခဝေ ဥပေါသထာဂါရေ ပဒီပံ ကာတုံ။

အနုဇာမိ ဘိက္ခဝေ ပါနီယံ ပရိဘောဇနီယံ ဥပဋ္ဌာပေတုံ—

ဟု ဥပေါသထက္ခန္ဓက မဟာဝါ ပါဠိတော် (၁၅၈) ၌ ဟောတော်မူ၏။

ဤစကားကိုထောက်၍ ပုဗ္ဗကရဏမပြုပဲ ဥပုသ်မပြုကောင်း။ ထို့ကြောင့် ကင်္ခါအဋ္ဌကထာ၌— န ဟိ တံ အကတွာ ဥပေါသထံ ကာတုံ ဝဋ္ဋတိ-ဟု မိန့်တော်မူသတည်း။ ထိုပါရိသုဒ္ဓိဥပုသ်သည် သံဃာကြွား ပါရိသုဒ္ဓိ၊ အချင်းချင်းကြွား ပါရိသုဒ္ဓိဥပုသ်-ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင် သံဃာကြွား ပါရိသုဒ္ဓိကို ရှေး၌ ရေးသားအပ်ပြီ။ အချင်းချင်းကြွားရသောပါရိသုဒ္ဓိ ဥပုသ်သည်လည်း သုံးပါးပြုရသော ပါရိသုဒ္ဓိဥပုသ် နှစ်ပါးပြုရသော ပါရိသုဒ္ဓိဥပုသ်ဟု နှစ်ပါးရှိ၏။

## ဒေသနာကြွားနည်းမျိုးစုံပြခန်း

ထိုနှစ်ပါးတို့တွင် သုံးပါးပြုရသော ပါရိသုဒ္ဓိဥပုသ်မှာ သိမ်တွင်းသို့ ရောက်သောအခါ တပါးပါးချင်း ဒေသနာကြွားရသည်။ ကြွားပုံကား ငယ်သော ရဟန်းက ကြီးသော ရဟန်းအနီး လက်အုပ်ချီ၍—

အဟံ ဘန္တေ သမ္ဗဟုလာ အာပတ္တိယော အာဝိကရောမိ—

ဟု ရှေးဦးစွာ ဆိုရမည်။

သီတင်းကြီးက—သာဝုစ·သုံးကြိမ် ဆိုရမည်။ (ဤ-အဟံ ဘန္တေ-စသော ဝါကျကား ဒေသနာကြားမဟုတ်။ မိမိသန္တာန်၌ သင့်ရာသော သံသယဒိသိသ် အာပတ်ကို ပဋိစ္ဆန္န မဖြစ်အောင် အာဝိကရဏပြုမှုသာတည်း။) ထိုနောင် ငယ်သောရဟန်းက—

အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာ အာပတ္တိ-ယော အာပဇ္ဇိံ၊တာ တုမှမူလေ ပဋိဒေသေမိ—

ဟု ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသိ အာပါတ်တည်းဟူသော ဒေသနာဂါမိ အာပတ်ငါးပုံကို ဒေသနာကြားရသည်။

ထိုတွင် နိဿဂ္ဂိယပါစိတ် အာပတ်ဖြစ်ခဲ့လျှင် နိဿဂ္ဂိယဝတ္ထုကို စွန့်ပြီးမှ ဒေသနာကြားရသည်။ မစွန့်ပဲ ဒေသနာကြားက မထ။ ထိုကြောင့် ကင်္ခါဝိတရဏီအဋ္ဌကထာ၌ နိဿဇ္ဇိတွာ အဟံ ဘန္တေ ။ပ။ဒေသေတဗ္ဗာ-ဟူ၍လည်းကောင်း၊ အနိဿဇ္ဇိတွာ ပရိဘုဥ္ဇန္တဿ ဒုက္ကဋံ-ဟူ၍လည်းကောင်း ဖွင့်တော်မူသတည်း။

ထိုနောင် ကြီးသောရဟန်းက—

ပဿသိ အာဝုသော တာ အာပတ္တိယော။

ငါ့ရှင် သင့်မှာ သင့်သော ထိုအာပတ်တို့ကို မြင်၏လော—

ဟု ဆိုရမည်။

ထိုနောင် ငယ်သောရဟန်းက—

အာမ ဘန္တေ ပဿာမိ။

အရှင်ဘုရား ထိုအာပါတ်တို့ကို တပည့်တော်အိမ်းမြင်ပါ၏—

ဟု ဆိုရမည်။ ဝန်ခံရမည်။

ထိုနောင် ကြီးသောရဟန်းက—

အာယတိံ အာဝုသော သံဝရေယျာသိ။

ငါ့ရှင် သင်သည် နောင်အခါ စောင့်ထိန်းလေလော့—

ဟု ဆိုရမည်။

ထိုနောင် ငယ်သော ရဟန်းက—

သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကောင်းပါပြီ။တပည့်တော်သည် ကောင်းစွာ စောင့်ထိန်းပါတော့အံ့ —

ဟု ဝန်ခံတိုင်း ပြုရမည်။

ထိုတွင် ပဿသိ-အစ၊အာမ ဘန္တေ ပဿာမိ-တို့ကား ပဋိညာဉ်မှု ဝန်ခံမှု တို့သာတည်း။

အာယတိံ အာဝုသော အစ-သံဝရိဿာမိ- တို့ကား ပဋိညာယကာရေတဗ္ဗော-ဟူသော ပါဠိတော်အရ သမ္မုခါဝိနယသမထ၊ သတိဝိနယသမထ၊ အမူဠ္ဟဝိနယသမထ၊ ပဋိညာတကရဏသမထ၊ ယေဘုယျသိကာသမထ၊ တဿပါပိယသိကာသမထ၊ တိဏဝတ္ထာရကသမထ-အားဖြင့် သမထ(၇)ပါးတို့တွင် ပဋိညာတ ကရဏ သမထ တည်း။

ဒေသနာ ကြားခြင်းသည် အာပတ္တာဓိကရဏ်းကို ငြိမ်းစေသည်။ သမ္မုခါဝိနယ သမထ၊ ပဋိညာတကရဏသမထ နှစ်ပါးနှင့် သက်ဆိုင်သည်။အနက်ကိုသိ၍ ဒေသနာကြားမှ သင့်လျော်သည်ကို သတိပြုရာသည်။

ထိုနောင် ကြီးသောရဟန်းက–

အဟံ အာဝုသော သမ္ဗာ အာပတ္တိယော အာဝိကရောမိ–

ဟု သံဃာဒိသိသ်အာပတ်ကို ထင်စွာပြုရန် ဆိုရမည်။

ထိုနောင် ငယ်သောရဟန်းက–သာဓုသုံးကြိမ်ဆိုရမည်။

ထိုနောင် ကြီးသောရဟန်းက လဟုက အာပတ်ငါးပုံကို–

အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သမ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊တာ တုယှမူလေ ပဋိဒေသေမိ–

ဟု ဒေသနာ ကြားရမည်။

ထိုနောင် ငယ်သော ရဟန်းက–

ပဿထ ဘန္တေ တာ အာပတ္တိယော–

ဟု ဆိုရမည်။

ထိုနောင် ကြီးသော ရဟန်းက–

အာမ အာဝုသော ပဿာမိ–

ဟု ဆိုရမည်။

ထိုနှောင် ငယ်သော ရဟန်းက–

အာယတိံ ဘန္တေ သံဝရေယျာထ–

ဟု ဆိုရမည်။

ထိုနှောင် ကြီးသော ရဟန်းက–

သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ–

ဟု ဆိုရမည်။

## ဒေသနာကြားနည်း၌ ဂမ္ဘီရအခိပ္ပာယ်ပြခန်း

ထိုတွင် ပထမဝါကျဖြင့် သံဃာဒိသိသ် အာပတ်ကို ထင်စွာပြုကြောင်း၊ ဒုတိယဝါကျဖြင့် ဒေသနာဂါမ်အာပတ်ကို ဒေသနာကြားကြောင်းကို–

တေသံ သန္တိကေ သေသေဟိ သဘာဂါပတ္တိယော
ဒေသေတဗ္ဗာ ဝါ အာရောစေတဗ္ဗာ ဝါ-

ဟူသော ကင်္ခါဝိတရဏီအဋ္ဌကထာ (၉၂) ဖြင့် သိအပ်၏။ ထိုစကား၌ ဒေသေတဗ္ဗာ ဝါ-ဖြင့် ဒေသနာဂါမ် အာပတ်ကို ဒေသနာကြားပုံကို ပြတော်မူသည်။ အာရောစေတဗ္ဗာ ဝါ-ဖြင့် ဂရုကအာပတ်ကို ထင်စွာပြုပုံကို ပြတော်မူသည်။

အာရောစယာမိ၊ အာဝိကရောမိ-တို့ကား အခိပ္ပာယ်မထူးချေ။ ထိုကြောင့် စူဠဝါ သမုစ္စယက္ခန္ဓကအဋ္ဌကထာ၌ သံဃာဒိသိသ်အာပတ်ကို ထင်စွာပြုရာမှာ အာရောစယာမိ၊ အာဝိကရောမိ-ဟု မိန့်ဆိုသတည်း။

သိမ်တင်းငယ် ရဟန်းက သဘာဂ အာပတ်ကို ဒေသနာကြားသော် သိမ်တင်းကြီးရဟန်းက ခံရာမှာ သိမ်တင်းကြီး ရဟန်းမှာ ဝိသဘာဂ အာပတ်စင်ကြယ်၍ သဘာဂဒုက္ကဋ်အာပတ် ထပ်မံသင့်သတည်း။ ထိုအာပတ်ကို သိမ်တင်းကြီးကြားရာ၌ ပါဝင်လေပြီ။ သိမ်တင်းငယ်ရဟန်းမှာမူ ထိုအာပတ်ကို ခံခြင်းကြောင့် ဒုက္ကဋ်အာပတ် ထပ်မံ သင့်ပြန်သတည်း။ ထိုခံသောကြောင့် သင့်သော အာပတ်စင်ကြယ်စေရန် သိမ်တင်းကြီးကြားပြီးသည်နောက် သိမ်တင်းငယ်ရဟန်းက အဟံ ဘန္တေ-အစရှိသည်ဖြင့် ထပ်၍ ဒေသနာကြားရပြန်သတည်း၊ ထိုစကားမှန်၏။ ထိုဒုက္ကဋ်အာပတ်သည် သိမ်တင်းကြီးရဟန်း သဘာဂအာပတ်ကို ခံခြင်းကြောင့် သင့်သော ဒုက္ကဋ်အာပတ်နှင့် နာနာဝတ္ထုက ဖြစ်သတည်း။ သိမ်တင်းကြီးရဟန်းမှာ သဘာဂ အာပတ်ကို ခံခြင်းကြောင့် သင့်သော ဒုက္ကဋ်၊ ထိုမှတပါး သင့်ရင်းဖြစ်သော အာပတ်အလုံးစုံတို့ကား အဟံ အာဝုသော-အစရှိသည်၌အလုံးစုံပါဝင်၍ စင်ကြယ်လေပြီ၊ ဤကား စံကျောင်းဆရာတော်ကြီး၊ ဗန်းမော်ဆရာတော်ကြီးတို့ မိန့်တော်မူအပ်သော ဝါဒတော်တည်း။

ဂမ္ဘီရေဝေယာဝ ဉာတဗ္ဗော၊ ဒုလ္လဘောယံ ဝိနိစ္ဆယော။

တသ္မာ ဒုလ္လဘံ ဓီရော၊ ဂဏှေယျ ပိယသီလိနော။

ဤသို့ အချင်းချင်းဒေသနာကြားနာပြီးနောက် ဗျတ္တပဋိဗလဖြစ်သော ရဟန်း တပါးပါးက—

သုဏာတု မေ အာယသ္မန္တာ အဇ္ဇုပေါသထော ပန္နရသော၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ။

ဝိနည်းမဟာဝါ ဥပေါသထက္ခန္ဓကပါဠိတော် (၁၆၇) နံပါတ် လာတိုင်း ဥတ်ထားရသည်။ ၎င်းနောက် တပါးစီ သီတင်းကြီးက

ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေဟိ–

ဟု သုံးကြိမ်ဆိုရမည်။ ထိုနောင် သီတင်းငယ်များက–

ပရိသုဒ္ဓေါ အဟံ ဘန္တေ ပရိသုဒ္ဓေါတိ မံ ဓာရေထ–

ဟု သုံးကြိမ်ဆိုရမည်။ ကြွင်းသော ရဟန်းများက သာဓုသုံးကြိမ် ဆိုရမည်။

သုံးပါး ပါရိသုဒ္ဓိဥပုသ်ပြုပုံနှင့် နှစ်ပါး ပါရိသုဒ္ဓိဥပုသ်ပြုပုံသည် ဥတ်ထားရ မထားရ ဤမျှသာထူးသည်။ ၎င်းပါဠိတော်ကိုပင်ရှု။

ပါရိသုဒ္ဓိဥပုသ်ပြုပုံပြီး၏။

---

## အဓိဋ္ဌာန်ဥပုသ်ပြုခန်း

တပါးတည်းရှိ၍ အဓိဋ္ဌာန် ဥပုသ်ပြုပုံကား ထိုတပါးတည်းသာ ရှိသော ရဟန်းသည် ဥပုသ်နေ့၌ ဥပုသ်အိမ် သိမ်အပြင်မှာ တံမြက်လှည်းခြင်း အစရှိသော ပုဗ္ဗကရဏ ငါးပါးလုံးကို ပြုပြီးလျှင် သံဃာများ လာမည်ကို စောင့်ဆိုင်းနေရမည်။ သံဃာတပါးပါးမျှ လာပုံမရမှသာ အဓိဋ္ဌာန်ဥပုသ်ကို ပြုရမည်။ ပြုပုံကား စာတုဒ္ဒသီနေ့ဖြစ်လျှင်–

အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ–

ဟု သုံးကြိမ်ဆိုရမည်။

ပန္နရသီနေ့ဖြစ်လျှင်—

အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ-

ဟု သုံးကြိမ်ဆိုရမည်။ ပါဠိတော်၌ အဇ္ဇ မေ ဥပေါသထောတိ အဓိဋ္ဌာတဗ္ဗော-ဟု လာ၏။ သို့သော်လည်း ၎င်းဥပေါသထက္ခန္ဓက အဋ္ဌကထာ၌—

အဇ္ဇ မေ ဥပေါသထောတိ ဧတ္ထ သစေ ပန္နရသော ဟောတိ၊ အဇ္ဇ မေ ဥပေါသထော ပန္နရသောတိပိ အဓိဋ္ဌာတုံ ဝဋ္ဋတိ။

စတုဒ္ဒသိကေပိ ဧသေဝ နယော—

ဟု ဖွင့်သောကြောင့် ဤသို့ရေးသတည်း။

အဓိဋ္ဌာန်ဥပုသ်ပြုပုံ ပြီး၏။

ဤတွင် ဥပုသ်ပြုခန်း ဋီကာပြီး၏။

---

## ပဝါရဏာပြုပုံ အကျဉ်းမျိုးပြခန်း

ပဝါရဏာသည်လည်း သံဃပဝါရဏာ၊ ဂဏပဝါရဏာ၊ ပုဂ္ဂလ-ပဝါရဏာဟူ၍ သုံးမျိုးရှိ၏။

တေဝါစိကပဝါရဏာ၊ ဒွေဝါစိကပဝါရဏာ၊ ဧကဝါစိကပဝါရဏာ၊ သမာနဝဿိကပဝါရဏာ-ဟူ၍ လေးမျိုးရှိ၏။

ထိုလေးမျိုးတို့တွင် တပါးတည်းသော ရဟန်းရှိသော ကျောင်းတိုက်၌ ပြုရသော အဓိဋ္ဌာန် ပဝါရဏာကို ပုဂ္ဂလပဝါရဏာဆိုသည်။

နှစ်ပါး သုံးပါး လေးပါး ရဟန်းရှိသော ကျောင်းတိုက်၌ ပြုသော ပဝါရဏာကို ဂဏပဝါရဏာ ဆိုသည်။ မ

ငါးပါးသော ရဟန်းရှိသော တိုက်တာကို အစပြု၍ များစွာသော ရဟန်းရှိသော တိုက်တာ၌ ပြုရသောပဝါရဏာကို သံဃပဝါရဏာ ဆိုသည်။ ထို့ကြောင့် ခုဒ္ဒသိက္ခာအဋ္ဌကထာ(၅၀)၌–

ဒ္ဝိန္နံ တိဏ္ဏံ စတုန္နဉ္စ၊ အညမညပ္ပဝါရဏာ။

ကေဿ စ အဓိဋ္ဌာနံ၊ သေသာ သံဃပဝါရဏာ။

ဟု လာရှိသတည်း။ ထိုသုံးပါးတို့တွင် သံဃပဝါရဏာကို ပြုလိုသော သံဃာသည် သံဃာမစည်းဝေးမီ ရှေးအဖို့၌ ရှေးဦးစွာ သိမ်အပြင် တံမြက်လှည်းခြင်း အစရှိသော ပုဗ္ဗကရဏ(၄)ပါးကို ပြုရသည်။ ထို ပုဗ္ဗကရဏ(၄)ပါးကို ပြုရာ၌ သံဃာ့ထေရ်သည် သီတင်းငယ်တပါးပါး ကို စေခိုင်းရသည်။ ထိုသို့ စေခိုင်းပါလျက် သီတင်းငယ်ရဟန်းက- အကြောင်းမရှိပဲ မပြုပဲနေရာ၌ ဒုက္ကဋ်အာပတ်သင့်သည်။

ထို့ကြောင့် ဝိနည်းမဟာဝါပါဠိတော် (၁၅၉)၌–

န ဘိက္ခဝေ ထေရေန အာဏတ္တေန အဂိလာနေန န ပဒီ-
ပေတဗ္ဗော၊ ယော န ပဒီပေယျ၊ အာပတ္တိ ဒုက္ကဋဿ–

အစရှိသည်ကို ဟောတော်မူသည်။ ထိုသို့ ပုဗ္ဗကရဏ(၄)ပါးတို့ကို ပြုပြီးနောက် ပဝါရဏာအိမ် သိမ်အပြင်၌ သံဃာစည်းဝေးရမည်။ စည်းဝေးပြီးနောက် အချင်းချင်း ဒေသနာကြားရသည်။ ဒေသနာ ကြားပြီးနောက် သံဃာ့ထေရ်သည် စေခိုင်းအပ်သော ဗျတ္တပဋိဗလ

ဖြစ်သော ရဟန်းတပါးပါးက ဗျတ္တပဋိဗလဖြစ်သော ရဟန်းတပါးကို ဥတ်ရွတ်ဖတ်လွယ်ကူစေရန် မည်သည့်ရဟန်းတော်ကို တိုယအမည် မှည့်ပါ၏။ တိယဟူ၍ဖတ်သည်ရှိသော် မည်သည့်ရဟန်းတော်က မိမိကို ဖတ်သည်ဟူ၍မှတ်ပါ၊ သံဃာတော်တို့ကလည်း တိယဟူ၍ ဖတ်သည်ရှိသော် မည်သည့်ရဟန်းတော်ကို ဖတ်သည်ဟူ၍ မှတ်တော်မူကြပါဟု အမည်မှည့်ရာ၏။ ထိုနောင် အဇ္ဈေသက သမ္မုတိဥတ်ကို ထားရသည်။ ထားပုံကား—

> သုဏာတု မေ ဘန္တေ သံဃော ယဒိ သံဃဿ ပတ္တကလ္လံ အဟံ အာယသ္မန္တံ တိယံ ပဝါရဏာ ဥတ္တိထပနံ အဇ္ဈေသေယျံ—

ဟု ထားရမည်။ ထားပြီးနောက် သုံးကြိမ် တောင်းပန်ရသည်။ တောင်းပန်ရပုံကား—

> သံဃော ဘန္တေ အာယသ္မန္တံ(တိယံ) ပဝါရဏာဥတ္တိထပနံ အဇ္ဈေသတိ။ ထပေတု ဘန္တေ အာယသ္မာ(တိယော) ပဝါရဏာ ဥတ္တိံ—

ဟု သုံးကြိမ် အဇ္ဈေသနမှုကို ပြုရသည်။ထိုနောင် ဥတ္တိထပနသမ္မုတိ ရဟန်းက တေဝါစိကပဝါရဏာ၊ ဒွေဝါစိကပဝါရဏာ၊ ဧကဝါစိကပဝါရဏာ၊ သမာနဝဿိကပဝါရဏာ အလိုက်၊ ပဝါရဏာဥတ်ကို ထားရသည်။ ဥတ်မှာလည်း သဗ္ဗသင်္ဂါဟိကဥတ်၊ တေဝါစိကဥတ်၊ ဒွေဝါစိကဥတ်၊ ဧကဝါစိကဥတ်၊ သမာနဝဿိကဥတ်ဟူ၍ ငါးပါး အပြားရှိ၏။

## ပဝါရဏာဉတ်ထားပုံ

ထိုငါးပါးတို့တွင် အန္တရာယ်ဆယ်ပါးတို့တွင် တပါးပါးမရှိခဲ့သော် တေဝါစိက ပဝါရဏာပြုရသည်ရှိခဲ့သော် ဒွေဝါစိက၊ကေဝါစိက သမာန-ဝဿိကပဝါရဏာ ပြုကောင်းသည်။ မရှိလျှင် မပြုကောင်း။ ထိုတွင် သဗ္ဗသင်္ဂါဟိကဉတ်ကို ထား၍ တေဝါစိက၊ ဒွေဝါစိက၊ ကေဝါစိက ပဝါရဏာပြုလို၍ ပန္နရသီနေ့ဖြစ်ခဲ့သော်–

> သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊
> ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ–

ဟု သဗ္ဗသင်္ဂါဟိကဉတ် ထားရသည်။ရင်းဉတ်ထားခဲ့သော် သမာန-ဝဿိကပဝါရဏာမပြုကောင်း။ ထို့ကြောင့် ဝိနည်းမဟာဝါ အဋ္ဌကထာ (၃၅၆)၌–

> ဝေဠိ ဝုတ္တေ တေဝါစိကံ ဒွေဝါစိကံ ကေဝါစိကဥ္စ ပဝါရေ-
> တုံ ဝဋ္ဋတိ၊ သမာနဝဿိကံ န ဝဋ္ဋတိ—

ဟု မိန့်တော်မူသည်။

တေဝါစိကဉတ်ထားလိုမူ အဆုံး "တေဝါစိကံ ပဝါရေယျ" ဟု ပြင်၍ဆိုလေ။ သို့သော် တေဝါစိကပဝါရဏာသာ ပြုရသည်။ ကြွင်း ပဝါရဏာ မပြုကောင်း။

ဒွေဝါစိကဉတ်ထားလိုမူ"ဒွေဝါစိကံ ပဝါရေယျ"ဟု ပြင်ဆိုရသည်။ သို့သော် ဒွေဝါစိကပဝါရဏာ၊ တေဝါစိကပဝါရဏာတို့သာ ပြုကောင်းသည်။ ကေဝါစိကပဝါရဏာ၊ သမာနဝဿိကပဝါရဏာတို့ မပြုကောင်း။

ကေဝါစိကာဉ္တ်ထားလိုမူ“ကေဝါစိကံ ပဝါရေယျ” ဟု ပြင်ဆိုရမည်။ ဆိုခဲ့သော် ကေဝါစိက၊ ဒွေဝါစိက၊ တေဝါစိက ပဝါရဏာ သုံးပါးပြုကောင်းသည်။ သမာနဝဿိက ပဝါရဏာ မပြုကောင်း။

သမာနဝဿိက ဉ္တ်ထားလိုမူ “သမာနဝဿိကံ ပဝါရေယျ” ဟု ပြင်ဆိုရသည်။ ဆိုခဲ့သော် ပဝါရဏာ လေးပါးလုံး အပ်သည်ချည်းမှတ်အပ်၏။စာတုဒ္ဒသီနေ့ဖြစ်ခဲ့သော် “အဇ္ဇ ပဝါရဏာ စာတုဒ္ဒသီ”ဟု ပြင်ဆိုလေ။သာမဂ္ဂီပဝါရဏာနေ့ဖြစ်ခဲ့သော် “အဇ္ဇ ပဝါရဏာ သာမဂ္ဂီ”ဟု ပြင်ဆိုရသည်။

ဤကား ပဝါရဏာဉ္တ်ထားပုံ ပြီး၏။

---

## ပဝါရဏာဉ္တ်ထား မေး,ဖြေခန်း

ထိုနောင် ဝိနယပုစ္ဆက သမ္မုတိဉ္တ် ထားရသည်။ ထားလိုသော် ဗျတ္တပဋိဗလ ရဟန်းတပါးကို ဒတ္တ-ဟု အမည်မှည့်ရသည်။ မှည့်ပြီးနောက် ထိုတိဿမည်သော ရဟန်းက—

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မန္တံ ဒတ္တံ ဝိနယံ ပုစ္ဆေယျံ—

ဟု သုံးကြိမ်ဆို၍ ဉ္တ်ထားရမည်။ ထိုနောင် ဒတ္တမည်သော ရဟန်းက ဝိနယဝိဿဇ္ဇက သမ္မုတိဉ္တ် ထားရမည်။ ထားပုံကား—

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊
အဟံ အာယသ္မတာ တိဿေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ—

ဟု သုံးကြိမ်ထားရသည်။ ထိုနောင် တိဿမည်သော ရဟန်းက—

သမ္ဗဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ၊

ပဝါရဏာယ ဟောနိ၊ "ပုဗ္ဗကရဏ"န္တိ ဝုစ္စတိ–

ဟူသည်နှင့်အညီ ပဝါရဏာအိမ် သိမ်အပြင်၌ တံမြက်လှည်းခြင်း ကိစ္စ ပြည့်စုံပြီလော-မေး။

ဒတ္တရဟန်းက– ပြည့်စုံပါပြီဘုရား ဟု-ဖြေ။

ထိုနောင် တိဿက– ဆီမီးညှိထွန်းခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ဒတ္တရဟန်းက– နေ့အခါဖြစ်၍ ဆီမီးညှိထွန်းဖွယ်ကိစ္စ မရှိ။

ပြည့်စုံပါပြီဘုရား-ဖြေ။

နေရာခင်းခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ပြည့်စုံပါပြီဘုရား-ဖြေ။

သောက်ရေ သုံးဆောင်ရေ တည်ထားခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

ပြည့်စုံပါပြီဘုရား-ဖြေ။

ထိုနောင် တိဿက ဤလေးပါးကုန်သော အမှုကိစ္စတို့ကို သံဃာ မစည်းဝေးမီ ပဝါရဏာကံ၏ ရှေးအဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗ-ကရဏမည်၏ ဟူ၍ ဆိုအပ်ကုန်၏-ဟု ဆိုရသည်။

ထိုနောင် တိဿရဟန်းကပင်—

ဆန္ဒ,ပဝါရဏာ, ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ၊
ပဝါရဏာယ တောနိ၊ "ပုဗ္ဗကိစ္စ"န္တိ ဝုစ္စတိ—

ဟူသည်နှင့်အညီ ဆန္ဒကို ဆောင်ခြင်း၊ ပဝါရဏာကို ဆောင်ခြင်း၊ ဆောင်အပ်ပြီးသော ဆန္ဒပဝါရဏာတို့ကို သံဃာတော်အား လျှောက်ထားခြင်းကိစ္စ ပြည့်စုံပြီလော-မေး။

မဟာသိမ်မဟုတ်၊ ခဏ္ဍသိမ် ဖြစ်သောကြောင့် လည်းကောင်း၊ သိမဌက သံဃာသည် နှစ်တောင်ထွာ ဟတ္ထပါသ်တွင်းသို့ ရောက်သည် ဖြစ်သောကြောင့်လည်းကောင်း၊ ဆန္ဒပဝါရဏာဆောင်ဖွယ် လျှောက်ထားဖွယ်မရှိ၊ ပြည့်စုံပါပြီဘုရား-ဖြေ။

ယခုရောက်ဆဲကား အဘယ်ဥတု၊ အဘယ်မာသ၊ အဘယ်ပက္ခ၊ အဘယ်တိထိပါနည်း-မေး။

ယခုရောက်ဆဲကား ဝဿန္တဥတု၊ သီတင်းကျွတ်လ၊ ဆဠပက္ခ၊ ပန္နရသီ တိထိရက်စေ့ ပဝါရဏာနေ့ ဖြစ်ပါသည်ဘုရား-ဖြေ။

ဤဝဿန္တဥတု၌ လွန်သော ပက္ခ၊ လာလတ္တံ့သော ပက္ခတို့ကား အဘယ်မျှရှိပါသနည်း-မေး။

လွန်သောပက္ခကား ခြောက်ပက္ခလွန်ပါပြီ။ လာလတ္တံ့ပက္ခကား နှစ်ပက္ခရှိပါသည်ဘုရား-ဖြေ။

ဤသိမ်အပြင်၌ စည်းဝေးရောက်လာသော သံဃာ အရေအတွက် ကား အဘယ်မျှရှိပါသနည်း-မေး။

(၄၃)ပါး ရှိပါသည်ဘုရား-ဖြေ။

ဘိက္ခုနီမတို့သည် ဘယ်မထေရ်ထံ အဆုံးအမ ခံရပါအံ့နည်းဟု တောင်းပန်သော စကားကို သံဃာတော်တို့အား လျှောက်ထားခြင်း ကိစ္စ ပြည့်စုံပြီလော မေး။

ယခုအခါ ဘိက္ခုနီမများ မရှိသောကြောင့် လျှောက်ထားဖွယ် မရှိ၊ ပြည့်စုံပါပြီဘုရား-ဖြေ။

ထိုနောင် တိဿက ငါးပါးသော အမှုကိစ္စတို့ကို သံဃာ စည်းဝေးပြီးသည်မှနောက် ပဝါရဏာမပြုကြမီ ရှေးအဖို့၌ ပြုအပ် သောကြောင့် ပုဗ္ဗကိစ္စမည်၏ဟူ၍ ဆိုအပ်ကုန်၏-ဟု ဆိုလေ။

ထိုနောင် တိဿကပင်——

ပဝါရဏာ ယာဝတိကာ စ ဘိက္ခူ ကမ္မပ္ပတ္တာ၊
သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိ၊
ဝဇ္ဇနီယာ စ ပုဂ္ဂလာ တသ္မိံ န ဟောန္တိ၊ "ပတ္တကလ္လ"န္တိ ဝုစ္စတိ-

ဟူသည်နှင့်အညီ ယခု ပြုအပ်လတ္တံ့သော ပဝါရဏာကံသည် ပဝါရဏာနေ့ သုံးပါးတို့တွင် တပါးပါး ကြုံကြိုက်ခြင်း၊ ဥက္ခိတ္တက အန္တိမ မဟုတ်။ အယုတ်ဆုံး ငါးပါး၊ ငါးပါးထက်အလွန် ဖြစ်ကုန်သော ပကတတ် ရဟန်းတို့သည် အချင်းချင်း နှစ်တောင်ထွာ ဟတ္ထပါသ်ကို မစွန့်ကြကုန်မူ၍ တခုတည်းသော သိမ်အပြင်၌ တည်ရှိကြခြင်း၊ သဘောတူဝတ္ထုကြောင့် သင့်သောအာပတ်တို့မှ စင်ကြယ်ကြခြင်း၊

ဟတ္ထပါသ်အတွင်း၌ နှစ်ကျိပ်တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ မရှိကြခြင်းဟူသော ပတ္တကလ္လအင်္ဂါလေးပါးနှင့် ညီညွတ်ပါ၏လော-မေး။

ညီညွတ်ပါပြီဘုရား-ဖြေ။

**သံဃပဝါရဏာ၌ ဝဒတု မံ သံဃော ဆိုသင့်,မဆိုသင့်ပြခန်း**

ထိုနောင် သံဃာသေရ်ကစ၍ တပါးစီဖြစ်စေ ဝါတူပေါင်း၍ဖြစ်စေ ဥတ်ထားခဲ့သည့်အားလျော်စွာ—

> သံဃံ အာဝုသော ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။
>
> ဒုတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။
>
> တတိယမ္ပိ အာဝုသော သံဃံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ-

ဟု ဝိနည်းမဟာဝါ ပါဠိတော် ပဝါရဏာက္ခန္ဓက (၂၂၃)မှာ လာသည့်အတိုင်း ပဝါရဏာပြုရသည်။ ကြွင်းသော သံဃာတော်တို့က သာဓုသုံးကြိမ်ခေါ်ကြရသည်။ သံဃာ့ထေရ်မှ တပါးသော သံဃာဖြစ်မူ သံဃံ အာဝုသော- နေရာမှာ သံဃံ ဘန္တေ-ဆိုရုံသာ ထူးတော့သည်။ အကြွင်းမှာ အလုံးစုံတူပြီ။

ဤအထက်ပါဋ္ဌိအတိုင်းပင် မန္တလေး ရတနာပုံ ကုသိုလ်တော် ကျောက်စာအရပ်ရပ်၊ ပေစာအရပ်ရပ်၊ ဘုတ်အုပ်စာဟူသမျှရှိသည်။ ခုဒ္ဒသိက္ခာ ပဝါရဏာ နိဒ္ဒေသမှာလည်း ဤပါဋ္ဌိတော်အတိုင်း။ဝဒန္တု မံ အာယသ္မန္တော-ပင်ရှိသည်။ဝဇိရဗုဒ္ဓိဋီကာ (၄၇၄)၌ကား—

သံဃံ အာဝုသော ပဝါရေမီတိ ဝုတ္တတ္တာ ပစ္ဆာပိ ဝဒတု မံ သံဃောတိ ဝတ္တဗ္ဗံ ဝိယ ဒိဿတိ။ အယံ ပနေတ္ထ အဓိပ္ပာယော – ယသ္မာ အဟံ သံဃံ ပဝါရေမိ၊ တသ္မာ တတ္ထ ပရိယာပန္နာ ထေရာ,မဇ္ဈိမာ,နဝါ ဝါ အဝိသေသေနာယသ္မ-ဇန္တော သဗ္ဗေပိ မံ ဝဒန္တုတိ –

ဟု ဖွင့်သတည်း။

ဆရာတော် ဦးဗုဓ် ခုဒ္ဒသိက္ခာနိဿယ၌ကား။ ဝဇိရဗုဒ္ဓိဋီကာ၌ သံဃံ ပဝါရေမိ-ဟူရကား ဝဒတု မံ သံဃော-ဟု ဆိုသင့်၏ဟု စောဒနာ ပြီးလျှင် ဆိုသောအခါ သံဃာမဆို၊ ပုဂ္ဂိုလ်ဆိုသောကြောင့် ဝဒန္တု မံ အာယသ္မန္တောဟု မိန့်၏-ဟု ပရိဟာရ်ပြု၍ ယောဇနာယူကိုရည်သည်။ သံဃာဆိုသော အရာ ပါဋ္ဌိ၌ အထင်အရှားပင်။ မူလသိက္ခာ၌ ဝဒတု မံ သံဃော-ရှိသည်မှာ ပါဠ်ဟောင်း မဟုတ် ဟု မှာတော်မူ၏။ ၎င်း အလို ပါဋ္ဌိတော် ယနေ့ရှိတိုင်းပင် နှစ်သက်တော်မူသည်။

နေရင်းဆရာတော် ရေးသားအပ်သော မူလသိက္ခာနိဿယ၌ကား- ဤသံဃပဝါရဏာ၌ ဝဒန္တု မံ အာယသ္မန္တော-ဟု မူလသိက္ခာ စာ ကိုယ်၌ ပါဠ်ရှိ၏၊ သံဃံ အာဝုသော ပဝါရေမိ-ဟူသော ပါဠ်နှင့်အညီ ဝဒတု မံ သံဃောရှိသော ပါဠ်သည်သာ သင့်မြတ်၏-ဟု မှာတော်

မှုသည်။ ဤဆရာတော်အလို ဝဒတု မံ သံဃော-ရှိလို၏။ ပါဠိဟောင်းမဟုတ်ဆိုသော ဆရာတော်ဦးဗုဓ် စကားသည် သင့်မြတ်လှ၏။

## ဝဒတု မံ သံဃော ဆိုရာ၌ သာဓက

ငါတို့နှင့်တကွ ငါတို့၏ ကျေးဇူးတော်သခင် ထိပ်ခေါင်တင်ဖြစ်သော မိုင်းခိုင်းဆရာတော်၊ စလင်းဆရာတော်၊ ရင်းဆရာတော်ဘုရားကြီးနှစ်ပါးတို့၏ ကျေးဇူးတော်သခင် ထိပ်ခေါင်တင်ဖြစ်တော်မူသော သုဒဿနဓဇ အတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု-ဟူသော မြန်မာဘုရင်မင်း ပဌမတံဆိပ်တော်ရ၊ စံကျောင်းဆရာတော်ဘုရားကြီးတို့ကား ဝိနည်းမဟာဝါ ပါဠိတော် ပဝါရဏာက္ခန္ဓကအဖွင့်အဋ္ဌကထာ (၃၅၇)၌-

> တိဿော ဘန္တေ ဘိက္ခုသံဃံ ပဝါရေတိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု တံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ—

စသော ဝါကျ၌ ဝဒတု တံ ဘန္တေ သံဃော-ဟု ဆိုသင့်သကဲ့သို့ ယခုကာလ ပဝါရဏာပြုရာ၌လည်း သံဃံ ဘန္တေ ပဝါရေမိ ။ပ။ ဝဒတု မံ ဘန္တေ သံဃော-ဟု ဆိုခြင်းငှာ သင့်ကြောင်းကို သိအပ်၏။

## ဝဒန္တု မံ အာယသ္မန္တော ဆိုရာ၌ သာဓက

ပါဠိတော်၌ ဝဒန္တု မံ အာယသ္မန္တော-ဟု နီတတ္ထအားဖြင့် ၃လာသောကြောင့်လည်းကောင်း၊ ဝဇိရဗုဒ္ဓိဋီကာ၌ စောဒနာ သောဓနာ ထုတ်ရာ ဝဒန္တု အာယသ္မန္တော- ရှိသင့်ကြောင်း ဆုံးဖြတ်ချက်ဝိနိစ္ဆယချပြီးသောကြောင့်လည်းကောင်း၊ ခုဒ္ဒသိက္ခာ၌လည်း ပါဠိတော်

အတိုင်းရှိသောကြောင့်လည်းကောင်း၊ အဆက်ဆက်သော ဝိနယဓရ၊ ဝိနယပါမောက္ခ၊ ဝိနယာဓိပတိ၊ ဝိနယာစရိယတို့လည်း ပါဠိတော်ရှိတိုင်းပင် ပဝါရဏာ ပြုတော်မူကြသောကြောင့် လည်းကောင်း၊ ပါဠိတော်လာတိုင်း ဝဒန္တု မံ အာယသ္မန္တော-ဟု ဆိုခြင်းငှာလည်း သင့်ကြောင်း မိန့်တော်မူကြသတည်း။ မဟာဝါဝိနယဋ္ဌာဓိပ္ပါယဒီပနီ မြော်လေ။

ဤသို့သော ပိဋကတ္တ အဓိပ္ပာယ်လိုရင်း အကျဉ်းချုပ်အချက် နားမလည်၊ အဓိပ္ပာယ်ကျွန်အောင် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ မကြည့်တတ် အာစရိယပရမ္ပရ လဒ္ဒေါပဒေသလည်း မရပဲ ကျမ်းတတ်ယောင်ဖမ်းသော အချို့ ဆရာတို့က ဝဇိရဗုဒ္ဓိဋီကာဆရာကြီးပင် ဝဒတု မံ သံဃော-ရှိသည်ကို နှစ်သက်လေဟန်။ ဆရာတော်ဦးဗုဓ်လည်း ဝဒတု မံ သံဃော-ကို ကြိုက်လေဟန် ရေးသားတတ်ကြကုန်၏၊ ပါဠိဘာသာ အသွားအလာ၊ မြန်မာဘာသာ အသွားအလာ၊ စောဒနာစကား၊ သောဓနာစကားမျှပင် နားမလည်သော ဆရာတို့စကားဖြစ်၍ သူတို့ အကြောင်းကို သူတို့ပင် မှန်ထောင်ပြနေပြီး ဖြစ်ရကား ဂဟေတဗ္ဗဝါဒ ဟု မည်သူသိုဝ့်ယူဝံ့တော့မည်နည်း။ ဤကား အမှန်ဆုံးဖြစ်သော အာစရိယပရမ္ပရ လဒ္ဒေါပဒေသနှင့်တကွ အာဂုံ ယုတ္တိ နှစ်ရပ်တို့ဖြင့် သတ်မှတ်ပိုင်းခြား၍ ပရဝါဒီတို့ စိုးစဉ်းမျှ လှုပ်ချောက်ချားခြင်းငှာ မစွမ်းနိုင်သော ဗုဒ္ဓသရိက္ခက ပဝါရဏာ ဋီကာဖြစ်သတည်း။

သံဃပဝါရဏာပြုပုံ ဋီကာပြီး၏။

---

## လေးပါး သုံးပါး ဂဏပဝါရဏာပြုခန်း

ဂဏပဝါရဏာသည်လည်း အချင်းချင်း လျှောက်ထားအပ်သော ဂဏပဝါရဏာ၊ သံဃာလျှောက်ထားအပ်သော ဂဏပဝါရဏာ ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အချင်းချင်း လျှောက်ထားအပ်သော ဂဏပဝါရဏာသည်လည်း ဉတ်ထား၍ ပြုအပ်သောပဝါရဏာ၊ ဉတ်မထားပဲ ပြုအပ်သော ပဝါရဏာဟူ၍ နှစ်မျိုးရှိပြန်၏။ ထိုနှစ်မျိုးတို့တွင် ဉတ်ထား၍ ပြုအပ်သော ပဝါရဏာသည်လည်း တခုတည်းသော ကျောင်းတိုက်၌ လေးပါးရှိရာ ဉတ်ထား၍ ပြုအပ်သောပဝါရဏာ၊ သုံးပါးရှိရာ ဉတ်ထား၍ ပြုအပ်သော ပဝါရဏာဟူ၍ နှစ်မျိုးရှိပြန်၏။

ထိုနှစ်မျိုးတို့တွင် လေးပါးရှိရာ ဉတ်ထား၍ ပြုအပ်သော ပဝါရဏာကို ပြုလိုသော ရဟန်းသည် ရှေးဦးစွာ ဉတ်မထား၊ ဒေသနာ မကြားမီ ပုဗ္ဗကရဏလေးပါးကို ပြုရမည်။ ၎င်းနောက် ဒေသနာ အချင်းချင်း ကြားရမည်။ ၎င်းနောက် ဉတ်ထားရမည်။

ထားပုံကား—

သုဏန္တု မေ အာယသ္မန္တာ[၁]၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ-

ဟု သုံးကြိမ်ဆို၍ ဉတ်ထားရသည်။ ၎င်းနောက်သီတင်းကြီးကစ၍-

အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ၊ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ၊ တတိယမ္ပိ-ထည့်၍ သုံးကြိမ်ဆိုလေ။ ကြွင်းသော ရဟန်းတော်များက သာဓု-သုံးကြိမ် ခေါ်ကြရသည်။

---

၁။ ဆဋ္ဌမူ၌ အာယသ္မန္တော-ဟု ရှိသည်။

သုံးပါးရှိသော တိုက်တာဖြစ်အံ့၊ ထိုအတူ ပုဗ္ဗကရဏလေးပါးကို ပြုပြီးလျှင် ဒေသနာကြားရသည်၊ ကြားပြီးနောက် ဉတ်ထားရသည်။ ထားပုံကား—

သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒါ-
ယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ—

ဟု သုံးကြိမ်ဆို၍ ဉတ်ထားရသည်။ ထားပြီးနောက် သီတင်းကြီးက စ၍—

အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန
ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊
ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ၊ တတိယမ္ပိ-ထည့်၍ သုံးကြိမ်ဆိုလေ။ကြွင်းသော ရဟန်းတော်များက သာခု-သုံးကြိမ် ဆိုကြရသည်။

ဤစတုဝဂ် ဂဏပဝါရဏာ၊ တိဝဂ် ဂဏပဝါရဏာ နှစ်ပါးအထူးကား ဆရာတော်ဦးဗုဓ် အလိုအားဖြင့် တိဝဂ်ဂိုဏ်း၌ ဉတ်မှာ အာ-ယသ္မန္တာ-ဟု န္တုသာန္တော ယောသု စ၊ သဗ္ဗယောနိန မာဇ-နာမ်ပထမ ပိုင်းသုတ်တို့အစီအရင်ဖြင့် မဟာဝါပဝါရဏာက္ခန္ဓက (၂၂၉)၌ လာရှိရမည်။

စတုဝဂ် ဂိုဏ်း၌ကား အာယသ္မန္တော-ဟု နာမ်ဒုတိယပိုင်း န္တုသာ-န္တော-သုတ်၏ အစီအရင်ဖြင့် မဟာဝါ ပဝါရဏာ ခန္ဓက (၂၂၈) ၌ လာရှိရမည်။ ယခုစာ၌ကား ၎င်းစတုဝဂ်ဂိုဏ်း၌လည်း ဉတ်မှာ အာယသ္မန္တာ-ဟု တိဝဂ်ဂိုဏ်းဉတ်နှင့် အတူပင်ရှိ၏။ ဆရာတော်ဦးဗုဓ် အလိုအားဖြင့် ပဝါရဏာပြုခန်းမှာလည်း တိဝဂ်ဂိုဏ်း၌ အာယသ္မန္တေ ပဝါရေမိ။ ဝဒန္တု မံ အာယသ္မန္တာ-ဟု န္တုသာန္တော ယောသု စ၊ သဗ္ဗ-

ယော်နိန မာဃ-ဟူသော ပထမပိုင်း နာမ်သုတ်တို့ အစီအရင်ဖြင့်လည်း ကောင်း၊ မဟာဝါ ၎င်းနံ့ပါတ်၌ လာရှိရမည်။ စတုဝဂ်ဂိုဏ်း၌ကား အာယသ္မန္တော ပဝါရေမိ။ ဝဒန္တု မံ အာယသ္မန္တော-ဟု နာမ်ဒုတိယပိုင်း န္တုသာမန္တော-အစီအရင်ဖြင့် ၎င်းပါဠိတော်၊ ၎င်းခန္ဓက၊ ၎င်းနံ့ပါတ်၌ လာရှိရမည်။ ယခုစာ၌ကား အာယသ္မန္တော ပဝါရေမိ-ဟု စတုဝဂ်ဂိုဏ်း ၌လည်း တိဝဂ်ဂိုဏ်းအတူ၊ နာမ်ပထမပိုင်း အစီအရင်ပင်ရှိ၍ ဝဒန္တု မံ အာယသ္မန္တော-မှာသာ စတုဝဂ်ဂိုဏ်း၌ ခြနှင့်သာ ရှိသတည်း။ ၎င်းဆရာတော် ဦးဗုဓ် အလိုမှာ- အာယသ္မန္တော ပဝါရေမိ။ ဝဒန္တု မံ အာယသ္မန္တော-ပင် ရှေ့ကိုထောက်၍ ယူလိုရိပ်ရှိ၏။

ငါတို့ကျေးဇူးရှင် စံကျောင်း၊စလင်း၊ မိုင်းခိုင်းဆရာတော်ဘုရား ကြီးတို့ အလိုတော်မှာ တိဝဂ်ဂိုဏ်း သံဃာ၊ စတုဝဂ်ဂိုဏ်း သံဃာ နှစ်ပါးလုံးမှာ ဥ တ်၌မထူး။ ပဝါရဏာပြုခန်း၌လည်း အာယသ္မ- န္တေ ပဝါရေမိ-မှာ မထူး။ ဝဒန္တု မံ အာယသ္မန္တော၌သာ စတုဝဂ် ဂိုဏ်း၌ န္တော-ဟု ခြနှင့် တိဝဂ်ဂိုဏ်း၌ အာယသ္မန္တာ-ဟု အာနှင့်အထူး ကို ယူတော်မူကြသတည်း။ သတိရှိတော်မူကြပါစေ၊ သံဃာထေရ်ပြု ရာသော ဂဏပဝါရဏာကား ဥပုသ်ပြုခန်းနည်းကိုယူ၍ သိကြရာ၏။ ယခုကာလ ပြုရိုးပြုစဉ် ပြတ်သလောက်ရှိလေပြီ။

သုံးပါး လေးပါးပြုရာသော ဂဏပဝါရဏာဋီကာပြီး၏။

---

## နှစ်ပါးပြုသော ဂဏပဝါရဏာ

နှစ်ပါးသာရှိသော ကျောင်းတိုက်၌ ထိုအတူ ရှေးဦးစွာ ပုဗ္ဗကရဏ လေးပါးပြုခြင်း၊ ဒေသနာကြားခြင်းတို့ကို ပြုရာ၏။ထိုနောင် သီတင်း ကြီးရဟန်းက—

အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနု-ကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ။

ဒုတိယမ္ပိ၊ တတိယမ္ပိ သုံးကြိမ်ဆိုလေ။ ကျန်ရဟန်းတော်က သာဓု-ခေါ်လေ။ ကျန်ရဟန်းပြုရာ၌လည်း အာဝုသော-နေရာ၌ ဘန္တေ-ထည့်ဆိုရှိသာထူးတော့သည်။ဝိနည်းမဟာဝါပါဠိတော်(၂၃၀)၌ ၎င်းအတိုင်းပင်တည်း။

နှစ်ပါးပြုရသော ဂဏပဝါရဏာဋီကာ ပြီး၏။

---

## အဓိဋ္ဌာန် ပဝါရဏာ

ရဟန်းတပါးသာ ရှိသော ကျောင်းတိုက်၌ ပဝါရဏာ ပြုလိုလျှင် သိမ်အပြင်၌ တံမြက်လှည်းခြင်း အစရှိသော ပုဗ္ဗကရဏလေးပါးကို ပြုပြီးလျှင် သီတင်းသုံးဖော် ရဟန်းသံဃာများကို ငံ့လင့်စောင့်စားပြီး နောက် လာမည့် ရဟန်း သံဃာရှိပုံမရပြီဟု စိတ်ချလောက်မှ အဓိဋ္ဌာန် ပဝါရဏာ ပုဂ္ဂလပဝါရဏာကို ပြုရသည်။

အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ-ဟု သုံးကြိမ်ဆို၍ အဓိဋ္ဌာန် ရသည်။ စာတုဒ္ဒသီနေ့ဖြစ်အံ့-အဇ္ဇ မေ ပဝါရဏာ စာတုဒ္ဒသီ အဓိဋ္ဌာမိ-ဟု သုံးကြိမ်ဆို၍ အဓိဋ္ဌာန်ရသည်။

ရှေး၌ ပန္နရသီကို ပဝါရဏာခန်း၌ ဆိုခဲ့သည်။ ပကတိအရိုးအစဉ် အလာမှာလည်း ပန္နရသီသာဖြစ်သည်။ သို့သော် တစုံတခုသော အကြောင်းကြောင့် စာတုဒ္ဒသီ၊ သာမဂ္ဂီ ပဝါရဏာနေ့တို့ဖြစ်မူ ပြင်၍ ဆိုရုံသာ ထူးသည်။

အဓိဋ္ဌာန်ပဝါရဏာပြုပုံ ဋီကာပြီး၏။

---

## ပဝါရဏာနေ့အပြားနှင့် ပဝါရဏာငင်ပုံ

စာတုဒ္ဒသီ ပဝါရဏာ၊ ပန္နရသီပဝါရဏာ၊သာမဂ္ဂီပဝါရဏာအားဖြင့် နေ့သုံးပါးပြားသော်လည်း သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ အတွင်းသာ ပဝါရဏာနေ့ ဖြစ်နိုင်သည်။ ကြွင်းနေ့များမဖြစ်နိုင်။

ထိုစကားကို ခွဲဦးအံ့၊ ပုရိမဝါ ကျွတ်သော ရဟန်းတို့မှာ သီတင်းကျွတ်လပြည့်နေ့ တနေ့၊ ၎င်းပုရိမဝါသား ရဟန်းတို့ပင် ဘတ္တုန်ကာရက ကလဟကာရက ရဟန်းတို့ နှိပ်စက်ခြင်းကြောင့်—

သုဏန္တု မေ အာယသ္မန္တော အာဝါသိကာ၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ၊ ဠုဒါနိ ဥပေါသထံ ကရေယျာမ။ပါတိမောက္ခံ ဥဒ္ဒိသေယျာမ။ အာဂမေ ကာဠေ ပဝါရေယျာမ—

ဟု ဉတ်ထား၍ ပဝါရဏာကို အဘက်သို့ ငင်ခြင်း၊ သို့မဟုတ် အာဂမေ ကာဠေကို အာဂမေ ဇုဏှေ-ဟု ပြင်၍ ဉတ်ထား၍ ပဝါရဏာကို အထက်သို့ ငင်ကြရသော် သီတင်းကျွတ်လကွယ်နေ့ တနေ့၊တန်ဆောင်မုန်းလပြည့်နေ့ တနေ့၊ ပစ္ဆိမဝါသား ရဟန်းတို့မှာ တန်ဆောင်မုန်းလပြည့်နေ့ တနေ့၊ ဤသို့ အဂဟိတဂ္ဂဟဏနည်းအားဖြင့် ပဝါရဏာနေ့ ဖြစ်ကုန်သတည်း။ ဘဏ္ဍနကာရကတို့က နှိပ်စက်ဆိုသည်မှာလည်း သီတင်းကျွတ်လပြည့်စသည်မှာ လဆန်းပက္ခကို လဆုတ်ပက္ခ၊ လဆုတ်ပက္ခကို လဆန်းပက္ခ-ဟု အတင်းပြောင်းခိုသည်။သူတို့ကလည်း များသည်ကို ယူရသတည်း။ ထိုကြောင့် ကင်္ခါဋီကာ စသည်၌—

ဘဏ္ဍနကာရကေဟိ အနုဝါဒဝသေန အဿယုဇပုဏ္ဏမာဒိံ ပရိစ္စဇန္တာ ပဝါရဏံ ကာဠပက္ခံ ဇုဏှပက္ခန္တိ ဥဒ္ဒိ ကရုန္တိ—

ဟု ဖွင့်သတည်း။ ဤသို့ သုံးပါးသောနေ့တို့၌ ပဝါရဏာပြုရခြင်း

ဟူသော အကျင့်သည်လည်း သဘောအားဖြင့် ကျင့်အပ်သော ပကတိ စာရိတ္တသာတည်း။ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်းလပြည့် နေ့တို့၌ စာတုဒ္ဒသီ ပဝါရဏာနေ့ ဟူ၍လည်း ငြင်းခုံကြမည်၊ အာဝါ- သိက ဖြစ်သော သူတို့ကလည်း မျှားမည်ဆိုလျှင် သီတင်းကျွတ်လဆန်း (၁၄)ရက် တန်ဆောင်မုန်းလဆန်း(၁၄) ရက်တို့မှာလည်း ပဝါရဏာ ပြုရသေးသတည်း။ ဤသို့ စာတုဒ္ဒသီ ပဝါရဏာ၊ ပန္နရသီ ပဝါရဏာ ဖြစ်သတည်း။

ကောသမ္ဗကက္ခန္ဓကမှာ လာသောနည်းအတိုင်း သံဃာကွဲခဲ့သော် ကံပြုခဲ့သော် ထိုဥက္ခိတ္တကရဟန်းကို သံဃာဘောင်သို့ သွင်းပြီးလျှင် အမိကရုဏ်းငြိမ်းအောင် သံဃာညီညွတ်ခြင်းကိုပြုရာ သီတင်းကျွတ် လပြည့်ကျော် တရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် (၂၉) ရက်အတွင်း တရက်ရက်သောနေ့ကား သာမဂ္ဂီပဝါရဏာနေ့ ဖြစ်သတည်းဟု မှတ်အပ်၏။

ထိုကြောင့် ကင်္ခါဝိတရဏီ အဋ္ဌကထာ(၈၆)၌ ပုရိမဝဿံ ဝုဋ္ဌာနံ ပန ပုဗ္ဗကတ္တိက ပုဏ္ဏမာ။ပ။သာမဂ္ဂီပဝါရဏာဒိဝသော နာမ ဟောတိ- တိုင်အောင်သော စကားကို မိန့်အပ်သတည်း။

ပဝါရဏာဝင်ပုံပြီး၏။

## ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်းကြီးနိဂုံး

ဝေတ္တာဝတာ စ

၁။ ပဗ္ဗတမဥ္စူနာမကော၊ ဇမ္ဗုဒီပဿ သီခရေ။
စတုစက္ကပရိပုဏ္ဏော၊ ဉာဏမိန္ဒံ သမာလယေ။

၂။ တေလကူပကန္ဒရမှိ၊ စေတိယဂုဟာမဏ္ဍိတေ။
နာနာပဗ္ဗတဝနေဟိ၊ သီမာဟိ စ ဝိဘူသိတေ။

၃။ နာနာရဋ္ဌဿာရော ရာဇာ၊ ဘူပါလော ဂျော့တိ သမ္မတော။
သော အဂ္ဂမဟာပဏ္ဍိတံ၊ ဒေတိ ပညာယ လဉ္ဆနံ။
၄။ ဌပိ မဟာသံဃရာဇာ၊ စတုဂဏိကပါမုခံ။
သုမေဓာဌာနန္တရဉ္စ၊ ပညာဂုဏောဟိ လဉ္ဆနံ။
၅။ ကျွန်းရွာရညာစေရာသဘော၊ တိက္ခတ္တုံ လဒ္ဓလဉ္ဆကော။
ပိဋကတ္တယပါရဂူတိ၊ ဇမ္ဗူဒီပေ သုပါကဋော။
၆။ ဝေဠုဝေ ရစိတာ ဋီကာ၊ သဗ္ဗသီမာဟိ သံယုတာ။
အာစေရလဒ္ဓေါပဒေသာ၊ ပါဠျာဒီဟိ သမုဒ္ဓတာ။
၇။ ဥပေါသထပဝါရဏာ- ဒီနံ သင်္ခေပဒီပကာ။
နာနာသာရတ္ထသမ္ပုဏ္ဏာ၊ ဋီကာ သဗ္ဗဟိတာဝဟာ။
၈။ ဒွေနဝုတိကဝဿမှိ၊ အာသာဠှီဇုဏှပက္ခကေ။
ကောဒဿေ သောရိဝါရေ၊ ဓမ္မစက္ကပဝတ္တနေ။
၉။ သုနိဋ္ဌိတာ ဒွေဋီကာယော၊ နိဒ္ဒုက္ခာ နိရုပဒ္ဒဝါ။
တထာ သိဇ္ဈန္တု သင်္ကပ္ပါ၊ သာဓူနံ အမတပ္ဖလာ။
၁၀။ ယထာ ရဝိန္ဒူ ဇောတန္တိ၊ ဥဘော လောကမှိ နိမ္မလာ။
တထာ ဗုဒ္ဓသာသနမှိ၊ ဥဘော ဋီကာ သုဒုလ္လဘာ။
၁၁။ တာဝ ဇောတေန္တု လောကမှိ၊ လောကနိတ္ထရဏေသိနံ။
ဒဿေန္တိ ကုလပုတ္တာနံ၊ နယံ သီလဝိသုဒ္ဓိယာ။
၁၂။ ယာဝ သဒ္ဓမ္မော တိဋ္ဌတိ၊ သုဒ္ဓစိတ္တဿ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ အတုလဿ မဟေသိနော။
၁၃။ ကျွန်းရွာရညာစေရာသဘာ- မဟာထေရေန ဝိညုနာ။
ကျွန်းရွာရညဝိဟာရမှိ၊ လိခိတာ ဝသတာ မယာ။

ဥပုသ်ပဝါရဏာ မဟာဋီကာကျမ်းကြီး ပြီးပြီ။

---

ပ-မ-သ-စ—၁၄၆—၂၉-၈-၈၃—၃၀၀၀။

### ကျွန်းရွာတောရ ဆရာတော်ဘုရားကြီး၏

# ထေရုပ္ပတ္တိအကျဉ်း

၁။ ကျွန်းရွာတောရ ဆရာတော်ဘုရားကြီး၏ အလောင်းအလျာကို မြင်းခြံခရိုင် တောင်သာမြို့နယ် ကံဇပေါက်ကျွန်းရွာ ဦးရွှေဖန်+ဒေါ်မိန်းကဇလေးတို့မှ ၁၂၄၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂-ရက် တနင်္ဂနွေနေ့ နံနက် အရုဏ်တက်ချိန်၌ ဖွားမြင်သည်။ (ငယ်မည်တော်–မောင်အောင်ပန်း ဟူ၍ ဖြစ်၏။)

၂။ ၁၂၅၂-ခုနှစ် နယုန်လဆန်း ၁၅-ရက်နေ့တွင် မင်းရွာဆရာတော်အထံ၌ သာမဏေအဖြစ်သို့ ရောက်သည်။ (ဘွဲ့အမည် –ရှင်အဂ္ဂဝံသဟူ၍ ဖြစ်၏။)

၃။ ၁၂၆၂-ခုနှစ်၊ ဝါဆိုလဆန်း ၁၄-ရက်နေ့တွင် မင်းရွာဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

၄။ ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်လျက် မိုင်းခိုင်းဆရာတော်၊ကျီဝန်ဆရာတော်၊ ဘုရားကြီးတိုက် ဦးရန်ကုန်ဆရာတော်၊ ဒိုင်းဝန်ဆရာတော်၊ ရွှေရေးဆောင်ဆရာတော်၊ ဝိသုဒ္ဓါရုံဆရာတော်၊ မန်လည်သို့ ကြွ၍ မန်လည်ဆရာတော်၊ စလင်းမြို့သို့ ကြွရောက်၍ စလင်းဆရာတော်ဦးပဏ္ဍိစ္စတို့ အထံ၌ ပိဋကတ်ကျမ်းစာများကို ဆည်းပူးဆင်ယူခဲ့သည်။

၅။ အစိုးရစာမေးပွဲ ပထမကြီးတန်းနှင့် သကျသီဟစာမေးပွဲ၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ ရရှိအောင်မြင်တော်မူသည်။

၆။ မန္တလေးမြို့၊ ရွှေရေးဆောင်တိုက်၊ အောင်မြေရတနာကျောင်း၊ ပြည်မြို့၊ ဇောတိကာရာမတိုက်၊ ကျွန်းရွာ ဓမ္မိကာရာမတိုက်၊ ရန်ကုန်မြို့ ကြားတောရဘင်္ဂလားတိုက်၊ စကားဝါပင်ကျောင်းတို့၌လည်းကောင်း၊ ၁၂၈၇-ခုနှစ်၌ တောင်သာမြို့ တောင်ခြေ ဆည်တွင်းချောင်တောရကို တည်ထောင်၍ ယင်းဆည်တွင်းချောင်တောရ၌လည်းကောင်း သီတင်းသုံးနေထိုင်လျက် ပရိယတ္တိကျမ်းစာများကို ပို့ချရေးသားတော်မူခဲ့ပေသည်။

၇။ ၁၂၉၂-ခုနှစ်၊ ကဆုန်လ၌ လေးမြို့ဂိုဏ်းချုပ် ကျွန်းရွာတောရ ဆရာတော်ဟူသော ဘွဲ့တံဆိပ်တော်၊

ထိုနှစ် နယုန်လတွင် အင်္ဂလိပ်အစိုးရ ပဉ္စမမြောက်ဂျော့ဘုရင်လက်ထက်၌ အဂ္ဂမဟာပဏ္ဍိတ ကျွန်းရွာတောရ ဆရာတော် ဟူသော ဘွဲ့တံဆိပ်တော်၊

ထိုနှစ် နတ်တော်လ၌ မြစ်ကျွေ့ခရိုင် သုဓမ္မာဝင် ကျွန်းရွာတောရ ဆရာတော်ဟူသော ဘွဲ့တံဆိပ်တော်များကို ခံယူ ရရှိတော်မူပေသည်။

၈။ ပါရာဇိကဏ် အဋ္ဌကထာ မဟာနိဿယ၊ ပါစိတျာဒိ-အဋ္ဌကထာ မဟာနိဿယ၊ သာသနမျက်မှန်ကျမ်းစသော

ကျမ်းပေါင်း ၄၅-ကျမ်း ရေးသား ပြုစုတော်မူခဲ့ကြောင်း ပါရာဇိကကဏ်အဋ္ဌကထာ မဟာနိဿယကျမ်း နိဂုံး၌ ဖော်ပြပါ ရှိပေသည်။

၉။ ၁၃၀၈-ခုနှစ်၊ ဝါခေါင်လဆုတ်(၉)ရက် နံနက်(၉)နာရီအချိန် သက်တော်(၆၆)နှစ် (၄)လ(၁၂)ရက်-သိက္ခာတော် (၄၅) ဝါတွင် ဘဝနတ်ထံ ပြောင်းကြွ စံလွန်တော်မူလေသည်။

၁၀။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ၁၃၀၈-ခုနှစ်၊ တပို့တွဲလဆန်း (၁၂) ရက်နေ့တွင် ဆည်တွင်းချောင်တောရမှ တောင်သာမြို့ အနောက်ဘက် ၅-မိုင်ကွာ ဆရာတော်ဘုရားကြီး၏ ဇာတိရပ်ရွာဖြစ်သော ကျွန်းရွာအနီးရှိ ကျယ်ဝန်းပြန့်ပြူးသော ဆင်တဲဝချောင်းဗွေ သဲသောင်ငွေအပြင်၌ စျာပနပူဇာသဘင် ဆင်ယင်ကျင်းပရာ ၌ာနသို့ ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်၍ တပို့တွဲလဆန်း (၁၃၊၁၄၊၁၅) ရက်တို့၌ ကြီးစွာသော စျာပနသဘင် ဆင်ယင်ကျင်းပပူဇော်ကြလေသည်။